မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# အရှင်ဇောတိက

တစ်ဘဝသာသနာကျမ်းပြု

# ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်တရားတော်


(ဒုတိယတွဲ)



၆၄
၁

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလ ၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာတော်




## လင်္ကာဆောင်ပုဒ်

မူလနှစ်ပြာ၊ သစ္စာနှစ်ရ၊ လေးစုအလ္လာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊
တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊
ကာလသုံးပြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊
သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

# ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်တရားတော်
## (ဒုတိယတွဲ)

❖ ❖ ❖

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | ❖ | ရှည်လျားတဲ့ဘဝသံသရာ | ၁ |
| ၂။ | ❖ | ပဋိစ္စသမုပ္ပါဒ်နှင့် ကမ္မဘဝ ရှုမ်းတမ်း | ၄၄ |
| ၃။ | ❖ | အတိတ်ကံစွမ်းကြောင့် ပစ္စုပ္ပန်တွင်ဖြစ်ပေါ်လာ | ၈၂ |
| ၄။ | ❖ | ၆၂- ပါးသော ဒိဋ္ဌိများ | ၁၂၅ |
| ၅။ | ❖ | သုညတဆိုက်အောင် ရှုပါ | ၁၆၂ |
| ၆။ | ❖ | ဖဂ္ဂုနရေဂန်း | ၂၀၅ |
| ၇။ | ❖ | အဓိဋ္ဌာဆုတ် | ၂၄၇ |

# ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်တရားတော်များ
# (ဒုတိယတွဲ)

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၆၀၀၆၇၃၀၈၁၁ |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၆၀၀၇၅၂၁၀၀၈ |
| ထုတ်ဝေခြင်း | - | ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ |
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ဝတ်ရည်ထွန်း ("ကေကေ" ဓါတ်ပုံတိုက်) |
| စာအုပ်အပြင်အဆင် | - | မျိုးတင့်အောင် (မြတ်ကလောင်) |
| အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်၊ အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဒေါ်ခင်မာချို ပန်းဝေဝေစာပေတိုက်၊ အမှတ်- ၃၆၀၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်။ |


၂၉၄. ၃၈၂၄

အရှင်ယောသိတ

ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ် (ဒု-တွဲ)

၂၀၁၁၊ စက်တင်ဘာလ

၃၂၁ - စာ၊ ၁၈. ၅ × ၁၃ စင်တီ


**တန်ဖိုး . . . . . ကျပ်**

# မိတ်ဆက်နိဒါန်း

✠ ✠ ✠

တစ်ဘ၀သာသနာ ကျွမ်းပြုဆရာတော် အရှင်ယောသိတ (မိုးကုတ်ကမ္မဋ္ဌာနာစရိယ) ၏၊ ၁၉၈၆- ခုနှစ်ဦးပိုင်းမှအစပြု၍ ၁၉၉၈- ခုနှစ်တိုင်အောင် ပလ္လင်ပေါ်မှဟောကြားခဲ့သော အသံတရားတော်များကို စာလုံးအဖြစ် ပြောင်းကာ ဆရာတော်ဟောနေသည့် ဟန်မပျက်စေဘဲ စာအုပ်အဖြစ် တင်ဆက်ထားခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာဖတ်နေသူကိုယ်တိုင် ဆရာတော်၏ တရားပွဲတွင် ပါဝင်နေပြီး ဟောကြားနေသောဆရာတော်နှင့် အမေးအဖြေ ပြုလုပ်ကာ နာယူနေရသည်ဟု ခံစားရပါလိမ့်မည်။

တရားအသိ ကြွယ်ဝပါစေသော်ဝ်

ထုတ်ဝေသူ

# အရှင်ဃောသိတ ရေးသားခဲ့သော ကျမ်းစာအုပ်များ

✠ ✠ ✠

၁။ အမရပူရမြို့၊ မဂ်လာတိုက်ဟောင်း၊ အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ

၂။ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ

၃။ ပရိဝါသဝိမိ

၄။ ပဋ္ဌာဂီကမဂ်နှင့် အဋ္ဌဂီကမဂ်

၅။ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းသင်တရားတော်

၆။ ဝိပဿနာအလုပ်ပေး တရားတော်

၇။ ဝိပဿနာဘူမိ

၈။ ၂၂၇- သွယ်၊ ကိုယ်ဝယ်ဆင်မြန်း၊ ပုလဲပန်း

၉။ မိတ္ထီလာမြို့ ဝမ်းတော်ပြည့် သာသနာ့ရိပ်သာ၊ ဓာတ်တော်များသမိုင်းတို့ ဖြစ်ပါသည်။

# သာသနာနှင့်အရိယာ၊ ရှေးနှင့်ကြာပမာ

## အံ့ဖွယ်ပြည့်စုံ သာသနာ့ဂုဏ်

ဗုဒ္ဓမြတ်စွာ၏ အံ့ဖွယ်ရှစ်ဖြာနှင့်ပြည့်စုံသော သာသနာတော်ကြီးအား မဟာသမုဒ္ဒရာ၏ အံ့ဖွယ်ရှစ်ဖြာ ဥပမာနှင့် နှိုင်းယှဉ်ဟောကြားတော်မူခဲ့သည့် အံ့ဖွယ်တစ်ပါးမှာ မဟာသမုဒ္ဒရာသည် ကမ်းပါးစပ်မှစ၍ လက်၁-သစ်၊ လက်၂-သစ် စသည်ဖြင့် အစဉ်အတိုင်း ယူဇနာပေါင်း ရှစ်သောင်းလေးထောင်တိုင်အောင် နက်ဝှမ်းသွားသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌ အကျင့်ဓမ္မတို့သည် သီလစသော သိက္ခာကျင့်စဉ်၊ ဓုတင် ၁၃-ပါး စသော လုပ်ငန်းစဉ်၊ သတိပဋ္ဌာန်စသော ကျင့်စဉ်တို့ဖြင့် အရဟတ္တဖိုလ်တိုင်အောင် နက်ဝှမ်းသွားကြသည်မှာ သာသနာတော်၏ အံ့ဖွယ်တစ်ပါး။

ကောင်းကင်မှမိုးရေအယဉ်နှင့် အားလုံးသော မြစ်ကြီးမြစ်ငယ်တို့မှ ရေတို့သည် မဟာသမုဒ္ဒရာသို့ ကျဝင်ကုန်သော်လည်း မဟာသမုဒ္ဒရာ၏ ရေသည် တိုးလာခြင်း၊ လျော့သွားခြင်းဟူ၍ မရှိသကဲ့သို့ ထို့အတူ မြတ်စွာဘုရား၏ သာသနာတော်တွင်းမှာ နိဗ္ဗာန်တည်းဟူသော အငြိမ်းဓါတ်သို့ ကြွဝင်တော်မူသော ရဟန္တာပုဂ္ဂိုလ်တို့သည် မရေတွက်နိုင်အောင် များပြားကြပြီး၊ ထိုသို့ပင် ဖြစ်သော်လည်း နိဗ္ဗာန်တည်းဟူသော အငြိမ်းဓာတ်သည် လျော့ကျဉ်းသွားခြင်း၊ တိုးကျယ်လာခြင်းဟူ၍ မရှိသည်မှာ သာသနာတော်၏ အံ့ဖွယ်တစ်ပါးပင်တည်း။

မဟာသမုဒ္ဒရာသည် ခန္ဓာကိုယ်အလွန်ကြီးမားကြသော တိမိလ၊ တိမိင်္ဂလ ငါးကြီးများ၊ အသုရာ၊ နဂါး၊ ဂန္ဓဗ္ဗနတ်များနှင့် ယူဇနာလေးရာ၊ ငါးရာတိုင်အောင် ခန္ဓာကိုယ်ကြီးမားကြသော သတ္တဝါကြီးတို့၏ နေရာဖြစ်သကဲ့သို့၊ ထို့အတူ မြတ်စွာဘုရား၏ သာသနာတော်ကြီးသည်လည်း သီလ၊ သမာဓိ၊ ပညာတို့ဖြင့် ကြီးမားကြသော သောတာပတ္တိ မဂ္ဂဋ္ဌာန် သောတာပတ္တိဖလဋ္ဌာန်၊ သကဒါဂါမိမဂ္ဂဋ္ဌာန်၊ သကဒါဂါမိဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန် အနာဂါမိဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်၊ အရဟတ္တ ဖလဋ္ဌာန်ဟူသော ကြီးမားကြသည့် အရိယာပုဂ္ဂိုလ်ရှစ်ပါးတို့၏ နေရာဖြစ်သည်မှာ သာသနာတော်၏ အံ့ဖွယ်တစ်ပါးသာတည်း . . . . . ။

# ပစ္စက္ခသာသနာတော်၏ နေလနှစ်ဖြာ

ထိုကဲ့သို့ မဟာသမုဒ္ဒရာနှင့် နှိုင်းယှဉ်ရလောက်အောင် ကျယ်ပြန့်နက်နဲလှသည့် ဗုဒ္ဓမြတ်စွာသာသနာတော်တွင် အရဟတ္တဖိုလ် တိုင်အောင် နက်ဝှမ်းသွားသည့် ကျင့်စဉ်များ၊ နိဗ္ဗာန်သို့ မရေမတွက်နိုင်အောင် ကြွဝင်တော်မူကြပြီး၊ သာသနာဟုဆိုအပ်သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ

သာသနာတော်သုံးရပ် အရှည်တည်တံ့၍ အများလွယ်ကူ ရှင်းလင်းစွာ နားလည်ပြီး သာသနာတော် ထွန်းကားပြန့်ပွားစေရန် ခေတ်အဆက်ဆက် အပတ်တကုတ်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ကြသည့် သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးများအနက် မျက်မှောက်ပစ္စုပ္ပန်သာသနာတော်တွင် ရေကန်နှင့်တူ သော ပရိယတ္တိသာသနာတော်၌ နေအသွင် လအသွင်ထင်ရှားခဲ့သော အမရပူရ (တောင်မြို့) မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင်ဇနကာ ဘိဝံသ၏ တစ်ဘဝသာသနာ၊ ရေနှင့်တူသော ပဋိပတ္တိ သာသနာတော်နှင့် ကြာနှင့်တူသော ပဋိဝေဓ သာသနာတော်တို့တွင် နေအသွင် လအသွင် ထင်ရှားခဲ့သော အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး ဦးဝိမလ တို့၏ တစ်ဘဝသာသနာတို့မှာ ဗုဒ္ဓမြတ်စွာ၏ ပစ္စုပ္ပန်သာသနာတော်တွင် နေအသွင် လအသွင် ထင်ရှားစွာ ကျန်ရှိခဲ့ပေသည်။

## အာစရိယဂုဏ် ပြည့်စုံဝေဖြာ မြတ်ဆရာ

ထိုသို့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ကြီးမြင့် ပြည့်စုံ သော ဆရာတော်ဘုရားကြီး ၂-ပါးအနက် အရှင်ယောသိတ၏ ယယ်စဉ် ဘဝမှစ၍ ဘဝရှေ့ပိုင်းကို လူလားမြောက်အောင် ပြုစုပျိုးထောင်ပေးခဲ့ သည်မှာ ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ သာလျှင် ဖြစ်ခဲ့ပြီး၊ အရှင်ယောသိတ၏ ဘဝနောက်ပိုင်းတွင် သံသရာခရီး အတွက် ခြေလှမ်းသွားတတ်အောင် ညွှန်ကြားပေးတော်မူခဲ့သည်မှာ ကျေးဇူး တော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ဘုရားကြီး ဦးဝိမလသာလျှင် ဖြစ်ပါတော့သည်။

## တစ်ဘဝသာသနာမှ တစ်ဘဝသာသနာသို့

အများအကျိုး၊ သာသနာတော်အကျိုးအား ထက်သန်စွာ သယ်ပိုး ဆောင်ရွက်တော်မူခဲ့ကြသည့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ၂-ပါး တို့၏ ဘဝခရီးဝယ်ကို ကိုယ်စီကိုယ်င ဆောင်ရွက်တော်မူခဲ့ကြသော သာသနာပြု လုပ်ငန်းတို့အား ကျမ်းပြုဆရာတော် အရှင်ဃောသိတမှ တန်ဆာဆင်ကာ စေတနာအပြည့်အဝဖြင့် " တစ်ဘဝသာသနာ" ကျမ်းစာ များ ရေးသား၍ ရိုသေလေးမြတ်စွာ ပူဇော်ခွင့်ရသဖြင့် " အာဂလူပဲ၊ ဒါမှ လူကွဲ့"ဟု ဤသို့ပင်လျှင် အများကမြင်ကြ၊ ပြောစမှတ်ပြုကြရာ ထိုသည် ကပင် တစ်ဘဝ သာသနာကျမ်းပြု အရှင်ဃောသိတ၏ " တစ်ဘဝ သာသနာ"ပင် ဖြစ်ပေလိမ့်မည်။ အရှင်ဃောသိတပြုခဲ့သော "တစ်ဘဝ သာသနာ" ဟုသာ ဆိုရချေတော့မည်။

## ကျမ်းပြုစာပေ မြတ်ဂုဏ်ရည်

တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် အရှင်ဃောသိတသည်ကား ငယ်စဉ်ကတည်းမှစ၍ ဆောင်းပါး၊ ကဗျာစာပေရေးသားခြင်း ဝါသနာအထုံ ပါခဲ့သည်မှာ ထူးခြားသည့် ပါရမီနှင့် ဂုဏ်ရည်တစ်ရပ်ဖြစ်ပြီး၊ အရှင် ဃောသိတ၏ ဘဝခရီးတွင် အာစရိယ ဂုဏ်အင်နှင့် ပြည့်စုံကြသည့် ဆရာကောင်း ဆရာမြတ်များဖြစ်ကြ၍ အနှိုင်းအဆလွန်သော ကျေးဇူးရှင်ကြီး များ ဖြစ်တော်မူသည့် ပရိယတ်အကျော်အမော် ဆရာတော်ဘုရားကြီးနှင့် ပဋိပတ်အကျော်အမော် ဆရာတော်ဘုရားကြီး ၂-ပါးတို့၏ သစ်ရိပ်-ဝါးရိပ်၊ တောရိပ်-တောင်ရိပ်တို့ထက် အဆပေါင်းများစွာ ပို၍အေးမြသော အရိပ် တော်တို့က အရှင်ဃောသိတ၏ထိပ်ပေါ်တွင် အုပ်မိုးထားသကဲ့သို့ ဖြစ်ခဲ့သည်

မှာလည်း ထူးခြားသည့် ဂုဏ်ရည်တစ်ရပ်သာတည်း။

ထို့ကြောင့်ပင် အရှင်ယောသိတ၏ ဘဝခရီးတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ အာဘောဂ အလိုဆန္ဒတော်အတိုင်း အသက်အရွယ် အငယ်၊ အလတ်ပိုင်းတို့၌ ပရိယတ်ကိုရွက်ဆောင်၊ အရွယ်ထောက်၍ အကြီးပိုင်းသို့ ရောက်လာလျှင်ကား ပဋိပတ်အထိ တက်ခဲ့ပြီး၊ ပဋိစ္စသမုပ္ပါဒ် အခြေခံသော ခန္ဓာဉာဏ်ရောက် သစ္စာတရားများအား ကိုယ်တိုင်နာယူ ကျင့်ကြံပွားများ အားထုတ်ခြင်းနှင့် ကျယ်ပြန့် ခက်ခဲနက်နဲလှသော ဓမ္မဒေသနာများအား မှတ်သားရလွယ်ကူ၍ အများရှင်းလင်းစွာ နားလည်စေရန် ကဗျာ၊ လင်္ကာများ ထည့်သွင်းပြီး တရားပြရာတွင် အထောက်အကူပြု ရောင်စုံခွက်ကလေးများဖြင့် ပြည်တွင်းပြည်ပမှ တရားနာပရိသတ်များအား ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလအထိ (၆)နှစ်တိုင်အောင် မြဝတီရုပ်မြင်သံကြားမှ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ နံနက်တိုင်း ထုတ်လွှင့်ခဲ့သော ဆရာတော်အရှင်ယောသိတ ဟောကြားခဲ့သည့် "မြတ်ဘုရားဒေသနာ ဝိပဿနာ" တရားတော်တို့မှာလည်း ထူးခြားသည့် ဂုဏ်ရည်သာလျှင် ဖြစ်ပါတော့သည်။

ထိုသို့သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်နာယက၊ သံယတက္ကသိုလ် ကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ သာသနဓဇ သိရိပဝရ ဓမ္မာစရိယ၊ ဗုဒ္ဓဒေသနာ ဒီပလိုမာ (Dip. B.D)၊ တစ်ဘဝသာသနာ ကျမ်းပြုဆရာတော်စသည့် ဂုဏ်ထူး ဝိသေသတို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အရှင်ယောသိတ၏ အန္တိမဇာပန သာဓုကာရူန ပူဇာသဘင်နှင့် အန္တိမအဂ္ဂိဈာပန ပူဇာသဘင် အခမ်းအနားသို့ လာရောက်ပူဇော် ပင့်ဆောင်ကြသည့် ရဟန်းရှင်လူ ပရိသတ်များ အထူး

များပြားခြင်းနှင့် လာရောက် ဖူးမျှော်ကြသူ ရဟန်းရှင်လူ ပရိသတ်များ အထူး များပြားခြင်းတို့အား ၂၀၀၇ ခုနှစ် မေလထုတ် မဂ္ဂဇင်းအချို့နှင့် သူရဋ္ဌမဂ္ဂဇင်း အတွဲ (၇)၊ အမှတ် (၅)ပါ ဆောင်းပါးတို့အပြင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ နောက်ဆုံးအပတ်ထုတ် သတင်းဆောင်းပါး ဂျာနယ်အချို့နှင့် မြန်မာတိုင်း(မ်) သတင်းနှင့် စီးပွါးရေးဂျာနယ်တို့တွင် ဖော်ပြပါရှိသည်မှာလည်း ထူးခြားသည့် ဂုဏ်ရည်ပင်ဖြစ်အံ့။

## ပူဇာစ ပူဇ နေယျာနံ

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက တစ်နိုင်ငံလုံးအတွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းများ ဖြစ်ပေါ်ရေးကို ရှေးရှုခဲ့ရာ၊ ကျမ်းပြုဆရာတော် အရှင်ဃောသိတသည် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ရေကူးရပ်တွင် "သံဃတက္ကသိုလ်" ကျောင်းတိုက်ကို ၁၉၆၄ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး၊ ကျောင်းတိုက်၏ ဦးစီးပဓာန နာယက ဆရာတော်အဖြစ် သာသနာပြုဌာန တည်ထောင်ဖွင့်လှစ်ထားရှိပြီး၊ ပညာရေး တာဝန်ကို ထမ်းဆောင်ရင်း သာသနာပြုသင်တန်းများကို ပို့ချပေးလျှက် ရှိသည့်အပြင် ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်တွင် နှစ်ပေါင်း ၂၀ ခန့်တိုင်အောင် ပြည်တွင်း အရပ်ရပ် တို့၌ ကမ္မဋ္ဌာနာစရိယအဖြစ် လှည့်လည်တရားပြခဲ့သော ဆရာတော်အရှင် ဃောသိတသည် ကမ္မဋ္ဌာန နယဒေသကဂုဏ်၊ ဝိပဿနာ ဓုရာဝဟဂုဏ်၊ ပဋိပတ္တိ ဓုရာဝဟ ဂုဏ်၊ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ရဟန်းရှင်လူ ပြည်သူတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူသဖြင့် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်နေ့တွင် နိုင်ငံတော်အစိုးရမှ " အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ"

ဘွဲ့တံဆိပ်အား ဆက်ကပ်ပူဇော်မှု ပြုခဲ့ကြသည်မှာလည်း ဆရာတော်အရှင်ယောသိတ၏ ထူးခြားသော ရဟန်းမြတ်ဂုဏ်ရည်တစ်ပါးပင် ဖြစ်ပါတော့သည်။

## ကျမ်းပြုဆရာတော် အရှင်ယောသိတ၏ တစ်ဘဝသာသနာ

## ဇာတိချက်ကြွေ - ဖွားရာမြေ

မြန်မာနိုင်ငံအလယ်ပိုင်း၊ မကွေးတိုင်း၊ မြို့သစ်မြို့နယ်၊ လေးတိုင်စင်ကျေးရွာအုပ်စု၊ ဖိုကြီးကျေးရွာတွင် အရှင်ယောသိတ လောင်းလျာမောင်ကြည်လှိုင်အား ကောဇာသက္ကရာဇ် ၁၂၉၂-ခု၊ ကဆုန်လဆန်း ၉-ရက်၊ တနင်္လာနေ့ ညဦးပိုင်းတွင် အဘ-ဦးဖိုးချို၊ အမိ- ဒေါ်ဆယ်မိတို့မှ စတုတ္ထမြောက် သားမြတ်ရတနာကို ဖွားမြင်ခဲ့ပါသည်။

မောင်ကြည်လှိုင်မှာ ညီအစ်ကို မောင်နှမမွေးချင်း (၇) ယောက်ရှိ၍ ကြီးစဉ်ငယ်လိုက်တို့မှာ -

၁။ မောင်သိန်းအောင် (ရဟန်းဘွဲ့ ဦးသုမန) [အစ်ကိုအကြီးဆုံး]

၂။ မောင်တုတ်ပေါ [အစ်ကိုအလတ်]

၃။ မောင်ဘွားဇုံ [အစ်ကိုလေး]

၄။ မောင်ကြည်လှိုင် [ဆရာတော်လောင်းလျာ]

၅။ မအုန်းမြ

၆။ မလှသိန်း

၇။ မစိန်ကြည်တို့ ဖြစ်ကြသည်။

မောင်ကြည်လှိုင်(၇)နှစ်သားအရွယ်တွင် အစ်ကိုများနှင့်အတူ ဖိုကြီးရွာမ အနောက်ကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီး ဦးနန္ဒိယ၏ ခန်းနေလက်ထောက် ဘုန်းတော်ကြီး ဦးဝိမလတို့ထံတွင် အခြေခံပညာရပ်များ ဖြစ်သော မြန်မာစာအရေးအဖတ်၊ ဂဏန်းသင်္ချာ အတွက်အချက်တို့အပြင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုအခြေခံအဖြစ် မင်္ဂလသုတ်၊ ပရိတ်ကြီး၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရတို့အပြင် စိတ်ဓါတ်မြင့်မားလာရေးအတွက် လောကနီတိနှင့် ငါးရာ့ငါးဆယ် ဇာတ်တော်များကိုလည်း သင်ပြပေးတော်မူကြသည်။

# ဆယ်ဖြာသီလ သာမဏေဘဝ

မောင်ကြည်လှိုင် အသက် ၁၂ နှစ် အရွယ်တွင် မိဘ ၂-ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ ဖိုကြီးရွာမ အနောက်ကျောင်း၌ ရှင်သာမဏေဘောင်သို့ တက်ခဲ့ရာ၊ ဥပဇ္ဈယ်ဆရာတော်မှာ ဘုန်းတော်ကြီး ဦးဝိမလဖြစ်ပြီး မောင်ကြည်လှိုင်အား "ရှင်ယောသိတ" ဟု အမည်ပေးတော်မူသည်။

တစ်ချိန်တွင် မြို့ကြီးများမှ ပညာသင်၍ ပြန်လာသော ဦးပဉ္စင်းများနှင့် ပါလာသော ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အခြေပြုသဒ္ဒါ၊ အခြေပြုသင်္ဂြိုဟ် စာအုပ်များမှ ရတနာ့ဂုဏ်ရည် စာအုပ်ကို အလွန်သဘောကျခဲ့၏ ဖတ်၍ကောင်းလှသည်၊ ကလေးငယ်ဘဝဖြင့် မသိရသေးသော အကြောင်းအရာတို့ကို သိရတော့၏။ ထိုအချိန်မှစ၍ " ကျမ်းပြုဆရာတော် အရှင်ဇနကာဘိဝံသ" ဆိုတာ ဘယ်ဆီမှာများ ရှိပါလိမ့် ဖူးချင်စမ်းပါဘိဟု တောင်းတခဲ့မိ၏၊ အာသာချင်ခြင်း ပြင်းခဲ့သည်။

ဤသို့ဖြင့် သာမဏေဘဝသို့ ရောက်လာကာ သဒ္ဒါ၊ သင်္ဂြိုဟ်တို့ကို သင်ရ၏၊ သို့ရာတွင် ရတနာ့ဂုဏ်ရည်ကိုပင် မက်မောခဲ့သည်၊ အခေါက်

ခေါက်လည်း ဖတ်မိ၏၊ ထိုအရှင်ကိုပင် “ဖူးချင် တွေ့ချင်စမ်းပါဘိ” ဟု တောင့်တခဲ့မိသည်။

ရှင်ယောသိတ၏ အစ်ကိုအကြီးဆုံး မောင်သိန်းအောင်သည် အဖေ့ညီဘုန်းကြီး (ဘကြီးဘုန်းကြီး)နှင့် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက်ကြီးတွင် စာပေသင်ကြားရင်း ရှင်သာမဏေ ဝတ်သောအခါ “ရှင်သုမန” ဟု နာမည်တွင်၏။ ၎င်းကျောင်းတိုက်ကြီးထဲမှ ဆရာတော်ကြီး ဦးပညာသီဟက ဆင်ဖြူကျွန်းမြို့သို့ စာသင်တိုက်ခွဲသောအခါ ရှင်သုမန လည်း ပါသွားသည်။ ထိုမြို့မှာဆက်လက် ပညာသင်၍ အသက် ၂၀-ပြည့် သောအခါ ရဟန်းဘဝသို့ ရောက်လာပြီး၊ စာတတ်ပေတော် “စာချဘုန်းကြီး တစ်ပါး” လည်း ဖြစ်လာတော့သည်။

ဤကဲ့သို့ ဘကြီးဘုန်းကြီးနှင့် အစ်ကိုရင်းဖြစ်သူ စာချဘုန်းကြီးတို့ကို အကြောင်းပြု၍လည်းကောင်း၊ ရှင်ယောသိတ၏ဆရာရင်း ဆရာတော်ကြီး ဦးနန္ဒိယနှင့် ဘုန်းတော်ကြီး ဦးဝိမလတို့ကလည်း ပိဋကတ်တော်များသို့ တက်လှမ်းရန် အခြေခံဖြစ်သော သဒ္ဒါ-သင်္ဂြိုဟ်နှင့် ပုဒ်စစ်- သုတ်စစ်- သဒ္ဒါ စစ်တို့ကို သင်ပေးတော်မူနေကြခြင်းသည် ရှင်ယောသိတ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်လာရန် အခွင့်အလမ်းသာနေပါတော့သည်။

## မန္တလာမှာ ပညာရှာ

ဂျပန်ခေတ်အတွင်း ရှင်ယောသိတ အသက် ၁၆-နှစ်ခန့်တွင် နောင်တော် စာချဘုန်းကြီး ဦးသုမနက ရွာသို့ လာရောက်ခေါ်ခဲ့ပြီး မန္တလေး သို့ ပညာသင်သွားရာ တောင်ပြင်ထီးလင်းတိုက်၌နေခွင့်ရကြပြီး နောင်တော် ဦးသုမနထံမှာ ရှင်ယောသိတ ပညာသင်ရပြီး ဦးသုမနက ပရိယတ် အထက်

တန်းပညာရပ်များကို ဆက်လက် သင်ကြားခဲ့ပါသည်။ မန္တလေးမြို့၌၁-နှစ် ခွဲခန့်နေပြီး လွတ်လပ်ရေးရပြီးစ ၁၃၁၀-ခုနှစ်၊ နှစ်ဦးပိုင်းတွင် နောင်တော် ဦးသုမနက မိတ်ဆွေရင်း ဦးဥက္ကဋ္ဌနှင့် ပဋ္ဌာန်းစာဝါဆိုရန် တောင်မြို့ (အမရပူရမြို့) သို့ ပြောင်းရွှေ့ပြန်ရာ ရှင်ယောသိတပါ လိုက်ပါ ရတော့သည်။

## အမရတွင် ပညာသင်

အမရပူရရှိ မင်္ဂလာတိုက်ဟောင်း၊ ဒေါ်ဒေါ်ဖုန်၏ ကျောင်းကြီး အောက်တွင် ခေတ္တသီတင်းသုံးနေခဲ့ကြပြီး ထိုစဉ်က မိုးကုတ်ဆရာတော်ကြီး ဦးဝိမလသည် မိုးကုတ်မြို့မှ အမရပူရသို့ ပြန်လည်ကြွရောက်ခြင်း မရှိ သေးချေ။

ထို့နောက်ရှင်ယောသိတအား နောင်တော်ဦးသုမနက အမရပူရ အရှေ့ဖျား၊ တောင်သမန်အင်းအနီးရှိ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆရာတော် အရှင်ဇနကာဘိဝံသထံသို့ ပို့ခဲ့ရာ ထိုအခါမှပင် အနှစ်နှစ်အလလက မိမိ တွေ့ချင် ဖူးချင်လှ၍ တောင့်တခဲ့ရသော ရတနာ့ဂုဏ်ရည် ကျမ်းစာရှင် မထေရ်မြတ်ကို “ဘွားခနဲ” ဖူးတွေ့ရသဖြင့် မိမိဘဝတွင် အကျေနပ်ဆုံးဖြစ်၍ သွားပြီး ထိုအချိန်မှစ၍ ရှင်ယောသိတသည် အရှင်ဇနကာဘိဝံသ၏တပည့် ရင်းကြီး ဖြစ်၍သွားတော့သည်။

ထိုစဉ်တွင် ဆရာတော်အရှင်ဇနကာဘိဝံသမှ မဟာဂန္ဓာရုံကျောင်း တိုက်ကို ပရိယတ္တိစာသင်တိုက်ကြီး ဖြစ်လာစေရန် အရှိန်ယူကာစ ဖြစ်၍ ရှင်ယောသိတအဖို့ မြင့်တက်လာဖို့ရာ အမှီအခိုကောင်း ဆရာကောင်း တွေ့ခဲ့ရပြီး ရှင်ယောသိတ၏ စိတ်နေ စိတ်ထားတို့ကို ပြုပြင်ပေးတော်မူခဲ့၍ အသိဉာဏ်ပညာ-သဒ္ဓါတရားတိုးတက်အောင် လမ်းညွှန်ပေးတော်မူသည့်

အပြင် ဆရာတော်မှ ပြုပြင်ရေးဆွဲထားသော ပညာသင်ကြားရေးမူသစ် စနစ်သစ်ကိုလည်း သင်ယူခဲ့ရသည်။

## ကဗျာစာပေ ဝါသနာခတ် အထုံကပ်

ရှင်ဃောသိတငယ်စဉ်မှစ၍ နောင်တော်အရင်း သင်ပြပေးခဲ့သော ကဗျာသီကုံးနည်းတို့ဖြင့် အချိန်ရလျှင်ရသလို သီကုံးနေတတ်ပြီး စာစောင်၊ မဂ္ဂဇင်းများသို့ ကဗျာများ ပေးပို့တတ်သည်။ ၎င်း၏ လက်ရာ ကဗျာတို့မှာ ပုံနှိပ်စာလုံးဖြင့် ပါလာလျှင်ကား အိပ်မပျော်နိုင်အောင် ဝမ်းသာနေပါတော့သည်။

ကဗျာများနှင့် ဆက်နွယ်၍ စာပေရေးသားမှုဝါသနာ ထုံလာခဲ့ပြီး ဆောင်းပါးကလေးများရေးသား၍ သတင်းစာတိုက် မဂ္ဂဇင်းတိုက်များသို့ ပို့လေ့ရှိ၏။ တစ်ခါတစ်လေ တိုက်မှ ရွေးချယ်အသုံးပြုလျှင် တပြုံးပြုံးနှင့် နှလုံးစိတ်ဝမ်း ပျော်နေတတ်သည်။

တစ်ခါသော် အရှင်ဃောသိတရေးသော "ကဆုန်လပြည့် ဗုဒ္ဓနေ့" ဆောင်းပါး သတင်းစာတွင်ပါလာရာ ဆရာတော်မှ သိသွားပြီး "ခုချိန်ခါ ငယ်ပါသေးတယ်၊ အသက်ကြီးတော့မှ ရေးတော့ ဗဟုသုတလည်း စုံတာပေါ့၊ အခုအချိန်သင်နေတဲ့ ပါဠိတော်တွေထဲမှာ သမာဓိနည်းသွားလိမ့်မယ်" ဟု ဩဝါဒပေးခဲ့ရာ မြေဝယ်မကျ နားထောင်လိုက်နာခဲ့သဖြင့် နောက်ထပ်မရေးဖြစ်တော့ချေ။

## ရဟန်းဘဝ မြင့်မြတ်ရ

ငယ်-လတ်-ကြီး စာမေးပွဲများ အဆင့်ဆင့်အောင်မြင်ပြီး အသက် ၂၀-ပြည့်၍ ရဟန်းလည်းဖြစ်ခဲ့ပြီ၊ ၁၃၁၇-ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ကျင်းပပေးသော ဓမ္မာစရိယ စာချတန်းစာမေးပွဲအား ဂုဏ်ထူးများနှင့် အောင်မြင်သဖြင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ"ဘွဲ့ကို ရရှိခဲ့ပြီး "မဟာဂန္ဓာရုံ စာချဘုန်းကြီးတစ်ပါး"အဖြစ် ဆရာတော် အရှင်ဇနကာ ဘိဝံသ၏ အသိအမှတ်ပြုခြင်း ခံယူခဲ့ရသည်။

## ကျမ်းပြုစာပေမြတ်ဂုဏ်ရည်

ဆရာတော်အရှင်ဇနကာဘိဝံသမှ စာချဘုန်းကြီး အရှင်ယောသိတ စာရေးဝါသနာပါမှန်း သိတော်မူသဖြင့် စာရေးသားရာတွင် မပါမပြီး အချက် အခြာအရေးကြီးသော "အလင်္ကာ ဘာသာဋီကာ"ကို ဦးစားပေးသင်ကြား ခဲ့ပြီး ပို့ချရေးသားသောအခါ စာချဘုန်းကြီး အရှင်ယောသိတအား အချော ရေးသားရန် ဆရာတော်ဘုရားကြီး၏ အစအဆုံး တာဝန်ပေးအပ်ခြင်း ခံရ သူလည်း ဖြစ်သည်။ သို့ဖြစ်၍ "စာရေးသားနည်းအတတ်ပညာ"ကို ကျေးဇူးရှင်ဆရာတော် အရှင်ဇနကာဘိဝံသထံမှ ရရှိခဲ့ပါသည်။

ကဗျာလင်္ကာအနှုန်းအဖွဲ့ပညာရပ်များကို ငယ်စဉ်ကပင် ကဗျာ ဆရာနောင်တော်အရှင်း ဦးသုမနထံမှာ ရရှိခဲ့သည်။ ဤသို့အားဖြင့် အမိအဘ သဖွယ်ဖြစ်သော ဆရာတော်ထံမှာ ပညာရပ်များကို ၁၂-နှစ် ကျော်မျှ ဆည်းပူး သင်ကြားခွင့်ရခဲ့သည်၊ "မိမိဘဝ ဤသို့ဖြစ်လာအောင် သာသနာ့ဝန်ထမ်း သက်န်းဝတ် ဘဝရောက်လာအောင် ရတနာ့ဂုဏ်ရည် စာအုပ်ကလေးက မိမိကိုလာ၍ ခေါ်ပါသည်၊ သွေးဆောင်ဖြားယောင်း

ပါသည်" ဟု ဆရာတော်ကြီးအား လျှောက်ထားချင်၏၊ သို့သော် မလျှောက်ထား ဖြစ်ခဲ့ပါ။

## လေ့လာမပြတ် ဆည်းအပ်ပညာ

နောင်အခါ အရှင်ယောသိတ ရန်ကုန်သို့ ပြောင်းရွှေ့ခဲ့ပြီး ကမ္ဘာအေးကုန်းမြေရှိ "သံဃတက္ကသိုလ်" တွင် ၅-နှစ်၊ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်တွင် ၂-နှစ်ပညာဆည်းပူး အောင်မြင်သောအခါ "ဗုဒ္ဓဒေသနာဒီပလိုမာ" (Dip. B.D)လက်မှတ်ကို ဆက်ကပ်၍ အသိအမှတ်ပြုခြင်း ခံယူခဲ့ရသည်။

ထို့နောက် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ရေကူး "သံဃတက္ကသိုလ်သာသနာပြုဌာန" ၌ ပညာရေးတာဝန်ကိုယူလျှက် ဆရာတော်အရှင်ဇနကာဘိဝံသ ရည်မှန်းခဲ့သော တစ်နိုင်ငံလုံး ကျောင်းထိုင်ဘုန်းကြီးသင်တန်းပို့ချရေး ကိစ္စကို ဆောင်ရွက်ရင်း ကျေးဇူးရှင်ဆရာတော်ကြီး၏ ဆန္ဒတစ်စိတ်တစ်ဒေသကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဆရာတော်အရှင်ယောသိတသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်စတင်ပေါ်ပေါက်လာသည့် ၁၉၈၀-ခုနှစ်မှ ၁၉၉၀-ခုနှစ် အထိ (၁၀)နှစ်တိုင်အောင် မရမ်းကုန်းမြို့နယ် "တိုင်းသံဃနာယက အဖွဲ့ဝင်" အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

"ရဟန်းသည် မိမိကိုယ်ကျိုးကို ကျင့်ခြင်းမဟုတ်၊ အများအကျိုး ငှာလည်း ကျင့်တော်မူခြင်းဖြစ်သည်"

သဂါရဝသုတ်

## ပင်လယ်ကမ်းစပ်မှ ပဋ္ဌာန်းမြွက်ဒေသနာ

ထို့အပြင် နှစ်စဉ်ပဋ္ဌာန်းပူဇော်ပွဲအတွက် ရန်ကုန်မြို့၊ စမ်းချောင်း နေနတ်သားစာသင်တိုက်မှ နာယကဆရာတော်ကြီးနှင့် သံဃာအချို့၊ ပြည်လမ်း၊ (၆)မိုင် ရတနာအောင်မြေကျောင်းတိုက် ဆရာတော်ကြီးတို့က "လိုက်ခဲ့"လို့ခေါ်၍ ရခိုင်ပြည်နယ် ငွေမြို့သို့ ပါသွားရပြီး နှစ်စဉ်နှစ်တိုင်း ဆောင်းပိုင်းရောက်လာပြီဆိုရင် ငွေမြို့ရဲ့ ပင်လယ်ကမ်းမှာ တစ်မြို့လုံး စုပေါင်းပြီး "အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ" လုပ်ကြတယ်၊ အဲဒီအခမ်းအနား ဖွင့်ပွဲနှင့် ပိတ်ပွဲတွေမှာ ဆိုဖို့ ရွတ်ဖို့ ပါဠိဂါထာမျိုးစုံ ၊ မြန်မာကဗျာမျိုးစုံတို့ အပြင် အဲဒီမှာရှိတဲ့ "ယုဝမာလာဓမ္မစကြာအမျိုးသမီးများ" ရွတ်ဖို့ စာတွေပါ တစ်နှစ်နဲ့တစ်နှစ် မတူအောင် ရေးပေးရလေ့ရှိပါတယ်။

## သြဘာသံဝေ လောကစာပေ

ထိုစဉ် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ ပျံလွန်တော်မူသွားခဲ့ရာ ဆရာတော်ဘုရားကြီး၏ "ကြီးမှ ရေးပါကွာ" ဟူသော သြဝါဒမိန့်မှာချက်အရ ဆရာတော်ဘုရားကြီး၏ ဘဝတလျှောက်လုံး သာသနာပြု လုပ်ငန်းတို့ကို ဖော်ပြလျှက် "တစ်ဘဝသာသနာ" ကျမ်းစာကို ရေးသား၍ ကျေးဇူးဆပ်နိုင်ခဲ့ပါသည်။

တစ်ဘဝသာသနာ ကျမ်းစာအုပ်ကြီးထွက်ပြီး မကြာမီ စာရေးဆရာ ငွေဥဒေါင်း (ဦးကြီးမောင်) ရောက်လာပြီး "အရှင်ဘုရားရေးတဲ့ စာအုပ်ကြီး ကို တပည့်တော်ဖတ်ပြီးပြီ၊ ဝမ်းသာလိုက်တာဘုရား၊ အခု အရှင်ဘုရားရေးတဲ့ စာကျတော့ တစ်မျိုးပဲ၊ သွက်လည်းသွက်တယ်၊ ရှင်းလည်းရှင်းတယ်၊ အဲဒီလို စာရေးကောင်းတဲ့ ဘုန်းကြီးတွေ လက်ချိုးရေတွက်ကြည့်ရင် လက်ငါးချောင်း

မပြည့်ပါဘူး၊ အရှင်ဘုရားက အဲဒီလက်ငါးချောင်း မပြည့်တဲ့အထဲမှာ ပါတယ်”ဟု စာရေးဆရာငွေဥဒေါင်း က အားရဝမ်းသာ ချီးကျူးပြောဆို၍ အားပေးသွားပါသည်။ “နောင်လဲ ဗုဒ္ဓစာပေတွေ ရေးစရာအများကြီး ကျန်ပါသေးတယ်၊ ရေးပါဘုရား” ဟူ၍ တိုက်တွန်းသွားပါသည်။

ထို့နောက်စာရေးဆရာ ဒါရိုက်တာ ဦးသုခက ဆွမ်းကျွေးရန် ဖိတ်ပြန်သည်၊ အခြားစာရေးဆရာများလည်း ပါ၏၊ ဦးလေးကြီး ဦးတင်မောင်၊ မင်းယုဝေ၊ ဦးထိန်ဝင်း၊ ဦးကြည်တွဲ၊ ဦးပေါ်ဇံ စသည်တို့လည်း ပါ၏၊ လူစုံသောအခါ စာရေးဆရာ ဒါရိုက်တာဦးသုခက ဆရာတော်အရှင် ယောသိတဘက်သို့ လှည့်၍ ဤသို့ပြောပါသည်။ “အခုပွဲက အရှင်ဘုရားတရားကိုနာချင်လို့လဲမဟုတ်၊ အန္တရာယ်ကင်းအောင် ပရိတ်မွှန်းချင်လို့လည်း မဟုတ်၊ တကယ်တော့ စာရေးဆရာတစ်ဦးကို ထမင်းဖိတ်ကျွေးခြင်းပါဘဲ။”. . . ဤသို့ပြောသောအခါ တစ်ဘဝသာ သနာကျမ်းပြုအရှင် ယောသိတက စပ်ဖျဉ်းဖျဉ်းကြီး အရသာတစ်မျိုးကို ခံစားလိုက်ရပါတော့တယ်။ အကြောင်းမှာ မကြုံဘူးသော ဂုဏ်ထူးကိုရခြင်းကြောင့် တစ်မျိုး၊ မကြားဘူးသော ဝေါဟာရကို ကြားလိုက်ရခြင်းကြောင့် တစ်မျိုးဖြစ်ပါလိမ့်မည်။

ထို့အပြင်စာရေးဆရာ ဒါရိုက်တာဦးသုခက ဆက်လက်ပြီး တစ်ဘဝသာသနာ ကျမ်းစာအုပ်ထဲက အကြောင်းအရာအချို့ကိုလည်း ထုတ်ဖော်ချီးမွမ်းပါသည်။ “ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ သူ့ဇာတိသရိုင်ရွာသို့ ပြန်ခန်းကို အရှင်ဘုရား ရေးထားလိုက်တာ စိတ်ဝင်စားစရာကောင်းတယ်”

“ဆရာတော်ကြီးက ရှေ့ဆုံးက၊ နောက်က သံဃာတော်များ (၁၀၀)က သပိတ်ကိုယ်စီလွယ်လို့ ယပ်ကိုယ်စီထမ်းလို့ တစ်တန်းကြီး၊ တောတန်းက ငြိမ့်ငြိမ့်- ငြိမ့်ငြိမ့်နဲ့ ကြွနေပုံကို တပည့်တော်ဖြင့် ရုပ်ရှင်ရိုက်၍

ပြချင်လိုက်တာ”ဟု လျှောက်ပါသည် “ဒါ့အပြင်လဲ အခုလို ဗုဒ္ဓစာပေ အကြောင်းအရာတွေကို ဆက်လက်ရေးပါဘုရား”ဟု လျှောက်ထားရင်း ဘော့ပင်တစ်ချောင်းကို လှူလေသည်။

ကျမ်းပြုဆရာတော် အရှင်ဃောသိတ ရေးသားပြုစုခဲ့သော ကျမ်းစာအုပ်များမှာ -

၁။ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ

၂။ အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝ သာသနာ

၃။ ပရိဝါသဝိဓိ

၄။ ပဉ္စင်္ဂိကမဂ်နှင့် အဋ္ဌင်္ဂိကမဂ်

၅။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းသင်တရားတော်

၆။ အလုပ်ပေးတရားတော်

၇။ ဝိပဿနာဘူမိ

၈။ ၂၂၇-သွယ် ကိုယ်ဝယ်ဆင်မြန်း ပုလဲပန်း

၉။ မိတ္ထီလာဝမ်းတော်ပြည့်ကျောင်းတိုက် ဓာတ်တော်များသမိုင်း တို့ဖြစ်ပါသည်။

ရေးသားခဲ့သော ထင်ရှားသည့် ကဗျာလင်္ကာအချို့မှာ အဂ္ဂမဟာ ပဏ္ဍိတမိုးကုတ်ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာကျမ်းတွင် -

**“ မိုး”**

ချွန်းထစ်သံ ဟိန်းပါဘိ
ခြိမ်းခြိမ့်ခြိမ့် လာပြီ
ရွာသည်တဲ့ မိုး။

ရွာတုန်း ရေခံလို့
နေရဟာန် ကေန်မြန်းလိုတဲ့
မလေးမေ ပူမသန်းရအောင်
ဖျန်းပက်လို့ ချိုး။ ။ ဟူ၍ရေးသားခဲ့ရာ "မိုး" ဆိုတာ မိုးကုတ်ဓမ္မဒေသနာမိုးကို ဆိုလိုပါသတဲ့။

ဆရာတော်အရှင်ယောသိတ၏ မှတ်သားဖွယ်ရာ တရားစာတွင်-

**"ဘယ်မှာငါဟု ရှိအံ့နည်း"**

လောကဇာတ်ခုံ၊ ဤလူ့ဘုံ၌၊
မျိုးစုံကြြ၊ မာန်မာနနှင့်၊
ငါကရာဇာ၊ ငါဟာသူဌေး၊
ငါပဂေးဟု၊ ငါသွေးတက်ကြွ၊
လူ့ဗာလတို့၊ များလှဖြာဖြာ. . .
အဝိဇ္ဇာနှင့်၊ တဏှာဘီလူး၊
အမှောင့်ပူး၍၊ ကျူးကျူးကျော်ကျော်၊
ဂုဏ်ကိုဖော်လျှက်၊ မော်မော်မောက်မောက်၊
ငါတစ်ယောက်သာ၊ မိုးအောက်တစ်လွှား၊
ရွှေကိုယ်လားဟု၊ ထင်မှားမလွဲ၊
သို့စဉ်စွဲလည်း . . .
ဇာတ်ပွဲပြီးက၊ ပြည်ဖုံးချသော်၊
သုဘရာဇာ၊ မြေအောက်မှာပင်၊
ဘာသာလူမျိုး၊ ချိန်မထိုးဘဲ၊
ပုပ်သိုးခန္ဓာ၊ မြှုပ်ရရှာသည်၊

ဘယ်မှာငါဟုရှိအံ့နည်း။

## " နီး၍နီး၍ လာလေပြီ"

တစ်နှစ်ကုန်တိုင်း၊ ကုန်သွားတိုင်း၊ ချိန်ပိုင်းတိုလို့၊
ယွင်းသွေ့ချို့၊ နေဖို့တစ်နှစ်လျော့ခဲ့ပြီ၊
သေဖို့တစ်နှစ် နီးလာပြီ။
တစ်လကုန်တိုင်း၊ ကုန်သွားတိုင်း၊ ချိန်ပိုင်းတိုလို့၊
ယွင်းသွေ့ချို့၊ နေဖို့တစ်လလျော့ခဲ့ပြီ၊
သေဖို့တစ်လနီးလာပြီ။
တစ်ရက်ကုန်တိုင်း၊ ကုန်သွားတိုင်း၊ ချိန်ပိုင်းတိုလို့၊
ယွင်းသွေ့ချို့၊ နေဖို့တစ်ရက်လျော့ခဲ့ပြီ၊
သေဖို့တစ်ရက် နီးလာပြီ။

## " ခေတ်အစုအဝေး ၄၂-ပါးမျှသာ"

လေးဆယ့်နှစ်ပါး၊ အမျိုးပြား၊ ခေတ်သားတွေမျှသာ။
သူပဲ ငါပဲ၊ အရပ်ထဲ၊ မှတ်စွဲနေကြတာ။
ဘာတစ်ခုမျှ၊ မဟုတ်ကြ၊ ဒုက္ခအစုသက်သက်သာ။
လေးဆယ့်နှစ်ပါး၊ ခေတ်သားတွေသာ။
သူပဲ ငါပဲ၊ မှတ်စွဲနေတာ။
မိန်းမ ယောကျ်ား၊ ဖောက်ပြားထွေလာ။
တကယ်ခွဲ၊ ဘယ်မလဲ သူနဲ့ငါ။

## " အတ္တာ ဟိ ကိရ ဒုဒ္ဒမော "

ကိုယ့်ကိုယ်ကိုသာ၊ ဆုံးမရာ၊ လွန်စွာအခက်ဆုံး။
အရွယ်ရှိခိုက်၊ လုံ့လစိုက်၊ ကျင့်လိုက် ဉာဏ်ထက်တုန်း။
မိုးကုန်ကာမှ၊ ထွန်ကိုချ၊ ဗာလနောက်ပိတ်ဆုံး။
ဆင်ခြေဆင်လက်၊ ချိန်ရွှေ့ရက်၊ အခက်ကြုံကြုံအုံး။
တဏှာလှည့်သမျှ၊ ငုံ့ခံကြ၊ ဘဝသံသာလုံး။
ကိုယ့်ကိုယ်ကိုသာ၊ အားကိုးရာ၊ မှန်စွာ ဉာဏ်လက်သုံး။

## " ဖြစ်ပျက်တစ်ချက်မြင်ရင် "

ဖြစ်-ပျက်မပါ၊ သက်တစ်ရာ၊ နေတာ အလကား။
ဖြစ်-ပျက်ကိုမြင်၊ တစ်နေ့ပင်၊ လွန်လျှင်ထို့ထက် အကျိုးများ။

# ပရိယတ်မှ ပဋိပတ်နယ်ပယ်သို့

ဆရာတော်အရှင်ဃောသိတသည် ရဟန်းသိက္ခာ (၅)ဝါခန့်မှ စ၍ နှစ်ပေါင်း (၃၀)ခန့်မျှတိုင်အောင် ပရိယတ္တိနယ်ပယ်၌ ပရိယတ် စာပေများကို စာသင်သားတို့အား ချပို့ပေးခဲ့၏။ ပရဟိတလုပ်ငန်းကို မမောမပန်း ထမ်းဆောင်ခဲ့သည်။

အသက်အရွယ်ထောက်လာသောအခါ စိတ်ဓာတ်တို့သည် ပဋိပတ်နယ်ပယ်ဘက်သို့ ယိမ်းယိုင်လာခဲ့၏။ ထို့ကြောင့်ရန်ကုန်မြို့၊ ဗဟန်း၊ နတ်မောက်လမ်း၊ ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်အရိပ် နယ်မြေအောက်တွင်တည်ရှိသော "မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်"တွင် ၁၉၈၅-ခုနှစ် ဝါတွင်းကာလအတွင်း မိုးကုတ်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားတော်မူခဲ့သည့်

နည်းစနစ်အတိုင်း ဝိပဿနာအလုပ်တို့ကို ကိုယ်တိုင်ကြီးကုတ် အားထုတ်နိုင်သော အခွင့်ကိုရရှိခဲ့သည်။ ကမ္ဘာအေး၊ ရေကူး၊ သံဃတက္ကသိုလ်ကျောင်းတိုက်တွင်လည်း ၁၉၈၆-ခုနှစ်မှ ၁၉၉၈-ခုနှစ်အထိ (၁၂)နှစ်တိုင်အောင် ဝါတွင်းကာလအတွင်းနှင့် သင်္ကြန်ရက်များတွင် (၁၀)ရက် အထူးတရားစခန်းပွဲများနှစ်စဉ် ဖွင့်လှစ်ခဲ့ပါသည်။ ဝါပကာလများတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ တောင်ကြီး၊ လွိုင်လင်၊ မိုးနဲဒေသတို့နှင့် မန္တလေးတိုင်းအတွင်း၌အမရပူရ၊ မိတ္ထီလာဒေသတို့၌လည်းကောင်း၊ ပဲခူးတိုင်းအတွင်း၌ ပြည်၊ တောင်ငူဒေသတို့နှင့် ဆရာတော် အရှင်ယောသိတ၏ ရွှေချက်သိုအရပ်ဖြစ်သော မကွေးတိုင်း၊ မြို့သစ်မြို့နယ်အတွင်း၊ မကွေး၊ စကု၊ တောင်တွင်းကြီး၊ ရခိုင်ပြည်နယ် ဂွမြို့နှင့် မြန်မာနိုင်ငံတောင်ဘက်အစွန်ရှိ ကော့သောင်းမြို့တို့ပါ လှည့်လည်၍ ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း တရားမြတ်များအား လှည့်လည် ဟောကြားတော်မူခဲ့သည့်အပြင် ဆရာတော်အရှင်ယောသိတသည် ကိုယ်တိုင်လည်း အခါမလပ် အပတ်တကုတ် ကျင့်ကြံ ကြိုးပမ်းအားထုတ်တော်မူခဲ့ပါသည်။ ၁၉၉၇-ခုနှစ် နှစ်ဦးပိုင်းမှစ၍ (၄)လခန့်တိုင်အောင် ကော့သောင်းမြို့ တောင်ပေါ်ရှိ ဝါးကျောင်းတွင် သီတင်းသုံး၍ ဧကစာရီတစ်ပါးတည်း အားထုတ်ခဲ့ပြီး ရှမ်းပြည် (တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ ၁၂- ပါးဂူတွင် ကိုယ်တိုင် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ပါသည်။

# ဒုက္ခသစ္စာ ဒီခန္ဓာ

ဆရာတော်အရှင်ယောသိတသည် ဂန္ထဓုရ၊ ဝိပဿနာဓုရ စသည့် ဓုရနှစ်ဖြာတို့အား အစဉ်အတိုင်းဆောင်ရွက်ရင်း ၁၉၉၆-ခုနှစ် နှိဝင်ဘာလတွင် ပထမဆုံးအကြိမ် လေဖြန်းခဲ့ပြီး ရက်သတ္တ တစ်ပတ်ခန့်ကြာအောင် ကုသမှု

ခံယူရာမှ ပြန်လည်ကောင်းမွန်လာခဲ့ပါသည်။ ၁၉၉၇-ခုနှစ် ဧပြီလတွင် ကော့သောင်းမြို့၊ တောင်ပေါ်ရှိ ဝါးကျောင်း၌ကေစာရီတစ်ပါးတည်း ခန္ဓာ ညာဏ်ရောက် ဝိပဿနာတရား အားထုတ်တော်မူစဉ် ဒုတိယအကြိမ် လေဖြန်းသဖြင့် ကော့သောင်းမြို့သို့ပြန်၍ ရက်သတ္တ တစ်ပတ်ခန့်ကြာအောင် ဆေးကုသမှုခံယူခဲ့ပြီး သက်သာလာရာ တောင်ပေါ်သို့ပြန်တက်၍ ဝါးကျောင်း၌ပင် ကေစာရီတစ်ပါးတည်း ဆက်လက်၍ အရိုးကြေကြေ အရေခန်းခန်း စိတ်ဓာတ်ဖြင့် သတ်မှတ်တော်မူသည့် ကာလပြီးဆုံးအောင် ကြိုးပမ်းအားထုတ် တော်မူခဲ့ပါသည်။

ရန်ကုန်မြို့ ကမ္ဘာအေး၊ ရေကူး၊ သံဃတက္ကသိုလ်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူစဉ် ၁၉၉၈-ခုနှစ် စက်တင်ဘာလတွင် တတိယအကြိမ် လေဖြန်း၍ ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ၃-လကြာမျှ တက်ရောက် ကုသမှုခံယူခဲ့ပါသည်။ ၂၀၀၁-ခုနှစ်မှစ၍ မြဝတီရုပ်မြင်သံကြား မှ ဆရာတော် အရှင်ယောသိတ ဟောကြားခဲ့သော တရားများအား "မြတ်ဘုရားဒေသနာ ဝိပဿနာ" ခေါင်းစဉ်ဖြင့် အပတ်စဉ်စနေနှင့် တနင်္ဂနွေ နံနက်ပိုင်းတို့တွင် ထုတ်လွှင့်ပေးခဲ့ပါသည်၊ မြဝတီရုပ်မြင်သံကြားမှ ဆရာတော် အရှင်ယောသိတ၏ ထေရုပ္ပတ္တိအား "တစ်ဘဝသာသနာဆရာတော်၏ သာသနာတစ်ဘဝ" ခေါင်းစဉ်ဖြင့် ရိုက်ကူးခဲ့ပြီး ၂၀၀၅ ခုနှစ် ဝါတွင်းကာလ အတွင်း အပိုင်းလိုက် ထုတ်လွှင့် ပြသခဲ့ပါသည်။

## ခန္ဓာဝန်ချုပ်ငြိမ်း တစ်ဘဝဇာတ်သိမ်း

မြတ်စွာဘုရား သာသနာတော်သုံးရပ် တည်တံ့ထွန်းကား ပြန့်ပွား စေရန် ပရိယတ်၊ ပဋိပတ်လက်ဦးဆရာ ဆရာတော်ဘုရားကြီး၂-ပါးတို့၏

လမ်းစဉ်အတိုင်း ဘဝခရီးတစ်လျှောက်လုံး ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရာမှ ပရိယတ်နယ်ပယ်၌ထင်ရှားခဲ့သည့် ကျမ်းများပြုစုခဲ့သည့် ကျမ်းပြုဆရာတော်လည်းဖြစ်၍ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရား ပြန့်ပွားစေရန်လည်း ဆောင်ရွက်တော်မူခဲ့သည့်အပြင် ကိုယ်တိုင်လည်း အပတ်တကုတ်ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့သော ဆရာတော်အရှင် ယောသိတသည် ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူလျှက်ရှိရာမှ ၂၀၀၇-ခုနှစ် ဖေဖော် ဝါရီလ ၇-ရက်နေ့ နံနက် ၇ နာရီ၊ မိနစ် ၂၀ တွင် ဒုက္ခသစ္စာအမှန်ဖြစ်သော ခန္ဓာဝန်ထုပ်ကြီးအား ချတော်မူခဲ့ရာ ဉတုဇ ရုပ်ကလပ်တော်ကို ဆရာတော် သီတင်းသုံးခဲ့ရာ ကမ္ဘာအေး၊ ရေကူးရပ်ရှိ သံဃတက္ကသိုလ် ကျောင်းတိုက်သို့ ပြန်လည်ပင့်ဆောင် အပူဇော်ခံခဲ့ပါသည်။ ၂၀၀၇-ခုနှစ် ဖေဖော်ဝါရီလ ၁၃-ရက်နေ့လယ် ၂-နာရီခန့်တွင် ဆရာတော်အရှင် ယောသိတ၏ အန္တိမ အဂ္ဂိစျာပန၊ သာခုကီဠနပူဇာသဘင် အခမ်းအနားအား မြောက်ဥက္ကလာပမြို့နယ်ရေဝေးစျာပနကွင်းပြင်တွင် ကျင်းပခဲ့ပြီး ပို့ဆောင်ပူဇော်သူ ရဟန်း ရှင်လူပြည်သူများ အထူးများပြား စည်ကားလှပါသည်။

ကျန်ရစ်သူမိသားစုနှင့် တပည့်သာဝကတို့က ဆရာတော်အရှင်ယောသိတ၏ ရွှေချက်သိုအရပ်ဖြစ်သော မကွေးတိုင်း၊ မြို့သစ်မြို့နယ်ဖိုကြီးရွာမအနောက်ကျောင်းတွင် ဥဒိဿအဖြစ် လွမ်းစေတီတစ်ဆူအားတည်ထားကိုးကွယ်ခဲ့ပြီး၊ ကော့သောင်းမြို့ရှိ တပည့်သာဝက ယောဂီများမှလည်း ကော့သောင်းမြို့၊ ဦးလှမောင်ချောင်အရပ်ရှိ မိုးကုတ်ဝိပဿနာခမ္မရိပ်သာတွင် ဆရာတော် အရှင်ယောသိတ၏ ပုံတူရုပ်တုတော် တစ်ဆူအားပူဇော်ထားရှိ ခဲ့ကြသည်။

"ဘာရနိက္ခေပနံ သုခံ. . ."

"ခန္ဓဝန်ထုပ်ကြီးကို အပြီးအပိုင် စွန့်ချနိုင်ခြင်းသည် အချမ်းသာဆုံး ချမ်းသာကြီးကို ရခြင်းပင်ဖြစ်တော့၏"

သက်ရှိသတ္တဝါတွေဟူသမျှ အကုန်လုံး ရုပ်နာမ် ၂-ပါး၊ အကျယ်ချဲ့လျှင် ခန္ဓာငါးပါးမျှသာ ဖြစ်ကြကုန်၏။ ထို့ပြင်အာယတနတွေ၊ ဓာတ်တွေမျှသာ ဟူ၍လည်းပြောဆိုနိုင်သည်။ ယင်းတို့ကို ပုဂ္ဂိုလ်-သတ္တဝါ-ငါ-သူတစ်ပါး၊ ယောက်ျား-မိန်းမ၊ လူ-နတ်-ဗြဟ္မာ စသည်ဖြင့် နာမည်တွေတပ်၍ ပညတ် မှည့်ခေါ်ထားကြ၏။ ပညတ်ဟူသမျှ တကယ်အစစ်အမှန်မရှိကြ။

ရန်ကုန်မြို့၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်သို့ ၁၉၈၅-ခုနှစ်တွင် ဆရာတော်အရှင်ယောသိတ ရောက်ရှိလာခဲ့ပြီး၊ ၁၉၈၆-ခု နှစ်ဦးပိုင်းတွင် မိုးကုတ်ဝိပဿနာ အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဆရာတော် ၃-ပါးအဖွဲ့တွင် ဆရာတော်အရှင်ယောသိတအား ထပ်မံဖြည့်သွင်း ဖွဲ့စည်း၍ ကျန်ဆရာတော်များက ဓမ္မကထိကများအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည်။

ဆရာတော်အရှင် ယောသိတသည် သာသနာတော်၌ကျေးဇူးရှင် ဆရာတော်ဘုရားကြီးများ၏ သင်ကြားပေးမှုကြောင့် ပရိယတ်ရော ပဋိပတ်ပါ နှစ်ဖြာတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်ခဲ့၍ နှစ်ပေါင်း ၃၀-ခန့်မျှ ပရိယတ်သာသနာကို ရွက်ဆောင်ခဲ့ပြီးလျှင် ပဋိပတ်သာသနာ ဘက်ကို ကူးပြောင်း၍ ရွက်ဆောင်ခဲ့ပါသည်။

ဆရာတော်အရှင်ယောသိတ ပျံလွန်တော်မူခြင်းသည် သာသနာတော်ကြီးအတွက် ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်ပါသည်။ သာသနာအတွက် ဆုံးရှုံးမှုသည် အမျိုးဘာသာအတွက် ဆုံးရှုံးမှု၊ တပည့်သာဝကတို့အတွက် ဆုံးရှုံးမှု စသည့် အထွေထွေအရပ်ရပ် ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။

ကျမ်းပြုဆရာတော်အရှင်ယောသိတ၏ ထေရုပ္ပတ္တိကို ဟောကြား

တော်မူခဲ့သော တရားတော်တို့နှင့်အတူ အများကြည်ညို သဒ္ဓါပွားများနိုင်ရန် ဤထေရုပ္ပတ္တိကို ရေးသားပူဇော်အပ်ပါ၏။ ဤသို့ ရေးသားပြုစုအပ်သော ကုသိုလ်ကောင်းမှု အဖို့ဘာဂသည် မိဘနှစ်ပါးနှင့်အတူ ကျွန်တော်တို့မိသားစု နိဗ္ဗာန်ကို မျက်မှောက်ပြုရစေခြင်းငှာ အထောက်အပံ့ကောင်း ဖြစ်ပါစေသတည်း။

မျိုးတင့်အောင်(မြတ်ကလောင်)
၉ - ၉ - ၂၀၀၈

# ရှည်လျားတဲ့ ဘဝသံသရာ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ လက်ထက်တော်အခါတုန်းက တရားတစ်ပွဲပြီးတိုင်း ပြီးတိုင်း၊ အရိယာတွေများစွာ ဖြစ်ပေါ်လာကြတယ် ဆိုတဲ့ တရားနာနည်းက-**ဒေသနာဉာဏာနုသာရေန**- ဟောပြတော် မူတဲ့ ဒေသနာဉာဏ်အတိုင်း အစဉ်လိုက်သောအားဖြင့်၊ **ဉာဏံပေ သေတွာ**- မိမိဉာဏ်ကို ဘေးသို့မပြန့် အရှုခံဖြစ်တဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာ ပေါ်သို့သာ ဖြန့်၍ ပို့လွှတ်ထားသောကြောင့်၊ **ဉာဏုတ္တရံ ဟောတိ**- နိဗ္ဗာန်ကို မြင်နိုင်တဲ့ဉာဏ်အဆင့်သို့ ရင့်ကျက်၊ မြင့်တက်သွားရလေ တော့၏။

ဟောပြတော်မူတဲ့ ဒေသနာအတိုင်း မိမိဉာဏ်က ခန္ဓာဘက်

လှည့်ထားကြလို့သာ တရားထူးရသွားကြတာလို့ ဒီလို အဋ္ဌကထာဆရာကြီးက သုံးသပ်ပြပါတယ် (မှန်လှပါဘုရား)။

အဲဒီသုံးသပ်ပြတဲ့ အဋ္ဌကထာဆရာ့စကားကို ထောက်ထားပြီးတော့ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း "နားက တရားနာ၊ ဉာဏ်ကတော့ ခန္ဓာဘက်လှည့်ထားကြ" လို့ ခဏခဏ မိန့်ဟတော်မူခဲ့တယ် မဟုတ်လား (မှန်လှပါဘုရား)။

အေး. . . ဘုန်းကြီးကလည်း အဲဒီအတိုင်းပါပဲ '**တံသုဏာထ သာဓုကံ မနသိ ကရောထ**'လို့၊ **တံ သုဏာထ**- အခုဟောမယ့်တရားကို နားစိုက်ကြကုန်လော့၊ **သာဓုကံ မနသိ ကရောထ**- အရှုခံဖြစ်တဲ့ ရုပ်နာမ်နှစ်ဖြာ ခန္ဓာပေါ် သို့ အမှန်ဆိုက်အောင်၊ ကောင်းမွန်ငြိမ်သက်စွာ ဉာဏ်စိုက်လိုက်ကြပါကုန်လော့လို့ ထပ်မံသတိပေး တိုက်တွန်းပါတယ် (မှန်လှပါ ဘုရား)။

## စက်ဝိုင်းကို အကွက်ကြီးလေးကွက် ရအောင်စိတ်

ဒီကနေ့ တရားစခန်းပွဲကြီးစတဲ့နေ့ ညနေပိုင်းဆိုတော့ ပဋိစ္စသမုပ္ပာဒ်ကိုပဲ အခြေခံရမယ်နော် (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ပဋိစ္စသမုပ္ပာဒ် အခြေခံရအောင်၊ ဘုန်းကြီးဘေးနားမှာ ပိတ်ဖြူကားချပ်ကြီး တစ်ချပ်ထောင်ထားတယ်လို့ ဒီလိုအောက်မေ့ပြီးတော့ ပိတ်ဖြူကားချပ်ကြီး ပေါ်မှာ ယောဂီတို့ကိုယ်တိုင် စက်ဝိုင်းကြီးတစ်ခု ဝိုင်းရမယ်နော် (မှန်လှပါ ဘုရား)၊ အေး. . . ပိတ်ဖြူကားချပ်ကြီးပေါ်မှာ ယောဂီတို့ကိုယ်တိုင် စက်ဝိုင်းကြီးတစ်ခု ဝိုင်းလိုက်ကြစမ်းပါ၊ ဝိုင်းပြီးပြီလား (ဝိုင်းပြီးပါပြီ ဘုရား)။

အေး . . . စိတ်ကူးနဲ့ဝိုင်းတာဆိုတော့ မြန်တာပေါ့နော်၊ စက်ဝိုင်းကြီးအပေါ်ကနေပြီးတော့ အလယ်ကောင်တည့်တည့် အောက်ကို ပေါက်သွားအောင် မျဉ်းတစ်ကြောင်းလည်း ဆွဲလိုက်ပါဦး (ဆွဲပြီးပါပြီဘုရား)၊ ယောဂီတို့ဘက်ကနေကြည့်ရင် စက်ဝိုင်းကြီး လက်ဝဲဘက်ကနေပြီးတော့ အလယ်ကောင်တည့်တည့် လက်ျာဘက်ကို ပေါက်ပြီးတော့ သွားအောင် မျဉ်းတစ်ကြောင်း ထပ်ပြီးတော့ ကန့်လန့်ဖြတ် ဆွဲလိုက်ပါဦး (ဆွဲပြီးပါပြီ ဘုရား)။

အဲသည်လိုဆိုတော့ စက်ဝိုင်းကြီးထဲမှာ မျဉ်းနှစ်ကြောင်း ကန့်လန့်ဖြတ်ဆွဲလိုက်တယ်ဆိုတော့ အကွက်ကြီး ဘယ်နှကွက်ပေါ်လာ (လေးကွက် ပေါ်လာပါတယ်ဘုရား)၊ လေးကွက်ပေါ်လာတယ်၊ လက်ျာဘက်က အထက်ပိုင်းအကွက်ကို နံပါတ်တစ်လို့ ထိုးလိုက်ပါ (မှန်ပါ)၊ လက်ျာဘက်က အထက်ပိုင်းအကွက်ကို (နံပါတ်တစ်ပါ ဘုရား)၊ လက်ျာဘက်က အောက်ပိုင်းအကွက်ကို (နံပါတ်နှစ်ပါ ဘုရား)၊ နံပါတ်နှစ်လို့ထိုး၊ လက်ဝဲဘက်က အောက်ပိုင်းအကွက်ကို (နံပါတ်သုံးပါ ဘုရား)၊ လက်ဝဲဘက်က အထက်ပိုင်းအကွက်ကို (နံပါတ်လေးပါ ဘုရား)၊ နံပါတ်လေးဆိုတော့ တစ်ကွက်၊ နှစ်ကွက်၊ သုံးကွက်၊ လေးကွက် အကွက်ကြီး လေးကွက်မဟုတ်လား (မှန်လှပါ ဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂- ပါး

ဒီအထဲ ပဋိစ္စသမုပ္ပါဒ် ဆိုင်ရာအင်္ဂါတွေထည့်ပါ့မယ်၊ တစ်အကွက်ထဲမှာ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ နှစ်လုံးထည့်မယ်နော် (မှန်လှပါ ဘုရား)၊ နှစ်လုံးက **အဝိဇ္ဇာနဲ့ သင်္ခါရ** ဟုတ်တယ်၊ အဝိဇ္ဇာနဲ့ သင်္ခါရ ဒီနှစ်လုံးပဲ ရှိတယ် အောက်မေ့ပါနော်၊ ကျန်တဲ့စာလုံးတွေ အာရုံထဲ ဖျောက်ထား

ပါဦး၊ နှစ်အကွက်ထဲကျတော့ ပဋိစ္စသမုပ္ပာဒ်အင်္ဂါ ငါးလုံးထည့်ပါမယ် (မှန်လှပါ ဘုရား)၊ ငါးလုံးက **ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ**၊ ဟုတ်ပြီ ငါးလုံးထည့်ထားတယ်။

သုံးအကွက်ထဲကျတော့ ပဋိစ္စသမုပ္ပာဒ်အင်္ဂါ သုံးလုံးထည့်ပါမယ် (မှန်လှပါ ဘုရား)၊ **သုံးလုံးက တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ**၊ ဟုတ်ပါတယ်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ လေးအကွက်ထဲကျတော့ ပဋိစ္စသမုပ္ပာဒ်အင်္ဂါ နှစ်လုံးထည့်ပါမယ်နော် (မှန်လှပါ ဘုရား)၊ နှစ်လုံးက **ဇာတိနဲ့ ဇရာမရဏ**၊ ဟုတ်တယ်၊ ဇာတိနဲ့ ဇရာမရဏ၊ အဲသည်လိုဆိုတော့ တစ်အကွက်ထဲက နှစ်လုံး၊ နှစ်အကွက်ထဲက ငါးလုံး၊ နှစ်လုံး ငါးလုံးဆိုတော့ (ခုနစ်လုံးပါ ဘုရား)။

အဲဒီခုနစ်လုံးထဲ သုံးအကွက်က သုံးလုံးပေါင်းထည့်လိုက်တော့ (ဆယ်လုံးပါ ဘုရား)၊ ဆယ်လုံး၊ ဒီဆယ်လုံးထဲ လေးအကွက်က နှစ်လုံးပါ ထပ်ရောတော့ (ဆယ့်နှစ်လုံးပါ ဘုရား)၊ ဆယ့်နှစ်လုံး၊ ဒါပဲ အာရုံထဲထား ပါ၊ တခြားစာလုံးသေးသေးလေးတွေကို အာရုံထဲ ခေတ္တဖျောက်ထားပါဦး နော် (မှန်လှပါ ဘုရား)။

အေး. . . သူတို့ရဲ့သဘောသွားလေးတွေကို မနက်ပိုင်းတုန်းက ပြောကြားထားခဲ့ပြီးပါပြီ၊ ပဋိစ္စသမုပ္ပာဒ်အင်္ဂါ ၁၂-ပါးရဲ့ သဘောသွား အကြမ်းစားကို ပြောပြီးပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသည်လို ပြောပြီးပြီ၊ တစ်အကွက်ထဲမှာ အဝိဇ္ဇာနဲ့သင်္ခါရ နှစ်လုံးပါတယ်နော် (မှန်လှပါ ဘုရား)။

အဲဒီအထဲမှာ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက အကျိုး တရား၊ အဝိဇ္ဇာက အကြောင်းတရား၊ သင်္ခါရက (အကျိုးတရားပါ ဘုရား)၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်။

## မသိတတ်တဲ့သဘောတွေ ဦးစီးပြီး ပြုလုပ်မှု

ဟုတ်တယ်၊ အကြောင်းကြောင့်လို့ ဆိုချင်တဲ့ အသံထွက်ချင်တော့ အဝိဇ္ဇာနောက် ပစ္စယာလေးထည့်ရတာပေါ့ (မှန်လှပါ ဘုရား)၊ အဝိဇ္ဇာနောက် ပစ္စယာလေးထည့်လိုက်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဒီလိုဖြစ်သွားတာပေါ့၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်လို့ ဆိုချင်တော့ သင်္ခါရနောက် ပစ္စယာလေးထည့်ရတယ်၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏ၊ ဒီလောက်ပဲ ရပ်ထားမယ်နော် (မှန်လှပါ ဘုရား)။

ဟိုဘက်က သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဆိုတဲ့ အကျိုးဆက်တွေ ရှိသေးတာပေါ့နော် (မှန်လှပါ ဘုရား)၊ ဒီမှာတော့ဖြင့် ကိုယ်ထည်တင်ပဲ ပြောနေပါသေးတယ်၊ အဝိဇ္ဇာက မသိတတ်တဲ့သဘော၊ သင်္ခါရက ပြုလုပ်တယ်၊ မသိတတ်တဲ့သဘောတွေ ဦးစီးပြီးတော့ ပြုလုပ်မှု ဆိုတာတွေ လုပ်ကြတယ်နော် (မှန်လှပါ ဘုရား)၊ ပြုလုပ်မှုကလည်း သုံးမျိုး လို့ ပြောခဲ့တယ်မဟုတ်လား (မှန်လှပါ ဘုရား)။

ကိုယ်နဲ့ပြုလုပ်မှု၊ ပါးစပ်နဲ့ပြုလုပ်မှု၊ စိတ်နဲ့ပြုလုပ်မှု၊ ဒါတွေ လုပ်ခဲ့တယ်နော် (မှန်လှပါ ဘုရား)၊ ဒါတွေချုံးလိုက်တော့ ဘဝ ဘဝမှာ မိမိတို့ တစ်တွေလေ၊ ဘဝတစ်ခုလုံး ဘယ်လောက်ပဲ ဘာတွေလုပ်လုပ် နောက်ဆုံး ချုံးလိုက်တော့ အဲဒီဥစ္စာတွေ ကျန်ရစ်တယ်၊ ကိုယ်နဲ့ပြုလုပ်မှု အစွမ်းသတ္တိတွေ၊ ပါးစပ်နဲ့ ပြောဆိုပြုလုပ်မှု အစွမ်းသတ္တိတွေ၊ စိတ်နဲ့ ကြံတွေးပြုလုပ်မှု အစွမ်းသတ္တိတွေ ဘဝတစ်ခုလုံးချုံးလိုက်လို့ရှိရင် အဲဒါတွေကျန်တာပေါ့

(မှန်လှပါ ဘုရား)၊ အေး. . . အဲဒီ ဥစ္စာတွေကလည်း မသိမှုအဝိဇ္ဇာ ဦးစီး ပြီးတော့ လုပ်ခဲ့တာတွေဆိုပဲ (မှန်လှပါ ဘုရား)။

## အဝိဇ္ဇာအကြောင်းတရားကြောင့် သင်္ခါရ အကျိုးတရားရ

အဲဒါတွေ ဟိုဘက် ဟိုဘက်ဘဝတွေက လုပ်ခဲ့တယ်၊ ဘဝတွေ အထွေထွေ တစ်ဘဝလုံး ဘယ်လောက်ပဲများပေမယ့်လို့ နောက်ဆုံးချုံး လိုက်တော့ အဲဒါပဲ ကျန်ရစ်တာပေါ့ (မှန်လှပါ ဘုရား)၊ မသိမှုဦးစီးပြီး တော့ ဘာတွေလုပ်ခဲ့၊ သင်္ခါရတွေလုပ်ခဲ့၊ မသိမှုဦးစီးပြီးတော့ ဘာတွေ လုပ်ခဲ့ (သင်္ခါရတွေ လုပ်ခဲ့ပါတယ် ဘုရား)၊ သင်္ခါရဆိုတော့ အရကောက် မယ်ဆိုရင် အကြောင်းတရား စေတနာတွေ အရကောက်ရတာပေါ့နော် (မှန်လှပါ ဘုရား)။

အဲဒီအကြောင်းတရားတွေကြောင့် ဒီဘက်ဘဝမှာ ပဋိသန္ဓေကာလ မှာ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေစိတ်ကလေး စပေါ် တာပေါ့ (မှန်လှပါ ဘုရား)၊ အင်း. . . သူ့ချည်းတည်း ဘယ်ဟုတ်လိမ့်မ လဲ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမ်နဲ့ရုပ်လည်းပါသေးတာပေါ့ (မှန်လှပါ ဘုရား)၊ ပြီးတော့ တရွေ့ရွေ့ကြီးပြင်းလာတော့ နာမရူပပစ္စယာ သဠာ ယတနံ၊ သဠာယတနပစ္စယာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဟောဒီ နံပါတ်နှစ်အကွက်ထဲက ငါးမျိုးလုံးဟာ. . . အကျိုးတရားတွေပဲ၊ ဒီဘက် ဘဝရောက်လာပြီနော် (မှန်လှပါ ဘုရား)။

ဒီဘက်ဘဝရောက်လာပြီဆိုတော့ အခု ဘုန်းကြီးတို့တစ်တွေ၊ ဒကာ၊ ဒကာမတို့တစ်တွေ အခု တရားနာနေတာ ခန္ဓာငါးပါးကြီး မဟုတ် လား (မှန်လှပါ ဘုရား)၊ ဒီနံပါတ်နှစ်အကွက်ထဲက ငါးမျိုးပေါ့ (မှန်လှပါ

ဘုရား)၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးကြီးရပြီးတော့ အခု တရားနာနေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီခန္ဓာငါးပါးကြီးရအောင်လုပ်တဲ့ အကြောင်းတရားတွေ လိုက်ရှာမယ်ဆိုရင် တစ်အကွက်ထဲက သင်္ခါရတို့ အဝိဇ္ဇာတို့ အဝိဇ္ဇာဦးစီးပြီးတော့ သင်္ခါရ လုပ်ခဲ့ကြတယ် မဟုတ်လား (မှန်လှပါ ဘုရား)။

အဲဒီအကြောင်းတရားတွေကြောင့် ဒီဘက်ပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒါတွေဖြစ်တယ်ဆိုတော့ ဟိုက အကြောင်းတရားတွေကြောင့် ဖြစ်ရတာဆိုတော့ ဒါအကျိုးတရားတွေပေါ့ (မှန်လှပါ ဘုရား)။

## ခန္ဓာငါးပါးအကျိုးတရား ရလာတယ်

အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ဟုတ်တယ်၊ အဝိဇ္ဇာနဲ့သင်္ခါရ တစ်အကွက်က အကြောင်းပေါ့ (မှန်လှပါ ဘုရား)၊ နှစ်အကွက်ကြီးတစ်ကွက်လုံးက အကျိုး၊ အခုတရားနာနေတဲ့ ခန္ဓာငါးပါးကြီး မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဒီအတိုင်း ငြိမ်နေရင်တော့ ကောင်းတာပေါ့၊ မငြိမ်ဘူး၊ ဒီခန္ဓာငါးပါးကြီးထဲက 'တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ'၊ တဏှာက လိုချင်တယ်၊ ဥပါဒါန်က စွဲလမ်းတယ်၊ ကမ္မဘဝက အားထုတ်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတာတွေ လာတယ်၊ ဘယ်ကစစ လာတတ်သလဲဆိုရင် ဟောဒီ သဠာယတနဆိုတဲ့ အထဲမယ် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် မဟုတ်လား (မှန်လှပါ ဘုရား)။

မျက်စိ- မြင်တာလေးနဲ့ပတ်သက်ပြီးတော့ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ နား- ကြားတာလေးနဲ့ပတ်သက်ပြီးတော့ လိုချင်

တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ နှာခေါင်း- နံ့တာ၊ မွှေးတာလေးနဲ့ ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ လျှာ- အရသာနဲ့ ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ခန္ဓာကိုယ်- တွေ့ထိမှုနဲ့ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ မနော- ကြံတွေးမှုနဲ့ပတ်သက်ပြီး လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ဒီဥစ္စာကလေးတွေ မပေါက်ပွားဘူးလား (ပေါက်ပွားပါတယ် ဘုရား)၊ ပေါက်ပွားတယ်၊ မငြိမ်ဘူး၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတဲ့ဥစ္စာတွေ ကောင်းနိုင်ပါ့မလား (မကောင်းနိုင်ပါဘူး ဘုရား)၊ မကောင်းတဲ့သဘောတရားတွေ ကိုယ့်ရင်ထဲ နှလုံးထဲပေါ်လာတာပေါ့ (မှန်လှပါ ဘုရား)။

အင်း. . . သူတို့တစ်တွေက အကျိုးတရားတွေ ဖြစ်မလား၊ အကြောင်းတရားတွေ ဖြစ်မလား (အကြောင်းတရားတွေ ဖြစ်ပါမယ် ဘုရား)၊ ကောင်းတဲ့အကြောင်းလား၊ မကောင်းတဲ့အကြောင်းလား (မကောင်းတဲ့ အကြောင်းပါဘုရား)၊ မကောင်းတဲ့အကြောင်းတရားတွေ ကိုယ့်ရင်ထဲ၊ နှလုံးထဲ ထပ်ပေါက်ပွားတာပေါ့ (မှန်လှပါ ဘုရား)၊ ဒါဖြင့် အကျိုးခန္ဓာကြီးထဲကနေပြီးတော့ အကြောင်းတရားတွေ ထပ်ပေါက်ပွားတယ်နော် (မှန်လှပါ ဘုရား)၊ ဒီပစ္စုပ္ပန်ကာလ ဘဝမှာပဲနော် (မှန်လှပါ ဘုရား)။

## မျိုးစေ့မှအပင်

ဟုတ်တယ်၊ အကျိုးခန္ဓာကြီးထဲကနေပြီးတော့ ဘာတွေပေါက်ပွား၊ အကြောင်းတရားတွေ ပေါက်ပွား၊ ဒီအကြောင်းတရားတွေသာ ရင်ထဲ၊ နှလုံးထဲ လှောင်ပြီးတော့ သေလို့ကတော့ ဒီအကြောင်းတွေကြောင့်

ကမ္မဘဝ ပစ္စယာ (ဇာတိ)၊ ဇာတိဆိုပြီးတော့ ဖြစ်ပေါ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာတွေဖြစ်ပေါ်၊ ခန္ဓာငါးပါးဖြစ်ပေါ်၊ ဟုတ်တယ်၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးဖြစ်ပေါ်၊ အဲဒါတွေမှ ရရှိတယ်ဆိုရင် မအိုပဲနေပါ့မလား (မနေပါဘူး ဘုရား)၊ အိုတာပေါ့၊ ဇရာ- မနာဘဲကော နေပါ့မလား (မနေပါဘူးဘုရား)၊ မနေပါဘူး၊ နာတာပေါ့၊ နောက်ဆုံးမသေဘဲကော နေပါ့မလား (မနေပါဘူး ဘုရား)၊ မနေဘူး၊ သေရမယ်၊ ဟုတ်တယ်နော် (မှန်လှပါ ဘုရား)။

အဲဒီသေခါနီးကျတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဒါတွေလည်း လာဦးမှာပေါ့၊ အေး. . . ဒီဥစ္စာတွေက ကောင်းရဲ့လား (မကောင်းပါဘူး ဘုရား)၊ အဲဒါတွေဖြစ်တာ ဟောဒီ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတဲ့ အကြောင်းတရားတွေကြောင့် ဟိုနံပါတ်လေးအကွက် အကျိုးတရားတွေ ပေါ်ပေါက်ရတာ မဟုတ်လား (မှန်လှပါ ဘုရား)။

အဲဒီ အကျိုးတရားတွေကကော ကောင်းလို့လား (မကောင်းပါဘူး ဘုရား)၊ မကောင်းပါဘူး၊ အို၊ နာ၊ သေ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ပူဆွေး၊ ငိုကြွေး၊ သောက ပရိဒေဝမီးတောက်၊ ဒီလိုတွေ ဒုက္ခရောက်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟင်း. . . အဲသည်လိုတွေ ဒုက္ခရောက်တယ်ဆိုရင် ကုသိုလ်တရားတွေလား၊ အကုသိုလ်တရားတွေလား (အကုသိုလ်တရားတွေပါ ဘုရား)၊ အကုသိုလ်တရားဆိုရင် အဲဒီထဲ မောဟစေတသိက် ပါနေကြပေါ့ (မှန်လှပါ ဘုရား)။

မောဟဆိုတာ တခြားမဟုတ်ဘူး၊ တစ်အကွက်ထဲက အဝိဇ္ဇာပဲ၊ ဟယ်. . . အဲသလိုဆိုရင် မသေခင်ကိုပဲ အကုသိုလ်တွေဖြစ်ပြီဆိုရင် ဟော . . . တစ်အကွက်အတွက် အဝိဇ္ဇာက လာပြီမဟုတ်လား (မှန်လှပါဘုရား)။

## အပင်မှမျိုးစေ့

ဟင်. . . အဝိဇ္ဇာမှုရှိတယ်ဆိုရင် မသိမှုဖုံးလွှမ်းပြီးတော့ ဘာတွေ လုပ်ဦးမလဲ၊ သင်္ခါရတွေ လုပ်ဦးမယ်၊ မသိမှုကြောင့် ဘာတွေလုပ်ဦးမယ် (သင်္ခါရတွေ လုပ်ပါဦးမယ်ဘုရား)၊ အဲဒီသင်္ခါရ အကြောင်းတရားတွေ ရှိတယ်ဆိုရင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလာမှာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါတင်ငြိမ်နေရင် ကောင်းပါရဲ့၊ မငြိမ်ဘူးတဲ့၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ဟုတ်တယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဒီဥစ္စာတွေပေါက်ပွား ပေါက်ပွားမလာဘူးလား (လာပါတယ် ဘုရား)၊ ဟင်. . . အကျိုးတရားထဲ ကနေပြီးတော့ ဘာတွေပေါက်ပွား၊ အကြောင်းတရားတွေ ပေါက်ပွား၊ အဲသလိုနဲ့ တစ်ဘဝလုံး အကြောင်းတရား မကောင်းတာတွေ ပေါက်ပွား ပေါက်ပွားပြီးတော့ ဒါတွေ ရင်ထဲ၊ နှလုံးထဲလှောင်ပြီး သေလို့ကတော့ ကမ္မဘဝပစ္စယာ (ဇာတိပါ ဘုရား)။

ဟင်. . . နောက်ထပ် အပင်ကြီးပေါက်ပြန်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အပင်ကြီးပေါက်တယ်ဆိုရင် ဒီအပင်ကြီးက တဖြည်းဖြည်း စည်ကားပြီးတော့ အကိုင်း၊ အတက်တွေနဲ့ အသီးတွေ၊ အပွင့်တွေနဲ့ ဝေ၊ နောက်ဆုံးကျတော့ အိုပြီးတော့ ရော်ပြီးတော့ကြွေကျ ဖြစ်ဦးမှာ မဟုတ်လား (မှန်လှပါ ဘုရား)။

အဲဒီ သေခါနီးမှာ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ပူတယ်၊ ဆွေးတယ်၊ ငိုတယ်၊ ကြွေးတယ်၊ သောက ပရိဒေဝမီး တောက်ရတယ် မလာဘူးလား (လာပါတယ်ဘုရား)၊ ဟင်း. . . အဲဒါ တွေက ကောင်းတဲ့တရားတွေလား၊ မကောင်းတဲ့တရားတွေလား (မကောင်းတဲ့တရားတွေပါ ဘုရား)၊ အကုသိုလ်တွေပေါ့နော် (မှန်လှပါ

ဘုရား)၊ အကုသိုလ်ဆိုရင် အကုသိုလ်ထဲ မောဟစေတသိက် ပါနေကြပေါ့ (မှန်လှပါ ဘုရား)။

## အဝိဇ္ဇာပတ်ခြင်းရဲ့ အကြောင်းရင်း

မောဟဆိုတာ ဘာတုံး၊ အဝိဇ္ဇာ၊ အဲသလိုနည်းအားဖြင့် ချာချာကြီး လည်နေတာမဟုတ်လား (မှန်လှပါ ဘုရား)၊ ကြည့်စမ်းပါဦး၊ ဒီနည်းအားဖြင့် ပတ်ပတ်ပြီးတော့ သွားတယ်တဲ့၊ ဒီလိုပြောပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးက ဟောဒီ သဘောတရားကြီးအတိုင်း ဒကာ၊ ဒကာမတွေ ဖြစ်ပြီးတော့ နေရတယ်ဆိုတာ ပြောပြချင်လို့ ဒီဒေသနာတော်ကြီးကို ထုတ်လာတာ မဟုတ်လား (မှန်လှပါ ဘုရား)။

ဟုတ်ပါတယ်၊ ကြည့်စမ်းပါဦး၊ အဲသလို သောက၊ ပရိဒေဝ ရောက်တဲ့အခါမှာ ပူတယ်၊ ဆွေးတယ်၊ ငိုတယ်၊ ကြွေးတယ်၊ သောက၊ ပရိဒေဝမီးတောက်ရတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေလဲ ဆိုရင် အာသဝမကင်းတဲ့ ပုဂ္ဂိုလ်တွေ၊ ဘယ်လိုပုဂ္ဂိုလ်တွေ (အာသဝမကင်းတဲ့ ပုဂ္ဂိုလ်တွေပါ ဘုရား)။

အာသဝမကင်းတဲ့ ပုဂ္ဂိုလ်တွေပေါ့၊ အဲသည်လို ပုဂ္ဂိုလ်တွေသာ ဖြစ်တယ်ဆိုတော့ အာသဝဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေပေါ့ (မှန်လှပါ ဘုရား)၊ အဲဒီ အာသဝဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ပူဆွေး၊ ငိုကြွေး၊ သောက ပရိဒေဝမီးတောက်ကရော မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလို တောက်တယ်ဆိုလို့ရှိရင် ဟိုဘက်အဝိဇ္ဇာ ဆက်ပတ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါကြောင့် အဝိဇ္ဇာဖြစ်ခြင်းရဲ့ အကြောင်းရင်းကို လိုက်ရှာတော့ အာသဝတရား၊ ဟိုဘက်က အဝိဇ္ဇာပတ်ခြင်းရဲ့ အကြောင်းရင်း လိုက်ရှာတော့ ဘာတဲ့တုံး (အာသဝတရားပါ ဘုရား)၊ အာသဝတရား။

ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက ဟောတာ၊ **အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယော၊** ဘာတဲ့ (အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယောပါ ဘုရား)၊ သူ့အဓိပ္ပာယ်က **အာသဝ သမုဒယာ- အာသဝ** တရားတွေ ဖြစ်လို့မို့၊ **အဝိဇ္ဇာ သမုဒယော-** အဝိဇ္ဇာလည်း ဖြစ်ရပြန်ရော၊ ဟော. . . အာသဝဓာတ်ခံရှိတဲ့အတွက် အာသဝတရားကြောင့် ဘာတွေ ဆက်ဖြစ်၊ အဝိဇ္ဇာဖြစ်၊ အဝိဇ္ဇာဖြစ်တယ်ဆိုရင် သင်္ခါရဖြစ်၊ ဝိညာဏ်၊ နာမ်ရုပ်ဖြစ်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ထပ်ပတ်၊ နောက်ထပ် ဘဝတွေ ထပ်ရ၊ အို၊ နာ၊ သေဖြစ်ဦးမယ် မဟုတ်လား (မှန်လှပါ ဘုရား)။

အို. . . ဒီနည်းအားဖြင့် ဘုန်းကြီးတို့တစ်တွေ ဘဝသံသရာထဲ တစ်ခုပြီးတစ်ခု၊ တစ်ခုပြီးတစ်ခု အကြောင်းကြောင့်အကျိုးဖြစ်၊ အကြောင်း ကြောင့် အကျိုးဖြစ်၊ ဒီလိုလည်ပတ်နေရတာ မဟုတ်လား (မှန်လှပါ ဘုရား)။

## အာသဝဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေသာ ဒီငါးမျိုးဖြစ်တယ်

အဲဒီစကားလုံးကို ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့ **အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယော၊** အဲဒါကို နည်းမှီပြီးတော့ သင်္ဂြိုဟ်ကျမ်းကလည်း နောက်က လိုက်ရပါတယ်၊ **အာသဝါနံ သမုပ္ပာဒါ၊ အဝိဇ္ဇာ စ ပဝတ္တတိ၊** သဘောအတူတူပဲ၊ **အာသဝါနံ သမုပ္ပာဒါ-** အာသဝတရားတွေ ဖြစ်လို့မို့၊ **အဝိဇ္ဇာ စ ပဝတ္တတိ-** အဝိဇ္ဇာလည်း ဖြစ်ရပြန်ရော၊ သဘောတူတယ်နော် (မှန်လှပါ ဘုရား)၊ တူပါတယ်။

အဲဒါကို ရှေးဆရာတော်ဘုရားကြီးများက သီကုံးထားကြတာ အာသဝကြောင့်၊ သောက စသည်၊ ငါးလီခပင်း၊ ဖြစ်တုံလျဉ်းက၊ အာသဝ

ဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေဆိုရင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသ၊ ဒီလိုငါးမျိုးဖြစ်တယ်လေ၊ ဘုရားရဟန္တာတွေကျတော့ ဖြစ်ဦးမလား (မဖြစ်ပါဘူး ဘုရား)၊ အနာဂါမ်ပုဂ္ဂိုလ်တွေ ဖြစ်ဦးမလား (မဖြစ်ပါဘူး ဘုရား)၊ မဖြစ်ဘူး၊ အာသဝဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်တွေသာ အာသဝ မကင်းသေးတဲ့ ပုဂ္ဂိုလ်တွေသာ ဖြစ်တာမဟုတ်လား (မှန်လှပါ ဘုရား)။

အေး. . . အာသဝကြောင့် သောကစသည်၊ ငါးလီခပင်း၊ ဖြစ်တုံလျဉ်းက၊ မကင်းသင့်ရာ၊ အဝိဇ္ဇာလည်း ပါဝင်ပြီးမို့၊ အဲဒီအထဲ အဝိဇ္ဇာပါ ပါလာတာပေါ့ (မှန်လှပါ ဘုရား)၊ အဝိဇ္ဇာလည်း ပါဝင်ပြီးမို့၊ ဆိုနည်းမထောင့်၊ အာသဝကြောင့်သာ၊ အဝိဇ္ဇာလည်း ဖြစ်သတည်းဟု၊ ကျမ်းကြီးဆိုတိုင်း၊ သင်္ဂြိုဟ်လှိုင်းသည်၊ ကသိုဏ်းထင်အောင် ရှုဖို့တည်း ဆိုတာလေ။

ကျမ်းကြီးဆိုတဲ့ဥစ္စာ ဘုရားကိုယ်တော်မြတ် ဟောတော်မူတဲ့ သံယုတ်ပါဠိတော်ကြီးပြောတာလေ (မှန်လှပါ ဘုရား)၊ အာသဝ သမုဒယာ၊ အဝိဇ္ဇာ သမုဒယောဆိုတဲ့ အကြောင်းအရာတွေက သံယုတ်ပါဠိတော်ထဲ ပါတာကိုး (မှန်လှပါ ဘုရား)၊ အဲဒီကျမ်းကြီး ဆိုသလိုပဲ နောက်က သင်္ဂြိုဟ်ကျမ်းကလေးကလည်း လိုက်ဆိုရပါတယ်၊ ဒီသဘောပြောတာနော် (မှန်လှပါ ဘုရား)။

## အကြောင်းကြောင့် အကျိုးဖြစ်၊ အကျိုးက ထပ်ပေါက်ပွား

ကဲ. . . ဒီအတိုင်းဆိုလို့ရှိရင် ဘုန်းကြီးတို့ ချုံးလိုက်တယ်ဆိုရင် အခု အကွက်ကြီး ဘယ်နှကွက်တုံး (လေးကွက်ပါ ဘုရား)၊ လေးကွက်ဆိုရင် အဝိဇ္ဇာနဲ့ သင်္ခါရဆိုတဲ့ နံပါတ်တစ်အကွက်က အကျိုးလား၊ အကြောင်းလား (အကြောင်းပါဘုရား)၊ အကြောင်းကွက်၊ အဲဒီအကြောင်း

တွေကြောင့် နှစ်အကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ဆိုတဲ့ ငါးမျိုးက အကြောင်းလား၊ အကျိုးလား (အကျိုးပါ ဘုရား)။

အေး. . . အကျိုးက ဒီအတိုင်းတော့ ငြိမ်နေတာမဟုတ်ပါဘူး၊ ဒီအကျိုးဆိုတဲ့အထဲကနေပြီးတော့ တတိယအကွက်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတွေ ထပ်ပြီးတော့ ပေါက်ပွားတယ် (မှန်လှပါ ဘုရား)၊ အဲဒီ ပေါက်ပွားတဲ့ သုံးမျိုးက ဟို. . . အကျိုးလား၊ အကြောင်းလား (အကြောင်းပါ ဘုရား)၊ အကြောင်း၊ အဲဒီအကြောင်းတွေပေါက်ပွားတော့ ဒီအကြောင်း တွေကြောင့်ပဲ နံပါတ်လေးအကွက် ထပ်ပြီးတော့ ဇာတိဆိုပြီးတော့ ထပ်ဖြစ်ရပြန်ရော (မှန်လှပါ ဘုရား)။

အိုတယ်၊ နာတယ်ဆိုတဲ့ ဇရာ၊ မရဏတွေလည်း ဖြစ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါတွေကျတော့ အကြောင်းလား၊ အကျိုးလား (အကျိုးပါဘုရား)၊ အဲသလို စစ်လိုက်တယ်ဆိုတော့ တစ်အကွက်က အကြောင်း၊ နှစ်အကွက်က အကျိုး၊ သုံးအကွက်က အကြောင်း၊ လေးအကွက်က အကျိုး၊ အဲသည်လိုတွေဖြစ်ပြီးတော့ နေတယ်နော်။

## မျိုးစေ့မှအပင်၊ အပင်မှ အမြစ်ထွက်၊ ကိုင်းတက်တွေ ထပ်ထွက်

တစ်အကွက်က အကြောင်းဆိုတော့ မျိုးစေ့နဲ့တူတာပေါ့ (မှန်လှပါ ဘုရား)၊ အဝိဇ္ဇာနဲ့ သင်္ခါရက ဘာနဲ့တူ (မျိုးစေ့နဲ့တူပါတယ် ဘုရား)၊ အဲဒီမျိုးစေ့က ပေါက်ပွားလိုက်တဲ့အတွက် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အဲဒီငါးမျိုးက အကျိုးတရားဆိုတော့

အပင်ကြီးနဲ့ တူတာပေ့ါ ဘာအပင်ကြီးပါလိမ့် ခန္ဓာပင်ကြီး၊ ဘာအပင်တုံး (ခန္ဓာပင်ကြီးပါ ဘုရား)။

ခန္ဓာပင်ကြီး၊ အဲဒီခန္ဓာပင်ကြီး ပေါက်ပွားပြီးတော့ ဒီအတိုင်း ငြိမ်နေရင်တော့ ကောင်းတာပေ့ါ မငြိမ်ဘူး၊ ဒီခန္ဓာပင်ကြီးကနေပြီးတော့ တဏှာ၊ ဉပါဒါန်၊ ကမ္မဘဝ အမြစ်တွေထွက်တယ်၊ ဘာတွေထွက် (အမြစ်တွေထွက်ပါတယ် ဘုရား)၊ အပင်ကနေပြီးတော့ ဘာတွေထွက် (အမြစ်တွေထွက်ပါတယ် ဘုရား)။

အင်း. . . အမြစ်တွေဆိုတော့ အကျိုးလား၊ အကြောင်းလား (အကြောင်းပါဘုရား)၊ အကြောင်း၊ အဲဒီအမြစ်တွေသာ ထွက်တယ်ဆိုရင် နောက်ထပ် ဒီအမြစ်တွေကနေပြီးတော့ ထပ်မပေါက်ပေဘူးလား (ပေါက်ပါတယ်ဘုရား)၊ ဇာတိတို့ ဇရာမရဏတို့ နောက်ထပ်ပြီးတော့ အပင်၊ ကိုင်းတက်တွေ မထွက်ပေဘူးလား (ထွက်ပါတယ် ဘုရား)။

ထွက်ပြီးတော့ အဲဒီကိုင်းတက်တွေ ကြွေခါနီးကျတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဉပါယာသ၊ ပူဆွေး၊ ငိုကြွေး၊ သောကပရိဒေဝ မီးတောက်၊ ဒုက္ခတွေရောက်တယ်ဆိုရင် အကုသိုလ်တရားတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီအထဲ မောဟဆိုတဲ့အဝိဇ္ဇာ ပါပြန်ရောလို့ ပြောတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ အင်း. . . ဒီအတိုင်းဆိုရင် ချာချာကြီးကို လည်နေတာ မဟုတ်လား (မှန်လှပါဘုရား)။

အေး. . . ဒါပြောတာပေ့ါ အဝိဇ္ဇာအရင်းခံပြီးတော့ သင်္ခါရဆိုတာတွေ လျှောက်လုပ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အဝိဇ္ဇာက ဘာတဲ့တုံး၊ မသိတာ၊ အဝိဇ္ဇာက (မသိတာပါ ဘုရား)၊ သင်္ခါရက (ပြုလုပ်တာ)၊ ပြုလုပ်တာမှ ရမ်းသန်းလုပ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ရမ်းသန်းလုပ်တယ်ဆိုတော့ ထင်ရာလုပ်တာပေ့ါ (မှန်လှပါ ဘုရား)၊

အဝိဇ္ဇာက မသိမှု၊ သင်္ခါရက ထင်ရာလုပ်၊ အဝိဇ္ဇာက မသိမှု၊ သင်္ခါရက ထင်ရာလုပ်၊ မသိမှုကြောင့် ထင်ရာလုပ်၊ မသိမှုကြောင့် ထင်ရာလုပ်။

## ထင်ရာလုပ်လို့ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီးရ

အဲသလိုတွေ ထင်ရာလုပ်တော့ ဒီဘက် ပစ္စုပ္ပန်ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာ ဘာသစ္စာကြီးတုံး (ဒုက္ခသစ္စာကြီးပါ ဘုရား)၊ ဟင်. . . ဒုက္ခသစ္စာကြီးရတာပေါ့ (မှန်လှပါ ဘုရား)၊ မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ထင်ရာလုပ်တာက ဘယ်သူတုံး (သင်္ခါရပါ ဘုရား)၊ ဒုက္ခရတာက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ခန္ဓာငါးပါးကြီးဟာ ဒုက္ခသစ္စာတရားကြီး မဟုတ်လား (မှန်လှပါ ဘုရား)။

မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ အခု ဒကာ၊ ဒကာမတို့ ခန္ဓာငါးပါးကြီးရနေတာ၊ ဒုက္ခရနေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒုက္ခရ၊ ဒီခန္ဓာငါးပါးကြီးက ငြိမ်နေရင်တော့ ကောင်းတာပေါ့၊ မငြိမ်ဘူး၊ ဒီခန္ဓာအပင်ကြီးကနေပြီးတော့ အမြစ်တွေထွက်တယ်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတာ အမြစ်တွေထွက်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒုက္ခထဲက ဘာတွေထွက်၊ အမြစ်တွေထွက်၊ ဒုက္ခထဲက ဘာတွေထွက် (အမြစ်တွေထွက်ပါတယ်ဘုရား)။

ဒီလိုဆိုရင် မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ ဒုက္ခထဲက အမြစ်ထွက်၊ ဟုတ်ဘူးလား၊ ပြန်ပြီးတော့ ဆိုပါဦး၊ မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ ဟုတ်ဘူးလား၊ အမြစ်တွေထွက်လို့ရှိရင် ဒီအမြစ်တွေ

ကြောင့် အပင်ပေါက်ဦးတော့မှာပဲ (မှန်လှပါ ဘုရား)၊ အမြစ်တွေထွက် လို့ရှိရင် ဘာပေါက်ဦးမယ် (အပင်ပေါက်ပါဦးမယ် ဘုရား)။

အပင်တွေပေါက်ဦးတော့မှာပေ့ါ၊ အမြစ်ထွက်လို့ အပင်ပေါက်၊ အမြစ်ထွက်လို့ အပင်ပေါက်၊ ဇာတိဆိုတဲ့ ခန္ဓာငါးပါးအပင်ကြီး ထပ်ပေါက်ဦးမယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ တဖြည်းဖြည်း အပင်ကြီး အိုမယ် မဟုတ်လား (မှန်လှပါ ဘုရား)။

နောက်ဆုံးဒီအပင်ကြီး လဲပြိုကျဦးမယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟယ်. . . ဒီလိုတွေ ဖြစ်တော့မှာပဲလား၊ ဒီတော့ မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ အမြစ်ထွက်လို့ အပင်ပေါက်၊ ချာလည်ဒုက္ခရောက်၊ အဲသည်လိုဖြစ်မှာ၊ ဒီအတိုင်းဖြစ်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ပြန်ဆိုကြမယ် (မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ အမြစ်ထွက်လို့ အပင်ပေါက်၊ ချာလည်ဒုက္ခရောက်)။

## အတိတ်အကြောင်းတရားတွေလုပ်ခဲ့လို့ ပစ္စုပ္ပန် အကျိုးတရား ခန္ဓာပင်ကြီးပေါက်

ဘုန်းကြီးတို့တစ်တွေ ဘဝသံသရာထဲ ဒီအနေအားဖြင့် ချာလည်ပတ်လည်ကြီး ဒုက္ခရောက်နေကြရတာ၊ မသိမှု အဝိဇ္ဇာအရင်းခံပြီးတော့လေ (မှန်လှပါ ဘုရား)၊ တစ်ခေါက်ပြန်ဆိုပါဦး (မသိမှုကြောင့် ထင်ရာလုပ်၊ ထင်ရာလုပ်လို့ ဒုက္ခရ၊ ဒုက္ခထဲက အမြစ်ထွက်၊ အမြစ်ထွက်လို့ အပင်ပေါက်၊ ချာလည်ဒုက္ခရောက်)၊ ဘဝသံသရာထဲ ဒီလိုကြီးလာခဲ့ရတာ (မှန်လှပါ ဘုရား)။

ဘုန်းကြီးတို့တစ်တွေ နှယ်နှယ်မဟုတ်ဘူး၊ ဘဝသံသရာခရီးပြင်

ကြီးကို ဒီလိုချာချာကြီးကို လည်ပြီးတော့ လာခဲ့ရတာနော် (မှန်လှပါ ဘုရား)၊ အခု ပြီးခဲ့တဲ့ဘဝ ဘယ်ဘဝကလာခဲ့တယ်တောင် မသိနိုင်ဘူး နော် (မှန်လှပါ ဘုရား)၊ ဟိုဘက်က လွန်လေပြီးသော အတိတ်ကာလက အကြောင်းတရားတွေ လုပ်ခဲ့လို့မို့လို့ အခု အကျိုးတရား ခန္ဓာငါးပါး အပင်ကြီးပေါက်နေတာ (မှန်လှပါ ဘုရား)။

ဒီအပင်ကြီးက ငြိမ်နေရင်တော့ ကောင်းတာပေါ့၊ မငြိမ်ဘူး၊ ဒီအထဲက အမြစ်တွေထွက်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ ဒီဥစ္စာတွေ ပေါက်ပွား၊ ပေါက်ပွားနေတော့ ဒီအမြစ်တွေကြောင့် နောက်ထပ် အပင်ပေါက်ဦးမယ် မဟုတ်လား (မှန်လှပါ ဘုရား)။

အဲသည်လိုတွေ ဖြစ်ပြီးတော့နေတော့ ကရွတ်ခွေ ကင်းလျှောက်သလို ထွက်ပေါက်မတွေ့အောင် ဖြစ်တော့တာ (မှန်ပါ ဘုရား)၊ ဒီသဘော မဟုတ်လား (မှန်လှပါ ဘုရား)၊ ကရွတ်ခွေ လှည့်ပတ်ပြီးတော့နေတဲ့ ကင်းဟာ ထွက်ပေါက်တွေ့လား (မတွေ့ပါဘူး ဘုရား)။

ထွက်ပေါက်မတွေ့တော့ ချာချာကြီးလည်နေရတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီအတိုင်းပါပဲလား၊ ဘုန်းကြီးတို့တစ်တွေ ဒကာ၊ ဒကာမတို့တစ်တွေ သုံးဆယ့်တစ်ဘုံအတွင်းမှာ အခုလိုကြီး ချာချာကြီး လည်နေတာလေ (မှန်လှပါ ဘုရား)၊ ဒီသဘော၊ ဒီသဘောဖြစ်ပြီးတော့ နေပါတယ်၊ တို့တစ်တွေ ဘယ်လိုလုပ်ထွက်ရမလဲဆိုတာ အခု ထွက်နည်း မသိလို့ ထွက်နည်းသိချင်လို့ ဒီလာကြတာ မဟုတ်လား (မှန်လှပါဘုရား)။

## အကြောင်းမဲ့ကြောင့် အကျိုးမဲ့ဖြစ်

အေး. . . လာမှာပေါ့၊ ထွက်နည်းတွေ ဘုရားကိုယ်တော်မြတ်

ကြီး ညွှန်ပြတော်မူတဲ့အတိုင်း လာပါလိမ့်မယ်၊ မထွက်ခင် ဒီလိုလည်နေတဲ့ အကြောင်းကို ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့အတိုင်း ဘုန်းကြီးကတစ်ဆင့် ပြောနေတာ (မှန်လှပါ ဘုရား)၊ ခုတိုင်းဆိုရင် ဘယ့်နှယ်တုံး၊ ချာချာကြီးလည်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)။

ဘယ်သူကများ လည်အောင်လုပ်ပေးသလဲဆိုတော့ ဘယ်သူဆိုတဲ့ ဥစ္စာကို မရှိဘူး၊ လည်အောင်က အကြောင်းဓမ္မကြောင့် အကျိုးဓမ္မဖြစ်၊ အကျိုးဓမ္မထဲက အကြောင်းဓမ္မပေါက်ပွား၊ အကြောင်းဓမ္မကြောင့် အကျိုးဓမ္မဖြစ်၊ ဒီလိုသာလည်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အဲဒါကို ပဋိစ္စသမုပ္ပာဒ်၊ ဘာတဲ့တုံး (ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)။

ပဋိစ္စသမုပ္ပာဒ်ဆိုတာ နှစ်လုံးပေါ့၊ ပဋိစ္စဆိုတဲ့ စကားလုံးရယ်၊ သမုပ္ပာဒ်ဆိုတာ သမုပ္ပာဒက လာတာ၊ ပဋိစ္စက စွဲ၍၊ သမုပ္ပာဒက ဖြစ်၊ ဘာစွဲ၍လဲဆိုရင် အကြောင်းတရားကို စွဲ၍၊ သမုပ္ပာဒ အကျိုးတရားတွေ ဖြစ်တာပေါ့။

အကြောင်းတရားကိုစွဲ၍ အကျိုးတရားတွေဖြစ်၊ အကြောင်းတရားကို စွဲ၍ အကျိုးတရားဖြစ်၊ ဒါကလည်း စာသံပါနေတယ်၊ အရပ်သုံးနားလည်အောင်ဆိုရင် အကြောင်းတရားကိုစွဲ၍ဆိုတာ အကြောင်းတရားကြောင့်ပါပဲ၊ အကြောင်းတရားကြောင့်၊ ပဋိစ္စဆိုတာက အကြောင်းတရားကြောင့်၊ သမုပ္ပာဒက အကျိုးတရားဖြစ်၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ အင်း. . . အဲဒါဟာ ဘာခေါ်တုံး၊ ပဋိစ္စသမုပ္ပာဒ်၊ ဟုတ်တယ်၊ ခုတိုင်းဆိုရင် အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ ဒီသဘောမဟုတ်လား (မှန်လှပါဘုရား)။

# ကမ္ဘာ့ ကင်းသျှောက်
# ထွက်ပေါက်မတွေ့

ဟုတ်တယ်၊ သည်လိုကြီးဖြစ်ပြီးတော့ နေကြတာ၊ ဒါ ဘယ်သူက လုပ်သလဲ၊ ဘယ်သူကဆိုတဲ့ ပုဂ္ဂိုလ်ကိုး မရှိဘူး၊ အကြောင်းဓမ္မကြောင့် အကျိုးဓမ္မဖြစ်၊ အကြောင်းဓမ္မကြောင့် အကျိုးဓမ္မဖြစ်နေခြင်းမျှသာပဲ၊ အဲဒါကိုမသိတော့ ဘုန်းကြီးတို့တစ်တွေက လူတွေ၊ နတ်တွေ၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေနဲ့ ဒီလိုထင်နေကြတာ (မှန်လှပါဘုရား)၊ တကယ်တော့ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်နေတဲ့ ဓမ္မအစဉ်အတန်းမျှသာ ဖြစ်တယ်၊ ဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။

ဘုန်းကြီးတို့အားလုံး ဒကာ၊ ဒကာမတို့ ဓမ္မအစဉ်အတန်းမျှသာ ဖြစ်တယ်၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ အဲသည်လိုဖြစ်နေကြခြင်းပဲ၊ ဘဝသံသရာထဲမှာ ဒီနည်းအားဖြင့် မပြတ်နိုင်ဘူး၊ အခုကိုပဲ လက်ရှိခန္ဓာကြီးရနေတာ ဟောဒီနှစ်အကွက်ထဲ မဟုတ်လား (မှန်လှပါ ဘုရား)။

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒါက သုတ္တန်စကားလုံးနဲ့ပြောလို့ ဒီအတိုင်းဖြစ်နေတာပါ။ အဘိဓမ္မာစကားလုံးနဲ့ လှယ်ပြီးတော့ ပြောမယ်ဆိုရင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ခန္ဓာငါးပါးကြီး မဟုတ်လား (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ အခုလည်းပဲ တရားနာနေတာ ခန္ဓာဘယ်နှပါးနဲ့တုံး (ငါးပါးနဲ့ပါ ဘုရား)။

ငါးပါးနဲ့ တရားနာနေကြတာ၊ အကြမ်းစား ပြောကြစို့ဆိုရင် သူ့ကြည့်လည်း မြင်ရ၊ ကိုယ့်ကြည့်လည်း မြင်ရ၊ ငုတ်တုတ်ကြီးတွေဟာ ရုပ်

တရားကြီးတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ ခန္ဓာဖွဲ့၊ ဘာခန္ဓာ (ရူပက္ခန္ဓာပါ ဘုရား)၊ အခုထိုင်ရတာ အတော်အတန် ကြာလာတဲ့အခါ ကျတော့ ကျွတ်ကျွတ် ကျွတ်ကျွတ်နဲ့ စုတ်သပ်လာရတာ မနေနိုင်အောင် ဖြစ်တဲ့သဘောတွေက ဝေဒနာ။

အဲ. . . ဝေဒနာက္ခန္ဓာ၊ ဘုန်းကြီးပြောတဲ့ ဥစ္စာတွေကို လိုက်လိုက် မှတ်သားနေတယ်၊ မှတ်သားနေတယ်ဆိုတဲ့ သဘောက (သညာက္ခန္ဓာပါ ဘုရား)၊ သညာက္ခန္ဓာ၊ ကျန်တဲ့အားထုတ်မှုတွေ၊ ကျန်တဲ့ကိစ္စတွေက သင်္ခါရက္ခန္ဓာ၊ သိတတ်တဲ့သဘောလေးက ဝိညာဏက္ခန္ဓာဆိုတော့ ခန္ဓာ ဘယ်နှပါး (ငါးပါးပါ ဘုရား)၊ ဟုတ်တယ်၊ ခန္ဓာငါးပါးနဲ့ တရားနာနေကြ တာ မဟုတ်လား (မှန်လှပါ ဘုရား)။

## ခန္ဓာအပင်ကထပ်ပြီးတော့ အမြစ်တွေပေါက်ပွား

ဟုတ်ပြီ၊ ဒီနည်းအားဖြင့် ခန္ဓာငါးပါးကြီးကလည်း မတည်ငြိမ်ဘူး၊ ဖြစ်လိုက်ပျက်လိုက်၊ ဖြစ်လိုက်ပျက်လိုက် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဖြစ်တာနဲ့ ပျက်တာ၊ ဖြစ်တာနဲ့ပျက်တာ ဒါတွေပဲရှိပါတယ်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမဆိုတာ အခိုက်အတန့်မျှ မှည့်ထားခြင်းမျှပဲ၊ တကယ့် တကယ်တော့ အခုလို အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ သုံးဆယ့်တစ်ဘုံအတွင်းမှာ လည်ပတ်နေခြင်းမျှပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ အဲသလိုကြီးဖြစ်နေတာ။

ဘုရားကိုယ်တော်မြတ်ကြီးက ကျောင်းတော်ကနေပြီးတော့ ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံကြွ၊ အဲသလိုနဲ့ ဆွမ်းခံကြွ၊ တစ်နေရာရောက်တဲ့ အခါကျတော့ လမ်းဘေးမှာ ဝက်မလေးတစ်ကောင် နှုတ်သီးလေးနဲ့ ထိုးထိုးပြီးတော့စားနေတာ တွေ့တာကိုး၊ လမ်းဘေးမှာ ဘာတွေ့တုံး

(ဝက်မကလေးတစ်ကောင် တွေ့ပါတယ် ဘုရား)၊ ဝက်မကလေး နှုတ်သီး ကလေးနဲ့ ထိုးထိုးစားနေတာမြင်တော့ ဘုရားကိုယ်တော်မြတ်ကြီးက ပြုံးတော်မူတာပေါ့ (မှန်လှပါ ဘုရား)။

နောက်ကပါလာတဲ့ အရှင်အာနန္ဒာက သိလိုက်တယ်၊ ဘာလို့တုံး ဆိုတော့ ပြုံးတယ်ဆိုတာ သွားအဖျားလေးတော့ ပေါ်သေးတာကိုး (မှန်လှပါ ဘုရား)၊ ဖွေးနေတဲ့ သွားကလေးက လက်ခနဲ ရောင်ခြည်တော် လေး ထွက်သွားတော့ နောက်ကနေတဲ့ ကိုယ်တော်ပေမယ့်လို့ သိတာပေါ့ (မှန်လှပါ ဘုရား)။

အရှင်ဘုရား ဘာပြုံးတာလဲ ဘုရား့၊ မတွေ့ဘူးလားကွ၊ ဟောဟို ဝက်မကလေး၊ တွေ့တယ်ဘုရား့၊ အေး. . . အဲဒီဝက်မလေးကို ပြုံးတာ၊ ဘာပြုလို့တုံး ဘုရား့၊ အေး. . . သည်ဝက်မကလေးဟာလေ ဟိုး. . . ကဿပဘုရား၊ ဟို. . . ကကုသန်ဘုရား။

အင်း. . . အဲဒီကအတိုင်းစတာ၊ ကဿပလွန်ခဲ့တဲ့ ကကုသန် ဘုရားလက်ထက်တုန်းက ဟို သုံးဆူမြောက်ပေါ့နော် (မှန်လှပါ ဘုရား)၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)။

## ရှည်လျားထွေပြားတဲ့ ဘဝသံသရာ

ဟိုး. . . ကကုသန်ဘုရားလက်ထက်တုန်းက ကြက်မကလေးကွဲ့၊ အခု ငါဘုရားလက်ထက်ရောက်တော့ ဝက်မကလေး၊ အရှင်ဘုရား ကြက်မကလေးကနေပြီး ဝက်မကလေးဖြစ်လာတာများ ဘာဆန်းတာ မှတ်လို့၊ အေး. . . အဲဒါကတော့ မဆန်းဘူးပေါ့ကွယ်၊ ဒီထဲမှာ ဆန်းတာ တွေ အများကြီးရှိသေးတယ် ပြောတယ် (မှန်လှပါ ဘုရား)၊ ဘယ်လိုပါလဲ

ဘုရားလို့ ဒီလိုတောင်းပန်ပြီးတော့ နေတုန်းရှိသေးတယ်၊ နောက်က ကိုယ်တော်တွေလည်း ရောက်လာတယ်ဆိုတော့ ဘုရားကိုယ်တော်မြတ် ဝိုင်းလျက်ပတ်လျက်သား ဖြစ်သွားတာပေါ့ (မှန်လှပါ ဘုရား)။

အမယ်. . . အဲဒီမှာတင် ဘုရားကိုယ်တော်မြတ်က လမ်းမတ်တတ် ရပ်ပြီးတော့ တရားတစ်ပုဒ်ဟောတယ် (မှန်လှပါ ဘုရား)၊ ဟို ကကုသန် ဘုရားလက်ထက်တုန်းက အခု ဒီဝက်မကလေးဟာ ကြက်မကလေး၊ ဘာတဲ့တုံး (ကြက်မကလေးပါ ဘုရား)၊ ကြက်မကလေး၊ ဘုန်းကြီးကျောင်း ဘေးနားမှာ ယောင်တောင် ယောင်တောင်နဲ့ အစာကောက်စားတာပေါ့ (မှန်လှပါ ဘုရား)၊ အစာရှာ၊ ပေါမယ်ထင်တဲ့နေရာကလေးတွေ လျှောက် ကြည့်တော့ ဆွမ်းစားကျောင်းနားရောက်သွားတာပေါ့ (မှန်လှပါ ဘုရား)။

အင်း. . . အဲသလိုနဲ့ ဆွမ်းစားကျောင်းအောက် ထမင်းလုံးက လေးတွေ ကောက်စား၊ ကျောင်းပေါ်က ကိုယ်တော်တစ်ပါးက စာရွတ်ပြီး တော့နေတာ၊ တရားတွေရွတ်နေတာ နေမှာ၊ ဩော်. . . တရားတွေ ရွတ် နေတာနေမှာဆိုပြီးတော့ ထမင်းလုံးကလေး ကောက်စားလိုက်၊ နားကလေး စောင်းထောင်လိုက်ပေါ့ (မှန်လှပါ ဘုရား)။

အဓိပ္ပာယ်တော့ သူသိနိုင်ပါ့မလား (မသိနိုင်ပါဘူး ဘုရား)၊ မသိ နိုင်ပါဘူး၊ ဒါတရားတွေနေမှာပဲ၊ ဒါလောက်မျှပဲ သူသိမှာပေါ့ (မှန်လှပါ ဘုရား)၊ အဲသလိုနဲ့ စားလို့ စလုတ်ထဲ တော်တော်လေးလည်း များရော ကျောင်းအပြင်ဘက်ထွက်လိုက်ပါတယ်၊ ဝေါခနဲ ကောင်းကင်ကနေပြီး တော့ သိမ်းစွန်ကြီးတစ်ကောင်ဆင်းလာပြီးတော့ သုတ်လိုက်တာ၊ ခေါင်း ပြုတ်ပါသွားပါလေရောလား (မှန်လှပါ ဘုရား)၊ ဟယ်. . . ကြည့်စမ်းပါဦး၊ ဘဝတွေကလည်းနော်၊ ခဏလေးပဲနော် (မှန်လှပါ ဘုရား)။

# စိတ်ကောင်း၊ စေတနာကောင်း
# အစွမ်းသတ္တိတွေကြောင့်

အဲသလိုနဲ့ စောစောတုန်းက ဒါတရားတွေနေမှာ၊ ဒါတရားတွေနေမှာဆိုတဲ့ စေတနာက စိတ်ကောင်း နှလုံးကောင်းလေးတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီစိတ်ဓာတ်၊ အဲဒီ အစွမ်းသတ္တိလေးတွေကြောင့်တဲ့ ရှင်ဘုရင့်နန်းတော်သွားပြီးတော့ သမီးကလေးဖြစ်တယ် (မှန်လှပါ ဘုရား)၊ အမယ် . . . မနည်းဘူးနော် (မှန်လှပါ ဘုရား)၊ ကြည့်စမ်း၊ ကုသိုလ်ဥစ္စာကနော်၊ တော်တော်ဆန်းဆန်းကြယ်ကြယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အစွမ်းသတ္တိလည်း ထက်ပါတယ်၊ ဒါတရားတွေနေမှာပဲ၊ ဒါလောက်မျှပါပဲ၊ အဲဒီအစွမ်းသတ္တိကြောင့်တဲ့ ရှင်ဘုရင့်နန်းတော်သွားပြီးတော့ မင်းသမီးကလေး ဖြစ်တယ်၊ ရှင်ဘုရင့်သမီးကလေး၊ နာမည်က ဥဗ္ဗရီတဲ့၊ အမယ် . . . နာမည်ကလေးကလည်း ချစ်စရာပဲနော် (မှန်လှပါ ဘုရား)။

အဲသလိုနဲ့ ရှင်ဘုရင့်သမီးဆိုတော့ ချမ်းချမ်းသာသာ နေရတာပေါ့၊ အဲသလိုနဲ့ တရွေ့တရွေ့နဲ့ အသက်အရွယ်ကလေး ရောက်လာတော့ ဖခင်ဘုရင်ကြီးကလည်း မြတ်နိုးတော်မူပါတယ်၊ သမီးကလေးလိုရာ အကုန်လုံး အလိုလိုက်တာကိုး (မှန်လှပါ ဘုရား)၊ အမယ် . . . အရွယ်ရောက်လာတယ်ဆိုရင်ပဲ သူက ရသေ့မကလေးလုပ်ချင်တယ်တဲ့၊ အင်း . . . ဖခင်ဘုရင်ကြီးကို သံတော်ဦးတင်တော့ ဘုရင်ကြီးကလည်း ခွင့်ပေးတာပဲ၊ အေး . . . လုပ်စေရမှာပေါ့ဆိုပြီးတော့ ခွင့်ပေးတော့ သူ ရသေ့မကလေး လုပ်တယ်နော် (မှန်လှပါ ဘုရား)၊ အမယ် . . . ရသေ့မကလေး လုပ်ပြီးတော့ တရားတွေအားထုတ်တော့ သူက ပထမစျာန်ရတယ်တဲ့၊ အဲဒါနဲ့ ဒီဘဝကသေတဲ့အခါကျတော့ ဗြဟ္မာ့ပြည်သွားဖြစ်တယ်၊

ဘယ်သွားဖြစ် (ဖြဟ္မာ့ပြည်သွားဖြစ်ပါတယ် ဘုရား)၊ ကြည့်စမ်း၊ အမယ်. . . ကြက်မကလေးကနေပြီးတော့ မင်းသမီးကလေး၊ မင်းသမီးကလေးကနေပြီးတော့ ဘယ်ရောက်သွား (ဗြဟ္မာ့ပြည်ရောက်သွားပါတယ် ဘုရား)။

ဗြဟ္မာ့ပြည်၊ ဗြဟ္မာ့ပြည်ဆိုတော့ ဗြဟ္မာ့စည်းစိမ်နဲ့ ချမ်းချမ်းသာသာ ဟိုမှာအကြာကြီးနေပြီးတော့မှ ဟော. . . ဗြဟ္မာ့ပြည်ကနေစုတေ၊ အကြောင်းအားလျော်စွာ လူ့ပြည် ရောက်ပြီးတော့လာ၊ လူ့ပြည်မှာ သူဌေးကြီးတစ်ဦးရဲ့အိမ်ရောက်တာတဲ့၊ အဲဒီမှာနေလို့ လူသားဆိုတော့ ဣဿာမစ္ဆရိယတွေက များတတ်တယ်နော်၊ မဲ့သလေး၊ ရွဲ့သလေး၊ စောင်းသလေး၊ မြောင်းသလေး၊ ခြေဆောင့်သလေး၊ ဒါလေးတွေက ရှိတယ်။

# အကုသိုလ်အစွမ်းသတ္တိတွေကြောင့်

အဲဒါလေးတွေကြောင့်တဲ့ အဲဒီအကုသိုလ်တွေကြောင့်တဲ့ အဲဒီဘဝက သေတော့၊ ဟော အခု ဘာလာဖြစ်တုံးဆိုတော့ ဝက်မလေး၊ ဟယ်. . . တစ်ချိန်တုန်းက ဗြဟ္မာကြီးတောင် ဖြစ်ခဲ့တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဗြဟ္မာကြီးဖြစ်ခဲ့တဲ့သူက အခု ဘယ်ဘဝရောက်နေ၊ ဝက်မကလေးတဲ့ မနစ်နာဘူးလား (နစ်နာပါတယ် ဘုရား)၊ နစ်နာတယ်။

အဲဒါပြောတာပေါ့၊ ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း၊ ဝက်စာကျင်းမှာ တရှုံ့ရှုံ့၊ ဟုတ်ကဲ့နော် (မှန်လှပါ ဘုရား)၊ ဗြဟ္မာ့ပြည်မှာ တဝင်းဝင်း ဝက်စာကျင်းမှာ တရှုံ့ရှုံ့ဆိုတာ ဒီကလာတဲ့ စကားလုံးပေါ့၊ ဟုတ်တယ်၊ ဗြဟ္မာ့ပြည်သာရောက်တာကိုး၊ ဒိဋ္ဌိတွေမှ မကွာဘဲ (မှန်လှပါ ဘုရား)၊ ကုသိုလ်အရှိန်ကြောင့်သာ ဗြဟ္မာ့ပြည် ရောက်ပြီးတော့သွားတာ၊ ဒိဋ္ဌိတော့

ကွာရဲ့လား (မကွာပါဘူး ဘုရား)၊ မကွာဘူး၊ ဒိဋ္ဌိမကွာလို့ကတော့ လူမှာ ဆိုလို့ရှိရင် စကြာမင်းကြီးဖြစ်ပါစေ၊ နတ်မှာဆိုရင် သိကြားမင်းကြီးမင် ဖြစ်ပါစေ။

ဟော. . . ဒိဋ္ဌိက တစ်ချိန်ဆွဲချလိုက်တယ်ဆိုရင် အခုလိုပဲ နေရင်းပြန်ရောက်တာပဲ၊ အေး. . . ဒါကြောင့် ဆရာတော်ဘုရားကြီးက ပြောတာကိုး၊ ဒိဋ္ဌိကွာအောင် လုပ်ကြပါဟဲ့၊ ဒါဋ္ဌိခွာနိုင်ကြပါစေဟဲ့ဆိုတာ ခဏခဏသတိပေးတာ (မှန်လှပါ ဘုရား)၊ ပြောတာ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာ လျှင်၊ လူတွင်စကြာ၊ နတ်မှာသိကြား၊ မိုးဖျားပြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာ ပြိုကွဲ၊ ကုသိုလ်စဲက၊ ဖောက်လွဲပါယ်ရွာ၊ ရောက်မြဲသာတည့် ဆိုတာလေ၊ ဒိဋ္ဌိတွေသာ မကွာလို့ကတော့ ကြိုးနဲ့တူတာပဲ၊ စွန်လွှတ်တဲ့အခါ အောက်က နေပြီးတော့ ကြိုးလွှန်းတောင်နဲ့ ရစ်ချလိုက်လို့ရှိရင် ဒီစွန်ဟာ ဘယ်လောက် ပဲ ကောင်းကင်တက်နေနေ ဟိုး. . . မြေကြီးပြန်ရောက်ရတယ် မဟုတ် လား (မှန်လှပါ ဘုရား)။

အဲသလိုပါပဲ၊ ဒိဋ္ဌိကလည်း ကြိုးနဲ့တူပါတယ်၊ ဒိဋ္ဌိကသာ ဆွဲချ လိုက်လို့ရှိရင် ဟို. . . အထက်ခေါင်ထိပ် ဗြဟ္မာ့ပြည်ရောက်နေတဲ့ ဗြဟ္မာ ကြီးပေမယ့်လို့ အခု အောက်ဆုံးထိအောင် ပြန်ရောက်တယ် မဟုတ်လား (မှန်လှပါ ဘုရား)။

## ဒိဋ္ဌိကြိုးက ဆွဲချလိုက်ရင်

အဲဒါပြောတာ၊ ဒိဋ္ဌိမကွာ၊ ပုဂ္ဂိုလ်မှာလျှင်၊ လူတွင်စကြာ၊ နတ်မှာ သိကြား၊ မိုးဖျားပြဟ္မာ၊ ဖြစ်တုံပါလည်း၊ ခန္ဓာပြိုကွဲ၊ ကုသိုလ်စဲက၊ ဖောက် လွဲပါယ်ရွာ၊ ရောက်မြဲသာတည့်ဆိုတာ ဒါပြောတာပေါ့နော်၊ အဲသလို ဘုရားကိုယ်တော်မြတ်ကြီးက ဒီတရားကို လမ်းမတ်တပ်ရပ်ပြီးတော့

ဟောတော့ ဘေးကရဟန်းတွေကလည်း စုတ်တသပ်သပ်နဲ့ပေါ့လေ၊ ဩော်. . . ဖြစ်မှဖြစ်ရလေ၊ ဘုရားကိုယ်တော်မြတ်ကတော့ ဒီလောက်ပဲ၊ ဝက်မကလေးနဲ့ပတ်သက်ပြီးတော့ ဇာတ်ကြောင်းကို ရပ်သွားပါတယ်၊ ရှေ့ဆက်ဆွမ်းခံသွားတော့ ဒီတရားဟာ ဒီတင်ပြတ်သွားတာပေါ့ (မှန်လှပါ ဘုရား)၊ တရားလမ်းကြောင်းက ဒီမှာဖြတ်ခဲ့ပေမယ့်လို့ ဝက်မကလေးရဲ့ဇာတ်လမ်းကတော့ဖြင့် မဆုံးသေးပါဘူး၊ ရှေ့ဆက်သွားလျက်ပါပဲ၊ ဝက်မကလေး ဘဝကနေပြီးတော့ သေတော့ သုဝဏ္ဏဘူမိ သထုံတိုင်းပြည်မှာ၊ ဆိုးတော့မဆိုးဘူး၊ ပစ္စည်းဥစ္စာပေါများတဲ့ သူဌေးကြီးတစ်ဦးရဲ့အိမ်ပဲ ရောက်ပါသတဲ့ (မှန်လှပါ ဘုရား)၊ အမယ်. . . အမျိုးသမီးကလေးပဲ သူဖြစ်တယ်၊ သူကအမျိုးသမီး ဖြစ်ချင်တာကိုး (မှန်လှပါ ဘုရား)။

အေး. . . အဲသလိုနဲ့ ချမ်းချမ်းသာသာနေ၊ အဲဒီဘဝကသေတော့ ကာဝိရပတ္တဆိုတဲ့ သင်္ဘောဆိပ်၊ ဒီလိုတွေရောက်တာတဲ့နော်၊ ဟို . . . ပြီးတော့ အဲဒီဘဝကသေတဲ့အခါကျတော့ မြင်းကုန်သည်တို့ရဲ့အကြီးအကဲ၊ ဒီပုဂ္ဂိုလ်ကြီးရဲ့အိမ်မှာ သမီးကလေးသွားဖြစ်၊ အဲဒီကသေတော့ တစ်ဆင့်တစ်ဆင့်နဲ့ အို. . . ပင်လယ်ရေပြင်ကျယ်ကြီးကို ကျော်ပြီးတော့ သီရိလင်္ကာလို့ခေါ်တဲ့ နိုင်ငံ၊ သီဟိုဠ်ကျွန်းသွားပြီးတော့ အနုရာဓမြို့ကြီးမှာသွားပြီးတော့ အမျိုးသမီးကလေးဖြစ်၊ အဲဒီဘဝကသေတော့ အနုရာဓမြို့ရဲ့တောင်ဘက် ဗောက္ကန္တရွာဆိုတာ၊ အဲဒီရွာမှာသွားပြီးတော့ ဇနပုဒ်မှာ အမျိုးသမီးဖြစ်တယ်၊ အမတ်ကြီးတစ်ဦး၊ အမတ်မျိုးရိုးအိမ်မှာ သွားပြီးတော့ အမတ်ကြီးတစ်ဦးရဲ့အိမ်မှာသွားပြီးတော့ သမီးကလေးဖြစ်တာ၊ ဟို. . . 'သုမန'လို့ သူ့နာမည်ကလေးက ခေါ်ပါတယ်၊ ပါဠိလိုတော့ 'သုမန'၊ ဘာသာပြန်ရင်တော့ မမြကလေးပေါ့နော်၊ အမယ်. . . အဲသလို

ပါ၊ ဗောဇ္ဈင်္ဂရှာသူ၊ ဗောဇ္ဈင်ရှာသူ မမြလေးဆိုပါတော့။

## အမျိုးသမီးဖြစ်လိုတဲ့ ဆန္ဒကြောင့်

အေး. . . အဲသလိုနဲ့နေရင်းက အရွယ်ရောက်တော့ သူ့မိဘများက မျိုးရိုးတူတဲ့ အမတ်ကြီးတစ်ဦးရဲ့သားနဲ့ ပေးစားလို့ အိမ်ထောင်သည်မလေးတောင်ဖြစ်နေပြီ၊ အခုနော်၊ အေး. . . အဲသလိုနဲ့ ချမ်းချမ်းသာသာ နေရင်း၊ ထိုင်ရင်းနဲ့ တစ်နေ့တော့ မထေရ်ကြီးရှစ်ပါး၊ ဆွမ်းခံကြွလာပြီးတော့ တစ်အိမ်ပြီးတစ်အိမ်၊ တစ်အိမ်ပြီးတစ်အိမ် ရပ်ရင်း၊ ရပ်ရင်းနဲ့ ဟော. . . ရပ်တော်မူပါဦးဘုရား၊ သူတို့အိမ်နားရောက်တော့ သူလည်း ဆွမ်းလောင်းချင်တယ်ပေါ့လေ (မှန်လှပါ ဘုရား)၊ အဲဒါနဲ့ မထေရ်ကြီးရှစ်ပါးက ရပ်လိုက်တဲ့အခါ သူက သုတ်သုတ် သုတ်သုတ်နဲ့ အိမ်ထဲသွားပြီးတော့ ဆွမ်းခူးနေတယ်၊ ဒီအချိန်မှာ ရှေ့ဆုံးက ကိုယ်တော်ကြီးက ဆင်ခြင်ကြည့်တော့ အလိုအံ့သြစရာကြီးပါလား ဟရို့၊ ဒီလိုပြောတာ၊ မထေရ်ကြီးကလေ၊ အလို. . . အံ့သြစရာကြီးပါလား ဟရို့၊ ဘာပါတုံး ဘုရား၊ အမယ်. . . ဘုရားလက်ထက်တုန်းက ဝက်မကလေးက အခု အမတ်ကြီးကတော်တောင် ဖြစ်နေပါပေါ့လား ဟရို့၊ ပြောတာကိုး၊ ဘယ်သူ့ပြောတာတုံး ဘုရား၊ ဟဲ့. . . တို့ဆွမ်းလောင်းမလို့ အခု ဆွမ်းခူးနေတဲ့ကလေးမကို ပြောတာပေါ့ဆိုတော့ ဟိုကလည်း နားစွန်နားဖျားကြားတယ်။

အလို ငါ့ပြောတာဆိုပဲ့လား ဆိုပြီးတော့ ဆွမ်းခူးရင်းသားနဲ့ ဒီဥစ္စာတွေကြားတော့ သူ ကြက်သီးမွေးညှင်းတွေလည်း ထလာပါတယ်၊ အဲသလိုနဲ့ ဆွမ်းလာပြီးတော့ လောင်း၊ အရှင်ဘုရား ခုနတုန်းက ဘယ်သူ့ကို မိန့်တာလဲ၊ နင့်ကိုမိန့်တာဟဲ့၊ အို. . . ကြက်သီးမွေးညှင်းတွေ ထသွား

တာပေါ့၊ ငါက ဝက်မကလေးတဲ့၊ ဘုရားလက်ထက်တုန်းက ငါက ဝက်မ ကလေးတဲ့၊ အခုကျမှ ငါက ဟုတ်တိပတ်တိ အမယ်. . . ဟန်ကြီးပန်ကြီး အမတ်ကြီးကတော်တဲ့၊ သူ့ကိုယ်သူ အဲသလိုဖြစ်သွားပြီးတော့ အခု ဆွမ်းလောင်းလိုက်ပါတယ် ဘုရား၊ ဒီကောင်းမှုကြောင့် အရှင်ဘုရားတို့ သိတဲ့တရားထူး သိပါရစေဘုရားဆိုပြီးတော့ လောင်းတာ (မှန်လှပါ ဘုရား)၊ အမယ်. . . သူဆုတောင်းတာကို သတိထားမိရဲ့လား၊ စည်းစိမ် ဥစ္စာတွေတောင်းတာ ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ အရှင်ဘုရား တို့သိတဲ့ တရားထူးသိပါရစေလို့ တောင်းတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . ဒါသတိပြုပါ။

## ဘဝတွေက ရှည်လျားထွေပြား

အဲသလိုနဲ့ မထေရ်ကြီးများလည်းပဲ ဆုပေးပြီးတော့ ကြွသွားတော့ သူ စဉ်းစားတယ်၊ ငါက ဝက်မကလေးဆိုပါလား၊ အို. . . ဘယ်လိုဘဝ တွေများ ငါက ဖြတ်သန်းလာခဲ့တာပါလိမ့်ဆိုပြီးတော့ ဒီဘဝနေရတာ တောင်မှ ငြီးငွေ့နေပါပြီ၊ ညနေကျတော့ သူ့ခင်ပွန်းသည်အမတ်ကြီး အလုပ်က အလုပ်စခန်းက ပြန်ပြီးတော့လာတော့ သူက သူ့ခင်ပွန်းကို ခွင့်ပန်တယ်၊ ကျွန်မလေ ဘိက္ခုနီမ လုပ်ပါရစေ၊ ဟိုကလည်း ခွင့်ပြုပါ တယ်၊ အဲဒီတင် ဘိက္ခုနီမကျောင်းသွားပြီးတော့ ဘိက္ခုနီမလုပ်၊ တရားတွေ အားထုတ်တဲ့အခါကျတော့ တစ်မဂ်၊ နှစ်မဂ်၊ သုံးမဂ်၊ လေးမဂ် ရဟန္တာ ထိအောင် ဖြစ်သွားပြီးတော့ အမယ်. . . အဘိညာဉ်ရ၊ သူလည်း ရှေ့ ကြောင်း နောက်ကြောင်းတွေကို မြင်နိုင်တဲ့ပုဂ္ဂိုလ်ကြီး ဖြစ်သွားတော့တာ (မှန်လှပါ ဘုရား)။

အဲဒီတင် နောက်ကြောင်းတွေ ပြန်ကြည့်တော့ ဟုတ်ပ၊ ငါက

အခုဘဝသာ အမတ်ကြီးကတော်၊ ဟိုဘက်ဘဝတွေတုန်းက အနုရာဓမြို့ မှာလည်း ဖြစ်ခဲ့တယ်၊ အမယ်. . . ဟိုးဘက်က အိန္ဒိယကတိုင်း လာခဲ့တာ ပါလား၊ မြင်းကုန်သည်တို့ရဲ့ အိမ်လည်း ရောက်ခဲ့ရဲ့၊ လှေသူကြီးရဲ့အိမ် လည်း ရောက်ခဲ့ရဲ့၊ သုဝဏ္ဏဘုမ္မိလည်း ရောက်ခဲ့ရဲ့၊ အမယ်လေး. . . ဝက်မကလေးဟဲ့၊ သူ့ကိုယ်သူ ပြန်မြင်တယ်၊ ဟုတ်ပ့ါ၊ မထေရ်ကြီးတွေ ပြောတာ မှန်ပ့ါ၊ ရှေ့များ ဘာများရှိသေးသလဲ ဆက်ကြည့်တော့ အမယ်. . . ဝက်မကလေး မဖြစ်ခင်တုန်းကဖြင့် ဟို သူဌေးကြီးတစ်ဦး အိမ်က အဲဒီအိမ်မှာဖြစ်ခဲ့ရတာပါပဲ၊ အဲဒီမဖြစ်ခင်တုန်းက ဘာများ ဖြစ်ပါလိမ့်မလဲဟဲ့၊ အမယ်. . . ပြဟ္မာကြီးပဲ၊ ငါ ဘယ်ခေလို့လဲ။

အမယ်. . . သူလေ၊ အမယ်. . . ပြဟ္မာကြီးမဖြစ်ခင်၊ ဟိုတုန်းက ဘာများဖြစ်ခဲ့သလဲ ကြည့်လိုက်တဲ့အခါကျတော့ အမယ်. . . နန်းတော် က ရှင်ဘုရင့်သမီးဟဲ့၊ အမယ်. . . ငါက အဆင့်အတန်း မြင့်မြင့်တွေ ချည်း လာခဲ့တာ၊ ဟိုဘက်များ ဘာများဖြစ်သေးသလဲဟဲ့၊ ကြည့်လိုက် တော့ အောင်မယ်လေးဟဲ့၊ ကြက်မကလေးဟဲ့၊ သူကိုယ်တိုင် ပြန်မြင်တယ်၊ ကြည့်စမ်း သူပြန်ပြီးတော့ သူ့အစွမ်းနဲ့သူ မြင်တာတောင်မှ ဆယ့်သုံးဘဝ လောက် ပြန်မြင်တယ် (မှန်လှပါ ဘုရား)။

## မနေမနား ချားရဟတ်ပမာ သံသရာ

ကြက်မကလေးမဖြစ်ခင် ဟိုဘက်ကလူ ဖြစ်တဲ့အခါလည်း ဖြစ် သေးတာပေ့ါ (မှန်လှပါ ဘုရား)၊ အဲသလို သုံးဆယ့်တစ်ဘုံအတွင်းမှာ အို. . . နိမ့်လိုက်၊ မြင့်လိုက်၊ မြင့်လိုက်၊ နိမ့်လိုက် ဒီလိုလာခဲ့ရတာ (မှန်လှပါ ဘုရား)၊ ဟို. . . သံသရာစက်ဝိုင်းကြီးရဲ့ အပြင်ဘက်ထွက်ခဲ့ရလား (မထွက်ခဲ့ရပါဘူး ဘုရား)၊ မထွက်ခဲ့ရဘူး၊ ဒီသဘောပဲ၊ ချာချာလည်နေ

တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ နိမ့်တဲ့အခါနိမ့်တယ်၊ မြင့်တဲ့အခါ မြင့်တယ်၊ စက်ဝိုင်းကြီးပမာပါပဲ၊ သုံးဆယ့်တစ်ဘုံ အပြင်ဘက် ထွက်ခဲ့ရရဲ့လား (မထွက်ခဲ့ရပါဘူး ဘုရား)၊ ဒီသဘော လည်နေရတယ်နော်၊ အခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့လည်း ဒီအတိုင်းပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်ပါတယ်။

အဲသလို တော်ကြာရင်း ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး အာယတန ဓာတ်သစ္စာတွေ ဖြစ်လိုက်၊ ဒီလိုထပ်ပြန်တလဲလဲ ဖြစ်နေတာကို သံသရာလို့ ခေါ်တာ (မှန်လှပါ ဘုရား)၊ ဘာလို့ခေါ် (သံသရာလို့ခေါ်ပါတယ် ဘုရား)၊ အေး. . . ထပ်ပြန်တလဲလဲ ခန္ဓာတွေ၊ အာယတနတွေ၊ ဓာတ်တွေ ဖြစ်တာကို **ခန္ဓာ နဉ္စ ပဋိပါဋိ ဓာတုအာယတနာ နစ အဗ္ဘောစ္ဆိန္နံ ဝဋ္ဋမာနံ သံသာရောတိ ပဝုစ္စတိ**၊ ခန္ဓာတွေ၊ အာယတနတွေ၊ ဓာတ်တွေ မပြတ်တရစပ် ဆက်ကာဆက်ကာ ဖြစ်ပြီးတော့နေတာကို ဘာခေါ် (သံသရာပါ ဘုရား)၊ အခုလို ဘဝတွေ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဖြစ်နေတဲ့ဥစ္စာကို ပြောတာပေါ့ (မှန်လှပါ ဘုရား)၊ ဘာခေါ်တဲ့ တုံး (သံသရာပါ ဘုရား)၊ သံသရာ၊ ဘုန်းကြီးတို့တစ်တွေက မသိလို့သာ တစ်ဘဝပြီး တစ်ဘဝ ဖြစ်တတ်ကြတာတွေလေ (မှန်လှပါ ဘုရား)။

အများအားဖြင့် စွဲတော့ ကိုယ်ထဲကိုယ်ဟာတွေ ပြန်ပြန်ဖြစ်တတ်တယ်၊ ဖြစ်တတ်ပါတယ်၊ ဘုန်းကြီးတို့တစ်တွေ အရှေ့ကလူက အနောက်ရောက်၊ အနောက်ကလူက အရှေ့ရောက်၊ တောင်က မြောက်ရောက်၊ မြောက်က တောင်ရောက်၊ တောင်ပေါ်က မြေပြန့်၊ မြေပြန့်က တောင်ပေါ်၊ အဲသလိုတွေလျှောက်ပြီးတော့ ကြုံသလို ဖြစ်နေကြရတာ၊ ဘဝတွေက မဆုံးသေးဘူး၊ ဘဝခရီးလမ်းက မဆုံးသေးဘူး၊ ဖြစ်နေကြတာ၊ အဲသလို ဖြစ်တဲ့အထဲမှာ အများအားဖြင့် နီးရာစပ်ရာကို လာလာဖြစ်တတ်ကြ

ပါတယ် (မှန်လှပါ ဘုရား)။

## သံသရာခရီးမဆုံးသေးသမျှ

ဘုန်းကြီးတို့ တစ်ခါတုန်းက ခရီးသွားတော့ ကားဆရာက ပြော တယ်၊ ဘေးနားမှာ ကလေးပေါက်စလေးတစ်ယောက် ထိုင်လိုက်လာတာ၊ ဒီကလေးက ဘုရာ့တဲ့၊ ယခုဘဝတော့ တပည့်တော်သားပေ့ါဘုရား၊ ဘယ်လိုပြောတာတုံး၊ ဟိုဘက်ဘဝတုန်းက တပည့်တော် အဖေဘုရားတဲ့၊ ဟော. . . သူပြောတာနော်၊ အဖေတစ်လှည့်၊ သားတစ်လှည့်၊ ဒီလိုနော်၊ ဟော. . . ဘယ်လိုကြောင့်ပြောတာတုံး၊ ဘယ်လိုလုပ်သိတာတုံး၊ သူက ပြောတာပဲ ဘုရားတဲ့၊ ဒီကလေးကနော် (မှန်လှပါ ဘုရား)၊ အဲသလိုတွေ နီးရာစပ်ရာတွေ ပြန်ပြန်ပြီးတော့ ဖြစ်တတ်ကြပါတယ်။

ဘုန်းကြီးတို့ တောင်တွင်းကြီးမှာ တစ်ခါဟာတုန်းက ဟို. . . အစ်မလုပ်တဲ့သူက ကလေးပေါက်စမလေးကို ခါးထစ်ခွင်ပြီးတော့ လျှောက်သွား၊ အင်း. . . ဆယ့်သုံးလေးနှစ်လောက်ရှိတဲ့ အစ်မလုပ်တဲ့ သူက စကားပြောတတ်ခါစ အရွယ်ကလေးကို အစ်မက ခါးထစ်ခွင်ပြီး တော့ အိမ်လျှောက်လည် စကားပြောတာပေ့ါ၊ အင်း. . . ခါးပေါ်က မဆင်းဘူး ဒီပေါက်စမလေးက၊ ကြာတော့ နင်ကလည်းဟယ် ဆင်းစမ်း ပါဦးဟယ်၊ ငါ့ခါးပေါ်ကကို မဆင်းဘူး၊ ငါ့ခါးကို ပူနေတာပဲ၊ အစ်မလုပ်တဲ့ သူက ပြောတာကိုး၊ ဒီတော့ ဟိုဟာလေးက ပြန်ပြောတယ်၊ ညည်းတုန်းက လည်း ဒီလိုပဲတဲ့၊ ငါ့ခါးကို ပူလို့ ပြောတယ်၊ ဟဲ့. . . နင်က ဘယ်လိုပြော တာလဲလို့မေးတော့ လွန်ခဲ့တဲ့ လေးငါးခြောက်နှစ်တုန်းက ဒီအိမ်က အစ်မ အကြီးဆုံး သေသွားဖူးတယ်၊ အဲဒီအစ်မကြီးက ဒီအမွေဝမ်းထဲ ပြန်ရောက် တယ်ဆိုတော့ အခုသူက အငယ်ဖြစ်တာပေ့ါ (မှန်လှပါ ဘုရား)။

စောစောတုန်းကတော့ သူကဘာတုံး၊ အကြီး၊ အခုကျတော့ ဘယ့်နှယ်တုံး (အငယ်ပါ ဘုရား)၊ အဲသလိုပြန်ပြောလာတာ၊ ကြည့်စမ်း၊ ဒီအိမ်တင်၊ ဒီအမေ့ဝမ်းတင်ကိုပဲ ဒီဘဝတင်နော်၊ နှစ်ခါရောက်တယ် မဟုတ်လား (မှန်ပါဘုရား)၊ အဲသလိုတွေနော်၊ ဘဝသံသရာထဲမှာ ဟိုရောက် လိုက်၊ ဒီရောက်လိုက်၊ ဒါမျိုးတွေနော်၊ အဲသည်လိုတွေ၊ ဖြစ်တတ်ကြပါ တယ်၊ ဖြစ်တတ်တယ်၊ ကိုယ့်အခြေအနေ ကိုယ့်ပတ်ဝန်းကျင်နဲ့ အခွင့် အရေးမရမှ ဘေးကိုရောက်တတ်ကြပါတယ်၊ အခွင့်အရေးရရင်တော့ ကိုယ်ထဲကိုယ်ဟာထဲ ပြန်ပြန်ဖြစ်တတ်ကြတယ်နော်၊ ဖြစ်တတ်တယ်။

## ဘဝအမျိုးမျိုးနဲ့ အကြိမ်ကြိမ်ဆုံကြရ

ဘုန်းကြီးတို့ တစ်ခါဟာတုန်းက တောင်ငူကနေပြီးတော့ မိတ္ထီလာကို တရားပွဲကူးတာ၊ မနက်စောစောသွားကြမယ်လို့ ဆိုပြီးတော့ ကားပေါ်မှာ ပစ္စည်းပစ္စယကလေးတွေတင်၊ ဒီမှာ စားစရာ ခြင်းတစ်ခြင်း ကလည်း ကားပေါ်မှာ တင်လိုက်ကြတာ၊ အဲသလိုနဲ့ လမ်းရောက်တဲ့အခါ ကျတော့ ဟိုလူ့ခြေထောက် စစ်ခနဲ ကိုက်လိုက်၊ ဒီလူ့ခြေထောက် စစ်ခနဲ ကိုက်လိုက်၊ ဘာပါလိမ့်မလဲ ကြည့်လိုက်တော့ ကြွက်ကလေးပဲ၊ သူက ညတုန်းကတိုင်း ဒီစားစရာ၊ သောက်စရာခြင်းထဲ ဝင်စားနေတာကိုး (မှန်လှပါ ဘုရား)၊ မနက်ကျတော့ ဒီစားစရာခြင်းကို ကားပေါ်တင်လိုက် တော့ သူပါ ပါလာတာပေါ့၊ ဘုန်းကြီးက စဉ်းစားမိတယ်။

ဩော်. . . တောင်ငူသားကြွက်ကလေး မိတ္ထီလာရောက်တော့ မယ်၊ မိတ္ထီလာရောက်လို့ရှိရင် သူ ဆွေတွေ၊ မျိုးတွေ တော်ဦးမှာ မဟုတ် လား (မှန်လှပါ ဘုရား)၊ အဲသလိုနဲ့ တော်ပြီးတော့ သူက ထပ်ပေါက်ပွားဦး မယ်နော်၊ ကြည့်စမ်း တောင်ငူသား ဇာတိပေမယ့်လို့ မိတ္ထီလာရောက်၊

ဆွေတွေ၊ မျိုးတွေနဲ့ ပြန့်မှာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုကိုးလို့ ဆိုပြီးတော့ ဘုန်းကြီးတို့တစ်တွေက ပဋိစ္စသမုပ္ပာဒ် ပြောနေကြဆိုတော့ ဒီဥစ္စာသွားသဘောပေါက်မိတယ်လေ (မှန်လှပါ ဘုရား)။

ဩော်. . . တို့တစ်တွေကလည်း ဒီလိုပါပဲလားလို့ ဒီလိုသဘောတွေပဲ၊ အခုထိအောင် သုံးဆယ့်တစ်ဘုံအပြင်ဘက် ထွက်နိုင်ကြပြီလား (မထွက်နိုင်သေးပါဘူး ဘုရား)၊ မထွက်နိုင်ဘူး။

တစ်ခါဟာတုန်းက ဘုရားကိုယ်တော်မြတ်ကြီး ဒေသစာရီ လှည့်လည်တော့ ညနေစောင်းကလေး မြို့ကလေးတစ်မြို့ ရောက်တာနဲ့ အဘိုးကြီးကလေ အသက် ၉၀- ခန့် လောက်ရှိမယ်နဲ့တူတယ်၊ အဘိုးကြီးက ဟဲ့သား၊ ဘုရားကို တွေ့တွေ့ချင်း ဟဲ့သား၊ အမယ်လေး မင်းက လျှောက်လည်နေတာကိုး ကြည့်စမ်း၊ နောက်ကလည်း တပည့်တွေ တစ်အုပ်နဲ့၊ အဖေတို့ အိုလှပြီ၊ အဖေတို့ အိုတယ်ဆိုရင် သားက လုပ်ကျွေးရတဲ့ဥစ္စာ မင်းက လျှောက်လည်နေတာ၊ အင်း. . . ကြည့်စမ်း၊ အိမ်မှာဆိုရင် မင်းအမေလည်း ရှိတယ်၊ အဲဒါ မင်းအမေကို တွေ့ရအောင် လိုက်ခဲ့ဦးဆိုတော့ ရဟန်းတွေက နောက်ကပါလာတဲ့ ရဟန်းတွေက သံသယဝင်တာပေါ့၊ ဘယ့်နှယ် တို့သိတာကဖြင့် ဘုရားရဲ့ ဖခမည်းတော်ဆိုတာ သုဒ္ဓေါဒနမင်းကြီးပဲ၊ အဲဒါကလည်း ပရိနိဗ္ဗာန်ပြုပြီ၊ အခု ဒီအဘိုးကြီးက ဝင်ပြီး အဖေလုပ်နေတယ်၊ အဲဒါ မဟုတ်ဘူးလို့လည်း ဘုရားက မငြင်းဘူးနော်။

## ဆွေမျိုးမတော်ဘူးတဲ့သူ မရှိ

လာလေ၊ ဘာငေးနေတာတုံး၊ အိမ်မှာ မင့်အမေက စောင့်လို့ ရှိလိမ့်မယ်၊ အမယ်. . . အိမ်လည်း အမေရှိသေးသတဲ့ဆိုတော့ သူက

ရှေ့ကဦးဆောင်ပြီးတော့ သွားတော့ ဘုရားကိုယ်တော်မြတ်ကလည်း နောက်ကလိုက်သွားတယ်၊ ကိုယ်တော်တွေကလည်း နောက်ကလိုက်ရတော့တာပေါ့၊ အဲသလိုနဲ့ အိမ်ဝိုင်းလည်း ဝင်လိုက်ကရော အမယ်အိုကြီးက သူလည်းပဲ အသက် ၉၀- နီးပါးအမယ်ကြီးက ပြေးလာတဲ့ပြီးတော့ အမယ်လေးဟဲ့ သားရယ်၊ မင်းက လည်ပတ်နေရသလား၊ အမေတို့ဖြင့် အိုလှပေါ့၊ မင်းက လျှောက်သွားနေတာကိုးကွဲ့၊ နောက်ကလည်း တပည့်တစ်အုပ်နဲ့ ကြည့်စမ်း၊ နည်းပါဘူးလား အမယ်. . . တက်ကြ၊ တက်ကြ၊ တက်ကြ၊ အိမ်ပေါ်အကုန်တက်ကြ၊ အကုန်ကျွေးမယ်၊ အမယ်ကြီးက စေတနာကောင်းတယ်၊ ခက်ပြီ ရဟန်းတွေက၊ တို့သိတာက ဘုရားရဲ့ မယ်တော်ဆိုတာ မယ်တော်မာယာ၊ အဲဒါကလည်း နတ်ရွာစံတာ ကြာလှပြီ။

အခု ဒီအမယ်ကြီးက ဝင်ပြီး အမေလုပ်နေပြန်တယ်၊ မဟုတ်ဘူးလို့လည်း မငြင်းဘူး၊ ဘယ်လိုတွေပါလိမ့်မလဲ၊ ဘုရားကိုယ်တော်မြတ်က သိတယ်၊ အိမ်ပေါ်လည်း ရောက်ကရော ဘုရားကိုယ်တော်မြတ်က ပြောတယ်၊ ဟုတ်တယ်ကွဲ့၊ ဒီအဘိုးကြီးနဲ့ ဒီအမယ်ကြီးက ငါ့ကို တွေ့တွေ့ချင်း သားလို့ခေါ်ကြတာ မှန်တယ်၊ ဘယ်လိုမှန်တာတုံး ဘုရာ့။

သြော်. . . ဒီအဘိုးကြီးကလေ အဖေအဖြစ်နဲ့ ဆက်တိုက် ဘဝပေါင်း ငါးရာ၊ ဟောဒီ အမယ်ကြီးက အမေအဖြစ်နဲ့ ဘဝပေါင်းဆက်တိုက် ငါးရာ၊ ဟယ်. . . ဆက်တိုက်နော်၊ ကြားပေါက်၊ ကြားပေါက်တွေ မပါသေးဘူး၊ တစ်ခါတလေ ဦးကြီး၊ ဦးလေးဖြစ်တယ်၊ တစ်ခါတလေ ဒေါ်ကြီး၊ ဒေါ်လေးဖြစ်တယ်ဆိုတဲ့ ဥစ္စာတွေ မပါသေးဘူး၊ ကြည့်စမ်း ဆက်တိုက်ချည်းပဲ ဘဝပေါင်း ဘယ်လောက်တုံး (ငါးရာပါ ဘုရား)၊ အဖေအဖြစ်နဲ့ ဘဝပေါင်း (ငါးရာ)၊ အမေအဖြစ်နဲ့ ဘဝပေါင်း (ငါးရာ)၊ ငါးရာ

ကွဲ့၊ အဲသလိုဖြစ်ခဲ့ကြတာ၊ အဲဒါကြောင့် တွေ့တွေ့ချင်း သွေးကစကား ပြောတဲ့အနေနဲ့ သားလို့ခေါ်ကြတာ၊ ဒီလိုပြောပါတယ်။

## ဘဝတွေကများလွန်းလို့

အေး. . . ဒီလိုဆိုတော့ ဘဝတွေများလှပြီပေါ့ (မှန်လှပါ ဘုရား)၊ ကြားထဲမှာ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေးတွေလည်း ပါသေးတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ကြည့်စမ်း၊ အဲဒါတွေနဲ့ဆိုတော့ ဘဝတွေ များလှပြီပေါ့၊ များလှပြီ၊ မသိလို့သာ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့က မသိလို့သာ၊ ဘဝတွေ အထွေထွေ ဖြတ်သန်းလာခဲ့ရတာ၊ တစ်ခါတလေ လည်း နီးရာစပ်ရာဖြစ်တယ်၊ တစ်ခါတလေလည်း ဝေးဝေး ရောက်ချင် ရောက်သွားတယ်၊ ဒီလိုတွေကိုး (မှန်လှပါ ဘုရား)။

အဲသလိုတွေ ဖြစ်လာခဲ့ရတာ၊ ဘဝပေါင်း ဘယ်လောက်တုံး (ငါးရာပါ ဘုရား)၊ အေး. . . အဲဒါက ဆွေမျိုးတော်စပ်တာ ပြောတာပါ၊ မတော်စပ်တဲ့ဥစ္စာတွေ အများကြီးရှိသေးတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ရှိသေးတယ်၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ပြောတယ်၊ **အနမ တဂ္ဂေါ ယံဘိက္ခဝေ သံသာရော ဒီဃော၊** ဘဝတွေဟာ မဆုံးနိုင် ဘူးကွဲ့။

သံသရာကြီးက အင်မတန်ရှည်လျားလှတယ်၊ ဘယ်လောက်ရှည် တာတုံး ဘုရာ့၊ အရှည်ကြီးပဲကွဲ့၊ အရှည်ကြီးပဲဆိုတာ ဘယ်လောက်ရှည် တာတုံး ဘုရာ့၊ ဩော်. . . အရှည်ကြီးပဲဆိုတာ အရှည်ကြီးပါပဲလို့ဆို၊ တပည့်တော်တို့ နားမလည်ဘူး ဘုရာ့၊ အရှင်ဘုရား ဥပမာလေးဆောင် ပြောရင် မဖြစ်ဘူးလား ဘုရာ့၊ ဖြစ်ပါရဲ့၊ တပည့်တော်တို့ နားလည်အောင် ဥပမာကလေးဆောင်ပါဦးဘုရား။

အေး. . . ဥပမာဆောင်ပြောရမယ်ဆိုရင် ဟောဒီ ကမ္ဘာမြေပြင်မှာရှိနေတဲ့ မြေကြီးတွေ အကုန်လုံး ပေါက်ပြားနဲ့ ပေါက်ဟဲ့၊ ဖြစ်နိုင်ပဲ့မလား ဘုရား့၊ ဖြစ်နိုင်ပဲ့မလား (မဖြစ်နိုင်ပါဘူး ဘုရား)၊ ဘယ်မြေပြင်ကြီးတစ်ခုလုံး ပေါက်ပြားနဲ့ ကုန်အောင် ပေါက်နိုင်ပဲ့မလား (မပေါက်နိုင်ပါဘူးဘုရား)၊ ဒါကတော့ စိတ်ကူးနဲ့ပေ့ါဟယ်၊ စိတ်ကူးနဲ့တော့ ပေါက်လို့ မရဘူးလား (ရပါတယ် ဘုရား)၊ ဩော်. . . တင်ပဲ့ါဘုရား့၊ စိတ်ကူးနဲ့တော့ရပါတယ် ဘုရား၊ ဒီလိုဆိုရင် ပေါက်ဟဲ့၊ ပေါက်နေပါပြီ ဘုရား၊ ပေါက်ဟဲ့ (ပေါက်နေပါတယ် ဘုရား)၊ ပေါက်ပြီးတော့ ဘယ်နေရာမှာ ထားရမလဲ၊ အဲဒီဘေးနားမှာ ပုံဟဲ့ဆိုတော့ စိတ်ကူးနဲ့ပေါက်ပြီး စိတ်ကူးနဲ့ ပုံတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အပုံကြီးမနည်းဘူး နေမှာပေ့ါ (မှန်လှပါဘုရား)၊ ကမ္ဘာမြေပြင်တစ်ခုလုံးမှာ ပေါက်ထားတဲ့ မြေကြီးတွေလေ (မှန်လှပါ ဘုရား)၊ ပြီးပြီလား ဟဲ့၊ ပြီးပါပြီ ဘုရား။

## အတိုင်းအဆမရှိ ကြီးမားများပြားတဲ့ ကမ္ဘာမြေပြင်ကြီး

အေး. . . ပြီးလို့ရှိရင် ဟောဟိုဘက်နားက သမုဒ္ဒရာလေးစင်းထဲက ရေတွေယူဟဲ့၊ ဖြစ်နိုင်ပဲ့မလားဘုရား၊ ဒါလည်း စိတ်ကူးနဲ့ ယူရမှာပေ့ါဟယ်၊ စိတ်ကူးနဲ့တော့ ယူလို့မရဘူးလား (ရပါတယ်ဘုရား)၊ ရပါတယ်၊ တင်ပဲ့ါ၊ အဲလိုဆိုရင်တော့ ရပါတယ်ဘုရား၊ ယူဟဲ့၊ ယူနေပါပြီဘုရား၊ ယူဟဲ့၊ ယူနေပါတယ်ဘုရား၊ ဘာလုပ်ရမတုံး၊ ဖျော်၊ မှန်ပါ၊ ဖျော်နေပါတယ်ဘုရား၊ ခပ်ထန့်ထန့်လေးနေအောင် ဖျော်ဟဲ့၊ တင်ပဲ့ါ၊ ဖျော်နေပါတယ်ဘုရား၊ ဟော. . . မြေကြီးတွေ အကုန်လုံးကို ပေါက်ပြားနဲ့ပေါက်ပြီးတော့ သမုဒ္ဒရာလေးစင်းထဲက ရေတွေနဲ့ ဖျော်နေတာမဟုတ်လား (မှန်လှပါဘုရား)၊ ခပ်ထန့်ထန့်လေးနေအောင် ဖျော်တယ် မဟုတ်လား (မှန်လှပါ

ဘုရား)၊ ပြီးပြီလားဟဲ့၊ ပြီးပါပြီ ဘုရား။

အေး. . . ပြီးလို့ရှိရင် ဆီးစေ့ခန့်လောက် **ကောလင္ခမတ္တံ ကောလင္ခမတ္တံ**၊ ဆီးစေ့လောက်၊ ဆီးစေ့လောက် ယူဟဲ့၊ ဒါက အမေလို့ဆို ပြီးတော့ တစ်လုံးချနော်၊ ဒါက အမေရဲ့ဟိုဘက်က လွန်ခဲ့တဲ့ဘဝအတွက် အမေလို့ဆိုပြီးတော့ တစ်လုံးချနော်၊ နောက်တစ်လုံး ယူခဲ့ဦးဟဲ့၊ ဆီးစေ့ လောက်ပဲ၊ ဒါက အမေရဲ့ တတိယဘဝအတွက် အမေ၊ နောက်တစ်လုံး ယူဦး၊ အမေရဲ့ ဟိုဘက်လွန်ခဲ့တဲ့ စတုတ္ထဘဝအတွက်အမေ၊ ပြီးတော့ ပဉ္စမဘဝအတွက် အမေ၊ ဆဋ္ဌမဘဝအတွက် အမေ၊ သတ္တမဘဝအတွက် အမေ၊ အဋ္ဌမဘဝအတွက် အမေ၊ နဝမဘဝအတွက် အမေ၊ ဒသမဘဝ အတွက် အမေ၊ ဧကဒသမဘဝအတွက် အမေ၊ ဒွါဒသမဘဝအတွက် အမေဆိုပြီးတော့ လျှောက်ပြီးတော့ ချသွား၊ အဲဒီမြေကြီးတွေသာ ကုန်မယ်၊ အမေဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ဘဝတွေက မကုန်သေးဘူး၊ ဟယ်. . . အမေဆိုတဲ့ ပုဂ္ဂိုလ်နော်၊ ဒါ အနီးစပ်ဆုံးကို ဥပမာပြတာ မဟုတ်လား (မှန်လှပါ ဘုရား)။

## အတိုင်းအဆမရှိ များပြားလှတဲ့ ပင်လယ်သမုဒ္ဒရာရေ

အလားတူပဲဟဲ့၊ အမေ့ရဲ့ဘဝတွေက ဒီထက်များတော့ ဟိုးဘက် က စခဲ့တာ၊ စခဲ့တာနော်၊ အေး. . . ဒီလိုဆိုရင် မြေကြီးတွေက ဟိုဘက် အကုန်ရောက်သွားမယ် မဟုတ်လား၊ ရောက်သွားတဲ့မြေကြီးတွေကို ဒီဘက်ပြန်ပြီးတော့ တစ်လုံးချ၊ ဒါကအဖေဆိုပြီးတော့ တစ်လုံးချ၊ နောက်တစ်ခါ တစ်လုံးယူခဲ့ဦးဟဲ့၊ အဖေ့ရဲ့ လွန်ခဲ့တဲ့ဘဝအတွက် အဖေ၊ နောက်တစ်လုံးယူခဲ့ဦးဟဲ့ အဖေ့ရဲ့လွန်ခဲ့တဲ့ ဟိုဘက်က တတိယဘဝ

အတွက် အဖေ၊ နောက်တစ်လုံးယူခဲ့ဦး အဖေ့ရဲ့ အဖေ့ရဲ့ ဟိုဘက်က အဖေ၊ နောက်တစ်လုံးယူခဲ့ဦး၊ အဖေ့ရဲ့ အဖေ့ရဲ့ အဖေ့ရဲ့ ဟိုဘက်က အဖေ၊ နောက်တစ်လုံးယူခဲ့ဦး၊ အဖေ့ အဖေ့ အဖေ့ အဖေရဲ့ ဟိုဘက်က အဖေဆိုပြီးတော့ ချသွား၊ မြေကြီးတွေသာ ကုန်မယ်ဟဲ့၊ အဖေဆိုတဲ့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရဲ့ ဘဝတွေက မကုန်သေးဘူး၊ အဲဒီအဖေဆိုတဲ့ ပုဂ္ဂိုလ်ကလည်း ဟိုးဘက်က စခဲ့တာဆိုတော့ လူတစ်ယောက်ရဲ့ ဘဝတွေဟာ မြေကြီးတွေထက်တောင် များနေပါလား။

အဲသလို၊ ဒါက နမူနာပြောတာ၊ သမီးလည်း ဒီအတိုင်းပဲ၊ သားလည်း ဒီအတိုင်းပဲ၊ မြေးလည်း ဒီအတိုင်းပဲ၊ မြစ်လည်း ဒီအတိုင်းပဲ၊ ဘုန်းကြီးတို့ ဒီဒကာကြီးတွေလည်း ဒီအတိုင်းပဲ၊ ဒကာမကြီးတွေလည်း ဒီအတိုင်းပဲ၊ ဒီတော့ မိမိတို့တစ်တွေ လာခဲ့ရတဲ့ ဘဝတွေ ကြာရှည်လှပြီပေါ့ (မှန်လှပါ ဘုရား)၊ ခု ကြာရှည်လှပြီဆိုတော့ ရိုးရိုးတန်းတန်း လာခဲ့ရတာ မဟုတ်ဘူး၊ အခုလိုအဝိုင်ပြေး ပြေးလာခဲ့ရတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ကရွတ်ခွေ ကင်းလျှောက်သလို ထွက်ပေါက်မတွေ့အောင် လာခဲ့ရတာမဟုတ်လား (မှန်လှပါဘုရား)၊ လာတိုင်း လာတိုင်း ချမ်းချမ်းသာသာ ကြီးလာခဲ့ရတာ ဟုတ်ရဲ့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး။

လာပြီဆိုကတည်းအတိုင်း အမိဝမ်းက ကျွတ်တာနဲ့ တစ်ပြိုင်နက် အူဝဲ. . . ငိုလာတာ မဟုတ်လား၊ ငိုတယ်ဆိုတာ မျက်ရည်ထွက်တာပေါ့၊ ပြီးတော့ အိပ်ရာထဲ ကက်လက် ကက်လက်နဲ့ မပြောလည်း မပြောတတ်ဘူး၊ ငိုရတာတွေကော မကြုံဘူးလား (ကြုံပါတယ် ဘုရား)၊ အဲ. . . ပြီးတော့ လေးဘက်တွား ပြေးနိုင်တဲ့အရွယ်ရောက်တော့ ငိုရတာတွေကော မရှိဘူးလား (ရှိပါတယ် ဘုရား)။

# အဝိုင်းပြေး ပြေးလာခဲ့ရတယ်

ကျောင်းသူ ကျောင်းသားဘဝ ငိုရတာတွေကော မရှိဘူးလား (ရှိပါတယ် ဘုရား)၊ ရှိပါတယ်၊ အိမ်ထောင်သားမွေးဘဝ ငိုရတာတွေကော မရှိဘူးလား (ရှိပါတယ် ဘုရား)၊ တဖြည်းဖြည်း စီးပွားရေးလုပ်တဲ့ အရွယ်တွေမှာကော ငိုရတာ မရှိဘူးလား (ရှိပါတယ် ဘုရား)၊ တဖြည်းဖြည်း အရွယ်တွေကကြီး ငါးဆယ်ကျော် ခြောက်ဆယ်၊ တဖြည်းဖြည်းဖြစ်လာတဲ့ အခါ ငိုရတာတွေကော (ရှိပါတယ် ဘုရား)၊ ရှိပါတယ်၊ ခြောက်ဆယ်၊ ခုနစ်ဆယ်၊ ရှစ်ဆယ်၊ ကိုယ့်အလိုဆန္ဒ မပြည့်ဝလို့ ငိုရတာတွေကော ရှိပါတယ်၊ နောက်တော့ အိပ်ရာဖျာကပ်ဘဝရောက် သေခါနီးကျတော့ ကော မျက်ရည်ကြီးပေါက်ကြီးတွေ ကျတာ မရှိဘူးလား (ရှိပါတယ်ဘုရား)၊ အို. . . ခေါင်းအုံးပေါ် . . . ပေါက်. . . ပေါက်နဲ့ ပါးပြင်ပေါ်မှာ လိမ့်ဆင်း လာကြတာလေ၊ ဒီလိုဆိုတော့ တစ်ဘဝလုံး မျက်ရည်တွေနဲ့ စပြီးတော့ မျက်ရည်တွေနဲ့ အလယ်၊ နောက်ဆုံး မျက်ရည်တွေနဲ့ပဲ ဆုံးတာမဟုတ် လား (မှန်လှ ပါဘုရား)၊ အို. . . ဘဝဟာ သာယာစရာလားလို့ အောက်မေ့ ပါတယ်၊ လက်စသတ်တော့ မျက်ရည်တွေနဲ့ တည်ဆောက်ထားတာပါ လား၊ ဒီလိုဖြစ်မနေဘူးလား (ဖြစ်နေပါတယ် ဘုရား)။

ဟုတ်တယ်၊ အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်က ပြောတာ၊ တစ်နေရာမှာဆိုလို့ရှိရင်လေ၊ လူတွေဟာ ငိုလို့ကျတဲ့ မျက်ရည်တွေ ခွက်နဲ့ခံထား၊ အခုတော့ ခံထားမယ့်သူ မရှိလို့သာ မျက်ရည်တွေက ခန်းခန်းကုန်တာ၊ ခံထားမယ့်သူလည်း ရှိတယ်၊ မျက်ရည်တွေကလည်း မခန်းဘူးဆိုရင် တစ်ခါကျလို့ ငိုလို့ကျတဲ့ မျက်ရည်တွေ ခွက်နဲ့ခံမှာပေ့ါ၊ ကြာရင် ဒီခွက်ကြီး ပြည့်မလာဘူးလား (ပြည့်လာပါတယ် ဘုရား)။

ခွက်ကြီးပြည့်လို့ရှိရင် ဟော. . . လက်ဆွဲပုံးတွေထဲ လောင်းထည့်

မယ်၊ မျက်ရည်တွေကလည်း မခန်းဘူးပေါ့လေ၊ ကြာရင် လက်ဆွဲပုံးတွေ ပြည့်မှာပေါ့၊ လက်ဆွဲသံပုံးတွေ ပြည့်လို့ရှိရင် လေးထောင့်သံပုံးထဲလောင်း ထည့်၊ ကြာရင် လေးထောင့်သံပုံးလည်း ပြည့်မှာပဲ။

## ကရွတ်ခွေ ကင်းလျှောက်သလို

လေးထောင့်သံပုံးတွေ ပြည့်တော့ ပီပါထဲ လောင်းပေါ့၊ ဒီလိုဆို ရင် ပီပါကြီး ပြည့်မှာပေါ့၊ ပီပါကြီး ပြည့်တဲ့အခါကျတော့ အုတ်ကန်ကြီးထဲ ထည့် အုတ်ကန်ကြီးတွေလည်း လျှံမှာပဲ၊ အုတ်ကန်ကြီးတွေ လျှံတော့ မြေကန်ထဲ ပြောင်းပေါ့၊ မြေကန်ကြီးတွေကော မလျှံပေဘူးလား (လျှံပါတယ် ဘုရား)။

မြေကန်ကြီးတွေ လျှံတဲ့အခါကျတော့ ချောင်းတွေ၊ မြောင်းတွေထဲ လောင်း၊ ချောင်းတွေ၊ မြောင်းတွေလည်း လျှံမှာပဲ၊ ချောင်းတွေ၊ မြောင်း တွေလျှံတော့ မြစ်တွေထဲပေါင်းပေါ့၊ မြစ်တွေလည်း (လျှံပါမယ် ဘုရား)၊ လျှံမှာပဲ၊ နောက်တော့ မြစ်တွေက လျှံတော့ တရွေ့တရွေ့နဲ့ စီးသွားလိုက် တာ ပင်လယ်သမုဒ္ဒရာထဲ ရောက်၊ အဲဒီလူတစ်ယောက်ကျတဲ့ မျက်ရည် တွေဟာ ဘဝတွေက များလွန်းလို့ စုမယ်ပေါင်းမယ်ဆိုလို့ရှိရင် သမုဒ္ဒရာ လေးစင်းထဲက ရေတွေထက်တောင် များနိုင်စရာရှိတယ်ဟဲ့၊ ဘုရားကိုယ် တော်မြတ်ကြီးပြောတာ။

ဒီတော့ ဘုန်းကြီးတို့တစ်တွေ ဒကာ၊ ဒကာမတို့တစ်တွေ လာခဲ့ ရတာ ကြာလှပြီ၊ ဘဝတွေက များလှပြီ၊ ဘဝတွေ ရတိုင်းရတိုင်း ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ အေး. . . ကိုယ်က အကောင်းမှတ်လို့ တကယ်ဆို တော့ ဘဝတွေ ရတိုင်းရတိုင်း မျက်ရည်တွေနဲ့ တည်ဆောက်ရတာမဟုတ် လား (မှန်လှပါ ဘုရား)။

တစ်ယောက် တစ်ယောက်ကျတဲ့ မျက်ရည်တွေတောင်မှ သမုဒ္ဒရာလေးစင်းထဲက ရေတွေထက်တောင် များနိုင်စရာရှိတယ်ဆိုပဲ့လား (မှန်လှပါ ဘုရား)၊ ဘုန်းကြီးတို့တစ်တွေက မသိလို့၊ ဒီလိုဆိုရင် ဘဝတွေ များတိုင်းများတိုင်း မျက်ရည်တွေနဲ့ လာခဲ့ရတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ကရွတ်ခွေ ကင်းလျှောက်သလို ထွက်ပေါက်မတွေ့အောင် ချာချာကြီးလည်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)။

## ပဋိစ္စသမုပ္ပာဒ် ဆက်မပတ်အောင်

အခုထိအောင် ထွက်ပေါက်တွေ့ပြီလား (မတွေ့သေးပါဘူး ဘုရား)၊ မတွေ့သေးဘူး၊ ငိုရတုန်းပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . အငိုမရပ်ချင်ကြသေးဘူးလား (ရပ်ချင်ပါတယ် ဘုရား)၊ ရပ်ချင်ကြတော့၊ တော်တော့၊ အငိုဝကြတော့၊ ဘုရားကိုယ်တော်မြတ်ကြီးကလည်း ပြောတယ်၊ အငိုရပ်ကြတော့ဟဲ့၊ ပြောပါတယ်၊ ဒီတော့ ရပ်ကြတော့ အငိုရပ်ချင်လို့ရှိရင် ပဋိစ္စသမုပ္ပာဒ် ဆက်မပတ်အောင် လုပ်ရမယ် (မှန်လှပါ ဘုရား)၊ ပဋိစ္စသမုပ္ပာဒ်ဆက်ပြီးတော့ မပတ်အောင်လုပ်ရမယ် (မှန်လှပါ ဘုရား)။

ဒီလိုဆိုရင် ပဋိစ္စသမုပ္ပာဒ် ထွက်လမ်းသိအောင်လုပ်ရမှာပေါ့ (မှန်လှပါ ဘုရား)၊ အခုထိအောင်တော့ ဘုရားကိုယ်တော်မြတ်ကြီးက ဒီသဘောပဲ၊ ပဋိစ္စသမုပ္ပာဒ် ချာချာကြီး လှည့်ပတ်ပြီးတော့ သုံးဆယ့်တစ်ဘုံ အပြင်ဘက် မထွက်နိုင်အောင် လှည့်ပတ်နေတဲ့ သဘောကို ပြောတုန်း မဟုတ်လား (မှန်လှပါ ဘုရား)၊ အငိုရပ်ချင်တယ်ဆိုရင် ပဋိစ္စသမုပ္ပာဒ် ဖြတ်တတ်အောင် လုပ်ရမှာပေါ့ (မှန်လှပါ ဘုရား)။

အေး. . . ပဋိစ္စသမုပ္ပာဒ် ဖြတ်နိုင်လို့ရှိရင် အငိုလည်း ရပ်မယ်

မဟုတ်လား (မှန်လှပါ ဘုရား)၊ မျက်ရည်တွေလည်း ရပ်ကြမယ်၊ အေး . . . မျက်ရည်ရပ်နိုင်အောင်၊ အငိုတွေလည်း ဖြတ်နိုင်အောင် နောက်ရက်တွေမှ ပဋိစ္စသမုပ္ပာဒ် ဖြတ်ပုံဖြတ်နည်းတွေကို ဟောပါမယ်၊ ဒီကနေ့တော့ဖြင့် အချိန်စေ့ပြီဖြစ်၍ တော်ကြဦးစို့ ။ ။

သာဓု . . . သာဓု . . . သာဓု

# ပဋိစ္စသမုပ္ပာဒ်နှင့် ကမ္ဘာ ဘဝ ရှင်းတမ်း

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အကြောင်းအရာတစ်ခုခုနဲ့ စပ်ပြီးတော့ တရားဟောတော့မယ်ဆိုလို့ရှိရင်-

**“တံသုဏာထ သာဓုကံ မနသိကရောထ”** လို့ မိန့်ဟတော်မူလေ့ရှိပါတယ်၊ **တံသုဏာထ-** အခုဟောမဲ့ တရားတော်ကို နားစိုက်ကြကုန်လော့၊ **သာဓုကံ-** ကောင်းမွန်စွာ၊ **မနသိကရောထ-** အသည်းနှလုံးထဲမှာ စွဲပြီးတော့ ကျန်ရစ်အောင် စိတ်ထဲမှာထားကြကုန်လော့၊ ဒီလို အဓိပ္ပာယ် ရပါတယ်၊ ဒီအဓိပ္ပာယ်တွေကိုပဲ အတုယူပြီးတော့ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးက လည်း တရားကိုနာကြ၊ တရားကိုပဲ နှလုံးသွင်းကြလို့ အကျဉ်းမျှ တိုက်တွန်း

တော်မူလေ့ရှိတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . ဒီသဘော၊ ဒီမူစနစ်တွေ မယွင်းရအောင် ဘုန်းကြီးကလည်း အကျဉ်းမျှပဲ တိုက်တွန်းပါတယ် (မှန်လှပါ ဘုရား)။

အေး. . . အစပိုင်းဆိုတော့ ပဋိစ္စသမုပ္ပါဒ်ကိုပဲ ကျေအောင်၊ ညက်အောင် အခြေခံရဦးမှာပေါ့နော် (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ပဋိစ္စသမုပ္ပါဒ်ကို ပေါ့ပေါ့လေး သဘောထားလို့မရပါဘူး။

## ပဋိစ္စသမုပ္ပါဒ်ကို နားလည်ဖို့ ခက်ခဲတယ်

တစ်ခါဟာတုန်းက အရှင်အာနန္ဒာက ဘုရားသွားလျှောက်ဖူးတယ်၊ **အစ္ဆရိယံ ဘန္တေ အဗ္ဘုတံ ဘန္တေ** အံ့သြစရာပဲဘုရား၊ မင့်ဘာတွေ အံ့သြနေသလဲ၊ သူများတွေက ပြောကြတယ်ဘုရား၊ ပဋိစ္စသမုပ္ပါဒ် ခက်တယ်၊ ခက်တယ်နဲ့ တပည့်တော်တော့လည်း လွယ်လွယ်ပဲ အောက်မေ့ပါတယ်လို့ လျှောက်တာကိုး၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက တားတယ်၊ **မာဟေဝံ အာနန္ဒ အဝစ**၊ **မာဟေဝံ အာနန္ဒ**၊ မင်းဒီလို မပြောလိုက်ပါနဲ့ကွယ်၊ ပဋိစ္စသမုပ္ပါဒ်များ လွယ်တယ်လို့ မင်းဒီလိုမဆိုလိုက်ပါနဲ့ကွယ်၊ ဒီလိုကိုး ဘုရားကိုယ်တော်မြတ်ကြီးက တားယူရတာ၊ အမယ်. . . ဒီပဋိစ္စသမုပ္ပါဒ်ကလေ **ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာ ဝစရော နိပုနော ပဏ္ဍိတ ဝေဒနိယော** မလွယ်ဘူးကွဲ့၊ ပဋိစ္စသမုပ္ပါဒ်ဆိုတာ သိဖို့ ခက်ခဲတယ်၊ မြင်ဖို့ နက်နဲတယ်၊ မလွယ်တဲ့တရားပါကွယ်၊ ကျယ်လည်းကျယ်တယ်၊ ဒီပဋိစ္စသမုပ္ပါဒ်ဆိုတာက အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီလိုမဟုတ်လား၊ အဲဒီသဘောတရားက အင်မတန်ကျယ်ဝန်းပါတယ်ကွဲ့၊ ဒီသဘောတရားတွေ နားမလည်ခြင်းကြောင့်ပဲ သတ္တဝါတွေဟာလေ ဘဝသံသရာထဲမှ မလွတ်

မြောက်နိုင်အောင် ဖြစ်နေကြတာ၊ အကြောင်းနဲ့အကျိုး နားမလည်လို့ဘဲ၊ **တန္တာ ကုလက ဇာတာ** ရက်ကန်းသည်မရဲ့ ချည်ခင်ထွေးလို ဉာဏ်ထဲမှာ ရှုပ်ထွေးပြီးတော့ နေရသည်ဖြစ်၍၊ ဘုန်းကြီးတို့ အကြောင်းရယ်၊ အကျိုးရယ် နားမလည်တော့ သတ္တဝါတွေရဲ့သန္တာန်မှာ အကြောင်းအရာတစ်ခုခု ကို ပြုစုတော့မယ်၊ စဉ်းစားတော့မယ်ဆိုရင် ရှုပ်ထွေးနေတာ မဟုတ်လား (မှန်လှပါ ဘုရား)။

## သိဖို့ခက်ခဲ မြင်ဖို့နက်နဲတယ်

အဲဒါ ဥပမာပေးတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးက ရက်ကန်းသည်မရဲ့ ချည်ခင်ထွေး၊ ဘာတဲ့တုံး (ရက်ကန်းသည်မရဲ့ ချည်ခင်ထွေး ပါဘုရား)၊ ရက်ကန်းစင်မှာ ရက်ကန်းရှယ်ထားတယ်၊ အဲဒါ ကြွက်ကိုက်လို့ ပြုတ်ကျတော့ အစတွေ ဖွာစလီကျဲ ကျပြီးတော့နေတော့ အဲဒီမှာ သွားကြည့်မယ်ဆိုရင် လေကလည်း တိုက်ထားတော့ တလွင့်လွင့်၊ တလူလူနဲ့ ဘယ်ဟာအစ၊ ဘယ်ဟာအဆုံး ခွဲခြားရပ့်မလား (မရပါဘူး ဘုရား)၊ အဲသလိုကို ရှုပ်ထွေးနေတာ၊ အဲသလိုပဲ၊ သတ္တဝါတွေရဲ့သန္တာန် ဉာဏ်ထဲမှာလေ၊ **တန္တာ ကုလက ဇာတာ**- ရက်ကန်းသည်မရဲ့ ချည်ခင် ထွေးလို ဉာဏ်ထဲမှာ ရှုပ်ထွေးပြီးတော့ နေရသည်ဖြစ်၍၊ အင်း. . . ဥပမာ ပေးတာ၊ နောက်တစ်ခုက **ကုလ ဂဏ္ဌိက ဇာတာ**- စာပေါင်းသိုက်ငှက် ကလေးတို့ရဲ့ မြက်မျှေးလို ရှုပ်ထွေးပြီးတော့ နေရသည်ဖြစ်၍၊ စာပေါင်းသိုက် ငှက်ဆိုတာ အမြင့် အုန်းပင်တို့လို၊ ထန်းပင်တို့လို မြင့်မြင့်မှာ တက်ပြီးတော့ အသိုက်ကလေးတွေ ဆွဲပြီးတော့ လုပ်တာတွေ ရှိတယ်နော် (မှန်လှပါ ဘုရား)၊ အဲဒါလေးတွေများ ပြုတ်ကျတဲ့အခါ ကောက်ကြည့်စမ်းကြည့် ပါလား၊ မြက်ကလေးတွေ ဟိုဘက်ကနေ ဒီဘက်ထိုး၊ ဒီဘက်ကနေ

ဟိုဘက်ထိုး၊ ဘယ်ဟာအရင်း၊ ဘယ်ဟာအဖျား ခွဲခြားလို့ရမလား (မရပါဘူး ဘုရား)၊ မရနိုင်လောက်အောင် ရှုပ်ထွေး၊ အဲသလိုပဲ ဉာဏ်ထဲမှာ ရှုပ်ထွေးပြီးတော့ နေတာ၊ ဒါကို ဘုရားကိုယ်တော်မြတ်ကြီးက မြင်သာအောင် ဥပမာတင်ပြောနေတာ မဟုတ်လား၊ **ကုလ ဂဏ္ဌိက ဇာတာ-** စာပေါင်းသိုက်ငှက်ကလေးတို့ရဲ့ မြက်မွေးလို ရှုပ်ထွေးပြီးတော့ နေရသည်ဖြစ်၍ ဉာဏ်ထဲမှာ၊ အဲသလိုတွေဖြစ်ပြီးတော့ **မုဉ္ဇ ပဗ္ဗဇ ဘူတာ**၊ နောက်တစ်ခါ ဥပမာပေးသေးတယ်၊ ဖြူဆံမြက်၊ ပြိတ်မြက်တို့လို အရင်းအဖျား မသိအောင် ရှုပ်ထွေးပြီးတော့ နေရသည်ဖြစ်၍၊ ဖြူဆံမြက်တို့၊ ပြိတ်မြက်တို့ဆိုတာ ကြိုးကျစ်ရတဲ့လျှော်ပဲ။

## အကြောင်းအကျိုး နားမလည်ရင်

အဲဒီဥစ္စာကြိုးကျစ်၊ ပြတ်များကျလို့၊ ဆွေးလို့ ကောက်ကြည့်စမ်းကြည့်၊ သူကလည်း ဒီဘက်ကနေ ဟိုဘက်ထိုး၊ ဟိုဘက်ကနေ ဒီဘက်ထိုး၊ အရင်းအဖျား ခွဲခြားနားမလည်နိုင်အောင် ရှုပ်ထွေးနေတဲ့ အရာဝတ္ထုတစ်ခုပဲပေါ့ (မှန်လှပါ ဘုရား)၊ အဲဒါတွေကို ဘုရားကိုယ်တော်မြတ်ကြီးက ဥပမာပေးတယ်၊ အကြောင်းရယ် အကျိုးရယ် နားမလည်ဘူးဆိုမှဖြင့် ဟော. . . ခုနတုန်းကလိုပဲ ဉာဏ်ထဲမှာ ရှုပ်ထွေးပြီးတော့ နေကုန်ရော၊ အဲဒီလို ရှုပ်ထွေးပြီးတော့နေလို့ပဲ **အယံပဇာ**- ဤသတ္တဝါအပေါင်းသည်၊ **အပါယံ သံသာရံ နာတိ ဝတ္တတိ**- အပါယ်သံသရာ ဝဋ်ဒုက္ခကြီးမှမလွတ်မြောက်နိုင်အောင် ဖြစ်နေကြရတာ၊ ဒီလို ဘုရားကိုယ်တော်မြတ်ကြီးက ရှင်းပြပါတယ်၊ ပဋိစ္စသမုပ္ပာဒ်က ကျယ်ပါတယ်ကွဲ့၊ နက်လည်း နက်တယ်၊ ဟို. . . ရေကန်ကြီးတစ်ခု၊ ရေအိုင်ကြီးတစ်ခုနား သွားရပ်ကြည့်မယ်ဆိုရင် တချို့ရေအိုင်က နက်သလိုလိုနဲ့ ဆင်းကြည့်တော့ တိမ်တိမ်ပဲ၊

တချို့ရေအိုင်ကြီးတွေကျတော့ ကြည့်ရတာ နက်လည်းနက်တဲ့ အဓိပ္ပာယ် ရှိတယ်၊ ဆင်းကြည့်ပြန်တော့လည်း တကယ်လည်း နက်လည်း နက်တယ်၊ အဲသလိုပဲ **အယံ ပဋိစ္စသမုပ္ပာဒေါ**- ဒီပဋိစ္စသမုပ္ပာဒ် ဒေသနာတော်ကြီး ဟာ၊ **ဂမ္ဘီရောစ**- နက်လည်း နက်နဲလှပေ၏၊ **ဂမ္ဘီရာဝ ဘာသော စ**- နက်နဲတဲ့အရိပ်အယောင်လည်း ရှိပေ၏၊ ဒီဒေသနာတော်ကြီးကတော့ သူ့ကြည့်ရတာ နက်တဲ့အရိပ်အယောင်လည်း ရှိတယ်၊ ပြီးတော့ တကယ် ဆင်းကြည့်ပြန်လို့ရှိရင်လည်း တကယ်လည်း နက်လည်းနက်နဲပါတယ်ကွဲ့၊ ဒီဥစ္စာတွေ ပြောနေတာနော်၊ ပဋိစ္စသမုပ္ပာဒ် လွယ်တယ်ပြောတာ ဘုရား ကိုယ်တော်မြတ်ကြိုက်ရဲ့လား (မကြိုက်ပါဘူး ဘုရား)၊ မကြိုက်ဘူး၊ လွယ်တယ် မပြောပါနဲ့ကွဲ့၊ ကျယ်လွန်းလို့မှ. . .။

## ကျယ်လည်း ကျယ်၊ နက်လည်း နက်၊ ခက်လည်း ခက်

ဥပမာ ဘုန်းကြီးတို့ အခု ဟော. . . ကျောင်းသားတစ်ယောက်၊ ကျောင်းသူတစ်ယောက်ပဲ ဆိုပါတော့၊ စာမေးပွဲ ဝင်တယ် စာမေးပွဲ အောင်တယ် ရှုံးတယ်ဆိုတာတွေရှိတယ်၊ အင်း. . . ရှုံးတယ်၊ အောင် တယ်ဆိုတာလည်း အကြောင်းတွေရှိတာပေါ့၊ ကျောင်းသားတစ်ယာက် အောင်တယ်ဆိုတာ၊ အောင်မြင်တယ်ဆိုတာ အောင်မှာပေါ့၊ သူက ကျောင်းမှန်မှန်တက်တယ်၊ စာမှန်မှန်ကျက်တယ်၊ ဆရာ၊ ဆရာမတွေ ပြောတဲ့စကား နားထောင်တယ်၊ ရေးခဲ့ဟဲ့ဆိုရင် ရေးတယ်၊ ကျက်ခဲ့ဟဲ့ ဆိုရင် ကျက်တယ်၊ တွက်ခဲ့ဟဲ့ဆိုရင် တွက်တယ်၊ အဲသလို ဆရာခိုင်းတဲ့ အတိုင်း မှန်မှန်ကန်ကန်လုပ်တယ်လို့ဆိုတော့ ဒီကျောင်းသားဟာ စာမေးပွဲခန်းထဲလည်း ရောက်ကရော သိတာတွေနဲ့ချည်း တိုးမနေပေဘူး

လား (တိုးနေပါတယ် ဘုရား)၊ ဒီလိုဆိုလို့ရှိရင် စာကျက်တာတွေ၊ ဘာတွေ ဆိုတဲ့ဥစ္စာတွေက အကြောင်းတရားတွေ မဟုတ်လား၊ စာမေးပွဲအောင် ခြင်းဆိုတာက အကျိုးတရား၊ အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ ဆိုလို့ရှိရင် ပဋိစ္စသမုပ္ပာဒ်၊ ဒါပဲ မဟုတ်လား၊ ပဋိစ္စဆိုတာက အဖြောင့် ပြောကြမယ်ဆိုလို့ရှိရင် အကြောင်းတရားကို စွဲ၍ဆိုတာ အကြောင်း တရားကြောင့်ပါပဲ၊ သမုပ္ပာဒက ဖြစ်တယ်ဆိုတော့ အကျိုးတရားတွေ ဖြစ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အကြောင်းတရားကြောင့် အကျိုး တရားဖြစ်တာ၊ အကြောင်းတရားကြောင့် (အကျိုးတရားဖြစ်တာပါ ဘုရား)၊ ပါဠိလို ပဋိစ္စသမုပ္ပာဒ်၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ ဥစ္စာဟာ ပဋိစ္စသမုပ္ပာဒ်ပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲလိုပေါ့၊ အောင်မှာပေါ့၊ သူလုပ်တဲ့ အကြောင်းတရားတွေက မှန်မှန်ကန်ကန် ကောင်းကောင်းမွန်မွန်တွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီတော့ မှန်ကန်တဲ့ အကျိုးတရားရတယ် မဟုတ်လား (မှန်လှပါ ဘုရား)။

ကျောင်းသားတစ်ယောက်ကျတော့ စာမေးပွဲတွေ ကျရှုံးတယ်၊ ကျရှုံးမှာပေါ့၊ သူက ကျောင်းမှန်မှန်လည်း မတက်ဘူး၊ စာလည်း မှန်မှန် မကျက်ဘူး၊ ဟို သူငယ်ချင်း အပေါင်းအသင်းတွေနဲ့ လှည့်လည်ပြီးတော့ ဘယ်ီးဘယားနဲ့ အချိန်များနေတာ၊ အဲသလိုဆိုတော့ စာမေးပွဲခန်းထဲမှာ သူသိတာပါဦးမလား (မပါပါဘူး ဘုရား)၊ မပါဘူး၊ ဒီတော့ မရေးတတ်တဲ့ အတွက် ဟိုရေး ဒီရေးနဲ့ ဟော. . .'ဂေဇက်' ထွက်တဲ့အခါကျတော့ သူမပါဘူး၊ ကျရှုံးရတော့တာပေါ့၊ ဒီတော့ သူလုပ်နေတဲ့အကြောင်း တရား တွေက ကောင်းရဲ့လား (မကောင်းပါဘူး ဘုရား)၊ မကောင်းတဲ့အကြောင်း တရားတွေ လုပ်တယ်ဆိုတော့ မကောင်းကျိုးရတာ မဟုတ်လား (မှန်ပါဘုရား)။

# ကျယ်သယောင်လည်း ရှိတယ်၊ တကယ်လည်း ကျယ်ပြန့်တယ်

ပဋိစ္စသမုပ္ပာဒ် ဒီလိုမဟုတ်လား၊ ဟို လူတစ်ယောက် ချမ်းသာတယ်၊ ချမ်းသာမှာပေ့ါ၊ ချမ်းသာအောင် သူက လုံ့လဝီရိယရှိတယ်၊ အတွေးအခေါ် ရှိတယ်၊ အပေါင်းအသင်း မိတ်ဆွေတွေလည်း ရှိတယ်၊ အရင်းအနှီးတွေလည်း ပြည့်စုံတယ်၊ မိတ်ဆွေသူငယ်ချင်းတွေ အကူအညီလည်း ရတယ်ဆိုတော့ အဲဒီအကြောင်းတရားတွေက **ပဋိစ္စ**၊ အဲသလို အကြောင်းတရားတွေကို အစွဲပြုပြီးတော့ အကြောင်းတရားတွေကြောင့် **သမုပ္ပာဒ**- အကျိုးတရားတွေ ဖြစ်တယ်ဆိုတော့ ကောင်းတဲ့အကျိုးတရားတွေဖြစ်၊ ဘာတဲ့တုံး (ကောင်းတဲ့အကျိုးတရားတွေ ဖြစ်ပါတယ် ဘုရား)၊ ကောင်းတဲ့အကျိုးတရားတွေ ဖြစ်တယ်ဆိုတော့ ကောင်းတဲ့အကြောင်းတွေ ပြည့်စုံပြီးတော့နေအောင် လုပ်ထားတဲ့အတွက် ကောင်းတဲ့အကျိုးတွေ ရတယ်ဆိုတာ ချမ်းသာမှုဆိုတဲ့ ဥစ္စာတွေ ရတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါလည်း ပဋိစ္စသမုပ္ပာဒ်။

အမယ်. . . လူတစ်ယောက် ဆင်းရဲတယ်၊ ဆင်းရဲတယ်ဆိုတဲ့ အကျိုးရမှာပေ့ါ၊ ဆင်းရဲမှာပေ့ါ၊ ဒီလူက လုံ့လဝီရိယလည်း မရှိ၊ အသိဉာဏ်လည်း မရှိ၊ မိတ်ဆွေ အပေါင်းအသင်းရောင်းရင်းလည်း မရှိ၊ အရင်းအနှီးလည်း မရှိ၊ ဒီအထဲ လုံ့လဝီရိယက ညံ့လိုက်တာ၊ နေမြင့်အောင်အိပ်၊ ဒီပုဂ္ဂိုလ် ချမ်းသာချင်လို့ရမလား (မရပါဘူး ဘုရား)၊ သူ့ အကြောင်းတရားတွေက ကောင်းမှုမကောင်းဘဲနဲ့၊ အဲဒီမကောင်းတဲ့ အကြောင်းတရားတွေ စုဆောင်းပြီးတော့ ထားတာဆိုတော့ သူရတဲ့အကျိုးက ကောင်းကျိုးရပ့ါမလား (မရပါဘူး ဘုရား)၊ မကောင်းကျိုး၊ ဆင်းရဲတယ်ဆိုတဲ့ မကောင်းကျိုး လာရမှာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါလည်း အကြောင်း

ကြောင့် အကျိုးဖြစ်တယ်ဆိုတော့၊ အဲဒီမှာလည်း ပဋိစ္စသမုပ္ပာဒ်၊ အမယ်. . . ဒီလိုဆိုတော့ ပဋိစ္စသမုပ္ပာဒ်က နယ်အကျယ်ကြီးပေါ့၊ အကျယ်ကြီးပဲ၊ အဲဒါပြောတာ၊ မင့် ဒီလို မပြောလိုက်ပါနဲ့ကွယ်၊ ပဋိစ္စ-သမုပ္ပာဒ်များ လွယ်တယ်လို့ မလွယ်ပါဘူးကွဲ့၊ ကျယ်လည်း ကျယ်တယ်၊ နက်လည်း နက်တယ်၊ ခက်လည်း ခက်တယ်၊ ဘုရားကိုယ်တော်တိုင် ဒီလို ပြောယူရတာနော်၊ ပဋိစ္စသမုပ္ပာဒ်၊ ဘာတဲ့ (ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)၊ ဟုတ်တယ်၊ ပဋိစ္စသမုပ္ပာဒ်၊ ဒီလိုမဟုတ်လား။

## အကြောင်းကြောင့် အကျိုးဖြစ်တာပါ

ပဋိစ္စက အကြောင်းတရား၊ သမုပ္ပာဒ်ဆိုတာ သမုပ္ပာဒ၊ ဟုတ်ကဲ့နော်၊ ပဋိစ္စက အကြောင်းတရားကို စွဲ၍၊ သမုပ္ပာဒက အကျိုးတရားဖြစ်၊ အကြောင်းတရားကို စွဲ၍ အကျိုးတရားတွေဖြစ်၊ ဒါက စာသံပါနေတယ်၊ အကြောင်းတရားကို စွဲ၍ဆိုတာ အကြောင်းတရားကြောင့်ပါပဲ၊ ပဋိစ္စက ဘယ့်နှယ်တုံး (အကြောင်းတရားကြောင့်ပါ ဘုရား)၊ သမုပ္ပာဒက အကျိုးတရားတွေဖြစ်၊ အကြောင်းတရားကြောင့် အကျိုးတရားတွေဖြစ် ဆိုတာကို ပါဠိလိုသုံးရင် ဘယ့်နှယ်တုံး (ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)၊ ဒီသဘောတရားတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ လောကကြီးတစ်ခုလုံး အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီသဘောတွေ။

ဘုရားကိုယ်တော်မြတ်ကြီး ပွင့်တော်မူစ ရာဇဂြိုဟ်မြို့ထဲမှာ အရှင်အဿဇိ ကိုယ်တော်လေး ဆွမ်းခံတာ၊ အရှင်အဿဇိ ကိုယ်တော်လေးဆိုတာ ပဉ္စဝဂ္ဂီငါးဦးထဲမှာ အငယ်ဆုံးကိုယ်တော်လေး မဟုတ်လား (မှန်လှပါ ဘုရား)၊ ဆွမ်းခံကြွတာ၊ သက်န်းကလေး ချပ်ချပ်ရပ်ရပ်ရုံလို့ မျက်နှာနေမျက်နှာထားလေးကလည်း ဣန္ဒြေသိက္ခာရှိရှိ ဟိုကြည့်၊ ဒီကြည့်

မကြည့်ဘူး၊ မနေးမမြန် သပိတ်ကလေး ပိုက်ပြီးတော့ကြွနေတာ၊ ဘေးကနေကြည့်ရတာကကို ကြည့်လို့ကောင်းတယ်၊ အဲဒီမယ် နောက်ပိုင်းက ခပ်လှမ်းလှမ်းက ပါလာတာက အရှင်သာရိပုတ္တရာ အလောင်းအလျာပေါ့၊ ဒီတုန်းကတော့ အရှင်သာရိပုတ္တရာ မဖြစ်သေးပါဘူး၊ သူလည်းပဲ သိဥ္စည်းဆရာကြီးတွေထံမှာ ကျင့်ပြီးတော့ နေတာ၊ ရသေ့ပေါ့၊ သူ့ငယ်နာမည်က ဥပတိဿ၊ ဘယ်သူတဲ့တုံး (ဥပတိဿပါ ဘုရား)၊ အရှင်သာရိပုတ္တရာရဲ့ ငယ်နာမည်က (ဥပတိဿပါ ဘုရား)၊ ဥပတိဿဆိုတဲ့ရသေ့ ခပ်ရွယ်ရွယ်၊ သူလည်းပဲ ဆွမ်းခံကြွ၊ သူတို့ကတော့ တိတ္ထိဆရာတွေရဲ့ တပည့်ဆိုတော့ ဆွမ်းခံတာ ဘုရားသားတော်တွေလို သပိတ်နဲ့ မဟုတ်ပါဘူး၊ တောင်းကြီးနှစ်လုံးကို အလယ်ကောင်ကနေ ထမ်းပိုးနဲ့လျှိုထမ်းတာပေါ့၊ မြို့ထဲလျှောက်လည်၊ သူတို့လည်း ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ ရှိတာပဲ၊ ဆန်ရ ဆန်ထည့်၊ ဆီရ ဆီထည့် အကုန်လုံး၊ ငှက်ပျောသီးအကုန်လုံး၊ ဒီထဲ ရတာဟူသမျှ စားဖွယ်၊ သောက်ဖွယ်တွေ တောင်းကြီးနှစ်လုံးနဲ့ ရှေ့နဲ့နောက် ထည့်တာပေါ့၊ ဘာလုပ်တာတုံး (ဆွမ်းခံတာပါဘုရား)၊ ဘယ်သူပါလိမ့် (အရှင်သာရိပုတ္တရာ အလောင်းအလျာပါဘုရား)၊ ငယ်နာမည်က ဥပတိဿ။

## အမူအရာ ဣန္ဒြေသိက္ခာ တည်ငြိမ်တာကြောင့်

ရှေ့ကကြွနေတဲ့ ကိုယ်တော်လေး သူက မြင်တော့ တယ်ကြည့်လို့ကောင်းပါလား၊ ဒီကိုယ်တော်လေးသွားတာ တယ်ကြည့်လို့ ကောင်းတယ်၊ ကြည့်လို့ကောင်းတယ်၊ ကေန္တ သူ့ဝမ်းထဲ တရားရှိမှာပဲ၊ အမယ်. . . ဒီလိုကိုး ဆုံးဖြတ်တာ၊ ဒါ စကားမပြောရသေးဘူးနော်၊ အမူအရာကြည့်ရုံနဲ့ သူ့ဝမ်းထဲမယ် တရားရှိရမယ်လို့ ဒီလိုဆုံးဖြတ်တာ မဟုတ်လား (မှန်လှပါ

ဘုရား)၊ ဒါဘာပြုလို့လဲလို့ဆိုတော့ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာ ကြွေသိက္ခာလေး ရှိတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . ကြည့်ပါဦး၊ ဘုန်းကြီးတို့ယောဂီတွေ ဒီဥစ္စာလေး သတိပြုစမ်းပါ၊ သတိပြုစမ်းပါ၊ ယောဂီ တရားရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ ကြွေသိက္ခာရှိရမှာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ အဲသလိုလေး လုပ်လိုက်ကြစမ်းပါ၊ ဟိုမှာ စကားတောင် မပြောရသေးဘူး၊ သွားတာ၊ လာတာ၊ နေတာ၊ ထိုင်တာလေး သိက္ခာရှိတာ ထောက်သောအားဖြင့် ဧကန္တ သူ့ဝမ်းထဲ တရားရှိရမယ်လို့ ဒီလိုကိုး ဆုံးဖြတ်ပစ်လိုက်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါနဲ့ နောက်ကလိုက်၊ နောက်ကလိုက်၊ ဟော. . . တော်တော်လေးလည်း ကြာရော၊ သူ့တစ်ပါးစာ ဝလောက်တော့ ပြန်လှည့်တယ် ပြန်လှည့်တော့ သူလည်း လိုက်တာပဲ၊ ဒီကိုယ်တော်လေးနဲ့ စကားပြောချင်တာကိုး၊ အဲဒီတင် ဇရပ်ကလေးတစ်ခုပေါ်မှာ တက်သွားတော့ အဲဒီပေါ်တက်လိုက်၊ ဘာများလုပ် မလို့ပါလိမ့်၊ အမယ်. . . ထိုင်မလို့ကိုး၊ ထိုင်မလို့ဆိုတာ သိတာနဲ့ တံမြက်စည်းလေး နံရံထောင်ထားတဲ့ တံမြက်စည်းကလေး ယူတဲ့ပြီးတော့ ဖုန်ကလေး ဘာလေး လှည်းပေးလိုက်တယ်၊ အကူအညီလုပ်တာပေါ့၊ အဲသလိုလေးတွေနဲ့ လုပ်ပြီးတော့ ဆွမ်းဘုဉ်းပေးတယ်၊ အဲဒီဥစ္စာကို ကြည့်ပြီးတော့ သူက စောင့်ပြီးတော့ နေတယ်၊ ဟိုက ဆွမ်းလည်း ဘုဉ်းပေးပြီးရော အနားနားကပ်ပြီး လျှောက်တော့တာ၊ အရှင်ဘုရား တပည့်တော်က စောစောကအတိုင်း အရှင်ဘုရားနောက်က ပါနေတာ၊ အရှင်ဘုရား ကြည့်ရတာ အင်မတန်သိက္ခာ ရှိပါတယ်၊ အဲဒါ အရှင်ဘုရားဝမ်းထဲလည်း တရားရှိရမယ်လို့ တပည့်တော် ယုံကြည်ပါတယ် ဘုရား၊ အဲဒါကြောင့် တပည့်တော်တို့ကိုလည်း တရားလေး ဘာလေး ဟောစမ်းပါ၊ ဒီလိုတောင်းပန်တယ်နော် (မှန်လှပါ ဘုရား)၊

အရှင်သာရိပုတ္တရာ အလောင်းအလျာက တောင်းပန်တာ မဟုတ်လား (မှန်လှပါ ဘုရား)။

## အကျိုးတရားဟူသမျှ အကြောင်းတရားက စတယ်

အဲလို တောင်းပန်တယ်၊ အရှင်ဘုရား တရားလေး ဘာလေး ဟောစမ်းပါဆိုတော့၊ အို. . . ကျွန်ုပ်က သာသနာ့ဘောင်ရောက်တာ မကြာသေးပါဘူး၊ တရားများများစားစား မဟောတတ်ပါဘူး၊ ဒီလိုပြော တာကို၊ ကိစ္စမရှိဘူး အရှင်ဘုရား၊ များဖို့ မများဖို့ အရေးမကြီးပါဘူး၊ နည်းနည်းပဲဖြစ်ဖြစ် ဟောတော်မူပါလို့ ဒီလိုတောင်းပန်တယ်၊ အဲဒီတင် ဟောပါတယ်၊ **ယေ ဓမ္မာ ဟေ တုပ္ပ ဘဝါ၊** ဟောတယ်နော်၊ **ယေ ဓမ္မာ ဟေ တုပ္ပ ဘဝါ၊ ယေ ဓမ္မာ-** အကြင်အကျိုးတရားဟူသမျှတို့ သည်၊ **ဟေ တုပ္ပ ဘဝါ-** အကြောင်းတရားလျှင် အစအမွန်ရှိကုန်၏၊ အဓိပ္ပာယ်ကနော်၊ **ယေ ဓမ္မာ ဟေ တုပ္ပ ဘဝါ၊** ဒီလောက်ဟောကာ ရှိသေးတယ်၊ ရှင်သာရိ ပုတ္တရာရဲ့ အလောင်းအလျာက ဉာဏ်ကြီးတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ဆိုတော့ သဘော ပေါက်ပြီးတော့ ဒိန်းခနဲ ဖြစ်လာပါတယ်၊ သူ့ အဓိပ္ပာယ်က **ယေ ဓမ္မာ-** အကြင်အကျိုးတရား ဟူသမျှတို့သည်၊ **ဟေ တုပ္ပ ဘဝါ-** အကြောင်း တရားလျှင် အစအမွန်ရှိကုန်၏၊ အကျိုးတရားဟူသမျှ အကြောင်း တရားက စတာ၊ အကျိုးတရားဟူသမျှ အကြောင်းတရားက စတာ ဆိုတော့ အဖြောင့်ပြောမယ်ဆိုရင် အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီအဓိပ္ပာယ်ပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ အကြောင်းကြောင့် အကျိုး ဖြစ်၊ ဟာ. . . ဝမ်းကိုသာ သွားတာပဲ၊ **ယေ ဓမ္မာ ဟေ တုပ္ပ ဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟာ၊** ကျွန်ုပ်တို့ဆရာက အဲဒီအကျိုး

တရားတွေရဲ့ အကြောင်းရင်း အကြောင်းရင်းကို ဟောလေ့ဟောထ ရှိပါတယ်၊ ဒါလောက် ပြောရုံနဲ့ကို သဘောပေါက်သွားပြီးတော့ ဒိန်းခနဲ ပွင့်သွားတာပဲ၊ အဲဒီတင် သူ သောတာပန်ဖြစ်သွားတာ၊ ဉာဏ်ကလည်း ကြီးတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟိုတုန်းက မကြားဖူးပါဘူး ဒီစကားမျိုး၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီစကားလုံးနော်၊ ဟုတ်တယ်၊ ခဲတောင့်ခဲယဉ်း။

## အကြောင်းတရားကြောင့် အကျိုးတရားဖြစ်

ကြည့်စမ်း၊ အဲဒီ အရှင်သာရိပုတ္တရာဆိုရင် လက်ျာတော်ရံ ဖြစ်ရ မှာမဟုတ်လား (မှန်လှပါ ဘုရား)၊ လက်ျာတော်ရံ ဖြစ်ရဖို့အရေး တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်ရတာ၊ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကျင့်မှ လက်ျာတော်ရံ ဖြစ်ရတာနော်၊ ဒီအတောအတွင်း ဒီစကားမျိုး မကြားဖူးပါဘူး၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ပါဠိလိုတော့ ဘယ့်နှယ် တုံး (ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)၊ ပဋိစ္စသမုပ္ပာဒ်၊ ခုမှ ကြားဖူးတယ်၊ ဒိန်းခနဲ ပွင့်သွားပြီးတော့၊ ဟုတ်ပ့ါ လောကကြီးတစ်ခုလုံး အကြောင်းကြောင့် အကျိုးဖြစ်နေတာလို့ ဒီလိုသိလိုက်တာနဲ့ တစ်ပြိုင်နက် ဉာဏ်တွေ ချဲ့ပြီး တော့ သိပြီးတော့ အဲဒီတင် သောတာပန် ဖြစ်သွားတာ (မှန်လှပါ ဘုရား)၊ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတဲ့ စကားလုံးကြားလိုက်ရုံနဲ့ သူ ဘာဖြစ်သွား (သောတာပန်ဖြစ်သွားပါတယ် ဘုရား)၊ ကြည့်စမ်း၊ ဒီတစ်လုံး ကြားရုံနဲ့နော်၊ ဘုန်းကြီးတို့တစ်တွေဖြင့် ဒကာ၊ ဒကာမတို့တစ်တွေဖြင့် ခဏခဏ ကြားရတာ၊ ဘာဖြစ်တုံး၊ ဘာမှမဖြစ်ဘူး၊ ဟိုမယ်. . . တစ်ခု တစ်ကြိမ် ကြားရရုံနဲ့ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလို ဖြစ်သွား တာတဲ့၊ ကြည့်စမ်း၊ ယေ ဓမ္မာ ဟေ တုပ္ပ ဘဝါ၊ အကျိုးတရားဟူသမျှ

ဘယ့်နှယ်တုံး၊ အကြောင်းတရားက စတာ၊ အဖြောင့်ပြောမယ်ဆိုရင် အကြောင်းကြောင့် အကျိုးဖြစ်တာ၊ သြော်. . . အဲသလိုတွေကိုး၊ ဒါဖြင့် နေရာတကာ အကြောင်းကြောင့် အကျိုးဖြစ်တာတွေပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . ဒီသဘောတွေ ဒီကနေ့ ပြောရမယ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အဲဒါကြောင့် ကျေအောင်၊ ညက်အောင်၊ ဒီကနေ့ ထပ်ခြေရမယ်လို့ ဒီလိုပြောတာပါ။

## ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂- ပါး

အေး. . . ဒီလိုဆိုလို့ရှိရင် ဘုန်းကြီးတို့ ကဲ. . . ပဋိစ္စသမုပ္ပာဒ် ဆိုလို့ရှိရင် မနေ့တုန်းက အကွက်ကြီးလေးကွက် ကွက်ပြီးတော့ တစ်အကွက်ထဲမှာ အဝိဇ္ဇာနဲ့သင်္ခါရ နှစ်လုံးထည့်ခဲ့တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ နှစ်အကွက်ထဲကျတော့ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား)၊ ဘယ်နှလုံးပါလိမ့် (ငါးလုံးပါ ဘုရား)၊ ဟုတ်တယ်၊ နှစ်အကွက်ထဲကျတော့ ငါးလုံးထည့်ခဲ့ တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်ပြီ၊ သုံးအကွက်ထဲကျတော့ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ သုံးလုံးထည့်ခဲ့တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ သုံးလုံးထည့်ခဲ့ပါ တယ်၊ လေးအကွက်ထဲကျတော့ ဇာတိနဲ့ ဇရာမရဏ၊ ဘာတဲ့တုံး (ဇာတိနဲ့ ဇရာမရဏပါ ဘုရား)၊ အေး. . . ဟောဒီ စာလုံးတွေရဲ့ ကိုယ်စား ဒီကနေ့ ခွက်ကလေးတွေနဲ့ ပြောမယ်နော်။

တစ်အကွက်ထဲမှာ အဝိဇ္ဇာနဲ့သင်္ခါရ၊ ဒီနှစ်လုံးရဲ့ကိုယ်စား ခွက်ကလေးနှစ်လုံး ထားလိုက်ပြီနော် (မှန်လှပါ ဘုရား)၊ နှစ်အကွက်ထဲ ကျတော့ (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာပါ ဘုရား)၊

ငါးလုံးရဲ့ ကိုယ်စား ခွက်ကလေးငါးလုံးထားတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ သုံးအကွက်ထဲကျတော့ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝပါ ဘုရား)၊ သုံးလုံးရဲ့ကိုယ်စား ခွက်ကလေးသုံးလုံးထားတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ပြီးတော့ လေးအကွက်ထဲကျတော့ (ဇာတိ၊ ဇရာမရဏပါဘုရား)၊ အဲလိုဆိုတော့ နှစ်လုံးရဲ့ကိုယ်စား ခွက်ကလေးနှစ်လုံး ထားတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုထားပြီးတော့ ထပ်ပြီးတော့ ကျေအောင်၊ ညက်အောင် ခြေရမှာ၊ ဒီပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂- ပါး၊ အကြောင်းတရား အကျိုးတရား ဒီလိုလည်နေတဲ့ အကြောင်းကို မနေ့တုန်းက စခဲ့ပါတယ်၊ တစ်အကွက်ထဲက အဝိဇ္ဇာနဲ့သင်္ခါရ၊ သူတို့နှစ်ခုပေါင်းက အကြောင်း တရားလို့ ပြောခဲ့ပါကော၊ နှစ်အကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ- ယတန၊ ဖဿ၊ ဝေဒနာ၊ အဲဒီငါးမျိုးက အကျိုးတရား၊ ပြောခဲ့တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ သုံးအကွက်ထဲကျတော့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဲဒီသုံးမျိုးက အကြောင်းတရား၊ လေးအကွက်ထဲက ဇာတိနဲ့ ဇရာမရဏက အကျိုးတရား၊ ဩော် . . . တစ်အကွက်က အကြောင်း၊ နှစ်အကွက်က အကျိုး၊ သုံးအကွက်က အကြောင်း၊ လေးအကွက်က အကျိုး၊ အကြောင်းကြောင့် အကျိုးဖြစ်၊ အကြောင်းကြောင့် အကျိုးဖြစ်၊ ဒီလိုတွေ အကြမ်းစား ခွဲခဲ့တယ်မဟုတ်လား (မှန်လှပါ ဘုရား)။

## အဝိဇ္ဇာနဲ့တဏှာ အကြောင်းရင်း မူလနှစ်ဖြာ

ဟုတ်တယ်၊ အဲဒီထဲ ထပ်စိစစ်မယ်ဆိုရင် ဘုန်းကြီးတို့တစ်တွေ ဘဝသံသရာထဲလည်အောင် လှည့်ပေးနေတဲ့တရားတွေလေ၊ ဘယ်သူ တွေလည်းလိုက်စစ်တော့၊ တစ်အကွက်ထဲက အဦးဆုံးဖြစ်တဲ့ အဝိဇ္ဇာ၊ သုံးအကွက်ထဲက အဦးဆုံးဖြစ်တဲ့ တဏှာ၊ အဝိဇ္ဇာနဲ့ တဏှာ၊ ဒီနှစ်ခုဟာ

အကြောင်းရင်း မူလပေါ့၊ ဘုန်းကြီးတို့တစ်တွေ ဒကာ၊ ဒကာမတို့တစ်တွေ ဘဝသံသရာထဲ လည်အောင်နေ၁် (မှန်လှပါ ဘုရား)၊ လှည့်ပေးနေတဲ့ အကြောင်းရင်း မူလနှစ်ပါးပေါ့၊ မူလနှစ်ဖြာ၊ ဘာတဲ့တုံး (မူလနှစ်ဖြာပါ ဘုရား)၊ ဘယ်သူနဲ့ ဘယ်သူပါလိမ့် (အဝိဇ္ဇာနဲ့တဏှာပါ ဘုရား)၊ ဟုတ်တယ်၊ အဝိဇ္ဇာနဲ့ တဏှာ၊ သူတို့နှစ်ခုပေါ့၊ ဟုတ်တယ်၊ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂- ပါး စဉ်တန်းထားတာ မဟုတ်လား၊ အဲဒီထဲ လိုက်ရှာတော့ မူလနှစ်ဖြာတွေ့တယ်နော်၊ ပြီးတော့ သစ္စာအားဖြင့် လိုက်စစ်ကြမယ်ဆိုရင် အဝိဇ္ဇာက မသိတတ်တဲ့သဘော၊ သင်္ခါရက ပြုလုပ်တတ်တဲ့ သဘော၊ မသိဘဲနဲ့ ပြုလုပ်တာ၊ မသိဘဲနဲ့ ပြုလုပ်တယ်ဆိုတော့ ရမ်းသန်းလုပ်တာ ပေါ့၊ ရမ်းသန်းလုပ်တယ်ဆိုတော့ အမှန်နဲ့အမှား ဘယ်သူကများမတုံး (အမှားက များပါတယ် ဘုရား)၊ အမှားက များမှာပေါ့၊ မသိမိုက်မှောင်ထဲ ရောက် လုပ်တဲ့အလုပ်မဟုတ်လား (မှန်လှပါ ဘုရား)၊ ညမှောင်မှောင် ခရီးသွားရသလိုပဲ၊ လရောင်လည်း မရှိ ကြယ်ရောင်လည်း မရှိ မီးရောင် လည်း မရှိ၊ တစ်ခါတလေ လျှပ်စီးလေး ဘာလေးတောင်မှ မလက်ဘူး ဆိုရင် မှောင်ပိန်းနေမယ် မဟုတ်လား (မှန်လှ ပါ ဘုရား)၊ အဲဒီမှောင်ပိန်း နေတဲ့အထဲ သွားတဲ့သူဟာ သွားနေကျလမ်းတောင်မှ ကျင်းထဲကျ၊ ချိုင့်ထဲ ကျ၊ ခလုတ်ထိ၊ ဆူးငြိ၊ တုံးတိုက်၊ တိုင်တိုက်နေမှာပေါ့ (မှန်လှပါ ဘုရား)၊ မှောင်မှောင်မဲမဲထဲမှာ သွားတဲ့ဥစ္စာဟာ အမှန်နဲ့အမှား ဘယ်သူကများ မတုံး (အမှားကများပါမယ် ဘုရား)၊ လမ်းမှားသွားမိတာက များမယ် မဟုတ်လား (မှန်လှပါ ဘုရား)။

## မသိမှုဦးစီးပြီး ပြုလုပ်လို့ မကောင်းကျိုးရ

အဲဒီလိုပဲ အဝိဇ္ဇာဦးစီးပြီးတော့ ပြုလုပ်မိသမျှ သင်္ခါရတွေဟာ

အမှန်နဲ့အမှား အမှားကပဲ များမှာပေါ့ (မှန်လှပါ ဘုရား)၊ သူတို့နှစ်ခု အကြောင်းရင်းခံခြင်းကြောင့် ဖြစ်ပေါ်ပြီးတော့ လာတဲ့အကျိုးတရားတွေ က ကောင်းကျိုးဖြစ်နိုင်မလား၊ မကောင်းကျိုးဖြစ်နိုင်မလား (မကောင်းကျိုး ဖြစ်နိုင်ပါတယ် ဘုရား)၊ ဒါဖြင့် သူတို့နှစ်ခုဟာ မကောင်းကြောင်းပေါ့၊ မကောင်းကျိုးတွေ ဖြစ်စေတဲ့ ဘာတုံး (မကောင်းကြောင်းပါ ဘုရား)၊ မကောင်းကြောင်း၊ မကောင်းကြောင်းဆိုရင် ဟုတ်ပြီ ရှေ့သွားကြစို့၊ မကောင်းတဲ့ အကြောင်း တရားနှစ်ပါးကြောင့် ဖြစ်ပေါ်ပြီးတော့လာရတဲ့ အကျိုးတရားတွေက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ကောင်းကျိုးတွေလား၊ မကောင်းကျိုးတွေလား (မကောင်းကျိုးတွေပါ ဘုရား)၊ မကောင်းကျိုးတွေဆိုတော့ သစ္စာအားဖြင့် နာမည်ပေးမယ်၊ ဒုက္ခသစ္စာ၊ မကောင်းကြောင်းက သမုဒယသစ္စာ၊ မကောင်းကျိုးက (ဒုက္ခသစ္စာပါ ဘုရား)၊ ဩော်. . . ဒီလိုကိုး။

ရှေ့သွားကြမယ်၊ နံပါတ်သုံးအကွက် သွားလိုက်တဲ့အခါကျတော့ 'တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ'၊ တဏှာက လိုချင်တယ်၊ ဥပါဒါန်က စွဲလမ်းတယ်၊ ကမ္မဘဝက အားထုတ်တယ်၊ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်ဆိုတော့ ကောင်းနိုင်ပါ့မလား (မကောင်းနိုင်ပါဘူးဘုရား)၊ မကောင်းနိုင်ပါဘူး၊ လိုချင်မှုအကြောင်းပြုပြီးတော့ ပို၍လိုချင်မှုဖြစ်၊ အဲဒါနဲ့ ပတ်သက်ပြီးတော့ အလုပ်တွေ လုပ်တယ်ဆိုတော့ ကောင်းနိုင်ပါ့မလား (မကောင်းနိုင်ပါဘူး ဘုရား)၊ အို. . . အဲဒီဥစ္စာက သူတို့ဖြစ်ခြင်းကြောင့် ဖြစ်ပေါ်လာရမယ့် အကျိုးတရားတွေက ကောင်းကျိုးဖြစ်မလား၊ မကောင်းကျိုး ဖြစ်မလား (မကောင်းကျိုးဖြစ်ပါမယ် ဘုရား)၊ ဒီလိုဆိုရင် မကောင်းကျိုးတွေကို ဖြစ်စေတဲ့ဥစ္စာဆိုတော့ မကောင်းကြောင်းပေါ့ (မှန်လှပါ ဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ မကောင်းကြောင်းဆိုတော့

အဲဒီမကောင်းတဲ့ အကြောင်းကြောင့် ဖြစ်ပေါ်လာရမယ့် အကျိုးတရားတွေက ကောင်းကျိုးလား၊ မကောင်းကျိုးလား (မကောင်းကျိုးပါ ဘုရား)၊ မကောင်းကျိုးဆိုတော့ ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)။

## အဝိဇ္ဇာနဲ့ သင်္ခါရက အတိတ်အကြောင်းတစ်လွှာ

ကဲ. . . ဒီလိုဆိုရင် သူတို့ပေါင်းနိုင်တာ ဒို့ပြင်လည်း မရှိဘူးဆိုရင် သူတို့နှစ်ဦးပဲ ပေါင်းနိုင်တာပေ့ါ၊ အဝိဇ္ဇာနဲ့သင်္ခါရ သူတို့နှစ်ဦးပဲ ပေါင်းနိုင်တာမဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီလိုဆိုရင် စည်းရိုးခတ် တစ်ရွာလုံး တစ်အုပ်စုဖွဲ့နေလိုက်ပေ့ါ၊ အဝိဇ္ဇာနဲ့သင်္ခါရ၊ ပေါင်းတယ်ဆိုတာလည်း အလွှာချင်းတူမှ အဆင့်ချင်းတူမှ ပေါင်းလို့ရတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲလိုဆိုတော့ သူတို့နှစ်ဦးပဲတူတယ်တဲ့၊ ဒီတော့ တစ်ရွာလုံး တစ်အုပ်စုဖွဲ့၊ စည်းရိုးခတ်နေလိုက်ပါ၊ ကဲ. . . သူတို့ရွာအရှေ့က ဆိုင်းဘုတ်ကလေး ထူလိုက်စမ်းပါ၊ အမယ်. . . ကဲ ထူလိုက်ကြစို့၊ သူတို့တစ်တွေက အတိတ်လည်း ဖြစ်တယ်၊ အကြောင်းလည်း ဖြစ်တယ်ဆိုတော့ ဆိုင်းဘုတ်ကလေး ထူလိုက်မယ်၊ အတိတ်အကြောင်းတစ်လွှာ၊ အမယ်. . . သူတို့ရွာအရှေ့ကလေ ဘယ်လိုတဲ့တုံး (အတိတ်အကြောင်းတစ်လွှာပါ ဘုရား)၊ အတိတ်အကြောင်းတစ်လွှာ။

## နှစ်အကွက်ထဲက ငါးမျိုးက ပစ္စုပ္ပန်အကျိုးတစ်လွှာ

ဟို. . . နှစ်အကွက်ထဲက ငါးမျိုးကျတော့ အကြောင်းလား၊ အကျိုးလား (အကျိုးပါ ဘုရား)၊ အင်း. . . အကျိုးဆိုတော့ သူတို့က ကောင်းတဲ့အကျိုးလား၊ မကောင်းတဲ့ အကျိုးလား (မကောင်းတဲ့အကျိုးပါ ဘုရား)၊ ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ ဒုက္ခသစ္စာ၊ နှစ်အကွက်က

လည်း ဒုက္ခသစ္စာ၊ လေးအကွက်ကလည်း ဒုက္ခသစ္စာ၊ ဒုက္ခ ဒုက္ခချင်း ပေါင်းလိုက်ပါလားဆိုတော့ ပေါင်းနိုင်တယ်တဲ့လား (မပေါင်းနိုင်ပါဘူး ဘုရား)၊ မပေါင်းနိုင်ဘူးတဲ့၊ ဘာပြုလို့လဲဆိုတော့ အို. . . ဒုက္ခချင်းသာ တူတာပါတဲ့၊ နှစ်အကွက်ထဲကငါးမျိုးက ပြောတယ်၊ ကျုပ်တို့တစ်တွေ ဒုက္ခက ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလမှာဖြစ်တဲ့ ဒုက္ခ၊ သူတို့တစ်တွေက နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလမှာ ဖြစ်ကြမယ့် ဒုက္ခဆိုတော့ ကာလ ချင်း တူကြရဲ့လား (မတူပါဘူး ဘုရား)၊ အဲလိုမို့လို့ မပေါင်းနိုင်တာပါတဲ့၊ ဒီလိုဆိုရင် ကျန်တဲ့သူတွေနဲ့ကော ပေါင်းနိုင်လား (မပေါင်းနိုင်ပါဘူး ဘုရား)၊ ဒီလိုဆိုရင် ပေါင်းနိုင်တာ သူတို့ငါးမျိုးပဲ မဟုတ်လား၊ ဒီလိုဆိုရင် ငါးမျိုးကို စည်းရိုးခတ်၊ တစ်ရွာလုံး တစ်အုပ်စုဖွဲ့နေလိုက်ကြ။

ကဲ. . . ရွာရှေ့က ဆိုင်းဘုတ်ထူလိုက်ကြပါဦး၊ သူတို့တစ်တွေက ပစ္စုပ္ပန်လည်း ဖြစ်တယ်၊ အကျိုးလည်းဖြစ်တယ်မို့လို့ ဘယ်လိုဆိုင်းဘုတ်ထူမယ် (ပစ္စုပ္ပန်အကျိုးတစ်လွှာပါ ဘုရား)၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ ဟုတ်ပြီ။

သုံးအကွက်ထဲက သုံးမျိုးကျတော့ ဘာအလွှာ ပစ္စုပ္ပန်အကြောင်း တစ်လွှာ၊ ဟုတ်တယ်၊ လေးအကွက်ထဲက နှစ်မျိုးကျတော့ ဘာအလွှာ (အနာဂတ်အကျိုးတစ်လွှာပါ ဘုရား)၊ အနာဂတ် အကျိုးတစ်လွှာ၊ ဪ. . . ဒီလိုကိုး၊ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂- ရပ်ကို စဉ်တန်းထားပြီး တော့ အလွှာအားဖြင့် ဝေဖန်တော့ ဒီလိုတွေ့တယ်နော်၊ တစ်အကွက် ထဲက နှစ်မျိုးက (အတိတ်အကြောင်းတစ်လွှာ)၊ နှစ်အကွက်ထဲက ငါးမျိုးက (ပစ္စုပ္ပန်အကျိုးတစ်လွှာ)၊ သုံးအကွက်ထဲက သုံးမျိုးက (ပစ္စုပ္ပန် အကြောင်းတစ်လွှာ)၊ လေးအကွက်ထဲက နှစ်မျိုးက (အနာဂတ် အကျိုး တစ်လွှာ)၊ အလွှာဘယ်နှလွှာပါတုံး (လေးလွှာပါဘုရား)၊ ဒါကြောင့် လင်္ကာမှာ လေးခုအလွှာ၊ ဘယ်လို (လေးခုအလွှာပါ ဘုရား)၊ လေးခု

အလွှာ၊ အင်္ဂါကျတော့ ဘယ်နှပါး (၁၂- ပါးပါဘုရား)၊ ၁၂- ပါး၊ ဘယ်သူတွေများပါလိမ့် (အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ)၊ အမယ်. . . ခြားခြားပြီးတော့ သူ့အလွှာလေးတွေနဲ့သူ မပေါင်းနိုင်ဘူးလို့ ပြောတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ အမယ် မပေါင်းနိုင်ဘူးဆို မပေါင်းနဲ့ပေါ့၊ အဝိဇ္ဇာ သင်္ခါရ ရပ်ထားလိုက်၊ ပြီးတော့မှ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ-ယတန၊ ဖဿ၊ ဝေဒနာ ရပ်ထားလိုက်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ရပ်ထားလိုက်၊ ဇာတိ၊ ဇရာမရဏ ဒါမှ သူတို့သဘောကျမှာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ကဲ. . . ပြန်ပြီးတော့ ဆိုလိုက်ပါဦး (အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ. . . တဏှာ၊ ဥါဒါန်၊ ကမ္မဘဝ . . . ဇာတိ၊ ဇရာမရဏ)၊ ဟုတ်တယ်၊ ဒါက အင်္ဂါ ၁၂- ပါးလား (မှန်လှပါ ဘုရား)၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ တရားကိုယ်ဆိုတော့ တရားကိုယ်ထည်မဟုတ်လား (မှန်လှပါ ဘုရား)၊ ကိုယ်ထည်အင်္ဂါဘယ်နှပါးတုံး (၁၂- ပါးပါဘုရား)၊ ၁၂- ပါး၊ ကကြီးလုံးကြီးတင်တစ်ချောင်းငင် ယသတ် 'ကိုယ်' ဆိုတော့ ကိုယ်ထည်အင်္ဂါ တစ်ဆယ့်နှစ်ပါးပေါ့နော် (မှန်လှပါ ဘုရား)၊ ဟိုဘက်က အဖျားက သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ အဲဒါတွေက ကိုယ်ထည် မဟုတ်ဘူး၊ ဒါတွေက လူတိုင်းလည်း မဖြစ်ဘူး၊ ဘုရားရဟန္တာ အနာဂါမ်ပုဂ္ဂိုလ်တွေကျတော့ ပူဆွေးငိုကြွေး သောကပရိဒေဝမီးတောက် ဖြစ်သေးလား (မဖြစ်ပါဘူး ဘုရား)၊ မဖြစ်ပါဘူး။

## အားလုံးနဲ့သက်ဆိုင်တဲ့ ကိုယ်ထည်အင်္ဂါ ၁၂- ပါး

လူတိုင်း မဖြစ်ဘူး၊ ဒီ ၁၂- မျိုးကတော့ လူတိုင်းဖြစ်မယ်မဟုတ်

လား (မှန်လှပါ ဘုရား)၊ ဘုရားရဟန္တာတွေလည်း ဖြစ်တာပဲ၊ ရှိုးရိုးပုဂ္ဂိုလ်တွေလည်း ဖြစ်တာပဲ၊ ဒီ ၁၂- မျိုးကတော့ အားလုံးဆိုင်တယ်လေ၊ ဒါကြောင့် အားလုံးဆိုင်တဲ့ ကိုယ်ထည်က ဘယ်နှပါး (၁၂- ပါးပါ ဘုရား)၊ ၁၂- ပါး၊ ကိုယ်ထည်အင်္ဂါ တစ်ဆယ့်နှစ်ပါးနှင့် ပြောတာမဟုတ်လား (မှန်လှပါ ဘုရား)၊ ပြီးတော့ သုံးပါးအစပ်၊ ဘာတဲ့ (သုံးပါးအစပ်ပါ ဘုရား)၊ အခုအလွှာက လေးလွှာဆိုတော့ ကြားထဲအစပ်သုံးစပ်နေမှာပေ့ါ၊ ပထမအလွှာနဲ့ ဒုတိယအလွှာကြားထဲမှာ တစ်စပ်၊ ဒုတိယအလွှာနဲ့ တတိယအလွှာကြားထဲမှာ တစ်စပ်၊ တတိယအလွှာနဲ့ စတုတ္ထအလွှာကြားထဲမှာ တစ်စပ်၊ အစပ်ဘယ်နှစပ် (သုံးစပ်ပါ ဘုရား)၊ ဟုတ်တယ်၊ သုံးပါးအစပ်၊ ပြီးတော့ နှစ်ရပ်မူလ၊ ဟော. . . မူလဆိုတဲ့ စကားလုံးလာပြန်ပြီနော်၊ အရင်ကလည်း ပါပါတယ်၊ ဘယ်တုံးကပါဖူး (မူလနှစ်ဖြာတုန်းက ပါဖူးပါတယ် ဘုရား)၊ အဲ. . . မူလနှစ်ဖြာတုန်းက၊ နှစ်ဖြာနဲ့ နှစ်ရပ် အတူတူပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ မူလဆိုတဲ့ဥစ္စာလည်း အကြောင်းရင်းမူလ အတူတူပါပဲနော်၊ ဟိုတုန်းက မူလနှစ်ဖြာတုန်းက ဘယ်လိုပြောခဲ့တုံး (အဝိဇ္ဇာနဲ့တဏှာပါ ဘုရား)၊ အဝိဇ္ဇာနဲ့ တဏှာ၊ အခုလည်းပဲ နှစ်ရပ်မူလကို အဝိဇ္ဇာနဲ့တဏှာ ပြန်ပြောလို့ရပါတယ်၊ ဒါပေမယ့် နည်းနည်းအာရုံပြောင်းသွားအောင် ပြောင်းပြန်ပြောမယ်နော်၊ နှစ်ရပ်မူလကျတော့ တဏှာနဲ့ အဝိဇ္ဇာ၊ ဘာတဲ့တုံး (တဏှာနဲ့ အဝိဇ္ဇာပါ ဘုရား)၊ ဘာထူးလဲ၊ မထူးပါဘူး၊ အာရုံပြောင်းသွားအောင် ပြောင်းပြန် ပြောတာပါ၊ အဘွား ဘာနဲ့စားလဲ၊ အေးကွဲ့ မနက်တုန်းကတော့ ဆီနဲ့ ဆားနဲ့ စားလိုက်တယ်၊ အခုညနေတော့ကော၊ ညနေကျတော့ ဆားနဲ့ဆီနဲ့ စားလိုက်တယ်၊ ဘာထူးတုံး (မထူးပါဘူး ဘုရား)၊ ပြောင်းပြန်ပြောတာပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်ပါတယ်၊ ဒီလိုပါပဲ၊ နှစ်ရပ်မူလ။

# ညစ်ညမ်းအောင်လုပ် လှည့်တဲ့ ကိလေသဝဋ္ဋ

ပြီးတော့ ဘာတဲ့တုံး၊ ဝဋ္ဋသုံးဝနှင့်၊ ဝဋ္ဋသုံးဝဆိုတော့ ဒီအထဲ အင်္ဂါ ၁၂- ပါး စဉ်တန်းထားတဲ့အထဲ လိုက်စစ်ရအောင် အဝိဇ္ဇာ စမေးမယ်၊ ဝဋ္ဋဆိုတာ ဝဋ္ဋ- လုံးတယ်၊ လည်တယ်၊ လှည့်တယ်၊ ဝိုင်းတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘဝသံသရာထဲ လှည့်တဲ့အထဲ ခင်ဗျား ပါသလား၊ အဝိဇ္ဇာ ခင်ဗျားပါသလား၊ ပါတာပေါ့၊ ခင်ဗျားက ဘယ်လိုလုပ် လှည့်တာလဲ၊ အို. . . ကျုပ်က သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေ ညစ်ညမ်း အောင်လုပ်ပြီးတော့ လှည့်တာ၊ ညစ်ညမ်းစေတာက ကိလေသာပေါ့၊ လှည့်တာက ဝဋ္ဋ၊ ကိလေသာနဲ့ ဝဋ္ဋနဲ့ပေါင်း၊ ကိလေသဝဋ္ဋ၊ ဩော်. . . အဲသလိုကိုး၊ ခင်ဗျားတစ်ယောက်တည်းလား၊ မဟုတ်ဘူး၊ ကျုပ်ဆွေတွေ မျိုးတွေနဲ့၊ ဘယ်မတုံး၊ ခင်ဗျားဆွေတွေ မျိုးတွေက၊ ဩော် . . . တယ်စပ်စု တဲ့ လူတွေပဲ၊ ကဲ. . . ဒါလောက်မှ သိချင်လို့ရှိရင် ကြိုးကလေး အတိုင်း သာ လိုက်သွား တန်းတန်း တန်းတန်းနဲ့ ဟော. . . တတိယအကွက်ထဲ မှာ တဏှာရယ်၊ ဥပါဒါန်ရယ်၊ သူတို့နှစ်ခု ဝိုင်းပြီးတော့ ဆက်သွယ်ထား တယ်၊ အဲဒါကျုပ်ဆွေမျိုးတွေတဲ့၊ ဘယ်သူကပြော (အဝိဇ္ဇာကပြောပါတယ် ဘုရား)၊ ဟုတ်ပြီ၊ ခင်ဗျားက သတ္တဝါတွေရဲ့ စိတ်ကို ညစ်ညမ်းအောင်လုပ် လှည့်တော့ ဆွေမျိုးတွေကကော၊ ပါတာပေါ့ ကျုပ်က ရှေ့ကသွားရင် သူတို့တစ်တွေလည်း ပါတာပဲ၊ ဒီလိုဆိုရင် ညစ်ညမ်းအောင်လုပ် လှည့်တဲ့ ကိလေသဝဋ္ဋ ဘယ်နှပါးတုံး (သုံးပါးပါ ဘုရား)၊ ဘယ်သူတွေတုံး (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ပါ ဘုရား)၊ ဟုတ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . အဲသလိုဖြစ်ပါတယ်၊ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ဒါဖြင့် ကိလေသဝဋ္ဋ ဘယ်နှပါး (သုံးပါးပါ ဘုရား)၊ သုံးပါး၊ ကိလေသဝဋ္ဋ ဘယ်နှပါး (သုံးပါး)၊ အေး. . . သုံးပါး၊ အဲသလိုဖြစ်ပါတယ်။

## ညှဉ်းပန်းနှိပ်စက်ပြီးတော့ လှည့်တဲ့ ကမ္မဝဋ်

သင်္ခါရမေးကြည့်ရအောင် ခင်ဗျားကော လှည့်တဲ့အထဲပါလား၊ ပါတာပေါ့၊ ခင်ဗျားကော ဘယ်လိုလဲ၊ ဟို အဝိဇ္ဇာလိုလား၊ မဟုတ်ဘူး၊ ကျုပ်က တစ်မျိုး၊ ဘယ်လိုတစ်မျိုးလဲ၊ ကျုပ်က သတ္တဝါတွေကိုလေ ဟော. . . ညှဉ်းပန်းနှိပ်စက်သေးတာ၊ အဲသလိုလုပ်ပြီးမှ လှည့်တာ၊ ဆိုးလိုက်တာဗျာ၊ ခင်ဗျားတို့ကလည်း ဟိုလူထက်တောင် ဆိုးသေး၊ ခင်ဗျား တစ်ယောက်တည်းလား၊ မဟုတ်ဘူး ကျုပ်လည်း ဆွေနဲ့မျိုးနဲ့ပါတဲ့၊ ဘယ်မတုံး ခင်ဗျားဆွေမျိုးက၊ ဒါလောက်မှ သိချင်လှတာ လိုက်သွား၊ ကြိုးကလေးအတိုင်း တန်းတန်း တန်းတန်း တန်းတန်းနဲ့ တတိယအကွက်မှာ ကမ္မဘဝကို ဆက်သွယ်ထားတယ်၊ အဲဒါ ကျုပ်ဆွေမျိုး၊ ဟုတ်ပြီ၊ ခင်ဗျားက ညှဉ်းပန်းနှိပ်စက်တယ်ဆိုတော့ ဆွေမျိုးကကော၊ အတူတူပေါ့၊ ကျုပ်နဲ့အတူတူပဲ၊ ကျုပ်လုပ်သလိုလုပ်တာပဲဆိုတော့ ညှဉ်းပန်းနှိပ်စက်ပြီးတော့ လှည့်တဲ့သူက နှစ်ဦးပေါ့၊ ဘယ်သူနဲ့ ဘယ်သူတုံး (သင်္ခါရနဲ့ ကမ္မဘဝပါ ဘုရား)၊ သြော်. . . သင်္ခါရနဲ့ ကမ္မဘဝ၊ သြော် သြော် သြော် . . . သင်္ခါရနဲ့ ကမ္မဘဝ၊ ဒါဖြင့် ကမ္မဝဋ်က နှစ်ပါးပေါ့၊ ကိလေသဝဋ်တုန်းက (သုံးပါးပါ ဘုရား)၊ ကမ္မဝဋ်ကျတော့ (နှစ်ပါးပါဘုရား)။

## ဝိပါကဝဋ် ရှစ်ပါး

ဟုတ်ပြီ၊ ကျန်တာတွေဟာ ဝိပါကဝဋ်၊ ကျန်တာတွေဟာ (ဝိပါကဝဋ်ပါ ဘုရား)၊ ဝိပါကဝဋ် ဘယ်နှပါး (၇- ပါးပါဘုရား)၊ ဟုတ်ကဲ့လား၊ ကြည့်စမ်းပါဦး၊ ဘယ်နှပါး၊ ခုတိုင်းဆိုရင် ဘယ်နှပါးတွေ့တုံး (၇- ပါးတွေ့ပါတယ် ဘုရား)၊ ဟုတ်ပါတယ်၊ ၇- ပါးပဲ တွေ့တယ်မဟုတ်လား၊ ဟုတ်ပါတယ်၊ တွက်တော့လည်း အဲလိုတွက်ရတာပဲ၊ ၁၂- ပါးထဲက ၅- ပါးဖယ်

တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဆိုတော့ ၇- ပါးပဲကျန်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ၇- ပါး ဘယ်သူတွေတုံးဆိုတော့ နှစ်အကွက်ထဲက ငါးပါး၊ လေးအကွက်ထဲက နှစ်ပါးဆိုတော့ ငါးပါး၊ နှစ်ပါးဆိုတော့ ၇- ပါး၊ နို့ ကိုယ်တော်တို့ဥစ္စာက ရှစ်ပါးလို့ ရေးထားပါလားလို့ဆိုတော့ ဟုတ်တယ် နောက်မှတိုးလာတဲ့ ဥပပတ္တိဘဝလေးပါ ထည့်လို့နော်၊ အဲလို ထည့်ရင်တော့ ဘယ်နှပါးတုံး (ရှစ်ပါးပါ ဘုရား)၊ ရှစ်ပါး၊ အေး. . . ဒီအကြောင်းအရာ ပြောရပါမယ်၊ ဒီအကြောင်းအရာ ပြောရပါမယ်၊ ကဲ. . . စက်ဝိုင်းကြီးထဲမှာ ကြည့်လိုက်ကြစမ်းပါ၊ ဘာများ ထူးထူးခြားခြား ရှိသလဲ၊ ဟို အဝိဇ္ဇာကတိုင်းစပြီးတော့ ကြည့်စမ်းပါဦး၊ အဝိဇ္ဇာရယ်၊ သင်္ခါရရယ်၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာမရဏ၊ အဲဒီ ၁၂- လုံးထဲ ဘယ်ဥစ္စာထူးထူးခြားခြားတွေ့တုံး (ဥပပတ္တိဘဝပါ ဘုရား)၊ ဥပပတ္တိဘဝ၊ ဟုတ်တယ်၊ ဒီဥစ္စာလေး ဘယ်ကလာတာလဲဆိုတာ သိဖို့ လိုတာပေါ့နော်၊ ဒ့ပြင်ကော ဘာများထူးထူးခြားခြား ရှိသေးလဲ၊ ကြည့်ကြစမ်းပါဦး၊ ဘာများ ထူးထူးခြားခြားတွေ့သလဲ၊ ရေးထားတဲ့ စာလုံးတွေလေ၊ ဘာတဲ့ (ကမ္မဘဝ)၊ အာ. . . ဟုတ်တယ်၊ ကမ္မဘဝ။

## ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်

ဟုတ်တယ်၊ ကမ္မဘဝ အရေးကြီးတယ်၊ ကြည့်စမ်း အဝိဇ္ဇာဆိုရင် အကုန်းဝိုင်းတာ မဟုတ်လား၊ သင်္ခါရလည်း အကုန်းဝိုင်းထားတယ်၊ တဏှာလည်း ဝိုင်းထားတယ်၊ ဥပါဒါန်လည်း ဝိုင်းထားတယ်၊ ကမ္မဘဝကျတော့ အကုန်လုံး ဝိုင်းသလား (မဝိုင်းပါဘူး ဘုရား)၊ မဝိုင်းဘူး၊ ‘လ’ ကလေးလို လုပ်ထားပြီးတော့ တစ်ဖက်ကို ကမ္မ တစ်ဖက်ကို ဘဝ၊ ဒီလိုဖြစ်နေ

တယ်နော် (မှန်လှပါ ဘုရား)၊ ဘယ်လိုကြောင့်ပါလိမ့် မလဲ၊ ရေးရင်းသား ဆေးများကုန်သွားလို့လား၊ စဉ်းစားရမှာပေါ့နော်၊ မေ့ပဲသွားတာလား၊ ဆေးပဲကုန်သွားသလား၊ ဒီမယ်. . . အကုန်လုံး မဝိုင်းဘူးနော် (မှန်လှပါ ဘုရား)၊ အေး. . . ဟုတ်တယ်၊ စဉ်းစားရမှာပေါ့၊ ဒါ အထူးခြားဆုံးမဟုတ်လား၊ အေး. . . အဲလို ထူးခြားတဲ့ဥစ္စာ ကြည့်ရအောင်၊ ဆေးကုန်သွားတာလည်း မဟုတ်ပါဘူး၊ မေ့သွားတာလည်း မဟုတ်ပါဘူး၊ ဒါ အဓိပ္ပာယ်ရှိတယ်နော်၊ အဓိပ္ပာယ်ရှိပါတယ်၊ တမင်ကို 'လ' ကလေးလို လုပ်ပြီးတော့ တစ်ဖက်ကို ကမ္မ၊ တစ်ဖက်ကို ဘဝ ရေးထားတာပါ၊ ဒါ သူ့အဓိပ္ပာယ်နဲ့ ရေးထားတာပေါ့နော် (မှန်လှပါ ဘုရား)၊ အေး. . . ဒီဥစ္စာက ဘယ်လိုလဲလို့ဆိုတော့ ဘုန်းကြီးတို့ ဟို ပါဠိတော်ကို ပြန်ပြီးတော့ စရမယ်၊ အဝိဇ္ဇာကြောင့် ဘာဖြစ် (သင်္ခါရဖြစ်ပါတယ် ဘုရား)၊ သင်္ခါရဖြစ်၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ (နာမရူပံ)၊ နာမရူပ ပစ္စယာ (သဠာယတနံ)၊ သဠာယတန ပစ္စယာ (ဖဿ)၊ ဖဿပစ္စယာ (ဝေဒနာ)၊ ဝေဒနာပစ္စယာ (တဏှာ)၊ တဏှာ ပစ္စယာ (ဥပါဒါနံ)၊ ဥပါဒါန ပစ္စယာ (ကမ္မဘဝ)၊ အမယ် ကမ္မဘဝ မဟုတ်ပါဘူး၊ ဘဝပါ၊ ယောဂီတို့လက်ထဲမှာရတဲ့ စာရွက်ကလေးတွေ နောက်ကျောကြည့်စမ်း ကြည့်ပါလား၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဥပါဒါနပစ္စယာ (ဘဝေါ)၊ ဘဝေါ၊ ဘဝတင်ပါ၊ ဥပါဒါန်ကြောင့် ဘာဖြစ်၊ ဘဝဖြစ်၊ ဥပါဒါန်ကြောင့် ဘာဖြစ်တယ် (ဘဝဖြစ်ပါတယ်ဘုရား)၊ ဒါလောက်ပါ၊ ကမ္မဘဝဖြစ်တယ်လို့ ပါရဲ့လား (မပါပါဘူး ဘုရား)၊ မပါပါဘူး၊ ဥပါဒါန်ကြောင့် ဘာဖြစ်၊ ဘဝဖြစ်၊ အေး. . . ဒီနေရာမှာ ဘုရားကိုယ်တော်မြတ်ကြီးကတော့ ဒီလောက်ပဲ ဟောလိုက်ပါတယ်။

## ကမ္မဘဝနဲ့ ဥပပတ္တိဘဝ

ဟို ဝိဘင်းပါဠိတော်ကြီးတို့ကျတော့ အကျယ်ချဲ့ ဟောပြီးတော့ ထားတာ၊ **ဘဝေါ- အတ္ထိ ကမ္မဘဝေါ၊ အတ္ထိ ဥပပတ္တိဘဝေါ၊** ဘဝဟာ နှစ်မျိုးရှိတယ်၊ ဘဝဟာ (နှစ်မျိုးရှိပါတယ်ဘုရား)၊ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ၊ ကမ္မဘဝနဲ့ (ဥပပတ္တိဘဝပါ ဘုရား)၊ ဘဝဘယ်နှမျိုးရှိ၊ နှစ်မျိုးရှိတယ်လို့ ဒီလိုဟောပါတယ်၊ ဝိဘင်းပါဠိတော်ကြီးထဲမှာ ဘုရားကိုယ်တော်မြတ်ကြီး အဲဒီ အကျယ်ဟောတဲ့အခါကျတော့ ဘဝဟာ ဘယ်နှမျိုးရှိတုံး (နှစ်မျိုးပါ ဘုရား)၊ နှစ်မျိုး၊ ဘာဘဝနဲ့ ဘာဘဝ (ကမ္မဘဝနဲ့ ဥပပတ္တိဘဝပါ ဘုရား)၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဘဝဟာ ဘယ်နှမျိုး (နှစ်မျိုးပါ ဘုရား)၊ နှစ်မျိုး ရှိပါတယ်။

## ကမ္မဘဝဆိုတာ အကြောင်းတရား

အဲဒီထဲ ကမ္မဘဝဆိုတာ အကြောင်းတရားတွေ အရကောက်ရ ပါတယ်၊ စေတနာ ၂၉- ပါး အကြောင်းတရားတွေ အရကောက်ရတယ်၊ ဥပပတ္တိဘဝကျတော့ အကျိုးတရားတွေ အရကောက်ရတယ်၊ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ၊ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ နှစ်မျိုးရှိတဲ့အနက် ကမ္မဘဝဆိုတာ အကြောင်းတရားတွေ၊ စေတနာ ၂၉- ပါး အကြောင်းတရားတွေအရ ကောက်ရတယ်၊ စေတနာ ၂၉- ပါးဆိုတဲ့ဥစ္စာဟာ အကုသိုလ်စိတ် ၁၂- ပါးထဲမှာရှိတဲ့ စေတနာ ၁၂- ပါး၊ မဟာကုသိုလ်စိတ်ထဲမှာရှိနေတဲ့ စေတနာရှစ်ပါးနော် ရပြီလား၊ အကုသိုလ်စိတ် ၁၂- ပါးထဲမှာရှိတဲ့ စေတနာ ၁၂- ပါး၊ ကာမာဝစရ မဟာကုသိုလ်စိတ် ရှစ်ပါးထဲမှာရှိတဲ့ စေတနာရှစ်ပါး၊ ၁၂- ပါးရယ်၊ ၈- ပါးရယ် ပေါင်းရင် ၂၀၊ ရူပကုသိုလ်စိတ် ငါးပါးထဲမှာရှိတဲ့ စေတနာ ငါးပါး၊ အရူပ ကုသိုလ်စိတ်လေးပါးထဲမှာရှိတဲ့

စေတနာလေးပါး၊ ငါးပါး လေးပါးဆိုတော့ (ကိုးပါးပါ ဘုရား)၊ အခုနတုန်းက ၂၀ နဲ့ပေါင်းရင် ၂၉- ပါး၊ အဲဒီအကြောင်းတရားတွေ အရကောက် ရတယ်၊ ကမ္မဘဝဆိုတာ အကြောင်းတရား စေတနာ ၂၉- ပါး အရ ကောက်ရတယ်နော်။

## ဥပပတ္တိဘဝဆိုတာ အကျိုးတရား

ဥပပတ္တိဘဝကျတော့ အကျိုးတရားတွေ အရကောက်ရတယ်၊ ဝိပါက်စိတ် ၃၂- ပါး၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်များ အဲဒါတွေ အရ ကောက်ရတယ်နော်၊ ပြန်ပြောပါဦးမယ်၊ ကမ္မဘဝဆိုတာက အကြောင်း တရားတွေ အရကောက်ရတယ်၊ ဥပပတ္တိဘဝဆိုတာက အကျိုးတရား တွေ အရကောက်ရပါတယ်၊ အကျိုးတရားတွေ ဝိပါက်စိတ် ၃၂- ပါး၊ ကံကြောင့်ဖြစ်တဲ့ ကမ္မဇရုပ်များ၊ တစ်နည်းအားဖြင့် **ကာမဘဝ**၊ **ရူပဘဝ**၊ **အရူပဘဝ**၊ **သညီဘဝ**၊ **အသညီဘဝ**၊ **နေဝသညီ နာသညီဘဝ**၊ **ဧကဝေါကာရဘဝ**၊ **စတုဝေါကာရဘဝ**၊ **ပဉ္စဝေါကာရဘဝ**၊ ဘဝကြီး ကိုးပါး၊ အမယ်. . . အဲဒါတွေ လျှောက်ပြောနေတော့ ရှုပ်ကုန်လိမ့် မယ်နော်၊ အင်း. . . ရှုပ်ကုန်လိမ့်မယ်၊ ပြန်ပြောပါဦးမယ်၊ ဘဝဆိုတာ ဘယ်နှမျိုး (နှစ်မျိုးပါ ဘုရား)၊ နှစ်မျိုး၊ ကမ္မဘဝနဲ့ ဥပပတ္တိဘဝ၊ ကမ္မဘဝ ဆိုတာ အကြောင်းတရားတွေ အရကောက်ရတယ်၊ ကမ္မဘဝဆိုတာ (အကြောင်းတရားတွေ အရကောက်ရပါတယ် ဘုရား)၊ အကြောင်းတရား တွေ အရကောက်ရတယ်၊ ဥပပတ္တိဘဝက အကျိုးတရားတွေအရ ကောက်ရတယ်၊ ဒါလောက်ပဲ မှတ်ပါ၊ ရှည်နေလို့ရှိရင် ရှုပ်ကုန်လိမ့်မယ်။

## ဥပါဒါန်ကြောင့် ဘဝဖြစ်တယ်

အေး. . . အဲသလိုလုပ်တဲ့အခါမှာ ဘဝဆိုတာ ဘယ်သူ့ကြောင့် ဖြစ်တာတုံး၊ ဥပါဒါန်ကြောင့်ဖြစ်တာ၊ ဘဝက ဘယ်သူ့ကြောင့် ဖြစ်တာတုံး (ဥပါဒါန်ကြောင့် ဖြစ်တာပါ ဘုရား)၊ ဥပါဒါန်ကြောင့် ဘာဖြစ် (ဘဝဖြစ်)၊ ဥပါဒါန်ကြောင့် ဘာဖြစ် (ဘဝဖြစ်ပါတယ် ဘုရား)၊ ဘဝဖြစ်၊ အဲဒီဘဝ ဖြစ်တဲ့အခါ ဘဝကဘယ်နှမျိုး (နှစ်မျိုးပါ ဘုရား)၊ နှစ်မျိုး၊ တစ်မျိုးက အကြောင်းဘဝ၊ တစ်မျိုးက အကျိုးဘဝ၊ ဥပါဒါန်ဆိုတာ **ကာမုပါဒါန်**၊ **ဒိဋ္ဌုပါဒါန်**၊ **သီလဗ္ဗတုပါဒါန်**၊ **အတ္တဝါဒုပါဒါန်**၊ ဥပါဒါန်လေးမျိုးနော်၊ အဲဒီဥပါဒါန်လေးမျိုးကြောင့် ဖြစ်တယ်ဆိုတော့ ကဲ. . . နမူနာပြောပါမယ်၊ ကာမုပါဒါန်ဆိုတာ ငါးပါးအာရုံ ကာမဂုဏ်တွေအပေါ်မှာ တွယ်တာ နှစ်သက်တတ်တဲ့ လောဘပြောတာ၊ အေး. . . ပုထုဇဉ်တွေဆိုတာ သိပ်စဉ်းစားတာ မဟုတ်ဘူး၊ ကောင်းတဲ့ချမ်းသာတွေ ရချင်တယ်၊ စည်းစိမ် ဥစ္စာတွေ ဖြစ်ချင်တယ်လို့ ဆိုပြီးတော့ တောင့်တပြီးတော့ ကာမုပါဒါန် ကြောင့်ပေါ့နော်။

## အကြောင်းဘဝနဲ့ အကျိုးဘဝ

ကာမုပါဒါန်ဆိုတော့ ကာမဥပါဒါန် လောဘအစွမ်းကြောင့် ဆရာမှားနဲ့ တွေ့ပြီးတော့ ဆရာမှားက ညွှန်ကြားတယ်၊ ဟော. . . သားကောင်တွေ သတ်၊ ယဇ်နတ်ပူဇော်ရမယ်ဆိုပါတော့နော်၊ အဲသလိုဆို ရင် သူလုပ်တော့မယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟာ. . . လုပ်လို့ ရှိရင် ကောင်းတဲ့ သုဂတိဘဝတွေ ရတယ်လို့ ဆရာမှားက ပြောတယ်၊ ဒါမှမဟုတ်ရင် လုယက်ခိုးတိုက်ပြီးတော့ အလှူ လှူရမယ်ဆိုပါတော့နော်၊ အဲလိုဆိုရင် ဆရာခိုင်းတဲ့အတိုင်း လုပ်တာပဲ၊ လုပ်တယ်ဆိုရင် လက်ရှိ

လုပ်နေဆဲ ကံတရားတွေက၊ စေတနာတွေက ကုသိုလ်တွေလား၊ အကုသိုလ်တွေလား (အကုသိုလ်တွေပါ ဘုရား)၊ ဒီလိုဆိုရင် အကုသိုလ် ဘဝတွေ ဖြစ်ကုန်ပြီ၊ အကုသိုလ် ကမ္မဘဝ၊ အကြောင်းတရား ကမ္မဘဝ တွေနော်၊ အင်း. . . အကြောင်းတရား ကမ္မဘဝတွေ၊ အဲဒါတွေ လုပ်မိတဲ့ အတွက် ဟိုဘက်ဘဝမှာ မကောင်းတဲ့ အပါယ်ဒုဂ္ဂတိတွေ ရောက်သွား တာကျတော့ ဥပပတ္တိဘဝ၊ ဘာတဲ့တုံး (ဥပပတ္တိဘဝပါ ဘုရား)၊ ဥပပတ္တိ ဘဝ၊ ဒီဘက်က မကောင်းတဲ့စေတနာတွေ လုပ်မိတဲ့ဥစ္စာ၊ မကောင်းတဲ့ အကုသိုလ် ကမ္မဘဝ၊ ဘာတဲ့တုံး (မကောင်းတဲ့ အကုသိုလ် ကမ္မဘဝပါ ဘုရား)၊ အဲဒါတွေ လုပ်မိတဲ့အတွက် ဟိုဘက်ဘဝမှာ အပါယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်၊ အဲဒါတွေ သွားရောက်တာက ဥပပတ္တိ ဘဝ၊ ဘဝဘယ်နှမျိုးတုံး (နှစ်မျိုးပါဘုရား)၊ နှစ်မျိုး၊ စေတနာတွေကိုလည်း ဘဝ၊ အကြောင်းတရား စေတနာတွေကိုလည်း ဘဝခေါ်တယ်၊ ဟိုဘက် ဘဝဖြစ်ရတဲ့ ဥစ္စာတွေလည်း ဘဝ၊ ဒီလိုခေါ်ပါတယ်၊ အကြောင်းဘဝနဲ့ အကျိုးဘဝ၊ အကြောင်းဘဝနဲ့ အကျိုးဘဝ၊ ဒီလိုနှစ်မျိုးရှိတဲ့နေရာမှာ ဟော. . . အခု မကောင်းတဲ့အကြောင်းတရားတွေ လုပ်မိပြီဆိုလို့ရှိရင် မကောင်းတဲ့ ကမ္မဘဝ၊ အဲဒီဥစ္စာတွေကြောင့် အကျိုးပေးရတဲ့ဥစ္စာ ကျတော့ မကောင်းတဲ့ ဥပပတ္တိဘဝ။

## ဥပပတ္တိဘဝဆိုတာ အနာဂတ်ကာလ အကျိုးဘဝ

တစ်ခါတလေကျတော့လည်း ကောင်းတဲ့ဆရာသမားနဲ့ သွား တွေ့တော့ ဆရာသမားက ညွှန်ကြားတဲ့အတိုင်း ဒါနလုပ်ပါကွ၊ သီလ ဆောက်တည်ပါကွ၊ ဒီလိုတွေခိုင်းတော့ ခိုင်းတဲ့အတိုင်း လုပ်တယ်ဆိုတော့

ကောင်းတဲ့အလုပ်တွေ မဟုတ်လား (မှန်လှပါဘုရား)၊ ကောင်းတဲ့ စေတနာတွေဆိုတော့ အကြောင်းတရားကံတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ ကောင်းတဲ့ကမ္မဘဝ၊ ဘာတဲ့တုံး (ကောင်းတဲ့ကမ္မဘဝပါ ဘုရား)၊ အေး. . . အဲဒီ ကောင်းတဲ့ကမ္မဘဝတွေ လုပ်ခြင်းကြောင့် ဟိုဘက်မှာ လူ့ဘဝ၊ နတ်ဘဝ၊ အဲသလိုကောင်းတဲ့ဘဝတွေ ရတာကျတော့ ဥပပတ္တိ ဘဝ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ စေတနာတွေက ကမ္မဘဝ၊ အဲဒီစေတနာ တွေကြောင့် ဟိုဘက်မှာ ဖြစ်ရတဲ့ဥစ္စာတွေက ဥပပတ္တိဘဝ၊ လူ့ဘဝ ဖြစ်ဖြစ်၊ နတ်ဘဝဖြစ်ဖြစ်၊ ဗြဟ္မာ့ဘဝဖြစ်ဖြစ် ဟိုဘက်ဘဝဖြစ်ရတာက ဥပပတ္တိဘဝ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလမှာ ဖြစ်ပြီးတော့နေတဲ့ စေတနာ တွေက ကမ္မဘဝ၊ သြော် သြော် သြော်. . . ဒီလိုဆိုရင် ဥပါဒါန်ကြောင့် ဖြစ်ရတဲ့ဘဝက ဘယ်နှမျိုး (နှစ်မျိုးပါ ဘုရား)၊ နှစ်မျိုး၊ ကမ္မဘဝနဲ့ ဥပပတ္တိ ဘဝ၊ ကမ္မဘဝနဲ့ (ဥပပတ္တိဘဝပါ ဘုရား)၊ ကမ္မဘဝဆိုတာဘာတုံး (အကြောင်းပါ ဘုရား)၊ အကြောင်း၊ ဥပပတ္တိဘဝက (အကျိုးပါ ဘုရား)၊ အကျိုး၊ အဲဒီလိုတွေ နှစ်မျိုးရှိပါတယ်၊ အဲဒီလိုရှိတဲ့အနက် ခွဲလိုက်တဲ့အခါ ကျတော့ အကြောင်းတရား သတ်သတ်၊ အကျိုးတရား သတ်သတ်၊ အဲလို ဆိုင်ရာ ဆိုင်ရာတွေ ခွဲလိုက်ကျတော့ တစ်အကွက်ထဲက အဝိဇ္ဇာ၊ သင်္ခါရ တို့က အတိတ်လည်းဖြစ်တယ်၊ အကြောင်းလည်း ဖြစ်တယ်ဆိုတော့ သူတို့ က တစ်စုမဟုတ်လား (မှန်လှပါ ဘုရား)၊ နှစ်အကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ငါးမျိုးက အကျိုးလည်း ဖြစ်တယ်၊ ပစ္စုပ္ပန်ကာလလည်း ဖြစ်တယ်ဆိုတော့ တစ်စုမဟုတ်လား (မှန်လှပါ ဘုရား)၊ သုံးအကွက်ထဲက တဏှာတို့ ဥပါဒါန်တို့ ဒီနားမှာ ဘဝနှစ်မျိုးရှိ တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ကမ္မဘဝနဲ့ ဥပပတ္တိ ဘဝ၊ ကမ္မဘဝနဲ့ (ဥပပတ္တိ ဘဝပါ ဘုရား)၊ အဲဒီထဲ ကမ္မဘဝက အကြောင်းဘဝမဟုတ်

လား (မှန်လှပါ ဘုရား)၊ ဥပပတ္တိဘဝကျတော့ ဟိုဘက်ဘဝဖြစ်ရမယ့် အကျိုးဘဝ၊ အဲသလိုတွေ သဘောတူရာတူရာတွေ စုလိုက်တော့ တဏှာ တို့၊ ဥပါဒါန်တို့၊ ဘဝနှစ်မျိုးထဲက ကမ္မဘဝတို့ဆိုတာ ယခုပစ္စုပ္ပန်ကာလ ဖြစ်ကြတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အကြောင်းလည်း အကြောင်း ဖြစ်ကြတယ်ဆိုတော့ တဏှာရယ်၊ ဥပါဒါန်ရယ် ဘဝနှစ်မျိုးတွင် ကမ္မ ဘဝရယ်၊ သူတို့တစ်တွေက သဘောမတူဘူးလား (တူပါတယ် ဘုရား)၊ တူလို့မို့လို့ ဟောဒီ ဘဝနှစ်မျိုးတွင် ကမ္မဘဝကို ဒီတတိယအကွက် ထားလိုက်တယ်၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ (တဏှာ၊ ဥပါဒါန်၊ ကမ္မ ဘဝပ၊ ဘုရား)၊ ဒီ တတိယအကွက် ထားလိုက်တယ်နော် (မှန်ပါ ဘုရား)။

## သဘောတူရာ တူရာ တစ်စုတည်းထားပါ

အင်း. . . ဒီမှာ နောက်ဘဝတစ်ခုရှိသေးတယ်၊ ဘာဘဝတုံး (ဥပပတ္တိဘဝ)၊ ဥပပတ္တိဘဝ၊ ဘာတဲ့တုံး (ဥပပတ္တိဘဝပါ ဘုရား)၊ သူက တော့ နောက်ဘဝကျမှ ဖြစ်ရမယ့်ဥစ္စာမဟုတ်လား (မှန်လှပါ ဘုရား)၊ အကျိုးလည်း အကျိုးမဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီတော့ နံပါတ်လေး အကွက်က ဇာတိ၊ ဇရာမရဏတို့ဆိုတာ နောင်ဖြစ်လတ္တံ့ အနာဂတ် ကာလ ဖြစ်ကြရမယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဥပပတ္တိဘဝက လည်း နောက်ဘဝဖြစ်ရမှာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အကျိုးလည်း အကျိုးဖြစ်တယ်ဆိုတော့ သဘောတူရာတွေ သွားစုလိုက်တာပေါ့၊ အင်း. . . အစတုန်းက ဥပပတ္တိဘဝလေးက ဘယ်အကွက်ထဲတုံး (တတိယအကွက်ထဲပါ ဘုရား)၊ သူက အကျိုးလည်း ဖြစ်တယ်၊ နောင်ကျမှ ဖြစ်ရမှာလည်း ဖြစ်တော့ သဘောတူရာ ပို့လိုက်တယ်၊ ဘယ်အကွက် ပို့လိုက်တုံး (လေးအကွက်ထဲပို့လိုက်ပါတယ် ဘုရား)၊ ဟုတ်ကဲ့နော် (မှန်လှ

ပါ ဘုရား)၊ အဲသလိုဆိုတော့ ဥပပတ္တိဘဝလေးက အစတုန်းက သုံးအကွက်ထဲနေရာက အခု သဘောတူရာ ပို့လိုက်တော့ ဘယ်ရောက်သွားတုံး (လေးအကွက်ထဲ ရောက်သွားပါတယ် ဘုရား)၊ လေးအကွက်ထဲရောက်သွားပါတယ်၊ ဇာတိကလည်း ဖြစ်တာ၊ ဥပပတ္တိဘဝကလည်း ဖြစ်တာ၊ ဇရာက အိုတာ၊ မရဏက သေတာ၊ သူတို့တစ်တွေက အကျိုးတရားတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ နောင်ကျမှ ဖြစ်ရမယ့်သဘော တရားတွေ ဟုတ်တယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါကြောင့် သဘောတူရာ တူရာ စုလိုက်တော့ တတိအကွက်ထဲနေတဲ့ ဥပပတ္တိဘဝလေးက ဘယ်ရောက်သွား (လေးအကွက်ထဲ ရောက်သွားပါတယ် ဘုရား)၊ လေးအကွက်ထဲ ရောက်သွား၊ ဟုတ်တယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ လေးအကွက်ထဲ ရောက်သွားတယ်၊ ဘယ်သူ့အောက်က ရောက်သွားတုံး၊ ဇာတိအောက်က ရောက်သွား၊ ဇာတိကလည်း ဖြစ်ရတာ၊ ဥပပတ္တိက လည်း ဖြစ်ရတာမို့လို့ သဘောတူရာ သွားထားလိုက်တာပေါ့၊ သြော် သြော် သြော်. . . ဒီလိုဆိုရင် ဥပပတ္တိဘဝလေး ဘယ်က ပေါ်လာတယ်၊ ဘယ်က ရောက်လာတယ်ဆိုတာ သဘောရပြီလား (ရပါပြီ ဘုရား)၊ အစတုန်းက ဒီဥပပတ္တိဘဝလေးက ဘယ်မှာနေတာတုံး (သုံးအကွက်ထဲ မှာပါ ဘုရား)၊ သုံးအကွက်ထဲမှာနေတာ၊ ဘယ်သူ့ကြောင့် ဖြစ်တာ၊ ဥပါဒါန်ကြောင့် ဖြစ်တာ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ အဓိပ္ပာယ်က ဥပါဒါန်ကြောင့် ဘာဖြစ်၊ ဘဝဖြစ်၊ ဥပါဒါန်ကြောင့် ဘာဖြစ် (ဘဝဖြစ်ပါတယ် ဘုရား)၊ ဘဝက တစ်မျိုးလား၊ နှစ်မျိုးလား (နှစ်မျိုးပါ ဘုရား)၊ နှစ်မျိုး၊ ဘာဘဝတွေ၊ ဘာဘဝတွေတုံး (ကမ္မဘဝနဲ့ ဥပပတ္တိဘဝပါ ဘုရား)။

## နောက်တိုး ဥပပတ္တိဘဝ ထည့်လိုက်လို့

ဟုတ်တယ်၊ ကမ္မဘဝဆိုတာ ယခုပစ္စုပ္ပန်ကာလလည်း ဖြစ်တယ်၊ အကြောင်းတရားတွေလည်း ဖြစ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဥပပတ္တိဘဝကျတော့ နောက်ဘဝတွေမှ ဖြစ်ရတာ၊ အကျိုးတရားတွေလည်း ဖြစ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါကြောင့် သဘောတူရာ၊ တူရာစုကြတော့ တဏှာတို့ ဥပါဒါန်တို့ ဘဝနှစ်မျိုးတွင် ကမ္မဘဝတို့က ယခုပစ္စုပ္ပန်ကာလလည်း ဖြစ်တဲ့သူတွေ၊ အကြောင်းလည်း အကြောင်းတွေမို့လို့ ကမ္မဘဝကို တတိယအကွက်ထဲ ထား၊ ဟို ဥပပတ္တိဘဝကတော့ အကျိုးတရားလည်း ဖြစ်တယ်၊ နောင်ကျမှဖြစ်ရမယ့် ဥစ္စာလည်း ဖြစ်တော့ ဟိုဘက်ကို သွားပေ့၊ နံပါတ်လေး အကွက်ထဲ နေ၁်၊ ဟုတ်ကဲ့လား (မှန်လှပါ ဘုရား)၊ နံပါတ်လေးအကွက်ထဲ သွားလိုက်တယ်၊ ဒီတော့ ဇာတိ၊ ဇရာမရဏတို့အပြင် ဘယ်သူတိုးလာတုံး (ဥပပတ္တိဘဝလေးတိုးလာပါတယ် ဘုရား)၊ ဒီလိုဆိုရင် ဝိပါကဝဋ်ရှစ်ပါး၊ ရေတွက်တုန်းက နံပါတ်နှစ်အကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ အဲဒီက ငါးမျိုးရယ်၊ နံပါတ်လေးအကွက်က လက်ရှိ ဇာတိ၊ ဇရာမရဏရယ် နောက်မှတိုးလာတဲ့ ဥပပတ္တိဘဝရယ်ဆိုတော့ ဘယ်နှပါး (ရှစ်ပါးပါဘုရား)၊ ရှစ်ပါး၊ ဒါဖြင့် ဝိပါကဝဋ် ရှစ်ပါးဖြစ်ပုံ သဘောကျပြီနေ၁်။

ဟုတ်ပြီ၊ အဲဒါတော့ သဘောပေါက်ပါပြီ၊ ဒီကမ္မဘဝ မှာ 'လ' ကလေးလို လုပ်ထားပါတယ်၊ 'လ' ကလေးလို လုပ်ပြီးတော့ တစ်ဖက်ကို ကမ္မ၊ တစ်ဖက်ကို ဘဝ၊ ဘာလို့လုပ်တာလဲ၊ ဒါလေးသိချင်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဘာတဲ့တုံး၊ ကမ္မဘဝ၊ ဘာတဲ့ (ကမ္မဘဝပါ ဘုရား)၊ ဟုတ်တယ်၊ ကမ္မဘဝ၊ သူများလို ဘာလို့မဝိုင်းတာတုံး၊ အဝိဇ္ဇာတို့ သင်္ခါရတို့ တဏှာတို့ ဥပါဒါန်တို့လို ဝိုင်းပါတော့လား၊

ဪော်. . . ဝိုင်းလိုက်ခဲ့သော် နောင်လာနောက်သားတွေက ထင်သွားမှာပေါ့၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ဒီလို ဘုရားကိုယ်တော်မြတ်ဟောတယ် ထင်သွားမှာပေါ့၊ အဲသလိုထင်လိုက်လို့ရှိရင် ပါဠိတော်ပျက်သွားမယ် မဟုတ်လား (မှန်လှပါ ဘုရား)။

## ကမ္မနဲ့ ဥပပတ္တိက အထူးပြုတဲ့ပုဒ်

အဲသလိုလည်း မထင်စေချင်ဘူး၊ ပြီးတော့ ဘဝနှစ်မျိုးရှိသည်တွင် ဒီမှာ တတိယအကွက်ထဲရှိတဲ့ ဘဝက ကမ္မဘဝ၊ ဘာတဲ့တုံး (ကမ္မဘဝပါ ဘုရား)၊ ကမ္မဘဝလို့လည်း သိစေချင်တော့ ကမ္မက ဂုဏ်ထူး၊ အထူးပြုတဲ့ပုဒ်၊ ဘဝက အထူးပြုခံရတဲ့ပုဒ် မဟုတ်လား၊ အဲဒီမယ် ဥပပတ္တိက အထူးပြုတဲ့ ပုဒ်၊ ကမ္မကလည်း အထူးပြုတဲ့ ပုဒ်ဆိုတော့ အထူးပြုတဲ့ပုဒ်လည်း သိစေချင်တယ်၊ ဒီထဲမှာ ရှိနေတဲ့ဘဝဟာ ကမ္မဘဝလို့လည်း သိစေချင်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ နောင်လာ နောက်သားတွေလည်းပဲ မှားမသွားအောင် 'လ' ကလေးလိုလုပ်ပြီးတော့ အထူးပုဒ်ဖြစ်တဲ့ ကမ္မကို တစ်ဖက်ထည့်၊ အထူးပြုခံရတဲ့ပုဒ်ဖြစ်တဲ့ ဘဝကို တစ်ဖက်ထည့် ကမ္မ\ဘဝ၊ ဒီလိုဖြစ်လာတာ၊ ဒီလိုဆိုရင် ဥပပတ္တိဘဝလေးကော ထည့်လို့ မရဘူးလား (ရပါတယ် ဘုရား)၊ တစ်ဖက်ကို ဥပပတ္တိ၊ တစ်ဖက်ကို ဘဝ 'လ'ကလေးလိုလုပ်ပြီး ထည့်လို့မရဘူးလားဆိုရင် ရပါတယ်၊ ရထည့်ပဲ့လားဆိုတော့ ဪော်. . . ဟိုဘက်တော့ လျှဉ်းပါးစရာ မရှိလို့ ယုံမှားစရာ မရှိတဲ့အတွက် မထည့်ဘဲ ဒီတိုင်းထားလိုက်တာပါ၊ ထည့်ချင်ရင်ထည့် အပြစ်မရှိဘူးနော်၊ ဒါဖြင့် 'လ' လေးလိုလုပ်ခြင်းရဲ့ အဓိပ္ပာယ် ပေါ်ပြီလား (ပေါ်ပါပြီဘုရား)၊ 'လ' မဟုတ်ဘဲနဲ့ 'ဟ' ကလေးလုပ်ပြီးတော့ တစ်ဖက်ကို ကမ္မ၊ တစ်ဖက်ကို ဘဝ၊ လုပ်ရင်ကော မရဘူးလား (ရပါတယ် ဘုရား)၊

ရပါတယ်၊ 'ထ' လေးလုပ်ပြီးတော့ တစ်ဖက်ကို ကမ္မ၊ တစ်ဖက်ကို ဘဝလုပ်ရင်ကော (ရပါတယ်ဘုရား)၊ ရပါတယ်၊ ဒါဖြင့် အဓိပ္ပာယ်ပေါ်ပြီ၊ တတိယအကွက်က ကမ္မဘဝ၊ 'လ' ကလေးလိုလုပ်ခြင်းရဲ့ အဓိပ္ပာယ် ပေါ်ပြီလား (ပေါ်ပါပြီ ဘုရား)၊ အေး. . . ပေါ်ပြီ။

## ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်

ဒီအကြောင်းအရာတွေကို သင်္ဂြိုဟ်ပါဠိတော်ထဲမှာ ပါတယ်၊ **အဝိဇ္ဇာ တဏှာ ပါဒါနာစ ကိလေသဝဋ္ဋံ**- အဓိပ္ပာယ်က အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂- ရပ်တွင် အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ် ဒီသုံးမျိုးက ဘာဝဋ်တဲ့တုံး (ကိလေသဝဋ်ပါ ဘုရား)၊ ကိလေသဝဋ်၊ ပြီးတော့ ကမ္မဝဋ်ကျတော့ **ကမ္မဘဝ သင်္ခါတော ဘဝေကဒေသော သင်္ခါရာစ ကမ္မဝဋ္ဋံ**၊ အဓိပ္ပာယ်က ကမ္မဘဝ သင်္ခါတော- ကမ္မဘဝဟုဆိုအပ်သော၊ ဘဝေကဒေသော၊ (ဘဝဧကဒေသော)၊ ဘဝတစ်စိတ်၊ ဘဝတစ်ခြမ်းရယ်၊ သင်္ခါရာစ- သင်္ခါရရယ်၊ ကမ္မဝဋ္ဋံ- ကမ္မဝဋ်ခေါ်ပါတယ်၊ ဟုတ်ကဲ့နော်၊ ဘဝဟာ ဘယ်နှမျိုးတဲ့ (နှစ်မျိုးပါ ဘုရား)၊ နှစ်မျိုး၊ နှစ်မျိုးရှိတဲ့အနက် ကမ္မဘဝဆိုတဲ့ တစ်ခြမ်းရယ်၊ သင်္ခါရရယ်၊ ဘာဝဋ်တဲ့တုံး (ကမ္မဝဋ်ပါ ဘုရား)၊ ကမ္မဝဋ် ခေါ်ပါတယ်၊ ပြီးတော့ **ဥပပတ္တိဘဝ သင်္ခါတော ဘဝေက ဒေသော အဝ သေသာစ ဝိပါကဝဋ္ဋံ**၊ ဘဝနှစ် မျိုးရှိသည့်အနက် ဥပပတ္တိဘဝ သင်္ခါတော- ဥပပတ္တိ ဘဝဟုဆိုအပ်သော၊ ဘဝေကဒေသော (ဘဝဧကဒေသော)၊ ဘဝ တစ်စိတ်၊ ဘဝတစ်ခြမ်းရယ်၊ အဝ သေသာစ- ကျန်တဲ့ဥစ္စာတွေအကုန် လုံးရယ်၊ ကျန်တဲ့ဥစ္စာအကုန်လုံးက ဘယ်သူတွေလည်းဆိုရင် နှစ်အကွက် ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ လေးအကွက်ထဲ

က ဇာတိ၊ ဇရာမရဏ၊ အဲဒီ ၇- မျိုးရယ်၊ အခု ဥပပတ္တိဘဝရယ်ဆိုတော့ ဘယ်နှမျိုးတုံး (ရှစ်မျိုးပါ ဘုရား)၊ အားလုံးဟာ ဝိပါက ဝဋ်- ဝိပါကဝဋ်ခေါ်ပါတယ်၊ ဒီလိုလာတာကိုး၊ အေး. . . ဝဋ်သုံးဝ ပြီးပြီနော်၊ ဝဋ်သုံးဝ၊ ကဲ. . . ဒီကနေ့ဆိုလို့ရှိရင် ကမ္မဘဝအကြောင်း ရှင်းပြီလား (ရှင်းပါတယ် ဘုရား)၊ ဥပပတ္တိဘဝလေး တိုးလာပုံလည်း အမိပ္ပာယ်ပေါ်ပြီလား (ပေါ်ပါပြီ ဘုရား)။

## အချိန်ကာလအားလုံးပေါင်း သုံးမျိုး

ဟုတ်ပြီ၊ ရှေ့သွားတော့ ပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂- ရပ် စဉ်တန်းထားပြီးတော့ တစ်အကွက်ထဲက အဝိဇ္ဇာနဲ့ သင်္ခါရ၊ သူတို့တစ်တွေက ဘာကာလ၊ လွန်လေပြီးသော အတိတ်ကာလ၊ ဟုတ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ နှစ်အကွက်ထဲက ငါးမျိုး၊ သုံးအကွက်ထဲက သုံးမျိုး၊ ပေါင်းရှစ်မျိုးက ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၊ လေးအကွက်ထဲက ဇာတိ၊ ဇရာမရဏ ဥပပတ္တိဘဝတို့က ဘာကာလ (နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလပါ ဘုရား)၊ ကာလအားဖြင့် ခွဲခြားတော့ ဘယ်နှပါးတွေ့တုံး (သုံးပါးတွေ့ပါတယ် ဘုရား)၊ သုံးပါးတွေ့တယ်၊ ကာလသုံးဖြာ၊ ဘာတဲ့တုံး (ကာလသုံးဖြာပါ ဘုရား)။

## အကြောင်းခြင်းရာ အားလုံးပေါင်း နှစ်ဆယ်

ပြီးတော့ ဘာတဲ့တုံး (ခြင်းရာနှစ်ဆယ်)၊ အခြင်းအရာနှစ်ဆယ်ဆိုတော့ အတိတ်အကြောင်း အခြင်းအရာငါးပါး၊ ပစ္စုပ္ပန် အကျိုးအခြင်းအရာ ငါးပါး၊ ပစ္စုပ္ပန် အကြောင်းအခြင်းအရာ ငါးပါး၊ အနာဂတ် အကျိုးအခြင်းအရာ ငါးပါးဆိုတော့ အတိတ်အကြောင်းအခြင်းအရာ ငါးပါးတဲ့

ရေးထားလိုက်တာ ခေါင်းစီးကြီး၊ သူတို့ကြည့်တော့ အဝိဇ္ဇာနဲ့ သင်္ခါရ၊ နှစ်ပါးတည်း မဟုတ်လား၊ ဘယ်လိုလုပ်တာတုံးဆိုတော့ ဆွေမျိုးတွေပါ ထည့်ပြောတာ၊ ဆွေမျိုးတွေပါ ထည့်ပြောတာ၊ ဘယ်မတုံး ဆွေမျိုးတွေ ဆိုတော့ အဝိဇ္ဇာရဲ့ဆွေမျိုးက သုံးအကွက်ထဲမှာ တဏှာနဲ့ ဥပါဒါန်၊ သင်္ခါရ ရဲ့ ဆွေမျိုးက သုံးအကွက်ထဲက ကမ္မဘဝ၊ သြော်. . . ဆွေမျိုးတွေပါ ထည့်ရင်တော့ **အတိတ်အကြောင်း အခြင်းအရာငါးပါး** မပြည့်ဘူးလား (ပြည့်ပါတယ် ဘုရား)၊ ပြည့်တယ်၊ ကဲ. . . ရေတွက်ရအောင်၊ သူ့ပင်ရင်း ကို စရေတွက်ရတယ်၊ အတိတ်အကြောင်း အခြင်းအရာငါးပါး၊ ဘယ်သူ များလဲ (**အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ**)၊ ကမ္မဘဝပဲ ဆိုလိုက်မယ်နော်၊ ကမ္မဘဝ ငါးပါး၊ ပြည့်လား (ပြည့်ပါတယ် ဘုရား)၊ ဟုတ်တယ်၊ ငါးပါး၊ အဲသလိုတဲ့၊ ဟော. . . နံပါတ်နှစ် အကွက်သွားလိုက် တော့ **ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး**၊ ဘယ်သူတွေများတုံး (**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ**)၊ သြော်. . . သုံးအကွက် သွားလိုက်တော့ **ပစ္စုပ္ပန် အကြောင်းအခြင်းအရာငါးပါး**၊ ငါးပါးသာပြောတယ်၊ သူတို့ ကြည့်တော့လည်း သုံးပါးတည်း မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘယ်လိုပြောတာလဲလို့ဆိုတော့ ဆွေမျိုးတွေပါထည့် ပြောတာနော်၊ ဟုတ်တာပေါ့၊ တဏှာ၊ ဥပါဒါန်ရဲ့ ဆွေမျိုးက ဘယ်သူတုံး (အဝိဇ္ဇာ)၊ အဝိဇ္ဇာ၊ ကမ္မဘဝရဲ့ ဆွေမျိုးက (သင်္ခါရ)၊ သင်္ခါရ၊ ဆွေမျိုးတွေ ပါရမယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ သူတို့ကိစ္စရှိတုန်းက ဒီကသွားရ တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီကိစ္စရှိတော့လည်း သူတို့လာခဲ့ပေါ့၊ ဘယ်နှပါးတုံး (ငါးပါးပါဘုရား)၊ ဒါဖြင့် **ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး**၊ ဘယ်သူတွေများတုံး (**တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ**)၊ ဟုတ်တယ်မဟုတ်လား။

ဟိုးနောက်သွားလိုက်၊ **အနာဂတ်အကျိုး အခြင်းအရာ ငါးပါး၊** ငါးပါးသာပြောတယ်၊ သူတို့ကြည့်တော့လည်းပဲ ကြည့်ပါဦး၊ ဇာတိ၊ ဇရာမရဏ၊ ဥပပတ္တိဘဝ ဒါမျှပဲမဟုတ်လား (မှန်လှပါ ဘုရား)၊ ဘယ်နှယ်ပြောတာလဲ၊ အမယ်. . . ဘယ့်နှယ်ပြောတာလဲ မလုပ်နဲ့၊ တကယ့်တကယ်ရေတွက်တော့ သူတို့နာမည်တောင် ပျောက်နေတယ်၊ နှစ်အကွက်ထဲက ငါးမျိုးပဲ၊ အင်း. . . **အနာဂတ် အကျိုးအခြင်းအရာငါးပါး၊** ဘယ်သူများတုံး (**ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ**)၊ အဲလိုဆိုတော့ မပါဘူးလား၊ ဇာတိ၊ ဇရာမရဏတို့ မပါဘူးလားလို့ ပြောစရာပေ့ါနော်၊ ပါပါတယ်၊ နံပါတ်နှစ်အကွက်ထဲက ငါးမျိုးဆိုတာ ခန္ဓာငါးပါး မဟုတ်လား (မှန်လှပါ ဘုရား)၊ ခန္ဓာငါးပါးတို့ရဲ့ ဇာတိ၊ ခန္ဓာငါးပါးတို့ရဲ့ ဇရာမရဏ၊ ဥပပတ္တိဘဝလည်း ဒီထဲ ဝင်လျက်မဟုတ်လား၊ အဲလိုဆိုတော့ သူတို့ တစ်တွေကျန်သေးလား (မကျန်ပါဘူး ဘုရား)၊ မကျန်ပါဘူး၊ အကုန်လုံး ပါပါတယ်၊ ဒီတော့ အတိတ်အကြောင်းအခြင်းအရာငါးပါး၊ ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါး၊ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး၊ အနာဂတ် အကျိုးအခြင်းအရာ ငါးပါး၊ ငါးလေးလီနှစ်ဆယ်၊ ခြင်းရာနှစ်ဆယ်၊ အေး. . . ရေတွက်ရအောင်၊ (**မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါ ၁၂- ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်း တည်း**)၊ အသွယ်ရှစ်သွယ်ကို ရေတွက်ကြစို့၊ မူလနှစ်ဖြာက တစ်သွယ်၊ သစ္စာနှစ်ခုက တစ်သွယ်၊ လေးခုအလွှာက တစ်သွယ်၊ အင်္ဂါ ၁၂- ပါးက တစ်သွယ်၊ သုံးပါးအစပ်က တစ်သွယ်၊

ဝင့်သုံးဝက တစ်သွယ်၊ ကာလ သုံးဖြာက တစ်သွယ်၊ ခြင်းရာနှစ်ဆယ်က တစ်သွယ်၊ ဘယ်နှသွယ်တုံး (ရှစ်သွယ်ပါ ဘုရား)၊ ဆိုလိုက်တော့ ဤရှစ်သွယ်ကို (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း)၊ အသွယ်ရှစ်သွယ်လည်း ပြည့်ပြီ၊ အချိန်လည်းစေ့ပြီ၊ တော်ကြဦးစို့။ ။

သာဓု. . . သာဓု. . . သာဓု

— ✠— ✠ —✠— —

# ရှေးအတိတ်ကံစွမ်းကြောင့် ပစ္စုပ္ပန်တွင် ဖြစ်ပေါ်လာ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လက်ထက်တော်ကာလမှာ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို အကုန်ခြွေချွတ်၍ သွားတော်မူခဲ့ပါတယ်၊ နောင်လာနောက်သား ကျွတ်တမ်းခိုလိုတဲ့ လူနတ်ပြဟ္မာ သတ္တဝါများ အတွက်လည်းပဲ ရှစ်သောင်းလေးထောင်မျှသော ဓမ္မက္ခန္ဓာတွေကို ဆရာ လုပ်ဖို့ သဘောထား၍ ဟောကြားတော်မူခဲ့ပါသေးတယ်၊ အဲဒီဓမ္မက္ခန္ဓာ တွေကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက ဟောဒီ ဒကာ၊ ဒကာမတို့အား ခန္ဓာ ဉာဏ်ရောက် သဘောပေါက်အောင် အရပ်သုံးစကားဖြင့် ဟောကြား

ညွှန်ပြ ဆုံးမတော်မူခဲ့ပြန်ပါတယ်၊ ယခုတစ်ဖန် အဲဒီဆရာတော် ဘုရားကြီး ရဲ့ နောက်က ခြေရာခံပြီးတော့ ဟောဟန်နည်းကျ ဆရာတော်ဘုရားကြီး ရဲ့ ဥပနိဿယလမ်းစဉ်အတိုင်း ရဟန်းရှင်လူသူတော်စင် ယောဂီအပေါင်း တို့အား ဘုန်းကြီးက ပြန်လည်ဟောကြား ကျေးဇူးပြု၍ သွားမှာဖြစ်ပါ တယ် (မှန်လှပါ ဘုရား)။

## ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂- ပါး

အေး. . . ဒီကနေ့ဆိုလို့ရှိရင် တရားစခန်းပွဲကြီးရဲ့ ဒုတိယနေ့ ညနေပိုင်းဖြစ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ် ဘုန်းကြီးတို့အခြေခံပြီးတော့ လာခဲ့ တယ်၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါဘယ်နှပါးတဲ့တုံး (၁၂- ပါးပါဘုရား)၊ အေး. . . ပဋိစ္စသမုပ္ပါဒ် အင်္ဂါ၁၂- ပါးကို ညီညီညာညာရွတ်ဆိုပြီးတော့ ပူဇော်လိုက်ကြစမ်းပါ (**အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ ယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ မရဏ**ပါ ဘုရား)၊ ဟုတ်တယ်၊ ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂- ပါးရှိပါတယ်၊ သူတို့တစ်တွေဟာ ဟို. . . အကြောင်းအကျိုးများခွဲမယ်ဆိုရင် အဝိဇ္ဇာနဲ့ သင်္ခါရက အကျိုးလား၊ အကြောင်းလားဆိုရင် (အကြောင်းပါ ဘုရား)၊ အကြောင်းတရား၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ငါးမျိုးက (အကျိုးတရားပါ ဘုရား)၊ အကျိုးတရား၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝတို့က (အကြောင်းတရားပါ ဘုရား)၊ အကြောင်းတရား၊ ဇာတိ၊ ဇရာမရဏတို့ကျတော့ (အကျိုးတရားပါ ဘုရား)၊ အကျိုးတရား၊ ဟုတ်တယ်၊ အကြောင်းအကျိုး အဲသလိုရှိပါတယ်၊ အချိန်ကာလအားဖြင့် ခွဲခြားမယ်ဆိုလို့ရှိရင် အဝိဇ္ဇာနဲ့သင်္ခါရက ဘယ်ကာလ (လွန်လေပြီးသော အတိတ်ကာလပါ ဘုရား)၊ လွန်လေပြီးသောအတိတ်ကာလ၊ ဟောဒီ

နံပါတ်နှစ်အကွက်ထဲက ငါးမျိုးနဲ့ နံပါတ်သုံးအကွက်ထဲက သုံးမျိုး၊ ပေါင်းရှစ်မျိုးက ဘယ်ကာလ (ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလပါ ဘုရား)၊ ယခုဖြစ်ဆဲပစ္စုပ္ပန်ကာလ၊ နံပါတ်လေးအကွက်ထဲက ဇာတိနဲ့ ဇရာမရဏတို့က ဘယ်ကာလ (နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလပါ ဘုရား)၊ နောင်ဖြစ်လတ္တံ့အနာဂတ်ကာလ၊ ကာလအားဖြင့် ခွဲခြားတော့ အဲသလိုတွေ့တယ်နော်၊ ဟို. . . အစပ်အားဖြင့် လိုက်ရှာတဲ့အခါကျတော့ ပထမအကွက်နဲ့ ဒုတိယအကွက်ကြားထဲမှာ တစ်စပ်၊ ဒုတိယအကွက်နဲ့ တတိယအကွက်ကြားထဲမှာ တစ်စပ်၊ ပြီးတော့ တတိယအကွက်နဲ့စတုတ္ထ အကွက်ကြားထဲမှာ တစ်စပ်၊ ဟုတ်တယ်မဟုတ်လား၊ စာလိုပြောမယ်ဆိုလို့ရှိရင်တော့ သင်္ခါရနဲ့ဝိညာဏ် တစ်စပ်၊ ဝေဒနာနဲ့တဏှာ တစ်စပ်၊ ပြီးတော့ ကမ္မဘဝနဲ့ ဇာတိ တစ်စပ်၊ ဒီပဋိစ္စသမုပ္ပာဒ် အင်္ဂါ ၁၂- ရပ်တွင် အစပ်ဘယ်နှစပ်တုံး (သုံးစပ်ပါဘုရား)၊ အေး. . . အဲသလို သုံးစပ်ပါတဲ့အနက်က ဘုန်းကြီးတို့ ဒီကနေ့ပြောချင်တာ၊ ဟော. . . ပထမအစပ်ပေါ့၊ သင်္ခါရနဲ့ဝိညာဏ် တစ်စပ်၊ ဘာတဲ့တုံး (သင်္ခါရနဲ့ ဝိညာဏ်တစ်စပ်ပါ ဘုရား)။

## အတိတ်က အစွမ်းသတ္တိတွေကြောင့်

ဒီအကြောင်းအရာ ဒီကနေ့ပြောရပါမယ်၊ ဟို လွန်လေပြီးသော အတိတ်ကာလက အဝိဇ္ဇာဦးစီးပြီးတော့ သင်္ခါရဆိုတဲ့ အလုပ်တွေ လုပ်ခဲ့တယ်လို့ ပြောခဲ့ပါကော၊ ဘယ်လောက်ပဲနေနေ နောက်ဆုံး တစ်ဘဝလုံး ချုံးလိုက်လို့ရှိရင် အဝိဇ္ဇာဦးစီးပြီးတော့ ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဆိုတဲ့ ကံစေတနာတွေ အလုပ်လုပ်ခဲ့တယ် မဟုတ်လား (မှန်လှပါဘုရား)၊ အဲသလိုလုပ်ခဲ့ပါတယ်။

အေး. . . အဲဒီအစွမ်းသတ္တိတွေကြောင့် ယခု ဒီဘက်ပစ္စုပ္ပန်

ကာလမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ခန္ဓာငါးပါး ကြီး ဖြစ်ပေါ်လာတဲ့အကြောင်းကို အကြမ်းစားပြောထားတယ်နော် (မှန်လှပါ ဘုရား)၊ အေး. . . အတိတ်ကာလကနေပြီးတော့ ဒီပစ္စုပ္ပန် ကာလ ဘယ်လိုဖြစ်ကြတာလဲ၊ ဒါနဲ့ပတ်သက်ပြီးတော့ ဘုန်းကြီးတို့ ဒီကနေ့ ဟောကြ၊ ပြောကြမယ်နော် (မှန်လှပါ ဘုရား)၊ အများအားဖြင့် ဘုန်းကြီးတို့ သိနေကြတာက ဟိုအတိတ်ကာလက သေလို့ရှိရင် ဟိုဘက်က အသက် ကောင်ကလေးထွက်လာပြီးတော့ ဒီဘက်ပစ္စုပ္ပန်ကာလ အမိဝမ်းမှာ ဝိညာဏ်၊ နာမ်ရုပ်နဲ့ အသက်ကောင်ကလေး ဝင်လာတယ်လို့ ဒီလိုယူဆ ကြတာ (မှန်လှပါ ဘုရား)၊ အဲသလိုယူဆတော့ ဟိုဘက်က အသက် ကောင်ကလေးက ဒီဘက်ရောက်လာတယ်ဆိုတော့ အသက်ကောင် လေးက မသေဘူး အဓိပ္ပာယ်ဖြစ်တာပေါ့၊ မသေဘူးဆိုတော့ ခိုင်မြဲနေ တာ မဟုတ်လား (မှန်လှပါ ဘုရား)။

## ခိုင်မြဲနေတာကို ပါဠိလို သဿတ

ခိုင်မြဲနေတာ ပါဠိလို သဿတ၊ ခိုင်မြဲနေတာကို ပါဠိလို (သဿတပါ ဘုရား)၊ ယူစွဲတာကျတော့ ဒိဋ္ဌိ၊ သဿတနဲ့ ဒိဋ္ဌိပေါင်းလို့ ရှိရင် (သဿတဒိဋ္ဌိပါ ဘုရား)၊ အမယ်. . . သဿတဒိဋ္ဌိ ဒီလိုဖြစ်သွား တယ်နော်၊ ဟုတ်တယ်၊ သဿတဒိဋ္ဌိ၊ အမယ်. . . နှယ်နှယ်မဟုတ်ဘူး နော်၊ လွန်လေပြီးသောအတိတ်ကာလက သေ၊ အသက်ကောင်လေးက ဒီဘက်ပစ္စုပ္ပန်ကာလ အမိဝမ်းမှာ လာရောက်တယ်ဆိုတော့ ခန္ဓာကိုယ် ကြီးကသာ ရေမျှောတယ်၊ မီးရှို့တယ်၊ မြေမြှုပ်တယ် လုပ်တာ၊ အသက် ကောင်ကလေးကတော့ သူ အလုပ်မခံဘူး၊ ပါးစပ်ကနေ ထွက်ထွက်ပြီး တော့ ဟိုဘက်ဘဝကို ကူးကူးသွားတယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား

(မှန်လှပါ ဘုရား)၊ ဒီတော့ အသက်ကောင်လေးက မြဲနေရာမရောက်ဘူးလား (ရောက်ပါတယ် ဘုရား)၊ မြဲနေတာ ပါဠိလို (သဿတပါ ဘုရား)၊ ယူစွဲတာက ဒိဋ္ဌိ၊ သဿတနဲ့ ဒိဋ္ဌိပေါင်းရင် (သဿတဒိဋ္ဌိပါ ဘုရား)၊ အမယ် အဲဒီသဿတဒိဋ္ဌိလေးသာ ဝမ်းထဲရှိနေလို့ကတော့ တရားအားထုတ်၊ မရဘူးတဲ့၊ အေး. . . ဒီကနေ့ ဒါလေးတွေပြောရမှာ၊ မထင်ကြဘူးလား (ထင်ကြပါတယ် ဘုရား)၊ ထင်ပါတယ်၊ အသက်ကောင်ကလေးတွေရှိတယ်လို့ မထင်ဘူးလား (ထင်ပါတယ်ဘုရား)၊ အဲဒီအသက်ကောင်ကလေးက ဟိုဘက်ဘဝ၊ ဟိုဘက်ဘဝ ကူးကူးသွားတယ်လို့ ဒီလိုစွဲကြတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ လူသေတယ်ဆိုလို့ရှိရင်ကြည့်နေကြတာ၊ ပါးစပ်ကလေးကို ကြည့်နေတာ၊ ဘာလို့တုံးဆိုတော့ပါးစပ်က 'ဟ' ခနဲဆိုရင် အသက်ကလေး ထွက်သွားတာကိုး၊ ဒီလိုစွဲတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုလေးတွေ စွဲတယ်။

## အတိတ်နဲ့ပစ္စုပ္ပန် ကြားထဲပြတ်နေတယ်လို့ ယူစွဲရင်

တချို့ကျတော့လည်း အဲသည်လိုမဟုတ်ပါဘူး၊ ဒီဘက်ဘဝမှာ ဝိညာဏ်၊ နာမ်ရုပ်ဆိုပြီးတော့ အသက်ကောင်ကလေးရော ဘာလေးရော၊ ဘဝအသစ်တည်ထောင်တာ၊ ဟိုဘက်နဲ့ ဘာမှမဆိုင်ဘူး၊ ဟိုဘက်က ပြီးပြတ် တစ်ဘဝလုံး ရုပ်ရော နာမ်ရော ပြတ်၊ အသက်ကောင်ကလေးလည်း ဟိုဘက်ပြတ်၊ ဒီဘက်မယ် ဘာမှမဆိုင်ဘူး၊ ဟော. . . အတိတ်က အတိတ် ပြီးခဲ့ပြီ၊ ဒီဘက်ပစ္စုပ္ပန်ကာလ ဝိညာဏ်၊ နာမ်ရုပ် အသစ်ထူထောင်ယူတာ၊ အတိတ်နဲ့ ဘာမှမဆက်စပ်ဘူး၊ ဒီပစ္စုပ္ပန်ကာလ အသစ်ထူထောင်ယူတာ၊ ဒီလိုလည်း စွဲကြသေးတယ်၊ အဲသလို စွဲပြန်တော့လည်း

အတိတ်နဲ့ ဒီပစ္စုပ္ပန်ကာလနဲ့ ကြားထဲပြတ်မနေဘူးလား (ပြတ်နေပါတယ် ဘုရား)၊ ပြတ်နေတာ ပါဠိလို ဥစ္ဆေဒ၊ ယူစွဲတာက ဒိဋ္ဌိ၊ ဥစ္ဆေဒနဲ့ဒိဋ္ဌိပေါင်း (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ ဒါလည်းမှားပြန်တာပဲ၊ လွန်လေပြီးသော အတိတ် ကာလနဲ့ လုံးဝပြတ်တယ်လို့ ယူဆပြန်လို့ရှိရင်လည်း မှားတယ်၊ စောစော တုန်းကလို ဆက်နေတယ်လို့ ယူဆပြန်ရင်လည်း (မှားပါတယ်ဘုရား)၊ ဒီမှားတာလေးတွေက သာမန်မဟုတ်ဘူး၊ ဘုန်းကြီးတို့ အမယ်. . . တရား ရဖို့ရန်အတွက် အဟန့်အတားဖြစ်တယ်နော်၊ ဒ့ါကြောင့် ဒီဥစ္စာလေးတွေ ပြောနေရတာ၊ ဆက်လာတယ်လို့ ယူဆပြန်လို့ရှိရင်လည်းပဲ သဿတဒိဋ္ဌိ၊ မဆက်ဘူး ကြားထဲပြတ်နေတယ်၊ ဟိုဘက်က ဟိုဘက် ပြီးတာပဲ၊ ဒီဘက်က ဒီဘက် အသစ်သတ်သတ် ထူထောင်ပြီးတော့ ယူတာဆိုပြန်လို့ရှိရင်ကော (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိ၊ နှစ်ခုလုံးမှားတယ်နော်၊ မှားတယ်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဒိဋ္ဌိဘယ်နှမျိုး (နှစ်မျိုးပါ ဘုရား)၊ အမယ်. . . ခုပဲဒိဋ္ဌိ နှစ်မျိုးတွေ့နေပြီ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဟုတ်တယ်၊ ဒီဥစ္စာလေး တွေ ပြောရပါမယ်၊ ပြောရပါမယ်၊ သေတယ်ဆိုလို့ရှိရင် တချို့အသက်က ငင်နေတယ်၊ တော်တော်နဲ့မထွက်ဘူး၊ ဒီလိုလည်း ပြောကြတယ်နော်၊ အသက် အသက်နဲ့ ပြောတာ၊ ပြောကိုပြောနေကြတာ၊ အသက် အသက် ဆိုကတည်းကအတိုင်း ဗိုက်ထဲ အကောင်ကလေး အလှောင်ကလေး ရှိသလိုလို၊ ဒီလိုထင်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အသက် အောင့်ထားမယ်လို့ကော မပြောဘူးလား (ပြောပါတယ်ဘုရား)။

## အသက်ကောင်ကလေးရှိတယ်လို့ ယူဆရင်

အမယ်. . . အဲလိုလေးတွေ ပြောကြတယ်ဆိုတော့ အကောင် ကလေး ဗိုက်ထဲရှိသလိုကိုး ထင်နေတာမဟုတ်လား (မှန်လှပါ ဘုရား)၊

အို. . . ဗိုက်ထဲ အကောင်ကလေးရှိတယ်၊ အသက်ကလေးရှိတယ်လို့ ယူဆရင် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ သဿတဒိဋ္ဌိ မဟုတ်လား၊ အေး. . . အဲသလို သဿတဒိဋ္ဌိ အကောင်အလျောင်ကလေးက ဒီဘက်ကို ကူးလာတယ်လို့ယူဆရင် ခိုင်မြဲနေတဲ့အတွက် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါဘုရား)၊ သဿတဒိဋ္ဌိ၊ အဲဒါကြောင့်မို့လို့ သေပြီဆိုလို့ရှိရင် ဒီအသက်ကလေး ချမ်းချမ်းသာသာဖြစ်ဖို့ ဆိုပြီးတော့ အသက်ကလေးဘယ်နေရာများ နေပါလိမ့်မလဲဆိုပြီးတော့ သူ့ချမ်းချမ်းသာသာထားကြတာ၊ အသက်ကလေးနေဖို့ဆိုပြီးတော့ အိုးကလေးတွေ၊ အိမ်ကလေးတွေတောင် လုပ်လုပ်ပေးကြသေးတယ်၊ အဲလိုဟာလေးတွေ လုပ်တယ်နော်၊ အေး . . . ဒီလိုစွဲကြတာပဲ၊ ဘုန်းကြီးတို့ သိပ်စွဲကြတာပဲ၊ ဟို. . . အသက်ကလေး စားဖို့ သောက်ဖို့ဆိုပြီးတော့ သူ့အတွက်လည်း သတ်သတ်တစ်ပွဲတင်သေးတယ်၊ သုသာန်ချသွားတော့တောင်မှ ဒီအသက်ကလေး စားဖို့သောက်ဖို့ဆိုပြီးတော့ 'ခေါင်း'ပေါ်မှာ ခေါက်ဆွဲထုပ်ကြီးတွေ တင်လိုက်တာ၊ ဒီလိုမဟုတ်လား၊ တင်လွှတ်လိုက်တာ၊ တချို့လည်း ဆေးလိပ်စည်းကြီးတွေနဲ့ အင်း. . . အဲဒီအသက်ကလေးက စားရလား၊ သောက်ရလားတော့ မသိဘူး၊ သုသာန်ရောက်တယ်ဆိုရင် သုဘရာဇာတွေက အဲဒီအထုပ်ကို အရင်ဆွဲတာ၊ ပြီးတော့မှ 'ခေါင်း'ကြီးကို မ, တယ်၊ အေး. . . အဲသလိုပါပဲ ဒီအသက်ကလေး၊ အသက်ကလေးရှိတယ်၊ အသက်ကောင်ကလေးရှိတယ်လို့ ယူဆနေရင် ခိုင်တယ်မြဲတယ်ပေါ့နော်၊ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ အဲဒီသဿတဒိဋ္ဌိ ဝမ်းထဲရှိနေလို့ကတော့ တရားမရဘူးတဲ့နော်၊ ဒါကြောင့် ပြောနေရတာပါ။

# အသက်ကောင်ကလေး မရှိပါဘူး

ဒီအကောင်ကလေးမရှိဘူးဆိုတာလည်း ပြောရပ့ါမယ်၊ အသက်ကောင်ကလေးမရှိပါဘူး၊ နို့ပေမယ့်လို့ ပြောကြတယ်၊ အသက် အသက်နဲ့ သိပ်ပြောတာပဲ၊ လူကြီးတွေအသက်ထက် ကလေးတွေအသက်က ပိုပြီး တော့တောင် ထွက်လွယ်သေး၊ အညှာလွယ်တယ် မဟုတ်လား (မှန်လှပါဘုရား)၊ တစ်ခါတလေ လန့်ဖျပ်သွား၊ ဟတ်ချိုးဆိုလို့ရှိရင် ဒီထဲ အသက် ပါသွားတာတဲ့၊ ဒီလိုလည်း မပြောဘူးလား (ပြောပါတယ်ဘုရား)၊ အဲဒါကြောင့် အဲဒီအသက်ကလေး ထွက်မသွားအောင်လို့ ဖမ်းချုပ်ထားတဲ့ ကြိုးကလေးတွေတောင် ဆွဲတတ်ကြသေးတယ်၊ လည်ပင်းမှာလေ၊ အဲ. . . လိပ်ပြာတို့၊ အသက်တို့၊ ဝိညာဉ်တို့၊ ဇီဝတို့၊ အတ္တတို့ ဒီသဘောတွေအတူတူပေ့ါ၊ အသက်တို့၊ လိပ်ပြာတို့ အတူတူပဲနော်၊ အဲ. . . ကလေးရဲ့လိပ်ပြာက ပိုတောင်လွယ်လို့မို့လို့လေ၊ ဒီလိပ်ပြာကလေး ဟတ်ချိုးနဲ့ ချေတဲ့အခါမှာ ပါမသွားအောင်လို့ ချုပ်ထားတဲ့ကြိုးကလေးတွေ လည်ပင်း မတွေ့ဘူးလား (တွေ့ပါတယ် ဘုရား)၊ ထန်းဖူးကိုလေ မန်းတတ်မှုတ်တတ်တဲ့သူတွေ မန်းမှုတ်ပြီးတော့ လည်ပင်းဆွဲထားတာ၊ ဘာကြိုးခေါ်တုံး (လိပ်ပြာချုပ်ကြိုး)၊ လိပ်ပြာချုပ်ကြိုး၊ မြန်မြန်ခေါ်တော့ လိပ်ပချုပ်ကြိုး ဟုတ်တယ်မဟုတ်လား၊ လိပ်ပချုပ်ကြိုး ဒီလိုခေါ်ကြတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ အဲဒါလေးတွေ တစ်ခါတလေ ဟတ်ချိုး ဒီလိုလုပ်တဲ့အခါမှာ အသက်ကလေးတွေ ပါမသွားအောင်လို့ အသက်ရှည်ပါစေ ဆုတောင်းကြတာ၊ ဝိုင်းဆုတောင်းရတယ်၊ ဇီဝတု. . . ဇီဝတု ဆိုတာက အသက်ရှည်ပါစေ၊ ဇီဝတု. . . ဆိုတာက (အသက်ရှည်ပါစေ)၊ အသက်ရှည်ပါစေလို့ အဓိပ္ပာယ်ရတယ်၊ ဟတ်ချိုးဆိုရင် ဘယ့်နှယ်တုံး (ဇီဝတုပါ ဘုရား)၊ နောက်တော့ 'တု' ကိုဖြုတ်ရပါတယ်၊ ပါဠိက ဇီဝဆိုတဲ့

အဓိပ္ပာယ်ကလည်း အတူတူပဲ၊ ဇီဝတုနဲ့ ဇီဝနဲ့ အတူတူပဲ၊ 'တု' ဖြုတ်လိုက်တော့ ဇီဝ၊ ဒီအဓိပ္ပာယ်ကျတော့လည်း အသက်ရှည်ပါစေ၊ ဇီဝ၊ ဘယ့်နှယ်တုံး (အသက်ရှည်ပါစေ)၊ ဇီဝတုနဲ့ ဇီဝအတူတူပဲနော်၊ ဇီဝက ဘယ့်နှယ်တုံး (အသက်ရှည်ပါစေ)၊ ဇီဝ ဘယ့်နှယ်တုံး (အသက်ရှည်ပါစေပါဘုရား)၊ ဟတ်ချိုးဆို ဘယ့်နှယ်တုံး (ဇီဝ)၊ အဓိပ္ပာယ်က ဘာတုံး (အသက်ရှည်ပါစေ)။

## ဆိတ်ဖွား . . . အသက်တစ်ရာ၊ အနာမရှိ

'ဝ' နဲ့ 'ဗ' ပြောင်းတတ်တယ်၊ 'ဝ' နဲ့ 'ဗ' ကပြောင်းပါတယ်၊ ဇီဝအစား ဟတ်ချိုးဆိုရင် ဇီဗ၊ ဘယ့်နှယ်တုံး (ဇီဗ)၊ 'ဝ'အစား 'ဗ'နဲ့ဆိုရင် ဘယ်လိုအဓိပ္ပာယ်ထွက်တုံး (ဇီဗ)၊ အဓိပ္ပာယ်က ဘယ်လိုတဲ့တုံး (အသက်ရှည်ပါစေ)၊ ဇီဗဆိုရင် ဘယ့်နှယ်တုံး၊ အသက်ရှည်ပါစေ၊ ဟတ်ချိုးဆိုရင် ဘယ့်နှယ်တုံး (ဇီဗ)၊ အဓိပ္ပာယ်က ဘယ်လိုတုံး (အသက်ရှည်ပါစေ)၊ အဲဒီ. . . ဇီဗ. . . ဇီဗနဲ့ နောက်တော့ 'ဖ' သံဖြစ်လာတယ်၊ ဇီဖ အဓိပ္ပာယ်ကတော့ ဘယ့်နှယ်တုံး၊ အသက်ရှည်ပါစေ၊ ဟတ်ချိုးနဲ့ ကလေးပေါက်စကဆိုရင် ဘယ့်နှယ်တုံး (ဇီဖ)၊ ဇီကလည်း ဆီလို့ 'ဆ' သံဖြစ်ပြီးတော့ ဆီဖဖြစ်လာတာပေ့ါ၊ တဖြည်းတဖြည်းနဲ့ နောက်တော့ 'ဖ' ကလည်း 'ဝဆွဲ' ပါလာပြီးတော့ ဆီဖွဖြစ်လာတယ်၊ ဟတ်ချိုးဆိုရင် ဘယ့်နှယ်တုံး (ဆီဖွ) အဓိပ္ပာယ်က ဘယ်လိုတဲ့တုံး၊ အသက်ရှည်ပါစေ၊ အဓိပ္ပာယ်က အသက်ရှည်ပါစေလို့ ဒီလိုအဓိပ္ပာယ်ရပါတယ်၊ ကလေးပေါက်စကလေးတွေ ဘာလေးတွေဆိုလို့ရှိရင် ဟတ်ချိုးဆိုရင် ဒီအထဲ အသက်ကလေးက ပါသွားတတ်တယ် မဟုတ်လား၊ ဒါကြောင့် ဘယ့်နှယ်တုံး ဆီဖွ၊ ဘယ်လိုတဲ့တုံး (အသက်ရှည်ပါစေ)၊ အဲလိုနဲ့ တဖြည်းတဖြည်း ကြာလာတော့

ခုချိန်မှာဆိုရင်လေ ကလေးပေါက်စက အဲလိုမျိုးချေလိုက်ပြီဆိုရင် ထိန်းတဲ့သူက ဘယ့်နှယ်ဆိုတုံး (ဆိတ်ဖွား)၊ ဆိတ်ဖွားပြောင်းလာတာ မဟုတ်လား၊ ဟုတ်တယ်၊ ဆိတ်ဖွားထိအောင် ပြောင်းလာတာ၊ အေး. . . အဲသလိုလေးတွေ ဖြစ်ပြီးတော့လာပါတယ်ဆိုတော့ အသက်ကလေးတွေ ရှိတယ်လို့ ယူဆလို့မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိ ပါ ဘုရား)၊ သဿတဒိဋ္ဌိ၊ အဲသလို ဘုန်းကြီးတို့ စွဲကြပါတယ်၊ ဒကာ၊ ဒကာမတွေ စွဲကြပါတယ်၊ အဲဒီ သဿတဒိဋ္ဌိသာ ရှိနေလို့ကတော့ တရား မရဘူး၊ ဒိဋ္ဌိက ခံနေတယ်၊ ဟန့်တားထားတယ်၊ မဂ်ကို ဟန့်တားထား တယ်နော်၊ အဲဒါကြောင့် ဒီဥစ္စာကလေးတွေကို ပယ်တတ်ရှားတတ်ဖို့ အတွက် ပြောရပါမယ်၊ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိ၊ ခုဆိုရင် ဒိဋ္ဌိဘယ်နှမျိုး တွေ့ (နှစ်မျိုးတွေ့ပါတယ် ဘုရား)၊ နှစ်မျိုးတွေ့ပါတယ်၊ အေးဗျ၊ အဲသလို အသက်ကောင်ကလေးတွေရှိတယ်လို့ ယူဆလို့ပဲ ဒီအသက်ကောင် ကလေးအတွက် ကျွေးကြ၊ မွေးကြ မလုပ်ဘူးလား (လုပ်ပါတယ် ဘုရား)။

## အသက်ကောင်လေးရှိတယ်လို့ ယူဆလို့

ဘုန်းကြီးတို့ လျှောက်ပြီးတော့ တရားဟောတော့ အညာဒေသ မြို့ကလေးတစ်မြို့ ရောက်သွားတော့ ပြောတယ်၊ ဒကာကြီးတစ်ယောက် က တပည့်တော်တို့မြို့မှာ အဖြစ်အပျက် အမှန်ဘုရား၊ ပြောစမ်းပါဦးလို့ ဆိုတော့ ဒကာကြီးတစ်ယောက်သေသွားတယ်၊ သူက အရက်သမား၊ နေ့ရော၊ ညရောကို သောက်တာ မိုးမလင်းအောင်သောက်တဲ့သူ၊ တစ်ခါ တလေ သူ့မိန်းမကို ထရိုက်သေးတယ်၊ အဲသလို လူပဲ၊ နောက်တော့ အသည်းကျွမ်းပြီး သေပါလေရောလား၊ သေတော့ အမယ်. . . ဘယ် လောက်ပဲ အရိုက်ခံရခံရ သူ့မိန်းမကနော်၊ ယောကျ်ားသေတယ်ဆိုပြန်

တော့လည်း နှမြောတာပေ့ါ၊ နှမြောတယ်၊ ခါတိုင်းဆိုရင် ဒီအချိန်ရိုက်ပြီ၊ အဲသလို၊ အဲလိုနဲ့လေ. . . သူက ဘာလုပ်တုံးဆိုတော့ သူ အရက်တစ်ပုလင်းရယ်၊ ညနေကျတော့လေ၊ ဟော. . . ကြက်ပေါင်ကြော်တစ်ပန်းကန်ရယ် ယူသွားတာ၊ သုသာန်ဘက်ကိုလေ၊ ဟာ. . . ဟိုအဒေါ်ကြီး ဘာများလုပ်မလို့ပါလိမ့်မလဲ၊ ကာလသားတွေက လှမ်းပြီးတော့ ကြည့်တော့ သွားနေတာ၊ သုသာန်ဘက်ကို စိုက်စိုက် စိုက်စိုက်နဲ့ သွား. . . ဟိုရောက်တဲ့အခါကျတော့ သူ့ယောက်ျား မြှုပ်တဲ့မြေပုံပေါ်မှာ ချပြီးတော့လေ၊ ဟော. . . ဒီအချိန်ဟာ ခါတိုင်း ရှင်သောက်တတ်တဲ့ အချိန်လေးမဟုတ်လားတဲ့ ဟော. . . သူကပြောတာနော်၊ ဟော. . . ရှင်ကြိုက်တတ်တဲ့အစာကလေးလေတဲ့. . . ဆိုပြီးတော့ အရက်တစ်ပုလင်းရယ်၊ ကြက်ပေါင်ကြော် တစ်ပန်းကန်ပြားရယ် ထားခဲ့တာ၊ ဩော်. . . အဒေါ်ကြီးက ဒီလိုလုပ်တာကိုးဆိုပြီးတော့ အဲဒီအဒေါ်ကြီးလည်း ဟိုဘက်တစ်ခါတည်း ကွယ်သွားရော ကာလသားတွေက ယူပြီးတော့ ဝိုင်းတုတ်တော့တာပဲ၊ တုတ်ပြီးတော့ အကုန်လုံးကုန်အောင် သောက်ပြီးတော့ ပန်းကန်ပြားရော၊ အဲဒီမြေပုံပေါ် ပြန်ထား၊ နောက်တစ်နေ့ကျတော့ လာပြန်တယ်၊ နောက်ထပ်တစ်ပုလင်း အသစ်။

## သဿတဒိဋ္ဌိရှိနေရင် တရားမရနိုင်

ဒီကနေ့ကျတော့ ငါးကြော်တွေကြော်လာတာ၊ လာပြန်တယ်၊ ဟော. . . မြေပုံပေါ်ရောက်တဲ့အခါကျတော့ မနေ့တုန်းက ပန်းကန်ပြားရော၊ ပုလင်းရောကြည့်ပြီးတော့ ဩော်. . . တစ်ပုလင်းလုံးတောင် ကုန်သွားတာကိုးတဲ့၊ အမယ်. . . သူက အဲသလိုပြောတယ်၊ မနေ့တုန်းက ကျွန်မကြော်ပြီးတော့ ထားခဲ့တဲ့ကြက်သားကြော် ကောင်းလားတဲ့၊ မြေပုံကို

မေးနေတာ၊ ကြည့်စမ်း ဟော. . . ဒီကနေ့တော့ ငါးကြော်တွေ ပြောင်းပြီးတော့ ကြော်ခဲ့တယ်ဆိုပြီးတော့ နောက်ထပ်တစ်ပုလင်းရော၊ ငါးကြော်တွေရော ထားခဲ့ပြန်တယ်၊ မနေ့တုန်းက ပုလင်းအလွတ်နဲ့ ပန်းကန်ပြားကို ပြန်ယူသွားတယ်၊ အဲဒါကာလသားတွေက ချောင်းပြီးတော့ ကြည့်နေတာ၊ သူလည်းနောက်ကွယ်သွားရော အဲဒါယူပြီး ဝိုင်းတုတ်ကြပြန်တာပဲ၊ အဲသလိုနဲ့ ဘုရား ရက်တွေအတော်များများလုပ်နေတာ ဘုရာ့၊ ပြောတယ်နော်၊ ကြည့်စမ်း အဲသလို နေ့စဉ် သွားသွားပြီးတော့ ပို့တယ်ဆိုတာ အသက်ကောင်ကလေးရှိတယ်လို့ ယူဆလို့ ပို့တာမဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ ဟုတ်တယ်၊ အဲဒီ သဿတဒိဋ္ဌိ တန်းလန်းကြီးနဲ့ဖြင့် တရားအားထုတ်လို့မရဘူးတဲ့၊ ရမလား (မရပါဘူး ဘုရား)၊ မရဘူး၊ ဒိဋ္ဌိက မဂ်တား ဖိုလ်တားပဲ၊ မဂ်တား (ဖိုလ်တားပါ ဘုရား)၊ ဟုတ်တယ်၊ ဒီသဘောတရားကလေးတွေ ပြောပြီးတော့ နေရပါတယ်၊ သဿတဒိဋ္ဌိ၊ အသက်ကောင်ကလေးရှိတယ်၊ ဆက်ဆက်ဆက်ဆက်ပြီးတော့ အသက်ကောင်ကလေးက သွားပြီးတော့ နေတယ်လို့ ယူဆရင် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)။

## ဥစ္ဆေဒဒိဋ္ဌိရှိနေရင်လည်း တရားမရနိုင်

ဟိုဘက်မှာ အသက်ရော၊ အကုန်လုံး ပြတ်ခဲ့တာပါပဲကွာ၊ အတိတ်သေတယ်ဆိုလို့ ရှိရင် အတိတ်ကာလမှာ ဟော. . . လွန်လေပြီးသော အတိတ်ကာလမှာ အသက်ရော၊ ရုပ်ရော၊ နာမ်ရော အကုန်လုံး ပြတ်ခဲ့တာပဲ၊ ဘာမှမဆိုင်ဘူး၊ ဒီဘက်ပစ္စုပ္ပန်ကာလ ဘာမှကူးမလာပါဘူး၊ ဒီဘက်လုံးဝ အသစ်ထူထောင်တာလို့ ဆိုပြန်တော့လည်း ကြားထဲပြတ်မနေဘူးလား (ပြတ်နေပါတယ် ဘုရား)၊ ပြတ်နေတာ ပါဠိလို ဥစ္ဆေဒ

ယူစွဲတာက ဒိဋ္ဌိ၊ ဥစ္ဆေဒနဲ့ ဒိဋ္ဌိနဲ့ပေါင်း (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိ၊ အဲဒါကောမှန်ရဲ့လား (မမှန်ပါဘူး ဘုရား)၊ မမှန်ပါဘူး၊ ဥစ္ဆေဒဒိဋ္ဌိ တန်းလန်းကြီးနဲ့ တရားအားထုတ်နေရင်ကော ရမလား (မရပါဘူးဘုရား)၊ မရဘူး၊ ဒီလိုလည်း မဟုတ်ပါဘူး၊ ပြတ်နေတာလည်း မဟုတ်ပါဘူး၊ ပြတ်နေတာလည်း (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး၊ ဒီဥစ္စာကလေးတွေ သတိပြုရပါမယ်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဒီနှစ်မျိုးနော်၊ အခု ပြောပြီး တော့ နေပါတယ်၊ ဘုန်းကြီးတို့စွဲတတ်တယ်၊ စွဲတတ်တယ်၊ ဒီနှစ်မျိုးရှိပါ တယ်၊ ဘယ်သူက များသလဲဆိုရင်တော့ သဿတက များမှာပေါ့၊ ဘယ်သူကများ (သဿတက များပါတယ်ဘုရား)၊ သဿတကများတော့ အသက်ကလေး ဒီအသက်ကလေးသွားလေရာ၊ လာလေရာဖြောင့်ဖြောင့် ဖြူးဖြူး ဖြစ်ပါစေ စားစရာ၊ သောက်စရာတွေ ပြည့်ပြည့်စုံစုံ ဖြစ်ပါစေ၊ ဒီလိုဆန္ဒတွေနဲ့ မဟုတ်လား (မှန်လှပါ ဘုရား)၊ အမယ်. . . သူ့ စရိတ် ကလေး ဘာလေးတောင် ပေးတတ်ကြသေးတယ်၊ လူတစ်ယောက်သေတယ် ဆိုလို့ရှိရင် စရိတ်ကလေးတွေ မပေးတတ်ကြဘူးလား (ပေးတတ်ကြပါ တယ် ဘုရား)၊ ပေးတယ်၊ ဘယ်လောက်ပေးတုံး (တစ်မတ်ပါဘုရား)၊ တစ်မတ်၊ ဒီထက်မပိုဘူးလား၊ သူကတော့ ဒါပဲလား၊ သူ ဈေးတည်ငြိမ် တယ်ပေါ့နော်၊ ဟုတ်တယ်၊ တစ်မတ်ကတော့ အေး. . . ဒီလို တစ်မတ် တစ်မတ်နဲ့ ပေးတဲ့ဥစ္စာ လမ်းမှာလေ မြစ်ကူးချောင်းခြား တွေ့လို့ရှိရင် သူ ဒီဥစ္စာကလေးနဲ့ စရိတ်ပေးပြီးတော့ ဟိုဘက်ကို ကူးပေးဖို့ ကူတို့ ကူးပေးဖို့ မဟုတ်လား (မှန်လှပါဘုရား)၊ ကျွန်တော့ ဟိုဘက်ကူးပေးပါဗျာ၊ ရော့. . . တစ်မတ် ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ တစ်မတ်နဲ့ ရပ့်မ လား (မရပါဘူး ဘုရား)၊ မရဘူး၊ အမယ်. . . ခုဆိုလို့ရှိရင်၊ အဲသလိုတွေ ဖြစ်ပါတယ်၊ ကြည့်စမ်း၊ တစ်မတ် တစ်မတ်နဲ့ပေးတာနော်၊ ဘာဒိဋ္ဌိရှိလို့

(သဿတဒိဋ္ဌိ ရှိနေလို့ပါ ဘုရား)၊ သဿတဒိဋ္ဌိ ရှိနေလို့နော်။

## သဿတဒိဋ္ဌိသမားက များပါတယ်

အမယ်. . . နှယ်နှယ်မအောက်မေ့ပါနဲ့နော်၊ တစ်ယောက် တစ်မတ်၊ တစ်မတ်နဲ့ ဟိုကာယကံရှင် တစ်ဦးစီ၊ တစ်ဦးစီဆိုတော့ ဘယ်လောက်မှ မကြီးကျယ်ဘူးလို့ထင်တာနော်၊ ဘုန်းကြီးတို့မြန်မာပြည်မှာ အခု သန်းလေးဆယ်တောင် နည်းနည်းကျော်နေပြီလို့ပြောတယ်၊ ဟုတ်တယ်နော်၊ လူဦးရေဟာ၊ တစ်နေ့ကိုလေ တစ်နိုင်ငံလုံးအနေနဲ့ အတိုင်းအတာ လူပေါင်းဘယ်လောက်သေမယ်ထင်တုံး၊ ဟိုတစ်မြို့ မဟုတ် တစ်မြို့၊ တစ်နယ်မဟုတ် တစ်နယ် သေကြတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘုန်းကြီးတို့ ရန်ကုန်မြို့မှာ မနည်းဘူး၊ နေ့စဉ် သေနေတာပဲ၊ ဟို. . . မန္တလေးမြို့ကြီးတို့လို၊ မော်လမြိုင်မြို့ကြီးတို့လို မြို့ကြီးတွေ မြို့ကြီးတွေဆိုလို့ရှိရင်နော် သိသိသာသာမဟုတ်လား (မှန်လှပါ ဘုရား)၊ ပြီးတော့ တောရွာတွေလည်း တစ်ရွာမဟုတ်တစ်ရွာ သေနေကြတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဆိုမယ်ဆိုရင် လျှော့လျှော့ပေ့ါပေ့ါတွက်တောင် တစ်နေ့ကို လူပေါင်း တစ်ရာနော်၊ ပိုတဲ့အခါ ပိုဦးမှာပေ့ါ၊ ထားပါတော့ တစ်ရာပဲထားကြပါစို့၊ လျှော့လျှော့ပေ့ါပေ့ါ လူပေါင်းတစ်ရာဆိုရင် တစ်ယောက် တစ်မတ်၊ တစ်မတ်ဆိုရင် မတ်တစ်ရာမဟုတ်လား (မှန်လှပါဘုရား)၊ တစ်နေ့ မတ်ပေါင်း (တစ်ရာ)၊ မတ်တစ်ရာဆိုရင် ဘယ်လောက်တုံး၊ ကျပ်အစိတ်၊ (ကျပ်အစိတ်ပါ ဘုရား)၊ ဟုတ်တယ်၊ တစ်နေ့ တစ်နေ့ ငွေအစိတ်၊ အစိတ်ပေ့ါနော်၊ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပြောနေတာ၊ အေး. . . အဲသလို တစ်မတ်၊ တစ်မတ်နဲ့ ထည့်တဲ့ဥစ္စာ တစ်နေ့ငွေအစိတ်၊ တစ်ရက်ကို

ငွေအစိတ်ဆိုတော့ ဆယ်ရက်ကို ၂၅၀၊ ရက်ပေါင်းသုံးဆယ်ဆိုရင် (၇၅၀)၊ ၇၅၀၊ ရက်ပေါင်းသုံးဆယ်၊ တစ်လဆိုရင် ဘယ်လောက်တုံး ၇၅၀၊ ဆယ်လမှာ ဘယ်လောက် (၇၅၀၀ပါ ဘုရား)၊ ၇၅၀၀ တစ်နှစ်ပြည့်အောင် ဟိုနှစ်လအတွက်က ဘယ်လောက်ပါလိမ့် ၁၅၀၀၊ ဟုတ်တယ် ၇၅၀၀- ရယ်၊ ၁၅၀၀- ရယ်ပေါင်းရင် ကိုးထောင်လား၊ ဘယ်လောက်ပါလိမ့် (ကိုးထောင်ပါ ဘုရား)၊ ကိုးထောင်၊ ကြည့်စမ်း၊ ဒီလိုဆိုရင် ၁၂- လ တစ်နှစ်မှာ ဟော. . . ငွေတွေကုန်ကုန်သွားတာ ဘယ်လောက်တုံး (ကိုးထောင်ပါ ဘုရား)၊ ကိုးထောင်နော် နည်းတာမဟုတ်ဘူး၊ အကြွေတွေ နော်၊ တစ်နှစ်ကို ကိုးထောင်ဆိုတော့ ဆယ်နှစ်လောက်များဆိုရင် (ကိုးသောင်း)၊ ကိုးသောင်း၊ နည်းလား မြေကြီးထဲရောက်ကုန်တယ်၊ မီးထဲ ရောက်ကုန်တယ်၊ အလကားဖြစ်ကုန်တာ မဟုတ်လား (မှန်လှပါဘုရား)။

## ခိုင်တယ်၊ မြဲတယ်လို့ ယူစွဲတဲ့ဒိဋ္ဌိ

အေးဗျ၊ အဲလိုအလကားဖြစ်ကုန်တာ ဘာအယူအစွဲရှိလို့တုံး (သဿတဒိဋ္ဌိရှိလို့ပါ ဘုရား)၊ အေး. . . သေးတာမဟုတ်ဘူးနော်၊ အကြွေတွေ ရှားရှားကုန်တာလည်း ဒီအကြောင်း တစ်ကြောင်းပါမယ်၊ ပါမယ်၊ အေး. . . အဲသလိုတွေ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ အေးဗျ၊ အဲသလိုတွေ ဖြစ်ပါတယ်၊ အဲသလို သဿတဒိဋ္ဌိ- ခိုင်တယ်၊ မြဲတယ်လို့ ယူစွဲပြန်လို့ရှိရင်လည်း ဘာဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဟိုဘက်မှာပဲ သတ်သတ် သူ့ဟာသူ ပြတ်နေခဲ့တာပဲ၊ ဒီဘက်က သတ်သတ် အသစ်ထူထောင် တာပဲလို့ ယူဆပြန်တော့လည်း ကြားထဲမှာ ပြတ်ပြီးတော့ နေတဲ့အတွက် ဘာဒိဋ္ဌိ (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ နှစ်မျိုးစလုံး မဟုတ်ဘူး၊ မှားတယ်။

## သင်္ခါရကြောင့် ဝိညာဏ်ဖြစ်

အခု ဘုရားကိုယ်တော်မြတ်ကြီးက ဟောပြီ၊ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဟိုဘက်တစ်အကွက်ကတော့ ဒီဘဝ မရောက်ခင် လွန်လေပြီးသော အတိတ်ကာလ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီဘက်ပစ္စုပ္ပန်ကာလမှာ ဖြစ်ပေါ်တာ သင်္ခါရပစ္စယာ ဝိညာဏံ-အဓိပ္ပာယ်က သင်္ခါရကြောင့် ဘာဖြစ်၊ ဝိညာဏ်ဖြစ်၊ သင်္ခါရဆိုတာ ပြောခဲ့ပြီ၊ မနက်တုန်းက၊ အကြောင်းတရားကံတွေကို အရကောက်ရတယ်၊ စုစုပေါင်း စေတနာ ၂၉- ပါးကို အရကောက်ရတယ်လို့ ပြောခဲ့ပါကော (မှန်လှပါ ဘုရား)၊ စေတနာပေါင်း ဘယ်လောက်တုံး (၂၉- ပါးပါဘုရား)၊ ၂၉- ပါး၊ အကြောင်းတရားကံတွေ၊ အစွမ်းသတ္တိတွေ မဟုတ်လား။

## သင်္ခါရဆိုတဲ့ အကြောင်းတရားကံ အစွမ်းသတ္တိတွေကြောင့်

ဘယ်တုံးကတုံး၊ လွန်လေပြီးသော အတိတ်ကာလ၊ အဲဒီအစွမ်းသတ္တိတွေကြောင့်၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ်ဆိုတာ ပဋိသန္ဓေစိတ်ကလေးလို့ ပြောခဲ့ပါတယ် (မှန်လှပါ ဘုရား)၊ အမိဝမ်းမှာ အဦးဆုံးဖြစ်တဲ့ စိတ်ကလေး၊ ဘာစိတ်ကလေး (ပဋိသန္ဓေစိတ်ပါ ဘုရား)၊ ဝိညာဏ်ဆိုတာ ဘာတဲ့တုံး၊ ပဋိသန္ဓေစိတ်၊ အကောင်အလှောင်လေး မဟုတ်ဘူးနော် (မှန်လှပါ ဘုရား)၊ ဝိညာဏ်ဆိုတာ ဝိညာဏ်ကောင်ကလေး မဟုတ်ဘူးနော်၊ စိတ်ကလေးပါ။ ဘာစိတ်တုံး (ပဋိသန္ဓေစိတ်ပါ ဘုရား)၊ ဘုန်းကြီးတို့ လူ့ဘဝတစ်ခုလုံးကို သုံးပိုင်းပိုင်းလိုက်ပါ၊ အဦးဆုံး စပြီးတော့ဖြစ်တဲ့စိတ်ကလေးက ပဋိသန္ဓေစိတ်၊ ဟိုးနောက်ဆုံးမှာ သေတဲ့စိတ်ကလေးက စုတိစိတ်၊ ဒီအတောအတွင်း တစ်ဘဝလုံး ဖြစ်နေတဲ့စိတ်က ပဝတ္တိစိတ်၊

စိတ်ဘယ်နှမျိုးပါလိမ့် (သုံးမျိုးပါ ဘုရား)၊ သုံးမျိုး။

## ဝိညာဏ်ဆိုတာ ပထမဦးဆုံးဖြစ်တဲ့စိတ်

အော. . . ဒါဖြင့်ရင် ပဋိသန္ဓေစိတ်၊ ပဝတ္တိစိတ်၊ စုတိစိတ်လို့ သုံးမျိုးရှိတဲ့အနက် ဝိညာဏ်ဆိုတာ အဦးဆုံးစပြီးတော့ ဖြစ်တဲ့စိတ်ကလေး ပေါ့၊ အမိဝမ်းထဲမှာ ဖတ်ခနဲစပေါ်တာနော်၊ တကယ်တော့ ဖတ်ခနဲတော့ ဘယ်အသံကြားရလိမ့်မလဲ၊ မြင်လွယ်အောင် ပြောတာနော်၊ ဟို. . . အဲသလို ဝိညာဏ်ဆိုတဲ့ စိတ်ကလေးဖြစ်တာ ဘာကြောင့်ဖြစ်တာတုံး၊ သင်္ခါရကြောင့်၊ သင်္ခါရက ကာလက လွန်လေပြီးသော အတိတ်ကာလ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီလွန်လေပြီးသော အတိတ်ကာလက အစွမ်းသတ္တိတွေကြောင့် ဒီဘက်မှာ အမိဝမ်းမှာ ဘာစိတ်ကလေးပေါ် (ပဋိသန္ဓေစိတ်ပေါ်ပါတယ် ဘုရား)၊ ပဋိသန္ဓေစိတ်ပေါ်။

## နာမ်ဆိုတာက စေတသိက်

ဝိညာဏပစ္စယာ နာမရူပံ၊ အဲဒီဝိညာဏ်ဆိုတဲ့ အကြောင်းကြောင့် နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်ဆိုတဲ့ဥစ္စာ အရကောက်တော့ စေတသိက်တွေတဲ့၊ ဘာတွေတဲ့တုံး (စေတသိက်တွေ ပါ ဘုရား)၊ စေတသိက်တွေ၊ စေတသိက်ဆိုတာ စိတ်နဲ့ အတူတူတွဲဖြစ် တာပေါ့၊ ဝိညာဏ်ဆိုတဲ့ ပဋိသန္ဓေစိတ်နဲ့တွဲပြီးတော့ ဖြစ်တာ၊ နာမ်ဆိုတဲ့ ဥစ္စာတွေက စေတသိက်တွေ မဟုတ်လား၊ စိတ်နဲ့စေတသိက်၊ စိတ်နဲ့ စေတသိက်၊ ဟုတ်တယ်၊ ဝိညာဏ်ကလည်း နာမ်တရား၊ နာမ်ကလည်း နာမ်တရား၊ ဟုတ်ကဲ့နော် (မှန်လှပါ ဘုရား)၊ ရုပ်ကျတော့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ အဲဒီရုပ်တရားက ဒီနာမ်

တရားတွေ မှီတွယ်ဖို့ရာအနေနဲ့ ပါတာပေါ့၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒီတော့ ဝိညာဏ်ကလည်း နာမ်၊ နာမ်ကလည်း နာမ်၊ နာမ်တရား၊ ဟို ရုပ်ကလေးက ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ တကယ့်တကယ် ဖြစ်စဉ်ကျတော့ တစ်ပြိုင်နက်ဖြစ်တာပါတဲ့၊ ဟို. . . ဟောတော်မူတဲ့အခါ သာ အရေးကြီးရာအရင် နှုတ်တော်က အမိကကျရာ ထုတ်ဖော်ပြီးတော့ သင်္ခါရ ပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ ဒီလိုနှစ်ခါ ခွဲဟောတာနော်။

## ဝိညာဏ် နာမ်ရုပ် = စိတ်စေတသိက် ရုပ်

တကယ့်တကယ် ဖြစ်စဉ်ကတော့ ဝိညာဏ် နာမ်ရုပ်၊ ဘယ့်နှယ် (ဝိညာဏ်နာမ်ရုပ်)၊ ဝိညာဏ်နာမ်ရုပ်၊ အဲဒီဥစ္စာတစ်ပြိုင်နက် ဖြစ်တာနော်၊ ဝိညာဏ်ဆိုတာက ဘာစိတ်၊ ပဋိသန္ဓေစိတ်၊ နာမ်ဆိုတာက စေတသိက်၊ စိတ်နဲ့စေတသိက်၊ စိတ်နဲ့စေတသိက်၊ အဲဒီဥစ္စာလေးတွေ မှီတွယ်ဖို့ရာ ဘာပါသေးတုံး၊ ရုပ်၊ ဒါဖြင့် နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါး နာမ်တရားရော ရုပ်တရားရော ဟောဒီ ဝိညာဏ် နာမ်ရုပ်ဆိုတဲ့ သုံးမျိုးဟာ တစ်ပြိုင်နက်တည်း တစ်ချိန်တည်း ဖြစ်တာပါတဲ့၊ အမိဝမ်းထဲမှာ၊ ဘယ်သူ့ကြောင့်ဖြစ်၊ သင်္ခါရကြောင့်ဖြစ်၊ ဩော် ဩော် ဩော်. . . ဟိုဘက်က လွန်လေပြီးသော အတိတ်ကာလ သင်္ခါရအစွမ်း ကြောင့် ဒီဘက်မှာ ပေါ်လာတာ၊ အင်း. . . အစွမ်းကြောင့် ပေါ်လာတာ၊ ဟိုဘက်က ကူးလာတာလား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ ဟိုဘက်က အသက်ကောင်ကလေးတွေ ဒီဘက်ပစ္စုပ္ပန်ဘက်မှာ ဝိညာဏ် နာမ်ရုပ် ကူးလာတာလား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ အင်း. . . အလိုလို ဟိုဘက်က ဘာမှမပါဘဲနဲ့ ဝိညာဏ်နာမ်ရုပ်

ထပေါ်တာလား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး၊ အဲလိုလဲ မဟုတ်ဘူး၊ အတိတ်က အစွမ်းမပါဘဲနဲ့၊ ဝိညာဏ် နာမ်ရုပ်လို့ ဒီလိုပေါ်ပြန်လို့ရှိရင်လည်း ကြားထဲပြတ်နေတဲ့အတွက် ဘာဒိဋ္ဌိ (ဥစ္ဆေဒဒိဋ္ဌိ ပါဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိ၊ အဲသလိုမဟုတ်ဘဲနဲ့ အတိတ်ကာလက ရုပ်တရား၊ နာမ်တရားတွေ ဒီဘက်ကူးလာတယ်လို့ ယူဆပြန်ရင်ကော ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါဘုရား)၊ အဲသလိုကော ခု ပြောတာဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး။

## အတိတ်က သင်္ခါရအစွမ်းကြောင့် ဝိညာဏ် နာမ်ရုပ်ပေါ်

သင်္ခါရအစွမ်းကြောင့် ဘာဖြစ်၊ ဝိညာဏ်ဖြစ်၊ ဒီလိုသာပြောတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟိုဘက်က သင်္ခါရအစွမ်းကြောင့် ဒီဘက်မှာ ဝိညာဏ်နာမ်ရုပ်နဲ့ ပေါ်တာမဟုတ်လား၊ အေး. . . ဒီဥစ္စာလေး သတိပြုပါ၊ ဘုန်းကြီးတို့ ခု အရေးတကြီးပြောနေပါတယ်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အဲဒါကလွတ်အောင် ပြောနေတာနော် (မှန်လှပါ ဘုရား)၊ ရုပ်ကလေးတွေ၊ နာမ်ကလေးတွေ လွန်လေပြီးသော အတိတ်ကာလက ဒီဘက်ကို ကူးလာတယ်လို့ ယူဆရင် ခိုင်မြဲနေတဲ့အတွက် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါဘုရား)၊ သဿတဒိဋ္ဌိ၊ အမယ်. . . တချို့ပြောကြတာ၊ ဟိုဘက်ဝမ်းကနေပြီးတော့ ဒီဘက်ဝမ်း ရောက်လာတယ်ဆိုပြီးတော့ ဟို နောက်ကြောင်းပြန်ပြောတတ်တဲ့ ကလေးကို မေးကြည့်တယ်၊ နင့် ဒီအိမ် ဘယ်လိုလုပ်ရောက်လာတာတုံးဆိုတော့ သူက တောထဲလျှောက်သွားပြီးတော့ လည်ပတ်ပြီးတော့နေတာ ရေတွင်းကြီးနားမှာနေနေတုန်း မိန်းမကြီးတစ်ယောက်က ရေလာခပ်တယ်၊ ရေခပ်လို့ ပြန်တော့မယ်လုပ်တော့

အိုးထဲကို ရေမှုတ်လည်း တပ်လိုက်ရော သူက အဲဒီရေမှုတ်ထဲ ဝင်လိုက်လာတာတဲ့၊ သူပြောတာ၊ အဲဒါနဲ့ အဲဒီအိမ်ရောက်ကရောတဲ့ဆိုတော့ သူပြောပုံကြီးက ဟိုဘက်က အသက်ကောင်ကလေးက ဒီဘက်အိမ်ရောက်ပြီးတော့ ဒီအမိဝမ်းထဲမယ် အကောင်လိုက်အတိုင်း ဝင်တဲ့အဓိပ္ပာယ် မဟုတ်လား၊ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ မဟုတ်ပါဘူး၊ ဒါက သူ့အထင်ပြောတာ၊ အဲသလိုလည်း မရှိရပါဘူးနော်၊ မရှိရပါဘူး။

## စာတိုက်မှတစ်ဆင့် ဒြပ်ဝတ္ထုပစ္စည်းပို့

အခု ဘုရားကိုယ်တော်မြတ်ကြီးက ဟောတာကဖြင့် သင်္ခါရဆိုတဲ့ ဟိုဘက်က အတိတ်အစွမ်းကြောင့် ဒီဘက်မှာ ဝိညာဏ်နာမ်ရုပ်ပေါ်တယ်လို့ ပြောပြီမဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဒါပြောနေပါတယ်၊ ဒီနေရာနဲ့ပတ်သက်ပြီးတော့ ဥပမာတွေအမျိုးမျိုး ပြောပါတယ်၊ စာထဲမှာ ပဲ့တင်သံဥပမာတို့၊ မီးခွက်တစ်ခုကနေပြီးတော့ မီးခွက်တစ်ခုကူးတဲ့ ဥပမာတို့၊ တံဆိပ်တုံးနှိပ်တဲ့ ဥပမာတို့၊ ဒီလိုဥပမာတွေ အမျိုးမျိုးနဲ့ပေးပြီးတော့ ရှင်းချက်တွေ ထုတ်တယ်၊ အဲဒီထဲ ဘုန်းကြီးကြိုက်တာကတော့ဖြင့် ငွေပို့တဲ့ ဥပမာလေးက ပိုတောင်ကြိုက်သေး၊ ဟို. . . ငွေပို့တာနော်၊ ဟုတ်တယ်၊ အဲဒါလေးက ပိုတောင်ရှင်းပါသေးတယ်၊ အဲဒါလေးနဲ့ ပြောပါမယ်၊ ငွေပို့တာက လူကြုံနဲ့ပို့တာ မဟုတ်ဘူး၊ စာတိုက်က နေပြီးမန်နီအော်ဒါနဲ့ပို့တာ ဒီလိုနော်၊ အေး. . . ကဲ၊ ငွေပို့တဲ့ ဥပမာပြောကြစို့၊ ဟော ဒီနားက ဒကာကြီးဦးစိုးမင်းပဲ ဘုန်းကြီးနဲ့ အမေးအဖြေလုပ်မယ်၊ ဒကာကြီးဦးစိုးမင်းထံကို ဟောဒီရန်ကုန်မှာရှိနေတဲ့ ဒကာကြီး ဦးစိုးမင်းထံကို မန္တလေးက ဟော. . . သူ့ဆွေမျိုးတွေက ငွေပို့တာနော်၊ ဆွေမျိုးတွေက ငွေပို့လိုက်တာ၊ သူသုံးဖို့ စွဲဖို့ရအောင်လို့ ငွေတွေပို့လိုက်တာ၊ ပို့တဲ့အခါ

မှာ လူကြုံနဲ့ပို့တာ မဟုတ်ဘူးနော်၊ စာတိုက်ကနေပြီးတော့ မန်နီအော်ဒါနဲ့ ပို့တာနော်၊ ဘယ်သူ့ဆီပို့တာတုံး (ဦးစိုးမင်း ထံကိုပါ ဘုရား)၊ ဦးစိုးမင်းထံ ကိုပို့တာ၊ ဘယ်ကနေပို့၊ မန္တလေးက နေပြီးတော့ ပို့တာ။

## တစ်နေရာမှ အခြားတစ်နေရာသို့

ကဲ. . . ဦးစိုးမင်း မေးမယ်၊ ကဲ. . . ငွေတွေ ဘယ်လောက်များ သုံးချင်သလဲ၊ ဘယ်လောက်များများရချင်သလဲ၊ ကဲ- ပြောလိုက်စမ်းပါ (တစ်ထောင်ရချင်ပါတယ် ဘုရား)၊ တစ်ထောင်လား၊ လောဘကလည်း နည်းလိုက်တာ၊ တကယ်ရမှာမှ မဟုတ်ဘဲနဲ့၊ တကယ်ရမှာမှ မဟုတ်တူတူ တော့ များများယူချင်လိုက်ပေ့ါဗျာ၊ ခုက တစ်ထောင်ပဲလား (တော်ပါပြီ ဘုရား)၊ ဟာ. . . တော်ပြီတဲ့၊ တရားတွေ အားထုတ်ထားတာဆိုတော့ လောဘနည်းမှာပေ့ါနော်၊ ကဲ. . . တစ်ထောင်ပဲတဲ့၊ ဩော် ဩော်. . . သူ့ဆွေမျိုးတွေကို သူညာတာ ရှိလိမ့်မယ်၊ ကဲ- သူက တစ်ထောင်ပဲ လိုချင် တယ်တဲ့၊ ကဲ. . . ဆွေမျိုးတွေက၊ မန္တလေးက ဆွေမျိုးတွေက ဟောဒီ ရန်ကုန်ဦးစိုးမင်းထံ ငွေတစ်ထောင်ပို့တယ်တဲ့၊ စာတိုက်သွားပြီးတော့ ငွေ တစ်ထောင်ရေအပ်၊ ဘောက်ချာတွေ ဘာတွေဖြတ်ပြီးတော့ အိမ်ပြန်သွား တယ်၊ ဘယ်လောက်မှ မကြာပါဘူး၊ ဟော. . . သုံးလေးရက်လောက် လည်းရှိရော ဟောဒီရန်ကုန်က စာတိုက်မင်းက ဦးစိုးမင်းထံ လာပြီးတော့ ငွေတစ်ထောင်ပို့တယ်၊ ရော့. . . ငွေပို့လိုက်တယ်၊ ခင်ဗျားဆွေမျိုးတွေက ဆိုပြီးတော့ ငွေတစ်ထောင် အပ်တယ်နော်၊ အခု ဦးစိုးမင်းထံ ငွေ ဘယ်လောက်ရတုံး (တစ်ထောင်ပါ ဘုရား)၊ တစ်ထောင်ရတယ်၊ ဦးစိုးမင်း ထံ ငွေဘယ်လောက်ရ (တစ်ထောင်ရပါတယ် ဘုရား)၊ အဲဒါမေးရဦးမယ်၊ အဲဒီတစ်ထောင်ဟာ ဘယ်လိုလဲ၊ မန္တလေးကနေပြီးတော့ ဒီရန်ကုန်ကို

ရထားကြီးနဲ့ တင်ပေးလိုက်တာလား (မဟုတ်ပါဘူး ဘုရား)၊ မော်တော်ကား ကြီးတွေနဲ့ တင်ပို့လိုက်တာလား (မဟုတ်ပါဘူး ဘုရား)၊ ဒါမှမဟုတ် လေယာဉ်ပျံကြီးနဲ့ ပို့လိုက်တာလား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး ဗျာ၊ ဟိုက ပို့လိုက်တဲ့ ငွေတစ်ထောင်ကဖြင့် ဟိုမှာ စာတိုက် အပ်ပြီးတော့ ဟိုမှာပဲ နေရစ်လေရဲ့၊ မန္တလေးဘဏ်မှာပဲ ကျန်ရစ်တယ်၊ ဟော. . . ဒီမှာ ရတဲ့ငွေတစ်ထောင်က ဟောဒီရန်ကုန် ဘဏ်ကထုတ်ပေးတဲ့ ငွေတစ်ထောင် ဟုတ်ကဲ့နော်၊ အေး. . . . ဦးစိုးမင်းထံရတဲ့ ငွေတစ်ထောင်က ဘယ်ဘဏ် က ထုတ်ပေးတုံး (ရန်ကုန်ဘဏ်က ထုတ်ပေးပါတယ် ဘုရား)၊ ရန်ကုန် ဘဏ်ကထုတ်ပေးတဲ့ ငွေတစ်ထောင်ပါ၊ ငွေဘယ်လောက်ရတုံး (တစ်ထောင်ပါ ဘုရား)၊ ဘာပြုလို့ တစ်ထောင်ရတုံး (တစ်ထောင်ပို့လို့ပါ ဘုရား)၊ ဟိုက တစ်ထောင်ပို့တာကိုး၊ ဟို မန္တလေးက ဘယ်လောက်ပို့လိုက် တာတုံး (တစ်ထောင်ပို့လိုက်ပါတယ် ဘုရား)၊ တစ်ထောင်ပို့လိုက်လို့ ဦးစိုးမင်းထံမှာ တစ်ထောင်ပေါ်လာတာ၊ ဒါပေမယ့် ဟိုကပို့လိုက်တဲ့ အထုပ်လိုက်အတိုင်း ဒီရောက်လာတာတော့ ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ ဟိုကငွေက ဟိုပဲနေရစ်ခဲ့တယ်၊ ဒီကငွေက ဒီက သတ်သတ်ပေါ်လာတာ၊ ဒီမယ် ဘယ်လောက်ပေါ်လာတုံး (တစ်ထောင် ပေါ်လာပါတယ် ဘုရား)၊ တစ်ထောင်ပေါ်လာတာက ဟိုက တစ်ထောင် ပို့လိုက်လို့မို့လို့ ဒီတစ်ထောင်ပေါ်တာပေါ့ (မှန်လှပါ ဘုရား)၊ ဟိုကများ တစ်သောင်းပို့မယ်ဆိုရင် ဒီမှာ (တစ်သောင်းပေါ်ပါမယ် ဘုရား)၊ တစ်သောင်းပေါ်လာမယ်၊ ဟိုက တစ်သိန်းများပို့မယ်ဆိုရင် ဒီမှာ (တစ်သိန်းပေါ်ပါမယ် ဘုရား)၊ တစ်သိန်းပေါ်မယ်။

## အထည်ဝတ္ထု ဖြပ်ခြင်း ဆက်သွယ်မှုမရှိပါ

ဟိုက ငွေတွေ တိုက်ရိုက်ဒီရောက်လာတာတော့ ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ ဟိုကအစွမ်းကြောင့် ဒီမှာပေါ်တာ၊ ဟိုကအစွမ်းကြောင့် (ဒီမှာပေါ်တာပါ ဘုရား)၊ ဒီမှာပေါ်တာ၊ ငွေချင်း ဆက်သွယ်ရဲ့လား (မဆက်သွယ်ပါဘူး ဘုရား)၊ မဆက်သွယ်ပါဘူး၊ အထည်ဝတ္ထုဖြပ်ချင်း မဆက်သွယ်ပါဘူး၊ သို့သော် အစွမ်းချင်းတော့ (ဆက်သွယ်ပါတယ် ဘုရား)၊ ဆက်သွယ်ပါတယ်၊ ဟိုက အစွမ်းသတ္တိအရ ဒီပေါ်တာမဟုတ်လား၊ အဲသလိုပါ၊ ဟိုကတစ်သိန်းများပို့မယ်ဆိုရင် တစ်သိန်းပို့ခြင်းဆိုတဲ့ အစွမ်းသတ္တိကြောင့် ဒီမှာလာပြီးတော့ ငွေဘယ်လောက်ပေါ်မယ် (တစ်သိန်းပေါ်ပါမယ် ဘုရား)၊ တစ်သိန်းပေါ်မယ်၊ ဒီကဘဏ်က ထုတ်ပေးတဲ့ တစ်သိန်းနော် (မှန်လှပါ ဘုရား)၊ အဲသလို၊ ဒီလိုဆိုရင် အစွမ်းကြောင့် ဒီဘက်မှာ ပစ္စုပ္ပန်မှာပေါ်တာပေါ့။

## ပစ္စုပ္ပန်မှာ ဝိညာဏ်နာမ်ရုပ် အသစ်ပေါ်လာတယ်

အတိတ်ကာလက အစွမ်းကြောင့် ဒီပစ္စုပ္ပန်ကာလမှာ ပေါ်လာတာ၊ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ ဩော် ဩော် ဩော် ဒီအဓိပ္ပာယ်လေးပါပဲ၊ သင်္ခါရပစ္စယာ ဝိညာဏံ ဖြစ်တဲ့ဥစ္စာလည်း ဒီသဘောပါပဲ၊ လွန်လေပြီးသော အတိတ်ကာလက မိမိတို့ဆည်းပူးခဲ့ကြတဲ့ ကာယ-သင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရဆိုတဲ့ သင်္ခါရအစွမ်းသတ္တိတွေကြောင့် ဒီဘက်ပစ္စုပ္ပန်ကာလမှာ ဘယ်လိုပေါ်လာတုံး၊ ဝိညာဏ် နာမ်ရုပ်လို့ အမိဝမ်းမှာပေါ်လာတာ၊ ဝိညာဏ်နဲ့နာမ်က ဘာတုံး (နာမ်တရားပါ ဘုရား)၊ ရုပ်က ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ (ရုပ်တရား)၊ အဲဒီရုပ်တရားနဲ့ နာမ်တရား ဟိုဘက်က ဒီကိုကူးလာတာလား (မဟုတ်

ပါဘူး ဘုရား)၊ ကူးလာတယ်လို့ယူဆရင် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ သဿတဒိဋ္ဌိ၊ အလိုလိုပေါ်တာကော ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ အလိုလိုပေါ်တယ်လို့ ယူဆရင် ဘာဒိဋ္ဌိ (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ အခုဟာ အလိုလိုပေါ်တာလည်း မဟုတ်ဘူး၊ ဟိုဘက်က သင်္ခါရအစွမ်းကြောင့် ဒီဘက်မှာ အသစ်ပေါ်တာ၊ အသစ်တော့ အသစ်ပဲနော်၊ ဝိညာဏ်နဲ့ နာမ်ရုပ်က အသစ်တော့အသစ်ပဲနော်၊ သို့သော် အလိုလိုပေါ်တဲ့ အသစ် ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ ဘယ်သူ့ကြောင့် ပေါ်ရတာတုံး (သင်္ခါရကြောင့်ပေါ်ရတာပါ ဘုရား)၊ ဟုတ်တယ်၊ အတိတ်က အစွမ်းသတ္တိကြောင့် ဒီဘက်ပစ္စုပ္ပန်ကာလမှာ ပေါ်ရတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အစွမ်းသတ္တိကြောင့်ပေါ်ရတာ၊ ဘာတဲ့တုံး (အစွမ်းသတ္တိကြောင့်ပေါ်ရတာပါ ဘုရား)၊ ဟုတ်တယ်။

## ပဋိသန္ဓေစိတ်၊ ပဝတ္တိစိတ်၊ စုတိစိတ်

ခု ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ အမိဝမ်းမှာ မိမိတို့ဖြစ်ပေါ်ပြီးတော့လာဖို့ရာ ဝိညာဏ်နာမ်ရုပ် ဒီလိုလေးတွေ စလာတာ မဟုတ်လား၊ ဝိညာဏ်နာမ်ရုပ်၊ ဝိညာဏ်က ဘာစိတ်၊ ပဋိသန္ဓေစိတ်၊ စစချင်းစိတ်ကလေးသာ ပြောတာနော်၊ ဒီဘက်စက္ကန့်၊ ဒီဘက်စက္ကန့်ဆိုပြီးတော့ တစ်ဘဝလုံးဖြစ်နေတဲ့ စိတ်တွေကျတော့ ပဝတ္တိစိတ်၊ အစဦးဆုံးဖြစ်တဲ့စိတ်ကလေးက ဘာတုံး (ပဋိသန္ဓေစိတ်ပါ ဘုရား)၊ အဲဒါလေးနဲ့တွဲဘက်က ဘာတုံး၊ နာမ်ဆိုတဲ့ စေတသိက်၊ ဟုတ်ကဲ့နော် (မှန်လှပါ ဘုရား)၊ စိတ်နဲ့စေတသိက်၊ စိတ်နဲ့စေတသိက်၊ ဒီသဘောတရားတွေက နာမ်တရားတွေဆိုတော့ မျက်စိနဲ့ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘူး ဘုရား)၊ မမြင်နိုင်ပါဘူး၊ မျက်စိနဲ့ မြင်ရကောင်းတဲ့ပစ္စည်းကတော့ ဘာတုံး (ရုပ်ပါ ဘုရား)၊ ဟုတ်တယ်၊

ရုပ်တရားကတော့ မြင်ရကောင်းတဲ့ ပစ္စည်း၊ နာမ်တရားတွေကတော့ မြင်ရကောင်းတဲ့ပစ္စည်း မဟုတ်ပါဘူး၊ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ ဒီနှစ်ပါးဟာ အမိဝမ်းမှာ ပေါ်ပေါက်လာတယ်၊ ဟုတ်ပြီနော်၊ ဒါဖြင့် သူတို့ပေါ်ပေါက်လာပုံ အခုတိုင်းဆိုလို့ရှိရင် ငွေပို့တဲ့ဥပမာနဲ့ ရှင်းတော့ သဿတ၊ ဟိုဘက်ကကူးလာတာကော ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ ဒီလိုလည်း မဟုတ်ပါဘူး၊ ဒီဘက်မှာ ဘယ်သူနဲ့မှ မဆိုင်ဘဲ အလိုလိုပေါ်ပေါက်တာကော ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး၊ လွန်လေပြီးသော အတိတ်ကာလက အစွမ်းသတ္တိတွေကြောင့် ဒီဘက်မှာ ဝိညာဏ် နာမ်ရုပ်ပေါ်ပေါက်လာတယ်ဆိုတော့ သဿတကလည်း လွတ်တယ်၊ ဥစ္ဆေဒကလည်း လွတ်တယ်၊ ရပြီနော် (မှန်လှပါဘုရား)။

## ရုပ်ဆိုတာ မျက်စိနဲ့ မြင်နိုင်တယ်

ဟုတ်ပြီ ဒီတော့ အမိဝမ်းမှာ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ အဲဒီအထဲမယ် နာမ်တရားကတော့ မြင်ရကောင်းတဲ့ ပစ္စည်း မဟုတ်လို့ ထားပါတော့၊ ရုပ်တရားဆိုတာ မြင်ရကောင်းတဲ့ ပစ္စည်းမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီ ရုပ်တရားဟာ ဘယ်လောက်ကြီးသလဲ၊ ဒီလိုလေး မေးခွန်းရှိတယ်နော်၊ ရုပ်တရားဟာ ဘယ်လောက်ကြီးသလဲ လို့ဆိုတော့ အမယ်ပြောတယ်၊ သိပ်မကြီးပါဘူးတဲ့၊ အစပိုင်းဆိုလို့ရှိရင် ယင်ကလေးတစ်ကောင် ရေသောက်လောက်ရုံပဲ ရှိပါတယ်လို့ ပြောတယ်၊ ယင်ကလေးတဝသောက် ရေတစ်ပေါက်စာလောက်၊ ရေသောက်ပြီးတော့ လက်ကလေးနဲ့များ တောက်လိုက်လို့ရှိရင် ရေအိုးဖုံးပေါ်မှာ ရေကလေး ဖောင်းဖောင်းကလေး မနေပေဘူးလား၊ အဲဒီ ဖောင်းဖောင်းကလေးကို

ယင်ကလေးတစ်ကောင်များ ကုန်းသောက်မယ်ဆိုရင် မဝလောက်ဘူးလား (ဝလောက်ပါတယ် ဘုရား)၊ အဲဒီ ယင်ကလေးတဝသောက် ရေတစ်ပေါက်စာလောက်ပဲ ရှိပါတယ်တဲ့၊ ရုပ်ကလေးဟာလေ၊ ယင်ကလေးတဝသောက် ရေတစ်ပေါက်၊ ဘာတဲ့ (ယင်ကလေးတဝသောက် ရေတစ်ပေါက်ပါ ဘုရား)၊ ဘယ်ဟုတ်မလဲကွယ်၊ ဒါဆိုများတာပေါ့၊ ဘယ်ယင်ကလေး တဝသောက် ရေတစ်ပေါက်ဆိုတာ နည်းတာမဟုတ်ဘူး၊ ဘယ်လောက်လောက်ပြောချင်တာတုံး၊ ဟော. . . အပ်ကလေး သေးသေးရှိပါတယ်၊ အဲဒီ အပ်ကလေးသေးသေးကို ထောပတ်ခွက်ထဲ၊ သို့မဟုတ် ဆီခွက်ထဲ အဖျားကလေး စိုရုံကလေးထောက်နှစ်၊ ပြန်ပြီးတော့ မ, လိုက်၊ အဖျားမှာသီးကပ်ပြီးတော့ ပါလာတဲ့ ဆီပေါက်လောက်၊ ဟော. . . နံပါတ်နှစ်မဟုတ်လား (မှန်လှပါ ဘုရား)။

## ရုပ်ဆိုတာ မြင်ရကောင်းတဲ့ ပစ္စည်းပါ

နံပါတ်တစ်က ယင်ကလေးတဝသောက် ရေတစ်ပေါက်၊ နံပါတ်နှစ်က အပ်ဖျားမှာပါလာတဲ့ ဆီပေါက်လောက် နည်းမသွားဘူးလား (နည်းသွားပါတယ် ဘုရား)၊ အမယ်. . . ဘယ် ဒီလောက်များလိမ့်မလဲ၊ ရုပ်က၊ နို့ ဘယ်လောက်လောက်ပြောချင်တာတုံး၊ အမယ်. . . ဆံပင်ကလေး တစ်ပင်နှုတ်လိုက်ပါ၊ အဲဒီဆံပင်ကလေးကို ထောပတ်ခွက်ထဲ၊ ဆီခွက်ထဲ အဖျားကလေး စိုရုံကလေးထောက်နှစ်၊ ပြန်ပြီးတော့ မ, လိုက်၊ အဖျားမှာ သီးကပ်ပြီးတော့ ပါလာတဲ့ ဆီပေါက်လောက်ဆိုတော့ ခုနတုန်းက အပ်ထက် ဆံပင်ကသေးတာပဲ၊ အဖျားမှာပါလာတဲ့ ဆီပေါက်လည်း ပို၍သေးမှာပေါ့၊ ဘယ်နှမျိုးရှိတုံး (သုံးမျိုးပါ ဘုရား)၊ နံပါတ်တစ်က ယင်ကလေးတဝသောက် ရေတစ်ပေါက်၊ နံပါတ်နှစ်က (အပ်ဖျားမှာ

ပါလာတဲ့ ဆီပေါက်လောက်)၊ နံပါတ်သုံးက (ဆံပင်ဖျားမှာ ပါလာတဲ့ ဆီပေါက်လောက်)၊ သုံးမျိုးတွေ့ပြီနော်၊ ဒါများသေးတာပေါ့၊ ဟယ်. . . ဒါမှ များတယ်ဆိုရင် ဘယ်လောက်ပြောချင်တာတုံး၊ အဲဒီ ဆံပင်ကလေး တစ်ပင်နှုတ်ပါ၊ စားပွဲမျက်နှာပြင်ပေါ်မှာ တင်၊ တင်းတင်းဆွဲ၊ ဆွဲပြီးတော့ ရှစ်စိတ်စိတ်ရမယ်၊ ဆံပင်ကလေးကိုနော်၊ ရှစ်ပိုင်းမဟုတ်ဘူးနော်၊ အလျားလိုက်၊ ဘယ်နှစိတ်စိတ် (ရှစ်စိတ်ပါ ဘုရား)၊ ဟယ်. . . ဆံပင် ကလေးတစ်ပင်၊ ရှစ်စိတ် စိတ်မတဲ့၊ ဘာနဲ့များ စိတ်ပဲ့ (ဉာဏ်နဲ့ စိတ်ပါမယ် ဘုရား)၊ ဩော်. . . ဉာဏ်နဲ့စိတ်၊ ဘာတဲ့ (ဉာဏ်နဲ့စိတ်ရပါ မယ် ဘုရား)၊ ဉာဏ်နဲ့စိတ်မှရမှာပါ၊ ဘလိတ်ဒါးနဲ့ စိတ်လို့ရမလား (မရပါဘူး ဘုရား)၊ မရပါဘူး၊ ကဲ. . . ဉာဏ်နဲ့စိတ်လိုက်ပါ။

## ယင်ကလေးအဝသောက် ရေတစ်ပေါက်

ဆံပင်ကလေးတစ်ပင်ကို အရှည်လိုက်၊ အလျားလိုက် ရှစ်စိတ် စိတ်လိုက်တော့ တစ်စိတ်သော ပမာဏဟာ မှုန်မှုန်သေးသေးလေးနေမှာ ပေါ့ (မှန်လှပါ ဘုရား)၊ အဲဒါဟာ မြောက်ကျွန်းသူတို့ရဲ့ ဆံပင်၊ ဘာတဲ့တုံး (မြောက်ကျွန်းသူတို့ရဲ့ ဆံပင်ပါ ဘုရား)၊ အဲသလိုဆိုတော့ စောစောတုန်း က တောင်ကျွန်းသူတို့ရဲ့ ဆံပင်ပေါ့၊ အရှေ့ကျွန်း၊ အနောက်ကျွန်း၊ တောင်ကျွန်း၊ မြောက်ကျွန်းခွဲရင် ဒီကျွန်းက ဘာကျွန်းတုံး (တောင်ကျွန်း ပါ ဘုရား)၊ တောင်ကျွန်းဆိုတော့ ဒီဒကာ၊ ဒကာမတို့ရဲ့ ဆံပင်ပေါ့၊ စောစောတုန်းက နံပါတ်သုံးက တောင်ကျွန်းဆိုတော့ ဒီဒကာ၊ ဒကာမ တွေရဲ့ဆံပင် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်ပြီ၊ အဲဒီဆံပင်ကို ရှစ်စိတ် စိတ်၊ တစ်စိတ်သော ပမာဏမှုန်မှုန်သေးသေးလေးဟာ မြောက်ကျွန်းသူတို့ရဲ့ ဆံပင်၊ အဲဒီဆံပင်ကလေးတစ်ပင် ထောပတ်ခွက်

ထဲ၊ ဆီခွက်ထဲ အဖျားကလေး စိုရုံထောက်နှစ်၊ ပြန်ပြီးတော့ မ, လိုက်၊ အဖျားမှာ သီးကပ်ပြီးတော့ပါလာတဲ့ ဆီပေါက်လောက် ဘယ်နှမျိုး (လေးမျိုးပါ ဘုရား)၊ နံပါတ်တစ်က (ယင်ကလေးတဝသောက် ရေ တစ်ပေါက်)၊ နံပါတ်နှစ်က အပ်ဖျားမှာ (ပါလာတဲ့ ဆီပေါက်လောက်)၊ နံပါတ်သုံးက (ဆံပင်ဖျားမှာပါလာတဲ့ ဆီပေါက်လောက်)၊ တောင်ကျွန်းသူ တို့ရဲ့ဆံပင် မဟုတ်လား (မှန်လှပါ ဘုရား)၊ တောင်ကျွန်းသူတို့ရဲ့ ဆံပင်ဖျားမှာပါလာတဲ့ ဆီပေါက်လောက်။

## တစ်စိတ်သောပမာဏသည် မြောက်ကျွန်းသူရဲ့ ဆံပင်

နံပါတ်လေးကျတော့ မြောက်ကျွန်းသူတို့ရဲ့ ဆံပင်ဖျားမှာပါလာ တဲ့ ဆီပေါက်လောက်၊ ပြောသာပြောရတာ၊ မှုန်မှုန်သေးသေးလေး မြင်ရဖို့ မလွယ်ပါဘူး၊ မှန်ဘီလူးနဲ့ အကြီးချဲ့ကြည့်ရင်တော့ မြင်ကောင်းမြင်ရမှာ ပေါ့၊ အခု ဘယ်နှမျိုးရှိပြီလဲ (လေးမျိုးပါ ဘုရား)၊ ဒါတောင်များသေး၊ ဟေး. . . ဒါမှများတယ်ဆိုရင် ဘယ်လောက်လောက် ပြောချင်တာတုံး ဆိုတော့ ဟို. . . ဇာတိဥဏ္ဏာဆိုတဲ့ သားကောင်တစ်မျိုး ရှိတယ်၊ 'ဇ' ရေးချာ ဇာ၊ 'တ' ဝမ်းပူလုံးကြီးတင် တိ၊ 'ဇာတိ'၊ 'ဥ' အက္ခရာ၊ 'ဏ' ကြီး နှစ်လုံးဆင့် ရေးချထည့်၊ 'ဥဏ္ဏာ'၊ 'ဇာတိဥဏ္ဏာ' ဆိုတဲ့ သားကောင်တစ်မျိုး တောထဲမှာ ရှိတယ်၊ အဲဒီ ဇာတိဥဏ္ဏာဆိုတဲ့ သားကောင်ရဲ့အမွေးက မြောက်ကျွန်းသူရဲ့ ဆံပင်ထက်တောင် သေးသေးတယ်တဲ့၊ မြောက်ကျွန်း သူရဲ့ ဆံပင်ထက်တောင် (သေးပါတယ် ဘုရား)၊ သေးပါသေးတယ်တဲ့၊ အဲဒီသားကောင်ရဲ့ အမွေးကလေးကို တစ်ပင်နှုတ်၊ ထောပတ်ခွက်၊ ဆီခွက်ထဲ အဖျားကလေးစိုရုံထောက်ပြီးတော့ နှစ်၊ ပြီးတော့ မ, လိုက်၊ အဖျားမှာ သီးကပ်ပြီးတော့ ပါလာတဲ့ ဆီပေါက်လောက်၊ မြင်ရပါ့မလား

(မမြင်ရပါဘူး ဘုရား)၊ မမြင်ရလောက်အောင် မှုန်မှုန်သေးသေးလေး နေမှာပေ့ါနော်၊ ပြန်ပြီးတော့ ပြောကြဦးစို့ ပထမနံပါတ်တစ်က ယင်ကလေး တဝသောက် ရေတစ်ပေါက်၊ အပ်ဖျားမှာပါလာတဲ့ ဆီပေါက်လောက်၊ ဆံပင်ဖျားမှာ ပါလာတဲ့ ဆီပေါက်လောက်၊ မြောက်ကျွန်းသူတို့ရဲ့ ဆံပင်ဖျားမှာပါလာတဲ့ ဆီပေါက်လောက်၊ ဟုတ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ နံပါတ်ငါးက ဇာတိဥဏ္ဏာဆိုတဲ့ သားကောင်ရဲ့အမွေးဖျားမှာ ကပ်ပါလာတဲ့ ဆီပေါက်လောက်၊ ဒါဟာ ဒီထက်တောင်သေးပါသေး တယ်တဲ့။

## ဇာတိဥဏ္ဏာသားကောင်ရဲ့ အမွေး

ဇာတိဥဏ္ဏာဆိုတဲ့ သားကောင်ရဲ့အမွေးကလေ၊ တောထဲမှာရှိ တယ်၊ အဲဒီဥစ္စာက ဒီထက်တောင်သေးသေးတယ်၊ အဲဒီဥစ္စာကို ထောပတ်ခွက်ထဲ၊ ဆီခွက်ထဲ အဖျားကလေးစိုရုံကလေး ထောက်နှစ်ပြီး တော့ မ, လိုက်ရင် အဖျားမှာ သီးကပ်ပြီးတော့ ပါလာတဲ့ဆီပေါက် လောက်၊ ဘယ်နှမျိုးပါလိမ့် (ငါးမျိုးပါ ဘုရား)၊ အင်း. . . မြင်ရလောက် အောင်ရှိပဲ့မလား (မရှိပါဘူး ဘုရား)၊ မရှိပါဘူး၊ အဲတော့ အားလုံးငါးမျိုးရှိ တယ်၊ နောက်ဆုံးဥစ္စာဟာ ဇာတိဥဏ္ဏာသားကောင်ရဲ့ အမွေးဖျားမှာ ပါလာတဲ့ ဆီပေါက်လောက်၊ အင်မတန့် အင်မတန် မှုန်မှုန်သေးသေးလေး ပါ၊ ရိုးရိုးမျက်စိနဲ့ ကြည့်ဖို့တောင် မလွယ်အောင်နော်၊ အဲသလို ငါးမျိုးရှိတဲ့ အနက် ရှေ့ဘက်က လေးမျိုးက များတယ်၊ ပယ်လိုက်ပါ၊ သူတို့တစ်တွေ မယူပါနဲ့၊ နောက်ဆုံးအမျိုးကိုပဲ ယူပါနော်၊ နောက်ဆုံးအမျိုးကဘာတုံး (ဇာတိဥဏ္ဏာရဲ့အမွေး)၊ ဟုတ်တယ်၊ ဇာတိဥဏ္ဏာသားကောင်ရဲ့အမွေးဟာ မြောက်ကျွန်းသူရဲ့ ဆံပင်ထက်တောင် သေးသေးတယ်မဟုတ်လား

(မှန်ပါ ဘုရား)၊ ဇာတိဥဏ္ဏာသားကောင်ရဲ့ အမွေးက မြောက်ကျွန်းသူရဲ့ ဆံပင်ထက်တောင် သေးသေးတယ်၊ အဲဒီ အမွေးဖျားမှာ ပါပြီးတော့လာတဲ့ ဘာတုံး၊ ဆီပေါက်လောက်ဆိုတော့ မှုန်မှုန်သေးသေးလေး နေမှာပေါ့ (မှန်လှပါဘုရား)၊ အဲဒါဟာ ရုပ်ကလေးရဲ့ ပမာဏပဲ၊ ဘာတဲ့တုံး (ရုပ်ကလေးရဲ့ ပမာဏပါ ဘုရား)၊ ဝိညာဏ်၊ နာမ်ရုပ်ဆိုတဲ့အထဲ ဝိညာဏ်ကတော့ ပဋိသန္ဓေစိတ်၊ နာမ်တရား မမြင်ရဘူးနော်၊ နာမ်ဆိုတာကလည်း စေတသိက်တွေ၊ မြင်ရလား (မမြင်ရပါဘူး ဘုရား)၊ မမြင်ရပါဘူး၊ ရုပ်ဆိုတဲ့ဥစ္စာကတော့ မြင်ရကောင်းတဲ့ပစ္စည်း မဟုတ်လား (မှန်လှပါ ဘုရား)။

## စစချင်းဖြစ်တဲ့ ရုပ်ကလေးရဲ့ ပမာဏ

အဲဒီမြင်ရကောင်းတဲ့ပစ္စည်း စစချင်း သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံဆိုတဲ့အချိန် အခိုက်အတန့်မှာဖြစ်တဲ့ ရုပ်ကလေးရဲ့ ပမာဏမဟုတ်လား (မှန်လှပါ ဘုရား)၊ ဘယ်လောက်ရှိတုံး၊ ဇာတိ-ဥဏ္ဏာ သားကောင်ရဲ့ အမွေးဖျားမှာပါလာတဲ့ ဆီပေါက်လောက်၊ ဟုတ်ကဲ့လား၊ အေး. . . အဲသလောက် မှုန်မှုန်သေးသေးလေးဟာ ဘာတုံး (ရုပ်ကလေးပါ ဘုရား)၊ ရုပ်ကလေး၊ မမြင်ရလောက်အောင် မှုန်မှုန်သေးသေး ရုပ်ကလေး မဟုတ်လား (မှန်လှပါ ဘုရား)၊ စစချင်းသာ အဲသလောက်ပါတဲ့၊ တရွေ့တရွေ့ ဒီဘက်ကျတော့ တဖြည်းဖြည်း ဒီဘက်စက္ကန့်၊ ဒီဘက်မိနစ်ကျတော့ တဖြည်းဖြည်း မမြင်ရတဲ့အခြေအနေက မြင်ရတဲ့အခြေအနေ ရောက်လာတာပေါ့၊ မမြင်ရတဲ့ အခြေအနေက (မြင်ရတဲ့ အခြေအနေရောက်လာပါတယ် ဘုရား)၊ အဲသလိုဖြစ်တာတဲ့၊ ရုပ်ကလေးဟာလေ၊ စစချင်းတော့ ဇာတိဥဏ္ဏာဆိုတဲ့ သားကောင်ရဲ့ အမွေးဖျားမှာ ပါပြီးတော့လာတဲ့ ဆီပေါက်လောက်၊ မှုန်မှုန်သေးသေး

ရုပ်ကလေး၊ အဲဒီရုပ်ကလေး စတယ်၊ ဒီရုပ်ကလေးကို အမှီပြုပြီးတော့ ဝိညာဏ်တို့၊ နာမ်တို့လည်း ပါတာပေါ့၊ ဒီတော့ နာမ်တရားနဲ့ ရုပ်တရား၊ နာမ်တရားနဲ့ ရုပ်တရား၊ အမိဝမ်းမှာ စလာတယ်။

## ဟိုဘက်ကအစွမ်းသတ္တိနဲ့ ဒီဘက်ပစ္စုပ္ပန် ဆက်သွယ်တယ်

ဘယ်သူ့ကြောင့်ဖြစ်တာတုံး၊ သင်္ခါရကြောင့်၊ အေး. . . သင်္ခါရကြောင့်ဆိုတော့ ဟိုဘက်က အစွမ်းသတ္တိနဲ့ ဒီဘက်ပစ္စုပ္ပန်နဲ့ ဆက်သွယ်တာပေါ့နော်၊ အထည်ဝတ္ထုဒြပ်ချင်းတော့ ဆက်ရဲ့လား (မဆက်ပါဘူး ဘုရား)၊ မဆက်ပါဘူး၊ အစွမ်းသတ္တိချင်းတော့ (ဆက်ပါတယ်ဘုရား)၊ ဆက်ပါတယ်၊ အဲဒီနည်းအားဖြင့် တရွေ့ တရွေ့နဲ့ မမြင်ရတဲ့အနေကနေပြီးတော့ မြင်ရတဲ့အခြေအနေ ရောက်လာတာပေါ့ (မှန်လှပါ ဘုရား)၊ မြင်ရတဲ့အခြေအနေက တဖြည်းဖြည်း တဖြည်းဖြည်း၊ သြော်. . . နာရီ၊ နာရီကနေ ရက်ဆိုတော့ တဖြည်းဖြည်း တဖြည်းဖြည်း ရင့်ကျက်မြင့်တက်များများလာတာပေါ့၊ ရုပ်တရားနဲ့ နာမ်တရား၊ အဲဒီနှစ်ပါးရှိသည်တွင် နာမ်တရားကတော့ မြင်လို့မရပါဘူး၊ ရုပ်တရားကတော့ မြင်လို့ရတဲ့ ပစ္စည်းဟာ တဖြည်းဖြည်း ကြီးလာပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီနာမ်တရားနဲ့ ရုပ်တရား ဒီနှစ်ပါးကို 'ကလလ' ရေကြည် ဘာတဲ့တုံး (ကလလ ရေကြည်ပါ ဘုရား)၊ ဟုတ်တယ်၊ 'ကလလ' ရေကြည်လို့ ခေါ်ပါတယ်၊ အဲဒါ ဘယ်လို တရွေ့တရွေ့ ကြီးပြင်းပါသလဲ ဘုရားလို့ ဒီလို "ဣန္ဒက" ဘီလူးက မေးလို့ ဘုရားကိုယ်တော်မြတ်ကြီးက ဖြေတာ၊ **ပဌမံ ကလလံ ဟောတိ**၊ အဲဒီ ရုပ်တရားနဲ့ နာမ်တရားဟာ ပထမ ၇-ရက်တော့ဖြင့် သူတို့ကို 'ကလလ' ရေကြည်၊ အဲဒီရုပ်တရားနဲ့ နာမ်တရား

နှစ်ပါးကို ဘာခေါ် (ကလလရေကြည်ပါ ဘုရား)၊ 'ကလလ' ရေကြည်၊ အဲဒီ 'ကလလ' ရေကြည်ဟာ ပထမတော့ဖြင့် သေးသေးမှုန်မှုန်ကလေးက စပြီးတော့ တရွေ့တရွေ့ တစ်ရက်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်တိုင်အောင် သူ့ကို 'ကလလ' ရေကြည်ခေါ်တာပေါ့ (မှန်လှပါ ဘုရား)၊ မမြင်ရတဲ့အခြေအနေကနေပြီးတော့ မြင်ရတဲ့အခြေအနေ များများ များများလာပြီနော် (မှန်လှပါ ဘုရား)၊ ပဌမံ ကလလံ ဟောတိ၊ ပဌမ ၇- ရက်အတွင်းမှာ သူ့ကို ဘာခေါ် (ကလလ ရေကြည်)၊ 'ကလလ' ရေကြည်၊ တဖြည်းဖြည်း များများလာပြီနော်၊ **ကလလံ ဟောတိ အဗ္ဗုဒံ**၊ ဒုတိယ ၇- ရက်ကျတော့ အဲဒီဥစ္စာကလေးတွေက အမြှုပ်ကလေးတွေ သဘောသို့ ပြောင်းသွားတယ်၊ အမြှုပ်ကလေးတွေ သဘောသို့ ပြောင်းသွားတယ်၊ **အဗ္ဗုဒါ ဇာယတေပေသိ**၊ ဟော. . . တတိယ ၇- ရက်ရောက်တဲ့အခါကျတော့ အမြှုပ်ကလေးတွေကနေပြီးတော့ အသားပျော့ပျော့ကလေးတွေ ဘ၀သို့ ပြောင်းသွားတယ်၊ **ပေသိ နိဗ္ဗတ္တတေဃနော**၊ ဟော. . . ၇- ရက်လေးခါ ခုနစ်လေးလီ - ၂၈၊ အဲဒီအခြေအနေ ရောက်တဲ့အခါကျတော့ အသားပျော့ပျော့ကနေပြီးတော့ အသားမာမာ၊ အသားပျော့ပျော့ကနေပြီးတော့ အသား မာမာ။

## မမြင်ရတဲ့အခြေအနေမှ မြင်ရတဲ့အခြေအနေသို့

ပြန်ပြောကြစို့၊ ပထမ ၇- ရက်မှာ 'ကလလ' ရေကြည်၊ ဒုတိယ ၇- ရက်မှာ အမြှုပ်၊ တတိယ ၇- ရက်မှာ အသားပျော့ပျော့၊ စတုတ္ထ ၇- ရက်မှာ အသားမာမာ၊ ဟုတ်တယ်နော်၊ အဲသလိုနဲ့ နောက်ထပ် ၇- ရက်၊ နောက်ထပ် ၇- ရက်ဆိုတော့ ၇- ရက်ငါးခါ၊ ခုနစ်ငါးလီ ၃၅၊ အဲဒီတစ်လ

ကျော်ကျော်အနေကျတော့ ခက်မငါးဖြာပေါ်မလို့၊ ဟော. . . လည်ပင်းကလေး သိမ်လာတယ်၊ ခေါင်းကလေး ပေါက်မလို့ လည်ပင်းကလေး သိမ်လာတယ်၊ လက်နှစ်ဖက်ပေါက်မလို့ ဟိုဘက်ဘုကလေး၊ ဒီဘက်ဘုကလေး ပေါ်လာတယ်၊ ခြေနှစ်ဖက်ပေါက်မလို့၊ ဟိုဘက်ဘုကလေး၊ ဒီဘက်ဘုကလေး ပေါ်လာတယ်ဆိုတော့ အားလုံးငါးခုနေမှာပေ့ါ၊ ခေါင်းကလေးရယ်၊ လက်နှစ်ဖက်ရယ်၊ ခြေနှစ်ဖက်ရယ်၊ ဘုကလေးတွေ အားလုံး ဘယ်လောက်တုံး (ငါးခုပါ ဘုရား)၊ ခက်မငါးဖြာ၊ ၇- ရက်ငါးခါ၊ ရက်သတ္တပတ်ပေါင်း ငါးခါဆိုတော့ တစ်လကျော်ကျော် မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီအခါမှာ ဘာတဲ့တုံး (ခက်မငါးဖြာပါ ဘုရား)၊ ငါးဖြာ၊ အဲသလို အမိဝမ်းထဲမှာ တရွေ့ တရွေ့နဲ့ ကြီးပြင်းပြီးတော့ လာလိုက်တာ ၇- ရက်ပေါင်း ၁၁- ခါ၊ ၇- ရက်ပေါင်း ၁၁- ခါဆိုတော့ ၇၇- ရက်နေမှာပေ့ါ၊ အင်း. . . ၇၇- ရက်နေပါမယ်၊ လဖွဲ့ကြည့်တော့ နှစ်လကျော်ကျော် အနေအထား မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီအခါမှာ **စက္ခု ဒသက ဒီနိစ ပါတုဘဝန္တိ**၊ နောက်ထပ်လေးမျိုးတိုးလာတယ်၊ ဘယ်သူတွေတုံးဆိုတော့ မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်)၊ ဟင်. . . ကိုယ်က ရပြီးသားပဲ၊ 'ကိုယ်' က ရပြီးသား မဟုတ်လား (မှန်လှပါ ဘုရား)၊ အစတုန်းကအတိုင်းကို ရုပ်ကလေးက တဖြည်းဖြည်း ကိုယ်ဖြစ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ စိတ်ကလေးကလည်း ပါပြီးသား မဟုတ်လား၊ နောက်ထပ်တိုးတာက ဘယ်နှမျိုး (လေးမျိုးပါ ဘုရား)၊ လေးမျိုးတိုးလာ၊ ရပြီးသားက ကိုယ်ကလေးနဲ့ စိတ်ကလေးက ရပြီးသား မဟုတ်လား၊ ဒီလိုဆိုတော့ အရင်ရပြီးသား နှစ်မျိုး နောက်ထပ်တိုးလာတဲ့ဥစ္စာက လေးမျိုးဆိုတော့ အားလုံးဘယ်နှမျိုး (ခြောက်မျိုးပါ ဘုရား)။

ခြောက်မျိုးဖြစ်လာတာ၊ သဠာယတန၊ ဘာတွဲတုံး (သဠာယတန ပါ ဘုရား)၊ ဘယ်သူတွေတုံးဆိုတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်၊ အေး. . . ရပြီးသား နှစ်မျိုးရယ်၊ နောက်ထပ်တိုးလာတဲ့ လေးမျိုးရယ် ဆိုတော့ ခြောက်မျိုး မဟုတ်လား (မှန်လှပါ ဘုရား)၊ ခြောက်မျိုးကို ဘာခေါ် (သဠာယတနပါ ဘုရား)၊ အမယ်. . . တရွေ့တရွေ့နဲ့ ဒီလိုဖြစ်လာတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဟိုဘက်က အစွမ်းသတ္တိတွေကြောင့် ဝိညာဏ်တို့၊ နာမ်တို့၊ ရုပ်တို့ ဒီလိုပေါ်လာပြီးတော့ တရွေ့ တရွေ့ တရွေ့နဲ့ ဟော. . . ၇- ရက်၊ ၁၁- ခါ ၇၇- ရက်၊ နှစ်လကျော်ကျော်အနေအထားမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာကလေးတွေပါ တိုးလာတယ်၊ အရင်နှစ်မျိုးနဲ့ဆိုတော့ ခြောက်မျိုးမဟုတ်လား (မှန်လှပါ ဘုရား)၊ ခြောက်မျိုးက သဠာယတန၊ ဘယ်သူတွေတုံး၊ (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါ ဘုရား)၊ 'သ'က ခြောက်ခု၊ 'အာယတန' က တည်ရာဌာန၊ 'သအာယတန' တည်ရာဌာနခြောက်ခု၊ နာမ်တရားတွေဖြစ်ဖို့ရာ တည်ရာဌာနပေါ့နော်၊ ဘယ်သူတွေတုံး (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါဘုရား)၊ စိတ်ဆိုရင် ကိုယ်တော်က ရင်ဘတ်သွားသွားထောက်တာ၊ ရင်ဘတ်ဟာ စိတ်လားလို့ မေးစရာနော်၊ ဒီလို မဟုတ်ပါဘူး၊ ဘုန်းကြီးတို့ စာတွေ၊ ပေတွေထဲမှာ ဟောဒီ ရင်ချိုင့်ထဲမှာ ပုန်းညက်စေ့ခန့်တွင်းကလေး ရှိပါတယ်တဲ့၊ အဲဒီတွင်းထဲမှာ သွေးကလေးတွေ အောင်းနေတယ်၊ ဒီသွေးကလေးတွေ ထုတ်ကြည့်မယ်ဆိုရင် တစ်လက်ဆွန်းလောက်ရှိပါမယ်တဲ့၊ အဲဒီ တစ်လက်ဆွန်းမျှလောက်သော သွေးကလေးတွေထဲမှာ 'ဟဒယဝတ္ထုရုပ်' တွေ ပျံ့နှံ့နေတယ်။

## စိတ်အမှိုပြု ဖြစ်ပေါ်ဖို့ရာ ဟဒယဝတ္ထု ရုပ်

အသိဉာဏ်ဆိုတဲ့ သဘောတရားစိတ်တွေများ ဖြစ်ပေါ်ပြီဆိုရင် အဲဒီ ဟဒယဝတ္ထုရုပ်ပေါ်မှာ အမှီပြုပြုပြီး ဖြစ်တာ၊ ဒါကြောင့် စိတ်ဆိုရင် ရင်ဘတ် သွားသွားညွှန်တာနော်၊ အေး. . . အဲသလိုပါ၊ ဒီတော့ ခြောက်မျိုးဆိုတော့ သအာယတန မဟုတ်လား၊ နောက်တော့ ဆိုလို့လွယ်အောင်လို့ အလယ်ကောင် 'ဠ' လေးထည့်လိုက်တော့ သဠာယတန ပါးစပ်ပိုချောတာပေါ့နော်၊ အာယတန ဘယ်နှပါး (ခြောက်ပါးပါ ဘုရား)၊ ခြောက်ပါး၊ အာယတနဘယ်နှပါး (ခြောက်ပါးပါ ဘုရား)၊ ခြောက်ပါး၊ ဘယ်သူတွေပါလိမ့် (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါ ဘုရား)၊ အမယ်. . . ကိုယ့်သန္တာန် ဖြစ်ပေါ်လာပုံကလေးတွေ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုနဲ့ တရွေ့တရွေ့ အမိဝမ်းထဲမှာ အောင်းပြီးတော့လာလို့ အမိစားတဲ့ အစားအစာရော၊ မိမိတို့မှာ ရရှိနေတဲ့ ကံတရားတွေရော၊ ရာသီဥတုရော၊ အစာအာဟာရတွေရော ပေါင်းစုပြီးတော့ တရွေ့ တရွေ့နဲ့ အမိဝမ်းထဲမှာ ရက်သတ္တပတ်ပေါင်း ၄၂- ခါ၊ ၇- ရက်ပေါင်း ၄၂- ခါဆိုတော့၊ ရက်အားဖြင့် တွက်ကြည့်တော့ ၂၉၄- ရက်၊ နှစ်ရာကိုးဆယ့်နဲ့ လေးရက်၊ လဖွဲ့ကြည့်တော့ ကိုးလကျော်ကျော် ဆယ်လတွင်း ဝင်လာပြီနော်၊ အဲဒီမှာမှ **ကေသာ လောမာ နခါပိစ** ဆိုပြီးတော့ ဆံပင်ကလေးတွေ၊ မွေးညင်းကလေးတွေ၊ ခြေသည်း လက်သည်းကလေးတွေပါ ပေါ်ပြီးတော့လာ၊ အဲဒီကနေပြီးတော့ ဆယ်လပြည့်ပြည့်လည်းရောက်ကရော၊ အမိဝမ်း အပြင်ဘက်ရောက် လာပြီးတော့ လူတစ်လုံး သူတစ်လုံး ဖြစ်လာကြတာ၊ အမယ်. . . မလွယ်ပါဘဲလား၊ အေး. . . အဲသလို တရွေ့တရွေ့ ကြီးပြင်းလာပုံကို ဘုရားကိုယ်တော်မြတ်ကြီး ပြောပြတာကို ဘုန်းကြီးကတစ်ဆင့် ပြန်ပြောတာနော် (မှန်လှပါ

ဘုရား)၊ ဟုတ်တယ်။

## ဒီခြောက်မျိုးသာ ရှိပါတယ်

ဒီတော့ မိမိတို့တစ်တွေ အမိဝမ်းအပြင်ဘက် ရောက်လာတော့ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ်၊ စိတ်ရယ်၊ ဒီလိုပါလာတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ သဠာယတန၊ ဘာတဲ့တုံး (သဠာယတနပါ ဘုရား)၊ သဠာယတန၊ ဘယ်သူတွေတုံး (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါ ဘုရား)၊ ကျန်သေးလား (မကျန်ပါဘူး ဘုရား)၊ ဒါဆိုကုန်ရော မဟုတ်လား၊ မိမိခန္ဓာကိုယ်ပေါ်မှာ ရှိနေတာ ဒီခြောက်မျိုးပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာတွေတဲ့တုံး (မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါ ဘုရား)၊ ဟင်. . . ဒီလိုဆိုတော့ ကြည့်ပါဦး၊ မျက်လုံးများ ဖွင့်ကြည့်မယ်ဆိုရင် ကိုယ့်မျက်စိကလည်း ပါတယ်မဟုတ်လား၊ မျက်လုံးများ ဖွင့်ကြည့်မယ်ဆိုရင် လောကကြီးက အကျယ်ကြီးပါလား၊ ဒီလိုနေမှာပေ့ါနော် (မှန်လှပါ ဘုရား)၊ ဟယ်. . . မြင်စရာတွေလည်း အစုံပါပဲလား၊ ဖြူတာတွေ၊ နီတာတွေ၊ ဝါတာတွေ၊ ကြောင်တာတွေ၊ ကျားတာတွေ၊ လှတာတွေ၊ မလှတာတွေ၊ ပုတာတွေ၊ ရှည်တာတွေ၊ ပိန်တာတွေ၊ ဝတာတွေ အများကြီးပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါတွေက မြင်စရာတွေ မဟုတ်လား၊ မြင်စရာတွေမို့လို့ အဆင်းလို့ ခေါ်လိုက်ပါ၊ ဘာတဲ့တုံး (အဆင်းပါ ဘုရား)၊ ဘယ်သူနဲ့တွဲရမတုံး (မျက်စိနဲ့တွဲရပါမယ် ဘုရား)၊ နားကကော ပါမလာဘူးလား (ပါလာပါတယ် ဘုရား)၊ အသံတွေ ပြင်ဘက်မှာ ရထားသံ၊ ကားသံ၊ ရေဒီယိုသံ၊ ကက်ဆက်သံ၊ ပိုးကောင်၊ ငှက်ကောင်သံ၊ ဘုန်းကြီးတရားဟောသံ၊ ဟိုဘက်က ဒက် ဒက်နဲ့လုပ်တဲ့အသံ၊ အသံတွေပေါင်းစုံ မဟုတ်လား

(မှန်လှပါ ဘုရား)၊ ဘာနဲ့တွဲရမယ် (နားနဲ့တွဲရပါမယ် ဘုရား)၊ နားနဲ့တွဲရပါမယ်၊ ဟုတ်တယ်မဟုတ်လား၊ ဒက် ဒက် ဒက်နဲ့လုပ်တဲ့အသံ၊ အသံတွေပေါင်းစုံ မဟုတ်လား၊ ဒက် ဒက်တဲ့ ဟိုဘက်က အသံတွေ နားနဲ့တွဲရမှာပေါ့၊ နှာခေါင်းကလည်း ပါမလာဘူးလား (ပါလာပါတယ် ဘုရား)၊ ဟို. . . အနံ့တွေ မွှေးချင်မွှေးမယ်၊ နံချင်နံမယ်၊ စပ်ချင်စပ်မယ်၊ ပုပ်ချင်ပုပ်မယ်၊ အနံ့တွေဟူသမျှ ဘယ်သူနဲ့တွဲမယ် (နှာခေါင်းနဲ့ တွဲရပါမယ် ဘုရား)၊ နှာခေါင်းနဲ့ တွဲရမှာပေါ့။

## ဆိုင်ရာ ဆိုင်ရာ တွဲရပါမယ်

ဟော. . . ကိုယ့်မှာ လျှာကလည်းပါလာတော့ အရသာတွေရှိတယ် မဟုတ်လား၊ ချိုတယ်၊ ချဉ်တယ်၊ ဖန်တယ်၊ ငန်တယ်၊ ခါးတယ်၊ စပ်တယ်ဆိုတဲ့ အရသာခြောက်မျိုးလေ၊ ဘယ်သူနဲ့တွဲရမယ် (လျှာနဲ့တွဲရပါမယ် ဘုရား)၊ လျှာနဲ့တွဲရမယ်၊ ပြီးတော့ ခန္ဓာကိုယ်ကြီးကလည်း ပါလာတယ်၊ အင်း. . . နူးနူးတွေ့ထိစရာ၊ ကြမ်းကြမ်းတွေ့ထိစရာ၊ မနူးမကြမ်းတွေ့ထိစရာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အောက်က ကြမ်းကြမ်းထော်ထော်ကြီးဆိုရင် ကြမ်းကြမ်းတွေ့ထိစရာ၊ ဖျာတို့ ဘာတို့လို ခင်းလိုက်တော့ အမယ်. . . မနူးမကြမ်းမဟုတ်လား၊ အပေါ်က ဂွမ်းကပ်ကလေးတင်လိုက်တော့ နူးနူးတွေ့ထိစရာပေါ့၊ တွေ့ထိစရာက သုံးမျိုးမဟုတ်လား (မှန်လှပါ ဘုရား)၊ ဘယ်သူနဲ့တွဲရမယ်၊ ခန္ဓာကိုယ်နဲ့ တွဲရမယ်၊ အေး. . . ဟုတ်ပါ့၊ မနောဆိုတဲ့ စိတ်လည်းပါတယ် မဟုတ်လား၊ ဟာ. . . တွေးတောစရာတွေ၊ သားရေး၊ သမီးရေး၊ စီးပွားရေး၊ ရပ်ရေး၊ ရွာရေး၊ နိုင်ငံ့အရေး၊ ဟိုအရေး၊ ဒီအရေး တွေးစရာတွေလေ၊ ဘယ်သူနဲ့ တွဲရမတုံး (စိတ်နဲ့တွဲရပါမယ် ဘုရား)၊ စိတ်နဲ့တွဲရမယ်၊ အမယ်. . . ဒီတော့ တွဲစရာတွေလည်း

ပြင်ဘက်မှာအများကြီး သူ အသင့်ရှိနေတာပဲနော်၊ သြော်. . . ဒီလိုရှိတာ ကိုး၊ ကိုယ့်ပါလာတာက မျက်စိ (နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်)၊ ဒါတွေမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီခြောက်မျိုးကို ဘာခေါ် (သဠာယတနပါ ဘုရား)၊ သူတို့နဲ့တွဲဖက် အပြင်ဘက်မှာ အသင့်ရှိနေ ပြီးသားက အဆင်း (အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ)၊ ဒါက အစကတည်းကအတိုင်း အသင့်ရှိနေပြီးသား မဟုတ်လား၊ သူတို့ လည်းပဲ ဘယ်နှမျိုး (ခြောက်မျိုးပါ ဘုရား)၊ ခြောက်မျိုး၊ သူတို့ကိုလည်း အာယတနခေါ်ပါတယ်တဲ့၊ ဘာခေါ် (အာယတနခေါ်ပါတယ် ဘုရား)၊ ဒီတော့ ကိုယ့်မှာပါလာတဲ့ဥစ္စာက အတွင်းပိုင်းကျလို့ အတွင်းအာယတန၊ ဟိုဟာက အပြင်ဘက်ကျလို့မို့လို့ အပြင်အာယတန။

## အခံဓာတ်၊ အတိုက်ဓာတ်၊ အပွင့်ဓာတ်

အတွင်းအာယတနက ခြောက်ပါး၊ အပြင်အာယတနကလည်း ခြောက်ပါး၊ ခြောက်ပါး ခြောက်ပါးဆိုတော့ ၁၂- ပါး၊ သြော်. . . အာယတန ၁၂- ပါးရှိတာပေါ့နော်၊ အမယ်. . . တို့သန္တာန် အာယတန ၁၂-ပါး၊ အမယ်. . . ဒါတွေနော်၊ ခု သိလာပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . အဲသလို အာယတန ၁၂- ပါးရှိတဲ့အနက် အတွင်း အာယတနခြောက်ပါးကို အခံဓာတ်ထား၊ အတွင်းအာယတနခြောက်ပါး ကို (အခံဓာတ်ထားပါ ဘုရား)၊ အခံဓာတ်ထား၊ အပြင်အာယတနခြောက် ပါးက အတိုက်ဓာတ်၊ အခံဓာတ်နဲ့ (အတိုက်ဓာတ်ပါ ဘုရား)၊ သူတို့တွေ နှစ်ခုမထိခတ်သေးခင် ဘာမှမဖြစ်ပါဘူး၊ အခံဓာတ်နဲ့ အတိုက်ဓာတ် ထိခတ်ကြပြီဆိုလို့ရှိရင်တော့ အပွင့်ဓာတ် ပေါ်လိမ့်မယ်၊ အပွင့်ဓာတ် (ပေါ်ပါလိမ့်မယ် ဘုရား)၊ ဘုန်းကြီးရဲ့ လက်ဝါးပဲဆိုပါတော့ အောက်

လက်ဝါးက အခံဓာတ်ထား၊ အပေါ်လက်ဝါးက အတိုက်ဓာတ်ထား၊ သူတို့မထိသေးခင် ဘာမှမဖြစ်ပါဘူးနော်၊ ဟော. . . ထိလိုက်တယ်ဆိုတော့ ဖြောင်းခနဲထွက်လာတာ မဟုတ်လား၊ ဖြောင်းခနဲဆိုတဲ့ ဥစ္စာအသံမဟုတ်လား၊ အဲဒါက အပွင့်ဓာတ်ပေ့ါ၊ အခံဓာတ်နဲ့ အတိုက်ဓာတ်မထိခတ်သေးခင် ဘာမှမဖြစ်ဘူးနော် (မှန်လှပါ ဘုရား)၊ ဟော. . . ထိခတ်လိုက်တော့ ဖြောင်းဆိုတဲ့အသံ အပွင့်ဓာတ်ပေါ်မလာဘူးလား (ပေါ်လာပါတယ် ဘုရား)၊ အေး. . . ဒါလေးတွေ လာပါလိမ့်မယ်။

ယမ်းမီးခြစ်ပုံး တစ်ပုံးကို မီးခြစ်ဆံ ဆွဲထုတ်လိုက်မယ်ဆိုရင် ယမ်းမီးခြစ်ပုံးဘေးမှာ ယမ်းသုတ်ထားတာ မရှိဘူးလား (ရှိပါတယ် ဘုရား)၊ အခံဓာတ် ပထမပစ္စည်း၊ မီးခြစ်ဆံခေါင်းဖုမှာလည်း ယမ်းသုတ်ထားတာ မရှိဘူးလား (ရှိပါ တယ် ဘုရား)၊ အတိုက်ဓာတ် ဒုတိယပစ္စည်းပေ့ါနော်၊ အခံဓာတ်နဲ့ အတိုက်ဓာတ် သူတို့နှစ်ခု မထိခတ်သေးခင် ဘာမှမဖြစ်ဘူးပေ့ါ၊ ထိခတ်လိုက်လို့ရှိရင်တော့ ရှဲခနဲ ဟော. . . အပွင့်ဓာတ် တတိယပစ္စည်း မီးတောက်ပေါ်လာမယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုပဲ ဒီမှာလည်းပဲ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်. . . က အခံဓာတ်၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာက အတိုက်ဓာတ်၊ အခံဓာတ်နဲ့ အတိုက်ဓာတ်၊ အခံဓာတ်နဲ့ (အတိုက်ဓာတ်ပါ ဘုရား)။

## ထိခတ်လိုက်မှ အပွင့်ဓာတ်ပေါ်မယ်

သူတို့တစ်တွေ ဆိုင်ရာဆိုင်ရာ ကြုံကြဆုံကြလို့ရှိရင် ထိခတ်ကြလို့ရှိရင် အပွင့်ဓာတ်တွေ ပေါ်လိမ့်မယ်၊ မျက်စိနဲ့ အဆင်းနဲ့ဆုံရင် မျက်စိအကြည်က အခံဓာတ်၊ အဆင်းက အတိုက်ဓာတ်၊ အခံဓာတ်နဲ့ အတိုက်ဓာတ် သူတို့ဆုံကြလို့ရှိရင် အပွင့်ဓာတ်ဆိုပြီးတော့ မြင်စိတ်ပေါ်မယ်နော်၊

နားနဲ့ အသံနဲ့ဆိုရင် ကြားစိတ်၊ နှာခေါင်းနဲ့ အနံ့နဲ့ဆိုရင် နံစိတ်၊ လျှာနဲ့ အရသာနဲ့ဆိုရင် စားစိတ်၊ ခန္ဓာကိုယ်နဲ့ တွေ့ထိစရာနဲ့ ဆိုရင် တွေ့ထိစိတ်၊ မနောနဲ့ ကြံတွေးစရာနဲ့ ဆိုရင် တွေးတောကြံစည်စိတ်၊ ဒါက အပွင့်ဓာတ် ကလေးတွေပေါ့၊ အခံဓာတ် ခြောက်ပါး၊ အတိုက်ဓာတ် ခြောက်ပါး၊ အပွင့် ဓာတ် ခြောက်ပါး၊ ခြောက်သုံးလီ ဆယ့်ရှစ်၊ သူ့ကျတော့ ဓာတ် ၁၈- ပါး၊ ဓာတ် ၁၈- ပါး၊ အမယ်. . . ဒီကနေ့သိစရာတွေ အများကြီးတိုးလာ တာပါလား၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေလည်း သိရတယ်၊ ဟော. . . အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတနခြောက်ပါး၊ အာယတန ၁၂- ပါးလည်း သိရတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲ. . . သူတို့ ဆုံကြပြီးတော့ ဟော. . . အပွင့်ဓာတ် ခြောက်ပါးပေါ်လာတော့၊ ဟော. . . အခံဓာတ်ခြောက်ပါး၊ အတိုက်ဓာတ်ခြောက်ပါး၊ အပွင့်ဓာတ် ခြောက်ပါး၊ ခြောက်သုံးလီ ၁၈၊ ဒီကျတော့ ဘာခေါ် (ဓာတ် ၁၈- ပါးပါ ဘုရား)၊ အားလုံး ဒကာ၊ ဒကာမတို့သန္တာန်မှာ ဖြစ်ပေါ်ပုံတွေ ခု ပြောနေ တာနော်၊ အေး. . . ဒီဥစ္စာတွေပေါ်မှာ လာပြီးတော့ ဒီပေါ်မှာပဲ နင်းပြီး တော့ ဟော. . . တရားအလုပ်တွေ လာလိမ့်မယ်နော်၊ မျက်စိနဲ့ အဆင်းနဲ့ ဆုံ ဘာစိတ်ပေါ် (မြင်စိတ်ပေါ်ပါတယ် ဘုရား)၊ အဲလိုဆိုတော့ သုံးခုဖြစ် မသွားဘူးလား (ဖြစ်သွားပါတယ် ဘုရား)။

## သုံးခုဆုံရင် ခံစားမှု ဖြစ်တယ်

သုံးခုဆုံပြီးတော့ သွားတာကို ဖဿခေါ်တာပေါ့၊ သုံးခုဆုံသွား တာကို ဖဿ၊ မျက်စိနဲ့ မျက်စိအကြည်ရုပ်၊ မျက်စိအဖြူကြီး၊ အဖြူထဲမှာ မည်းမည်းဝိုင်းဝိုင်းကြီး၊ မည်းမည်းဝိုင်းကြီးထဲမှာ မည်းမည်းဝိုင်းဝိုင်း သေးသေးလေး အကြည်လေးပေါ့၊ ဟိုဘက်က မြင်စရာတွေက ဘာတုံး

(အဆင်းပါ ဘုရား)၊ အကြည်လေး မှန်ချပ်လေးပေ့ါ၊ မှန်ချပ်တိုင်ထောင် ထားရင် ရှေ့ကဖြတ်သွား၊ ဒီထဲ အရိပ်ထင်မယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီ မှန်အကြည်ကလေးနဲ့ ဟောဒီ **အဆင်းနဲ့ဆုံ ဘာစိတ်ပေါ်** (မြင်စိတ် ပေါ်ပါတယ်ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ အလား တူပေ့ါ၊ နားနဲ့ အသံနဲ့ဆုံ ဘာစိတ်ပေါ် (ကြားစိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ နှာခေါင်းနဲ့ အနံ့နဲ့ဆုံ ဘာစိတ်ပေါ် (နံ့စိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿ ပစ္စယာ ဝေဒနာ၊ လျှာနဲ့ အရသာနဲ့ဆုံ ဘာစိတ်ပေါ် (စားစိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ခန္ဓာကိုယ်နဲ့ တွေ့ထိစရာနဲ့ဆုံ ဘာစိတ်ပေါ် (တွေ့ထိစိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခု ဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဟုတ်တယ်နော်၊ မနောနဲ့ ကြံတွေးစရာနဲ့ဆုံ ဘာစိတ်ပေါ် (တွေးတောကြံစည်စိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ အခံဓာတ်ရယ်၊ အတိုက်ဓာတ်ရယ်၊ အပွင့် ဓာတ်ရယ်ဆိုတော့ ဓာတ်သုံးမျိုးဆုံသွားတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ **တိဏ္ဏံ သင်္ဂတိ ဖဿော**၊ တိဏ္ဏံ- သုံးခု တို့၏၊ သင်္ဂတိ- ပေါင်းမိ၊ ဆုံမိ၊ ကြုံမိတာဟာ၊ ဖဿော- ဖဿခေါ်ပါတယ်၊ သုံးခုဆုံသွားတာနော်၊ အဲသလို ဖဿဖြစ်တယ်၊ ဓာတ်တွေ သုံးမျိုးဆုံတယ် ဆိုရင် ခံစားမှုတစ်ခုခုတော့ ဖြစ်တာပေ့ါ (မှန်လှပါ ဘုရား)၊ အေး. . . ဒီသဘောလေးတွေ မိမိတို့သန္တာန်ဖြစ်ကြတာ၊ ဒီဥစ္စာလေးတွေပေါ်မှာ ကြည့်ပြီးတော့ တရားရှုမှတ်ကြမှာနော် (မှန်လှပါ ဘုရား)၊ အမယ်. . ဒီလိုကိုး၊ တို့ ဒါဖြင့် သိစရာတွေ ဒီကနေ့တော်တော်ကြီး ဟုတ်နေတာ ပဲနော်၊ အေး. . . ခုတိုင်းဆိုလို့ရှိရင် အခံဓာတ် ခြောက်ပါးလည်း သိပြီ၊ အတိုက်ဓာတ် ခြောက်ပါးလည်း သိပြီ၊ အပွင့်ဓာတ် ခြောက်ပါးလည်း

သိပြီ၊ သူတို့ ဆုံတိုင်းဆုံတိုင်း ပေါ်ပေါ်လာကြတာ မဟုတ်လား၊ အေး. . . မျက်စိနဲ့ အဆင်းနဲ့ဆုံ ဘာစိတ်ပေါ် (မြင်စိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဒီလိုလေးတွေ မဟုတ်လား (မှန်လှပါ ဘုရား)။

## ဆိုင်ရာ ဆိုင်ရာ တွဲဖက်နှစ်ခုဆုံမှသာ

နားနဲ့အသံနဲ့ဆုံ ဘာစိတ်ပေါ် (ကြားစိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ ဟုတ်တယ်နော်၊ နှာခေါင်းနဲ့ အနံ့နဲ့ဆုံ ဘာစိတ်ပေါ် (နံ့စိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဟုတ်တယ်နော်၊ မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . လျှာနဲ့ အသံနဲ့ဆုံ ဘာစိတ်ပေါ် (စားစိတ်ပေါ်ပါတယ် ဘုရား)၊ ဘာတဲ့၊ လျှာနဲ့ အသံနဲ့ စားစိတ်ပေါ်သေးလား၊ လျှာနဲ့အသံနဲ့ တွဲဖက်ဟုတ်ကဲ့လား (မဟုတ်ပါဘူး ဘုရား)၊ တွဲဖက်မဟုတ်ရင် ဘာမှမပေါ်ဘူး၊ တွဲဖက်မှ ပေါ်တာနော်၊ ဒီတော့ လျှာနဲ့ ဘာနဲ့ဆုံရမယ်၊ (အရသာနဲ့ဆုံရပါမယ် ဘုရား)၊ ဟုတ်တယ်၊ လျှာနဲ့ အရသာနဲ့ဆုံ ဘာစိတ်ပေါ် (စားစိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဒီလိုမဟုတ်လား၊ အေး. . . ခန္ဓာကိုယ်နဲ့ တွေ့ထိစရာနဲ့ဆုံ ဘာစိတ်ပေါ် (တွေ့ထိစိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဒီလို လာတာမဟုတ်လား၊ ပြီးတော့ မနောနဲ့ ကြံတွေးစရာနဲ့ဆုံ ဘာစိတ်ပေါ် (တွေးတော ကြံစည်စိတ်ပေါ်ပါတယ် ဘုရား)၊ သုံးခုဆုံတာ ဖဿ၊ ဖဿပစ္စယာ ဝေဒနာ၊ ဒီသဘောလေးတွေ ကိုယ့်သန္တာန်မှာပေါ်ကြတာ၊ အေး. . . ဒီဥစ္စာလေးတွေကို ကြည့်ပြီးတော့ ဉာဏ်နဲ့ကြည့်ပြီးတော့ တရားအလုပ် လုပ်ကြပါမယ်၊ ဒီလို

ဆိုရင် ဒီကနေ့ထိအောင် မိမိသန္တာန် ဖြစ်ပျက်နေတဲ့ သဘောတွေကို ပြောပြတာ၊ ပထမအကွက်နဲ့ ဒုတိယအကွက်၊ ဒီ အကွက်ကြီးနှစ်ကွက် ပြီးသွားပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ နောက်ရက်တွေမှ ဆက်ပြီး တော့ သုံးအကွက်၊ လေးအကွက်တွေ ဟောမယ်၊ ဒီကနေ့တော့ အချိန်စေ့ သွားပြီဖြစ်တဲ့အတွက် တော်ကြဦးစို့။ ။

သာဓု. . . သာဓု. . . သာဓု

# ၆၂-ပါးသော မိစ္ဆာဒိဋ္ဌိများ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက '**ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ**'လို့ 'မဟာပရိနိဗ္ဗာန' သုတ်မှာ ဟောမိန့်တော်မူခဲ့ပါတယ်၊ အဓိပ္ပာယ်ကတော့ 'အို. . . သုဘဒ်ရဟန်း၊ ယောဂီသူတော်စင် ရှင်လူရဟန်းတို့ကသာ နည်းမှန်လမ်းမှန် ကျင့်ကြံကြိုးကုတ် အားထုတ်၍ နေကြပါမူကား လောကကြီးအတွင်းမှာ ရဟန္တာတို့ဖြင့် ဘယ်အခါမျှ မဆိတ်သုဉ်းနိုင်' အဲသည်လို အဓိပ္ပာယ်ရပါတယ်။

ဒီမိန့်ခွန်းတော် မှန်ကန်တဲ့အကြောင်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးက ကိုယ်တော်တိုင်

သက်သေထူပြသွားတော်မူခဲ့ပါတယ်၊ ထိုမှတစ်ပါး တရားလိုလားကြတဲ့ ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့အားလည်း နည်းပေါင်းမြောက်မြားစွာတို့ဖြင့် ခန္ဓာဉာဏ်ရောက် သဘောကျအောင် ဟောပြတော်မူခဲ့ပါသေးတယ်။

ယခုအခါ အဲဒီဆရာတော်ဘုရားကြီးရဲ့ နည်းနာနယ ဥပနိဿယ လမ်းစဉ်အတိုင်း ရဟန်းရှင်လူ သူတော်စင် ယောဂီအပေါင်းတို့အား ဘုန်းကြီးကတစ်ဖန် ပြန်လည်ဟောကြား ကျေးဇူးပြု၍ သွားမှာဖြစ်ပါတယ်။

## ကံကြီးငါးပါး

ဘုန်းကြီးတို့ လောကကြီးအတွင်းမှာ ဘယ်ဟာ အပြစ်အကြီးဆုံးလဲလို့ ဒီလိုမေးခွန်းထုတ်မယ်ဆိုရင် **ပဉ္စာနန္တရိယကံ**ဟာ အပြစ်အကြီးဆုံး၊ ပဉ္စာနန္တရိယကံဟာ အပြစ်အကြီးဆုံး၊ ပဉ္စဆိုတာက ငါးမျိုး၊ အနန္တရိယဆိုတာက သေသည်၏ အခြားမဲ့၌ အကျိုးပေးတဲ့ကံ၊ အဲဒီကံဟာ ငါးမျိုးရှိတယ်၊ ဘယ်သူတွေလဲဆိုရင် (၁) **မာတုဃာတက**- အမေကိုသတ်တဲ့ကံ၊ နံပါတ် (၂) **ပိတုဃာတက**- အဖေကိုသတ်တဲ့ကံ၊ နံပါတ် (၃) **အရဟန္တဃာတက**- ရဟန္တာကိုသတ်တဲ့ကံ၊ နံပါတ် (၄) **လောဟိတုပ္ပာတက**- ဘုရားကို သွေးစိမ်းတည်အောင်ပြုတဲ့ကံ၊ နံပါတ် (၅) **သံဃာ့ဘေတက**- သံဃာသင်းခွဲတဲ့ကံ၊ အဲသလိုကံကြီးငါးပါး၊ ဘာသာပြန်မယ်ဆိုရင် နံပါတ် (၁) **အမေကိုသတ်တာ**၊ နံပါတ် (၂) **အဖေကိုသတ်တာ**၊ နံပါတ် (၃) **ရဟန္တာကိုသတ်တာ**၊ နံပါတ် (၄) **ဘုရားကိုသွေးစိမ်းတည်အောင်ပြုတာ**၊ ဘုရားကျတော့ သေအောင်သတ်လို့ မရပါဘူး၊ သွေးလေးဘာလေးထွက်ရုံလောက်သာ လုပ်လို့ရတယ်၊ ပြီးတော့ နံပါတ်

(၅) **သံဃာသင်းခွဲတဲ့ကံ** ဆိုတာ ရဟန်း ရဟန်းချင်းမှ ကံမြောက်အောင် ခွဲလို့ရတာပါ။ သိမ်ကြီးက အကြီးကြီး၊ ဟောဟိုဘက်ကတစ်စု၊ ဒီဘက်က တစ်စု၊ ကိုယ်တော်တို့နဲ့ အတူတူမပြုဘူး၊ ကိုယ့်အစုနဲ့ကိုယ် ပြုမယ် ဆိုပြီးတော့ ခွဲပြီးတော့ ကံပြုတာ အဲဒါကျမှ သံဃာ့ဘေဒကကံမြောက် တယ်ဆိုတော့ ရဟန်းချင်းသာ ဒီကံက လုပ်လို့ရတာပါ (မှန်လှပါ ဘုရား)။

လူက ကံမြောက်အောင် ဟောဒီ သံဃာ့ဘေဒက လုပ်လို့မရ ဘူး၊ လူက သိမ်ထဲမှာ ကံပြုတာမှ မဟုတ်ဘဲ၊ ဒီတော့ ကံကြီးငါးပါးဟာ သိပ်အပြစ်ကြီးတယ်၊ ဒီကံကြီးငါးပါးထဲက တစ်ပါးပါးများ ကျူးလွန်ထား ရင် ဒီပုဂ္ဂိုလ် သေ. . . ဧကန္တ အဝီစိကျရမှာ (မှန်ပါ ဘုရား)၊ အပြစ်မကြီး ဘူးလား (ကြီးပါတယ် ဘုရား)၊ ကြီးတယ်၊ ကံကြီးဘယ်နှပါး (ငါးပါးပါ ဘုရား)၊ နံပါတ် (၁) (အမေကိုသတ်တဲ့ကံပါ ဘုရား)၊ နံပါတ် (၂) (အဖေကိုသတ်တဲ့ကံပါ ဘုရား)၊ နံပါတ် (၃) (ရဟန္တာကိုသတ်တဲ့ ကံပါ ဘုရား)၊ နံပါတ် (၄) (ဘုရားကို သွေးစိမ်းတည်အောင်ပြုတဲ့ကံပါ ဘုရား)၊ နံပါတ် (၅) (သံဃာသင်းခွဲတဲ့ကံပါ ဘုရား)၊ သံဃာသင်းခွဲတဲ့ကံ၊ ဟိုဘက် အုပ်စုနဲ့ ဒီဘက်အုပ်စုနဲ့ အတူတူမပြုဘူးဆိုပြီးတော့ ကိုယ့်အုပ်စုနဲ့ကိုယ် ခွဲပြီးတော့ သိမ်ထဲမှာ ကံပြုတဲ့ဥစ္စာပြောတာ (မှန်လှပါ ဘုရား)၊ ကံကြီး ငါးပါး၊ ဒီထဲက တစ်ပါးပါးကျူးလွန်ရင် ဒီပုဂ္ဂိုလ်သေ ဧကန္တ အဝီစိကျရမှာ (မှန်ပါ ဘုရား)၊ ဒါကြောင့်မို့လို့ လောကကြီး အပြစ်အကြီးဆုံးဟာ ဘယ်ဟာလဲလို့ မေးလို့ရှိရင် ဒီပဉ္စာနန္တရိယကံဟာ အပြစ်အကြီးဆုံး၊ ပဉ္စ ဆိုတော့ ငါးပါးမဟုတ်လား (မှန်ပါ ဘုရား)၊ သေသေချင်း ဟိုဘက် အခြားမဲ့မှာ အဝီစိရောက်ရမယ်ဆိုတော့ အနန္တရိယပေါ့၊ ဟုတ်တယ်၊ ဒီကံကြီးငါးပါးဟာ သိပ်အပြစ်ကြီးတယ်လို့ အားလုံးဒီလိုပဲ သိထားတယ် မဟုတ်လား (မှန်လှပါ ဘုရား)။

## မိစ္ဆာဒိဋ္ဌိက အပြစ်အကြီးဆုံး

ဘုရားကိုယ်တော်မြတ်ကတော့ အဲသလိုမပြောပါဘူး၊ လောကမှာ အပြစ်အကြီးဆုံးဟာ မိစ္ဆာဒိဋ္ဌိ၊ အပြစ်အကြီးဆုံးဟာ (မိစ္ဆာဒိဋ္ဌိပါ ဘုရား)၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ အယူမှားများ စွဲပြီလားဆိုရင် သေရင် အဝီစိ ကျိန်းသေကျမှာပေါ့ (မှန်လှပါ ဘုရား)၊ ဟာ. . . အဲသလိုဖြစ်ပါတယ်၊ ဘုန်းကြီးတို့တစ်တွေ သိနေတာကတော့ဖြင့် လောကကြီး အပြစ်အကြီးဆုံးဆိုတာ ကံကြီးငါးပါး မဟုတ်လား (မှန်ပါ ဘုရား)၊ ဘုရားကိုယ်တော်မြတ်ကတော့ အဲဒီလို မပြောဘူး၊ လောကမှာ အပြစ်အကြီးဆုံးဟာ (မိစ္ဆာဒိဋ္ဌိပါ ဘုရား)၊ မိစ္ဆာဆိုတာ မှားမှားယွင်းယွင်း၊ ဒိဋ္ဌိဆိုတာ ယူစွဲတာ၊ မှားမှားယွင်းယွင်း ယူစွဲတာ၊ ဟာ. . . ဒါကလည်းပဲ သေလို့ရှိရင် အဝီစိ ကျရမယ်လို့ ပြောတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘယ်လိုကွာခြားသလဲဆိုတော့ ဒီကံကြီးငါးပါးကလည်းပဲ တစ်ခုခုကျူးလွန်ထားရင် အဝီစိ ကျရမှာပဲ၊ မိစ္ဆာဒိဋ္ဌိကလည်း သေလို့ရှိရင် အဝီစိကျရမှာပဲ မဟုတ်လား (မှန်ပါ ဘုရား)၊ ဘယ်လိုကွာသလဲဆိုတော့ ဒီကံကြီးငါးပါးထဲက တစ်ပါးပါး ကျူးလွန်လို့ ဒီကနေ့အဝီစိကျသွား၊ နက်ဖြန်ခါ ကမ္ဘာကြီးပျက်စီးသွားတယ်ဆိုရင် အဝီစိကြီးပါ ရောပါသွားတဲ့အတွက် ဒီပုဂ္ဂိုလ် လွတ်သွားတယ် (မှန်လှပါ ဘုရား)၊ ဟော. . . ဟို မိစ္ဆာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဒီကနေ့သေ အဝီစိကျသွားတယ်၊ နက်ဖြန်ခါ ကမ္ဘာကြီးပျက်သွားတယ်ဆိုရင် မပျက်တဲ့ ကမ္ဘာ ရွှေ့ခံရတယ်၊ မပျက်တဲ့ကမ္ဘာကို ရွှေ့ခံရတယ်၊ မိစ္ဆာဒိဋ္ဌိရှိတဲ့သူက (မှန်ပါ ဘုရား)၊ အဲသလိုဆိုတော့ ခုနတုန်းက ကံကြီးငါးပါးထက်တောင် ပိုအပြစ်မကြီးဘူးလား (ကြီးပါတယ် ဘုရား)၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်က ပြောတာကိုး၊ လောကမှာ အပြစ်အကြီးဆုံးဟာ ဘာပါလိမ့် (မိစ္ဆာဒိဋ္ဌိပါ ဘုရား)၊ မိစ္ဆာဒိဋ္ဌိ၊ မှားမှားယွင်းယွင်း အယူစွဲတာ၊ မိစ္ဆာ- မှားမှား

ယွင်းယွင်း၊ ဒိဋ္ဌိ- ယူစွဲတာ၊ သိတာ၊ မှားမှားယွင်းယွင်း သိတာပေါ့နော် (မှန်လှပါ ဘုရား)၊ ဟာ. . . ဒီဥစ္စာက ပို၍တောင် အပြစ်ကြီးတယ်လို့ ဆိုတယ်မဟုတ်လား (မှန်ပါ ဘုရား)၊ မပျက်တဲ့ကမ္ဘာ ရွှေ့ခံရတယ်ဆို တော့ ပိုအပြစ်ကြီးတာပေါ့ (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဒါကြောင့် ဒီဥစ္စာဟာ အပြစ်ကြီးလွန်းလို့ကွဲ့၊ လောကကြီးမှာ သူ့လောက်အပြစ်ကြီး တာ ငါဘုရားဖြင့် သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်တာတောင် မမြင်ဘူး။

**နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနု ပဿာမိ၊**

**ယံ ဧဝံ မဟာသာဝဇ္ဇံ ယထာယိဒံ ဘိက္ခဝေ မိစ္ဆာဒိဋ္ဌိ. . .**

ဘုရားပြောတာလေ၊ အဓိပ္ပာယ်ကတော့ဖြင့် လောကကြီးမှာ မိစ္ဆာဒိဋ္ဌိလောက် အပြစ်ကြီးတာ ငါဘုရား သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ကြည့်တာတောင် မမြင်ဘူးဆိုတော့ ဘယ်သူအပြစ်ကြီးဆုံးလဲ (မိစ္ဆာဒိဋ္ဌိ အပြစ်အကြီးဆုံးပါ ဘုရား)၊ မိစ္ဆာဒိဋ္ဌိဟာ အပြစ်အကြီးဆုံးလို့ ဒီလို အဓိပ္ပာယ် မပေါ်ပေဘူးလား (ပေါ်ပါတယ် ဘုရား)၊ ဟုတ်တယ်၊ မိစ္ဆာဒိဋ္ဌိ မှားမှားယွင်းယွင်း ယူစွဲတဲ့ဥစ္စာ၊ သိပ်အပြစ်ကြီးတာပေါ့။

## မိစ္ဆာဒိဋ္ဌိကို မြန်မြန်ဖယ်ရှားပစ်လိုက်ပါ

အဲဒါကြောင့် မိစ္ဆာဒိဋ္ဌိ အယူအဆတွေများ ကိုယ့်ဝမ်းထဲရှိနေရင် မြန်မြန်ဖယ်ရှားပစ်လိုက်ပါလို့ ပြောတယ်၊ အို. . . ဥပမာနဲ့ ပြောတယ်-

**သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဒယှမာနောဝ မတ္ထကေ။**

**သက္ကာယဒိဋ္ဌိ ပဟာနာယ၊ သတောဘိက္ခု ပရိဗ္ဗဇေ။**

ဘုရားကိုယ်တော်မြတ်ကြီး ပြောတာလေ၊ သူ့အဓိပ္ပာယ်က **သတ္တိယာ**- လှံကြီးနဲ့ **ဩမဋ္ဌော**- ရင်ဝ၌ အထိုးခံရတဲ့သူဟာ လူတစ်ယောက် ပစ်ထိုးလိုက်လို့ရှိရင် လှံကြီးနဲ့ ဟော. . . ရင်ဝတန်းလန်းကြီးနေတယ်

ဆိုပါတော့၊ အို. . . အေးအေးဆေးဆေးပဲ၊ နောက်မှပဲ ဖြည်းဖြည်းပဲ၊ တို့ဆေးရုံတက်ကုတော့မယ်၊ အခုတော့ သကြ္ကန်ကလည်း မလွတ်သေးဘူး၊ သကြ္ကန်ပြီးမှပဲ နှစ်သစ်ကူးမှပဲ ဆေးရုံတက်ကုတော့မယ်၊ အေးအေးဆေးဆေးနေလို့ ဖြစ်မလား (မဖြစ်ပါဘူး ဘုရား)၊ ဘယ်. . . အေးအေးဆေးဆေးနေလို့ ဖြစ်မလဲ၊ ရင်ဝတန်းလန်းကြီးဖြစ်နေတဲ့ လှံကြီး၊ အရေးတကြီး သူ့ပဲ ဦးစားပေးနှုတ် ကုသရမှာမဟုတ်လား၊ အဲသလိုတဲ့၊ **သတ္တာယဒိဋ္ဌိ**- သက္ကာ ယဒိဋ္ဌိဆိုတဲ့ လှံကြီးတွေ၊ ပြောင့်ကြီးတွေကို၊ **ပဟာတုံ**- ပယ်ရှားဖို့ရာ၊ ပယ်နှုတ်ဖို့ရာ၊ **သတော**- သတိရှိသည်ဖြစ်၍၊ **ပရိဗ္ဗဇေ**- ကျင့်ကြံကြိုးကုတ် အရေးတကြီး အားထုတ်ရမည်၊ ဒီလိုပြောတာ၊ ဟင်း. . . သူပေးတဲ့ဥပမာကြီးကကိုး တကယ့်အရေးတကြီးမဟုတ်လား၊ ဘုရားကိုယ်တော်မြတ်ကြီးပေးတဲ့ဥပမာ၊ လူတစ်ယောက်ရင်ဝလှံပစ်ထိုးလို့ လှံကြီးတန်းလန်းကြီး ဖြစ်နေတယ်၊ အေးအေးဆေးဆေးနေလို့ တော်ပါ့မလား (မတော်ပါဘူး ဘုရား)၊ ဒီလှံကြီးကိုပဲ အရေးတကြီးဦးစားပေးနှုတ်ရမှာ မဟုတ်လား၊ အဲသလိုပဲ၊ ကိုယ်စီကိုယ်င ဘုန်းကြီးတို့ဒကာ၊ ဒကာမတွေမှာ ဒိဋ္ဌိလှံတွေ၊ ဒိဋ္ဌိပြောင့်တွေ ကိုယ်စီကိုယ်စီ စူးနေကြတယ် (မှန်လှပါ ဘုရား)၊ အဲဒါကို အရေးတကြီး ခုချက်ချင်းကို နှုတ်ရမှာ၊ ဒါ. . . အေးအေးဆေးဆေးနေလို့ တော်ပါ့မလား (မတော်ပါဘူး ဘုရား)၊ ဒါပြောတာ၊ ဒီတော့ ပေးတဲ့ဥပမာကကို အရေးကြီးတာကြီးနဲ့ ကပ်ပေးတယ်ဆိုတော့ ဒီဒိဋ္ဌိတွေကိုလည်း အရေးတကြီးခွာရမယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်လား (မှန်ပါဘုရား)၊ ဒါပြောတာကိုး၊ နောက်တစ်ခု ဥပမာပေးသေးတယ်၊ **မတ္ထကေ**- ဦးခေါင်းပေါ်၌၊ **ဍယှမာနော**- မီးအလောင်ခံရတဲ့သူဟာ၊ လူတစ်ယောက်က နောက်ကနေပြီးတော့ မီးနဲ့ ရှို့၊ ဆံပင်ကိုမီးတုတ်နဲ့ပဲ နောက်ကလိုက် တို့တယ်ဆိုပါတော့၊ ခေါင်းပေါ်မှာ ဟုန်းဟုန်း

ဟုန်းဟုန်းနဲ့ ဆံပင်တွေ လောင်နေတယ်၊ အဲဒါသူက အေးအေးဆေးဆေး သွားလာနေလို့ တော်ပါ့မလား (မတော်ပါဘူး ဘုရား)။

ဟို. . . တဟုန်းဟုန်းလောင်ပြီးတော့နေတဲ့ မီးတွေကို အရင်ငြိမ်းရမှာ မဟုတ်လား (မှန်ပါ ဘုရား)၊ တို့လုပ်ငန်းကိုင်ငန်းက မပြီးသေးဘူး၊ တို့ကိစ္စတွေက များသေးတယ်၊ နောက်မှ အေးအေးဆေးဆေး ဒီလိုလုပ်လို့ တော်ပါ့မလား (မတော်ပါဘူး ဘုရား)၊ တို့ဆိုင်ကြည့်စမ်း၊ ဝယ်လိုက်ကြတာ တစ်တန်းကြီး၊ နောက်ကလူတွေ၊ တို့ကလည်း လက်မလည်အောင် ချိန်တွယ်ပေးနေရတယ်၊ နောက်မှပဲ ဒီမီးတွေ ငြိမ်းတော့မယ်၊ ဟုတ်ပါ့မလား (မဟုတ်ပါဘူး ဘုရား)၊ ဘယ်ဟုတ်မလဲ၊ ဘယ်လောက်ပဲ နောက်ကကိစ္စဝိစ္စတွေ ဘယ်လိုပဲ အရေးကြီးနေနေ ခေါင်းမီးလောင်တာ၊ လောင်တဲ့မီးတွေ အရင်ငြိမ်းရမှာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟယ်. . . ပေးတဲ့ ဥပမာကကိုး အရေးတကြီးကြီး မဟုတ်လား၊ ဘုရားကိုယ်တော်မြတ် ပေးတဲ့ ဥပမာပါ။

## ဒိဋ္ဌိမီး၊ ဒိဋ္ဌိပြောင့်၊ ဒိဋ္ဌိလှံ

**မတ္ထကေ**- ဦးခေါင်းပေါ်၌၊ **ဒယှမာနော**- မီးအလောင်ခံရတဲ့သူဟာ၊ **တံ**- ထိုတဟုန်းဟုန်း တောက်လောင်ပြီးတော့နေတဲ့ မီးတွေကို၊ **ပဟာတုံ**- ပယ်ရှားငြိမ်းသတ်ဖို့ရာ၊ **အာရဗ္ဘတိဝိယ**- အရေးတကြီး အားထုတ်ရသလိုနော်၊ **သက္ကာယဒိဋ္ဌိ**- သက္ကာယဒိဋ္ဌိဆိုတဲ့ မီးတွေကို၊ ဒီကျတော့ ဒိဋ္ဌိတွေကို မီးနဲ့ ဥပမာပေးပြန်တယ်နော်၊ ခုနတုန်းကတော့ ဒိဋ္ဌိတွေကို ပြောင့်တွေ၊ လှံတွေနဲ့ ဥပမာပေးတယ်မဟုတ်လား၊ အခုကျတော့ ဘာတဲ့တုံး (မီးနဲ့ဥပမာပေးပါတယ် ဘုရား)၊ **သက္ကာယဒိဋ္ဌိ**- သက္ကာယဒိဋ္ဌိဆိုတဲ့ မီးတွေကို၊ **ပဟာတုံ**- ပယ်ရှားငြိမ်းသတ်ဖို့ရာ၊

**သတော**- သတိရှိသည်ဖြစ်၍၊ **ပရိဗ္ဗဇေ**- ကျင့်ကြံကြိုးကုတ် အရေးတကြီး အားထုတ်ရမည်၊ ဒီလိုပြောတာ၊ ဒီတော့ စုလိုက်ပေါင်းလိုက်တော့ ဘုန်းကြီးတို့တစ်တွေ ဒိဋ္ဌိဟာ ကိုယ့်ဝမ်းထဲရှိရင် အရေးတကြီးပယ်ရှား ရမယ်လို့ ဒီလိုသဘော သွားနားမလည်ရဘူးလား (နားလည်ရပါတယ် ဘုရား)၊ ကိုယ့်မှာ၊ ဝမ်းထဲမှာ ဒိဋ္ဌိလေးတွေ ကိုယ်စီကိုယ်င ရှိကြတယ် မဟုတ်လား (မှန်ပါ ဘုရား)၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ အဲဒီထဲ သက္ကာယဒိဋ္ဌိ သူက ပွားပွားလာတာ၊ သူကအခြေခံ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါကြောင့်ပြောတာ၊ ဘယ်ဒိဋ္ဌိပဲရှိရှိ မကောင်းဘူးပေါ့၊ ဒိဋ္ဌိတွေတန်းလန်းကြီး နဲ့ တရားအားထုတ်လို့ ရမလား (မရပါဘူး ဘုရား)၊ ဒါ့ကြောင့်ပြောတာကိုး၊ ဒိဋ္ဌိတွေရှိနေလို့တော့ မကောင်းဘူးနော်။

**မိစ္ဆာဒိဋ္ဌိကဿ ဘိက္ခဝေ အနုပ္ပန္နာစေဝ**

**အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊**

**ဥပ္ပန္နာစ အ ကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ။**

မိစ္ဆာဒိဋ္ဌိဆိုတဲ့ အယူမှားတွေများ ရှိပြီလားဆိုရင် ဟော. . . ဒီပုဂ္ဂိုလ်လေ မဖြစ်ပွားသေးတဲ့ အကုသိုလ်တရားတွေလည်း ဖြစ်ပွားလာ ကုန်ကြရော၊ ဖြစ်ပွားပြီးသား အကုသိုလ်တရားတွေလည်း တိုးပွားလာကုန် ကြရော၊ မိစ္ဆာဒိဋ္ဌိသာ ဝမ်းထဲရှိရင်လေ၊ ဒါကြောင့် မိစ္ဆာဒိဋ္ဌိ ဝမ်းထဲကို လှောင်ထားလို့ တော်ပ့ါမလား (မတော်ပါဘူး ဘုရား)၊ မတော်ဘူး၊ မြန်မြန် ဖယ်ရှားပစ်ပါလို့ ပြောတာမဟုတ်လား။

အေး. . . အဲသလိုပါ၊ မိစ္ဆာဒိဋ္ဌိဟာ အင်မတန် အပြစ်ကြီးတာပဲ၊ မိစ္ဆာဒိဋ္ဌိဟာ အားလုံး ဘုရားလက်ထက်က ဖြစ်ပွားတာ ၆၂- ပါးတောင်ပဲ၊ မိစ္ဆာဒိဋ္ဌိဟာ ၆၂- ပါးတောင်ပဲ၊ မိစ္ဆာဒိဋ္ဌိဟာ ၆၂- ပါးတောင်ရှိတယ်၊ မိစ္ဆာဒိဋ္ဌိဘယ်နှပါး (၆၂-ပါးပါ ဘုရား)၊ နို့ပေမယ့်လို့ ဒီအထဲ အဓိကကျ

အရေးကြီးတာကတော့ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဒီသုံးမျိုး လောက်ကြေရင်ပဲ အကုန်လုံး ဒီအထဲပါဝင်ပါတယ်၊ ရှိတာကတော့ ဘယ်နှပါး (၆၂- ပါးပါဘုရား)၊ ကိုယ်တော်တို့က ၆၂- ပါးလို့လည်း ပြောသေးရဲ့၊ ပြီးတော့လည်း သုံးပါးလောက်ရှိ တော်ရောတဲ့၊ ချုံ့သွားတာ မဟုတ်လား (မှန်ပါ ဘုရား)၊ ကိုယ်တော်တို့ကလည်း အဲသလိုကိုး၊ တယ် သက်သာခိုတာကိုး၊ ပြောကောင်းပြောလိမ့်မယ်၊ အင်း. . . ပြောတုန်းက တော့လည်း ၆၂- ပါးမဟုတ်လား၊ ပြီးတော့လည်း ၆၂- ပါး မပြောဘူး၊ သုံးပါးပဲ ပြောသွားတယ်နော်။

## နွားက မနေလို့

အေး . . . ဟိုတစ်ခါတုန်းက အဘိုးကြီးတစ်ယောက်တဲ့၊ နွေခေါင်ခေါင်တောထဲကို လှည်းကြီးမောင်းပြီးတော့သွား ဟို. . . ဒီတစ်ခါ တော့ ရေဘူး ကလည်း မပါဘူး၊ တောထဲရောက်တော့ ရေဆာတာပေါ့၊ ရေဆာလို့ ဟိုကြည့်၊ ဒီကြည့် မတွေ့ဘူး၊ ရေကလည်း ဆာလိုက်တာ၊ အဲဒါနဲ့ ကဲ. . . ပြန်ပါမယ်လေဆိုပြီးတော့ လှည်းကြီးမောင်းထွက်လာ တော့ အတော်ပါပဲ၊ ဟိုခပ်လှမ်းလှမ်းမှာ တဲကလေးတစ်လုံးတွေ့တယ်၊ အဲဒီတဲကလေးဆီကို ရေရှိမှာပဲဆိုပြီးတော့ မောင်းသွားတော့တာပေါ့၊ အဘိုးကြီးကလေ၊ အနားနားလည်းရောက်ကရော ဟေး. . . တဲရှင်တို့၊ အိုး. . . တဲရှင်တို့ ဘကြီး ရေကလေးတစ်ခွက်လောက် တိုက်ကြပါကွယ်၊ ပြောတာပေါ့လေ၊ ဒါနဲ့ တဲအတွင်းက မိန်းကလေးတစ်ယောက်က ရေမှုတ်ကြီးနဲ့ ခပ်ယူလာပြီးတော့ လှမ်းပြီးတော့ ပေးတော့ ရေမှုတ်ကြီး ယူပြီးတော့ သောက်တယ်၊ ဂွပ်. . . ဂွပ်. . . ဂွပ်နဲ့ပေါ့၊ အေးလိုက်တာ သမီးရယ်၊ ကောင်းလိုက်တာ ရေကလည်း၊ ရေအကျိုး ဆယ်မျိုး

မတောင်းဘဲနဲ့ရသတဲ့ သမီးရဲ့ ပြောပြီးတော့ လှည်းမောင်းမယ် လုပ်တာကိုး၊ နေပါဦး ဘကြီးရဲ့၊ ရေအကျိုး ဆယ်မျိုးလေး အမိန့်ရှိခဲ့ပါဦး၊ အို. . . နွားက မနေဘူးကွဲ့၊ ဘာက မနေတာတဲ့တုံး (နွားကမနေတာပါ ဘုရား)၊ ပြောတုန်းကတော့လည်း ပြောပြီးတော့နော်၊ နွားကမနေဘူးကွယ့်လို့ ပြောတယ်တဲ့၊ အဲသလိုဖြစ်နေရော့မယ်၊ ဒီတော့ နည်းနည်းတော့ ပြောဦးမှ ဖြစ်မယ်နော်၊ တော်ကြာ နွားကမနေဘူး ဖြစ်နေဦးမယ်။

## ၆၂- ပါး မိစ္ဆာဒိဋ္ဌိများ

အင်း. . . မိစ္ဆာဒိဋ္ဌိ ဘယ်နှပါး (၆၂- ပါးပါ ဘုရား)၊ ဘယ်သူများ လဲလို့ဆိုတော့ ဟော. . . သဿတဒိဋ္ဌိက လေးပါး၊ ဘာတဲ့တုံး (သဿတ ဒိဋ္ဌိကလေးပါးပါ ဘုရား)၊ ပြီးတော့ ဧကစ္စသဿတဒိဋ္ဌိကလည်း လေးပါး၊ ပြီးတော့ အန္တာနန္တိက ဒိဋ္ဌိကလည်း လေးပါး၊ အမရာဝိက္ခေပဒိဋ္ဌိကလည်း လေးပါး၊ ပြီးတော့ အဓိစ္စသမုပ္ပန္နဒိဋ္ဌိက နှစ်ပါး၊ ပြန်ပြောပါဦးမယ်၊ ဟို. . . နံပါတ်တစ်က သဿတဒိဋ္ဌိက ဘယ်လောက် (လေးပါးပါ ဘုရား)၊ လေးပါး။

ဧကစ္စသဿတဒိဋ္ဌိကလည်း လေးပါး၊ အန္တာနန္တိကဒိဋ္ဌိကလည်း လေးပါး၊ အမရာဝိက္ခေပဒိဋ္ဌိကလည်း လေးပါး၊ အဲဒီတင် လေးလေးလီ တစ်ဆယ့်ခြောက်၊ အဲဒီတစ်ဆယ့်ခြောက်ပါးထဲကို အဓိစ္စသမုပ္ပန္နဒိဋ္ဌိ နှစ်ပါးပေါင်းထည့်တော့ (၁၈- ပါးပါ ဘုရား)၊ ၁၈- ပါး၊ ဒါက သံသရာရဲ့ ရှေ့အစွန်းကို ကြံစည်ပြီးတော့မှားတဲ့ မိစ္ဆာဒိဋ္ဌိတွေ ၁၈- ပါးပေါ့နော်။

သံသရာရဲ့ ရှေ့အစွန်းကို ကြံစည်ပြီးတော့မှားတဲ့ မိစ္ဆာဒိဋ္ဌိ ဘယ်နှပါး (၁၈- ပါးပါ ဘုရား)၊ ၁၈- ပါးရှိပါတယ်၊ ပြီးတော့ သံသရာရဲ့ နောက်အစွန်းကို ကြံစည်ပြီးတော့ မှားတဲ့မိစ္ဆာဒိဋ္ဌိက ၄၄- ပါး၊ ၄၄-

ပါးနော်၊ အေး. . . ၄၄- ပါးက ဘယ်သူများလဲလို့ဆိုရင် သညီဝါဒဒိဋ္ဌိက ၁၆- ပါး၊ အသညီဝါဒဒိဋ္ဌိက ၈- ပါး၊ နေဝသညီ နာသညီဝါဒဒိဋ္ဌိကလည်း ၈- ပါးဆိုတော့ အဲဒီနားမယ်. . .၊ ပထမက ၁၆- ပါး၊ ဒုတိယက ၈- ပါး၊ တတိယက ၈- ပါး၊ လွယ်အောင် ၁၆- ပါးတစ်ဝက်ခွဲရင် ၈၊ ရှစ်လေးခါမဟုတ်လား၊ ရှစ်လေးလီဆိုတော့ ဘယ်လောက်တုံး (၃၂- ပါး ပါဘုရား)၊ ၃၂- ပါး၊ ဥစ္ဆေဒဝါဒဒိဋ္ဌိက ၇- ပါး၊ ၃၂-ပါးရယ် ၇- ပါးရယ် ပေါင်းတော့ (၃၉-ပါးပါ ဘုရား)၊ ၃၉- ပါး၊ ဒိဋ္ဌဓမ္မ နိဗ္ဗာနဝါဒီဒိဋ္ဌိက ငါးပါး၊ ၃၉- ပါးရယ်၊ ၅-ပါးရယ် ပေါင်းတော့ (၄၄-ပါးပါ ဘုရား)။

အဲဒါက သံသရာရဲ့ နောက်အစွန်းကို ကြံစည်ပြီးတော့ မှားတဲ့ မိစ္ဆာဒိဋ္ဌိ ၄၄-ပါး၊ သံသရာရဲ့ ရှေ့အစွန်းကို ကြံစည်ပြီးတော့ မှားတဲ့ မိစ္ဆာဒိဋ္ဌိက ၁၈- ပါး၊ တစ်ခေါက်ပြန်ပြောပါဦးမယ်၊ သံသရာရဲ့ ရှေ့အစွန်းကို ကြံစည်ပြီးတော့မှားတဲ့ မိစ္ဆာဒိဋ္ဌိက ၁၈-ပါး၊ ဘယ်သူများလဲလို့ဆိုတော့ သဿတဒိဋ္ဌိ ၄-ပါး၊ ဧကစ္စသဿတဒိဋ္ဌိ ၄-ပါး၊ အန္တာနန္တိကဒိဋ္ဌိကလည်း ၄-ပါး၊ အမရာဝိက္ခေပဒိဋ္ဌိကလည်း ၄-ပါးဆိုတော့ လေးလေးလီ ၁၆-ပါး၊ အဓိစ္စ သမုပ္ပန္န ဒိဋ္ဌိ ၂-ပါး ထပ်ပေါင်းလိုက်တော့ ၁၈-ပါး၊ ဒါက သံသရာရဲ့ရှေ့အစွန်း ကြံစည်မှားတာနော်၊ သွားမယ်. . . နောက်ဘက်က သံသရာရဲ့ နောက်ဘက်အစွန်းကို ကြံစည်မှားတဲ့ မိစ္ဆာဒိဋ္ဌိက ၄၄- ပါး။

ဘယ်သူများလဲဆိုရင် သညီဝါဒဒိဋ္ဌိက ၁၆-ပါး၊ အသညီဝါဒဒိဋ္ဌိက ၈-ပါး၊ နေဝသညီ နာသညီဝါဒ ဒိဋ္ဌိက ၈-ပါးဆိုတော့ အဲဒီနားတင် ဘယ်လောက်တုံး (၃၂-ပါးပါ ဘုရား)၊ ပြီးတော့ ဥစ္ဆေဒဝါဒဒိဋ္ဌိ ၇-ပါး၊ ၃၂-ပါးရယ် ၇-ပါးရယ်ပေါင်းတော့ (၃၉-ပါးပါ ဘုရား)၊ ပြီးတော့မှ ဒိဋ္ဌဓမ္မနိဗ္ဗာန ဝါဒီဒိဋ္ဌိ ၅-ပါးထည့်လိုက်တော့ ၄၄-ပါး၊ ၁၈-ပါးရယ် ၄၄-ပါးရယ်ပေါင်းရင် ၆၂-ပါး၊ မိစ္ဆာဒိဋ္ဌိ ဘယ်နှပါး (၆၂-ပါးပါ ဘုရား)၊

ဟုတ်တယ်၊ ၆၂-ပါး။

## အပြောများတာ လေးပါးသာ

ဟုတ်တယ်၊ မိစ္ဆာဒိဋ္ဌိ အမျိုးအစား ၆၂- ပါး ဘုရားလက်ထက်တုန်းက ယူကြတာ၊ သူတစ်မျိုး၊ ကိုယ်တစ်မျိုး၊ ကြိုက်ရာကြိုက်ရာ ယူကြတာပေ့ါ၊ အမယ်. . . လူတစ်ယောက် တစ်ယောက် တွေ့ပြီဆိုရင် ခင်ဗျားဘာဒိဋ္ဌိယူသလဲ၊ ဒီလိုလေးတွေ မေးကြတာတဲ့၊ အားလုံး မိစ္ဆာဒိဋ္ဌိဘယ်နှပါး (၆၂- ပါးပါ ဘုရား)။

အေး. . . ၆၂-ပါးရှိသော်လည်း တကယ့်တကယ် အပြောများတာကတော့ လေးပါးလောက်က ပိုအပြောများပါတယ်၊ လေးပါးလောက်က အပြောများတယ်၊ ဘယ်သူများလဲဆိုရင် သဿတဒိဋ္ဌိလည်း ပြောပါတယ်၊ ဧကစ္စသဿတဒိဋ္ဌိလည်း အပြောများပါတယ်၊ ပြီးတော့ အမရာဝိက္ခေပဒိဋ္ဌိလည်း အပြောများပါတယ်၊ အေး. . . ရှေ့ပိုင်းကတော့ အဲသလောက်ပါပဲ။

ဟိုး. . . နောက်ထဲကဆိုလို့ရှိရင် ဥစ္ဆေဒဝါဒဒိဋ္ဌိပဲ အပြောများပါတယ်၊ ကျန်တဲ့ဥစ္စာတွေက သိပ်ပြီးတော့ မပြောကြပါဘူး၊ ဥစ္ဆေဒဝါဒဒိဋ္ဌိနော်၊ အေး. . . ဒါလောက်ပါပဲ၊ အားလုံး ၆၂-ပါး ရှိသော်လည်းပဲ အပြောများတာက ဘယ်နှပါး (လေးပါးပါ ဘုရား)၊ လေးပါး အပြောများပါတယ်။

လေးပါးကို စဉ်လိုက်ကြစို့ နံပါတ်တစ်ကို သဿတဒိဋ္ဌိထားမယ်၊ နံပါတ်တစ်ကို (သဿတဒိဋ္ဌိထားပါမယ် ဘုရား)၊ ပြီးတော့ နံပါတ်နှစ်ကျတော့ ဥစ္ဆေဒဒိဋ္ဌိထားမယ်၊ နံပါတ်သုံးက ဧကစ္စသဿတဒိဋ္ဌိ ထားမယ်၊ နံပါတ်လေးက အမရာဝိက္ခေပဒိဋ္ဌိ၊ ဒီလို ထားလိုက်တော့မယ်နော်၊ ပြန်ပြောပါဦးမယ်၊ နံပါတ်တစ်က သဿတဒိဋ္ဌိ၊ နံပါတ်နှစ်က ဥစ္ဆေဒဒိဋ္ဌိ၊

နံပါတ်သုံးက ဧကစ္စသဿတဒိဋ္ဌိ၊ နံပါတ်လေးက အမရာဝိက္ခေပဒိဋ္ဌိ၊ ဒိဋ္ဌိ ဘယ်နှမျိုးလဲ (လေးမျိုးပါ ဘုရား)၊ ဒီလေးမျိုး အပြောများပါတယ်၊ အပြောများပါတယ်၊ လေးမျိုး။

## သဿတဆိုတာ နိုင်တယ်၊ မြဲတယ်

အေး. . . ဒါဘယ်သူတွေက ဘယ်လိုစတာလဲလို့ဆိုတော့ ဗြဟ္မာ့ပြည်က လူကြီးတွေ စတီထွင်လာတာ၊ ဗြဟ္မာ့ပြည်က ရောက်လာတဲ့ လူကြီးတွေ၊ အေး. . . အဲဒီပုဂ္ဂိုလ်ကြီးတွေ၊ ဗြဟ္မာ့ပြည်မှာက ဗြဟ္မာသုံးမျိုး လောက်ရှိပါတယ်၊ ရုပ်ချည်းပဲရှိတဲ့ ဗြဟ္မာ၊ နာမ်ချည်းပဲရှိတဲ့ ဗြဟ္မာ၊ ရုပ်ရော နာမ်ရောရှိတဲ့ ဗြဟ္မာ. . . လို့ ဗြဟ္မာက သုံးမျိုးရှိပါတယ်၊ ပြန်ပြောပါဦး မယ်၊ ရုပ်ချည်းပဲရှိတဲ့ ဗြဟ္မာ၊ နာမ်ချည်းပဲရှိတဲ့ ဗြဟ္မာ၊ ရုပ်ရော နာမ်ရော ရှိတဲ့ ဗြဟ္မာဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ အဲ. . . အကြောင်းအားလျော်စွာ စုတေ တော့ လူ့ပြည်ရောက်လာ သူတို့တစ်တွေက ကာမဂုဏ်အာရုံလည်း နည်းကြတာဆိုတော့ နောက်ကြောင်း ပြန်ကြည့်တော့ ဟာ. . . ကြာလှပါ ပြီလား၊ တစ်ဘဝ၊ နှစ်ဘဝ၊ သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ဆယ်ဘဝ၊ ဘဝနှစ်ဆယ်၊ ဘဝတစ်ရာ၊ တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ နှစ်ကုဋေ၊ သုံးကုဋေ၊ လေးကုဋေ၊ ငါးကုဋေ၊ ဆယ်ကုဋေ၊ ကုဋေနှစ်ဆယ်၊ ကုဋေတစ်ရာ၊ တစ်ကမ္ဘာ၊ နှစ်ကမ္ဘာ၊ သုံးကမ္ဘာ၊ လေးကမ္ဘာ၊ ငါးကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာနှစ်ဆယ်၊ ကမ္ဘာ သုံးဆယ်၊ ကမ္ဘာလေးဆယ်ထိအောင် နောက်ကြောင်း ပြန်မြင်နိုင်ကြတာ၊ ကြည့်စမ်း သာသနာပကာလမှာ အဲသလိုပုဂ္ဂိုလ်ကြီးတွေတောင်မှ နောက်ကြောင်းပြန်ကြည့်ရင် ကမ္ဘာပေါင်းလေးဆယ် နောက်ကြောင်း ပြန်ကြည့်တော့ မြင်ရတာ၊ တကယ့်အစွမ်းသတ္တိရှိတဲ့ ပုဂ္ဂိုလ်တွေပဲ၊ သမာဓိ

အားကောင်းကောင်းနဲ့ နောက်ကြောင်းပြန်ကြည့်တော့ ကမ္ဘာပေါင်း ဘယ်လောက်တုံး (လေးဆယ်ပါ ဘုရား)၊ လေးဆယ်တောင်ပြန်မြင်ရ တော့ ကြာလှပါပြီလား ငါလာခဲ့တာ၊ ဟိုး. . . လွန်ခဲ့တဲ့ ကမ္ဘာလေးဆယ်က အတိုင်းစပြီးတော့ ဒီကနေ့တိုင်အောင်ငါကလေး တရွေ့ တရွေ့နဲ့ ဖြတ်သန်းပြီးတော့ လာခဲ့တာ၊ ဒီကနေ့တိုင်အောင် ငါကလေးဆိုတော့၊ ဟိုတုန်းက ငါကလေးဟာ ဒီထိအောင် ရောက်လာတယ်ဆိုတော့ ငါကလေးဟာ မြဲတာပေါ့၊ အမယ်. . . တစ်ဘဝ၊ တစ်ဘဝ၊ တစ်ဘဝနဲ့ လာခဲ့တဲ့ဥစ္စာ နောက်ကြောင်းပြန်ကြည့်တော့၊ ကမ္ဘာပေါင်းလေးဆယ် ထိအောင် နောက်ကြောင်းပြန်မြင်နေတယ်၊ အဲသလိုဆိုတော့ ငါလာခဲ့တာ ကြာလှပြီပဲ၊ ဟိုးတုန်းက ငါကလေး ဒီကနေ့တိုင်အောင် ရှိသေးတယ်ဆို တော့ ရှေ့ဆက်လည်း ရှိဦးမှာပဲပေါ့၊ ဒီလိုဆိုရင် ငါကလေးဟာ မြဲတာပေါ့၊ ငါကလေးမြဲသလို သူလည်း မြဲမှာပေါ့၊ တခြား တခြား ဥစ္စာတွေလည်း မြဲမှာပေါ့၊ အားလုံးပေါင်းပြောလိုက်လို့ရှိရင် လောကကြီးတစ်ခုလုံး မြဲတယ်၊ လောကကြီးတစ်ခုလုံး မြဲတယ်၊ သူက စတီထွင်တာ ဟုတ်ကဲ့လား၊ လောကကြီးတစ်ခုလုံး မြဲတယ်၊ မြဲတာကို ပါဠိလို သဿတ၊ ယူစွဲတာက ဒိဋ္ဌိ၊ သဿတနဲ့ ဒိဋ္ဌိနဲ့ပေါင်း၊ သဿတဒိဋ္ဌိ၊ ဒီလိုဖြစ်တာ၊ သဿတဒိဋ္ဌိ၊ သြော် သြော်. . . ဟုတ်မယ်၊ ဒီဆရာကြီးကလေ တို့ရပ်ကွက်ထဲ သီလ သမာဓိလည်းရှိတယ်၊ ဉာဏ်လည်းကောင်းတယ်၊ သူပြောတာ မှန်ရမယ် ဆိုပြီးတော့ သူ့ဝိုင်းပြီးတော့ ဟုတ်ရမယ်၊ ဟုတ်ရမယ်ဆိုပြီးတော့ အားလုံး ကလည်း သူ့အယူအဆကို လက်ခံကြတာပေါ့၊ လောကကြီးဟာ ဘာတုံး (မြဲပါတယ် ဘုရား)၊ မြဲတယ်၊ မြဲတယ်ဆိုတော့ ပါဠိလိုဘယ့်နှယ်တုံး (သဿတပါ ဘုရား)၊ ယူစွဲတာက (ဒိဋ္ဌိပါဘုရား)၊ သဿတဒိဋ္ဌိ- ခိုင်တယ်၊ မြဲတယ်လို့ယူစွဲတာ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ အဲသလို. . .

သူကစတော့ ပတ်ဝန်းကျင်လူတွေလည်း မြဲတယ် ဖြစ်ကုန်ကြတာပေါ့။

## ဥစ္ဆေဒဆိုတာ ပြတ်တယ်၊ အဆက်အစပ်မရှိ

**အေး. . .** နောက်တစ်ခုကျတော့ ဘာတဲ့တုံး၊ ဥစ္ဆေဒဒိဋ္ဌိ၊ သူက လည်း ဗြဟ္မာ့ပြည်က လာခဲ့တဲ့သူပါပဲ၊ သူလည်းပဲ နောက်ကြောင်းပြန် ကြည့်တယ်၊ အကြောင်းအားလျော်စွာ လူ့ပြည်ရောက်လာလို့ ကာမဂုဏ် အာရုံနည်းတဲ့သူဆိုတော့ နောက်ကြောင်းပြန်ကြည့်တယ်၊ သူက ဘယ်က လာခဲ့သလဲဆိုတော့ ရုပ်ချည်းပဲရှိတဲ့ ဗြဟ္မာဘဝက လာခဲ့တာ၊ ရုပ်ချည်း ပဲရှိတဲ့ ဗြဟ္မာဘဝကလာခဲ့တာဆိုတော့ ဟို. . . ဗြဟ္မာ့ပြည်မှာ ရုပ်ချည်းပဲ ရှိတဲ့ ဗြဟ္မာ၊ နာမ်ချည်းပဲရှိတဲ့ ဗြဟ္မာ၊ ရုပ်ရော နာမ်ရောရှိတဲ့ ဗြဟ္မာလို့ ပြောခဲ့ပြီ မဟုတ်လား (မှန်ပါ ဘုရား)၊ ရုပ်ချည်းပဲဆိုတော့ ရုပ်တရားချည်း ပဲဆိုတော့ သိပ့်မလား၊ ရွှေတုံး၊ ရွှေကိုယ်ကြီးလိုပဲတဲ့၊ ရုပ်ချည်းပဲရှိတဲ့ ဗြဟ္မာ့ပြည်မှာ လှတော့လှပါရဲ့ ဘာမှမသိဘူး၊ လှတော့လှပါရဲ့ မျက်လုံးတို့ မျက်ခုံးတို့ နှာခေါင်းတို့ ပါးစပ်တို့ အကုန်လုံး ခန္ဓာကိုယ်အပြည့်အစုံပါပဲ၊ ဒါပေမဲ့ သူက ရုပ်တုံးရုပ်ခဲကြီးပဲကိုး၊ နာမ်တရား သူ့ပါရဲ့လား (မပါပါဘူး ဘုရား)၊ မပါဘူး၊ အနားနား ဘုရားကိုယ်တော်မြတ် ကြွလာတယ်၊ သူမြင်ရ လား (မမြင်ရပါဘူး ဘုရား)၊ မြင်တယ်ဆိုတာ သူ့မှာ မျက်လုံးတော့ ပုံပန်းကြီးတွေတော့ ပါသားပဲ၊ ဒါပေမဲ့ မြင်ရလား (မမြင်ရပါဘူး ဘုရား)၊ မြင်တယ်ဆိုတာ ဘယ်သူက မြင်တာတုံး (နာမ်ကမြင်တာပါ ဘုရား)၊ ဟုတ်တယ်၊ နာမ်က မြင်တာ၊ မြင်စိတ်က မြင်တာ၊ မြင်တယ်ဆိုတာ မြင်စိတ်က မြင်တာ၊ ဟုတ်ကဲ့နော်၊ သူ့မှာ မြင်စိတ်ရှိလား (မရှိပါဘူး ဘုရား)၊ ဒီတော့ မြင်ရရဲ့လား (မမြင်ရပါဘူး ဘုရား)၊ ရှုံးလိုက်တာ၊ ဘုရား ကိုယ်တော်မြတ်ကြီး ကြွလာတာတောင် သူ ဖူးလို့မရဘူးနော်၊ အဲဒီနား

မတ်တတ်ရပ်ပြီး ဘုရားကိုယ်တော်မြတ်ကြီးက တရားတစ်ပုဒ် ဟောတယ် ဆိုပါတော့ သူကြားရလား (မကြားရပါဘူး ဘုရား)၊ နား သူ့ပါပါတယ်၊ ဒါပေမဲ့ ကြားရလား (မကြားရပါဘူး ဘုရား)၊ ဘာပြုလို့ မကြားရ၊ ကြားစိတ်မှ မရှိဘဲ၊ ဘာတဲ့တုံး (ကြားစိတ်မရှိလို့ပါ ဘုရား)၊ သြော် သြော် သြော်. . . ဒီလိုဆို ဒီမှာပေါ်လာပြီ၊ မြင်တယ်ဆိုတာ မျက်လုံးက မြင်တယ် လို့ သာမန်ပဲ ပြောနေကြတာ၊ တကယ်တော့ မျက်လုံးက မြင်တာမဟုတ် ပါဘူး၊ မျက်လုံးက ရုပ်ကြီးပဲ၊ အကြည်ပါ၊ မှန်ချပ်ကြီးပဲ၊ သူက ဘယ်သိ တတ်လိမ့်မလဲ၊ ဘယ်သူက မြင်တာတုံး (မြင်စိတ်က မြင်တာပါ ဘုရား)၊ သြော်. . . ကြားတယ်ဆိုတာက နားကကြားတယ်လို့သာ ပြောတာ၊ ဟော. . . အခု နားကြီးရှိရဲ့သားနဲ့ သူ ကြားလား (မကြားပါဘူး ဘုရား)၊ ဘာပြုလို့တဲ့တုံး (ကြားစိတ်မပါလို့ပါ ဘုရား)၊ သြော်. . . ကြားစိတ်မပါလို့ ဟုတ်တယ်၊ ဒီမှာပေါ်လာတာပေါ့၊ နာမ်တရားတွေက မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်ဆိုတဲ့ ဥစ္စာတွေလေ၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ အဲသလိုနဲ့ အို. . . ရုပ်ချည်းပဲရှိတဲ့ ဗြဟ္မာ့ပြည်မှာ ကမ္ဘာနဲ့ချီပြီး အကြာကြီး နေလာရတဲ့ ပုဂ္ဂိုလ်၊ အခုစုတေတော့ လူ့ပြည်ရောက်လာ၊ သူလည်းတရား အားထုတ်ပြီးတော့ နောက်ကြောင်း ပြန်ကြည့်တယ်၊ ဘာမှမမြင်ဘူး၊ ဘာမှဆို ဘာမှမမြင်ဘူး၊ ဒီတစ်ဘဝပဲ မြင်တယ်၊ သူကလေ၊ ဘာပြုလို့တုံး ဆိုတော့ ကမ္ဘာနဲ့ချီပြီးတော့ ဘာမှမသိတဲ့ဘဝ နေလာရတာ မဟုတ်လား၊ ရုပ်ချည်းပဲရှိတဲ့ အသညသတ်ဗြဟ္မာဆိုတော့ ဘာမှမသိဘဲနဲ့ ကမ္ဘာပေါင်း များစွာနဲ့ အဲသလိုနေလာရတယ်ဆိုတော့ အဲဒီခဏ်တွေနဲ့ တစ်ခါတည်း အခု ပြန်ကြည့်တော့ မြင်ရလား (မမြင်ရပါဘူး ဘုရား)၊ ဒီတစ်ဘဝပဲ မြင်ရတယ်၊ ဘယ်လိုလဲ (ဒီတစ်ဘဝပဲ မြင်ရပါတယ် ဘုရား)၊ သူများတွေ လည်း ဒီလိုနေမှာပေါ့၊ ငါလည်း ဒီတစ်ဘဝပဲ မြင်ရတာ၊ လောကကြီးက

ဟိုဘက်နဲ့ ဒီဘက်နဲ့ ဆက်စပ်တယ်ဆိုတာ မဟုတ်ပါဘူး၊ ဒီလိုဖြစ်တော့ တာပေ့ါ၊ ဘုန်းကြီးတို့ ဒီမှာတော့ဖြင့် သင်္ခါရပစ္စယာ ဝိညာဏံ ပြောထားတယ်မဟုတ်လား၊ သင်္ခါရဆိုတဲ့ ရှေးအတိတ် အစွမ်းသတ္တိကြောင့် ဒီဘက်ပဋိသန္ဓေကာလမှာ ဝိညာဏံ ဒီလိုအစွမ်းသတ္တိလေးတွေနဲ့ ဆက်သွယ်တယ်ဆိုတာ ပြောတယ်မဟုတ်လား၊ သူကတော့ အဲသလိုလည်း မယုံပါဘူး၊ ဒီဘက်ဘဝမှာပဲ ပေါ်လာတယ်၊ ငါ ဒီဘက်ဘဝမှာ ပေါ်လာသလို သူများတွေလဲ ဒီလိုရှိမှာပဲ၊ အတိတ်ကဥစ္စာနဲ့ ဘာမှအဆက်အစပ် မရှိဘူး၊ ငါ ဒီလောက်ဉာဏ်ကောင်းတဲ့သူ ရှိရင် မြင်ရမှာပေ့ါ၊ သူကလေ၊ ဒါ့ကြောင့် လောကကြီးဟာ ဟိုဘက်နဲ့ ဒီဘက်နဲ့ ဆက်စပ်တယ်ဆိုတာ မဟုတ်နိုင်ဘူး၊ ပြတ်တယ်၊ လောကကြီးဟာ ဘယ့်နှယ်တုံး (ပြတ်ပါတယ် ဘုရား)၊ ပြတ်တယ်ကို ပါဠိလို ဥစ္ဆေဒ၊ ပါဠိလို (ဥစ္ဆေဒပါ ဘုရား)၊ ယူစွဲတာက ဒိဋ္ဌိ၊ ဥစ္ဆေဒနဲ့ ဒိဋ္ဌိနဲ့ပေါင်း (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ အဲ. . . ဥစ္ဆေဒဒိဋ္ဌိ၊ သူက စဖြစ်တော့တာပေ့ါ၊ လောကကြီးဟာ ဘယ့်နှယ်တုံး၊ ပြတ်တယ်၊ ဟိုဘက်နဲ့ ဒီဘက်နဲ့ အဆက်အစပ်ရှိတာ မဟုတ်နိုင်ဘူး၊ ပြောကြတာ၊ လူကြီးတွေကလည်း ပြောတယ်၊ ဘုန်းကြီးတွေကလည်း ဟောတယ်၊ ကောင်းကောင်းနေကြ၊ ဒါနလုပ်ကြ၊ သီလဆောက်တည်ကြလို့ ပြောတယ်၊ ဟိုဘက်ဘဝ ကောင်းအောင်လို့တဲ့၊ မဟုတ်ပါဘူး၊ ဟိုဘက်နဲ့ ဒီဘက်နဲ့ ဘာကျေးဇူးရှိတာမှတ်လို့၊ ဒီဘဝတစ်ခုပဲ ပေါ်လာတယ်၊ ဒီဘဝကသေ ပြတ်၊ ဟိုဘက်လည်း အသစ် သပ်သပ်တည်ထောင်၊ ဟိုဘက်ဘဝလည်း တစ်ဘဝလုံးသေပြတ်၊ အဲ. . . တစ်ဘဝနဲ့ တစ်ဘဝ၊ တစ်ဘဝစာ တစ်ဘဝစာရှိတာ၊ ဟိုဘက်နဲ့ ဒီဘက်နဲ့ ကျေးဇူးပြုတယ်ဆိုတာ မဟုတ်နိုင်ဘူးလို့ ဒီလိုယူဆတာပေ့ါ၊ အဲဒီတော့ ကြားထဲက ပြတ်မနေဘူးလား (ပြတ်နေပါတယ် ဘုရား)၊ ပြတ်နေတာကို ပါဠိလို ဥစ္ဆေဒ၊ ယူစွဲတာက ဒိဋ္ဌိ၊ ဥစ္ဆေဒနဲ့ ဒိဋ္ဌိနဲ့

ပေါင်း (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ အဲ. . . ဥစ္ဆေဒဒိဋ္ဌိသမားတွေ၊ သူလည်း ဗြဟ္မာ့ပြည်က လာခဲ့တဲ့သူ မဟုတ်လား (မှန်ပါ ဘုရား)၊ အဲဒီလူက စပြော တော့ ပတ်ဝန်းကျင်က လူတွေကလည်း ဟုတ်မယ်၊ ဒီဆရာကြီးက တို့ရပ်ကွက်ထဲ သီလသမာဓိလည်း ရှိတယ်၊ ဟော. . . ဉာဏ်လည်း ကောင်းတဲ့ပုဂ္ဂိုလ်ကြီး သူပြောတာ မှန်ရမယ်၊ လောကကြီးဟာ ပြတ်တယ်၊ ပြတ်တယ်နဲ့ လုပ်လာတာ၊ ပြတ်တယ်ကို ပါဠိလို ဥစ္ဆေဒ၊ ယူစွဲတာက ဒိဋ္ဌိ၊ ဥစ္ဆေဒနဲ့ ဒိဋ္ဌိနဲ့ပေါင်း (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ အဲ. . . အဲသလိုတွေ ဖြစ်ကုန်တာတဲ့၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဒီလိုနော်. . .။

## ဧကစ္စသဿတဆိုတာ တချို့မြဲ၊ တချို့ မမြဲ

နောက်တစ်ခုက ဘာပါလိမ့် (ဧကစ္စသဿတဒိဋ္ဌိပါ ဘုရား)၊ ဧကစ္စသဿတဒိဋ္ဌိ၊ ဘာတဲ့ (ဧကစ္စသဿတဒိဋ္ဌိပါ ဘုရား)၊ ဧကစ္စက တချို့၊ သဿတက မြဲ၊ တချို့မြဲ၊ ရှေ့ဆက်လိုက်ပါဦး တချို့ မမြဲဘူး၊ ဘာတဲ့တုံး (တချို့မမြဲပါဘူး ဘုရား)၊ ဩော်. . . ဒီဒိဋ္ဌိက တစ်မျိုးပဲ၊ တချို့မြဲတယ် တချို့မမြဲဘူး၊ နံပါတ်တစ်က မြဲတယ်၊ နံပါတ်နှစ်က မမြဲဘူး၊ နံပါတ်သုံးက တချို့မြဲတယ် တချို့မမြဲဘူး၊ အမယ်လေး. . . ဆန်းဆန်း ကျယ်ကျယ်၊ သူကလည်း ဗြဟ္မာ့ပြည်က လာခဲ့တဲ့သူတွေ၊ သူ စတာပဲ၊ ဗြဟ္မာ့ပြည်က လာခဲ့တဲ့သူတွေစတာပဲ၊ အင်း. . . ဗြဟ္မာ့ပြည်ကလာပြီး တော့ နတ်ပြည်တို့လို နားသေးတယ်၊ နတ်ပြည်တို့လို နားပြီးတော့ နတ်ပြည်မှာကျတော့ ဘာမှလုပ်စရာ၊ ကိုင်စရာမရှိဘူးဆိုတော့ သီချင်းဆို ဝါသနာပါတဲ့သူက သီချင်းဆို၊ အတီးဝါသနာပါတဲ့သူက တီး၊ အက ဝါသနာပါတဲ့သူကက၊ ဒီလိုလုပ်နေကြတာ တဲ့၊ ဆိုတဲ့သူက ဆို၊ တီးတဲ့ သူက တီး၊ ကတဲ့သူက က၊ နတ်တွေ အလုပ်မှ ဘာမှလုပ်စရာ မရှိဘဲနဲ့

ဆိုတော့ ဒါပဲလုပ်နေရုံပဲ မဟုတ်လား၊ အဲသလိုနဲ့ ပျော်လိုက်ကြတာ၊ သူတို့ပျော်တာက ကိစ္စမရှိဘူး၊ ညနေရောက်တဲ့အခါကျတော့ ဟဲ့. . . တို့ တစ်နေ့လုံး တီးဆိုကနေလိုက်တဲ့ဥစ္စာ အခုညနေတောင် ရောက်လာပေါ့၊ တို့မနက်တုန်းက မစားလိုက်ရဘူးနော်၊ မနက်စာကို မစားမိဘူးနော်၊ အဲသလောက်တောင် လွတ်သွားတာ၊ အေး. . . မစားမိတာက ကိစ္စ မရှိဘူး၊ မစားတော့ ဝမ်းမီးလောင်တာပေါ့၊ မစားတော့ ဘယ့်နှယ်တုံး (ဝမ်းမီးလောင်ပါတယ် ဘုရား)၊ ဝမ်းမီးက လောင်တာပေါ့။

နတ်ပြည်မှာ နတ်သမီး၊ နတ်သားတွေ ပျော်လိုက်ပါးလိုက်တာ တစ်နေ့လုံး ဆိုတီးကနေလိုက်တာ မနက်စာတောင် မစားမိဘူး၊ ညနေကျ မှ သတိရတယ်၊ ဟယ်. . . ဒီတော့ မနက်တုန်းက မစားလိုက်ရဘူးဟယ်၊ အေး. . . မစားရတာက ကိစ္စမရှိဘူး၊ ဝမ်းမီးလောင်တော့တာပေါ့၊ ခန္ဓာ ကိုယ် လောင်တယ်ဆိုတော့ သေတယ်၊ သူတို့ရုပ်ကလေးတွေက နုနုလေး တွေ မဟုတ်လား (မှန်ပါ ဘုရား)၊ ဝမ်းမီးလောင်တော့ ဘယ့်နှယ်တုံး (သေပါတယ် ဘုရား)၊ ဟုတ်တယ်၊ ဘုန်းကြီးတို့ လူ့ပြည်မှာသာ အလုပ် အကိုင်တွေက ဟာ. . . လက်မလည်နိုင်အောင်ဖြစ်နေတယ်၊ ကြည့်စမ်း အလုပ်တွေကလည်း ကျလိုက်တာ၊ တို့မိတ်ဆွေ သူငယ်ချင်းတွေက ပေါတယ်ဆိုတော့ တို့လာအပ်ကြတာ၊ လက်မလည်နိုင်အောင်ပေါ့လေ၊ ရောင်းတဲ့ဝယ်တဲ့ သူတွေကလည်း ချိန်ဟယ်၊ တွယ်ဟယ်၊ ကြည့်စမ်း ဟိုဘက်ကဆိုင် ဈေးဦးတောင် မပေါက်သေးဘူး၊ တို့ဆိုင်ကျတော့လည်း တသီတတန်းကြီး ဝိုင်းဝယ်နေလိုက်ကြတာဟယ်၊ ချိန်တဲ့သူက ချိန်၊ ထုပ် တဲ့သူက ထုပ်ပေး၊ လက်မလည်နိုင်အောင်ဖြစ်နေတော့ ဝမ်းကိုသာလို့ နေ့လည်စာကို အချိန်ရောက်ရဲ့သားနဲ့ မစားဖြစ်ဘူး၊ ကိစ္စမရှိပါဘူးနဲ့ဆို ပြီးတော့ အဲသလိုနဲ့ တဖြည်းဖြည်း ညနေစောင်းတော့မှ ဒီတော့မှ

လူလည်းပါးသွားတော့၊ ဟဲ့. . . ညနေတောင် စောင်းပေါ့၊ ညနေစာ တောင် နီးလာပေါ့၊ ကဲ. . . မထူးဘူး၊ မနက်စာနဲ့ညနေစာ ပေါင်းစား လိုက်ကြစို့ လုပ်တာမဟုတ်လား၊ အင်း. . . လူတွေကတော့ ရတာပေါ့၊ ဘုန်းကြီးတို့ လူ့ပြည် လူသားတွေကတော့ ရုပ်တွေက ရင့်တာကိုး၊ သူတို့ နတ်ကျတော့ နုနုလေးတွေဆိုတော့ သေတယ်၊ လောင်ကျွမ်းသွားတာ၊ ညှိုးသွားပြီဆိုရင် ပြန်လန်းအောင် လုပ်လို့မရဘူး၊ ကြာပွင့်ကလေးတစ်ပွင့် စိမ်းစိမ်းစိုစို ရေကန်ထဲက မနက်စောစောခူးလာတယ်၊ နေပူပူ ကျောက်ပြားပေါ် တင်ထား၊ ညနေကျတော့ ဘယ့်နှယ်တုံး၊ ညှိုးသွား၊ ခြောက်. . . မနက်တုန်းကလို လန်းအောင်ဆိုပြီးတော့ ရေထဲပြန်နှစ်လို့ ရသေးလား (မရပါဘူး ဘုရား)၊ မရတော့ဘူး၊ နုတဲ့ဥစ္စာလေးတွေ မဟုတ် လား၊ အဲသလို. . . အဲသလိုတဲ့၊ ပြီးတော့ တချို့နတ်တွေက စိတ်ဆိုးသေး တယ်၊ စိတ်ဆိုးတဲ့နတ်တွေ ရှိတယ်။

အင်း. . . နတ်သားတစ်ယောက်က ဥယျာဉ်ပျော်ပွဲစားထွက်တာ တဲ့၊ မော့တော့ မော့တော့နဲ့ နောက်က အခြွေအရံ လေးငါးယောက်ပါလာ တယ်၊ အဲဒါ ဘေးကနတ်သားက စတယ်၊ ဟယ်. . . ဥယျာဉ်ပျော်ပွဲစား ထွက်လာလိုက်တာ ပရိသတ်တွေက နည်းပါဘူးလားဟဲ့၊ လေးငါးခြောက် ယောက်တောင်ပဲဆိုတော့ စိတ်တွေများဆိုးလို့ ဒါဘာလဲ ခင်ဗျားနဲ့ဆိုင်လို့ လား၊ ကျွန်တော့ကုသိုလ်နဲ့ ကျွန်တော်ဖြစ်တာ ဆိုပြီးတော့ အမယ်. . . လက်သီးနဲ့ထိုးမလို့တဲ့၊ အမယ်. . . အင်္ကျီလက်မောင်းတွေ ဘာတွေများ ပင့်ကုန်ပြီကိုး၊ ဟာ. . . မလုပ်ကြပါနဲ့၊ ဟိုကလည်း ပြန်ထိုးမယ်လုပ်တော့ မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့၊ ဆွဲထားရတာ၊ အင်း. . . ဆွဲထားပေမယ့်လို့ ဒေါသကတော့ ဖြစ်တယ်မဟုတ်လား၊ အေး. . . ဒေါသဆိုတာ မီးလိုပူ တာ မဟုတ်လား၊ လောင်တယ်၊ သူတို့ရုပ်ကလေးတွေ ဒေါသမီးလောင်

တော့ သေတော့တာပေ့ါ၊ ဟုတ်တယ်၊ ဒေါသဟာ ဘုန်းကြီးတို့ လူ့ပြည် လူတွေတောင်မှ အသားဖြူဖြူလူ ဟော. . . စိတ်ဆိုးရင် မျက်နှာကြီးရဲလာ တာ မဟုတ်လား၊ သူတို့ကျတော့ ဒီထက်နေတာပဲ၊ ကျွမ်းကိုသွားတာ၊ ကျွမ်းသွားတာ။

အေး. . . အဲသလို ပုဂ္ဂိုလ်တွေ၊ သူတို့တစ်တွေက အကြောင်း အားလျော်စွာ လူ့ပြည်လာရောက်၊ လူ့ပြည်လာရောက်တယ်၊ လာရောက် တော့ တို့ဘယ်က လာတာပါလိမ့်မလဲ၊ ပြန်ပြီးဆင်ခြင်တော့၊ အမယ်. . . တို့တစ်တွေက နတ်ပြည်ကလာခဲ့တာ၊ နို့. . . တို့တော့ ဘယ့်နှယ်ကြောင့် လူ့ပြည်လာရောက်၊ ဟိုမှာ တို့မိတ်ဆွေတွေ တချို့ရှိပါသေးလား။

ဩော်. . . သူတို့တစ်တွေက သိပ်မှမပျော်ဘဲနဲ့၊ အဲဒါကြောင့် ဟိုမှာ သူတို့တစ်တွေက မြဲကျန်ရစ်တာ၊ တို့တစ်တွေကတော့ သိပ်ပျော် တာကိုး၊ အပျော်များလွန်းလို့ တို့ကမမြဲဘူး၊ သေပွဲဝင်ပြီးတော့ လူ့ပြည်လာ ရောက်တာ၊ သူတို့တစ်တွေကတော့ သိပ်မပျော်တဲ့အတွက် နတ်ပြည်မှာ မြဲကျန်ရစ်တယ်၊ ဟော. . . နောက်တစ်ခုကျတော့ တို့က ဘာဖြစ်လို့ ရောက်တာလဲ၊ ဩော်. . . တို့က စိတ်ဆိုးတာကိုး၊ စိတ်ဆိုးလို့ မမြဲဘဲသေပွဲ ဝင်ပြီးတော့ လူ့ပြည်ရောက်လာ၊ သိပ်ပြီးတော့ မဆိုးတဲ့သူတွေကျတော့ ဟိုနတ်ပြည်မှာ မြဲကျန်ရစ်တာပေ့ါ၊ ဒီတော့ တချို့မြဲတယ်၊ တချို့မမြဲဘူး၊ သူတို့က စပြောလာတာ၊ တချို့မြဲတယ်၊ တချို့မမြဲဘူးဆိုတော့ ပါဠိလို ဘယ့်နှယ်တုံး (ဧကစ္စသဿတဒိဋ္ဌိပါ ဘုရား)၊ ဟုတ်ကဲ့လား၊ တချို့မြဲတယ်၊ တချို့မမြဲဘူး၊ အဲဒီတင် ပတ်ဝန်းကျင်ကလည်း ဟုတ်ရမယ်၊ တချို့မြဲတယ်၊ တချို့မမြဲဘူး၊ ဒီလိုတွေ ဖြစ်လာတာ၊ ကြည့်စမ်း အယူအဆဝါဒတွေနော်။

# အမရာငါး ခုန်ပျံနေတာနဲ့တူတဲ့ ဝါဒ

နောက်တစ်ခုက ဘာတဲ့တုံး၊ အမရာဝိက္ခေပဒိဋ္ဌိ၊ ဘယ်လို (အမရာ ဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ ဒါက အမရာငါးနဲ့ တူလို့တဲ့၊ အမရာငါး ဆိုတာ ပင်လယ်ထဲမှာရှိတယ်၊ အကျိအချွဲတွေပေါတယ်၊ ဒီဘက်ကဖမ်း ဟိုဘက်ချော်ထွက်၊ ဟိုဘက်က ဖမ်း ဒီဘက်ချော်ထွက်၊ အကျိအချွဲတွေ ပေါတော့ ဖမ်းလို့ခက်တာပေါ့၊ ဘာငါးတုံး (အမရာငါးပါ ဘုရား)၊ ဝိက္ခေပ- ခုန်ပျံနေပြီဆိုရင် လူးလွန့်နေပြီဆိုရင် ဒီငါးဖမ်းရ တယ်ခက်တာပေါ့၊ အဲသလိုပဲ၊ ဒီဝါဒကလည်း အမရာငါးနဲ့တူတာပဲ၊ ဖမ်းရ တယ်ခက်တာပဲ၊ ဒီဝါဒလေ၊ ဒါကြောင့် အမရာငါး ခုန်ပျံနေတာနဲ့တူတဲ့ ဝါဒမို့လို့ အမရာ ဝိက္ခေပဒိဋ္ဌိ။

ဘာတဲ့တုံး (အမရာဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ ဘယ်လိုသဘောလဲလို့ ဆိုတော့ ဒီလိုတဲ့၊ နမူနာက၊ ဒီဥစ္စာဟာ ကုသိုလ်တရားလားဗျလို့မေးရင် ကုသိုလ်ဟုတ်ပါတယ်လို့ ပြောလိုက်လို့ရှိရင် ဟေး. . . မှားပေါ့ဟေး၊ အကုသိုလ်ကြီးများ သူက ကုသိုလ်တဲ့ဟေ့၊ ဝိုင်းညာရယ်မှာ မဟုတ်လား၊ ဒီတော့ သူက လှီးလွှဲပြောလိုက်တယ်၊ ဒါ ကျွန်တော့ဝါဒ မဟုတ်ဘူး၊ ဒါဖြင့် ခင်ဗျား အကုသိုလ်လားဗျာလို့ ဆိုပြန်တော့လည်းပဲ ကုသိုလ်လို့ ပြောလိုက်ရင် မှားသွားမယ်၊ အကုသိုလ်လို့ ပြောရင် မှားသွားမယ်မိုလို့၊ ဒါလည်း ကျွန်တော့ဝါဒ မဟုတ်ဘူးလို့ပဲ ခါထုတ်လိုက်တယ်၊ ဒီလိုဆိုရင် ကုသိုလ်ရော၊ အကုသိုလ်ရော ခင်ဗျားကို မေးမရဘူး၊ ကုသိုလ် အကုသိုလ်မှ တစ်ပါး တခြားဝါဒလားဗျာလို့ မေးလိုက်ပြန်တယ်၊ ဒါလဲ ကျွန်တော့ဝါဒ မဟုတ်ဘူးလို့ပဲ သူက ခါလိုက်တယ်၊ ခင်ဗျားမေးရတာက မဟုတ်ဘူး မဟုတ်ဘူးချည်း ဖြေနေတယ်၊ ဒီတော့ ခင်ဗျားဝါဒက မဟုတ်ဘူး မဟုတ်ဘူးဝါဒလားလို့ ဒီလိုမေးလိုက်တာ၊ ပြန်ဖြေတယ်၊ မဟုတ်ဘူး

မဟုတ်ဘူး ဝါဒလည်း မဟုတ်ဘူးတဲ့ဆိုတော့ သူ့ဥစ္စာက ဘယ်ဟာများ လက်ခံသေးတုံး၊ လက်မခံဘူး၊ အကုန်လုံးခါချတယ်ဆိုတော့ အကုန်လုံး ချော်ချော်ထွက်နေတာ မဟုတ်လား၊ အမရာငါး ဖမ်းရသလိုပါပဲ။

ဒါကြောင့် ဒီဒိဋ္ဌိက ဘာဒိဋ္ဌိ (အမရာဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ ဒိဋ္ဌိ ဘယ်နှမျိုး (လေးမျိုးပါ ဘုရား)၊ လေးမျိုး၊ ၆၂- ပါးရှိပေမယ့်လို့ ဒီလေးမျိုး က အပြောများတတ်ကြပါတယ်၊ နံပါတ်တစ်က သဿတဒိဋ္ဌိ၊ နံပါတ် နှစ်က ဥစ္ဆေဒဒိဋ္ဌိ၊ နံပါတ်သုံးက ဧကစ္စသဿတဒိဋ္ဌိ၊ နံပါတ်လေးက အမရာဝိက္ခေပ ဒိဋ္ဌိ၊ ဟုတ်တယ်နော်၊ လူတွေသေပြီးရင် ရှေ့ဆက်ဖြစ်သေး တယ်လို့ အသက်ကလေးတွေ အသက်ကလေးတွေ ရှေ့ဆက် ရှေ့ဆက် ရှေ့ဆက် ဖြစ်သေးတယ်လို့ဆိုတော့ ဒါဘာဒိဋ္ဌိသံနဲ့ပြောတာတုံး (သဿတဒိဋ္ဌိသံနဲ့ ပြောတာပါ ဘုရား)၊ ဟာ. . . လူတွေသေပြီးရင် ရှေ့ဆက်မဖြစ်တော့ဘူး၊ ပြတ်သွားတာပဲလို့ ပြောလို့ရှိရင် ဘာဒိဋ္ဌိနဲ့ပြော (ဥစ္ဆေဒဒိဋ္ဌိနဲ့ ပြောတာပါ ဘုရား)။

လူတွေသေပြီးရင် တချို့တော့လည်း ရှေ့ဆက်ဖြစ်ပါတယ်၊ တချို့ တော့လည်း ရှေ့ဆက်မဖြစ်တော့ပါဘူးဆိုရင် ဘာဒိဋ္ဌိ (ဧကစ္စသဿတ ဒိဋ္ဌိပါ ဘုရား)၊ ဧကစ္စသဿတဒိဋ္ဌိ၊ ဟုတ်တယ် မဟုတ်လား၊ နံပါတ်လေး ကျတော့ လူတွေသေပြီးရင် ရှေ့ဆက်ဖြစ်သည်လည်းမဟုတ် မဖြစ်သည် လည်း မဟုတ်၊ ဒီလိုဆိုလို့ရှိရင် ဘာဒိဋ္ဌိ (အမရာဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ အမရာဝိက္ခေပဒိဋ္ဌိ၊ ဟုတ်ကဲ့နော်၊ အဲဒီဥစ္စာက ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဆိုတော့ သူ့ဥစ္စာက ဝေ့လည်လည်ကြီး မဟုတ် လား (မှန်လှပါ ဘုရား)။

အေး. . . အဲဒီအပြောလေးတွေ ပြောတတ်ပါတယ်၊ အဘွား နေကောင်းလား၊ ကောင်းတယ်လည်း မဟုတ်၊ မကောင်းဘူးလည်း

မဟုတ်၊ ပြန်ဖြေတာ မဟုတ်လား၊ ဘာဒိဋ္ဌိနဲ့တူတုံး (အမရာဝိက္ခေပဒိဋ္ဌိနဲ့ တူပါတယ် ဘုရား)၊ ဒီအသွားကလေးတွေ ရှိတယ်နော်၊ အေး. . . ခုတိုင်း ဆိုလို့ရှိရင် ဒိဋ္ဌိဘယ်နှမျိုး (လေးမျိုးပါ ဘုရား)၊ လေးမျိုး။

## သဿတနဲ့ ဥစ္ဆေဒနှစ်မျိုးသာ

သို့သော်လည်းပဲ ထပ်ပြီးတော့ ချုံ့မယ်ဆိုရင် နှစ်မျိုးလောက်ပဲ ပိုပြီးတော့ အပြောများပါတယ်၊ လေးမျိုးဆိုပေမယ့်လို့ အပြောအများဆုံး က ဘယ်နှမျိုး၊ နှစ်မျိုး၊ ဘယ်သူနဲ့ ဘယ်သူတုံးဆိုတော့ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ၊ ဘာတဲ့ (သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ ဟုတ်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီးက ဟောတယ်၊ "ကစ္စာန" အနွယ်ရှိတဲ့ ရဟန်းကို ဟောတယ်. . .

**ဒွယ နိဿိတော ခေါ ကစ္စာန လောကော**

**ယေဘု ယျေန အတ္ထိတဉ္စ နတ္ထိတဉ္စ၊**

**ကစ္စာန**- လောကကြီးမှာလေ၊ ဟော. . . သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒ ဒိဋ္ဌိ၊ ဘာတဲ့တုံး၊ သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိ၊ အများအားဖြင့် ရှိတတ်ကြ ပါတယ်ကွယ်၊ ဘယ်လိုလုပ်ပြီးတော့ သူတို့ ခွဲခြားသိရမလဲလို့ဆိုတော့ အမယ်. . . **ဘဝနိရောဓာယ**- ဘဝချုပ်ငြိမ်း၊ ရုပ်သိမ်းဖို့ရာ၊ **ဓမ္မေဒေသိ ယ မာနေ**- တရားဟောလိုက်လို့ရှိရင်၊ **ဧကေ**- တချို့သော သဿတ သမားတို့က၊ **ဩလိယန္တိ**- တွန့်သွားကြတယ်၊ သဿတသမားက တွန့် သွားတယ်။

ဟို. . . နိဗ္ဗာန်ဆိုတာ ဘဝတွေချုပ်ငြိမ်း ရုပ်သိမ်းကုန်တာ၊ ရုပ် တွေ နာမ်တွေ မရှိတော့ဘူး ချုပ်ငြိမ်းကုန်တာလို့ ဒီလိုများဟောလိုက်လို့ ရှိရင် သဿတသမားက တွန့်သွားတယ်၊ ဧကေ- အချို့သော ဥစ္ဆေဒ

သမားတို့က **အတိစာဝန္တိ-** လွန်ထွက်သွားတယ်၊ အတိစာဝန္တိ- လွန်ထွက်သွားတယ်၊ သဿတသမားက တွန့်သွားတယ်၊ ဥစ္ဆေဒသမားက လွန်ထွက်သွားတယ်၊ အဲဒီမှာ ခွဲခြားလို့ရတယ်ကွယ့်။

## သဿတသမားကတွန့်သွားတယ်

တရားနာပရိသတ်ကြီးထဲမှာလေ ဘုရားကိုယ်တော်မြတ်ကြီးက ဖြစ်စေ၊ ဘုရားတပည့်သားမြေးတွေက ဖြစ်စေ ဟောမယ်၊ နိဗ္ဗာန်ဆိုတာ ရုပ်တွေလည်း မရှိတော့ဘူး၊ နာမ်တွေလည်း မရှိတော့ဘူး၊ အကုန်လုံး ချုပ်ငြိမ်း၊ ရုပ်သိမ်းကုန်တာလို့ ဒီလိုမျိုး ဟောလိုက်လို့ရှိရင် သဿတသမားတွေက ဒီလိုဆိုရင် ဟင်. . . ဒီလိုနိဗ္ဗာန်ကြီးမျိုးဖြင့် မလိုချင်ပါဘူး၊ ရုပ်တွေလည်း မရှိတော့ဘူးတဲ့၊ နာမ်တွေလည်း မရှိတော့ဘူးတဲ့။

အဲသလိုဆိုရင် အမေတို့၊ အဖေတို့နဲ့ တခြားစီဖြစ်ကုန်ပြီ၊ ညီအစ်ကိုမောင်နှမတွေနဲ့လည်း ကွဲသွားပြီ၊ သူငယ်ချင်းတွေနဲ့လည်း မတွေ့ရတော့ဘူး၊ အဲသလိုနိဗ္ဗာန်ကြီးဖြင့် မလိုချင်ပါဘူး ဖြစ်သွားတာ၊ အဲဒါတွန့်တာပေါ့။ နိဗ္ဗာန်ဆိုတာ ဘာမှမရှိဘူးတဲ့၊ ရုပ်တွေ နာမ်တွေ မရှိတော့ဘူးတဲ့ဆိုတော့ သူက ဒါမျိုးမလိုချင်ဘူး၊ သူက အကုန်လုံး တစ်အုံကြီး တစ်ပြုံကြီးနဲ့ စုစုရုံးရုံးနဲ့ ပျော်ပျော်ပါးပါးကြီး နေချင်တာကိုး၊ အဲဒီတော့ ဒီလိုနိဗ္ဗာန် ကြီးမျိုးဖြင့် မလိုချင်ပါဘူးလို့ဆိုတဲ့ ဥစ္စာဟာ တွန့်တာပေါ့၊ ဘယ်လိုပုဂ္ဂိုလ်များက တွန့်တုံး (သဿတသမားက တွန့်ပါတယ် ဘုရား)။

သဿတသမားကတော့ သူက စေးတွဲပြီးတော့ ခိုင်မြဲနေချင်တာ မဟုတ်လား၊ အဲ. . . အဲဒီမှာ တရားဟောလိုက်တဲ့အခါမှာ ပေါ်ပြီးတော့ လာတယ်၊ သဿတသမားက တွန့်သွားတယ်။

## ဥစ္ဆေဒဒိဋ္ဌိသမားက လွန်ထွက်သွားတယ်

ဥစ္ဆေဒသမားကျတော့ လွန်ထွက်သွားတယ်၊ ဥစ္ဆေဒသမားက လွန်ထွက်သွားတယ်၊ ဘယ်လိုလွန်သလဲလို့ဆိုတော့ အေး. . . ဘာမှမရှိတာ ကောင်းတယ်၊ ရုပ်ရော နာမ်ရော ဘာမှမရှိတာ ကောင်းတယ်၊ ဒီရုပ်တွေ နာမ်တွေရှိလို့ ခက်နေတာပေါ့၊ သူတို့အတွက် စားဖို့ရှာရ၊ ဝတ်ဖို့ရှာရ၊ နေဖို့ရှာရ၊ အို. . . လူမှုရေးတွေကလည်း ပေါလိုက်တာ၊ ဒီအထဲက မကျေနပ်တယ်ဆိုလို့ရှိရင် ဓားခုတ်၊ လှံထိုး အမျိုးမျိုးရန်ဖြစ်ရဆိုတာ ဒီရုပ်တွေ နာမ်တွေရှိလို့ပေါ့။

အဲတော့ ဒါတွေ ဘာမှမရှိတာ ကောင်းတယ်၊ ဘာမှဆိုဘာမှ မရှိတာ ကောင်းတယ် ဆိုပြန်တော့လည်း လွန်မသွားဘူးလား၊ ဟာ. . . သဿတသမားကျတော့လည်း အမြဲတမ်းကြည့်နေချင်တာ မဟုတ်လား၊ ဥစ္ဆေဒသမားကျတော့လည်း ဘာမှမရှိတာ ကောင်းတယ်ဆိုတော့ လွန်လွန်းသွားပြန်ပြီ၊ သူ့ကျပြန်တော့လည်း၊ နိဗ္ဗာန်ဆိုတဲ့ဥစ္စာ ဘာမှမရှိတာလား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ ရှိပါတယ်၊ ဘယ်လို သဘောရှိတုံး၊ အေးငြိမ်းတဲ့သဘောရှိ ဘယ်လိုတဲ့ (အေးငြိမ်းတဲ့ သဘော ရှိပါတယ် ဘုရား)၊ အေးငြိမ်းတဲ့သဘောတော့လည်း ရှိပါသေးတယ်၊ အဲဒါတောင် သူလက်မခံဘူး၊ ဘာမှဆိုဘာမှမရှိတာ ကောင်းတယ် ဆိုပြန်တော့လည်း လွန်မသွားဘူးလား၊ အဲဒါက ဥစ္ဆေဒသမား၊ ဥစ္ဆေဒသမားကျတော့လည်း ဘယ့်နှယ်တုံး၊ လွန်ထွက်သွားတယ်၊ သဿတသမားကျတော့လည်း တွန့်သွားတယ်၊ သဿတသမား။

## နိဗ္ဗာန်တားတယ်ဆိုတာ

အဲဒီနည်းအားဖြင့် နိဗ္ဗာန်တားတယ်ဆိုတာ ဒီလိုပါ၊ နိဗ္ဗာန်တား

တယ်ဆိုတာ လက်ကြီးနဲ့ ဆီးတားတာမဟုတ်ဘူး၊ နိဗ္ဗာန်ရောက်တဲ့လမ်း မသွားကြတာ မဟုတ်လား (မှန်ပါ ဘုရား)၊ သဿတလမ်းကကော နိဗ္ဗာန် ရောက်ပါ့မလား (မရောက်ပါဘူး ဘုရား)၊ ဥစ္ဆေဒလမ်းကကော နိဗ္ဗာန် ရောက်ပါ့မလား (မရောက်ပါဘူး ဘုရား)၊ အဲသလိုပြောတာ၊ နိဗ္ဗာန်တား တယ်၊ ဒိဋ္ဌိတွေက နိဗ္ဗာန်ကိုတားတယ်ဆိုတာ ဒီသဘော။

အေး. . . ကိုယ့်ကိုယ်ကို ဘုန်းကြီးတို့ စစ်ကြရမယ်၊ တို့တစ်တွေ ဟာ သဿတဒိဋ္ဌိထဲပါသလား၊ ဥစ္ဆေဒဒိဋ္ဌိထဲပါသလား၊ ဒီနှစ်ခု ကြည့်ရ မယ်နော်၊ သဿတဒိဋ္ဌိရှိနေရင်လည်းပဲ နိဗ္ဗာန်မရနိုင်ဘူး၊ ဥစ္ဆေဒဒိဋ္ဌိရှိ နေရင်လည်း နိဗ္ဗာန်မရနိုင်ဘူး၊ အဲဒါကို ဆရာတော်ဘုရားကြီးက ပြောတယ်၊ ပြောပါတယ်။

## သဿတဒိဋ္ဌိသမားဆိုသည်မှာ

ဘယ်လိုပုဂ္ဂိုလ်မျိုးဟာ သဿတလဲလို့ဆိုတော့ **ဘဝါရာမာ-** ဘဝထဲမှာပျော်တယ်၊ **ဘဝရတာ-** ဘဝထဲမှာနှစ်သက်တယ်၊ **ဘဝ သမ္မုဒိတာ-** ဘဝထဲမှာ ဝမ်းမြောက်တယ်၊ သဿတသမားကလေ၊ ဘုံဘဝမှာ ပျော်တယ်၊ ညီအစ်ကိုမောင်နှမတွေနဲ့ မခွဲချင်ဘူး၊ အမေ အဖေတွေနဲ့ လည်း တတွဲတွဲနေချင်တယ်၊ ဘုံစဉ်လှည့်ပြီးတော့ စံနေချင်တာ၊ မကွဲ ချင်ဘူး၊ တတွဲတွဲ အမြဲစေးတွဲပြီးတော့နေတဲ့ သဘောက ဘာသဘော၊ သဿတ သဘော။

## ဥစ္ဆေဒဒိဋ္ဌိသမားဆိုသည်မှာ

ဥစ္ဆေဒသမားကျတော့ အဲဒီလို မဟုတ်ပါဘူး၊ ညီအစ်ကို မောင်နှမတွေလည်း မခင်ဘူး၊ အမေ၊ အဖေတွေလည်း မခင်ဘူး၊

သူငယ်ချင်း အပေါင်းအသင်း မိတ်ဆွေတွေနဲ့လည်းပဲ ရောရောနှောနှော မနေဘူး၊ နောက်ဆုံး ကိုယ့်ကိုယ်ကိုတောင် မခင်တဲ့သူ၊ ဟာ. . . ဒီလူကျ တော့လဲ ကြောက်စရာတော့ ကောင်းတယ်နော်၊ ဆရာကောင်းနဲ့တွေ့ပါမှ၊ ကိုယ့်ကိုယ်ကိုတောင်မှ မသဒ္ဓါတဲ့သူ မဟုတ်လား၊ အဲသလို၊ သူက ဥစ္ဆေဒ သမား၊ ဒီလိုမဟုတ်လား၊ ဥစ္ဆေဒသမားပဲ၊ ဟုတ်တယ်နော်၊ ဥစ္ဆေဒသမား ဆိုတော့ ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝနဲ့ အကျိုးပြုတယ်လို့ သူက ယုံကြည် ရဲ့လား (မယုံကြည်ပါဘူး ဘုရား)၊ မယုံကြည်ပါဘူး၊ ဒါကြောင့် ကုသိုလ် လုပ်ပါကွဆိုရင် မလုပ်ဘူး၊ အလကား ပိုက်ဆံကုန်တာပဲ၊ သဿတသမား ကုသိုလ်လုပ်ပါဆိုရင် လုပ်တယ်၊ နောက်ဘဝ စည်းစိမ်ဥစ္စာတွေပေါ အောင်လို့၊ ဥစ္ဆေဒသမားကို သီလဆောက်တည်ပါကွဆိုရင် မဆောက် တည်ဘူး၊ ညထမင်း ငတ်တာပဲ၊ အိုး. . . သဿတသမားကို သီလ ဆောက်တည်ပါဆိုရင် ဆောက်တည်တယ်၊ နောက်ဘဝ ရုပ်ကလေးတွေ လှအောင်လို့၊ အမျိုးမြင့်မြင့်ဖြစ်အောင်လို့ သူက သီလဆောက်တည်တယ် မဟုတ်လား၊ ဆောက်တည်တယ်၊ သဿတသမားက အဲလိုရတာ၊ ဥစ္ဆေဒ သမားက အဲလိုရလား (မရပါဘူး ဘုရား)၊ အိုး. . . သဿတသမားကို အကုသိုလ်လုပ်ခိုင်းရင် အဲ. . . မလုပ်ဘူး၊ ကြောက်ပဲ့၊ နောက်ဘဝများ ဒုက္ခတွေတွေ့မှဖြင့်. . .၊ဒီလိုလာတာ။

## ဥစ္ဆေဒသမားက အကုသိုလ်လုပ်ရမှာ မကြောက်ဘူး

ဥစ္ဆေဒသမားကို အကုသိုလ်အလုပ်ခိုင်းရင် လုပ်တယ်၊ အခု ကောင်းကောင်းစားရဖို့ပဲ အရေးကြီးတယ်၊ ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝ ဘာဆက်စပ်တာမှတ်လို့၊ သူက ကြားထဲပြတ်နေတာ မဟုတ်လား၊

အေး. . . အဲသလိုပဲ၊ ဒီတော့ ဥစ္စေဒသမားက အကုသိုလ်များတာပေါ့။ သဿတသမားက ကုသိုလ်များတယ်၊ ဥစ္စေဒသမားက အကုသိုလ်များတယ်၊ သဿတသမားက ကုသိုလ်များတယ်၊ ဒါပေမဲ့ သူတို့နှစ်ဦးလေ ဘုရားကိုယ်တော်မြတ်ကြီးနဲ့ တွေ့တွေ့၊ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ တပည့် သားမြေးတွေနဲ့ တွေ့တွေ့၊ တရားဟောမယ် လာကြ၊ မင်းတို့ နှစ်ယောက် တရားအားထုတ်ရမယ်ဆိုပြီးတော့လေ၊ ဟော. . . တရားထိုင်ကြကွဲ့၊ ဒီလိုရှု ဒီလိုမှတ်ဆိုပြီးတော့ အနားနားက ကြီးကြပ်ပြီးတော့ ခိုင်းလို့၊ ဒီနှစ်ယောက်ကြိုးစားပမ်းစား တရားအားထုတ်ကြပြီဆိုရင် ဥစ္စေဒသမားကပဲ အရင်တရားရသွားတယ်၊ ဟဲ့. . . ဘယ့်နှယ်ကြောင့်လဲ၊ ဥစ္စေဒသမားက အကုသိုလ်တွေလည်း များရဲ့သားနဲ့ ဘယ့်နှယ့်ကြောင့် သူက အရင်တရားရရသလဲ၊ ဟိုလူက ဘာပြုလို့ကျန်နေရသလဲဆိုတော့ အစေးအတွဲမထားလို့၊ ဘာတဲ့တုံး (အစေးအတွဲမထားလို့ပါ ဘုရား)၊ ဥစ္စေဒသမားက အစေးအတွဲ ထားရဲ့လား (မထားပါဘူး ဘုရား)၊ မထားပါဘူး၊ ညီအစ်ကို မောင်နှမလည်း မထားဘူး၊ အမေ၊ အဖေတွေလည်း ဒီလောက်မထားပါဘူး၊ ကိုယ့်ကိုယ်ကိုတောင်မှ အစေးအတွဲမထားတဲ့သူ မဟုတ်လား၊ ဟယ်. . . ဒီလူကပဲအရင် တရားရသွားတတ်တယ်၊ သဿတသမားကတော့ ကျန်ရစ်တယ်၊ သူက နှေးမယ်ပေါ့နော်၊ တဖြည်းဖြည်းတော့ ရတော့ရမှာပေါ့။ သူက နှေးပြီးတော့ ကျန်ရစ်တယ်၊ ဘာဖြစ်လို့နှေးတုံး၊ အစေးအတွဲတွေ မဖြယ်လို့ ဘာတဲ့တုံး (အစေးအတွဲတွေ မဖြယ်လို့ပါ ဘုရား)၊ အစေးအတွဲတွေ တန်းလန်းကြီးတွေ ရှိနေတော့ တရားရနိုင်ပါ့မလား (မရနိုင်ပါဘူး ဘုရား)၊ ဟိုလူက အစေးအတွဲ ရှိရဲ့လား၊ ဥစ္စေဒသမားက အစေးအတွဲ ထားရဲ့လား (မထားပါဘူး ဘုရား)၊ အေးတဲ့. . . အဲဒါတဲ့၊ ကြည့်စမ်း၊ အစေးအတွဲ မထားဘူး။

## သဿတသမားက တရားရတာနှေးတယ်

ဟိုဟာက သဿတသမားက အစေးအတွဲထားတယ်၊ စေးတွဲပြီးတော့ တစ်အုံလုံးကြီး မဟုတ်လား၊ ဒီသံသရာထဲမှာ ပျော်တယ်၊ ဒီဆွေမျိုးတွေနဲ့ တစ်အုံကြီးနေချင်တယ် ဟုတ်ဘူးလား၊ အဲသလို၊ အိုး. . . မကွဲချင်ပါဘူး၊ သေအတူ ရှင်မကွဲ ဘဝသံသရာထဲမှာ လည်ချင်တယ်၊ ပြီးတော့မှ နိဗ္ဗာန်ကို တစ်အုံလုံးကြီး ဝင်ချင်တယ်ဆိုတာ ဘယ်သူကတုံး (သဿတသမားကပါ ဘုရား)၊ သဿတသမားက၊ ရှင်လည်းမကွေ၊ သေလည်း မကွာ၊ နတ်ရွာလူ့ပြည်၊ လှည့်လည်အတူ၊ စံစားမူ၍၊ နိဗ္ဗူရွှေပြည်၊ ဝင်အံ့သည်တည့်ဆိုတာလေ၊ ဘယ်သူကတုံး၊ သဿတသမားက အဲသလို၊ ဉစ္ဆေဒသမားကတော့ အဲလို အစေးအတွဲထားရဲ့လား (မထားပါဘူး ဘုရား)၊ အေး. . . ဒါဖြင့် ဘုန်းကြီးတို့ တရားအားထုတ်ပြီဆိုတဲ့အခါမှာ တရားရချင်ရင် အစေးအတွဲတွေ ထားနေလို့ ဖြစ်ပါ့မလား (မဖြစ်ပါဘူး ဘုရား)၊ မထားနဲ့ အစေးအတွဲတွေကို ဖြယ်ရမှာ မဟုတ်လား (မှန်ပါ ဘုရား)၊ အဲသလိုရှိပါတယ်၊ ဒီနှစ်ဦး ဒီလိုလာတွေ့တယ် မဟုတ်လား (မှန်ပါ ဘုရား)၊ ဟုတ်တယ်၊ ဘာမှ သူက အစေးအတွဲမထားဘူး၊ ဘဝသံသရာထဲမှာ မတွယ်ဘူး၊ မကပ်ဘူး၊ ဟောဒီ သဿတသမားကျတော့ အစေးအတွဲတွေထားတယ်၊ ဘဝသံသရာထဲက မခွာချင်ဘူး၊ ဒီထဲမှာပျော်တယ်၊ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ သံသရာဝဋ်ထဲက မလွတ်ဘဲနေနေ၊ ဇွတ်ဆွဲလို့ တပေပေငယ်၊ ရှည်ပေစေခင်ရဲ့၊ ပြောတယ် မဟုတ်လား၊ သူက. . . သူက၊ နိဗ္ဗာန်မြို့ အမြိုက်ခွင်တောင် မလိုက်ချင်ရှန်းကန်လို့ဖွဲ့၊ ပြောတာလေ၊ ဘယ်သူကတုံး (သဿတသမားကပါ ဘုရား)၊ သဿတသမားက၊ ဘဝသံသရာထဲ သူက ပျော်တယ်မဟုတ်လား၊ ဘဝသံသရာထဲ ပျော်လို့ရှိရင် ဘုန်းကြီးတို့တစ်တွေကလည်း ဘဝ

သံသရာထဲက ထွက်လမ်းလုပ်နေတာ မဟုတ်လား၊ ဒီလိုသာ အစေးအတွဲတွေ များနေလို့ရှိရင် တရားရနိုင်ပါ့မလား (မရနိုင်ပါဘူး ဘုရား)၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ၊ ဒီနှစ်ဦး တို့ဘယ်ထဲများပါပါလိမ့်၊ ကြည့်ရမှာနော်၊ သဿတအုပ်စုထဲပါသလား၊ ဥစ္ဆေဒအုပ်စုထဲပါသလား ကြည့်ရမယ် မဟုတ်လား၊ သဿတထဲမှာ ရောက်ပြီးတော့နေရင်ကော နိဗ္ဗာန်ရနိုင်မလား (မရနိုင်ပါဘူး ဘုရား)၊ ဥစ္ဆေဒအုပ်စုထဲ ရောက်နေရင်ကော နိဗ္ဗာန်ရမလား (မရပါဘူး ဘုရား)၊ မရဘူး၊ နှစ်ခုလုံးခွာရမှာပဲ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အစေးအတွဲတွေ များလွန်းပြီးတော့ နေတယ်ဆိုရင် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါဘုရား)၊ ခိုင်ချင်တယ်၊ မြဲချင်တယ်၊ တွဲချင်တယ်၊ စေးချင်တယ်၊ သူက အဲသလို မဟုတ်လား၊ အဲဒါမှလည်း ကြိုက်တယ်၊ ဟိုဥစ္စာက ဥစ္ဆေဒသမားက မခိုင်ချင်ဘူး၊ မမြဲချင်ဘူး၊ မစေးတွဲချင်ဘူး၊ သူ့သဘောက အဲသလို မဟုတ်လား (မှန်လှပါ ဘုရား)။

## ဥစ္ဆေဒဒိဋ္ဌိသမားက ဦးစွာတရားရသွားတယ်

အဲသလို ဟော. . . သဿတသမားများကတော့ ဟုတ်ပါဘူးဗျာ၊ စေးစေးတွဲတွဲ ပေါင်းပေါင်းစည်းစည်းနဲ့ ညီအစ်ကိုမောင်နှမတွေနဲ့ သားတွေသမီးတွေနဲ့ အကုန်လုံး တတွဲတွဲ၊ ဒီလိုနေချင်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အို. . . ကုသိုလ်ကောင်းမှုပြုတောင်မှ ဤကောင်းမှုကြောင့် ဒီလင်၊ ဒီမယား၊ ဒီသား၊ ဒီသမီး၊ ဒီမြေး၊ ဒီမြစ်၊ ဒီဆွေဒီမျိုးတွေနဲ့ မခွဲဘဲ တတွဲတွဲ ဘဝသံသရာထဲမှာ ဒီလိုမဟုတ်လား၊ ဆုတောင်းတယ်ဆိုရင် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ ဒီတော့မှ ပေါ်တော့တာ၊ ငါဟာသဿတဒိဋ္ဌိထဲကပါလား၊ ပေါ်တော့တာ မဟုတ်လား၊ အေး. . . အဲသလို သဿတဒိဋ္ဌိထဲ နေလို့ရှိရင်ကော တရားရမလား (မရပါဘူး

ဘုရား)၊ မရဘူးတဲ့၊ ငှက်ဖြစ်သော်လည်း တစ်ကိုင်းတည်း၊ ဆင်ဖြစ်သော်လည်း တစ်ကျွန်းတည်း၊ ငံပြာရည်ဖြစ်တော့တောင် တစ်ပုလင်းတည်းလို့ ဆိုတော့ ဟုတ်တယ်မဟုတ်လား။

အေး. . . အဲသလို အစေးအတွဲတွေ၊ အစေးအတွဲတွေ၊ ဒီလို အစေးအတွဲတွေ များနေလို့ရှိရင် တရားရနိုင်ပါ့မလား (မရနိုင်ပါဘူး ဘုရား)၊ မရနိုင်ပါဘူး၊ ဒါကိုလည်း သတိပြုပါ၊ ဒီတော့ ဆိုင်ရာဆိုင်ရာ ဥစ္စာတွေ ခွာရမှာပေါ့နော်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဘယ်သူ့မှ ခင်စရာ၊ တွယ်စရာ မရှိဘူးဆိုရင် နောက်ဆုံး ကိုယ့်ကိုယ်ကိုတောင် ခင်တော့တာ၊ သဿတကလေ၊ အင်း. . . ဘယ်သူ့မှ ခင်စရာမရှိဘူးဆိုရင် ကိုယ့်ကိုယ်ကို ခင်တယ်၊ ကိုယ့်ကိုယ်ကိုမင်တယ်ဆိုတဲ့ဥစ္စာ ဘာသဘော (သဿတ သဘောပါ ဘုရား)၊ သဿတသဘော၊ မြွေကြီးတွေ့တော့ လွှားခနဲခုန်လိုက်တာ၊ ပြီးတော့မှ ဟော့ကောင်တွေ ရှေ့မတိုးနဲ့ကွ မြွေကြီး၊ ပထမဆုံး ကိုယ့်ကိုယ်ကို သယ်ထုတ်တာလေ၊ ကိုယ့်ကိုယ်ကို ချစ်တယ်မဟုတ်လား။

ပြီးတော့မှ သူများကို ငဲ့တာ၊ ဟော့ကောင်တွေ ရှေ့မတိုးနဲ့ဆိုတော့ ကိုယ့်ကိုယ်ကို ပိုပြီးတော့ ချစ်တယ်ဆိုကတည်းကအတိုင်း ကိုယ့်ကိုယ်ကို ပိုပြီးတော့ ခင်တွယ်တဲ့ အဓိပ္ပာယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ အိမ်မီးလောင်တော့တောင် ကိုယ်ကအရင် ကော့ဆင်းပြေးတာ၊ ပြီးတော့မှ နောက်တစ်ခေါက် ကလေးတွေ ကျန်သေးလား၊ ပြန်တက်ကြည့်တာဆိုတော့ ဘာဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဒီသဘောမဟုတ်လား၊ အဲသလိုလေးတွေပါ၊ သတိပြုပါ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဟုတ်တယ်၊ စေးတယ်၊ တွဲတယ်၊ ချစ်ခင်တယ်၊ ကိုယ့်ကိုယ်ကို. . .။

# ကိုယ့်ကိုယ်ကို အချစ်ဆုံး

တစ်ခါဟာတုန်းက မလ္လိကာမိဖုရားကြီးနဲ့ ကောသလဘုရင်ကြီး ညလသာသာ နန်းကြမ်းပြင်ထွက်ပြီးတော့ ကုလားထိုင်ကလေးတွေ တစ်ယောက်တစ်လုံးစီနဲ့ လေညင်းခံနေကြတာတဲ့၊ လေကလေးက ဖြူးဖြူး ဖြူးဖြူးနဲ့၊ အနားလည်း ဘယ်သူမှ မရှိကြပဲကိုး၊ သူတို့နှစ်ယောက်တည်း ဆိုတော့ ဘုရင်ကြီးကမေးတယ်၊ မိဖုရားကြီး၊ လောကကြီးမှာ ဘယ်သူ့ အချစ်ဆုံးလဲ၊ အမယ်. . . သူတို့ကလည်း၊ ဒီတော့ မိဖုရားကြီးက ပြော တယ်၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးတဲ့၊ မိဖုရားကြီးက ပြောတာနော်၊ ဘယ်လို တဲ့တုံး၊ ကိုယ့်ကိုယ်ကို အချစ်ဆုံး၊ တယ်လေ. . . ငါ မိဖုရားကြီး ခါးနဲ့ပိုင်း လိုက်ရရင်တော့၊ ရှင်ဘုရင်ကြီးက မကျေနပ်ဘူးပေါ့။

အမယ်. . . အစတုန်းက သူက ပန်းသည်မလေး၊ ငါကောက် ပြီးတော့ မိဖုရားမြှောက်ထားလို့ သူက မိဖုရားကြီးဖြစ်နေတာ၊ ဒါများ ကိုယ့်ကိုယ်ကို အချစ်ဆုံးတဲ့၊ ဘုရင်ကြီး သံတော်ဦးတင်စေချင်တာက မောင်တော့ကို အချစ်ဆုံးပါ၊ သံတော်ဦးတင်စေချင်တာ၊ တင်ရဲ့လား (မတင်ပါဘူး ဘုရား)၊ အို. . . တောင်းပန်ရတယ်၊ မောင်တော်. . . ဒီစကား သည်းခံပါ၊ နက်ဖြန်ခါကျမှ ဟုတ်၊ မဟုတ် ဘုရားကျောင်းတော် သွားပြီးတော့ လျှောက်ကြပါစို့၊ ဒီလိုတောင်းပန်ပြီးတော့ ထားပြီးတော့ နောက်တစ်နေ့ ဘုရားကျောင်းတော် သွားလျှောက်တော့ ဘုရားက ပြော တယ်၊ ဟုတ်တယ်၊ ကိုယ့်ကိုယ်ကို အချစ်ဆုံး၊ ဘုရားက ထောက်ခံချက်ပေး ရတယ်၊ ကိုယ့်ကိုယ်ကို အချစ်ဆုံးဆိုတော့ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ သဿတဒိဋ္ဌိ၊ ဒီသဘောလေးတွေ ရှိတယ်နော်၊ အဲသလို သဿတဒိဋ္ဌိလေးတွေ ရှိပြီးတော့နေရင် တရားရနိုင်မလား (မရနိုင်ပါဘူး ဘုရား)၊ မရနိုင်ဘူး၊ ရပ်ကွက်ထဲလိုက်ပြီးတော့ စာရင်းကောက်၊ ဒီဘက်က

သသသတ၊ ဟိုဘက်က ဥစ္စေဒ၊ အဲ. . . စာရင်းကောက်ရင် ဘယ်သူက မျှားမယ်ထင်တုံး (သသသတက မျှားမယ်ထင်ပါတယ် ဘုရား)၊ မျှားမယ်-

## ဂူချင်းတောင်နီးချင်တာ သသသတဒိဋ္ဌိပါ

ဟိုတစ်နေရာမှာပေ့ါ၊ အဘွားတစ်ယောက် အသက် ၈၅- နှစ်ကျော်ကျော်လောက်ရှိပါပြီ၊ တုန်တုန် တုန်တုန်နဲ့ ဟဲ့. . . ငါလည်းသေခါနီးပြီဟဲ့၊ ငါ့အတွက် ဂူကလေးလုပ်ပေးကြ၊ ဟာ. . . အဘွားကလည်း နိမိတ်မရှိ၊ နမာမရှိ၊ မြေးတွေကလေ၊ မဟုတ်ဘူးဟဲ့၊ ငါလည်း သေမျိုးပဲ၊ တစ်နေ့ သေရမှာပဲ ဟဲ့၊ ငါ့အတွက် ဂူကလေးလုပ်ပေးကြ၊ နင်တို့အဘိုးလိုပေ့ါဟဲ့၊ ဂူကလေးလုပ်ပေးကြ၊ အဘိုးကအရင် သေသွားနှင့်တာဆိုတော့ အဘိုးလည်း ဂူလေးနဲ့ထားတာ၊ သုသာန်မှာ မဟုတ်ဘူး၊ ကိုယ်ပိုင်တဲ့ ကိုယ့်ယာထဲပဲ လုပ်ပေးကြ၊ ခဏခဏ ပူဆာတော့၊ မြေးတွေက ဂူကလေး လုပ်ပေးရတာပေ့ါ၊ အဲ. . . အဘွား၊ အဘွားအတွက် ဂူကလေးပြီးပြီ၊ ပြီးပလား၊ ပြီးပြီ၊ ဒီလိုဆိုရင် ငါနေရမယ့်ဂူကလေး ငါကြည့်ချင်တယ်ဆိုတော့ လှည်းကလေးနဲ့ တင်ပြီးတော့ ယာထဲကို မောင်းသွား၊ ဟောဒီမှာ ယာမြောက်အစပ်မှာ အဘွား၊ ဟောဒီ ဂူကလေးပေ့ါ၊ အဘွားအတွက် ဂူ၊ ဩော်. . . မင်းတို့အဘိုးဂူက ဘယ်မှာတုံး၊ ဟိုး. . . ယာတောင်အစပ်မှာ၊ အိုး. . . ဝေးလိုက်တာ. . . ဆိုတော့ ဂူချင်းတောင် နီးချင်တာ မဟုတ်လား၊ ဂူချင်းတောင် နီးချင်တယ်ဆိုတော့ ဘာဒိဋ္ဌိ (သသသတဒိဋ္ဌိပါ ဘုရား)၊ သသသတဒိဋ္ဌိ၊ အဲဒီသဘောကလေးတွေ. . .၊ ဒီတော့ သသသတဒိဋ္ဌိရှိလည်း မကောင်းဘူးပေ့ါနော်၊ ဥစ္ဆေဒဒိဋ္ဌိရှိလည်း မကောင်းပါဘူး၊ အကုန်လုံး ဒါတွေဖြုတ်ရမှာ မဟုတ်လား၊ အေး. . . တို့ဘယ်ထဲမှာ ရှိတယ်ဆိုတဲ့ဥစ္စာ သိရုံကလေးပြောနေတာ မဟုတ်လား၊ ဒါပြောနေတာ

ပါ၊ စေးတွဲတဲ့သဘောက ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ သဿတဒိဋ္ဌိ။

## သံယောဇဉ်ကြီးကြတယ်ဆိုတာ သဿတဒိဋ္ဌိ

ဘုန်းကြီးတို့ အခု မြေထဲမြို့ပေါ့၊ အောင်လံလို့ခေါ်တဲ့ မြေထဲမြို့မှာရှိတယ်၊ အဘိုးက အသက် ၉၂- နှစ်လောက်ရှိတယ်၊ အဘွားက အသက် ၉၀၊ အသက်လည်း ရှည်ကြပါတယ်၊ သူတို့တစ်တွေဟာ ငယ်လင် ငယ်မယား၊ သားသမီးလည်း မထွန်းကားကြပါဘူး၊ စီးပွားဥစ္စာ အတော်အသင့်ရှိပါတယ်၊ တူ၊ တူမတွေက ပြုစုပြီးတော့ နေကြတာ၊ ဟော. . . အဘိုးနဲ့အဘွား၊ အင်မတန်ကြင်နာကြတာပဲ၊ အဘိုးက ပြောတယ်၊ မင်းသေလို့ရှိရင်လည်း ရောက်တဲ့ဘဝက ငါ့လာပြောတဲ့၊ ငါက လည်း ရောက်တဲ့ဘဝက မင်းလာပြောမယ်တဲ့၊ အမယ်. . . အဲသလို ကြင်နာကြတာ၊ အေး. . . ကောင်းပါတယ်၊ အဘိုးတို့ အဘွားတို့ ကြင်နာကြတာ။

ဟော. . . မကြင်နာတဲ့ အဘိုးနဲ့အဘွား ဘုန်းကြီးကြုံဖူးသေးတယ်၊ ဟောဒီနားမှာပဲ၊ ရပ်ကွက်နီးနီးပဲ၊ တစ်နေ့တော့ ဘုန်းကြီးကို လာပြီးတော့ လျှောက်တယ်၊ အရှင်ဘုရား ညကျ ခဏအိမ်ကြွပါအုံးလို့ ဆိုတာနဲ့ အိမ်ကြွသွားတယ်၊ ဘာများလဲလို့ သူက တိုင်ချင်တာကိုး၊ အမယ်ကြီးက ဘုရား တပည့်တော် စားပြီးသားပန်းကန်ပြား ဆေးမပေးဘူးတဲ့၊ အံမယ် ကြီးကြီးကျယ်ကျယ် သူတို့ဥစ္စာ၊ ပန်းကန်ပြားဆေးမပေးတာများ ကိုယ့်ဟာကိုယ်ဆေးပေါ့၊ အေး. . . အသက်ကြီးခါကျတော့ ဂျွက်. . . ဂျွက်. . . ဂျွက်. . . ကလေးတွေ လုပ်လာကြတာနော်၊ အဲသလိုကလေးတွေ လုပ်လာပါတယ်၊ ဟိုမှာကတော့ အဲသလိုမဟုတ်ပါဘူး၊ မြေထဲမြို့မှာတော့ ဖြင့် အဘိုးနဲ့အဘွားက အင်မတန် ကြင်နာကြပါတယ်။

အင်း. . . အဲသလိုနဲ့နေပြီးတော့ လာတာ၊ တစ်နေ့တော့ဖြင့် လေ၊ ဟော. . . အိမ်အပေါ်ထပ် အဘိုးကစပြီးတော့ ဆုံးပါလေရော လား၊ အဘွားကို မပြောရက်ဘူး၊ အဘွားစိတ်ဓာတ်ကျမှာစိုးလို့ ပုံမပျက် ဘဲ အောက်ထပ်မှာရှိတဲ့ အဘွားကို ပြုစုပြီးတော့နေတာ ဟော. . . နေ့လယ်ကျတော့ အဘွားကလည်း ဆုံးပြန်ပါရောလား၊ ကြည့်စမ်း အဘိုးနဲ့အဘွား အင်မတန်ကြင်နာလိုက်ကြတာ၊ သေတာတောင်တစ်နေ့ တည်း မဟုတ်လား။

ဒါနဲ့ ရပ်ကွက်က ဝိုင်းအုံလာပြီးတော့ လူကြီးတွေစုရုံးပြီးတော့ တိုင်ပင်ကြတယ်၊ တို့ ဒီအဘိုးနဲ့အဘွားကိုလေ၊ တို့ ဘယ်လိုသင်္ဂြိုဟ်ကြ မလဲလို့ တိုင်ပင်ကြတဲ့အခါ အို. . . ဒီအဘိုးနဲ့အဘွားဟာ အင်မတန် သံယောဇဉ်ကြီးကြတာ၊ သေတာတောင်တစ်နေ့တည်းနော်၊ ဒီတော့ ဒီလို လုပ်ကြစို့၊ မြှုပ်တော့လည်း တစ်တွင်းတည်း မြှုပ်ကြစို့၊ သံယောဇဉ်ကြီးကြ တယ်ဆိုတော့ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ ဟုတ်တယ်၊ အဲသလိုပါ။

## ချုံ့လိုက်တော့ သက္ကာယဒိဋ္ဌိ

သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဘယ်နှမျိုးပါလိမ့် (နှစ်မျိုးပါ ဘုရား)၊ အေး. . . အဲဒီဥစ္စာ ထပ်ပြီးတော့ ချုံ့လိုက်လို့ရှိရင် သက္ကာယဒိဋ္ဌိ၊ ဘာတဲ့ တုံး (သက္ကာယဒိဋ္ဌိပါ ဘုရား)၊ သက္ကာယဒိဋ္ဌိ၊ သက္ကာယဆိုတာ တကယ့် အစစ်အမှန်ရှိတာ မဟုတ်လား၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး၊ တကယ်အစစ် အမှန်ရှိတဲ့တရားကို ဘာတဲ့တုံး (သက္ကာယပါ ဘုရား)၊ သက္ကာယ၊ အဲဒီ အပေါ်မှာ၊ အထင်မှား၊ အမြင်မှားတွေက ဒိဋ္ဌိ၊ တကယ်အစစ်ရှိတဲ့ ရုပ်နာမ် အပေါ်မှာ တကယ်အစစ်မရှိတဲ့ ပညတ်တွေ တင်စားပြီးတော့ ထင်မှား တာက ဒိဋ္ဌိ၊ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ပေါင်းတော့ (သက္ကာယဒိဋ္ဌိပါ ဘုရား)၊

သက္ကာယဒိဋ္ဌိ၊ ဒါဖြင့် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ၊ ချုံ့လိုက်လို့ ရှိရင် ဒီသုံးမျိုး မဟုတ်လား၊ ဒီသုံးမျိုး ကျေညက်ရင် ကျန်တဲ့ဥစ္စာတွေလည်း ဒီအထဲ အကုန်ပါဝင်ပါတယ်၊ အေး. . . အားလုံး ကိုယ်စီကိုယ်င ဒိဋ္ဌိတွေ ခွာတတ်ကြ၍ လိုလားအပ်တဲ့ တရားထူးများကို ရသည်အထိ ကြိုးစား အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန်စေ့တဲ့အတွက် တော်ကြ ဦးစို့. . .။ ။

သာဓု. . . သာဓု. . . သာဓု

— ✠— ✠ —✠ —

# 'သုညတ' ဆိုက်အောင်ရှုပါ

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက 'သ နာထာ ဘိက္ခဝေ ဝိဟရထ၊ မာ အ နာထာ'လို့ ဟောတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ အားကိုးစရာ ဝိပဿနာတရား လက်ကိုင်ထား၍ သွားကြ၊ လာကြ၊ နေထိုင်ကြ၊ အားကိုးရာတရားမဲ့ မနေလိုက်ကြပါနဲ့လို့ ဆိုလိုပါတယ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီမိန့်မှာတော်မူချက်အရပင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း အမြဲထာဝရ ဒကာ၊ ဒကာမတို့ကို တဖွဖွနဲ့သတိပေးနေတယ် မဟုတ်လား၊ (မှန်လှပါ ဘုရား)၊ အေး. . . အဲဒီသတိပေးချက်အတိုင်းပဲ ဘုန်းကြီးကလည်း ကိုယ်စီကိုယ်င မပေါ့လိုက်ကြပါနဲ့လို့ ထပ်မံနှိုးဆော်ပါတယ်၊ (မှန်လှပါဘုရား)။

# အသီတိရှစ်ဆယ်

ဘုရားလက်ထက်တုန်းက ရဟန်းတစ်ပါးက ဒီကနေ့ တပည့်တော်ရဲ့ နောက်ကြောင်းပြန် တရားဟောမယ်ဘုရား ကြွတော်မူကြပါလို့ ဒီလိုဖိတ်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီး သီတင်းသုံးတော်မူတဲ့ ကျောင်းတိုက်ကြီးတွေမှာ တရားဓမ္မာရုံကြီးတွေဆိုတာ ရှိတယ်နော် (မှန်လှပါ ဘုရား)။

တစ်ခါတစ်ခါမှာ အဲသလိုပဲ ကိုယ့်နောက်ကြောင်းပြန်ကလေးတွေ ပြန်ဟောမယ်ဘုရားဆိုတဲ့အခါ ဘေးကကိုယ်တော်တွေက ဝိုင်းအုံပြီးတော့ ယာကြတယ်၊ နာကြတယ်၊ သူတို့တစ်တွေက တရားအားထုတ်လို့ လေးမဂ်၊ လေးဖိုလ်ရ အဘိညာဉ်တန်ခိုးတွေပါ ပါတော့ နောက်ကြောင်းတွေ ပြန်မြင်ကြတာကိုး၊ အဲဒီ ကိုယ့်နောက်ကြောင်းပြန်ကလေးတွေ ပြန်ဟောမယ်ဘုရား ဆိုတဲ့အခါမှာ အားလုံးဝိုင်းအုံပြီးတော့ လာတတ်ကြတယ်။

အခု. . . ဒီကနေ့လည်းပဲ ဒီကိုယ်တော်က ကြေညာနေပြီ၊ တပည့်တော်ရဲ့ နောက်ကြောင်းကို ပြန်ပြောင်းပြီးတော့ ဟောမယ်ဘုရား၊ ကြွတော်မူကြပါလို့ဆိုတော့ အသီးအသီး ဓမ္မာရုံကြီးထဲဝင်ပြီးတော့ လာကြတာ၊ ကိုယ်တော်တွေ မနည်းဘူးပေါ့နော် (မှန်လှပါ ဘုရား)။

အေး. . . ဒီကိုယ်တော်က မခေပါဘူး၊ အသီတိသာဝကဝင်ပဲ၊ အသီတိ သာဝကဝင်၊ အို. . . အသီတိဆိုတာက ရှစ်ဆယ်လို့ အဓိပ္ပာယ်ရတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ လက်ဝဲတော်ဘက်က လေးဆယ်၊ လက်ျာတော်ဘက်က လေးဆယ်၊ တစ်ခါတလေ အပြည့်အစုံ သီတင်းသုံးပြီဆိုရင် အဲသလိုပဲ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ လက်ျာတော်ဘက်က တန်းပြီးတော့ အရှင်သာရိပုတ္တရာကြီး အမှူးပြုပြီးတော့ တန်းလိုက်တာ

အပါးပေါင်းဘယ်လောက်တုံး (လေးဆယ်ပါ ဘုရား)၊ လေးဆယ်။

လက်ဝဲဘက်ကလည်း အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီး အမှူးပြုပြီးတော့ စဉ်တန်းလိုက်တာ အားလုံး အပါးပေါင်းဘယ်လောက်တုံး (လေးဆယ်ပါ ဘုရား)၊ လေးဆယ်၊ ဟိုဘက်လေးဆယ်၊ ဒီဘက်လေးဆယ် ဆိုတော့ ရှစ်ဆယ်၊ အသီတိရှစ်ဆယ်လို့ ဒီလိုအမိပ္ပာယ်ရတယ်၊ အမယ် . . . အသီတိသာဝကဝင် ဖြစ်ဖို့ရာဆိုတာ လွယ်တာ မဟုတ်ဘူးနော်၊ သီးသန့်ပါရမီတွေ ဖြည့်ပြီးမှ ရရတဲ့ဘွဲ့ထူးပဲ၊ အဲဒီအခြေအနေပဲ။

## သုံးဆယ့်ကိုးပါးမြောက် ရဟန်း

အခုဒီကိုယ်တော်က အသီတိ ဒီအပါးရှစ်ဆယ်ထဲမှာ အပါအဝင် ကိုယ်တော်ပဲ၊ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ လက်ဝဲတော်ဘက်က အပါး လေးဆယ်ရှိတဲ့အနက် သုံးဆယ့်ကိုးပါးမြောက်ပေါ့၊ ဘယ်လောက်တုံး (သုံးဆယ့်ကိုးပါးမြောက်ပါ ဘုရား)၊ သုံးဆယ့်ကိုးပါးမြောက် ကိုယ်တော်၊ **မောဃရာဇ** ရဟန်းလို့ခေါ်ပါတယ်၊ ဘာတဲ့တုံး (မောဃရာဇ ရဟန်းပါ ဘုရား)။

မောဃရာဇရဟန်း . . . သူဟာ မခေဘူးနော်၊ ဒီကိုယ်တော်က သူ ဘာလုပ်တတ်သလဲဆိုလို့ရှိရင် သူက သင်္ကန်းကို ဟောင်းဟောင်း နွမ်းနွမ်း ဝတ်တတ်တာတဲ့၊ သင်္ကန်းတို့ ဘာတို့ အသစ်တို့ ဘာတို့များ ရရင် သူမဝတ်ဘူး၊ သူက အဟောင်းပဲ ဝတ်တယ်၊ အသစ်ဆိုရင် သူ့ရတဲ့ ဥစ္စာ သူများပေးလိုက်တာပဲတဲ့။

အဲ . . . အရှင်ဘုရား အဟောင်းအနွမ်းကလေးများရှိရင် တပည့်တော်ပေးပါ စွန့်ပါလို့ ဒီလိုတဲ့နော်၊ ဒီကိုယ်တော်က နေရာတကာ အကုန်လုံး ဟောင်းဟောင်းနွမ်းနွမ်း စုတ်စုတ်ပြတ်ပြတ်တွေချည်း

လုပ်တတ်တယ်၊ ဝတ်တတ်တယ်၊ နေတတ်တယ်၊ ထိုင်တတ်တယ်တဲ့၊ အဲဒါကြောင့် ဘုရားကိုယ်တော်မြတ်ကြီးက သူ့ကို ဧတဒဂ်ဘွဲ့ထူးတောင် ပေးတယ်၊ **ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ လူခ စီဝရ ဓရာနံ၊ ယဒိဒံ မောဃရာဇ**၊ ငါဘုရားသာသနာထဲမှာ သင်္ကန်းကို စုတ်စုတ် ပြတ်ပြတ် ဝတ်တတ်တဲ့နေရာမှာတော့ သူ အသာဆုံးတဲ့၊ အမယ်. . . ဒီနေရာလည်း ဘွဲ့ပေးတာပဲနော် (မှန်လှပါ ဘုရား)။

အေး. . . အဲသလိုတဲ့၊ သူ့မှာ အသစ်တွေရှိရင် သူက မဝတ်တတ်ဘူး၊ အသစ်ကို သူများပေးပြီးတော့ သူများအဟောင်းကို သူက တောင်းတာတဲ့နော်၊ အဲသလိုကိုယ်တော်နဲ့ အတူတူနေရ ကောင်းမှာနော်၊ အဲသလိုကိုယ်တော်။

## သံဃာကို ရည်မှန်း၍ လှူဒါန်းသော သံဃိက

ဒီကိုယ်တော် မောဃရာဇ သူ့နာမည်က ဘာတုံး (မောဃရာဇ ပါ ဘုရား)၊ မောဃရာဇလို့ခေါ်ပါတယ်၊ ဒီကိုယ်တော်က ခု တရားဟော မယ်ဆိုပြီးတော့ ကိုယ်တော်တွေစုံတာနဲ့ တစ်ပြိုင်နက် တရားပွဲစပါတယ်၊ တပည့်တော်က ဟိုး. . . လွန်လေပြီးသော အတိတ်ကာလတုန်းက တပည့်တော် သူဆင်းရဲလေးပါ ဘုရား။

ဟိုး. . . လွန်လေပြီးသော ကဿပဘုရားလက်ထက် အတိတ်ကာလက တပည့်တော်က ဆင်းရဲတဲ့သူတစ်ယောက်ပါ၊ ဒီတော့ တပည့်တော်က ဇရပ်နေရတယ်ဘုရာ့၊ အဲဒီဇရပ်မှာပဲနေပြီး ချက်ပြုတ်စား၊ ဒီလို နေလာခဲ့တာတဲ့၊ အဲသလိုနဲ့ စားသောက်ပြီးတော့ နေလာခဲ့တာ ကြာတော့လည်း ဒီဇရပ်ဟာ ညစ်နွမ်းသွားတာပေါ့၊ ချက်ပြုတ်စားတဲ့ မီးခိုးတွေနဲ့ ဘာတွေနဲ့ဆိုတော့ မှိုင်းတွေသင့်ပြီးတော့ ဇရပ်ကြီးတစ်ခုလုံး ညစ်ထည်း

ထည်းကြီး ဖြစ်နေသတဲ့။

အဲဒါနဲ့ ကဲ. . . ဒါကြီးလည်း မကောင်းတော့ပါဘူးကွာ၊ ကဲ. . . ဒီဥစ္စာကြီး မီးရှို့ပစ်လိုက်မယ်၊ ဒီတော့ တတ်နိုင်တဲ့သူက အသစ်ဆောက်လိမ့်မယ်ပေါ့၊ သူ့စိတ်ကူးကလေ၊ အဲဒါနဲ့ အဲဒီဇရပ်ကို မီးရှို့ပစ်လိုက်သတဲ့၊ ဟယ်. . . လုပ်လိုက်တာ ဒီလူ၊ သူ့ဟာသူနေတာ အကောင်းသားနဲ့နော်၊ ဒီဇရပ်ကြီး ညစ်ထည်းကုန်ပြီ၊ ကဲ. . . မကောင်းတော့ပါဘူး၊ နောက်ထပ်အသစ်ဆောက်နိုင်တဲ့သူက အသစ်ဆောက်လိမ့်မယ်ဆိုပြီးတော့ မီးရှို့ပစ်လိုက်သတဲ့၊ အဲဒီဥစ္စာက ဒုက္ခများသွားတာ၊ ဟို. . . သံဃိကဇရပ်လည်း ဆိုတော့ အဲဒီဥစ္စာ အပြစ်ကြီးတာပေါ့၊ အပြစ်မကြီးပေဘူးလား (ကြီးပါတယ် ဘုရား)၊ အဲဒီအပြစ်ကြောင့်တဲ့၊ အဲဒီဘဝကသေတော့ ဒီပုဂ္ဂိုလ် အဝီစိကျရတယ်၊ ဟယ်. . . မနစ်နာဘူးလား (နစ်နာပါတယ်ဘုရား)၊ ကြည့်စမ်း၊ ဆင်းရဲ ဆင်းရဲတဲ့အထဲ အသိဉာဏ်ကမွဲ မွဲတော့ ထင်ရာလျှောက်လုပ်မိတယ် မဟုတ်လား။

## အဝီစိကျ၊ အပါယ်လေးဘုံရောက်၊ ပြိတ္တာဖြစ်

အခု ဒုက္ခတွေများကုန်ပြီ၊ ဘယ်ရောက်သွားတုံး (အဝီစိရောက်သွားပါတယ် ဘုရား)၊ ဟယ်. . . အဝီစိတောင်ရောက်သွားသတဲ့၊ အဝီစိမှာ နှစ်ပေါင်းများစွာ ဒုက္ခတွေ ခံရပြီးတော့ အဲဒီအဝီစိက တက်လာတော့ အပါယ်လေးဘုံရောက်ပါတယ်၊ ပြိတ္တာဘဝရောက်ပြီးတော့ ငတ်ငတ်တီးတီးနဲ့ ပြိတ္တာဘဝမှာလည်း ဘဝပေါင်းငါးရာ၊ ပြိတ္တာဘဝမှာ ဘဝပေါင်း (ငါးရာပါဘုရား)၊ ငါးရာ၊ အဲသလိုနဲ့ ပြိတ္တာဘဝ ငတ်ငတ်တီးတီး ဆင်းဆင်းရဲရဲနဲ့ အဲသလိုနဲ့လာခဲ့လို့ ဘဝပေါင်းငါးရာပြည့်လို့ ပြိတ္တာဘဝ ကလွတ်ပြီးတော့ လူ့ဘဝတော့ ရောက်ပါရဲ့၊ ခြေလက်အင်္ဂါမစုံတဲ့ဘဝတွေ ဖြစ်ရပြန်

ရောတဲ့၊ ဘယ့်နှယ်တုံး (ခြေလက်အင်္ဂါ မစုံတဲ့ဘဝပါ ဘုရား)။

ဟာ. . . နစ်နာလိုက်တာနော်၊ လုပ်တုန်းကတော့ တစ်ကြိမ် တစ်ခါ ခံရတော့ အကြိမ်တစ်ရာမကဘူးနော်၊ ကြည့်စမ်း သံဃိကဇရပ်ကို မီးရှို့ခဲ့တဲ့အတွက် အခု လူ့ဘဝတော့ရောက်ရပါရဲ့၊ ခြေလက်အင်္ဂါမစုံတဲ့ ဘဝရောက်ရတယ် မဟုတ်လား (မှန်ပါ)၊ အင်း. . . ဒါတွေနဲ့ ပတ်သက်ပြီးတော့ စဉ်းစားစရာနော်၊ ဘုန်းကြီးတို့နဲ့ ဟော. . . သိတဲ့ပုဂ္ဂိုလ်တွေကိုပဲ ရှိတယ်နော်၊ ရှမ်းပြည်သွားတော့ ရှမ်းပြည်မှာ အဖြစ်အပျက်အမှန်ပဲ၊ ကလေးတစ်ယောက်က ပြောလာတာ။

ဟို. . . ဘုရားကြီးတစ်ဆူ လိုဏ်ခေါင်းထဲမှာ ကြေးဘုရားကြီး ရှိတယ်၊ အဲဒီကြေးဘုရားကြီးက ကြေးကိုလိုချင်တော့၊ ဘုရားကြီးကလည်း အကြီးကြီး မ, မနိုင်တော့ လက်မောင်းကြီးဖြတ်ယူတာ၊ ဖြတ်ယူတဲ့အခါ သူတို့ သူငယ်ချင်းနှစ်ယောက်၊ တို့သွားဖြတ်ကြစို့ကွ ဆိုပြီးတော့ တစ်ယာက်က မီးအိမ်ကြီးကိုင်ပေးရတယ်၊ မီးပြတာပေါ့၊ ညမှောင်မှောင် ဟိုတစ်ယောက်က လွှကြီးနဲ့ ထိုးပြီးတော့ဖြတ်၊ အဲသလိုနဲ့ ပြတ်လုပြတ်လု မှာ ဘေးက အရပ်ကဝိုင်းဖမ်းတော့ သူတို့မိတာပေါ့၊ မရလိုက်ပါဘူး၊ လက်ကြီး တိုလုတိုခင်ပါပဲ၊ အဲဒီတင် သူတို့တစ်တွေလည်း ထောင်တန်းကျကြ၊ အဲဒီကလွတ်လာတော့ ဆင်းဆင်းရဲရဲနဲ့ နောက်တော့ သေကြပါတယ်။

## လူစဉ်မမီတဲ့ဘဝနဲ့ အရာရာချို့ချို့ငဲ့ငဲ့

သေတော့ ဟောဒီ မီးအိမ်ကြီးပြတဲ့လူတစ်ယောက်က လူဝင်စား ဖြစ်ပါတယ်၊ အိမ်တစ်အိမ်မှာ လူဝင်စားဖြစ်ပြီးတော့ စကားပြောတတ်တဲ့ အရွယ်ရောက်တော့ ပြောလာတယ်၊ သူလည်း လက်ပြတ်ကြီးနော်၊ ဟောဒီ

သူပြတ်တဲ့ဥစ္စာဟာတဲ့ မီးအိမ်ကြီး ပြတာတဲ့၊ ဘယ်နားက ဘုရားကြီးပေါ့၊ ညကြီးသန်းခေါင်မှာ မှောင်မှောင် ငါက မီးအိမ်ပြရတယ်၊ ဟိုကောင်က လှကြီးနဲ့ ထိုးတိုက်ဖြတ်နေတာ၊ အဲဒါ မီးအိမ်ပြတဲ့ ငါတောင်မှ ဟော လက်ကြီးပြတ်တယ်၊ တကယ် တိုက်ဖြတ်တဲ့ကောင် ဘာတွေဖြစ်နေတယ် မသိဘူးတဲ့၊ သူ ပြောလာတာနော်။

အေး. . . ဒီကလေးပေါက်စက ပြောလာတာ၊ မီးအိမ်ပြရုံပြတဲ့ လက်ကြီးတောင် ဘာဖြစ်တုံး၊ အပြတ်ကြီးမွေးလာတာတဲ့နော်၊ ဟိုကောင် တကယ်တိုက်ဖြတ်တဲ့ကောင် ဘယ်ရောက်မှန်းတောင် မသိဘူးတဲ့၊ အဲသလိုတွေ ရှိပါတယ်။

ပြီးတော့ ဘုန်းကြီးတို့နဲ့ နီးစပ်တဲ့အထဲက ဒီလိုပုဂ္ဂိုလ်မျိုးတွေ ရှိတယ်၊ ဟောဒီရန်ကုန်မှာ အလုပ်လုပ်တော့ သူက ညစောင့်လုပ်သတဲ့၊ ဂိုဒေါင်တစ်ခုမှာ၊ အဲ. . . တစ်ညလုံး စောင့်ပြီးတော့ မနက်မိုးလင်းတော့ အိမ်ပြန်မယ်ဆိုပြီးတော့ ပြန်လာလိုက်တာ၊ ရထားကြီးက ရှန်တိန်လုပ်နေ တာ၊ ရထားလမ်းပေါ် ဖြည်းဖြည်းလျှောက်လာရင်းသား၊ ရထားကြီးက ငြိမ့်ငြိမ့် ငြိမ့်ငြိမ့်ဆိုတော့ အဲဒါကြီးကို မှီပြီးတော့ လိုက်လာတာ၊ လူက အိပ်ချင်မူးတူးနဲ့ ကမူးကယိုင်နဲ့၊ တော်တော်လေးဝေးတော့ ငှက်ပျောခွံ ပေါ် တက်နင်းပြီးတော့ ဗိုင်းခနဲလဲတော့တာပေါ့၊ လဲတော့ လက်ကလည်း ပြုတ်သွား၊ ခြေထောက်က သံလမ်းပေါ် သွားပြီးတော့ ရောက်တော့ ရထား ကြီးက ဂျိခနဲနေအောင် ကြိတ်ချလိုက်တယ်၊ ပေါင်တစ်ဖက်ပြတ်သွား တာပဲ။

ဟာ. . . တကယ့်မရှိဆင်းရဲလို့ လုပ်ကိုင်စားရတဲ့အထဲ အခု ပေါင်တစ်ဖက် ပြတ်သွားပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . အဲဒါနဲ့ ဆေးရုံရောက်၊ ဒီသတင်းကြားလို့ ဘုန်းကြီးက သွားမေးတော့

ငိုလိုက်တာ၊ တပည့်တော်ဘဝတော့ဖြင့် ပျက်ပါပေါ့ဘုရား၊ အေးကွယ်. . . ဖြစ်သမျှ အကြောင်းပေါ့ ဆိုပြီးတော့ အားပေးပြီးတော့ ပြန်လာခဲ့ပါတယ်။

## ပင်ပန်းကြီးစွာ ရှာဖွေစားသောက်ရတဲ့ ဘဝ

အဲသလိုနဲ့ ဒီကောင်က ဘာတွေလုပ်သလဲဆိုတော့ လူရွယ်နော်၊ အသက် ၂၀- ဝန်းကျင်လောက်ပဲရှိမယ်၊ ဒီကောင်က ဆေးရုံပေါ်မှာ အားအားရှိတော့ စာအုပ်တွေ ဖတ်၊ သူဖတ်တဲ့စာအုပ်တွေက ကြမ်းတမ်းတာပဲ၊ အမေမိဘ ဂုဏ်ကျေးဇူးမရှိတာ၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးမဲ့တဲ့ စကားမျိုး၊ အဲဒါမျိုးတွေ ရေးထားတဲ့ စာအုပ်စာတမ်းတွေ ဖတ်တော့ တစ်အုပ်ပြီးတစ်အုပ်၊ တစ်အုပ်ပြီးတစ်အုပ် အဲဒါမျိုးတွေ ရှာပေးပါဆိုတော့ ရှာပေးတဲ့သူကလည်း ရှာပေး၊ အဲဒါတွေ လျှောက်ဖတ်လာတော့ ဒီကောင်ဟာ စိတ်ဓာတ်တွေ ကြမ်းလာတယ်နော်၊ ဆေးရုံပေါ်မှာ၊ ကျေးဇူးတရားသိဖို့မလိုပါဘူး။

ဆရာ၊ ဆရာမတွေဆိုတာလည်း သူတို့ 'လခ' ရလို့ လုပ်နေတာ၊ ငါက သူတို့ကို ကျေးဇူးတင်နေဖို့ မလိုဘူး၊ ဒီအသွားမျိုးတွေ ပြောလာတယ်၊ ပတ်ဝန်းကျင်ကလူတွေလည်း လူဆိုတဲ့ဥစ္စာဟာ ဒါဟာ တစ်ဦးနဲ့တစ်ဦး တွေ့ကြတုန်း လုပ်ရှားနေကြခြင်းပဲ၊ ဘယ်သူ့ဘယ်သူမှ ကျေးဇူးတင်စရာမလိုဘူး၊ ဒီအပြောမျိုး၊ ဒီအယူအဆတွေပဲ၊ ဘယ့်နှယ်စာအုပ်တွေ၊ အဲသလိုဟာမျိုးတွေ လျှောက်ပြီးတော့ဖတ်လို့ ဆေးရုံပေါ်မှာ ၄၊ ၅၊ ၆- လလောက် သူနေရတယ်။

အဲဒီနေရတဲ့အတွင်း အဲဒါမျိုးတွေ လျှောက်ဖတ်ပြီးတော့ စိတ်ဓာတ်တွေလည်း ကြမ်းကြမ်းတမ်းတမ်းနဲ့ နောက်တော့ ချိုင်းထောက်ကြီးနဲ့ ဆေးရုံပေါ်က ဆင်းလာပါတယ်၊ ဆင်းလာလို့ အရပ်ထဲမှာနေတယ်၊

ပတ်ဝန်းကျင်နဲ့ အဆင်မပြေဘူး၊ ဟိုတုန်းက မဆိုးပါဘူး၊ အခု ဆေးရုံက ဆင်းလာခါကျမှ လူလည်း ပေါင်တစ်ဖက်ပြတ်လာခါကျမှ အပြောရ၊ အဆိုရ အင်မတန်ခက်လာတယ်၊ ကြမ်းကြမ်းတမ်းတမ်းပဲ၊ မဟုတ်တရုတ်တွေ လျှောက်လုပ်တယ်။

အဲသလိုနဲ့ ရွာပြန်ရောက်၊ ရွာကလူတွေက သူ့ သနားငဲ့ညှာလို့ လာမေးကြ၊ ဦးကြီး ဦးလေး၊ ဒေါ်ကြီး ဒေါ်လေးတွေက မေးကြတာပဲ၊ သူက ဘုတောတောလွှတ်တယ်၊ ဟဲ့. . . ဒီကလေး ဘယ်လိုဖြစ်တာလဲ၊ ငယ်ငယ်တုန်းက ဒီလိုမဟုတ်ပါဘူး၊ ခုတစ်မျိုး ဖြစ်ပါတယ်၊ အဲသလိုနဲ့ နေရင်း ထိုင်ရင်းနဲ့ အဆင်မပြေပါဘူး၊ အမေအဖေကသာ မစွန့်နိုင်လို့ မို့လို့ ထားရတာ၊ မပြေဘူး။

## ကိုယ်လက်အင်္ဂါ မပြည့်စုံတဲ့ဘဝ

အဲသလိုနဲ့ ရွာမှာ တစ်နှစ်ခွဲလောက်လည်း ကြာရော ရောဂါတစ်ခုနဲ့ သေပါလေရောလား၊ ဒီလူနော်၊ သေတော့ ဪ. . . သူ့ဘဝတော့ ကျွတ်သွားပေ့လို့ ဘေးကပြောကြတာ၊ မကျွတ်ဘူး၊ နောက်ဘယ်လောက်မှ မကြာဘူး၊ သူ့ရဲ့ညီမ၊ သူ့နှမဝမ်းရောက်တယ်၊ မွေးဖွားလာတော့ ပေါင်ပြတ်ကလေး၊ ပေါင်ပြတ်ကလေး၊ ဟိုဘက်ဘဝတုန်းက ဘယ်ဘက်ကပြတ်သလို ဒီဘက်ဘဝလည်းပဲ ဘယ်ဘက်ကပြတ်လျက်သား လေး မွေးလာတယ်၊ သေချာတာပေါ့၊ သူဖြစ်ရမယ်၊ ဒီလိုပဲ တစ်ဦးနဲ့တစ်ဦး ဖြစ်ကြတယ်ဆိုရင် နီးရာစပ်ရာ ဖြစ်တတ်ကြတာ မဟုတ်လား (မှန်လှပါဘုရား)၊ သူပဲ၊ ကေန္တ သူပဲ။

အို. . . အမေလုပ်တဲ့သူက တွေ့တွေ့ချင်း ကိုယ့်ရင်သွေးလေး မို့လို့သာ မစွန့်ရက်တာနော်၊ ပေါင်ပြတ်ကလေးဆိုတော့ စိတ်ချမ်းသာနိုင်

ပါ့မလား (မချမ်းသာနိုင်ပါဘူး ဘုရား)၊ မချမ်းသာနိုင်ပါဘူး၊ အမေတိုင်း၊ အဖေတိုင်း တို့ရင်သွေးလေး ကိုယ်လက်အင်္ဂါ ပြည့်ပြည့်စုံစုံမွေးပါစေ ဆုတောင်းလိုက်ရတာ အမောမဟုတ်လား (မှန်လှပါ ဘုရား)၊ အခု အပြတ်ကလေးမွေးလာတယ်၊ ဟိုကောင်ပဲ ဖြစ်ရမယ်မဟုတ်လား (မှန်လှပါ ဘုရား)။

အေး. . . ပေါက်စလေးမို့လို့ စကားတော့ မပြောတတ်သေးပါဘူး၊ အဲသလိုနဲ့ ရင်တနင့်နင့်နဲ့ ဒီဥစ္စာလေးကို မွေးထားလို့၊ အဲ. . . ဒီကလေးဟာ သိပ်တော့မကြာပါဘူး၊ သုံးလေးလလောက်ရှိတော့ ရောဂါတစ်ခုနဲ့ ဒီကလေးလည်း ဆုံးပါတယ်၊ အဲ. . . နောက်ထပ် ဘာတွေဖြစ်ဦးမယ်တော့ မသိဘူး၊ မျက်စိအောက်တင် နှစ်ဘဝလောက် ခုလို ခြေလက်အင်္ဂါမစုံတာ တွေ့လိုက်ရတယ်။

အေး. . . အင်မတန် နစ်နာစရာမကောင်းဘူးလား (ကောင်းပါတယ် ဘုရား)၊ ရင်နင့်စရာကြီးပါပဲ၊ ဒါကြောင့် မတော်တဲ့ အလုပ်တွေများ မလုပ်မိအောင် ရှောင်ကြဉ်ကြပါနော် (မှန်လှပါ ဘုရား)၊ အခု ဒီပုဂ္ဂိုလ်ပြောနေပြီ၊ တပည့်တော်က လွန်ခဲ့တဲ့ဘဝ အတိတ်ကာလတုန်းက သူဆင်းရဲပါတဲ့၊ ဒါကြောင့် ဇရပ်မှာနေရတယ်၊ သံဃိကဇရပ်မှာနေရတယ်၊ မီးရှို့တဲ့အတွက် အဝီစိလည်း ရောက်ရတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ နောက်ဘာဖြစ်၊ ပြိတ္တာဘုံရောက်၊ နောက် လူ့ဘဝရောက်ရတယ် မဟုတ်လား (မှန်ပါဘုရား)၊ လူ့ဘဝရောက်ရပေမယ့်လို့ ဘဝပေါင်းငါးရာဆက်တိုက် ဘုရား့၊ ကိုယ်လက်အင်္ဂါ မပြည့်မစုံနဲ့တဲ့၊ ဒီလိုတွေပြောတာနော်၊ အိုး. . . တကယ့်နစ်နာလိုက်တာနော်။

## သံဃိကပစ္စည်းကို မရှိမသေသုံးစွဲမိလို့

ဟိုး . . . လွန်ခဲ့တဲ့ဘုရားသာသနာတုန်းက ရဟန်းနှစ်ပါး တောလမ်းခရီးက သွားလို့ ချွေးတွေသံတွေနဲ့ ဇရပ်ပေါ်ရောက်တော့ ချွေးတွေစိုစိုနဲ့ ဇရပ်ပေါ် လှဲအိပ်လိုက်တယ်၊ ဒီတော့ ဇရပ်မှာ ချွေးတွေ စိုကုန်တာပေါ့၊ ချွေးတွေစိုကုန်တော့ ညစ်ထည်းမသွားပေဘူးလား (ညစ်ထည်းသွားပါတယ် ဘုရား)၊ အဲဒီ ကံတရားကြောင့်တဲ့၊ သေတော့ ဘီလူးကြီးတွေ ဖြစ်တယ်၊ ဘာတွေဖြစ် (ဘီလူးကြီးတွေ ဖြစ်ပါတယ် ဘုရား)၊ ဘီလူးကြီးတွေဖြစ်။

ဒီဘုရားသာသနာမှာ တစ်ကောင်က **သူစိလောမ**၊ တစ်ကောင် က **ခရလောမ**၊ သူစိဆိုတာ အပ်၊ လောမဆိုတာက အမွေး၊ အပ်မွေးကြီး တွေလိုပဲ ထောင်ထောင်ကြီးတွေ၊ ကြမ်းကြမ်းကြီးတွေပေါ့၊ 'ခရ' ဆိုတာ ကလည်း ကြမ်းကြမ်းတမ်းတမ်း၊ လောမက အမွေး၊ ခရလောမ ကြမ်းတမ်း တဲ့အမွေးရှိတဲ့ ဘီလူးကြီးနှစ်ကောင် သူငယ်ချင်းပေါ့၊ ဟိုဘက်ဘဝတုန်းက ရဟန်းနှစ်ပါး သူငယ်ချင်းမဟုတ်လား (မှန်လှပါ ဘုရား)၊ အခု ဒီဘက်ဘဝ ဘီလူးကြီးတွေဖြစ်လာတော့လည်း ဘီလူးကြီးနှစ်ကောင် သူငယ်ချင်းပေါ့၊ လျှောက်သွားနေတာ၊ ဟိုသွား ဒီသွားနဲ့ ဒီဘုရားလက်ထက် တစ်နေရာမှာ တော့ ဘုရားကိုယ်တော်မြတ်နဲ့ တွေ့ပါလေရောလား။

ဟာ. . . ဂေါတမကြီးကွ၊ ဟေ့. . . ဟေ့ ဂေါတမကြီးဆိုပြီးတော့ အနားနားလာတဲ့ပြီးတော့ ခုန်တိုးလိုက်တာ၊ ဘီလူးကြီးနှစ်ကောင်ကလေ၊ ဘုရားက နည်းနည်းနောက်ဆုတ်လိုက်ရတာပေါ့၊ သူတို့ကမေးတယ်၊ အရှင်ဂေါတမ ကြောက်သလားတဲ့၊ အမယ်. . . မေးသေးတယ်၊ မကြောက်ပါဘူး၊ မကြောက် ဘာပြုလို့ နောက်ဆုတ်တာတုံးတဲ့၊ သြော် နောက်ဆုတ်တာကတော့ သင်တို့ရဲ့အမွေးတွေက ကြမ်းတာကိုး၊

ငါ့အသားတွေ စူးပဲ့ကုန်လိမ့်မယ်တဲ့၊ အဲဒါကြောင့် ကြောက်တော့ မကြောက်ပါဘူး၊ မကြောက်ပေမယ့် အသားတွေပဲ့ကုန်မှာစိုးလို့ ရှောင်ရ တယ်မဟုတ်လား (မှန်လှပါ ဘုရား)။

အဲသလို ခရလောမ၊ သူစိလောမ၊ သူတို့တစ်တွေလည်း ပစ္စည်း ပစ္စယ သံဃိကပစ္စည်းကို မရိုမသေသုံးစွဲမိလို့ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုတွေနော်၊ လန့်စရာကောင်းတယ်၊ ကြောက်စရာကောင်း တယ်၊ အခုပြောနေပြီ၊ တပည့်တော်ရဲ့ ဇာတ်ကြောင်းက အဲသလိုဘုရား၊ ကြမ်းတမ်းခဲ့ပါတယ်၊ အဝီစိလည်း ကျခဲ့တယ်၊ အပါယ်ဘုံမှာ၊ ပြိတ္တာဘုံ မှာလည်း ဘဝပေါင်းငါးရာ၊ အဲဒီကလွတ်လို့ လူ့ဘဝရောက်ပြန်တော့ လည်း ဘဝတိုင်း ဘဝတိုင်း ခြေလက်အင်္ဂါ မပြည့်မစုံတဲ့ဘဝ၊ တစ်ခုခု၊ တစ်ခါတလေ ခြေပြတ်၊ တစ်ခါတလေ လက်ပြတ် အမျိုးမျိုးပေ့၊ တချို့ ပုစ္ဆန်လေးတွေ ချိုးသလားမသိပါဘူး၊ အင်း. . . အဲဒါလေးတွေလည်း ရှိတယ် မဟုတ်လား (မှန်လှပါ ဘုရား)။

## သိုးကလေးရဲ့ အမွေးနဲ့အညီအမျှ ဘဝများစွာ

အဲသလိုလေးတွေ တစ်ခုမဟုတ် တစ်ခု လည်ပင်းပြတ်သေရတာ တွေလည်း ရှိတယ်၊ တစ်ခါဟာတုန်းကတော့ ညှော့သည်လာတော့ ဈေးက လည်းပဲ အချိန်မရှိတော့ဘူး၊ ဒီတော့ အိမ်အောက်က သိုးကလေးကို ထုတ်ပြီးတော့ သတ် ချက်ကျွေးမယ်ဆိုပြီးတော့ သိုးကလေး အိမ်အောက် က ထုတ်လာတာပေါ့။

အဲဒီတင် သိုးကလေးက ငိုလိုက်တာ၊ ငိုတော့လည်း စိတ်မကောင်း ရှာဘူးပေ့၊ ငိုလည်းငိုပြီးရော ဟက်ဟက်ပက်ပက် ရယ်လိုက်ပြန်ရော၊

ဟဲ့ ဘယ်လိုလုပ်တာလဲ နင်က၊ ငိုလည်း ငိုတယ် ရယ်လည်း ရယ်တယ်၊ ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာလေ အသင်လိုပါပဲ၊ တစ်ချိန်တုန်းက ကျွန်ုပ်လည်းပဲ ညှော်သည်လာလို့ ကျွန်ုပ်အိမ်အောက်က သိုးကလေးကို ထုတ်ပြီးတော့ သတ်ဖူးပါတယ်။

အဲသလိုသတ်တဲ့ ကံတရားကြောင့် သိုးကလေးရဲ့ အမွေးနဲ့ အညီအမျှ ဘဝပေါင်းများစွာ ကျွန်ုပ်လည်ပင်းပြတ် သေခဲ့ရတယ်ဗျ၊ အဲဒါ ခင်ဗျားလည်းပဲ လည်ပင်း အခုလိုပဲ ဘဝတိုင်းပြတ်မှာ ပြတ်မှာမြင်လို့ ကျွန်ုပ်က ဝမ်းနည်းလို့ ခင်ဗျားအတွက် ကျွန်ုပ်ငိုခြင်းပါ၊ နို့ဘာဖြစ်လို့ ရယ်တာတုံး၊ ရယ်တာကတော့ ဒီဘဝဟာ နောက်ဆုံးဗျ၊ နောက်ဆုံးဆိုတော့ နောက် ကျွန်ုပ်လည်ပင်း မပြတ်ရတော့ဘူးဗျ၊ အဲဒါ ဝမ်းသာလို့ ရယ်မိတာပါ ပြောတော့ အိမ်ရှင်လည်းပဲ တော်တော် တုန်လှုပ်ခြောက်ခြားသွားပါတယ်။

ကဲ ကဲ ကဲ. . . ဒီလိုဆိုလို့ရှိရင် သင့်ကို မသတ်ပါဘူး၊ ကဲ. . . ငါလွှတ်ပါတယ်၊ အမယ် ခင်ဗျားက လွှတ်ပေမယ့်လို့ ကျွန်ုပ်တစ်နည်းနည်းနဲ့ ကျွန်ုပ်လည်ပင်းပြတ်ရမှာပါ၊ လွှတ်တော့မလွှတ်ပါဘူး၊ ခင်ဗျားဖြတ်ချင်ဖြတ် မဖြတ်ချင်နေ၊ တစ်နည်းနည်းနဲ့ ကျွန်ုပ်လည်ပင်းပြတ်ရမှာတော့ အမှန်ပဲ။

အေး. . . မင်းဘာသာမင်း ဘယ်လိုပြတ်ပြတ်၊ ငါတော့မင်းမဖြတ်တော့ဘူးဆိုပြီးတော့ လွှတ်လိုက်တော့ ဒီတင် လွတ်လွတ်လပ်လပ် ထွက်ပြီးတော့စား၊ လျှောက်ပြီးတော့ ဟိုသွား ဒီသွား စားလို့ တောင်ခြေနားရောက်တဲ့အရောက်မှာ ဟိုးတောင်ပေါ်က ကျောက်တုံးတစ်တုံး လိမ့်ကျလာပြီးတော့ တောင်ခုလတ်လောက်ရောက်တော့ ကျောက်တုံးတစ်တုံးနဲ့ ဖျတ်ခနဲဆတ်လိုက်တဲ့အခါမှာ ကျောက်လွှာလေးပဲ့ပြီးတော့ သူ့လည်ပင်းလာ

ဆတ်ခနဲ ဖြတ်လိုက်တာ၊ အဲဒီတင် တစ်ခါတည်း တိတိတိုတိုပြတ်သွားတာပဲတဲ့၊ သေတာပဲနော်၊ ကံတရားတွေက အဲသလိုနော်၊ ဖြတ်တာပဲ မဟုတ်လား (မှန်လှပါ ဘုရား)။

## လူ့ဘဝရသော်လည်း လူရည်မမီ

ဘဝပေါင်းငါးရာ ကိုယ်လက်အင်္ဂါ ပျက်စီးယိုယွင်းတဲ့ ဘဝနဲ့ နေခဲ့ရတယ်ဘုရာ့၊ အဲဒီဘဝက လွန်တဲ့အခါကျတော့ ဘဝပေါင်းငါးရာက လွန်တော့ နောက်ထပ်လူ့ဘဝတွေတော့ ရပါရဲ့၊ ဘဝတိုင်း ဘဝတိုင်း နူနာရောဂါ စွဲခဲ့ရတယ်ဘုရား။

ဟော. . . ဘာရောဂါ (နူနာရောဂါပါ ဘုရား)၊ ဟယ်. . . ဘဝပေါင်းဘယ်လောက် (ငါးရာပါဘုရား)၊ ငါးရာ၊ ကြည့်စမ်း ဒီအတိုင်းဆိုလို့ရှိရင် မသက်သာပါပဲလား၊ မသက်သာပါပဲလား၊ ဘဝတိုင်း ဘဝတိုင်း နူနာစွဲခဲ့ရတယ်၊ ဘဝပေါင်း ဘယ်လောက်တုံး (ငါးရာပါ ဘုရား)၊ ငါးရာ၊ အဲသလိုနဲ့ တပည့်တော်လာခဲ့ရတာ၊ နောက်ဆုံးဘဝရောက်တော့ ရှင်ဘုရင့်နန်းတော်မှာသွားပြီး ရှင်ဘုရင့်သားဖြစ်ပါတယ်၊ နောက်ဆုံးဘဝလေ၊ အဲသလိုနဲ့ ရှင်ဘုရင့်သား ကိုယ်ရေပြားရောဂါတွေ စွဲကပ်နေတယ်ဆိုတော့ တခြားမင်းသားတွေလို စည်းစိမ်မရဘူး၊ သူများတွေတော့ စည်းစိမ်ဥစ္စာတွေပေးလို့ သူ့တော့ လူရည်မမီတဲ့သူမို့လို့ အဆင့်အတန်းမမီတဲ့သူမို့လို့ သူ့နန်းစည်းစိမ် မပေးဘူးပေါ့၊ မပေးတော့ ဆင်းရဲတာပေါ့နော်။

ဒါကြောင့် 'မောဃ'လို့ ဒီလိုနာမည်ကလေးတပ်တယ်၊ သူက လူရွယ်လူငယ်ဆိုတော့ ရာဇ- မင်း၊ မောဃက အချည်းအနှီးဆိုတော့၊ အချည်းအနှီးဖြစ်တဲ့မင်းဆိုတာ စည်းစိမ်မရတော့ သူ ဆင်းရဲတယ်မဟုတ်

လား၊ အဲဒါကို ဘာသာပြန်မယ်ဆိုရင် မောဃရာဇ- မင်းဆင်းရဲကလေး၊ မောဃရာဇ (မင်းဆင်းရဲကလေးပါ ဘုရား)၊ မင်းဆင်းရဲကလေး၊ ဒီလိုပဲ ခေါ်ကြပါတယ်၊ ဘာပြုလို့တုံးဆိုတော့ သူ့စည်းစိမ်ရရဲ့လား (မရပါဘူး ဘုရား)၊ သူက ဘာရောဂါတွေစွဲလို့ (နူနာရောဂါတွေစွဲလို့ပါ ဘုရား)၊ နူနာရောဂါတွေစွဲလို့ သူ့နန်းစည်းစိမ်ရရဲ့လား၊ မရလို့တဲ့၊ ဒါကြောင့် သူ့ကို မင်းဆင်းရဲကလေးခေါ်တယ်၊ မောဃရာဇ- မင်းဆင်းရဲကလေး၊ ဘေးက ဒီလိုပဲ ခေါ်ကြပါတယ်။

## ဆင်းရဲတဲ့ဘဝ သံဝေဂရလို့

အဲသလိုနဲ့ အရွယ်ရောက်လာပြီ၊ အသက်နှစ်ဆယ်၊ နှစ်ဆယ် ကျော်ကျော်တောင်ဖြစ်လာပြီ၊ စည်းစိမ် ရသင့်ရထိုက်ရဲ့သားနဲ့ မရတော့ သူလည်း သံဝေဂတွေနဲ့၊ ကဲ. . . လူ့ဘဝနေရတာလည်း မကောင်းပါဘူး၊ တောပဲထွက်တော့မယ်ဆိုပြီးတော့ တောထွက်လာတယ်၊ ဘယ်သူတုံး (မောဃရာဇပါ ဘုရား)၊ မောဃရာဇ တပည့်တော်ဘဝက အဲသလိုလာခဲ့ တာ ဘုရား့၊ တောထွက်ပြီးတော့လာတော့ တောထဲမှာ ဆရာတစ်ဆူ လုပ်ပြီးတော့နေတဲ့ ဗာဝရီပုဏ္ဏားကြီးနဲ့ လာတွေ့တယ်ဘုရား့၊ ဗာဝရီပုဏ္ဏား၊ ဘာတဲ့တုံး (ဗာဝရီပုဏ္ဏားပါ ဘုရား)။

ဗာဝရီပုဏ္ဏားက ပညာရှိကြီးပဲ၊ သူ့ထံမှာ ချဉ်းကပ်ပြီးတော့ ပညာသင်ကြားနေတဲ့ လူငယ်လူရွယ်တွေ ငါးရာခန့်လောက်ရှိတယ်၊ ဘယ်လောက်ရှိတုံး (ငါးရာခန့်ပါ ဘုရား)၊ အဲဒီထဲ တပည့်တော်ရောက် သွားတယ်ဘုရား့၊ တပည့်တော်လည်းပဲ အဲဒီထဲမှာပဲ ပညာသင်တယ်၊ ဗာဝရီပုဏ္ဏားကြီးရဲ့ထံမှာ တပည့်ခံပြီးတော့ ပညာသင်ကြားပြီးတော့ နေပါတယ်ဘုရား့၊ အခုဆိုလို့ရှိရင် တောထဲရောက်သွားပြီ မဟုတ်လား

(မှန်လှပါ ဘုရား)၊ တောထဲမှာ ဗာဝရီပုဏ္ဏားကြီးရဲ့ထံမှာ ပညာနည်းခံပြီးတော့ သင်နေတယ်၊ အဲဒီအချိန်မှာ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားကလည်း ပွင့်ပေါ်လာလို့ ဟိုနေရာ ဒီနေရာမှာ တရားတွေ ဟောနေပြီ၊ နာမည်တွေလည်း ကြီးနေပြီ၊ အဲဒီ ဘုရားကိုယ်တော်မြတ်ထံ အကြောင်းအရာကလေးတွေ လျှောက်ချင်တယ်။

ပုဏ္ဏားကြီးက၊ ဗာဝရီပုဏ္ဏားကြီးက၊ ဒါပေမဲ့ သူကိုယ်တိုင်တော့ မသွားဘူး၊ သူက အသက်ရှစ်ဆယ်ကျော်ကျော်လောက်၊ ဘုရားကိုယ်တော်မြတ်က အခုမှပွင့်ပေါ်လာတာ၊ အသက် ၃၅- နှစ်၊ ၄၀- အတွင်းရှိသေးတယ်၊ ငယ်တဲ့သူ့ထံ ချဉ်းကပ်ရတာ တယ်ဂုဏ်ငယ်တယ်၊ သူက ဒီလိုကိုး၊ ဒါပေမဲ့ ဘုရားကိုယ်တော်မြတ်က ပြောတာဆိုတာတွေ မှန်တယ်လို့ဆိုတော့လည်း အဲဒီမှန်တာတော့လည်း သူ လေးစားပါတယ်။

## သေမင်းမမြင်အောင် ဘယ်လိုပုန်းရှောင်ရမလဲ

ဒီတော့ သူကိုယ်တိုင် မလျှောက်ထားဘူး၊ သူ့တပည့်တွေ အလျှောက် ထားခိုင်းတယ်၊ ဟိုအကြောင်းအရာ၊ ဒီအကြောင်းအရာတွေ သိချင်တာကို တပည့်တွေအလျှောက်ထားခိုင်းတာပေါ့နော်၊ ဘယ်သူကတုံး၊ ဗာဝရီပုဏ္ဏားကြီးက၊ အဲသလိုနဲ့ ဟိုအကြောင်းအရာ၊ ဒီအကြောင်းအရာလေးတွေ လျှောက်ထားခိုင်းတာ၊ တစ်ယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက်၊ ငါးယောက်နဲ့ အခု မောဃရာဇဆိုတဲ့ မင်းဆင်းရဲကလေးကို ခိုင်းပြီ။

၁၅- ယောက်မြောက်၊ ဒီသူဆိုရင် ဘယ်နှယောက်မြောက် (၁၅- ယောက်မြောက်ပါ ဘုရား)၊ ၁၅- ယောက်မြောက်ကွယ့်၊ သွားလျှောက်စမ်းပါ၊ ငါသိချင်တဲ့ အချက်အလက်ကလေးတွေ ရှိနေတယ်၊ အဲဒါ ငါ

ကိုယ်တိုင်လည်း မသွားချင်ဘူး၊ မင်းက ထက်တဲ့သူပဲ၊ ဉာဏ်ပညာတော်တဲ့ကောင်၊ သွားလျှောက်စမ်းကွယ့်၊ လျှောက်ရမယ့် အကြောင်းအရာက လောကကြီးတစ်ခုလုံးကို သေမင်းက လိုက်သတ်နေတယ်၊ လောကကြီးတစ်ခုလုံးကို (သေမင်းကလိုက်သတ်နေပါတယ် ဘုရား)၊ သေမင်းက လိုက်သတ်နေတယ်၊ ဘယ်သူ့မှ မထားဘူးနော်၊ ဂုဏ်ရှိတဲ့သူလည်း မထားဘူး၊ ဂုဏ်မဲ့တဲ့သူကိုလည်း မထားဘူး၊ ချမ်းသာတဲ့သူကိုလည်း မထားဘူး၊ သတ်တာပဲ၊ ဆင်းရဲတဲ့သူကိုလည်း သတ်တာပဲ၊ ကြီးတဲ့သူတွေကိုလည်း သတ်တာပဲ၊ ငယ်တဲ့သူတွေကိုလည်း သတ်တာပဲ၊ အကုန်လုံး ဘယ်သူ့မှ မထားဘဲ လိုက်သတ်နေတယ်ကွဲ့၊ ဘယ်သူကတုံး (သေမင်းကပါ ဘုရား)။

အဲဒီသေမင်း မမြင်အောင် ပုန်းနေလို့လည်း မရဘူး၊ သေမင်း မမြင်အောင် ပုန်းနေလို့မရဘူး၊ ကောင်းကင်တက်နေလို့လည်း မရဘူး၊ ရေထဲငုပ်နေလို့လည်း မရဘူး၊ တောင်ခေါင်းထဲသွားပြီးတော့ ပုန်းအောင်းနေလို့လည်း မရဘူး၊ သေမင်းက မြင်တာပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီ သေမင်းမမြင်အောင် ဘယ်လိုလုပ်ရမလဲ၊ သေမင်းမမြင်အောင် ဘယ်လိုရှုရမလဲ၊ အဲဒါငါသိချင်တယ်ကွယ်၊ သွားလျှောက်ပေးစမ်းပါလို့ အခု ဗာဝရီပုဏ္ဏားကြီးက ခိုင်းပြီနော်၊ ဘယ်သူ့ကိုခိုင်းတာတုံး (မောဃရာဇကိုပါ ဘုရား)၊ တပည့်တော်ခိုင်းလို့ တပည့်တော်က ဒီတုန်းက သွားခဲ့ရပါတယ်၊ ဘုရားထံရောက်တော့ လျှောက်ပုံလျှောက်နည်းတွေပါ ဟိုက သင်ပေးလိုက်တယ်နော်။

**ကထံ လောကံ အဝေက္ခန္တံ မစ္စု ရာဇာ န ပဿတိ**၊ ဘုရားထံရောက်တဲ့အခါကျတော့ လျှောက်တယ်၊ **ဘန္တေ**- မြတ်စွာဘုရား၊ **ကထံ**- အဘယ်နည်းအားဖြင့်၊ **လောကံ**- ရုပ်နာမ်လောကကြီးကို၊ **အဝေက္ခန္တံ**- ရှုတဲ့ပုဂ္ဂိုလ်ကို၊ **မစ္စုရာဇာ**- သေမင်းသည်၊ **န ပဿတိ**- မမြင်ရနိုင်ပါသလဲ

ဘုရား၊ ဘယ်လိုတရားကို ဘယ်လိုမှတ်လို့ ဘယ်လိုရှုရင် သေမင်းမမြင်နိုင်အောင်ဖြစ်ပါသလဲဘုရား၊ အခုတော့ သေမင်းက မလွတ်ဘူးဘုရား၊ အကုန်လုံးကို လိုက်သတ်နေတယ် ဘုရား၊ ဒီလိုမဟုတ်လား၊ ဘယ်လိုလျှောက်တာတုံးဆိုတော့ "သေမင်းမမြင်အောင် ဘယ်လိုလုပ်ရမလဲဘုရား"၊ ဒီအချက်မဟုတ်လား (မှန်လှပါ ဘုရား)။

## မသေဘဲကျန်ရစ်ခဲ့တဲ့သူ ဘယ်သူများ ရှိပါလိမ့်

အားလုံး ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့ ကိုယ်နေထိုင်ရတဲ့လောကကြီးကိုလည်း ပြန်ကြည့်လိုက်စမ်းပါလား၊ ဘယ်သူများ မသေတဲ့သူ၊ မသေဘဲနေရတဲ့သူ ရှိသလဲ (မရှိပါဘူး ဘုရား)၊ မရှိပါဘူး၊ အကုန်လုံးသေရတာမဟုတ်လား (မှန်လှပါ ဘုရား)၊ သေမင်းက လူစေ့အောင်ပဲလိုက်သတ်သတ်နိုင်လွန်းတယ်နော်၊ သူ မမြင်အောင် ပုန်းနေလို့ရလား (မရပါဘူးဘုရား)၊ မရပါဘူး၊ ချမ်းသာတဲ့သူ ပိုက်ဆံတွေ ပေးထားလို့ကောရလား၊ မရပါဘူး၊ ဆင်းရဲတဲ့သူ တောင်းပန်ထားလို့ကော ရရဲ့လား၊ မရပါဘူး၊ အကုန်လုံးသတ်တယ်၊ အရှင်မောဂ္ဂလာန် ကိုယ်တော်ကြီးဆိုလို့ရှိရင် ကောင်းကင်တက်နေလိုက်တယ်၊ ခိုးသားတွေက သူ့ရိုက်မလို့လာတော့ ကောင်းကင်တက်နေလိုက်တော့ လွတ်သွားတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ခိုးသားတွေလည်း ပြန်ကုန်ရော ဒီတော့မှ ကျောင်းပြန်ဆင်းပြီးတော့ နေလိုက်တယ်။

ဟာ. . . ဒီကနေ့ လွတ်သွားပြန်ပြီ၊ နောက်တစ်နေ့လာကြပြန်ပြီ၊ ရှင်မောဂ္ဂလာန်ကြီးကို ရိုက်မလို့၊ တစ်အုံကြီးပဲ ရုတ်ရုတ် ရုတ်ရုတ်နဲ့လာတော့ သူကအဘိညာဉ်နဲ့ ကောင်းကင်တက် နတ်ပြည်သွားပြီးတော့နေလိုက်တယ်၊ မိသေးလား (မမိပါဘူး ဘုရား)၊ မမိဘူး၊ လွတ်သွား

ပြန်တယ်၊ အဲဒီနည်းအားဖြင့် နောက်တစ်နေ့ကျတော့ ပြဟ္မာ့ပြည်သွားနေလိုက်တယ်၊ နောက်တစ်နေ့ကျတော့ ဟို မိုးပေါ်တက်ပြီးတော့ စကြာလျှောက်ပြီးတော့ နေလိုက်တယ်၊ ဒီလိုဆိုတော့ ခိုးသားတွေက ရိုက်နှက်လို့မရတော့ဘူးပေ့ါ။

အဲ. . . အဲသလိုနဲ့ ရက်တွေတော်တော်ကြာကြာပါတဲ့ ရှောင်ပုန်းပြီးတော့နေတာ၊ အစပိုင်းတော့ လွတ်တာပေ့ါလေ၊ နောက်တော့ သူဆင်ခြင်ကြည့်တယ်၊ ငါ ဒီနည်းအားဖြင့် ရှောင်ရှားလို့ လွတ်နိုင်ပ့ါမလားလို့ပြန်ပြီးတော့ဆင်ခြင်တော့ မလွတ်နိုင်ဘူး၊ ဘာပြုလို့လဲဆိုတော့ သူကလည်း အမယ်. . . တစ်ချိန်တုန်းက သူ့အမေအဖေတွေ သတ်ခဲ့တယ်ဆိုပါလား၊ ဘယ်သူတုံး (ရှင်မောဂ္ဂလာန်ပါ ဘုရား)။

## ပြုခဲ့ဖူးတဲ့ အကုသိုလ် အကြောင်းကံကြောင့်

အရှင်မောဂ္ဂလာန်ရဲ့ အလောင်းအလျာ ဘယ်သူ့ကိုသတ်ခဲ့ (အမေအဖေကို သတ်ခဲ့ပါတယ်ဘုရား)၊ အမေအဖေတွေ သတ်ခဲ့ဖူးတယ်၊ အဲဒီကံတရားတွေက လိုက်နေတာ၊ လိုက်နေတာ၊ အလှည့်မရသေးလို့လိုက်နေတာ၊ ဒီဘဝအကျိုးပေးမှ ဖြစ်မယ်၊ အကျိုးမပေးလို့ရှိရင်လွတ်သွားမယ် မဟုတ်လား (မှန်လှပါ ဘုရား)။

အဲဒါကြောင့် အဲဒီကံတရားတွေက နောက်ကလိုက်နေသလိုဖြစ်တယ်နော်၊ အဲဒါကို မြင်တော့မှ သြော်. . . ဘယ်လောက်ပဲ ငါပုန်းရှောင်ရှောင် မရနိုင်ပါကလားဟဲ့ဆိုတာ သိတော့မှ ကဲ. . . ခိုးသားတွေ၊ လူဆိုးတွေ၊ ဓားပြတွေလာပေမယ့်လို့ ရှောင်မပြေးတော့ဘူး၊ ဒီအတိုင်းနေလိုက်တော့မှ ဟ ဟ ဟ. . . မပြေးစေနဲ့ဟေ့- ဟေ့ ဟိုဘက်ကဆီးဟ- ဒီဘက်က ကာဟ- တုပ်ဟ၊ ကြိုးနဲ့တုပ်ဟ၊ အဲသလို ဝိုင်းအုံပြီး

တော့ ကြိုးတွေနဲ့တုပ်ဖမ်း၊ ရိုက်လိုက်နှက်လိုက်ကြတာ စိစိညက်ညက် ကြေသွားတာဆိုပဲ၊ ဘယ်သူတုံး (အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးပါ ဘုရား)။

ဘုန်းတန်ခိုးကြီးတဲ့ကိုယ်တော်ကြီး ပျံတော်မူရရှာတယ် မဟုတ်လား၊ သေမင်းက လွတ်အောင်ရှောင်လို့ ရရဲ့လား (မရပါဘူး ဘုရား)၊ အို. . . သေရတာပါပဲ၊ ကောင်းကင်တက်နေလို့ လွတ်ရဲ့လား (မလွတ်ပါဘူး ဘုရား)၊ ဟာ. . . ရေထဲမှာ ရေငုပ်သင်္ဘောကြီးနဲ့ ပင်လယ်ထဲ အောက်ထဲသွားပြီးတော့ ငုပ်နေလို့ကော လွတ်လား (မလွတ်ပါဘူးဘုရား)၊ ဒါမှမဟုတ် စားစရာ၊ သောက်စရာတွေ အပြည့်နဲ့ ဟိုတောင်ခေါင်းကြီး ထဲသွားပြီးတော့ ဘယ်သူမှ မသိအောင် ပုန်းအောင်းနေလို့ကော သေမင်းက လွတ်ပါ့မလား (မလွတ်ပါဘူး ဘုရား)၊ မလွတ်ဘူး။

ဘယ်မှာပဲနေနေ သေမင်းက မလွတ်ဘူးတဲ့၊ သေမင်းမလွတ်ဘူး၊ ကောင်းကင် မြေလျှိုး၊ ရေဝယ်တိုး၍၊ ပုန်းလျှိုးနေခို၊ မသေလိုလည်း၊ ဤကိုယ်မုချ၊ မနေရဘူး၊ ဒီခန္ဓာကိုယ်ကြီး နေလို့ရမလား၊ မရပါဘူး၊ ဘယ်မှာပဲနေနေ သေမင်းလက်က လွတ်ပါ့မလား (မလွတ်ပါဘူး ဘုရား)၊ သေမင်းက မြင်တာပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ မြင်တာပဲ၊ ဟိုး. . . သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ်သွားပြီးတော့ ကပ်နေလို့ကော ရမလား (မရပါဘူး ဘုရား)၊ မရဘူး၊ မရဘူး။

## သေမင်းမမြင်တဲ့နေရာ ဘယ်မှာရှိပါလိမ့်

ဒီအချက်တွေ သိချင်တယ်၊ ဗာဝရီပုဏ္ဏားကြီးက ဒီအချက်တွေ သိချင်တယ်၊ သေမင်းလွတ်တဲ့နေရာမရှိပါပဲကလား ဒီအတိုင်းဆိုလို့ရှိရင်၊ အရှင်ဂေါတမကတော့ အကုန်သိတဲ့ပုဂ္ဂိုလ်၊ သွားလျှောက်စမ်းကွယ်၊

ဒီအကြောင်းအရာ သိချင်တယ်၊ **'ကထံ လောကံ အဝေက္ခန္တံ မစ္စုရာဇာ န ပဿတိ'**၊ **ဘန္တေ**- မြတ်စွာဘုရား၊ **ကထံ**- အဘယ်နည်းအားဖြင့်၊ **လောကံ**- ရုပ်နာမ်လောကကြီးကို၊ **အဝေက္ခန္တံ**- ရှုတဲ့ပုဂ္ဂိုလ်ကို၊ **မစ္စုရာဇာ** - သေမင်းသည်၊ **နပဿတိ**- မမြင်ရနိုင်ပါသလဲဘုရား၊ ဘယ်လိုနေမှ၊ ဘယ်လိုထိုင်မှ သေမင်းဘဝက လွတ်ရမလဲ၊ သေမင်းမမြင်အောင် ပုန်းနိုင်မလဲ၊ ဒီအချက်သိချင်တယ်၊ သွားလျှောက်ပေးပါကွယ်ဆိုလို့ လျှောက်တာ မဟုတ်လား (မှန်ပါဘုရား)၊ ဟုတ်တယ်၊ အသေတွေက မလွတ်ပါဘဲ ကလား၊ ဒီအတိုင်းဆိုလို့ရှိရင် ကောင်းကင်တက်နေလို့လည်း မရ၊ ရေထဲ ငုပ်နေလို့လည်း မလွတ်၊ တောင်ခေါင်းထဲ ပုန်းအောင်းနေလို့လည်း မဖြစ်၊ သီတာခုနစ်တန်၊ တောင်စဉ်ခုနစ်ထပ် သွားကပ်နေလို့လည်း မလွတ်ဆို တော့ ဘယ့်နှယ်လုပ်ပုံ့မလဲ၊ ဒီအချက်ကို သိချင်နေတာမဟုတ်လား (မှန်လှပါ ဘုရား)။

ဟုတ်တယ်၊ **ဇရာမရဏ၊ ဒုက္ခဝဋ်တွင်း၊ အိုရခြင်းနှင့်၊ သေမင်းလွတ်အောင်၊ ဘယ်သို့ရှောင်အံ့၊ တောင်ခုနစ်ထွေ၊ ရေခုနစ်ထပ်၊ လေးကျွန်းရပ်ခွင်၊ ကောင်းကင်သမုဒ္ဒရာ၊ စကြဝဠာ မြေထဲ၊ ပုန်းခိုလှဲလည်း၊ အမြဲမချွတ်၊ သေဘေးဝဋ်မှ၊ မလွတ် ဒို့မှာ၊ အမြဲသာတည့်** ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီသဘောတွေ ဟောတာပေါ့။

**န အန္တလိက္ခေ**- ကောင်းကင်တက်နေလို့လည်း မလွတ်၊ **န သမုဒ္ဒမဇ္ဈေ**- ရေထဲမှာ ဝင်ပုန်းအောင်းနေလို့လည်း မလွတ်၊ **န ပဗ္ဗ တာနံ ဝိဝရံ ပဝိဿ**- တောင်ခေါင်းထဲ ဝင်ပုန်းအောင်းနေလို့လည်း မလွတ်ဘူး၊ ဒါ ဘုရားကိုယ်တော်မြတ်ကြီးက ပြောတယ်၊ အဲဒါဘယ်လို လုပ်ရမလဲ သိချင်သကွယ်၊ သွားလျှောက်ပေးစမ်းပါဆိုလို့ အခု လျှောက်နေတာ

မဟုတ်လား (မှန်လှပါ ဘုရား)။

## ကြီးသူငယ်သူ ဘယ်သူမှမနေ သေကြရမှာ

ဘယ်သူက လျှောက်ပေးရ (မောဃရာဇပါ ဘုရား)၊ ခိုင်းတာက ဘယ်သူကခိုင်း (ဗာဝရီပုဏ္ဏားကြီးကပါ ဘုရား)၊ ဟုတ်တယ်၊ ဗာဝရီပုဏ္ဏားကြီးက၊ ဒါသိဖို့ကော မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)၊ ကောင်းပါတယ်၊ သိဖို့ကောင်းလို့ပဲ မေးနေတာ၊ ဟုတ်ပါတယ်၊ လောကကြီးတစ်ခွင်လုံး ကြည့်လိုက်လို့ရှိရင် မိမိတို့ရဲ့ အဘိုးတွေ၊ အဘွားတွေလည်း သေခဲ့ကြပေါ့၊ ဒီလိုတွေ မဟုတ်လား (မှန်လှပါဘုရား)။

ဟိုး . . . ဒီထက် ဒီထက် အဘိုးတွေ၊ အဘွားတွေ ရှေးရှေးကျတဲ့ အဘိုး၊ အဘွားတွေလည်း သေခဲ့ကြပြီ၊ တရွေ့တရွေ့နဲ့ မိမိတို့တစ်တွေလည်း သေဘက်နီးလာခဲ့ကြပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီသေမင်းကို လွတ်အောင် ဘယ့်နှယ်လုပ် ပုန်းရှောင်ရမလဲဆိုတဲ့ နည်းသိဖို့ မလိုအပ်ဘူးလား (လိုအပ်ပါတယ် ဘုရား)၊ လိုအပ်တာပေါ့၊ လိုအပ်တယ်နော၊ ဒါသိဖို့ လိုအပ်တယ်၊ မသိတဲ့အတွက် သေမင်းက ဘဝတိုင်း၊ ဘဝတိုင်း သတ်လို့ မိမိတို့တစ်တွေလည်း အသေချင်းထပ်ခဲ့ကြပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ မသေရတဲ့နေရာများရှိသလား (မရှိပါဘူး ဘုရား)၊ လာခဲ့ရတဲ့ဘဝတွေလည်း များလှပေါ့၊ ဒီထဲမှာ ဘဝတိုင်း၊ ဘဝတိုင်း သေမင်းက သတ်တယ်ဆို၊ အဲသလိုတဲ့။

## မွေးလာပြီး သေ၊ သေပြီးတစ်ဖန် ပြန်မွေး

တစ်ခါဟာတုန်းက ဥပသာဋ္ဌကဆိုတဲ့ ပုဏ္ဏားကြီးက သူ့သားကို မှာနေတာ၊ သား၊ ဘာတုံးဗျ၊ ဖေဖေသေလို့ရှိရင်လေ ဘယ်သူမှမမြှုပ်ဖူး

တဲ့နေရာ မြုပ်ပါကွယ့်၊ ကျွန်တော် ဘယ့်နှယ်လုပ်သိရမှာတုံး၊ သြော်. . . သားကလည်း ဖေဖေပြထားမှာပေ့ါ၊ ပြထားပါ၊ လာ. . . သား ဒီလိုဆို သွားကြစို့ဆိုပြီးတော့ သားအဖနှစ်ယောက် သွားကြတာ၊ အဲလိုနဲ့ တရွေ့ တရွေ့နဲ့ ဂိဇ္ဈကုဋ်တောင်ထိပ်ပေါ် ရောက်သွားတယ်၊ ဂိဇ္ဈကုဋ်တောင် ထိပ်ပေါ်ရောက်သွားတယ်၊ အဲဒီတင် တောင်ထိပ်ပေါ်လည်း ရောက်က ရော၊ တွေ့လား ဟောဟိုဘက်က တောင်တစ်လုံး၊ ဟိုဘက်က တောင် တစ်လုံး၊ ဒီကတောင်တစ်လုံး၊ ဒီတောင်သုံးလုံးရဲ့ကြား အလယ်ကောင်မှာ ဘယ်သူမှ မမြုပ်ဖူးသေးဘူးကွယ့်၊ ဖေဖေသေလို့ရှိရင် အဲဒီနေရာ မြုပ်ပါ။

အာ. . . ဟုတ်ကဲ့၊ ဟုတ်ကဲ့ဆိုပြီးတော့ သားအဖနှစ်ယောက် တောင်ပေါ်က ပြန်ဆင်းလာကြ၊ ဒီတင် ဘုရားကိုယ်တော်မြတ်က လမ်းခု လတ်မှာ တွေ့တာကိုး၊ ဟဲ့. . . ဒီသားအဖနှစ်ယောက် ဘယ်က ပြန်လာ ကြတာလဲ၊ ဒီတော့ သားလုပ်တဲ့သူက သွက်သွက်ပဲ ဖြေတယ်။

ဒီလိုဘုရာ့ ဖေဖေက ပြောတယ်၊ သူသေလို့ရှိရင် ဘယ်သူမှ မမြုပ်ဖူးတဲ့နေရာ မြုပ်ရမယ်ဆိုလို့ တပည့်တော်က မသိလို့ သူလိုက်ပြတာ ဘုရာ့၊ တွေ့ခဲ့ကြလား၊ တွေ့တယ်ဘုရာ့၊ ဘယ်နားမှာတုံး၊ ဟိုဘက်နားမယ် ဘုရာ့၊ ငါ့ပြစမ်းဟဲ့ဆိုတော့ ဒီတင်သားအဖနှစ်ယောက်က ရှေ့ကသွား၊ ဘုရားက နောက်ကလိုက်သွား၊ သားက ပြောပါတယ်၊ ဟောဟိုဘက်က တောင်တစ်လုံးဘုရာ့၊ ဒီဘက်က တောင်တစ်လုံး၊ ဟောဒီတောင် တစ်လုံးရယ်၊ ဟိုတောင်ရယ် ဒီတောင်သုံးလုံးရဲ့ကြား အလယ်ကောင်မှာ ဘယ်သူမှ မမြုပ်ဖူးသေးဖူးတဲ့ ဘုရာ့၊ ဖေဖေက ပြောတယ်၊ သူသေလို့ရှိရင် အဲဒီနေရာ မြုပ်ပါတဲ့ဘုရာ့ဆိုတော့ အမယ်လေးဟဲ့. . . သင်တို့က ဘယ်သူမှ မမြုပ်သေးဘူးလို့ အောက်မေ့သလား၊ အို. . . ဒို့ပြင်သူတွေ ဒို့ပြင်သူတွေအသာထားအုံး၊ ဟော. . . သင့်ရဲ့ဖခင်ဟာ ဒီရာဇဂြိုဟ်မြို့မှာ

ချည်းထဲဖြစ်ပြီးတော့ ပုဏ္ဏားမျိုးမှာဖြစ်၍ ဥပသာဠကဆိုတဲ့နာမည်နဲ့ ချည်းပဲ ဟောဒီ တောင်သုံးလုံးရဲ့ကြား အလယ်ကောင်မှာ **စုဒ္ဒသ ဇာတိ သဟဿာနိ ဇာပိတော-** ဘဝပေါင်း တစ်သောင်းနဲ့လေးထောင် မြှုပ်ပြီးပြီဟဲ့၊ ပြောတာ။

## ရှည်လျားတဲ့ဘဝသံသရာ

ဘဝပေါင်းတစ်သောင်းနဲ့ (လေးထောင်ပါ ဘုရား)၊ လေးထောင်၊ ဒို့ပြင်သူတွေမြှုပ်တာ ဒို့ပြင်သူတွေ မြှုပ်တာ အသာထားဦး၊ သင့်ဖခင်လေ ဥပသာဠကဆိုတဲ့ နာမည်နဲ့ချည်းထဲ ဒီတောင်သုံးလုံးရဲ့ အလယ်ကောင်မှာ ဘဝပေါင်း ဘယ်လောက်မြှုပ်ပြီးပြီလဲ (တစ်သောင်းနဲ့လေးထောင်ပါ ဘုရား)၊ မြှုပ်ပြီးပြီ ဟဲ့။

သင်တို့ကမသိလို့ ဘယ်သူမှ မမြှုပ်သေးဘူးလို့ ထင်တာဆိုတော့ သားအဖနှစ်ယောက် ငိုင်ကျသွားတယ်၊ အဲဒီတော့မှ ဘုရားကိုယ်တော်မြတ်ကြီးက ရှေ့ဆက်ဟောတော့ ဒီသားအဖနှစ်ယောက်လုံး သောတာပန်ဖြစ်ကုန်ကြပါသတဲ့၊ အေး. . . အဲဒါမြင်လို့လဲ ဘုရားကိုယ်တော်မြတ်ကြီးက အပင်ပန်းခံပြီးတော့ တောင်ခုလတ်ကနေ စောင့်နေတာ၊ သိတယ် သူတို့သားအဖနှစ်ယောက် တောင်ပေါ်တက်သွားတာ ဘာလုပ်ဖို့ တက်သွားတယ်ဆိုတာ သိသားပဲ။

အေး. . . ဟောရအောင်လို့ အခွင့်ကြည့်ပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက စောင့်ပြီးတော့ နေတယ်၊ အခုဟောလိုက်တော့ နှစ်ယောက်လုံး သောတာပန် ဖြစ်မကုန်ဘူးလား (ဖြစ်ကုန်ပါတယ် ဘုရား)၊ အဲသလိုပါတဲ့၊ ဒီတော့ နေရာတကာ တခြားသူတွေ မပြောထားနဲ့၊ ဒီသူတစ်ဦးတည်းချည်းပဲ အဲဒီနေရာမှာ ဘဝပေါင်းဘယ်လောက်တဲ့

(တစ်သောင်းနဲ့ လေးထောင်ပါ ဘုရား)။

တစ်သောင်းနဲ့လေးထောင်၊ တခြားတခြားနာမည်တွေနဲ့ တခြားတခြားသူတွေလည်း ဒီထဲ မြှုပ်ဖူးသေးတာပေါ့၊ အဲသလို ဘုန်းကြီးတို့ ဒကာ၊ ဒကာမတို့လည်း မသိလို့သာပါ၊ ဒီသဘောပါပဲ။

## ဘဝကအမျိုးစုံ၊ သေဖူးတဲ့နေရာက အထပ်ထပ်

တစ်ခါဟာတုန်းက အရှင်သာရိပုတ္တရာကိုယ်တော်ကြီး ဆွမ်းခံပြန်လာတော့ ဒီကနေ့ ငါမသေဖူးတဲ့နေရာမှာ ဆွမ်းစားမယ် စိတ်ကူးနဲ့ လေ၊ သပိတ်ကြီးပိုက်လို့၊ ဟိုဘက်ကြည့်လိုက်ပြန်တော့လည်း သေဖူး၊ ဒီဘက် ကြည့်လိုက်ပြန်တော့လည်း သေဖူး၊ ဟိုနေရာလည်း သေဖူး၊ ဒီနေရာလည်း သေဖူး၊ အနှံ့အပြားပဲကိုး၊ ဘဝသံသရာကြီးကလည်း ရှည်လှတယ်၊ ဒီထဲ ဘဝပေါင်းလည်းများစွာ မျိုးစုံဖြစ်ရတာ၊ အဲဒီထဲ နေရာတကာ သူ သေဖူးတာချည်း ဖြစ်နေတာပေါ့။

အဲဒါနဲ့ လျှောက်သွားလျှောက်သွားနဲ့ တရွေ့တရွေ့နဲ့ ကျောင်းထဲလည်းပဲ သေဖူးတာပဲ၊ နေရာတကာ အနှံ့အပြား မြေပြင်ကြီးတစ်ခုလုံး သေဖူးတဲ့ နေရာတွေချည်းဖြစ်နေ၊ အဲဒါနဲ့ လျှောက်. . . လျှောက်. . . လျှောက်သွားရင်းနဲ့ နောက်တော့ ပင်လယ်ကမ်းစပ်ကြီးနား ရောက်သွားဟာ. . . ဟောဟို ပင်လယ်ကမ်းစပ်နားမှာ ကျောက်တစ်တုံးကြီးတစ်တုံး ရှိတယ်၊ အေး. . . ဒီကျောက်တုံးကြီးပေါ်တော့ ငါမသေဖူးလောက်ပါဘူး လေ ဆိုပြီးတော့ ဆွမ်းစားမလို့ ကျောက်တုံးကြီးပေါ်တက်ပြီး တင်ပျဉ်ခွေ တာတဲ့။

အမယ်. . . ဆွမ်းလုပ်နှိုက်ခါနီးကျတော့မှ ဆင်ခြင်ကြည့်လိုက်တော့ အို. . . ပုစွန်လုံးကြီး ဖြစ်ဖူးတုန်းက ဒီကျောက်ကြားထဲ ညပ်သေခဲ့

ဖူးတာပဲ၊ အဲသလိုတဲ့၊ ဒီတော့ ဘဝပေါင်းကလည်း မျိုးစုံ၊ သေဖူးတဲ့နေရာတွေကလည်း ထပ်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ သေမင်းက နေရာတကာ အနံ့လိုက်သတ်တယ် မဟုတ်လား၊ ဒါကြောင့်လည်း ဒီအချက်ဟာ သိဖို့ကောင်းပါတယ်၊ သေမင်းမမြင်တဲ့ နေရာကို သိဖို့ ကောင်းတယ်။

သေမင်းမမြင်အောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အချက်ကို သိဖို့ မလိုအပ်ဘူးလား (လိုအပ်ပါတယ်ဘုရား)၊ လိုအပ်တယ်၊ ဒါကြောင့် သွားလျှောက်ခိုင်းတာ၊ **'ကထံ လောကံ အဝေက္ခန္တံ မစ္စုရာဇာ နပဿတိ'။ ဘန္တေ-** မြတ်စွာဘုရား၊ **ကထံ-** အဘယ်နည်းအားဖြင့်၊ **လောကံ-** ရုပ်နာမ် လောကကြီးကို၊ **အဝေက္ခန္တံ-** ရှုတဲ့ပုဂ္ဂိုလ်ကို၊ **မစ္စုရာဇာ-** သေမင်းသည်၊ **နပဿတိ-** မမြင်ရနိုင်ပါသလဲဘုရား၊ လျှောက်တာမဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . အဓိပ္ပာယ်ရရဲ့လား၊ သေမင်းမမြင်အောင် ဘယ်လိုပုန်းရှောင်ရမလဲဘုရားဆိုတာ မဟုတ်လား၊ ဟုတ်တယ်၊ သေမင်းလွတ်အောင် ရှောင်ချင်တယ်။

## သုညဖြစ်အောင်ရှုပါ

ဒီတော့မှ ဘုရားကိုယ်တော်မြတ်ကြီးက ပြောတယ်၊ **'သုညတော လောကံ အဝေက္ခဿု မောဃရာဇ သဒါသတော'**၊ **မောဃရာဇ-** မောဃရာဇအမည်ရတဲ့ မင်းဆင်းရဲကလေး၊ အများကလည်း ဒီလိုခေါ်တယ် မဟုတ်လား၊ ဒါကြောင့် ဘုရားကိုယ်တော်မြတ်ကလည်း သူ့ကို မင်းဆင်းရဲကလေးလို့ပဲ ခေါ်တယ်နော်၊ **သုညတော လောကံ အဝေက္ခဿု မောဃရာဇ သဒါသတော၊ အတ္တာနု ဒိဋ္ဌိ ဥဟစ္စ ဧဝံ မစ္စုတရော သိယာ။**

**မောဃရာဇ**- မောဃရာဇအမည်ရတဲ့ မင်းဆင်းရဲကလေး၊ **လောကံ**- ရုပ်နာမ်လောကကြီးကို၊ **သုညတော**- သုညအားဖြင့် (ဝါ) သုညဖြစ်အောင်၊ **အဝေက္ခဿု**- ရှုပါလော့၊ ရုပ်နာမ်လောကကြီးကို သုညဖြစ်အောင် ရှုပါ။ ရုပ်နာမ်လောကကြီးကို (သုညဖြစ်အောင်ရှုပါ ဘုရား)၊ သုညဖြစ်အောင် ရှုပါဆိုတော့ ခု အားလုံး ဒကာ၊ ဒကာမတွေ တရားနာနေတာ ခန္ဓာဘယ်နှပါး (ငါးပါးပါ ဘုရား)။

ခန္ဓာငါးပါးဆိုတာက ရူပက္ခန္ဓာ (ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါ ဘုရား)၊ အဲဒီထဲမှာ ရှေ့ဆုံးက ရူပက္ခန္ဓာက ရုပ်တရားတွေ၊ ကျန်တဲ့လေးပါးကတော့ နာမ်ခန္ဓာ နာမ်တရားတွေ၊ ရုပ်တရားနဲ့ နာမ်တရား၊ ရုပ်တရားနဲ့ နာမ်တရား။

## ဖြစ်တတ်ပျက်တတ်တဲ့ သဘောရှိလို့

အဲဒီ ရုပ်နာမ်နှစ်ပါးဟာ ဖြစ်တတ်၊ ပျက်တတ်၊ ပြောင်းလဲတတ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါ့ကြောင့် လောကလို့ ခေါ်တယ်၊ **လုဇ္ဇနပလုဇ္ဇန ဋ္ဌေနလောကော**- ဖြစ်တတ်၊ ပျက်တတ်တဲ့ အနက်သဘောကြောင့် လောကခေါ်တယ်၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး ဒီတရားတွေက တည်ငြိမ်နေတာ မဟုတ်ဘူး၊ ဖြစ်တတ် ပျက်တတ်တာတွေ မဟုတ်လား၊ ဒါကြောင့် သူတို့ကို ဘယ့်နှယ်ခေါ် လောက၊ ဘယ့်နှယ်ခေါ် (လောကပါ ဘုရား)၊ လောက။

အဲဒီလောကကြီးကိုတဲ့၊ အခု ဘုရားကိုယ်တော်မြတ်က ဖြေနေပြီ၊ ဒါ အရေးကြီးတဲ့အပိုင်း ရောက်လာပြီပေါ့နော်၊ **'သုညတောလောကံ အဝေက္ခဿု မောဃရာဇ သဒါသတော'**၊ **မောဃရာဇ**- မောဃရာဇ အမည်ရတဲ့ မင်းဆင်းရဲကလေး၊ **လောကံ**- ရုပ်နာမ်လောကကြီးကို၊ ရုပ်

တရားနဲ့ နာမ်တရား၊ အကျယ်ချဲ့ရင် ခန္ဓာငါးပါး၊ ဒီဥစ္စာကို လောကလို့ ခေါ်တယ် မဟုတ်လား၊ ဘာလို့လောကခေါ်၊ ဖြစ်တတ် ပျက်တတ်လို့၊ ဘာတဲ့ (ဖြစ်တတ်ပျက်တတ်လို့ပါ ဘုရား)၊ ဘာခေါ်တုံး (လောကပါ ဘုရား)၊ ဒီလိုပဲ ရှေးတုန်းက ခေါ်ပါတယ်၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို လောကလို့ ခေါ်တယ်နော်။

## ရုပ်နာမ်လောကကြီးကို သုညဖြစ်အောင်ရှု

အဲဒီလောကကြီးကိုတဲ့ **သုညတော**- သုညအားဖြင့် (ဝါ) သုည ဖြစ်အောင် (ဝါ) ဘာမှမရှိအောင်၊ **အဝေက္ခဿု**- ရှုပါလော့၊ ဘယ်သူက ပြောနေတာတုံး (ဘုရားကပြောနေတာပါ ဘုရား)၊ အရေးကြီးပြီ၊ အရေး ကြီးပြီ၊ ဘုရားက မိန့်တဲ့ဥစ္စာ ဘုန်းကြီးတို့ ယူရမယ်နော်၊ ဟိုကလာပြီးတော့ မေးတယ်၊ သေမင်းမမြင်အောင် ဘယ်လိုရှုမှတ်ရမလဲဘုရားဆိုတော့ သေမင်းမမြင်အောင် ဘယ်လိုရှုရမယ်၊ သုညဖြစ်အောင်ရှု၊ ဘာတဲ့ (သုည ဖြစ်အောင်ရှုရပါမယ် ဘုရား)၊ သုညဖြစ်အောင် ရှု၊ ဘာကို ရှုရမယ်၊ ရုပ်နာမ်လောကကြီးကို၊ ဘာကိုရှုရမယ် (ရုပ်နာမ်လောကကြီးကိုပါ ဘုရား)၊ ဘယ်လိုဖြစ်အောင်ရှုရမယ် (သုညဖြစ်အောင် ရှုရပါမယ် ဘုရား)၊ သုညဖြစ်အောင် ရှု။

## ခန္ဓာငါးပါး အရှုခံများ

ဟုတ်တယ်. . . သုညဖြစ်အောင်ရှုပါဆိုတော့ ရှုစရာ ခန္ဓာဘယ် နှပါး (ငါးပါးပါ ဘုရား)၊ ငါးပါး၊ ဘယ်သူတွေတဲ့ (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါ ဘုရား)၊ အဲဒါတွေက အရှုခံ တရားတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ အရှုခံဘက်က ခန္ဓာဘယ်နှပါး

(ငါးပါးပါ ဘုရား)။

တကယ်ရှုပြီဆိုရင်တော့ ငါးပါးထဲက တစ်ပါးပါး ရွေးရှုရမှာပေါ့ (မှန်လှပါ ဘုရား)၊ ရှုတဲ့ဥစ္စာတွေက ဉာဏ်တွေ၊ ရှုတဲ့ဥစ္စာတွေက ဉာဏ်တွေ၊ အရှုခံဘက်က ခန္ဓာငါးပါး၊ အေး. . . အဲဒီအထဲက အဦးဆုံးဖြစ်တဲ့ ရုပ်တရားကိုပဲ ပြောကြစို့နော်။

ရုပ်တရားကို အရှုခံထားမယ်၊ ဉာဏ်ငါးပါးက ရှုဉာဏ်များ၊ အရှုခံတရားနဲ့ ရှုဉာဏ်များ၊ အရှုခံတရားနဲ့ ရှုဉာဏ်များ၊ အဲသလိုလုပ်မယ်၊ ရုပ်တရားကို ရှုပြီ၊ ရုပ်တရားက အရှုခံ၊ ဉာဏ်ငါးပါးက ရှုဉာဏ်၊ ရုပ်တရားတွေက တည်ငြိမ်နေမှာလား၊ ဖြစ်ပျက်နေမှာလား (ဖြစ်ပျက်နေမှာပါ ဘုရား)၊ ရုပ်တရားတွေက အဖြစ်အပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ရုပ်တရားတွေက အဖြစ်အပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ဒီလိုမနေဘူးလား (မှန်လှပါ ဘုရား)၊ အဖြစ်အပျက်တွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ ဒုက္ခသစ္စာ၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)၊ မဂ္ဂသစ္စာ။

## သိမ်မွေ့တဲ့ရုပ်ရဲ့ ဖောက်ပြန်ပြောင်းလဲမှုကို ရှု

အေး. . . စောစောတုန်းက ပြောပြီးပြီ၊ ရုပ်တရားရှုတဲ့အခါ အတုံးအခဲရုပ်ကြီးလား၊ ဟို. . . သိမ်မွေ့တဲ့ရုပ်လား (သိမ်မွေ့တဲ့ရုပ်ပါ ဘုရား)၊ သိမ်မွေ့တဲ့ရုပ်၊ အတုံးအခဲကြီးတွေ မြင်နေလို့ကတော့ နိဗ္ဗာန်ရတဲ့ အမြင်မျိုး မဟုတ်ပါဘူးတဲ့၊ ဆရာတော်ဘုရားကြီးက ခဏခဏပြောပါတယ်၊ သိမ်မွေ့တဲ့ ရုပ်ကလေးတွေ မြင်မှ၊ သိမ်မွေ့တဲ့ ရုပ်ကလေးတွေကို မြင်ရမှ၊ ပထမပိုင်းဆိုရင် ဉာဏ်အောက်မှာ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းလဲနေတဲ့ သိမ်မွေ့တဲ့ ရုပ်ကလေးတွေကို မြင်ရမှာပေါ့။

အဲဒီရုပ်ကလေးတွေက အရှုခံ၊ ဉာဏ်ငါးပါးက ရှုဉာဏ်၊ ရုပ်က

လေးတွေက အရှုခံ၊ ဉာဏ်ငါးပါးက ရှုဉာဏ်ဆိုတော့ ရုပ်ကလေးတွေက အဖြစ်အပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ ဟုတ်ပေဘူးလား (ဟုတ်ပါတယ်ဘုရား)၊ ဖြစ်ပျက်တွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ ရှုတဲ့ဉာဏ်က ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)၊ ဟိုက ဖြစ်/ပျက်တာကို ဒီက ဖျတ်ခနဲ မဂ်ကလေးနဲ့ သိမယ်ပေါ့ (မှန်လှပါ ဘုရား)။

ဖြစ်ပျက်နေတာလေးကို မဂ်ကလေးနဲ့ သိမယ်၊ ဖြစ်ပျက်နေတာကို မဂ်နဲ့သိမယ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက် မဂ်၊ ဖြစ်ပျက် မဂ်၊ ဒါပဲ၊ နှစ်ခုတည်းပေါ့နော်၊ အကြည့်ခံတာလေးနဲ့ ကြည့်တဲ့ဉာဏ်၊ အကြည့်ခံနဲ့ ကြည့်ဉာဏ်၊ အကြည့်ခံနဲ့ကြည့်ဉာဏ်၊ ဒီနှစ်ခုပဲရှိမယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုလေးတွေနဲ့ ကြည့်ပြီးတော့နေတော့ ရုပ်တရားလေးတွေကို စောစောပိုင်းတော့ မြင်နေပါသေးတယ်၊ စောစောပိုင်းတော့ ဘယ့်နှယ်တုံး (မြင်နေပါသေးတယ် ဘုရား)၊ မြင်နေပါသေးတယ်၊ မြင်နေသေးရင် သုည မဟုတ်သေးဘူးပေါ့။

ဟာ. . . ရုပ်၊ ဆက်ရုပ်၊ ဆက်ရုပ်၊ ရုပ်များတော့လည်း ဖြစ်တာနဲ့ပျက်တာ၊ ဖြစ်တာနဲ့ ပျက်တာ၊ ရုပ်တရားတွေက အဖြစ်အပျက်၊ ရှုတဲ့ဉာဏ်က မဂ်၊ အဖြစ်အပျက်တွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)၊ အဲသလိုနဲ့ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်နဲ့ ဒီလိုမြင်နေတဲ့ အချိန်အခါမှာဆိုရင် ဒါ လမ်းစဉ်မှန်နေပြီပေါ့၊ ဟုတ်တယ်၊ လုပ်ရင်ရပါတယ်၊ အခု ရတဲ့သူတွေလည်း တွေ့နေပါပြီ၊ လျှောက်လည်း လျှောက်ကြပါတယ်။

## အရှိကို အရှိအတိုင်း မြင်အောင်ကြည့်ပါ

ကိုယ့်ဉာဏ် ကိုယ့်သန္တာန် ကိုယ့်ခန္ဓာနဲ့ ကိုယ့်ဉာဏ်နဲ့ ခန္ဓာပေါ်မှာ

ကြည့်တဲ့အခါမှာ သူ့အရှိအရှိအတိုင်း ဖြစ်ပျက်နေပုံလေးတွေ မြင်ကြပါတယ်၊ မြင်ပါတယ်၊ ဒီလိုမြင်ရင် အမှန်အတိုင်း မြင်ခြင်းပဲပေါ့၊ အဲသလို မြင်ပြီးတော့နေ၊ ထပ်ပြန်တလဲလဲ ရှု၊ ထပ်ပြန်တလဲလဲ ရှု၊ ရှုပါများလာတော့ ဒါပါပဲလား၊ ဖြစ်တာနဲ့ ပျက်တာ၊ ဖြစ်တာနဲ့ ပျက်တာ၊ ရှိတာကလည်း ဒါပဲရှိတာ မဟုတ်လား (မှန်လှပါ ဘုရား)။

ဒါကို အမှန်အတိုင်း မြင်ပြီးတော့လာတော့ ထပ်ပြန်တလဲလဲ မြင်ပါများလာတော့ သူတို့အပေါ်မှာ တွယ်တာမှု ကင်းကွာလာတယ်၊ တွယ်တာမှု ကင်းကွာလာတယ်၊ တွယ်တာမှုဆိုတဲ့ လိုချင်တတ်တဲ့ လောဘတဏှာ ကင်းကွာလာတာပေါ့၊ ကင်းကွာလာလည်း ဆက်ရှု၊ ကင်းကွာလာလည်း ဆက်ရှု၊ ဟိုတုန်းကတော့ လိုချင်ခဲ့တယ်၊ ဒီလိုဟာတွေ မသိလို့၊ အခုတော့ ဖြစ်ပျက်နေတာဆိုပဲ့လား၊ ဖြစ်ပျက်နေတာမျိုး ဖြင့် မလိုချင်တော့ပါဘူး။

ဒီအနေအထားပေါ့နော်၊ ရှုနေပါ၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက်မဂ် ရှုရင်း ရှုရင်း ရှုရင်းနဲ့ တဖြည်းဖြည်း နောက်ဆုံးကျတော့ ဖျတ်ခနဲ ရှုနေတဲ့ဉာဏ်အောက်မှာ အဖြစ်အပျက်တွေ ပျောက်သွားပါတယ်တဲ့။

ရှုနေတဲ့ ဉာဏ်အောက်မှာပဲ အဖြစ်အပျက်တွေ ပျောက်သွားပါတယ်တဲ့၊ ဒီတော့ ဒီဉာဏ်ဟာ ဘာနဲ့သွားတည့်၊ အဖြစ်အပျက်မရှိတာနဲ့ သွားတည့်၊ ဘာနဲ့သွားတည့် (အဖြစ်အပျက်မရှိတာနဲ့ သွားတည့်ပါတယ် ဘုရား)၊ အဖြစ်အပျက်တွေတုံးက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ အဖြစ်အပျက်မရှိတာကျတော့ ဘာသစ္စာ (နိရောဓသစ္စာပါ ဘုရား)၊ အဲဒါနဲ့ သွားတည့်တာ၊ ဒီဉာဏ်ဟာနော်၊ မြင်တဲ့ဉာဏ်ကတော့ ဘာတုံး၊ မဂ္ဂသစ္စာ၊ ဟုတ်ကဲ့နော် (မှန်လှပါ ဘုရား)၊ ပြန်ပြောပါဦးမယ်၊ စောစောတုန်းက ဖြစ်ပျက် မဂ်၊ ဖြစ်ပျက် မဂ်၊ ဖြစ်ပျက်မဂ်နဲ့ ဆိုပြီးတော့ အဖြစ်

အပျက်နဲ့ မဂ်နဲ့၊ ဖြစ်ပျက်ကလေးတွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)၊ အဖြစ်အပျက်မြင်တဲ့ ဉာဏ်ဆိုတော့ ရှစ်ပါးလား၊ ငါးပါးလား (ငါးပါးပါ ဘုရား)၊ ငါးပါးဆိုတော့ လောကုတ်လား၊ လောကီလား (လောကီပါ ဘုရား)၊ ဟုတ်တာပေါ့၊ အရှုခံ ကလည်း ဒုက္ခသစ္စာဆိုတော့ မြင်တဲ့ဉာဏ်ကလည်း လောကီပဲပေါ့၊ မြင်တဲ့ ဉာဏ်ကလည်း (လောကီပါ ဘုရား)၊ လောကီ၊ ဟာ ဒီလိုဆိုရင် မှန်နေပြီ၊ လမ်းစဉ်တည့်နေပြီ၊ ဒီဥစ္စာကို မလွှတ်ပါနဲ့၊ မလွှတ်ပါနဲ့၊ ရှုပါ၊ ရှုပါ။

## ရှုတဲ့ဉာဏ်အောက်မှာ ဖြစ်/ပျက်တွေ ပျောက်သွားတယ်

ရှုပါများပြီးတော့လာတဲ့အခါကျတော့ နောက်ဆုံးကျတော့ ဒီအပေါ်မှာ တွယ်တာမှု ကင်းကွာလာတယ်၊ ကင်းကွာလာတယ်ဆိုတော့ မလိုချင်ဘူးပေါ့နော်၊ မလိုချင်လည်း ရှုပါ၊ ရှုရင်း၊ ရှုရင်း၊ ရှုရင်းနဲ့ ဖျတ်ခနဲ ရှုတဲ့ ဉာဏ်အောက်မှာ အရှုခံတရား အဖြစ်အပျက်ကလေးတွေ ဖျတ်ခနဲ ပျောက်သွားတယ်တဲ့၊ ပျောက်သွားတယ်ဆိုတော့ ဒီဉာဏ်က ဘာနဲ့သွား တည့်၊ အဖြစ်အပျက် မရှိတာနဲ့ သွားတည့်၊ ဘာတဲ့ (အဖြစ်အပျက် မရှိ တာနဲ့ သွားတည့်ပါတယ် ဘုရား)၊ ဖြစ်ပျက်မရှိတာဆိုတာ ဘာသစ္စာ (နိရောဓသစ္စာပါ ဘုရား)။

အဲဒီ နိရောဓသစ္စာနဲ့ သွားတည့်တာပေါ့၊ အဲသလို သွားတည့်တဲ့ အခါကျတော့ ငါးပါးမကတော့ဘူး၊ ရှစ်ပါး၊ ငါးပါးမကတော့ဘူး၊ ရှစ်ပါး၊ ရှစ်ပါးဆိုတော့ လောကီလား၊ လောကုတ်လား (လောကုတ်ပါဘုရား)၊ လောကုတ်၊ ဟိုဘက်က နိရောဓသစ္စာကကော၊ လောကီလား၊ လောကုတ် လား (လောကုတ်ပါဘုရား)၊ လောကုတ်၊ လောကုတ်ချင်းပေါ့နော်၊

စောစောတုန်းကတော့ လောကီ၊ လောကီချင်း အခုတော့ ဘာတုံး (လောကုတ်၊ လောကုတ်ချင်းပါ ဘုရား)၊ အဲသလိုဆို ဖျတ်ခနဲ ဒီဉာဏ် အောက်မှာ အဖြစ်အပျက်မရှိတာဆိုတာ ဘာသစ္စာ (နိရောဓသစ္စာပါ ဘုရား)၊ နိရောဓသစ္စာဆိုတာ နိဗ္ဗာန်မဟုတ်လား (မှန်လှပါ ဘုရား)၊ နိဗ္ဗာန် ကို သွားမြင်လိုက်တာ၊ ဘာကိုသွားမြင် (နိဗ္ဗာန်ကို သွားမြင်ပါတယ် ဘုရား)၊ ဘာနဲ့မြင်တုံး (ဉာဏ်နဲ့မြင်ပါတယ် ဘုရား)၊ ဉာဏ်က ငါးပါးလား၊ ရှစ်ပါးလား (ရှစ်ပါးပါ ဘုရား)၊ ရှစ်ပါး၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ သီလမဂ္ဂင်သုံးပါးပါ တိုးလာပြီးတော့ ယခင်ငါးပါးထဲမယ် သုံးပါး တိုးလိုက်တော့ ရှစ်ပါး၊ ရှစ်ပါးဆိုတော့ လောကုတ္တရာဖြစ်သွားတာ မဟုတ် လား (မှန်လှပါ ဘုရား)။

## ဖြစ်/ပျက်မရှိတာကို ဉာဏ်နဲ့မြင်တာ

အဲဒီအချိန်မှာ အဖြစ်အပျက်တွေ မြင်တာလား၊ အဖြစ်အပျက် မရှိတာကို မြင်တာလား (အဖြစ်အပျက်မရှိတာကို မြင်တာပါ ဘုရား)၊ ဖြစ်ပျက်ဘာမှ မရှိဘူးဆိုတော့ သုညပေါ့နော် (မှန်လှပါ ဘုရား)၊ ဘာမြင် တယ်၊ သုညမြင်တယ်၊ ဩော်. . . သုညမြင်အောင်ရှုပါဆိုတာလေ၊ **'သုညတော လောကံ အဝေက္ခဿု မောဃရာဇ သဒါသတော'**၊ မောဃရာဇ- မောဃရာဇ အမည်ရတဲ့ မင်းဆင်းရဲကလေး၊ မရှုခင်လေ၊ **အတ္တာနု ဒိဋ္ဌိံ ဥဟစ္စ**၊ အတ္တဒိဋ္ဌိကို ခွာလိုက်ပါဦး၊ အမယ် ပါတယ်နော်၊ ဒါကြောင့် ဆရာတော်ဘုရားကြီးကလည်း ပြောတာကိုး။

အေး. . . မရှုခင် ဒိဋ္ဌိခွာပါဦး၊ ဒိဋ္ဌိခွာပါဦးဆိုတာ ဒါပြောတာနော် (မှန်လှပါ ဘုရား)၊ အတ္တာနုဒိဋ္ဌိံ- အတ္တဒိဋ္ဌိကို၊ ဥဟစ္စ- ပယ်နှုတ်ပြီး၍ (ဝါ) ပယ်နှုတ်ပြီးမှ၊ လောကံ- ရုပ်နာမ်လောကကြီးကို၊ သုညတော- သုည

အားဖြင့် (ဝါ) သုညဖြစ်အောင် (ဝါ) ဘာမှမရှိအောင်၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂနဲ့ ဖျတ်ခနဲ အဖြစ်အပျက်ကလေးတွေ မရှိအောင်၊ ဒါကို သုညမဟုတ်လား (မှန်လှပါ ဘုရား)။

အဝေကျွသူ- ရှုပါလေ့၊ ခုတိုင်းဆိုလို့ရှိရင် သုညဆိုက်သွားပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ သုညနဲ့ သုညတ၊ သုညနဲ့ သုညတ အတူတူပဲ၊ သုညဆိုက်တယ်ဆိုတာ သုညတဆိုက်တယ်ပေါ့၊ ဘာဆိုက်တယ် (သုညတဆိုက်ပါတယ် ဘုရား)။

## ရှုတဲ့ဉာဏ်ဟာ ဖြစ်ပျက်နဲ့တည့်နေတယ်

ဒါနဲ့ပတ်သက်ပြီးတော့ မိလိန္ဒမင်းကြီးကမေးလို့ အရှင်နာဂသိန်ရဟန္တာမြတ်က ဖြေထားတယ်၊ ဒီဥစ္စာလေး ဒီမှာ ပြောချင်ပါတယ်၊ အရှင်ဘုရား၊ အရှင်ဘုရားတို့က ကိစ္စပြီးပြီလို့ ဆိုတယ်၊ ဒီတော့ မင်္ဂဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဘယ်လိုဟာလဲဘုရား၊ မေးတယ်နော်၊ ဒီတော့ အရှင်နာဂသိန်က ပြောတယ်၊ **တံ တဿ စိတ္တံ အပရာပရံ မနသိကရောတော၊ ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ ဩက္ကမတိ** တဲ့၊ **အပရာပရံ-** တပြောင်းပြန်ပြန်၊ **မနသိကရောတော-** နှလုံးသွင်းသော၊ **တဿ-** ထိုယောဂီပုဂ္ဂိုလ်၏၊ **တံစိတ္တံ-** ထိုစိတ်သည်၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂနဲ့ အရှုခံနဲ့ရှုဉာဏ် ထပ်ပြန်တလဲလဲ ရှုနေလို့ရှိရင် အဲဒီရှုတဲ့ ပုဂ္ဂိုလ်ရဲ့ဉာဏ်နော်၊ **တံစိတ္တံ-** ထိုစိတ်သည် (ဝါ) ထိုစိတ်နဲ့ယှဉ်တဲ့ဉာဏ်သည်၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂနဲ့ဆိုတော့ ဒီဉာဏ်က ဘယ်သူနဲ့ သွားတည့်နေတုံး၊ ဖြစ်ပျက်နဲ့ သွားတည့်နေတယ်၊ ဘယ်သူနဲ့ သွားတည့်၊ ဖြစ်ပျက်နဲ့ သွားတည့်၊ ဖြစ်ပျက်တွေကို မြင်နေတယ် မဟုတ်လား (မှန်လှပါ ဘုရား)။

ဘာသစ္စာတွေမြင်တာတုံး၊ ဒုက္ခသစ္စာတွေမြင်နေတာ၊ ဥပ္ပါဒ် အတိက္ကမိတ္တာ- အဲလိုဖြစ်ပျက်နေတဲ့ဥစ္စာတွေကို ဖျတ်ခနဲ ကျော်လွန်ပြီး တော့၊ အနုပ္ပါဒ် သြကြမတိ- အဖြစ်အပျက်မရှိတဲ့ နယ်ဘက်ကို လည်ထွက် သွားတာ၊ အစတုန်းက ဒီဉာဏ်ဟာ ဘာနဲ့တည့်နေတုံး (ဖြစ်ပျက်တွေ နဲ့ တည့်နေပါတယ် ဘုရား)၊ ရှုပါများ၊ ရှုပါများတော့ ကြာတော့ ဖျတ်ခနဲ ဒီဉာဏ်ဟာ ဘယ်ဘက်လည်ထွက်သွား (အဖြစ်အပျက်မရှိတဲ့ဘက်ကို လည်ထွက်သွားပါတယ် ဘုရား)၊ အစတုန်းကတော့ ဘယ်သူနဲ့ တည့်နေ တာတုံး (အဖြစ်အပျက်နဲ့ တည့်နေပါတယ် ဘုရား)။

## အဖြစ်အပျက်မရှိတဲ့ဘက်ကို ဉာဏ်က လည်ထွက်သွားတယ်

နောက်တော့ တဖြည်း တဖြည်း ဉာဏ်အားတွေ ကောင်းလာပြီး တော့ ဖျတ်ဆို ဉာဏ်အောက်မှာလည်း အဖြစ်အပျက်မရှိဘူး၊ ဉာဏ်က လည်း အဖြစ်အပျက်မရှိတဲ့ဘက်ကို လည်ထွက်သွားတယ်၊ ဒီတော့ ဒီ အချိန်မှာ ဉာဏ်နဲ့ဘာနဲ့ တည့်နေတုံး (ဖြစ်ပျက်မရှိတာနဲ့ သွားတည့်နေပါ တယ်ဘုရား)၊ ဖြစ်ပျက်နေတာတွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)။

အဲဒီတုန်းက ဘယ်နှပါးပါလိမ့် (ငါးပါးပါ ဘုရား)၊ ငါးပါးနဲ့ မြင်တာ၊ အခု ဖျတ်ခနဲ ဉာဏ်အားတွေကောင်းသွားတော့ ဒီဉာဏ်က အဖြစ်အပျက်မရှိတဲ့ဘက်ကို လည်ထွက်သွားတယ်ဆိုတော့ အဖြစ် အပျက်မရှိတာနဲ့ သွားတည့်တာပေ့ါ၊ အဖြစ်အပျက်မရှိတာက ဘာသစ္စာ (နိရောဓသစ္စာပါ ဘုရား)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)၊ အဲဒီ အဖြစ်အပျက်မရှိတာကို မြင်တယ်ဆိုတော့ ဟော. . . ငါးပါးလား၊

ရှစ်ပါးလား (ရှစ်ပါးပါ ဘုရား)။

ရှစ်ပါးဆိုတော့ လောကီလား၊ လောကုတ်လား (လောကုတ်ပါ ဘုရား)၊ လောကုတ်၊ ဉာဏ်ကကို အဲသလို လည်ထွက်သွားတယ်တဲ့၊ ဒီတော့ တရားထိုင်နေတယ်ဆိုတော့ ငုတ်တုတ်ကြီး ဘေးကနေကြည့်ရင် ငုတ်တုတ်ကြီး မမြင်ရဘူးလား (မြင်ရပါတယ် ဘုရား)၊ ငုတ်တုတ်ကြီးမှ မြင်နေရရင် ဒီခန္ဓာကြီးဆိုတော့ ရုပ်တွေနဲ့ နာမ်တွေနဲ့ ဆိုတော့လည်း ဖြစ်ပျက်နေမှာပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ သို့သော် သူ့ဟာသူ ဖြစ်ပျက်နေတာ၊ ဉာဏ်က အဲဒီဖြစ်ပျက်ဘက်ကို လှည့်ရဲ့လား (မလှည့်ပါဘူး ဘုရား)၊ မလှည့်ဘူး၊ ဘယ်ဘက်လှည့်သွား၊ အဖြစ်အပျက်မရှိတဲ့ ဘက်ကို လှည့်သွား၊ ဘယ်ဘက်ကို လှည့်သွား (အဖြစ်အပျက်မရှိတဲ့ ဘက်ကို လှည့်သွားပါတယ် ဘုရား)၊ အေး. . . ခန္ဓာကိုယ်ကြီးကတော့ ဒီအတိုင်းရှိနေတာပဲ၊ ပျောက်တော့ မပျောက်ဘူး။

သို့သော်ဉာဏ်က အဲဒီခန္ဓာကိုယ်ကြီးဘက်ကို လှည့်ရဲ့လား (မလှည့်ပါဘူး ဘုရား)၊ မလှည့်ဘူး၊ ဘယ်ဘက်ကို လှည့်သွား၊ အဖြစ်အပျက်မရှိတဲ့ဘက်ကို လှည့်သွား၊ အဖြစ်အပျက်မရှိတဲ့ဘက်ကို လှည့်သွားတယ်လို့ ဒီလို အရှင်နာဂသိန်ရဟန္တာမြတ်က ဖြေပါတယ်။

## ခန္ဓာငါးပါး တစ်ပါးပါးရဲ့ အဖြစ်အပျက်ကို ရှု

**အယံ ဝုစ္စတိ မဟာရာဇ နိဗ္ဗာနံ သစ္ဆိ ကရောတီတိ၊** ဒါပဲ မင်းကြီး၊ နိဗ္ဗာန်ကို မဂ်ဉာဏ်နဲ့ မျက်မှောက်ပြုတယ်ဆိုတာ အဲဒါပဲ မင်းကြီး၊ ဖြေပါတယ်၊ ဒါဖြင့် ဘုန်းကြီးတို့ တရားအလုပ် အားထုတ်ပြီးတော့နေတဲ့ အခါ တစ်ခုခုတော့ ရအောင်လုပ်၊ ရုပ်ရဲ့အဖြစ်အပျက်ပဲ ဖြစ်ဖြစ်၊ ဟော. . . ဝေဒနာရဲ့ အဖြစ်အပျက်ပဲ ဖြစ်ဖြစ်၊ သညာရဲ့ အဖြစ်အပျက်ပဲ

ဖြစ်ဖြစ်၊ သင်္ခါရရဲ့ အဖြစ်အပျက်ပဲ ဖြစ်ဖြစ်၊ စိတ်ရဲ့အဖြစ်အပျက်၊ ဘယ်သူ့ရဲ့ အဖြစ်အပျက်ပဲ မြင်မြင်နော်၊ အဖြစ်အပျက်ရဖို့ပဲ မဟုတ်လား (မှန်လှပါ ဘုရား)။

ဝေဒနာကြိုက်တဲ့သူက ဝေဒနာရှုပါ၊ ဝေဒနာရှုတော့ ဝေဒနာတွေ့ရမှာလား၊ ဝေဒနာရဲ့ အဖြစ်အပျက်တွေ့ရမှာလား (ဝေဒနာရဲ့ အဖြစ်အပျက်တွေ့ရမှာပါ ဘုရား)၊ ကြိုက်တာရှုပါနော်၊ ကြိုက်တာရှုပါ၊ သညာရှုချင်ရှု၊ သညာတွေ့ရမှာလား၊ သညာရဲ့ အဖြစ်အပျက်တွေ့ရမှာလား (သညာရဲ့အဖြစ်အပျက် တွေ့ရမှာပါ ဘုရား)၊ သင်္ခါရရှုချင်ရှု၊ သင်္ခါရတွေ့ရမှာလား၊ သင်္ခါရရဲ့ အဖြစ်အပျက်တွေ့ရမှာလား (သင်္ခါရရဲ့ အဖြစ်အပျက်တွေ့ရမှာပါ ဘုရား)။

စိတ်ရှုချင်ရှု၊ စိတ်တွေ့ရမှာလား၊ စိတ်ရဲ့အဖြစ်အပျက်တွေ့ရမှာလား (စိတ်ရဲ့အဖြစ်အပျက်တွေ့ရမှာပါ ဘုရား)၊ ဟုတ်တယ်၊ ဒါဖြင့် အဖြစ်အပျက်ရှုဖို့၊ အဖြစ်အပျက်ရဖို့ပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဖြစ်ပျက်နေတဲ့သဘောတွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ ဒုက္ခသစ္စာ မြင်တော့တာပေါ့၊ ဒါလိုပါတယ်၊ ဒါလိုရင်းပဲ အရေးကြီးပါတယ်၊ ဒါအရေးကြီးပါတယ်၊ အဖြစ်အပျက်မြင်ပြီဆိုလို့ရှိရင် လမ်းမှန်ပြီ၊ လမ်းစဉ်တည့်ပြီ၊ ဟုတ်ကဲ့နော် (မှန်လှပါ ဘုရား)။

## ဖြစ်ပျက်မြင်ရင် လမ်းစဉ်မှန်ပြီ

အေး. . . ဒီမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တိုင် ပြောနေပြီ၊ ရှုတဲ့အခါမှာ အတုံးကြီး၊ အတုံးအခဲကြီးမြင်ရမှာလား၊ သုညဖြစ်သွားတာကို မြင်ရမှာလား (သုညဖြစ်သွားတာ မြင်ရမှာပါ ဘုရား)၊ ပြောပြီမဟုတ်လား၊ ပြီးတော့ မရှုခင်လည်း ဘာခွာရဦးမယ် (ဒိဋ္ဌိခွာရပါဦး

မယ်ဘုရား)။

ဟာ. . . ဒီမှာလမ်းစဉ် အပြည့်အစုံပေ့ါ။ ဘုရားကိုယ်တော်မြတ်ကြီးက ပြောနေတာ၊ ဒီမှာအပြည့်အစုံရှိတယ် မဟုတ်လား၊ အေး. . . အဲသလို ရှုရင်း ရှုရင်းနဲ့ အဖြစ်အပျက်တွေ မြင်နေသေးတယ်ဆိုရင်ပဲ လမ်းစဉ်မှန်ပြီ ဆိုတာတော့ သိရပါရဲ့၊ လမ်းဆုံးပြီလား (မဆုံးသေးပါဘူး ဘုရား)၊ မဆုံးသေးပါဘူး၊ ဒါဆိုရင် ဝမ်းသာပါတော့၊ ဆက်ရှုပါ၊ ဆက်ရှုပါ၊ အဖြစ်အပျက်တွေ ဖြိုင်ဖြိုင်မြင်၊ အဖြစ်အပျက်တွေ လှိုင်လှိုင်မြင် သဘောကျတာပေ့ါနော်၊ ကောင်းတာပေ့ါ။ အဲသလိုသာ ရှုပါ၊ ရှုပါ၊ ဒီအတိုင်းဆိုရင် ဖြစ်ပျက်နဲ့ မဂ်နဲ့၊ ဖြစ်ပျက်နဲ့ မဂ်နဲ့ တည့်နေတယ် မဟုတ်လား (မှန်လှပါ ဘုရား)။

မဂ်က လောကုတ်လား၊ လောကီလား (လောကီပါ ဘုရား)၊ လောကီပဲ ရှိပါသေးတယ်၊ အဖြစ်အပျက်မြင်တုန်းတော့ ဘာတုံး (လောကီပါ ဘုရား)၊ လောကီပဲရှိပါသေးတယ်၊ ဟာ. . . ဒါကိုပဲ မနည်းပါဘူးတဲ့၊ လောကီမဂ်၊ အဖြစ်အပျက်မြင်တာသည်ပင် မနည်းပါဘူး၊ သိပ်တန်ဖိုးကြီးပါတယ်၊ ဘုရားကိုယ်တော်မြတ်က ပြောတာဖြင့် **ယောစ ဝဿ သတံ ဇီဝေ၊ အပ္ပဿံ ဥဒယဗ္ဗယံ။ ဧကာ ဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။** အဓိပ္ပာယ်က အဖြစ်အပျက်မမြင်ဘဲနဲ့ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ပြီးတော့ နေတာထက် အဲသလို အဖြစ်အပျက်လေး မြင်ပြီးတော့ တစ်ရက် အသက်ရှင်ရတာက ပိုပြီးတော့ မြတ်တယ်။

အဲသလိုတောင် ဘုရားကိုယ်တော်မြတ်ကြီးက တန်ဖိုးထားဟောကြားပါတယ်၊ အဖြစ်အပျက်မြင်တာဟာ အင်မတန် တန်ဖိုးကြီးတယ်၊ ဘာပြုလို့တုံးဆိုတော့ ကိုယ်သွားရမယ့်ခရီး လမ်းဆုံးရဲ့အစကို တွေ့တာမဟုတ်လား (မှန်လှပါ ဘုရား)၊ ကိုယ်သွားရမယ့် လမ်းဆုံးရဲ့အစ

ကို တွေ့တာဆိုတော့ ဒီလမ်းစဉ်တွေ့ပြီဆိုရင် လမ်းစဉ်တည့်ပြီ၊ ငါတို့လုပ်တာ မှန်ပြီဆိုပြီးတော့ ရှေ့ဆက်သွားရုံပဲ မဟုတ်လား (မှန်လှပါ ဘုရား)။

## ဖြစ်ပျက်မြင်ပြီး
## တစ်ရက်အသက်ရှင်ရတာကမှ

ဒါကြောင့်ပြောတာပေါ့၊ အဖြစ်အပျက်မမြင်ဘဲနဲ့ အသက်ရှည်လို့ကတော့ ဘယ်လောက်ပဲ ရှည်ရှည် ရှည်ရှည်ပါပဲ၊ ဟော. . . ဖြစ်ပျက်ကလေးမြင်ပြီးတော့ အသက်ရှင်တဲ့ အရှည်မျိုးက တစ်ရက်ပဲဖြစ်ဖြစ်၊ ဟောဟို နှစ်တစ်ရာလောက် ရှည်တာထက်ပိုပြီးတော့ တန်ဖိုးကြီးတယ်လို့ ပြောတာပေါ့ (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဒါ ဘုရားစကားပါပဲ၊ ဖြစ်ပျက်မပါ၊ သက်တစ်ရာ၊ နေတာအလကား၊ ဘာတဲ့ (ဖြစ်ပျက်မပါ၊ သက်တစ်ရာ၊ နေတာအလကား)၊ ဖြစ်ပျက်ကိုမြင် တစ်နေ့ပင်၊ လွန်လျှင်ထို့ထက် အကျိုးများ၊ (ဖြစ်ပျက်ကိုမြင် တစ်နေ့ပင်၊ လွန်လျှင်ထို့ထက် အကျိုးများ)၊ ဖြစ်ပျက်ကိုမြင် တစ်နေ့ပင်၊ လွန်လျှင်ထို့ထက် အကျိုးများ၊ အခုနတုန်းက ဘုရားစကားနဲ့ အတူတူပဲမဟုတ်လား (မှန်လှပါ ဘုရား)။

အေး. . . လုပ်လိုက်ကြစမ်းပါ၊ အခု အချိန်ရှိပါသေးတယ်၊ ဒီအချိန်ထက် ပိုကောင်းတာမရှိဘူး၊ အားလုံး အခွင့်အရေးစုံညီကြလို့ ဒီရောက်လာကြတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ရောက်လာတာ၊ ရက်တွေများဖို့ အချိန်တွေများဖို့ မဟုတ်ဘူး၊ တည့်လိုက်လို့ရှိရင် သမာဓိတည်တည်နဲ့ စိုက်လိုက်လို့ရှိရင် ခဏလေးအတွင်းမှာ မြင်နိုင်ပါတယ်။

အို. . . တစ်ကြိမ်တစ်ခါ မြင်ထားရင်ပဲ ဒီအဖြစ်အပျက် မြင်တာဟာ သစ္စာကို မြင်တာမဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာသစ္စာကို မြင်တာ (ဒုက္ခသစ္စာကိုမြင်တာပါ ဘုရား)၊ ဒါပဲ၊ လူတိုင်းမမြင်နိုင်ဘူး၊ ဒါ

ဉာဏ်နဲ့ မြင်တာနော၊ မျက်စိနဲ့ မြင်တာလား၊ ဉာဏ်နဲ့မြင်တာလား (ဉာဏ်နဲ့ မြင်တာပါ ဘုရား)။

ဒါပဲ သစ္စာသိ သစ္စာသိဆိုတာ အဲဒါပြောတာ၊ ဒီလို အဖြစ် အပျက်ကလေး တစ်ကြိမ်တစ်ခါ မြင်ရင်ပဲတဲ့၊ တစ်ဘဝ၊ နှစ်ဘဝတော့ အပါယ်မလားဘူးတဲ့၊ ဆရာတော်ဘုရားကြီး ပြောပါတယ်၊ တစ်ဘဝ၊ နှစ်ဘဝ အပါယ်မလားဘူး၊ အေး. . . အဲသလောက်တော့ သူ တာဝန်ယူ ပါတယ်၊ ဘယ်တော့မှ အပါယ်မလားအောင်ဆိုလို့ ရှိရင်တော့ အဲဒီ အဖြစ် အပျက်တွေဆုံးသွားတာကို မြင်အောင်ကြည့်ရမှာပေါ့။

## ဖောက်ပြန်ပြောင်းလဲနေတာကို သိရမယ်

ဟုတ်တယ်၊ အခု အဲဒါပြောနေပြီ၊ ဘုရားကိုယ်တော်မြတ်ကြီး လည်း ဒါပြောနေပြီ၊ ဘယ်တော့မှ မသေချင်ဘူးဆိုလို့ရှိရင် သုညတဆိုက် အောင်ရှုပါ၊ ပြောတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ သုညတဆိုက် အောင် ရှုပါ၊ သုညနဲ့ သုညတ အတူတူပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ သုညနဲ့ သုညတ အတူတူပါပဲ၊ ရုပ်ရှုတဲ့အခါ ရုပ်တွေ့ရမှာလား၊ ရုပ်ရဲ့ အဖြစ်အပျက်တွေ့ရမှာလား (ရုပ်ရဲ့အဖြစ်အပျက်တွေ့ရမှာပါ ဘုရား)။

ရုပ်တုံးရုပ်ခဲကြီး အစိုင်အခဲကြီး သန္တတိဒြပ်ကြီး အတုံးအခဲကြီး မြင်နေရုံနဲ့တော့ မပြီးသေးဘူးနော် (မှန်လှပါ ဘုရား)၊ ရှုတဲ့အခါကျတော့ အဲသလို မဟုတ်ဘဲနဲ့ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပြောင်းလဲပြီးတော့နေတဲ့ သဘော ကလေးတွေထိအောင် မြင်ရမှာနော် (မှန်လှပါ ဘုရား)။

အဲဒါလေးတွေက အဖြစ်အပျက်ကလေးတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီတော့ ရုပ်ရှုချင်ရှု၊ ရုပ်တွေ့ရမှာလား၊ ရုပ်ရဲ့အဖြစ် အပျက်တွေ့ရမှာလား (ရုပ်ရဲ့အဖြစ်အပျက်ကို တွေ့ရမှာပါ ဘုရား)၊

ဝေဒနာရှုချင်ရှု၊ ဝေဒနာတွေ့ရမှာလား၊ ဝေဒနာရဲ့ အဖြစ်အပျက်တွေ့ ရမှာလား (ဝေဒနာရဲ့ အဖြစ်အပျက်တွေ့ရမှာပါ ဘုရား)၊ အေး. . . ခဲခဲ ယဉ်းယဉ်းမဟုတ်ဘူးနော်။

## အားလုံးမမြဲကြ အနိစ္စ

ဝေဒနာဆိုတာ ခု ဘုန်းကြီးတို့ အိုက်တယ်ဆိုပါတော့၊ အိုက်တယ် ဆိုရင် နည်းနည်းမနေသာတာလေး မဟုတ်လား၊ ဝေဒနာမဟုတ်လား (မှန်လှပါ ဘုရား)၊ မနေသာတဲ့ဝေဒနာဆိုတော့ ဘာဝေဒနာတုံး (ဒုက္ခ ဝေဒနာပါ ဘုရား)၊ ဒုက္ခဝေဒနာ၊ ဒီတော့ ယပ်လေး ခတ်မပေးဘူးလား (ခတ်ပါတယ် ဘုရား)၊ ယပ်တောင်ကလေး ခတ်လိုက်တဲ့အခါကျတော့ အိုက်တာလေး ရှိသေးလား (မရှိတော့ပါဘူး ဘုရား)၊ လွင့်ထွက်သွားတယ်၊ အဲဒီနေရာ ဘာဝင်လာတုံး (သုခဝေဒနာဝင်လာပါတယ် ဘုရား)၊ အေးအေးလေးဆိုတော့ ချမ်းချမ်းသာသာလေး မဟုတ်လား၊ ဘာဝေဒနာ တုံး (သုခဝေဒနာပါ ဘုရား)။

အဲလိုဆိုတော့ ဒုက္ခဝေဒနာဟာ မြဲရဲ့လား (မမြဲပါဘူး ဘုရား)၊ သူ့နေရာ ဘယ်သူအစားဝင်လာ၊ သုခဝေဒနာ၊ အဲဒီလို ယပ်တောင် ဟိုဘက် ရောက်သွားခါရှိသေးတယ်၊ တစ်ခါပြန်အိုက်လာပြန်ပြီ၊ အိုက်လာ တယ်ဆိုတော့ သုခဝေဒနာလေး လွင့်သွားတာပေါ့။ ဒီတော့ သုခဝေဒနာ လေးကော မြဲရဲ့လား (မမြဲပါဘူး ဘုရား)၊ ဪ. . . ဒီလိုဆိုရင် ဒုက္ခ ဝေဒနာလည်း မမြဲဘူး၊ သုခဝေဒနာလည်း မမြဲဘူး၊ ဒါကလေးသိနေတာ သည်ပင် အပြောင်းအလဲလေးတွေ သိနေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီ အပြောင်းအလွဲကလေးတွေ သိနေတာ အဖြစ်အပျက် ကလေးတွေ သိတာပဲမဟုတ်လား (မှန်လှပါ ဘုရား)။

ဒါပဲ. . . ဒါပဲ အကြီးအကျယ်မဟုတ်ဘူး၊ အဲဒါလေး သိသိနေတာက ဘာသစ္စာ မဂ္ဂသစ္စာ၊ ပြောင်းလဲနေတာတွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ ဒါပါပဲလား၊ အင်တိုက်အားတိုက် လုပ်ဖို့မဟုတ်ပါဘူး၊ ဒီဥစ္စာလေးတွေ မလွတ်အောင် သိနေရုံပါပဲ၊ အဲသလိုနဲ့ သိပါများလာတော့ အခုချိန်တော့ သိစရာလေး ရှိနေသေးတယ် မဟုတ်လား (မှန်လှပါဘုရား)။

အေး. . . အပြောင်းအလဲလေးတွေက ဘာသစ္စာ (ဒုက္ခသစ္စာပါဘုရား)၊ သိသိနေတာက ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)၊ ဒီတုန်းကတော့ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ဆိုတော့ ငါးပါးနဲ့ပေါ့နော် (မှန်လှပါ ဘုရား)၊ ကြာတော့ သိပါများလာတော့ သူတို့အပေါ်မှာ မုန်းလာတာပေါ့၊ နိဗ္ဗိန္ဒဉာဏ် ဖြစ်တာပေါ့နော်၊ အဲဒါ ဆက်ရှုလိုက်တော့ ဖျတ်ခနဲ ဆုံးသွားတယ်၊ ဆုံးသွားတယ်ဆိုတာ အဖြစ်အပျက်ကလေးတွေဘက်ကို မလည်ဘူး၊ အဖြစ်အပျက်မရှိတဲ့ ဘက်ကို ဉာဏ်ကလည်ထွက်သွားတာ၊ ဟုတ်ကဲ့နော်။

## ဘာမှ မရှိတာနဲ့ ဉာဏ်နဲ့သွားတည့်တာ

အဲသလိုဆိုတော့ ဘာမှမရှိတာကို ဉာဏ်နဲ့သွားတည့်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ သုညဖြစ်တာကို သွားမြင်တာပေါ့၊ သုညဆိုက်သွားတယ်နော်၊ သုညနဲ့ သုညတအတူတူဆိုတော့ သုညတဆိုက်သွားတယ်ပေါ့၊ ဒါဖြင့် ဘုရားကိုယ်တော်မြတ်ကြီးက ပြောတာ၊ သုညတဆိုက်အောင် ရှုပါပေါ့၊ ဘာတဲ့တုံး (သုညတဆိုက်အောင်ရှုပါ ဘုရား)။

ဘယ်ရဟန်းဟောတာတုံး (မောဃရာဇရဟန်းပါ ဘုရား)၊ အဲဒီတင် သောတာပန်ဖြစ်ပြီးတော့ တပည့်တော် ရဟန်းပြုခွင့်ပေးတော်မူပါဆိုတာနဲ့ သူ့ရဟန်းပြုခွင့် ပေးလိုက်တာနဲ့ သာသနာတော်ထဲရောက်

လာတာ၊ အဲ. . . ဒီရောက်လာပြန်တော့လည်း ဒီပုဂ္ဂိုလ်က နှယ်နှယ် မဟုတ်ဘူး၊ ပါရမီနဲ့လာခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတော့ သူ အသီတိသာဝကဝင်ထဲ ပါဝင်လာတယ်၊ ထက်လည်းထက်တဲ့ ပုဂ္ဂိုလ်၊ လက်ဝဲတော်ရံဘက်က သုံးဆယ့်ကိုးပါးမြောက် မဟုတ်လား (မှန်လှပါ ဘုရား)၊ အိုး. . . . ဆင်းဆင်းရဲရဲ သက်န်းစုတ်စုတ်ပြတ်ပြတ် ဝတ်တတ်တဲ့နေရာမှာ သူက ဧတဒဂ်တောင် ရတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီကိုယ်တော်ပါ၊ အခု အဲဒီကိုယ်တော်ဟောတဲ့ တရားအရ ချုပ်လိုက်တော့ ဘုန်းကြီးတို့ အားလုံး တရားရချင်တယ်ဆိုရင် သုညတဆိုက်အောင် ရှုရမှာပေါ့ (မှန်လှပါ ဘုရား)။

ရုပ်ရှုရှု၊ နာမ်ရှုရှု ဘယ်လိုဆိုက်အောင် ရှုရမယ် (သုညတဆိုက် အောင် ရှုရပါမယ် ဘုရား)၊ အားလုံး ကိုယ်စီကိုယ်င သုညတဆိုက်အောင် ရှုနိုင်ကြပါစေ ရှုလည်းရှုကြပါလို့. . . တိုက်တွန်းရင်း အချိန်စေ့တဲ့အတွက် တော်ကြဦးစို့။ ။

သာဓု. . . သာဓု. . . သာဓု

# ဖဂ္ဂုနရဟန်း

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အကြောင်းအရာ တစ်ခုခုနဲ့ စပ်ပြီးတော့ တရားဟောတော့မယ်ဆိုလို့ရှိရင်-

"တံသုဏာထ သာဓုကံ မနသိကရောထ" လို့ မိန့်ဟတော်မူလေ့ရှိပါတယ်၊ **တံသုဏာထ**- အခုဟောမဲ့ တရားတော်ကို နားစိုက်ကြကုန်လော့၊ **သာဓုကံ**- ကောင်းမွန်စွာ၊ **မနသိကရောထ**- အသည်းနှလုံးထဲမှာ စွဲပြီးတော့ကျန်ရစ်အောင် စိတ်ထဲမှာထားကြကုန်လော့၊ ဒီလို အဓိပ္ပာယ်ရပါတယ်၊ ဒီအဓိပ္ပာယ်တွေကိုပဲ အတုယူပြီးတော့ ဘုန်းကြီးတို့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီးကလည်း တရားကိုနာကြ၊ တရားကိုပဲ နှလုံးသွင်းကြလို့ အကျဉ်းမျှ

တိုက်တွန်းတော်မူလေ့ရှိတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . ဒီသဘော၊ ဒီမူစနစ်တွေ မယွင်းရအောင် ဘုန်းကြီးကလည်း အကျဉ်းမျှပဲ တိုက်တွန်းပါတယ် (မှန်လှပါ ဘုရား)။

ဒီကနေ့ ဖဂ္ဂုနရဟန်းအကြောင်းကို ဟောရမယ်၊ ဖဂ္ဂုနသုတ်ဆိုတာနော်၊ အေး. . . အဲဒီဖဂ္ဂုနရဟန်းအကြောင်း ဒီကနေ့ဟောရပါမယ်၊ ဖဂ္ဂုနဆိုတဲ့ ကိုယ်တော်ကလေးက **တေန ခေါ ပန သမယေန အာယသ္မာ ဖဂ္ဂုနော ဒုက္ခိတော ဟောတိ ဗာဠ္ဟဂိလာနော၊** အဲဒီဖဂ္ဂုနဆိုတဲ့ကိုယ်တော်ကလေးက **အာဗာဓိကော ဟောတိ ဒုက္ခိတော ဗာဠ္ဟ ဂိလာနော။** သူ့အဓိပ္ပာယ်က **တေန ခေါ ပန သမယေန-** ထိုအခါ၌၊ **အာယ သ္မာ ဖဂ္ဂုနော-** အရှင်ဖဂ္ဂုနရဟန်းသည်၊ **အာဗာဓိကော-** အနာရောဂါ ပြင်းပြင်းထန်ထန် စွဲကပ်ပြီးတော့ နေသည်ဖြစ်၍၊ **ဒုက္ခိတော-**ဒုက္ခ ရောက်နေသည်ဖြစ်၍၊ **ဗာဠ္ဟဂိလာနော-** ပြင်းပြင်းထန်ထန် အသည်းအသန်ဖြစ်နေသည်၊ **ဟောတိ-** ဖြစ်၏၊ ဒီဝတ္ထုကြောင်းကြီးကလည်း နေမကောင်းတာကြီးက စတာ၊ အင်း. . . အဲသလိုဖြစ်နေတယ်နော်၊ ဟုတ်တယ်၊ အဲသလိုပါ၊ တစ်ခါဟာတော့ အရှင်ဖဂ္ဂုနကိုယ်တော်လေး အပြင်းအထန် နေမကောင်းဖြစ်နေတော့ အရှင်အာနန္ဒာက သိတယ်၊ ဒီတော့ ဘုရားကိုယ်တော်မြတ် သွားလျှောက်တယ်။

## မကျန်းမာတဲ့ရဟန်းထံ ဘုရားရှင်ကြွလာတယ်

အရှင်ဘုရား . . . ဟိုကိုယ်တော်ကလေးတော့ဖြင့် အသည်းအသန် အကြီးအကျယ်ဖြစ်နေပြီဘုရား၊ အရှင်ဘုရား ချီးမြှောက်တော်မူသောအားဖြင့် ကြွရောက်တော်မူပါ၊ သွားပြီးတော့ အရှင်အာနန္ဒာက လျှောက်တာကိုး (မှန်လှပါ ဘုရား)၊ ဒီတင် ဘုရားကိုယ်တော်မြတ်ကြီးက

လက်ခံပြီးတော့ ကြွလာပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီးကြွလာတာ မြင်ရင်ပဲ သူတော်တော် တစ်အားတက်သွားပါလိမ့်မယ် (မှန်လှပါ ဘုရား)၊ ဖဂ္ဂုနကိုယ်တော်လေးနော် (မှန်လှပါ ဘုရား)၊ နေမကောင်းတာက ဘယ်သူပါလိမ့် (ဖဂ္ဂုနကိုယ်တော်လေးပါ ဘုရား)၊ ဖဂ္ဂုနကိုယ်တော်လေး ခုတင်ပေါ်မှာ ဘုရားကိုယ်တော်မြတ်ကြီး ကြွလာတော့ အဲဒီပေါ်မှာပဲ **မဥ္စကေသ မစောသိ** ဟို. . . နည်းနည်းလှုပ်လှုပ်ရွရွလေး ဖြစ်လာတယ်၊ ခုတင်ပေါ်က ဆင်းပေးမယ်လို့ပေါ့လေ (မှန်လှပါ ဘုရား)၊ အို. . . **အလံ ဖဂ္ဂုန**၊ တော်ပြီ၊ မလုပ်နဲ့ မလုပ်နဲ့ ဘုရားကိုယ်တော်မြတ်က ပြောတယ်၊ မဆင်းနဲ့၊ အမယ်. . . မင်းက နေမကောင်းတဲ့သူပဲ၊ နေ. . . နေ. . . နေ. . . အမယ်ဘုရားက ခွင့်ပြုတယ်နော် (မှန်လှပါ ဘုရား)၊ ရှိပါတယ်ကွဲ့ ငါ့နေရာတွေ၊ ဒီမှာထိုင်စရာတွေ ရှိပါတယ်။

အဲသလို ဘုရားကိုယ်တော်မြတ်ကြီး ကြွလာလို့ရှိရင် ထိုင်ဖို့ဆိုတာ အမြဲတမ်း အပိုအပိုခင်းထားတတ်ကြတယ်၊ တောထဲမှာဖြစ်တောင်မှ ခေါင်းရင်းပိုင်းမှာ အခင်းကလေးတစ်ခုတော့ ခင်းခင်းထားတတ်ကြတယ် (မှန်လှပါ ဘုရား)၊ အကြောင်းအားလျော်စွာ ဘုရားကြွလာလို့ရှိရင် နေဖို့ ထိုင်ဖို့လေ (မှန်လှပါ ဘုရား)၊ အခုလည်းပဲ ခေါင်းရင်းဘက်မှာ ထိုင်ခုံလေး မျိုးလို ရှိပါလိမ့်မယ်နဲ့တူပါတယ်၊ ငါ့ရှိသားပဲကွဲ့ ထိုင်စရာရှိတယ်၊ အသာနေ. . . နေ. . . နေ၊ မဆင်းနဲ့ မဆင်းနဲ့၊ အဲသလိုဘုရားကိုယ်တော်မြတ်ကြီးက ခွင့်ပြုတော့၊ သူလည်းခုတင်ပေါ်မှာပဲ လျောင်းလျက်သား နေပါတယ်၊ ဘုရားကိုယ်တော်မြတ်က ခေါင်းရင်းပိုင်းကနေပြီးတော့ ထိုင်ခုံလေးလို နေရာမျိုး ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ အဲဒီပေါ်မှာထိုင်ပြီး တော့ **ကစ္စိခမနီယံ**- ဘယ့်နှယ်လဲ၊ နေကောင်းပါရဲ့လား၊ မင်ရဲ့ဒုက္ခ ဝေဒနာ ရောဂါတွေဟာ ရှေ့မတိုးဘဲ ရှိပါကုန်၏လော၊ နောက်ဆုတ်တဲ့

အနေအထား တွေ့ပါကုန်၏လော၊ ရှေ့မတိုးတဲ့လက္ခဏာတွေ ပြပါ၏လော၊ နောက်ဆုတ်တဲ့ လက္ခဏာတွေသာ ထင်ရှားပါ၏လော၊ ဒီသဘောလေး ရှေ့က ရေလာမြောင်းပေးလေး ပေးပြီးတော့ မေးရှာပါတယ်၊ ဒါပေမဲ့ မသက်သာပါဘူး ဘုရား၊ တပည့်တော် မသက်သာဘူးဘုရာ့၊ တပည့်တော် ခံစားနေရတဲ့ ဝေဒနာတွေက အင်မတန်ပြင်းထန်တယ် ဘုရား၊ နောက်မဆုတ်ဘူး ဘုရား၊ ရှေ့သာတိုးနေတယ် ဘုရား၊ နောက်ဆုတ်တဲ့ အမူအရာလက္ခဏာ မပြဘူး ဘုရာ့၊ ရှေ့သာတိုးပြီးတော့နေတဲ့ လက္ခဏာတွေ ပြပြီးတော့ တပည့်တော် အပြင်းအထန် ခံစားနေရတယ် ဘုရား၊ လျှောက်နေတယ်နော် (မှန်လှပါ ဘုရား)၊ ဘယ်သူက လျှောက်တာတုံး (ဖဂ္ဂုနကိုယ်တော်ကလေးပါ ဘုရား)၊ ဖဂ္ဂုနရဟန်းက လျှောက်နေတယ်၊ ဘယ်သူ့ကို လျှောက်တာပါလိမ့် (ဘုရားကိုလျှောက်တာပါ ဘုရား)၊ ဘုရားကိုယ်တော်မြတ်ကို လျှောက်တော့ ဘုရားကိုယ်တော်မြတ်က နားထောင်နေပါတယ်။

## လေအကျဉ်းအကျပ်ကျတဲ့အခါ

တပည့်တော် ဥပမာနဲ့များ လျှောက်ရမယ်ဆိုလို့ရှိရင် ဓားကလေးထက်ထက်နဲ့ တပည့်တော်ဦးထိပ်ကို စိုက်မွှေနေသလိုပဲ ဘုရား၊ သူပြောတာ၊ တပည့်တော်ကိုလေတွေက စိုက်ပြီးတော့မွှေနေတယ် ဘုရား၊ နောက်တစ်မျိုး တပည့်တော် ဥပမာနဲ့လျှောက်ရမယ်ဆိုလို့ရှိရင် တပည့်တော်ခေါင်းကို သားရေလွန်ကြိုးနဲ့ ရစ်ပတ်ညှစ်ကြပ်ပြီးတော့ ဆွဲနေသလိုပဲ ဘုရား၊ ဒီလိုလည်း သူပြောတယ်နော် (မှန်လှပါ ဘုရား)၊ ဒီတော့ ခေါင်းရစ်ပတ်ဆွဲနေတယ်ဆိုတော့ လေတွေပဲနေမှာပေါ့နော် (မှန်လှပါ ဘုရား)၊ အင်း. . . ဖွဲ့ပတ်ပြီးတော့၊ နောက်တစ်မျိုးအားဖြင့် တပည့်တော်လျှောက်

ရမယ်ဆိုရင် နွားသတ်သမားက နွားသတ်ဓားနဲ့ ဝမ်းဗိုက်ကို လှီးဖြတ်သလိုပဲ ဘုရား၊ တပည့်တော်ဝမ်းဗိုက်ထဲ လှီးဖြတ်နေတယ် ဘုရား၊ လေတွေကပေါ့၊ ဟုတ်တယ်၊ တစ်ခါ တစ်ခါ လေတံစို့တို့၊ ဘာတို့ဆိုတဲ့ ဥစ္စာတွေရှိတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ မခံသာအောင်ဖြစ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟိုး . . . အကျဉ်းအကျပ်ကျတဲ့အခါ တိုးငွေ့ ထွက်တယ်ဆိုတော့ မခံသာအောင် ဖြစ်တယ်နော် (မှန်ပါ ဘုရား)။

နောက်တစ်မျိုးအားဖြင့် တပည့်တော်လျှောက်ရဦးမယ်ဆိုလို့ရှိရင် အားကောင်းတဲ့လူကြီးနှစ်ယောက်က အင်အားချည့်နဲ့တဲ့ လူငယ်တစ်ယောက်ကို ခြေရင်းခေါင်းရင်းကို ကိုင်ပြီးတော့ မီးဖိုပေါ် မှာကင်သလိုပဲ ဘုရား၊ တပည့်တော်ခန္ဓာကိုယ်ပူလှချည့်၊ လောင်လှချည့် ဘုရား၊ သူဒါတွေလျှောက်နေတယ်နော် (မှန်ပါ ဘုရား)၊ ဒီအနေအထားတွေ တွေ့ရတယ်ဆိုတော့ လွယ်ပါ့မလား (မလွယ်ပါဘူး ဘုရား)၊ မလွယ်တော့ဘူး၊ ဒီတော့ ဘုရားကိုယ်တော်မြတ်ကြီးက ဟောရတော့တယ်။

## ဝေဒနာနဲ့ငါ မရောစေနဲ့

အေးကွဲ့ . . . မင်းခံစားပြီးတော့နေရတဲ့ ဝေဒနာတွေ၊ ဟုတ်တယ်၊ မသက်သာဘူး၊ ဒီမသက်သာတဲ့ဝေဒနာတွေကို မင်း မသက်သာတာ၊ ငါမသက်သာတာ လုပ်မနေနဲ့လေ၊ ဝေဒနာက ဝေဒနာပဲ၊ အဲဒါကို ငါမသက်သာဘူး တပည့်တော်မသက်သာဘူး လုပ်မနေနဲ့၊ ဝေဒနာနဲ့ ငါနဲ့ ရောမနေနဲ့၊ ဝေဒနာနဲ့ငါနဲ့ တခြားစီ ထားလိုက်စမ်းပါ၊ ဘုရားကိုယ်တော်မြတ်ကြီးက ပြောပြီနော် (မှန်လှပါ ဘုရား)၊ အခုတော့ ငါ့ဝေဒနာ ငါနာတယ် သူလုပ်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟင် . . . ဝေဒနာက ဝေဒနာပဲ၊ သူနဲ့ဘာဆိုင်မှတ်လို့၊ ဝေဒနာဆိုတာ အင်း . . . သူ့

ခံစားတတ်တဲ့သဘော မဟုတ်လား (မှန်လှပါ ဘုရား)၊ အင်း. . . ဒီဥစ္စာ လေးတွေ နည်းနည်းပြောချင်ပါသေးတယ်။

## မာတဲ့ပထဝီ၊ ပျော့တဲ့ပထဝီ

ဘုန်းကြီးတို့ အခြေခံဖြစ်တဲ့ ဓာတ်ကြီးလေးပါးကိုပဲ တည်လိုက်မယ်နော်၊ ဟို. . . ဓာတ်ကြီးဘယ်နှပါး ရှိတယ်တဲ့ (လေးပါးပါ ဘုရား)၊ ဓာတ်ကြီးလေးပါးဆိုတာ နံပါတ်တစ်က ပထဝီဓာတ်၊ နံပါတ်တစ်က ပထဝီဓာတ် ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ နံပါတ်နှစ်ကျတော့ အာပေါဓာတ်၊ နံပါတ်သုံးက တေဇောဓာတ်၊ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ ပြီးတော့ နံပါတ်လေးက ဝါယောဓာတ်လို့ ဓာတ်ကြီးဘယ်နှပါး (လေးပါးပါ ဘုရား)၊ အေး. . . အဲဒီဥစ္စာကို အခြေခံထားလိုက်ကြစမ်းပါအုံး၊ ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဓာတ်ကြီးဘယ်နှပါး (လေးပါးပါ ဘုရား)၊ ဟုတ်တယ်၊ လေးပါး၊ ပထဝီဆိုတဲ့ဥစ္စာ မာတဲ့ဥစ္စာလည်း ပထဝီ၊ ပျော့တဲ့ဥစ္စာလည်း ပထဝီ၊ ဟို. . . ဘုန်းကြီးတို့ ဒီမှာ တံုးတွေ၊ တိုင်တွေ၊ နံရံတွေ ကိုင်ကြည့်ရင် မာတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါကို ခက်မာပထဝီ၊ မာပြန်တော့လည်း မာလို့ပဲ မာတဲ့ပထဝီပေါ့၊ မမာဘူးဆိုလို့ရှိရင် မုန့်မှုန့်တွေလို၊ ရွှံ့နှစ်တွေလို ကိုင်ကြည့်ရင် ပျော့ပျော့နှဲ့နှဲ့ကျတော့ သူလည်းပဲ ပျော့တာလည်းပဲ ပထဝီပဲ၊ မာတာလည်း ပထဝီ၊ ပျော့တာလည်းပထဝီဆိုတော့ ပထဝီက နှစ်မျိုးပေါ့ (မှန်လှပါ ဘုရား)။

## ယိုစီးအာပေါ၊ ဖွဲ့စည်းအာပေါ

ဟုတ်တယ်၊ ပထဝီပြီးတော့ ဘာပါလိမ့်၊ အာပေါ၊ အာပေါဆိုတာ

ရေမဟုတ်လား (မှန်လှပါ ဘုရား)၊ ရေဆိုတာ ချောင်းကလေးတွေ၊ မြောင်းကလေးတွေလို သွင်သွင် သွင်သွင်စီးနေတာလည်း ရေပဲ၊ မစီးဘူးဟော. . . မုန့်မှုန့်တွေထဲမှာ ရေနဲ့ဖျော်ပြီးတော့ ထားတော့ ဒီထဲမယ် တွဲခဲပြီးတော့နေတဲ့ ဥစ္စာ၊ အဲဒါလည်းပဲ အာပေါပဲ၊ ဖွဲ့စည်းပြီးတော့နေတဲ့ အာပေါ၊ မစီးတဲ့ဥစ္စာကျတော့ ဖွဲ့စည်းအာပေါ၊ စီးတဲ့ဥစ္စာကျတော့ ယိုစီးအာပေါ၊ အာပေါကလည်း နှစ်မျိုးပေါ့၊ ပထဝီကလည်း နှစ်မျိုး၊ ဟို. . . ချောင်းကလေးတွေ မြောင်းကလေးတွေလို၊ မြစ်တွေလို အဲသလို စီးနေတဲ့ဥစ္စာကျတော့ ယိုစီးအာပေါ၊ အဲသလိုမစီးဘူး၊ စိုထိုင်းပြီးတော့နေတဲ့ ဥစ္စာမျိုးကျတော့ ဖွဲ့စည်းအာပေါ၊ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)။

## ပူတဲ့တေဇော၊ အေးတဲ့တေဇော

ရှေ့သွားကြမယ်၊ တေဇောကျတော့ ပူတာကလည်း တေဇော၊ အေးတာလည်း တေဇော၊ ပူတာကျတော့ ဥဏှတေဇော ဆိုတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ အေးတာကျတော့ သီတတေဇော၊ ရေခဲတွေလို အေးနေလည်း တေဇောပဲ၊ ဘာတေဇော (သီတတေဇောပါ ဘုရား)၊ မီးတွေလို ပူနေလည်း တေဇော၊ ဘာတေဇော (ဥဏှတေဇောပါ ဘုရား)၊ ရှေ့သွားကြစို့ ဝါယော ဘာတွေတုံး (ဝါယောပါ ဘုရား)၊ ဝါယော၊ ဟို. . . လေတွေတိုက်တဲ့အခါကျတော့ သစ်ပင်ကြီးတွေ ယိမ်းထိုးပြီးတော့ သွားအောင် လှုပ်ရှားတဲ့ဥစ္စာလည်းပဲ ဝါယော၊ မလှုပ်ရှားဘူး၊ တည်ငြိမ်ပြီးတော့နေတယ်၊ အဲဒါလည်းပဲ ထောက်ကန်ထားတဲ့အတွက် သူလည်း ဝါယောပဲ၊ အဲဒါကျတော့ ထောက်ကန်ဝါယော၊ ဘယ်လို (ထောက်ကန်ဝါယောပါ ဘုရား)၊ သူလည်း နှစ်မျိုးပေါ့ (မှန်လှပါ ဘုရား)။

## လှုပ်ရှားဝါယော၊ ထောက်ကန် (တည်ငြိမ်) ဝါယော

ဒါဖြင့် ဓာတ်ကြီးလေးပါးမှာ တစ်ခုတစ်ခုမှာ နှစ်မျိုးစီပေါ့ (မှန်ပါဘုရား)၊ ဓာတ်ကြီးဘယ်နှပါး (လေးပါးပါ ဘုရား)၊ ဘယ်သူတွေပါလိမ့် (ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ပါ ဘုရား)၊ ဟုတ်တယ်၊ အဦးဆုံးဖြစ်တဲ့ ပထဝီဆိုတာ မာတာလည်း ပထဝီ၊ ပျော့တာလည်း ပထဝီ၊ ဒုတိယဖြစ်တဲ့ဥစ္စာ အာပေါဆိုတာက ယိုစီးတာလည်း အာပေါ၊ ဖွဲ့စည်းတာလည်း အာပေါ၊ တတိယတေဇောဆိုတာက ပူတာကလည်း တေဇော၊ အေးတာကလည်း တေဇော၊ ဟို. . . နောက်ဆုံးဖြစ်တဲ့ ဝါယော၊ လှုပ်ရှားတာလည်း ဝါယော၊ တည်ငြိမ်တာလည်း ဝါယော၊ ထောက်ကန်ထားတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ ဓာတ်ကြီးလေးမျိုးရှိတဲ့ဥစ္စာ တစ်မျိုးတစ်မျိုးတွင် နှစ်ခုနှစ်ခုစီ မဟုတ်လား (မှန်လှပါ ဘုရား)။

## အရာဝတ္ထုတိုင်းမှာ ဓာတ်ကြီးလေးမျိုးလုံး ပါတယ်

ဟုတ်တယ်၊ အရာဝတ္ထုတစ်ခုကို ဘုန်းကြီးတို့ စိစစ်ကြည့်ကြစို့၊ စိစစ်ကြည့်ကြစို့၊ အရာတိုင်းမှာ ဒီလေးမျိုးပါလျက်ပဲလို့ ဆိုတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟောဒီ တုံးကြီးတွေ၊ တိုင်ကြီးတွေ၊ နံရံကြီးတွေပဲဆိုပါတော့ ကိုင်ကြည့်ရင် မာမာကြီးမဟုတ်လား (မှန်လှပါ ဘုရား)၊ အင်း. . . ဓာတ်အနေနဲ့ ဘာဓာတ်ပါလိမ့် (ပထဝီဓာတ်ပါ ဘုရား)၊ ပထဝီက နှစ်မျိုးရှိတယ်ဆိုတော့ ဘာပထဝီတုံး (ခက်မာပထဝီပါ ဘုရား)၊ အေး. . . အဲဒီ ခက်မာပထဝီထဲမယ် အာပေါဆိုတဲ့ရေ မပါဘူးလား (ပါပါတယ်ဘုရား)၊ ဘာအာပေါပါလိမ့် (ဖွဲ့စည်းအာပေါပါ ဘုရား)၊ ဟို. . . သွင်သွင် သွင်သွင် ချောင်းကလေးတွေ မြောင်းကလေးတွေလို စီးတာ

တော့ မဟုတ်ဘူးပေါ့ (မှန်လှပါ ဘုရား)၊ ဖွဲ့ပြီးတော့ တွဲပြီးတော့ထားတဲ့ စီးတွဲနေတဲ့အာပေါဆိုတော့ ဘာတဲ့တုံး (ဖွဲ့စည်းအာပေါပါ ဘုရား)၊ ဖွဲ့စည်းအာပေါ၊ အဲဒီနံရံတွေ၊ တုံးတွေ၊ တိုင်တွေထဲမယ် အာပေါလည်း ပါတာပေါ့ (မှန်လှပါ ဘုရား)၊ ဘာအာပေါ (ဖွဲ့စည်းအာပေါပါ ဘုရား)။

အဲဒီထဲ တေဇောကော မပါဘူးလား (ပါပါတယ် ဘုရား)၊ ဘာတေဇော၊ သီတတေဇော၊ မီးတွေလိုမှ ပူနေတာမှမဟုတ်ဘဲ၊ အဲသလို ဆိုရင် ဘာတေဇော (သီတတေဇောပါ ဘုရား)၊ သူ့ထဲ ဝါယောကောမပါ ဘူးလား (ပါပါတယ် ဘုရား)၊ အဲဒီနံရံကြီးတွေ၊ တုံးကြီးတွေ၊ တိုင်ကြီးတွေ ထဲ ဝါယောကော (ပါပါတယ် ဘုရား)၊ ဘာဝါယောပါလိမ့်၊ ထောက်ကန် ဝါယော၊ ဘာတဲ့ (ထောက်ကန်ဝါယောပါ ဘုရား)၊ ဩော် . . . အဲဒီထဲမှာ ဓာတ်ကြီးဘယ်နှမျိုး (လေးမျိုးပါ ဘုရား)၊ လေးမျိုးပါတယ်။

## အာပေါထဲမှာလည်း ကျန်သုံးမျိုးပါတယ်

ဟောဒီ နံပါတ်နှစ် အာပေါဆိုတဲ့ထဲကို စစ်ကြည့်ကြအုံးစို့၊ ကဲ. . . အာပေါ၊ ရေအိုးထဲထည့်ထားတဲ့ရေတွေပဲ ပြောကြပါစို့ ရေအိုးထဲ ထည့်ထားတဲ့ရေတွေကျတော့ အာပေါမဟုတ်လား (မှန်လှပါ ဘုရား)၊ အာပေါ၊ အိုးထဲမှာ ဒီအတိုင်းဆိုရင်တော့ တည်ငြိမ်နေတဲ့အာပေါပေါ့၊ ဘာအာပေါ၊ တည်ငြိမ်နေတဲ့ အာပေါ၊ ဟုတ်ကဲ့လား (မှန်လှပါ ဘုရား)၊ အင်း. . . သူက ယိုစီးတဲ့ အာပေါရယ်၊ ဖွဲ့စည်းတဲ့အာပေါရယ်၊ သူက ဒီလောက်မထင်ရှားဘူး၊ ကဲ. . . သွင်သွင် သွင်သွင်စီးနေတဲ့ ချောင်းကလေး မြောင်းကလေးတွေထဲမှာ ရေတွေစီးပြီးတော့နေတယ်ဆိုတော့ ဘာအာပေါ၊ ယိုစီးတဲ့အာပေါ၊ အဲဒီအာပေါထဲမှာ ပထဝီမပါဘူးလား (ပါပါတယ် ဘုရား)၊ ဘာပထဝီပါလိမ့်၊ နူးညံ့တဲ့ ပထဝီ၊ ရေထဲမှာ ဘာတဲ့တုံး၊ နူးညံ့တဲ့

ပထဝီ၊ အဲဒီ သူ့ထဲမယ် တေဇောကောမပါဘူးလား (ပါပါတယ် ဘုရား)၊ ဘာတေဇော၊ သီတတေဇော၊ အဲဒီလှုပ်လှုပ်ရှားရှား သွားလာပြီးတော့ နေတဲ့ ရေကလေးတွေထဲမှာ ဝါယောကောမပါဘူးလား (ပါပါတယ် ဘုရား)၊ ဘာဝါယော၊ လှုပ်ရှားဝါယော ဟုတ်ကဲ့နော် (မှန်လှပါ ဘုရား)၊ အေး. . . အဲသလိုလေးတွေပါ။

## တေဇောထဲမှာလည်း ကျန်သုံးမျိုးပါတယ်

ကဲ. . . တေဇောပြောကြစို့၊ မီးဖိုထဲကမီးတွေ ဟုန်းဟုန်း ဟုန်းဟုန်းတောက်နေတယ်၊ အဲဒီဥစ္စာက တေဇောမဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာတေဇော၊ ဥဏှတေဇော၊ သူ့ထဲမှာ ပထဝီဓာတ်မပါဘူးလား (ပါပါတယ် ဘုရား)၊ ဘာပထဝီပါလိမ့်၊ နူးညံ့ပထဝီ မီးတောက်ကြီးလေ၊ ဟုန်းဟုန်း ဟုန်းဟုန်းတောက်နေတဲ့ နူးညံ့ပေ့ါနော် (မှန်လှပါ ဘုရား)၊ ဘာပထဝီ၊ နူးညံ့ပထဝီ၊ သူ့ထဲမှာကော အာပေါမပါဘူးလား (ပါပါတယ် ဘုရား)၊ ဘာအာပေါ၊ ဖွဲ့စည်းအာပေါ၊ အဲဒီတောက်နေတဲ့မီးတောက်ထဲမှာ ဝါယောကောမပါဘူးလား (ပါပါတယ် ဘုရား)၊ ဘာဝါယော၊ လှုပ်ရှားဝါယော၊ ဘာတဲ့တုံး (လှုပ်ရှားဝါယောပါ ဘုရား)၊ ဒီလိုနေမှာပေ့ါ၊ အင်း. . . မီးညွန့်တွေ ဘာတွေတက်နေတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . လှုပ်ရှားဝါယော။

## ဝါယောထဲမှာလည်း ကျန်သုံးမျိုးပါတယ်

ဟိုး. . . နောက်ဆုံးဖြစ်တဲ့ ဝါယောထဲကိုကြည့်ရအောင်၊ အဲဒီ သစ်ပင်ကြီးတွေလို ယိမ်းထိုးသွားအောင် တိုက်ခတ်နေတဲ့ ဝါယောထဲမယ် လေ၊ လှုပ်ရှားနေတယ်ဆိုတော့ အဲဒီဝါယောက ဘာဝါယော၊ လှုပ်ရှား

ဝါယော၊ အဲဒီလေဓာတ်ထဲမယ်နော် (မှန်ပါဘုရား)၊ ပထဝီမပါနိုင်ဘူးလား (ပါနိုင်ပါတယ် ဘုရား)၊ ဘာပထဝီပါလိမ့်၊ နူးညံ့ပထဝီ၊ အာပေါကောမပါဘူးလား (ပါပါတယ်ဘုရား)၊ ဘာအာပေါ၊ ဖွဲ့စည်းအာပေါ၊ သူ့ထဲတေဇောကော မပါနိုင်ဘူးလား (ပါနိုင်ပါတယ် ဘုရား)၊ ဘာတေဇော၊ သီတတေဇော ဆိုတော့ ဓာတ်ကြီးလေးမျိုးလုံးဟာ တစ်ခုနဲ့တစ်ခု ဟိုထဲလည်း ပါ၊ ဒီထဲလည်း ပါ၊ အကုန်လုံး၊ လေးမျိုးလုံးရှိနေတာ မဟုတ်လား (မှန်ပါ ဘုရား)။

## တစ်ခုခုလွန်ကဲနေရင် ဖောက်ပြန်တယ်

အေး. . . သူ့အတိုင်းအတာအတိုင်း၊ သူ့အချိုးအဆအတိုင်း ညီညွတ်နေရင်တော့ နေလို့ထိုင်လို့ ကောင်းတာပေါ့၊ အဲသလိုမဟုတ်ဘဲနဲ့ တစ်ခုခုက လွန်ကဲပြီးတော့နေပြီဆိုရင်တော့ ဒီလူမသက်သာဘူး၊ ဒီဓာတ်ကြီးလေးပါး တစ်ခုခုက လွန်ကဲနေတယ်ဆိုရင် ဖောက်ပြန်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟို. . . သာမန်အပူအနေအထား ရှိသင့်ရှိထိုက်တဲ့အပူ ရှိရင်တော့ တော်တာပေါ့၊ ဒီထက် လွန်ကဲလာပြီဆိုတော့ ပူလှချည့် မဖြစ်ဘူးလား (ဖြစ်ပါတယ် ဘုရား)၊ တပည့်တော် ပူတယ်ဘုရား၊ လူကြီးနှစ်ယောက်က အင်အားကောင်းတဲ့ လူကြီးနှစ်ယောက်က အင်အားချည့်နဲ့တဲ့ လူငယ်တစ်ယောက်ကို ခြေရင်းခေါင်းရင်း ကိုင်ပြီးတော့ မီးဖိုထဲကင်သလိုပဲ ဘုရား၊ ခုနတုန်းက လျှောက်တယ်လေ၊ ဖဂ္ဂုနကိုယ်တော်လေးက လျှောက်တယ် မဟုတ်လား (မှန်လှပါ ဘုရား)။

တပည့်တော်ကို ကင်သလိုပဲ ဘုရား၊ ပူလှချည့် လောင်လှချည့် ဆိုတော့ ဘယ်သူတွေ ကဲနေတာတုံး၊ တေဇောတွေ၊ ဘာတေဇော၊ ဥဏှတေဇော၊ သူ့ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာတင်ရှိရင်တော့ နေထိုင်ကောင်းတာပေါ့၊ အဲဒီမျှမကဘဲ လွန်လွန်ကဲကဲ ပူနေလို့ တပည့်တော်

မသက်သာဘူး ဘုရား့၊ ပြောနေတာ၊ ဟယ်. . . တပည့်တော် မသက်သာဘူးတဲ့၊ ဘယ်နှယ် ပူတာက တပည့်တော်လား တေဇောလား (တေဇောပါ ဘုရား)။

တေဇော သူ့ဘာသာသူ ပူတဲ့ဥစ္စာ တပည့်တော် သွားလုပ်နေတာ၊ အင်း . . . တေဇောနဲ့ သူနဲ့ရောနေတယ် မဟုတ်လား (မှန်ပါဘုရား)၊ အင်း . . . လွှန်လွှန်ကဲကဲကြီးလုပ်နေတာ၊ တပည့်တော် ဝမ်းဗိုက်ကို သားလှီးဓားလေးနဲ့ လှီးဖြတ်နေသလိုပဲ ဘုရား့၊ တပည့်တော် ဝမ်းဗိုက်ထဲမယ် လှီးဖြတ်နေကြတယ် ဘုရား၊ ဘယ်သူတွေကတုံး၊ ဝါယော၊ ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာမကဘူး၊ လွှန်လွှန်ကဲကဲ ဝါယောတွေ ဖြစ်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါကြောင့် မသက်သာအောင် ဖြစ်နေတယ်ဆိုတော့ ဖောက်ပြန်တာပေါ့ (မှန်လှပါ ဘုရား)။

## လွှန်လွှန်ကဲကဲ မခံသာအောင်ဖြစ်တာ ဝေဒနာ

အင်း . . . အတိုင်းအတာမျှမက လွှန်လွှန်ကဲကဲဖြစ်ပြီးတော့ နေတော့ သူ မသက်သာဘူးဘုရား၊ ပြောတယ်နော် (မှန်လှပါ ဘုရား)၊ တပည့်တော်မသက်သာဘူး ဘုရား၊ သူပြောနေတာ၊ တပည့်တော်မသက်သာတာ၊ ဟိုဟာက ဝါယောတွေ လွှန်ကဲတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ သူ့ဘာသာသူ ဝါယော၊ ဝါယောအတိုင်း နေပေ့စေပေါ့၊ အဲဒီထဲ တပည့်တော် သွားရောနေတော့ ကိုယ်ပဲ မသက်သာဘူးဖြစ်တော့တာပေါ့ (မှန်လှပါ ဘုရား)၊ လွှန်လွှန်ကဲကဲဖြစ်နေတာက ဝေဒနာတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ လွှန်လွှန်ကဲကဲဖြစ်တာက (ဝေဒနာပါ ဘုရား)၊ အဲဒီဝေဒနာကို ငါသွားလုပ်နေတယ်နော် (မှန်ပါ)၊ အဲသလိုဆိုတော့ ငါ မသက်သာဘူး ဒီလိုဖြစ်တာ၊ အမှန်ကတော့ မဆိုင်ပါဘူး၊ ဝေဒနာက

ဝေဒနာပဲ၊ သူ့ဘာသာသူ ဖြစ်ပျက်နေတာ၊ သူ့ဘာသာသူ လွှန်ကဲနေတာ၊ အဲဒီထဲ ကိုယ်က သွားမရောနဲ့ပေါ့ (မှန်လှပါ ဘုရား)၊ ဩော်. . . ဝေဒနာ သဘောတွေပဲ၊ ဝေဒနာသဘောတွေပဲ၊ ဓာတ်ကြီးလေးပါး တစ်ခုခုက များလွန်းလာလို့ရှိရင် ဒီလိုပဲဖြစ်တတ်တာပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ တစ်ခါတလေ ပထဝီလွန်ကဲတဲ့အခါ ရင်ဘတ်ကြီး တင်းကျပ်ပြီးတော့ မနေနိုင်အောင် မထိုင်နိုင်အောင် ဖြစ်တာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီလိုတွေ. . .၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော။

တစ်ခါတလေကျတော့လည်း အာပေါတွေ လွန်ကဲနေလို့ ဆီးတွေ များပြီး သေကြတာတွေလည်း ရှိတယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ သူ့အတိုင်းအဆတင်မကဘဲနဲ့ လွန်လွန်ကဲကဲဖြစ်တာကို ဒီအခါကျတော့ ကိုယ်က မခံနိုင်အောင်ဖြစ်တယ် ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုလွန်လွန်ကဲကဲ မခံနိုင်အောင်ဖြစ်တာက ဘာခေါ်၊ ဝေဒနာ၊ ဘာတဲ့ (ဝေဒနာခေါ်ပါတယ် ဘုရား)၊ ဟို. . . ဝေဒနာ သုံးမျိုးရှိတဲ့အနက် ဘာဝေဒနာ၊ ဒုက္ခဝေဒနာ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)၊ အဲဒါ ဘုရား ကိုယ်တော်မြတ်ကြီးက ခွဲပြနေတယ်၊ တကယ်တော့ ဓာတ်ကြီးလေးပါး လွန်လွန်ကဲကဲဖြစ်နေတာ၊ အဲဒီထဲ ငါသွားမရောနဲ့လေ၊ ငါသွားမရောနဲ့၊ သူ့ဟာသူရှိပေ့စေပေါ့။

## ပူတဲ့သဘောက ရုပ်တရား

ကဲ. . . ပူတယ်ဆိုတဲ့ဥစ္စာ ဘုန်းကြီးတို့ အဲဒီဥစ္စာလေး စိစစ်ကြပါ အုံးစို့ မီးဖိုထဲက မီးကျီးခဲကြီး ရဲပြီးတော့ ပူနေတယ်နော် (မှန်လှပါ ဘုရား)၊ အဲဒီပူတဲ့ဥစ္စာက ဟော. . . ဘာပါလိမ့်၊ တေဇော၊ ပူတဲ့သဘောကဘာတဲ့ (တေဇောပါ ဘုရား)၊ အဲဒီတေဇောက နာမ်တရားလား ရုပ်တရားလား

(ရုပ်တရားပါ ဘုရား)၊ ရုပ်တရားပါ၊ ပူတဲ့သဘောက ရုပ်တရားပါ၊ ရုပ်တရားနော် (မှန်လှပါ ဘုရား)၊ အင်း. . . အဲဒီ သူ့ဘာသာသူ ဟိုမှာ ရဲပြီးတော့နေတယ်၊ ကိုယ်နဲ့လည်း မဆိုင်ပါဘူး၊ ဒါပေမဲ့ လက်နဲ့ သွားကိုင်ရင်တော့ ဘယ်နှယ့်တုံး (ပူပါတယ် ဘုရား)၊ ပူတယ်၊ အင်း. . လွှန်လွှန်ကဲကဲကြီး ပူတဲ့ဥစ္စာကို လက်ကခံနိုင်ရဲ့လား (မခံနိုင်ပါဘူး ဘုရား)၊ မခံနိုင်တဲ့သဘောကျတော့ ဘာခေါ်၊ ဝေဒနာ၊ အဲဒီ ပူတယ်ဆိုတဲ့သဘော ကို သိတာကျတော့ နာမ်တရား၊ သိတာက နာမ်တရား၊ သူ့ဘာသာသူ မီးကျီးခဲကြီး ရှိနေတာပဲ၊ သူ့ဟာသူ ပူနေတဲ့သဘောက ဘာတဲ့တုံး၊ ရုပ်တရား၊ ပူနေတဲ့ဥစ္စာက (ရုပ်တရားပါ ဘုရား)၊ အဲဒါကို ဟော. . . ဂေါ်ပြားကလေးတို့၊ ဘာတို့နဲ့မျှား သွားပြီးတော့ ကော်မယ်ဆိုရင်တော့ ကိုယ့်ပူပုံ့မလား (မပူပါဘူး ဘုရား)၊ အင်း. . . မပူဘူး၊ ဟော. . . လက်နဲ့ မျှား ကိုင်ရင်တော့ (ပူပါတယ် ဘုရား)၊ ပူတယ်လို့သိတာက နာမ်တရား၊ ပူတဲ့ဥစ္စာက ရုပ်တရား၊ ပူတယ်လို့သိတာက (နာမ်တရား)၊ မခံနိုင်အောင် ဖြစ်တာက ဝေဒနာ၊ ဩော်. . . တခြားစီပဲ၊ သူ့သဘောနဲ့သူ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါမကွဲလို့ ရောပြီးတော့နေလို့သာ ဒုက္ခမျှားတာပါ၊ တခြားစီနေပေ့စေပေါ့ (မှန်လှပါ ဘုရား)၊ တခြားစီနေပါစေ။

## "ပူတဲ့သဘော၊ သိတဲ့သဘော၊ မခံနိုင်တဲ့သဘော"

ပြန်ပြောပြပါဦးမယ်၊ ပူလောင်နေတဲ့သဘော ပူတာကဘာတဲ့ တုံး၊ ရုပ်တရား၊ ဟုတ်ကဲ့နော် (မှန်လှပါ ဘုရား)၊ ပူတာက ရုပ်တရား၊ ပူတယ်လို့သိတာက နာမ်တရား၊ အဲဒါကို လက်နဲ့မျှား သွားကိုင်လို့ရှိရင် မခံနိုင်အောင်ဖြစ်တဲ့ဥစ္စာက ဝေဒနာ၊ ဩော်. . . သူ့သဘောနဲ့သူပဲ၊ ပူတဲ့ သဘော၊ အင်း. . . အဲဒါကိုသိတဲ့သဘော၊ မခံနိုင်တဲ့သဘော၊ တခြားစီ

မဟုတ်လား (မှန်လှပါ ဘုရား)၊ တခြားစီ၊ အဲဒါသွားမရောနဲ့ကွဲ့၊ ဝေဒနာနဲ့ ငါနဲ့ မရောစေနဲ့ ပြောတယ်နော် (မှန်လှပါ ဘုရား)၊ ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု၊ ဝေဒနာခွာ၍အပျက်မြင်အောင်ရှု၊ အဲဒီ ပူတဲ့သဘောကိုပဲ ကြည့်တဲ့အခါမှာ ဒီအပူက အမြဲတမ်း ပူနေတာမဟုတ်ပါဘူး (မှန်လှပါ ဘုရား)၊ ဒီဝေဒနာဟာ ပေါ်လာပြီးတော့ အပူသဘောက ပေါ်လာပြီး တော့ ပျောက်ပါတယ်၊ အဲဒီသဘောကို စိုက်ကြည့်စမ်းပါ။

## ဘေးကနေပြီး အသိသဘောနဲ့ကြည့်နေပါ

အင်း. . . မခံနိုင်အောင် ဖြစ်ပြီးတော့နေတဲ့ဥစ္စာက ဝေဒနာ၊ အဲဒါကို ငါသွားမလုပ်နဲ့လေ (မှန်လှပါ ဘုရား)၊ ငါပူတယ်၊ ငါနာတယ်၊ ငါတင်းတယ်၊ ငါကျပ်တယ်၊ ဒီလိုသွားမလုပ်ပါနဲ့၊ ဒါဝေဒနာသဘောတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ အင်း. . . အဲဒီဥစ္စာကို တခြားထားလိုက် စမ်းပါ၊ မိမိက ဘေးကနေပြီးတော့ အသိသဘောနဲ့ ကြည့်နေရုံပဲနော် (မှန်ပါ ဘုရား)၊ ဘေးကနေ ကြည့်နေစမ်းပါ၊ သူ့ဟာသူ ပူတယ်၊ မပူဘူး၊ အေးတယ်၊ မအေးဘူး၊ လှုပ်ရှားတယ်၊ မလှုပ်ရှားဘူး၊ သူတို့သဘော သူတို့လုပ်နေကြတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါကို တခြားထား လိုက်၊ သွားမရောပါနဲ့၊ မရောပါနဲ့၊ ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု၊ ဘယ်လို (ဝေဒနာခွာ၍ အပျက်မြင်အောင် ရှု)၊ ဟုတ်တယ်၊ ဝေဒနာ မတွေ့ဘဲ အပျက်မြင်မှ လမ်းမှန်ကျမည်၊ ဝေဒနာမတွေ့ဘဲ (အပျက်မြင်မှ လမ်းမှန်ကျမည်)၊ အခုတော့ နာလှချည့်ဘုရား၊ နာလှချည့်ဘုရား၊ လူးလွန့် နေတယ်၊ ဝေဒနာတွေပဲ တွေ့နေတယ်နော်၊ အပျက်ကိုတော့ မတွေ့ဘူး၊ လူးလွန့်နေတာ မသက်သာအောင် ရှုံ့မဲ့ပြီးတော့နေတယ်ဆိုတော့ ဝေဒနာနဲ့ငါနဲ့ ရောမနေပေဘူးလား (ရောနေပါတယ် ဘုရား)၊ ဝေဒနာရဲ့

အပျက် မတွေ့ဘူး၊ ဝေဒနာနဲ့သူနဲ့ လုံးထွေး နပန်းသတ်နေတယ်၊ အဲဒီလို ဆိုရင် သက်သာပါ့မလား (မသက်သာပါဘူး ဘုရား)၊ မသက်သာဘူး၊ အဲဒါဘုရားကိုယ်တော်မြတ်ကြီးက ပြောနေတယ်၊ ခွာထားစမ်းပါကွဲ့၊ ဝေဒနာက ဝေဒနာ၊ သူ့အလုပ်သူလုပ်တာပဲ၊ တကယ်တော့ ခတ်ကြီးလေးပါး သူ့ဆိုင်ရာဆိုင်ရာ အလုပ်လုပ်နေတာ၊ သူတို့အလုပ် သူတို့လုပ်ပေ့စေပေ့၊ ကိုယ်နဲ့ဘာဆိုင်တာမှတ်လို့ ကိုယ်က ဘေးကနေပြီးတော့ တခြားအနေနဲ့ကြည့်နေရမယ်၊ အေး. . . ဒီလိုလုပ်စမ်းပါ။

## ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု

အဲသလို ကြည့်ပြီးတော့နေတဲ့အခါကျတော့ သူတို့တစ်တွေက တည်ငြိမ်နေတာ မဟုတ်ဘူး၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက် ဒီသဘောကလေးတွေ ရှိပါတယ်၊ အဲဒါကို သိနေစမ်းပါ၊ သိသိနေစမ်းပါ၊ ဝေဒနာဟာ တည်ငြိမ်နေတာ မဟုတ်ပါဘူး၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာတဲ့ အခိုက်မှာ ဝေဒနာ၊ ပေါ်လာတဲ့အခိုက်မှာ ဝေဒနာ၊ ပျောက်သွားတဲ့ အခိုက်ကျတော့ အနိစ္စ၊ သိတာက မဂ္ဂ၊ ဩော် ဩော်. . . ပေါ်လာတဲ့ အခိုက်မှာ ဝေဒနာ၊ ပျောက်သွားတဲ့ အခိုက်မှာ အနိစ္စ၊ သိတာက မဂ္ဂ၊ ဟုတ်တယ်၊ သိတဲ့သဘောလေးက တခြား၊ ဟို. . . သိတဲ့သဘောက တခြား၊ ခတ်ကြီးလေးပါး လွန်လွန်ကဲကဲ ဖောက်ပြန်တဲ့ဥစ္စာက တခြား၊ ဒီလိုတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ စောစောတုန်းက ခွဲပြီးသား၊ အဲဒီသဘောတရားတွေ ပေါ်လာတဲ့ အခိုက်ကို ဘာခေါ်တုံး (ဝေဒနာပါ ဘုရား)၊ ပျောက်သွားတဲ့အခိုက် ကျတော့ အနိစ္စ၊ အဲဒါလေးကို သိလိုက် တာကျတော့ မဂ္ဂ၊ ဝေဒနာကသာ

နာတတ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဝေဒနာကသာ နာတတ်တာ၊ မခံနိုင်အောင်ဖြစ်တာ၊ ပျောက်သွားတဲ့ အနိစ္စကျတော့ နာတတ်သေးလား (မနာတတ်ပါဘူး ဘုရား)၊ ဩော်. . . သိတဲ့မဂ္ဂကကော နာတတ်သလား (မနာတတ်ပါဘူး ဘုရား)၊ မနာတတ်တဲ့သူတွေနဲ့ နေပေါ့၊ အခုတော့ နာတတ်တဲ့သူတွေနဲ့ သွားရောပြီးတော့ နပန်းသတ် မွေ့ပတ်ပြီးတော့နေတာ၊ ဟယ်. . . ဒီအတိုင်းဆို ခံနိုင်ပဲ့မလား (မခံနိုင်ပါဘူး ဘုရား)၊ မခံနိုင်ဘူး၊ မခံနိုင်ဘူး၊ သူ့ဟာသူ ရှိပါစေ၊ ဝေဒနာ ဝေဒနာအတိုင်း ရှိပါစေ၊ ကိုယ်က သွားမရောပါနဲ့။

## ပေါ်လာပြီးပျောက်သွားတာကို သိနေပါ

ဘေးကနေပြီးတော့ အသိသဘောတရားနဲ့ ကြည့်နေတဲ့အနေနဲ့သာ ရှိပါစေလို့ဆိုတဲ့အခါမှာ ကိုယ့်မသက်သာအောင် ဖြစ်ပြီးတော့လာတဲ့အခါမျိုးမှာ ပေါ်လာတဲ့အခိုက်ကို ဘာခေါ်၊ ဝေဒနာ၊ ပျောက်သွားတဲ့အခိုက်ကျတော့ အနိစ္စ၊ အဲဒါလေးကို သိလိုက်တာက မဂ္ဂ၊ အဲဒီမှာ မနာတတ်တဲ့သူတွေနဲ့ အတူတူနေပေ့ါ၊ အနိစ္စက နာတတ်သလား (မနာတတ်ပါဘူး ဘုရား)၊ သိတဲ့မဂ္ဂကကော နာတတ်သလား (မနာတတ်ပါဘူး ဘုရား)၊ မနာတတ်တဲ့သူတွေနဲ့သာနေ ဘာမှမဖြစ်ဘူး၊ အနိစ္စကို မဂ္ဂနဲ့၊ အနိစ္စကို မဂ္ဂနဲ့မြင်၊ အနိစ္စကို မဂ္ဂနဲ့မြင်၊ အနိစ္စဆိုတာ ပျောက်ပျောက်ပျောက်ပျောက်သွားတာလေးတွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါလေးတွေကို မဂ္ဂဆိုတာ နောက်ကသိသိလိုက်နေတာ မဟုတ်လား (မှန်ပါဘုရား)၊ ပျောက်သွားတာလေးတွေကို သိလိုက်ပါ၊ ပျောက်သွားတာလေးတွေသာ သိသိနေတယ်ဆိုရင် ပျောက်သွားတာက အနိစ္စ၊ သိတာက မဂ္ဂ၊ အနိစ္စက နာတတ်သလား (မနာတတ်ပါဘူး ဘုရား)၊ သိတဲ့ဥစ္စာက

ကော နာတတ်သလား (မနာတတ်ပါဘူး ဘုရား)။

ဒါဖြင့် မနာတတ်တဲ့သူတွေနဲ့ချည်းပဲ ကိုယ်က မပြတ်တရစပ် ကပ်ပြီးတော့နေတယ်ဆိုရင် နာချိန်ရှိသေးလား (မရှိပါဘူး ဘုရား)၊ နာတာက ဘယ်သူက နာတာ၊ ဝေဒနာက နာတာ၊ ပေါ်လာတဲ့အခိုက်မှာ ဝေဒနာ၊ အဲဒါနဲ့မနေနဲ့လေ၊ ပျောက်သွားတဲ့အခိုက်က အနိစ္စ၊ အဲဒါလေးကို သိနေတဲ့ဉာဏ်က မဂ္ဂ၊ အဲဒါလေးနဲ့သာနေမယ်၊ အနိစ္စကို မဂ္ဂနဲ့ သိနေမယ်၊ အနိစ္စကို မဂ္ဂနဲ့ သိနေမယ်၊ ဒီလိုဆိုရင် သူ့နာချိန်ရှိသေးလား (မရှိပါဘူး ဘုရား)၊ အဲသလိုတဲ့၊ ဝေဒနာနဲ့ ရောမနေနဲ့၊ ဘုန်းကြီးတို့တစ်တွေက တယ်ရောတာကိုး၊ ခန္ဓာငါးပါးရှိတယ်၊ ရူပက္ခန္ဓာ၊ ရုပ်တရားကြီးက ငါ့ရုပ်ကြီး လုပ်တယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ အင်း. . . ငါ့ရုပ်ကြီးတဲ့၊ ဒီခန္ဓာကိုယ်ကြီးကလည်း ငါ့ခန္ဓာ၊ လက်ကလည်း ငါ့လက်၊ ခြေထောက်ကလည်း ငါ့ခြေထောက်၊ ခေါင်းကလည်း ငါ့ခေါင်း၊ ဆံပင်တွေကလည်း ငါ့ဆံပင်၊ ဟယ်. . . ဆံပင်ကလေးတစ်ပင် ကျွတ်တာတောင် မခံနိုင်ဘူးလို့ ဆိုတယ်မဟုတ်လား (မှန်လှပါ ဘုရား)။

အမယ်. . . တစ်ပင်တစ်ပင်မှာ ကျွတ်တာမခံနိုင်ဘူးဆိုတော့ကဲ. . . ငါ့ဆံပင်လို့ဆိုတော့ ဆံပင်တွေကလည်း ခေါင်းပေါ်မှာ သုံးကုဋေခြောက်သန်းရှိတယ်ဆိုပဲ့လား၊ အဲသလိုဆိုရင် ခေါင်းပေါ်တင်ကို ဒိဋ္ဌိတွေက သုံးကုဋေခြောက်သန်း ဒီလိုမနေပေဘူးလား (နေပါတယ် ဘုရား)၊ တစ်ပင်တစ်ပင်တိုင်းမှာ ငါ့ဆံပင် ငါ့ဆံပင်ဆိုတော့ ဆံပင်တွေက သုံးကုဋေ ခြောက်သန်းဆိုတော့ ဒိဋ္ဌိတွေကလည်း သုံးကုဋေခြောက်သန်း နေမှာပေါ့၊ ခေါင်းပေါ်တင်နော်၊ ဒိဋ္ဌိတွေ ရွက်ထားတာလေ၊ အင်း. . . အဲသလိုတွေက တယ်စွဲတာကိုး။

## ဒိဋ္ဌိတွေနဲ့ မသိမ်းပိုက်ပါနဲ့

ငါ့ရုပ်၊ ငါ့ခန္ဓာကိုယ်၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာနဲ့ အကုန်သိမ်းပိုက်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ရုပ်တရားကြီးကိုလည်း ငါလို့ဆိုတော့ ကြည့်ပါအုံး၊ အဲဒီမှာလည်း ဒိဋ္ဌိတွေနဲ့ သိမ်းပိုက်ထားတယ်နော်၊ ဝေဒနာကို လည်းပဲ ငါ၊ နေကောင်းတဲ့အခါ သုခဝေဒနာဆိုရင် ချမ်းသာပဲ့၊ ငါချမ်းသာ တယ်၊ ငါချမ်းသာတယ်၊ ဝေဒနာကို သိမ်းပိုက်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဟို. . . သညာအမှတ်အသား ကောင်းတယ်ဆိုတာကလည်း ငါ့သညာ မဟုတ်လား၊ ဟို. . . သင်္ခါရ စေတနာအစရှိတဲ့ အမျိုးအစား ငါးဆယ်၊ ဒါတွေလည်း ငါ့ဥစ္စာတွေလို့ဆိုတော့ ဒါတွေလည်း ဒိဋ္ဌိတွေနဲ့ သိမ်းပိုက်တာ မဟုတ်လား (မှန်ပါဘုရား)၊ ဟို. . . ဝိညာဏက္ခန္ဓာ၊ တို့စိတ်လိုကောင်းတာ လိုက်ရှာကြည့် မတွေ့နိုင်ပါဘူးဆိုတော့ ကိုယ့်စိတ် ကို ဒီဥစ္စာ စိတ်ကိုပဲ ငါ သိမ်းပိုက်တယ်ဆိုတော့ သူ့လည်း ဒိဋ္ဌိတွေနဲ့ စွဲနေတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီလိုဆိုရင် ခန္ဓာငါးပါးလုံး အပေါ်မှာ ဒိဋ္ဌိတွေနဲ့ လွှမ်းဖုံးနေတာပေါ့ (မှန်လှပါ ဘုရား)။

အင်း. . . ရောနေတာကိုး မရောပါနဲ့ ခွာလိုက်စမ်းပါတဲ့၊ ရုပ် ကကော ကိုယ့်ရုပ်ဟုတ်လို့လား (မဟုတ်ပါဘူး ဘုရား)၊ ဝေဒနာ၊ သညာ၊ သင်္ခါရ စိတ်တွေကော ဟုတ်လို့လား (မဟုတ်ပါဘူး ဘုရား)၊ တခြားစီ ထားလိုက်စမ်းပါ၊ ဘာဆိုင်မှတ်လို့ ဒီလိုပြောတယ်၊ အခုဆိုလို့ရှိရင် ဝေဒနာ ပြောနေတယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ငါ့ဝေဒနာ၊ ငါ့ခန္ဓာ၊ ငါမသက်သာဘူး၊ ငါအင်မတန် ပူပြင်းနေတယ်လို့ဆိုတော့ ဝေဒနာနဲ့ ငါနဲ့ ရောမနေပေဘူးလား (ရောနေပါတယ် ဘုရား)၊ ဘုရားကိုယ်တော် မြတ်ကြီးက မရောနဲ့ကွဲ့၊ ဝေဒနာကို ခွာထားပြီးတော့ ဝေဒနာရဲ့အပျက် ကို မြင်အောင်ကြည့်၊ ဝေဒနာခွာထားပြီးတော့ ဝေဒနာရဲ့အပျက်ကို

မြင်အောင်ကြည့်၊ အဲသလိုတဲ့၊ အဲသလိုဆိုလို့ရှိရင် မနာဘူး။

## ဝေဒနာကိုအာရုံမပြုဘဲထားပါ

တစ်ခါတုန်းက ဦးတိဿဆိုတဲ့ကိုယ်တော်ကြီး တောထဲမှာ တရားအားထုတ်နေတာ၊ အင်း. . . ညနေပိုင်းကလေးမှာ လူတွေတစ်စု ရောက်လာကြတယ်၊ လူဆိုးတွေပဲ၊ ဟေ့. . . ဒကာတို့ ဘာလုပ်ကြမလို့လဲ၊ ကိုယ်တော့်ကို သတ်မလို့၊ ဟဲ့. . . ငါ့ဘာလို့သတ်ကြမှာတုံး၊ မင်းတို့နဲ့ ငါနဲ့ ဘာမှဖြစ်တာမှ မဟုတ်ဘဲ၊ မသိဘူးလေ တပည့်တော်တို့ကို ကိုယ်တော့်ခယ်မက အသတ်ခိုင်းတာပဲ၊ ပိုက်ဆံပေးလိုက်တယ်၊ သြော် သြော် သြော်. . . ဟုတ်ပြီ၊ ဟုတ်ပြီ သဘောပေါက်သွားတယ် ကိုယ်တော့် ခယ်မကဆိုတော့၊ ဘာလို့လဲဆိုတော့ သူက သူ့ရှိတဲ့ ပစ္စည်းဥစ္စာတွေ အကုန်လုံး ညီနဲ့ခယ်မကို ပေးပစ်ခဲ့ပြီးတော့ သူက ရဟန်းလုပ်လာခဲ့တာကိုး၊ တောထွက်ပြီးတော့ အခု တရားအားထုတ်နေတာ၊ ဟိုက စဉ်းစားသတဲ့၊ ဒီကိုယ်တော်ကြီး လူများပြန်ထွက်လာရင် ဒီပစ္စည်းတွေ ပြန်ပေးနေရ လိမ့်မယ်၊ ဒီတော့ တစ်ခါတည်းအပြတ်ရှင်းမှ ဖြစ်မယ်ဆိုပြီးတော့ လူဆိုး တွေ ပိုက်ဆံပေးသတ်ခိုင်းတာတဲ့၊ ဟိုက သဘောပေါက်သွားတယ်၊ အေး အေး အေး. . . ရှိပါစေတော့ကွာ၊ ဒါပေမဲ့ ခဏတော့ ငါ့ဆိုင်းကြပါအုံးကွဲ့၊ တစ်ညလောက်တော့ ငါ့ခွင့်ပေးကြပါကွဲ့၊ မသတ်ပါနဲ့အုံး၊ ပြီးတော့မှ သတ်တာပေါ့၊ ဘယ်ဖြစ်မလဲကိုယ်တော် ကိုယ်တော်ထွက်ပြေးရင် ဘယ့်နှယ်လုပ်မလဲ၊ မပြေးပါဘူးကွ၊ ဟာ. . . ဘယ်ယုံနိုင်လိမ့်မလဲ၊ ကဲ. . . မယုံနိုင်ရင်ကွာ ငါအာမခံပေးပါ့မယ်။

အမယ်လေး တောထဲမယ် ဘယ်သူကလာပြီး ကိုယ်တော့်ကို အာမခံပေးမှာလဲ၊ ကဲကွာ ဒီလောက်ရှိလှတာဆိုပြီးတော့ အနားနားက

ကျောက်တုံးကြီး ယူတဲ့ပြီးတော့ ခြေနှစ်ချောင်း ပြောင်း ပြောင်း ပြောင်းနဲ့ ချိုးချလိုက်တယ်၊ ပေါင်ကြီးတွေကိုလေ (မှန်လှပါ ဘုရား)၊ အရိုးကြီးတွေ ငေါငေါကြီးတွေကို ထွက်ရော၊ သွေးတွေသံတွေနဲ့ ကဲ. . . ဒါဟာ အာမခံ ပေါ့ကွ၊ အဲ. . . ဟုတ်ပြီ၊ ဒီလိုဆိုရင် ယုံပါပြီဆိုပြီးတော့ တော်ရာသွားပြီး တော့ နေကြတယ်၊ တစ်ညတော့ ဆိုင်းကြပါအုံးကွ၊ မနက်ကျမှ သတ်ကြ ပါ၊ အဲဒီတင် သူ့ပေါင်နှစ်ချောင်း ပြောင်း ပြောင်း ပြောင်းနဲ့နေအောင် ချိုးလိုက်တယ်၊ အရိုးကြီးတွေတောင် ငေါငေါကြီးတွေ ထွက်နေတယ်ဆို တော့ မနာပေဘူးလား (နာပါတယ် ဘုရား)၊ နာတဲ့ဥစ္စာ ဝေဒနာတွေပေါ့ (မှန်လှပါ ဘုရား)၊ ဘာဝေဒနာတွေတုံး (ဒုက္ခဝေဒနာတွေပါ ဘုရား)။

## ဝေဒနာပေါ်လာတဲ့အခိုက် ဝေဒနာကိုအာရုံမပြုနဲ့

အို. . . အဲဒီနာတဲ့ဝေဒနာတွေကို ခွာထားသတဲ့၊ **ဝေဒနံ ဝိက္ခမ္ဘေတွာ**- ဝေဒနာကိုခွာထားတယ်၊ ခွာတယ်ဆိုတာ ဘယ်လိုလဲ၊ ငှက်ပျောသီးအခွံခွာသလိုလား၊ ဟာ. . . မဟုတ်ပါဘူး၊ **အနာရုံမနံ ကတွာ**- အာရုံမပြုဘဲထား၍၊ ဝေဒနာကို အာရုံမပြုဘူး၊ သူ့ဘက်ကို မလှည့်ဘူး၊ အခု စောစောတုန်းကပြောတယ်၊ ပေါ်လာတဲ့အခိုက်မှာ ဝေဒနာ၊ ပျောက်သွားတဲ့အခိုက်မှာ အနိစ္စ၊ အဲဒါလေးကို သိလိုက်တာက မဂ္ဂ၊ အဲဒီမှာ ပေါ်လာတဲ့အခိုက် ပေါ်လာတဲ့အခိုက်ကို အာရုံမပြုဘူး၊ ပျောက်သွားတဲ့အခိုက် ပျက်သွားတဲ့အခိုက်ကလေးတွေကိုသာ ဉာဏ်နဲ့ သိသိနေတယ်၊ ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု ဟုတ်ဘူးလား၊ ကျက်လိုက်ပါအုံး၊ ဝေဒနာခွာ၍ (အပျက်မြင်အောင်ရှု)၊ ဒါမဟုတ်လား၊ ဝေဒနာနဲ့ငါ မရောစေနဲ့ ဟုတ်တယ်၊ လူတိုင်း အဲဒီဝေဒနာတွေ ပေါ်ပါ

တယ်၊ ဝေဒနာနဲ့ငါ မရောစေနဲ့၊ ငါနာတာ၊ ငါကျင်တာ၊ ငါကိုက်တာ၊ ငါခဲတာ မလုပ်နဲ့၊ ဝေဒနာပေါ်မှာ ငါသွားတင်ပြီးတော့ ဒိဋ္ဌိဝင်မနေနဲ့၊ ဝေဒနာနဲ့ငါ မရောစေနဲ့၊ ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု၊ ဘယ်လို (ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု)၊ အဲသလို ရှုတာတဲ့၊ ဒီကိုယ်တော်ကြီး တစ်ညလုံး ရှုလိုက်တဲ့ဥစ္စာဟာ ဒီအချိန်မှာ တရားမှတစ်ပါး ဘယ်အားကိုး စရာ ရှိလိမ့်မလဲ (မှန်လှပါ ဘုရား)၊ နာလှချည့်၊ နာလှချည့် ရှုံ့မဲ့ပြီးတော့ ဝေဒနာတွေကိုပဲ သူ့ကိုပဲ အာရုံပြုနေလို့ရှိရင် ဘယ်တရားတက်လိမ့်မလဲ၊ ဒီတော့ နာတယ်၊ ကျင်တယ်ဆိုတာ ငါဟုတ်လို့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ပါဘူး၊ နာတယ်၊ ကျင်တယ်၊ မသက်သာဘူး၊ ကိုက်တယ်၊ ခဲတယ်တွေက ဘာတွေတုံး (ဝေဒနာတွေပါဘုရား)၊ အဲ. . . ဝေဒနာတွေ၊ သူတို့ကို အာရုံကိုမပြုနဲ့။

## ပျက်သွားတဲ့ဝေဒနာကိုသာ ဉာဏ်နဲ့ သိသိနေပါ

သူတို့လေးတွေ ပျက်သွားတာ၊ သူတို့တစ်တွေ ပျက်ပျက်သွားတာကိုသာ ဉာဏ်နဲ့ သိသိလိုက်၊ သိသိလိုက်၊ ဒီလိုတဲ့နော် (မှန်လှပါ ဘုရား)၊ အဲသလိုနဲ့ စိုက်ပြီးတော့ ရှုလိုက်တဲ့အခါမှာ သမာဓိတွေတည်လာ၊ သမာဓိတည်တော့ ဉာဏ်ဝင်လာတယ်၊ ဝင်လာတဲ့ဉာဏ်တွေနဲ့ ကြည့်တော့ အဲဒီဝေဒနာတွေ ပြောင်းလွှဲဖောက်ပြန်ပုံ၊ ပြောင်းလွှဲဖောက်ပြန်ပုံကို ထင်ထင်ရှားရှား တွေ့လာရတာပေါ့ (မှန်လှပါ ဘုရား)၊ အေး. . . သူတို့တစ်တွေရဲ့ အပျက်၊ ဝေဒနာတွေရဲ့ အပျက်ကိုပဲ ဉာဏ်နဲ့ ကြည့်ကြည့်နေတယ်၊ သိသိနေတယ်၊ ဒီလိုလုပ်တာတဲ့၊ အဲသလိုနဲ့လုပ်လိုက်တာ၊ တရွေ့ တရွေ့ တရွေ့နဲ့ တရားသားတွေ တက်တက် တက်တက်လာလိုက်တာ၊ မနက်အရုဏ်လည်း အရှေ့လောကဓာတ်က ပေါ်လာရော၊ ဒီတင် လေးမဂ် လေးဖိုလ်

ဆိုက်တာပဲ။

ဟို. . . ရှေ့ပိုင်းက တစ်ဆင့်၊ နှစ်ဆင့်၊ သုံးဆင့် သန်းခေါင် လောက်ကတိုင်း စဖြစ်တော့နေပါရော့မယ်၊ အရဏ်လည်းတက်ကရော လေးမဂ် လေးဖိုလ်ဆိုက်တော့ ဒီပုဂ္ဂိုလ်ကြီး ဘာဖြစ်သွား (ရဟန္တာကြီး ဖြစ်သွားပါတယ် ဘုရား)၊ ဖြစ်သွားပါသတဲ့၊ အမယ်. . . ဝမ်းသာအားရနဲ့ ဥဒါန်းတွေများ ကျူးလို့ . . . ၊ **ဥဘောပါဒါနိ ဘိန္ဒိတွာ၊ သညပေဿာမိ ဝေါအဟံ၊ အင္ဂီ ယာမိ ဟရာယာမိ၊ သရာဂ မရဏံအဟံ။** ဆိုပြီးတော့ ပေါင်နှစ်ချောင်း ပြောင်းခနဲ ပြောင်းခနဲနေအောင် ချိုးပြီးတော့ သူ တရား အလုပ် အားထုတ်လိုက်တာ လေးမဂ်လေးဖိုလ်ဆိုက်သွားပြီ၊ အရဏ် တက်တဲ့အချိန်မှာ လေးမဂ် လေးဖိုလ်ဆိုက်သွားပြီဆိုတဲ့ ဥစ္စာကို ဝမ်းသာ အားရနဲ့တောင် သူက ဥဒါန်းကျူးသေးတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးဟာ ဝေဒနာ ခွာ၍ အပျက် မြင်အောင်ရှု လုပ်နေတာတဲ့ (မှန်လှပါ ဘုရား)၊ ဘာတဲ့ (ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု)၊ အဲသလိုလုပ်တာ၊ ဒါဖြင့်ရင် အခု ဘုန်းကြီးတို့ဒကာ၊ ဒကာမတို့လည်း ကြုံရမယ်။

လူတိုင်း လူတိုင်း ဝေဒနာကြုံရမယ်နော် (မှန်ပါ ဘုရား)၊ ဝေဒနာ ကြုံတဲ့အခါ ဝေဒနာရှုနေရမှာလား၊ ဝေဒနာရဲ့အပျက်ကို ရှုရမှာလား (ဝေဒနာရဲ့အပျက်ကို ရှုရမှာပါ ဘုရား)၊ ဒါ သတိပြုပါ၊ ဝေဒနာရဲ့အပျက်၊ ဝေဒနာကြီး ရှုနေရုံနဲ့တော့ မရဘူးနော် (မှန်လှပါ ဘုရား)။

## အသက်စွန့်ရသော်လည်း ဆရာ့စကား မပယ်ရှား

ဟိုး. . . တစ်ခါဟာတုန်းက ရဟန်းပေါင်းသုံးဆယ်လောက် တောထဲထွက်လာကြတယ်၊ တရားအလုပ်အားထုတ်ကြမယ် ဆိုပြီးတော့ တောထဲရောက်တော့ အကြီးဆုံးမထေရ်ကြီးက ပြောတယ်၊ အေး. . .

မင်းတို့တစ်တွေနော် တရားရချင်လို့ အခုလို တောထဲထွက်လာကြတာ၊ ဝိုင်းဖွဲ့ စကားပြောမနေကြနဲ့၊ ကိုယ့်အလုပ်ကို အချိန်ပြည့်လုပ်ကြ၊ မပြော ကြနဲ့ကွယ်၊ စကားဆို မပြောကြနဲ့။

ဆယ့်ငါးရက်တစ်ကြိမ် ဥပုသ်ပြုတဲ့အခါကျမှပဲ တရားဆွေးနွေး ကြမယ်၊ ကဲ. . . ကိုယ့်သစ်ပင်ကိုယ် နေကြလို့ဆိုတော့ ကိုယ့်သစ်ပင်လေး တွေနဲ့ကိုယ် နေကြတာ၊ အားထုတ်နေကြတာ၊ ညရောက်တဲ့အခါကျတော့ ကျားက အစွန်ကကိုယ်တော်ကို လာဆွဲတယ်၊ ကျားဆွဲတယ်ဆိုတော့ သူ အော်ချင်တာပေါ့၊ ဒါပေမဲ့ စကားမပြောရဘူးဆိုလို့ မအော်ဘူး၊ ငြိမ်လိုက်သွားတာ၊ ဘေးကကိုယ်တော်ကလည်း မြင်လိုက်တယ်၊ ဟိုက ရုတ်ရုတ် ရုတ်ရုတ်နဲ့ ဆွဲသွားတာ အော်လိုက်လို့ရှိရင် စကားပြောရာ ရောက်မယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါနဲ့မပြောဘူး၊ ငြိမ်နေလိုက် တယ်၊ အဲဒီတင် ပါသွားပါလေရောလား၊ ကိုယ်တော်တစ်ပါး၊ တောထဲ ရောက်တော့ စားမှာပေါ့။

ဟော. . . နောက်တစ်နေ့ညကျ လာပြန်ပြီ၊ ဒီကျားက ဘေးနား က ကိုယ်တော် လာဆွဲပြန်တာပဲ၊ ဟာ. . . ဆွဲပြန်တော့လည်း အဲဒီကိုယ် တော်ကလည်း မအော်ပါဘူး၊ အော်ရင် အော်လို့ရှိရင် စကားပြောရာ ရောက်မှာစိုးလို့နော်၊ အဲသလိုနဲ့ နောက်တစ်နေ့လည်း လာဆွဲ၊ နောက် တစ်နေ့လည်း လာဆွဲ၊ အဲသလိုနဲ့ ဆယ့်ငါးရက်လောက်ကြာတော့ ဆယ့်ငါးပါးလောက်ကုန်တာပေါ့။

အေး. . . ဆယ့်ငါးရက်လည်း ပြည့်ရော လပြည့်နေ့ ဥပုသ်ပြုကြ မလို့ သံဃာတွေ ဆုံကြ၊ စုကြတော့ စုံကြပြီလားကွဲ့၊ စုံပါပြီဘုရား၊ ဟဲ့. . . ဘယ်ရောက်ကုန်သလဲ၊ တစ်ဝက်လောက်တောင် လျော့နေပါ့လား၊ မှန်ပါ၊ ညညကျတော့ ကျားက လာလာဆွဲတယ်ဘုရား၊ ဟဲ့. . . ကျားဆွဲ ဘာပြု

လို့ မအော်ကြတာတုံး၊ နို့. . . အရှင်ဘုရားက စကားမပြောရဘူး ဆိုတာ။

အိုး. . . မင်းတို့တစ်တွေကလည်း တကယ့်လျှော့နံ့ဓားထစ် မှတ်ထားကြတာကိုးကွဲ့၊ ဒီလိုရန်သူတွေ့တော့လည်း အော်ရမှာပေ့ါ၊ ကဲ. . . ဒီကနေ့ကစပြီး အဆွဲခံရတဲ့ ကိုယ်တော်ကလည်း အော်ဟဲ့၊ ဘေးက ကိုယ်တော်တွေကလည်း လိုက်၊ ပြင်ပြီးတော့ အမိန့်ထုတ်ရတာ၊ တောင်ဝှေးတို့၊ မီးကျည်တို့၊ မီးကပ်တို့လည်း အသင့်လုပ်ထား၊ မီးစည်း၊ မီးစည်းဆိုတာ ဘယ်တောထဲရေနံချေးရလိမ့်မလဲ၊ သစ်ရွက်ခြောက်တွေ စုပြီးတော့ လျှော်နဲ့ပတ်တာပေ့ါ၊ အေး. . . အရေးထဲဆိုလို့ရှိရင် အဲဒါကို မီးရှို့၊ ဒီလိုလုပ်ရမှာ။

## အသက်ရှင်နေမှ တရားအလုပ်လုပ်နိုင်မယ်

ကဲ. . . အသင့်လုပ်ထားကြဟဲ့ဆိုတော့ လာတာပါပဲ ညကျတော့ ကျားကြီးက၊ အဲဒီတင် အဆွဲခံရတဲ့ကိုယ်တော်က တပည့်တော်ဆွဲတယ် ဘုရား၊ အော်ရတယ်၊ ဘေးကကိုယ်တော်တွေက ဟာ- ဟာ- ကျားတဲ့ ဟ၊ ကျားတဲ့ဟဆိုပြီးတော့ လက်ခုတ်တွေတီး၊ တုတ်တွေနဲ့ ခွမ်း ခွမ်းနဲ့ ရိုက်၊ ဟာ. . . တောင်ဝှေးတွေနဲ့ ဝုန်းဝုန်း ဝုန်းဝုန်းနဲ့ မီးရှို့ပြီးတော့ မီးတုတ်တွေနဲ့ အဲသလိုလိုက်၊ ဟာ. . . သစ်ရွက်ခြောက်တွေကို စုစည်းထားတဲ့ မီးတုတ် ကို မီးညှိပြီးတော့ လိုက်ဟ၊ လိုက်ဟ ဝုန်းဝုန်း ဝုန်းဝုန်းနဲ့ ကျားကြီးကလည်း ချီသွားတယ်၊ မလွှတ်ဘူး၊ လမ်းလျှောက် ဒီကိုယ်တော် ပြန်မခုခံနိုင်အောင် လို့ ခြေတွေ၊ လက်တွေလည်း ကိုက်သွားသေးတာ၊ နောက်ကကိုယ်တော် တွေက လိုက်၊ ရှေ့က ကျားကြီးကလည်း ပြေး၊ နောက်ကလိုက်၊ ရှေ့က ပြေးနဲ့၊ ဟာ. . . လွှတ်လည်း မလွှတ်ပါဘူး။

ဝုန်းဝုန်း ဝုန်းဝုန်းနဲ့ တော်တော်လည်းဝေးရော ကမ်းပါးပြတ်ကြီး

တစ်ခုတွေ့တော့ လွှားခနဲ ဟိုဘက်ကို ခုန်ချလိုက်တာ ကျားကြီးက၊ ဒီတင် ကိုယ်တော်တွေကျတော့ ခုန်ဖို့က မလွယ်ဘူး၊ အောက်ကရေတွေ၊ ကျား မို့လို့ ခုန်နိုင်တာ၊ ကိုယ်တော်တွေကျတော့ မခုန်နိုင်ဘူး၊ ည လာသာသာ ဆိုတော့ အထင်းသားမြင်နေရတာပေါ့ (မှန်လှပါ ဘုရား)၊ ဟိုဘက်ကမ်း လည်းရောက်ကရော၊ ကျားကြီးက အဲဒီကိုယ်တော်ချပြီး နောက်ပြန် မထီတဲ့ဟန်နဲ့ ပြန်ကြည့်တယ်၊ ကဲ. . . ဘယ့်နှယ့်ရှိစ နေမှာပေါ့လေ။

အေး. . . အဲဒီတင် ကိုယ်တော်တွေက ပြောတယ်၊ ကဲ. . . မိတ်ဆွေရေ မင်းမြင်တဲ့အတိုင်းပဲကွ၊ တို့တစ်တွေ ဝိုင်းကူကြပါတယ်၊ ဒီထိအောင် တို့ရောက်ပါတယ်၊ ဒီထက်တော့ တို့လည်းကြိုးစားလို့ မရ တော့ဘူးကွဲ့၊ ဒီအချိန်မှာ သူတော်ကောင်းတို့ရဲ့ သတ္တိပြရမှာ သတ္တိပြ လိုက်စမ်းပါကွဲ့ဆိုပြီးတော့ ပြန်သွားကြတာတဲ့။

အဲဒီတင်ကျားကြီးက အေးအေးဖြည်းဖြည်းနဲ့ ဒီကိုယ်တော်ကို စားတော့တာပါပဲ၊ ကျားဆိုတာ မျက်နှာကြောက်တယ်၊ ဒီတော့ ခြေရင်းက စစားတာပေါ့၊ အဲဒီကိုယ်တော် အစင်းလိုက်တိုင်းထားပြီးတော့ အောက်က နေ ဝါးတာ ဖြုတ်ဖြုတ် ဖြုတ်ဖြုတ်နဲ့ပေါ့၊ ဒီကိုယ်တော်ကို ဝါးတယ်ဆိုတော့ ဘယ်သက်သာလိမ့်မလဲ နာမှာပေါ့၊ နာတော့ ဝေဒနာမဟုတ်လား (မှန်ပါ ဘုရား)၊ ဘာဝေဒနာတုံး (ဒုက္ခဝေဒနာပါ ဘုရား)၊ အို. . . ဒုက္ခဝေဒနာ တွေ ကြည့်စမ်း ကျားရဲ့ပါစပ်ဝ၊ သေတွင်းဝမဟုတ်လား၊ ဒီအချိန် ဘယ်သူ လာ အားကိုးစရာ၊ ကယ်စရာရှိလိမ့်မလဲ၊ တရားမှတစ်ပါး အားကိုးစရာ ရှိသေးလား (မရှိပါဘူး ဘုရား)။

## ပေါ်လာတဲ့အခိုက်မှာ ဝေဒနာကို ဥပေက္ခာပြုပါ

အဲဒီတင် တရားကိုပဲ နှလုံးသွင်းတော့တာပဲ၊ ဖြုတ်ဖြုတ်

ပြုတ်ပြုတ်နဲ့ ဝါးတဲ့ဝေဒနာတွေကို ခံယူနေလို့ ဘယ်တရားတက်လိမ့်မလဲ၊ ဝေဒနာတွေနဲ့ ငါနဲ့ မရောဘူး၊ ဝေဒနာဟာ ဝေဒနာပဲ၊ ငါဟုတ်လို့လား (မဟုတ်ပါဘူး ဘုရား)၊ ငါကော အစကတည်းက ရှိလို့လား (မရှိပါဘူး ဘုရား)၊ မရှိပါဘူး၊ အသိသဘောတရားသာ ရှိတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အင်း. . . အဲဒီဝေဒနာတွေကို ခွာပြီးတော့ ထားလိုက်တယ်၊ ဝေဒနာဆိုတာ ဒုက္ခဝေဒနာဆိုရင် နာမယ်၊ ကျင်မယ်၊ ကိုက်မယ်၊ ခဲမယ် သူ့အလုပ် သူလုပ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ လုပ်ပေ့စေပေါ့၊ ကိုယ်နဲ့ဘာဆိုင်တာ မှတ်လို့၊ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)။

အဲသလို ဝေဒနာနဲ့ငါ ခွာထားပြီးတော့ ဝေဒနာပေါ်လာတဲ့ အခိုက်မှာ ဝေဒနာ၊ ပျက်သွားတဲ့အခိုက်မှာ အနိစ္စ၊ သိလိုက်တာက မဂ္ဂ၊ အေး. . . အဲသလို သုံးမျိုးလောက်ခွဲခြားထားပြီးတော့ ပေါ်လာတဲ့အခိုက် ဝေဒနာကိုမရှုဘူးပေါ့၊ ပျက်သွားတဲ့အခိုက်ကလေးကို သိလိုက်တယ်၊ ပျက်သွားတာက ဘာတုံး (အနိစ္စပါ ဘုရား)၊ အနိစ္စ၊ သိလိုက်တာက မဂ္ဂ၊ မဂ် မဟုတ်လား၊ ရှစ်ပါးလား၊ ငါးပါးလား (ငါးပါးပါ ဘုရား)၊ ငါးပါးပဲ ရှိပါသေးတယ်၊ ငါးပါးဆိုတော့ လောကီမဂ်ပေါ့၊ ဟုတ်ပြီ၊ အဲသလိုလေး တွေ ပျက်သွားတာကို သိလိုက်တယ်၊ ပျက်သွားတာကို သိလိုက်တယ်၊ ဒီနည်းအားဖြင့် ရှုတာ၊ အဖြစ်အပျက်တွေမြင်၊ အဖြစ်အပျက်တွေမုန်း၊ အဖြစ်အပျက်တွေ ဖျတ်ခနဲ ဆုံးသွားတာကို မြင်လိုက်တယ်တဲ့၊ ခြေကျင်းဝတ်လောက်လည်း ကုန်ရော အဲသလို အဖြစ်အပျက်ဆုံးတာကို မြင်တယ်ဆိုတော့ ဒီပုဂ္ဂိုလ် ဘာပုဂ္ဂိုလ်ဖြစ်သွားတုံး (သောတာပန်ပုဂ္ဂိုလ် ဖြစ်သွားပါတယ် ဘုရား)၊ သောတာပန်ပုဂ္ဂိုလ်ဖြစ်သွားပြီ၊ ဟန်ကျသွားပြီ၊ သူလည်း တအားတက်သွားတာပေါ့၊ အို. . . ကျားကြီးကတော့ အားရှိ ပါးရှိပါပဲ၊ ဘယ်သူမှ အနှောက်အယှက်မရှိပါဘူး၊ ညကြီးလသာသာ

တပြုတ်ပြုတ်နဲ့ ဆက်ဝါးတုန်းပဲပေ့ါ၊ ဟို. . . သူကလည်းပဲ ရှေ့ဆက် တရားပဲ ရှုရမှာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒီလိုနည်းအားဖြင့် ဆက်ပြီးတော့ တရားတွေ ရှုမှတ်လိုက်တဲ့ဥစ္စာ ပြုတ်ပြုတ် ပြုတ်ပြုတ်နဲ့ ဝါးလာလို့ ဟို. . . ဒုံးဆစ်လောက်လည်း ရောက်ကရော သကဒါဂါမ် အဆင့် ရောက်သွားတယ်တဲ့ (မှန်လှပါ ဘုရား)။

## ဝေဒနာပျက်သွားတာကိုသာ ရှုပါ

ဟယ်. . . ဒီအတိုင်း နာကျင်နေတာတွေ စဉ်းစားနေရုံနဲ့ ရှုနေရုံနဲ့ ရောက်ပါ့မလား (မရောက်ပါဘူး ဘုရား)၊ မရောက်ဘူး၊ ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု၊ ဘယ်လို (ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု)၊ အဲသလိုလုပ်နေတာတဲ့၊ အဲသလိုနဲ့ ပြုတ်ပြုတ် ပြုတ်ပြုတ်နဲ့ ရှေ့ဆက်ဝါးလို့ အို. . . ပေါင်ရင်းနားလောက်လည်း ရောက်ကရော နောက်ထပ် အနာဂါမ် အဆင့်ထိအောင် ရောက်ပါသတဲ့၊ ကြည့်စမ်း တကယ့်သူတော်ကောင်း ပါပဲလား၊ အင်မတန့်အင်မတန် ဆိုးဝါးတဲ့ အခြေအနေထဲကနေပြီးတော့ အဆိုးထဲက အကောင်းထုတ်တာ၊ အဆိုးထဲက အကောင်းထုတ်တာ၊ အေး. . . ဒီနည်းပဲ အကောင်းထုတ်လို့ ရတော့မပေ့ါ၊ ရှေ့ဆက် ကျားကြီး ကတော့ အေးအေးဖြည်းဖြည်း စားလျက်ပါပဲ၊ သူကလည်းပဲ ရှေ့ဆက် တရားတွေ နှလုံးသွင်းလိုက်တာ၊ နှလုံးသားတွေကို မစားမီအချိန်မှာပဲ လေးမဂ် လေးဖိုလ်ဆိုက်သွားပါသတဲ့နော်၊ အေး. . . ဒီအကြောင်းအရာ တွေကို အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်တွေက ပြောပြလို့သာ သိနိုင်တာပါ၊ ဒီပုဂ္ဂိုလ်လည်း ရှေ့ဆက်ဝါးတော့ တစ်ကိုယ်လုံးကုန်အောင် စားမှာပဲ မဟုတ်လား (မှန်လှပါ ဘုရား)။

အေး. . . သူဘယ်လောက်ပဲ စားစား၊ ဒီမယ်တော့ဖြင့် အကျိုး

ရသွားပြီ၊ ဒါလောက်ဆိုးတဲ့ အခြေအနေထဲကနေပြီးတော့ အကောင်း ထုတ်ယူလို့ သူ လေးမဂ် လေးဖိုလ်ဆိုက်တဲ့အထိ ဖြစ်သွားပြီ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလိုဖြစ်သွားတာ ဝေဒနာရှုတာလား၊ ဝေဒနာရဲ့ အပျက်ကို ရှုတာလား (ဝေဒနာရဲ့အပျက်ကိုရှုတာပါ ဘုရား)၊ အဲသလို နော် အရေးကြီးပြီ၊ ဘုန်းကြီးတို့ ကိုယ်စီကိုယ်င ဝေဒနာတွေ့ကြမှာ မဟုတ် လား (မှန်လှပါ ဘုရား)၊ တွေ့ကြမယ်၊ တွေ့တဲ့အခါ ကယ်ပါအုံး၊ ယူပါအုံး လုပ်မနေနဲ့၊ မကယ်နိုင်ဘူး၊ ဘယ်သူမှ မကယ်နိုင်ဘူး၊ ကယ်နိုင်တာက တော့ ကိုယ့်ဉာဏ်နဲ့ကိုယ် အခုလိုရှုမှပဲ ကယ်နိုင်တာပဲ (မှန်လှပါ ဘုရား)။

## သူတော်ကောင်းတို့၏ စိတ်ဓာတ်

ဟိုး. . . ရှေးတုန်းက စစ်ကိုင်းခေတ်မှာ သာလွန်မင်းတရားကြီး တို့လက်ထက် ဒီလိုထင်ပါတယ်၊ စစ်ကိုင်းတောင်ရိုးမြောက်ဖျားမှာ ကိုယ်တော်တစ်ပါးရှိတယ်၊ သီလသမာဓိက အင်မတန်လုံခြုံတယ်၊ အင်မတန်ကြည်ညိုဖွယ်ကောင်းတယ်ဆိုပဲ၊ အဲဒါဘုရင်ကြီးက နန်းတော် က ကြားတော့ ကိုးကွယ်ချင်တယ်၊ ကိုးကွယ်ချင် တန်းပင့်ကိုးကွယ်တာ မဟုတ်ဘူး၊ သူတို့က စမ်းသေးတာကိုး၊ အေး. . . ဒီမှာ မိဖုရားမောင်းမ ငယ်တစ်ယောက်ကို ကျကျနနသင်ပေးပြီးတော့ တို့တစ်တွေ ကိုးကွယ် တော့ ကိုးကွယ်မှာပဲကွ၊ ဒါပေမဲ့ ဒီကိုယ်တော်ရဲ့သီလ ဘယ်လောက်ခိုင် တယ်ဆိုတာ သိရအောင် မင်းသွားဖျက်ချေစမ်း၊ ဒီလိုသင်ပေးတာပေါ့၊ အဲဒါနဲ့ ဟို. . . မင်းချင်းတွေ နှစ်ယောက်၊ သုံးယောက်လောက်နဲ့ အဲဒီ စစ်ကိုင်းတောင်ရိုးမြောက်ဖျား နေဝင်ရီတရောကလေးမှာ သွားပို့၊ ပို့ပြီး တော့ သူတို့တစ်တွေက အသံမကြားအောင် နောက်ဆုတ်ပြန်၊ အဲဒီမှာ နေကဝင်လုလု၊ ဆရာတော်ဘုရား၊ အမျိုးသမီးအသံပေါ့၊ ဆရာတော်

ဘုရား၊ ဟဲ့. . . ဘယ်သူလဲ၊ တပည့်တော်မပါ ဘုရား၊ ဘာဖြစ်တာလဲ၊ တပည့်တော်မ ခရီးသွားဘုရား မျက်စိလည် လမ်းမှားပြီးတော့ အခု ဒီတောတွေ တောင်တွေထဲရောက်လာတယ်၊ ဘယ်သွားရမှန်းလည်း မသိ ဘူး ဘုရား၊ နေကလည်း ဝင်တော့မယ်၊ အချိန်က မရှိတော့လို့ ဆရာတော် ဘုရားရဲ့ကျောင်း တစ်ညလောက် တည်းခိုခွင့်ပြုပါ ဘုရား။

အိုး. . . ရှိုးရှိုးရှုပ်ရှုပ်နဲ့ နင်တို့တစ်တွေ၊ မဟုတ်ဘူး ဘုရား၊ တပည့်တော်မ အဖော်လည်း မရှိလို့ဘုရား၊ သနားတော်မူပါဘုရား၊ တစ်ညလောက်တော့ တည်းခိုခွင့် ပေးတော်မူပါဘုရားဆိုတော့၊ အမျိုး သမီးလည်း ဖြစ်ပြန် အားနွဲ့တဲ့သူကို ပြန်မောင်းထုတ်ရမှာလည်း အခက်၊ သူတော်ကောင်းဆိုပြီးတော့ ဒါလောက်ရင့်သီးရမှာလည်း မကောင်းတော့၊ အေး. . . ဟောဟိုဘက်နားက မီးဖိုထဲအိပ်၊ အမယ်. . . ခွင့်ပြုလိုက်တာ ဆရာတော်ကလေ၊ မှန်ပါ ဒီလောက်ကိုပဲ ကျေးဇူးကြီးမားလှပါပြီဆိုပြီး တော့ မီးဖိုထဲ မီးတင်းကုတ်ထဲ အိပ်နေရှာပါတယ်၊ အဲသလိုနဲ့ အိပ်လို့ တရွေ့ တရွေ့နဲ့ နည်းနည်းလေး ပို၍ ပို၍ မှောင်စပျိုးလာတော့၊ တောကောင်တွေက ဟိုသွား ဒီသွားနဲ့၊ ကျားတို့ ကျားသစ်တို့ဆိုတဲ့အသံ တွေက ကြားလာတာပေါ့။

## သူတော်ကောင်းတို့၏ အပြုအမူ

အဲဒီတင် ကြားလာ၊ ဆရာတော်ဘုရား ကြောက်လှချေရဲ့ဘုရား ဆိုပြီးတော့ ပြေးတက်လာတာ ကျောင်းပေါ်ကို၊ ဟဲ့. . . တော် ဒကာမ၊ အင်. . . နင်တို့တွေ၊ လှေကားထစ်တစ်ဝက်လောက် ရောက်နေပြီ၊ အဲသလိုနဲ့၊ ခက်တယ် ဒါတွေ ငါ့တစ်ယောက်တည်း အေးအေးဆေးဆေး နေတာ အကောင်းသားနဲ့ နင်တို့တစ်တွေက ရှုပ်ရှုပ် ရှုပ်ရှုပ်လာလုပ်ကြ

တယ်၊ အို. . . အဲဒီအချိန်မှာ မအိပ်ဝံ့ပါဘူး၊ မီးခွက်ကို ထွန်းထားပြီးတော့ သူလည်း ကျောင်းခန်းထဲ လမ်းလျှောက်ပြီးတော့ နေရတော့တာ၊ ရှေ့မတက်နဲ့၊ ဟိုက လမ်းတစ်ဝက်လောက် လှေကားတစ်ဝက်လောက် တောင် ရောက်နေပြီပေါ့၊ အို. . . ငိုလို့ယိုလို့ အမှန်ကတော့ စီမံကိန်းနဲ့လာတာနော်၊ အဲသလိုနဲ့ သူက သတိကြီးစွာနဲ့ လမ်းလျှောက်ပြီးတော့ နေရင်းသားနဲ့ တဖြည်းတဖြည်း ပို၍ညဥ့်နက်လာလေလေ သားကောင်တွေက ကျောင်းနားထိအောင် ကပ်လာတာပေ့ါ၊ ဟို. . . ဝူးဝူးဝါးဝါးနဲ့ ရောက်လာ၊ ကြောက်လှချေရဲ့ဘုရား ဆိုပြီးတော့ ကျောင်းခန်းထဲ အတင်းပြေးလာတဲ့ ပြီးတော့ ဆရာတော့်ရင်ခွင်ထဲ ဝင်တော့မယ့်ပုံ လုပ်တော့တာကိုး၊ ဟာ. . . နင်တို့တစ်တွေ အဲဒါတွေကြောင့် ပြောတာဆိုပြီးတော့ ကြံရာမရဘဲ နံရံမှာထိုးထားတဲ့ ဓားတိုမကလေးတစ်ခုရှိတယ်၊ ဟို. . . ထင်းခွဲချင်ခွဲဖို့၊ တံပူသပ်ချင်သပ်ဖို့ဆိုပြီး လိုရမည်ရ ဓားတိုမလေး ဆွဲတဲ့ပြီးတော့ သူ့ပေါင်ခုတ်ချလိုက်တယ်၊ ဟာ. . . ငေါက်ငေါက် ငေါက်ငေါက်နဲ့ သွေးတွေက ပန်းလို့၊ အမယ်လေး ဟယ်. . . အဲဒီဒကာမလည်း သူ့ကြောင့် ဒီလိုဖြစ်ရ၊ ဖြစ်သွားရရှာတယ်ဆိုပြီးတော့ သူ စိတ်မကောင်းရှာပါဘူး၊ စိတ်မကောင်းရှာပါဘူး၊ အဲဒါကြည့်ပြီးတော့ နေတယ်။

ဟို. . . ဒီကိုယ်တော်ကြီးလည်းပဲ သူ့ပေါင် ဓားနဲ့ခုတ်လိုက်တော့ သွေးတွေ ငေါက်ငေါက် ငေါက်ငေါက်နဲ့ ပန်းတာပေ့ါ၊ ရဲခနဲဖြစ်သွားတဲ့ ဥစ္စာကို တစ်ခါတည်း ရှုံ့မဲ့ပြီးတော့ ကြည့်ပြီးတော့ အင်မတန်နာမှာပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါကိုမြင်သွားတော့ ဒကာမလည်း စိတ်မကောင်းဘူး၊ နည်းနည်း ယို့ယို့ ယို့ယို့နဲ့ နောက်ဆုတ်ပြီးတော့ သြော်. . . ဖြစ်သွားရပေ့ါ၊ ဖြစ်သွားရပေ့ါ၊ အမှန်ကတော့ စွမ်းနိုင်သမျှ ဖျက်ကြည့်တာပါ၊ မပျက်ရင်လည်းပဲ သဘောကျပါတယ်။

အင်း . . . အဲသလိုနဲ့ နောက်ဆုတ် နောက်ဆုတ်နဲ့ ကိုယ်တော်ကြီးလည်းပဲ အေး . . . သူ့အနာ သူ့ဒဏ်ရာဒဏ်ချက်ပဲ သူကြည့်ပြီးတော့ လက်နဲ့နှိပ်ပြီးတော့ နေရင်းနေရင်းနဲ့ တဖြည်းတဖြည်း ညဥ့်နက်၊ အဲဒါကနေပြီးတော့ ဟိုဘက်အရုဏ်တက်လာတော့ ဒကာမလည်း ဘယ်ရောက်သွားမှန်း မသိဘူး၊ သူ့ဘာသာသူ ပျောက်သွားပါတယ်၊ ဒီတင်ကိုယ်တော်ကြီး သူ့တစ်ပါးတည်း သက်နီးစုတ်တွေ ဆုတ်ပြီးတော့ စည်းရတော့တာပေါ့၊ အေး . . . အဲဒီမှာတော့ ဒီကိုယ်တော်ကြီးက သူ့ပေါင်သူ ဓားနဲ့ခုတ်လိုက်တယ်ဆိုတော့ ဝေဒနာလုပ်တာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဝေဒနာလုပ်တယ်၊ ခုတ်လိုက်တယ်ဆိုတော့ မနာပေဘူးလား (နာပါတယ် ဘုရား)၊ နာတာတွေကိုကြည့်နေတာ၊ နာတာတွေကို ကြည့်နေတာ၊ အဲဒီမှာကတော့ သီလမကျိုးအောင်လို့ ဝေဒနာလုပ်တာနော်၊ အေး . . . အဲဒါကတစ်မျိုး၊ စောစောတုန်းက ကိုယ်တော်တွေနဲ့ မတူဘူးနော်၊ စောစောတုန်းက ကိုယ်တော်တွေကတော့ ပေါ်လာတဲ့ ဝေဒနာကိုခွာ၍ အပျက်မြင်အောင်ရှု လုပ်လာခဲ့တာ မဟုတ်လား (မှန်လှပါ ဘုရား)။

အခုဟာကတော့ အဲသလိုမဟုတ်ပါဘူး၊ ဝေဒနာကိုရှုနေတာ၊ ဝေဒနာကိုလုပ်ပြီးတော့ ဝေဒနာကို ရှုနေတာ၊ ဘာပြုလို့လဲဆိုတော့ ဒီလို မနာမကျင်ဘူးဆိုရင် သီလပျက်မယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ သီလမပျက်အောင်လို့ ဝေဒနာလုပ်ပြီးတော့ ရှုတာ၊ ဒီကိုယ်တော်ကြီးကနော်၊ ဝေဒနာလုပ်ပြီးတော့ ရှုတာ၊ သူကတော့ နိဗ္ဗာန်ရဖို့ မရဖို့ ဒီအဆင့် မဟုတ်သေးဘူး၊ အခု လောလောဆယ် သီလမပျက်ဖို့ လိုတယ်မဟုတ်လား (မှန်လှပါ ဘုရား)။

ဒါကြောင့် သီလမပျက်ဖို့ အကျိုးငှာကျတော့ ဝေဒနာလုပ်ပြီး

တော့ ဝေဒနာကိုရှုတာ၊ ဝေဒနာတွေဖြစ်တာ ပျက်တာထိအောင် ရောက်ရဲ့လား (မရောက်ပါဘူး ဘုရား)၊ မရောက်ပါဘူး၊ နာကျင်နေတဲ့ဥစ္စာကိုပဲ သူလည်း ရှုံ့မဲ့ပြီးတော့ သူ့အနာကိုပဲ သူ အာရုံပြုနေတာပေါ့၊ အဲသလို လုပ်ပြီးတော့နေတော့ သီလပျက်အုံးမလား (မပျက်ပါဘူး ဘုရား)၊ မပျက်ပါဘူး၊ ဒါဖြင့် ဝေဒနာကိုကြည့်ပြီးတော့ ဝေဒနာကိုရှုနေတာကတော့ သီလမပျက်ရုံပဲ အကျိုးရှိတာပေါ့ (မှန်လှပါ ဘုရား)၊ နိဗ္ဗာန်ရောက်တဲ့အဆင့်မျိုး ဟုတ်ရဲ့လား (မဟုတ်ပါဘူး ဘုရား)၊ နိဗ္ဗာန်ရောက်တဲ့အဆင့်မျိုးကျတော့ ဘယ်လို ရှုရမယ် (အပျက်ကိုရှုရပါမယ် ဘုရား)၊ အပျက်ကို ရှုရမယ်၊ ဘာတဲ့တုံး (အပျက်ကိုရှုရပါမယ် ဘုရား)၊ ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု ဟုတ်ကဲ့နော်၊ ဝေဒနာရှုတာလား၊ ဝေဒနာရဲ့ အပျက်ကိုရှုတာလား (ဝေဒနာရဲ့အပျက်ကို ရှုတာပါ ဘုရား)၊ အဲဒီလိုရှုမှ နိဗ္ဗာန်ရောက်တဲ့ အရှုမျိုး။

## သီလမပျက်စေဖို့ ဝေဒနာကိုရှုတာ

အခုဥစ္စာကတော့ နိဗ္ဗာန်ရောက်ဖို့ မရောက်ဖို့က နောက်တစ်ဆင့်၊ အခုလောလောဆယ် သီလမပျက်ဖို့ အကျိုးငှာမဟုတ်လား (မှန်လှပါ ဘုရား)၊ သီလမပျက်ဖို့အကျိုးငှာကျတော့ ဝေဒနာရဲ့အပျက် ရှုတာမဟုတ်ဘူး၊ ဝေဒနာရှုနေတာ၊ ဘာတဲ့တုံး (ဝေဒနာရှုနေတာပါ ဘုရား)၊ ဝေဒနာကို ရှုနေတယ်ဆိုတော့ နာလှချည့်၊ ကျင်လှချည့်၊ ရှုံ့မဲ့နေတယ်ဆိုတော့ သူ သီလပျက်ဖို့အချိန်မရှိဘူးပေါ့ (မှန်လှပါ ဘုရား)၊ အေး. . . အဲသလို နှစ်မျိုးကွာပါတယ်၊ ဝေဒနာရှုတာရယ်၊ ဝေဒနာရဲ့ အပျက်ရှုတာရယ်၊ ဒီပုဂ္ဂိုလ်ကတော့ နိဗ္ဗာန်ရဖို့ မဟုတ်သေးဘူးနော်၊ ခုလောလောဆယ် ဘာအကျိုးငှာ၊ သီလမပျက်ဖို့အကျိုးငှာ၊ ဒါဖြင့် ရပြီ၊ သီလမပျက်ဖို့

အကျိုးငှာ ရှုတာမျိုးကျတော့ ဝေဒနာကိုရှုတာ၊ ဟို. . . နိဗ္ဗာန်ရဖို့အထိ ရှုတာမျိုးကျတော့ ဝေဒနာရဲ့အပျက်ကို ရှုတာ၊ ရပြီနော်၊ အေး. . . ကြုံကြပါမယ်၊ ဘုန်းကြီးတို့ ကိုယ်စီကိုယ်င ကြုံကြပါမယ်၊ ဒါ တစ်ချိန်မှာကြုံလာလိမ့်မယ်၊ အဲသလိုဆိုရင် ကယ်ကြပါအုံး၊ ယူကြပါအုံး၊ ကြည့်နေကြတော့မှာလား၊ ဆရာဝန်မခေါ်ကြတော့ဘူးလား၊ လုပ်မနေနဲ့ မလုပ်နဲ့၊ ကိုယ့်ဝေဒနာကိုပဲ ကိုယ့်ဉာဏ်နဲ့ အပျက်မြင်အောင် ရှုမယ်နော်၊ အနားဘယ်သူမှ မလာကြနဲ့၊ ငါ့ ခြင်ထောင်ကလေးချပေး၊ ယင်တို့၊ ခြင်တို့ မလာအောင်ပေါ့လေ။

အဲသလိုလုပ်ပြီးတော့ ကိုယ့်ခံစားပြီးတော့နေရတဲ့ ဝေဒနာ ငါနဲ့ ခွာထားပြီးတော့ ဝေဒနာရဲ့အပျက်ကို ရှု၊ ပေါ်လာပြီးတော့ ပျောက်သွားတယ်၊ ပေါ်လာပြီးတော့ ပျောက်သွားတယ်၊ ဒီလိုသဘောမဟုတ်လား (မှန်လှပါ ဘုရား)၊ ပေါ်လာတဲ့အခိုက်က ဘာတုံး၊ ဝေဒနာ၊ ပျောက်သွားတဲ့အခိုက်က အနိစ္စ၊ အဲဒါမြင်အောင် ရှုတာက (မဂ္ဂ)၊ မဂ္ဂ၊ အပျက်ကို မြင်အောင်ရှု၊ အပျက်ကိုမြင်အောင် ရှု၊ အဲသလိုသာ အပျက်ကလေးကို မြင်နေတယ်၊ အပျက်ကလေးကို မြင်နေတယ်ဆိုတော့ မနာပါဘူး၊ နာတဲ့သူနဲ့ နေတာမှ မဟုတ်ဘဲ၊ မနာတဲ့သူတွေနဲ့ နေတာမဟုတ်လား (မှန်လှပါဘုရား)၊ အပျက်ဆိုတဲ့အနိစ္စက နာတတ်သလား (မနာတတ်ပါဘူးဘုရား)၊ မြင်တဲ့မဂ်ဉာဏ်ကကော နာတတ်သလား (မနာတတ်ပါဘူးဘုရား)၊ မနာတတ်တဲ့သူတွေနဲ့ အတူတူနေတာ နာအုံးမလား (မနာပါဘူးဘုရား)၊ အဲဒီသဘောတွေ ဘုရားကိုယ်တော်မြတ်ကြီးက ပြောပြီးတော့ ကျောင်းကို ပြန်ကြွပါတယ်၊ အခြေအနေက သိပ်မဟန်တော့ အရေးကြီးတဲ့ဥစ္စာ နည်းကိုပဲပေးနိုင်တယ် မဟုတ်လား (မှန်လှပါ ဘုရား)။

## ဝေဒနာပေါ်လာပြီးတော့ ပျောက်သွားတာ ရှုပါ

ဘုရားကိုယ်တော်မြတ်ပြန်ကြွပြီးတော့ ဘယ်လောက်မှ မကြာပါဘူး ဒီကိုယ်တော်လေး ပျံတော်မူပါတယ်၊ ဖဂ္ဂုနကိုယ်တော်လေး ပျံတော်မူပါတယ်၊ အဲဒီအချိန်မှာ အရှင်အာနန္ဒာက အနားနားကနေပြီးတော့ စောင့်ရှောက်ပြီးတော့ နေတာဆိုတော့ ကိုယ်တော်လေး ပျံတော်မူတယ် လို့သာ ဆိုတယ် ကျိန်းနေသလိုပဲ၊ ဣန္ဒြေတွေက ကြည်လို့ . . .၊ **တာနိ စဿ သမယေ မရဏ ကာလေ ဣန္ဒြိယာနိ ဝိပ္ပသီဒိံသု၊** အဲဒီအချိန်မှာ အရှင်ဖဂ္ဂုနကိုယ်တော်လေးရဲ့ ဣန္ဒြေတွေဟာ ကြည်လင်ပြီးတော့ နေတယ်။

ဣန္ဒြေတွေ ကြည်လင်တယ်ဆိုတာ ကျိန်းနေသလိုပဲ၊ သေတဲ့သူတွေဆိုရင် မျက်လုံးက ခွက်သွားမှာ မဟုတ်လား၊ မခွက်ဘူး၊ နားရွက်တွေလည်း လန်သွားမှာ မဟုတ်လား (မှန်လှပါ ဘုရား)၊ မလန်ဘူး၊ နှာခေါင်းတွေလည်း ပုဝင်နေကြမဟုတ်လား (မှန်လှပါ ဘုရား)၊ မဝင်ဘူး၊ ဒီအတိုင်းပဲ၊ ကျိန်းနေသလိုပဲ၊ သူ့ကြည့်ရတာ ကြည်ကြည်လင်လင်ပဲ၊ ဣန္ဒြေတွေလည်း ကြည်ကြည်လင်လင်၊ လက်တို့၊ ခြေတို့ကိုကိုင်ကြည့်တော့လည်း ပျော့ပျော့ပျောင်းပျောင်းပဲ။

အမယ်. . . နေတာလေးက ညာဘက်တောင်စောင်းလိုက်လို့၊ အနေလေးက ဘယ့်နှယ်တုံး၊ ညာဘက်ကိုစောင်း၊ ဟုတ်တယ်၊ ညာဘက်၊ ဟောဒီ လက်ယာဘက်ကို ခေါင်းကလေးစောင်းတတ်တယ်၊ အရိယာတို့ သေလို့ရှိရင် လက်ယာဘက်ကို စောင်းတတ်တယ်၊ **ယေဘုယျေန**- များသောအားဖြင့်၊ **သီသံ**- ဦးခေါင်းကတော့၊ **ဒက္ခိဏ ပဿေန**- လက်ယာဘက်ကို၊ **ပရိဝတ္တိတွာ**- လည်၍၊ **ဌိတံ**- တည်နေတတ်၏၊ လက်ယာဘက် စောင်းတတ်တယ်၊ အဲဒါ ဘုရားကိုယ်တော်မြတ် သွားလျှောက်တယ်။

အရှင်ဘုရား ဖဂ္ဂုနကိုယ်တော်လေးတော့ ပျံတော်မူပေါ့ဘုရား၊ ဒါပေမဲ့ သူ ထူးတယ်ဘုရား၊ ဘယ်လိုထူးတာလဲကွဲ့၊ ဣန္ဒြေတွေအကုန်လုံး ကြည်လင်နေတယ်ဘုရား ဆိုတော့ ဘုရားကိုယ်တော်မြတ်ကြီးက **ကိံဟာ နန္ဒ ဖဂ္ဂုနဿ ဘိက္ခုနော ဣန္ဒြိယာနိ နဝိပ္ပသီ ဒိဿန္တိ၊** ဘယ်မကြည် လင်ဘဲ နေလိမ့်မလဲကွဲ့၊ အခုနတုန်းက ငါဘုရားဟောတဲ့တရားကို နာပြီးတော့ တရားအတိုင်း နှလုံးသွင်းလိုက်တဲ့အတွက် သူဟာ အောက်သံယောဇဉ်ငါးပါးကို ပယ်ရှားသွားနိုင်တယ်ကွဲ့၊ ဒီအကြောင်း အရာ ဘုရားကိုယ်တော်မြတ်က မိန့်တယ်။

အောက်သံယောဇဉ်ငါးပါးဆိုတဲ့ဥစ္စာဟာ အေး. . . ဘုန်းကြီး ပြန်ပြောပါအုံးမယ်၊ နံပါတ်တစ်က **လောဘ**၊ နံပါတ်နှစ်က **ဒေါသ**၊ နံပါတ် သုံးက **ဒိဋ္ဌိ**၊ နံပါတ်လေးက **သီလဗ္ဗတ ပရာမာသ**၊ နံပါတ်ငါးက **ဝိစိ ကိစ္ဆာ**၊ အဲဒီသံယောဇဉ်ငါးပါး၊ အောက်ပိုင်းသံယောဇဉ်ငါးပါး မဟုတ် လား (မှန်လှပါ ဘုရား)။

အဲဒီငါးပါး ပယ်နိုင်တယ်ဆိုတော့ နံပါတ်တစ် လောဘ၊ နံပါတ် နှစ် ဒေါသ ပယ်နိုင်တယ်ဆိုရင် အနာဂါမ်၊ ဒိဋ္ဌိတို့ သီလဗ္ဗတပရာမာသတို့ ဝိစိကိစ္ဆာတို့ကို ပယ်နိုင်ရင် သောတာပန်ဆိုတော့ ကြားထဲက သကဒါဂါမ်က အထူးမပယ်သော်လည်းပဲ ပါးအောင်တော့ လုပ်တယ်မဟုတ်လား (မှန်ပါ ဘုရား)၊ အဲဒီတော့ ဒီငါးမျိုးပယ်နိုင်တယ်ဆိုတော့ အနာဂါမ်အဆင့် ရောက်သွားတယ်၊ ရသွားတယ်လို့ ဆိုလိုရာမရောက်ပေဘူးလား (ရောက်ပါတယ် ဘုရား)။

## သူတော်ကောင်းတို့၏ အိပ်ပုံအိပ်နည်း

ဟုတ်တယ်၊ ခေါင်းကလေးကလည်း ညာဘက်စောင်းလို့ဘုရား၊

အေး . . . စောင်းတတ်တယ်ကွဲ့၊ အရိယာတို့ဆိုတာ ခေါင်းလည်း ညာဘက်ကို စောင်းတတ်တယ်၊ **သရီရံပန-** ခန္ဓာကိုယ်ကတော့၊ **ယထာ ဌာနေ-** ထားမြဲအတိုင်း၊ **ဌိတံ-** တည်နေတတ်၏။

အနည်းဆုံး ဘုန်းကြီးတို့ သောတာပန်အဆင့်ရောက်ရင်ပဲလေ၊ သေတဲ့အခါမှာ ဒီခန္ဓာကိုယ်ကတော့ ဒီအတိုင်းပါပဲ၊ ထား ထားသလိုပါပဲ၊ ဒါပေမဲ့ ခေါင်းကလေးက လက်ယာဘက်ကို စောင်းတတ်တယ်နော်၊ သီသံပန- ဦးခေါင်းကတော့ဖြင့်၊ ယေဘုယျေန- များသောအားဖြင့်၊ ဒက္ခိဏ ပဿေန- လက်ယာဘက်ကို၊ ပရိဝတ္တိတွာ- လည်၍၊ ဌိတံ- တည်နေတတ်၏ဆိုတာ လက်ယာဘက်ကို စောင်းတတ်တယ်လို့ပြောတာ (မှန်လှပါ ဘုရား)၊ ပြီးတော့ အသားလေးတွေ ပျော့ပျော့ပျောင်းပျောင်း ရှိတတ်တယ်၊ လက်ကလေးတွေ ဘာလေးတွေ ခွေကြည့်၊ ခေါက်ကြည့် ပျော့ပျောင်းတတ်တယ်၊ အေး . . . အဲသလိုပါ၊ များသောအားဖြင့်ဆို တော့ အမြဲတမ်းတော့လည်း မဟုတ်ဘူးပေါ့၊ အမြဲတမ်း ညာဘက်စောင်း တယ်ချည်း ပြောလို့မရဘူး၊ တစ်ခါတလေ သူ့ ဟို . . . အခုအခံတွေနဲ့ စောင်းမရအောင် ဘေးကပိုက်ထားတယ်၊ သိုင်းထားတယ်ဆိုရင်တော့ ကော စောင်းရပ့်မလား (မရပါဘူး ဘုရား)၊ အဲသလိုရှိပါတယ်၊ အများ အားဖြင့် အရိယာတွေသေလို့ရှိရင် ဘယ်ဘက်စောင်းတတ်တုံး (ညာဘက် စောင်းတတ်ပါတယ် ဘုရား)၊ ညာဘက်စောင်းတတ်တယ်။

အိပ်ပုံက လေးမျိုးရှိတယ်၊ အေး . . . အိပ်ပုံက လေးမျိုး၊ ပက်လက်အိပ်တာရယ်၊ မှောက်ခုံအိပ်တာရယ်၊ လက်ဝဲဘက် စောင်းတာ ရယ်၊ လက်ယာဘက်စောင်းတာရယ် ဟုတ်ရဲ့လား (မှန်လှပါ ဘုရား)၊ ပက်လက်အိပ်တာကျတော့ ပြိတ္တာကလေးတွေ အရိုးမရှိ၊ ဘာမရှိ၊ အင်း . . . အဲသလို ပက်လက်ကလေးတွေ အိပ်တတ်တယ်၊ မှောက်ခုံအိပ်

တာကျတော့ အပျင်းထူတဲ့သူတွေ၊ အင်း. . . အဲသလို အိပ်တာတဲ့၊ ပြီးတော့ လက်ဝဲဘက်စောင်းတဲ့သူတွေကျတော့ ကာမဂုဏ်သားများ နေကြ၊ ထိုင်ကြ၊ အိပ်ကြတဲ့ပုံမျိုးပြောတာနော်၊ လက်ယာဘက်စောင်းတာ ကျတော့ သူတော်ကောင်းတို့ရဲ့ အိပ်ပုံအိပ်နည်းလို့ ဘယ်နှမျိုး (လေးမျိုး)၊ လေးမျိုး၊ အဲဒီလေးမျိုးအနက် အခု လက်ယာဘက်ကို စောင်းတတ် တယ်နော်၊ အေး. . . အဲဒီသဘောကလေးတွေ ဘုန်းကြီးတို့တွေ့ရပါ တယ်၊ မိုးကုတ် ယောဂီတွေထဲမယ် အဲဒီလက်ယာဘက်စောင်းတာကို ညာစောင်းခေါ်တာပေါ့၊ ညာစောင်းကလေး ညာစောင်းကလေးနဲ့ တော်တော်ပြောကြပါတယ်၊ ရှိကြပါတယ်၊ အကျိုးရပါတယ်။

## ဖြစ်- ပျက်ကို ဖြိုင်ဖြိုင်မြင်ထားမယ်ဆိုရင်

တချို့ စောစောပိုင်းမှာ ဘာမှမထူးခြားပေမယ့်လို့လေ၊ ဟော. . . ချုပ်ခါနီးကျမှ သေခါနီးကျမှ တရားတွေတက်သွားတာလည်း ရှိတယ်၊ စောစောပိုင်းက ဖြစ်ပျက်တွေသာ မြင်ထားပေစေ၊ ဖြိုင်ဖြိုင်သာ မြင်ထား ပေစေ၊ ထူးထူးခြားခြား မဖြစ်ပေမယ့်လို့နော်၊ သေခါနီးပြီဆိုရင် တရားက တက်သွာတယ်၊ အဲဒီကျတော့ စိုက်လိုက်တာကိုး၊ ဘာမှအားကိုးစရာ မရှိဘူး၊ တရားမှတစ်ပါး တခြားမရှိဘူးဆိုပြီးတော့ အဲဒီစိုက်လိုက်တဲ့ အခါမှာ တရားတွေ တက်တက်သွားတတ်တယ် (မှန်လှပါ ဘုရား)၊ အေး. . . အဲသလိုလေးတွေ ရှိတတ်ပါတယ်၊ ဒီတင် အရိယာအဖြစ်နဲ့ သေတယ်ဆိုတော့ ခေါင်းကလေးတွေဟာ ညာဘက်စောင်းတတ်တယ်၊ ဘယ်လိုဘက်စောင်းတုံး (ညာဘက်စောင်းတတ်ပါတယ် ဘုရား)၊ အဲဒါ ညာစောင်းလို့ခေါ်ကြတာပေါ့၊ အေး. . . ဒီလိုဆိုရင် ဟန်ကျပြီ၊ သူဟာ အရိယာပုဂ္ဂိုလ်ပဲ၊ အနည်းဆုံးတစ်ဆင့်တော့ ရတဲ့သူ ဖြစ်ရမယ်၊ ဒီလိုလေး

တွေ ရှိပါတယ်၊ စာထဲပေထဲလည်း ဒီအတိုင်းပါပဲ၊ အခုဆိုလို့ရှိရင် ဟော. . . ဖဂ္ဂုနကိုယ်တော်လေး ဘယ်ဘက်စောင်းနေတုံး (ညာဘက်စောင်းနေပါတယ် ဘုရား)။

## အောက်သံယောဇဉ်ငါးပါး ပယ်ရှားနိုင်ရင်

အေး. . . စောင်းမှာပေါ့ကွဲ့၊ သူက အောက်သံယောဇဉ်ငါးပါး တောင် ပယ်ရှားသွားနိုင်တယ်ကွဲ့၊ အောက်သံယောဇဉ်ငါးပါးကို ပယ်ရှားနိုင်တယ်ဆိုတော့ ကြည့်ပါအုံး၊ ဘုန်းကြီးတို့ နံပါတ်တစ် လောဘ၊ နံပါတ်နှစ် ဒေါသ၊ နံပါတ်သုံး ဒိဋ္ဌိ၊ နံပါတ်လေး သီလဗ္ဗတ ပရာမာသ၊ နံပါတ်ငါး ဝိစိကိစ္ဆာ၊ အခု ပုထုဇဉ်ဘဝကနေပြီးတော့ ဖြစ်ပျက်တွေမြင်၊ ဖြစ်ပျက်တွေ မုန်း၊ ဖြစ်ပျက်တွေ ဆုံးအောင်လုပ်လို့ရှိရင် ဒိဋ္ဌိ၊ သီလဗ္ဗတ ပရာမာသ၊ ဝိစိကိစ္ဆာ ဒါကစ ပယ်မှာမဟုတ်လား၊ ဟုတ်တယ်၊ ရှေ့ဆက်သွားလို့ရှိရင် သကဒါဂါမ်ဖြစ်၊ တစ်ခါရှေ့ဆက်တက်လိုက်လို့ရှိရင် နံပါတ်တစ် လောဘ၊ နံပါတ်နှစ် ဒေါသ၊ အဲဒါပါ ပယ်နိုင်လို့ရှိရင် ဘယ်ရောက်၊ အနာဂါမ် အဆင့်မဟုတ်လား၊ အေး. . . ဘုရားကိုယ်တော်မြတ်ကြီးက အဲသလိုပြောပါတယ်။

ဟိုး. . . နောက်ပိုင်းသံယောဇဉ် **ဥဒ္ဓံဘာဂိယ သံယောဇဉ်**ခေါ်တာပေါ့၊ နောက်ပိုင်းသံယောဇဉ်တွေပါ ပယ်နိုင်ရင်တော့ ရဟန္တာထိအောင် ဖြစ်တာပေါ့၊ နောက်ပိုင်း သံယောဇဉ်တွေပါ ပယ်နိုင်ရင် ရဟန္တာထိအောင် ဖြစ်သွားတယ်၊ နောက်ပိုင်းသံယောဇဉ်တွေက ဟိုဘက်နေ့က ပြောခဲ့သလို **ရူပရာဂ သံယောဇဉ်၊ အရူပရာဂ သံယောဇဉ်၊ မာန သံယောဇဉ်၊ ဥဒ္ဓစ္စ သံယောဇဉ်၊ အဝိဇ္ဇာ သံယောဇဉ်**၊ အဲဒီနောက်ပိုင်း သံယောဇဉ်ငါးပါးတွေပါ ပယ်ရှားနိုင်ရင်တော့ အကုန်လုံး လေးမင်

လေးဖို့လ်ဆိုက်၊ ဒီလိုမဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . အဲသလိုပါ။ အခု ဒီကိုယ်တော်လေးကတော့ ဘယ်ထိအောင်ရောက်သွား၊ အနာဂါမ် ထိအောင်ရောက်သွားပြီကွဲ့၊ သံဃာတွေစုလိုက်စမ်းကွယ်၊ တရားဟော မယ်လို့ဆိုတော့ အရှင်အာနန္ဒာက ကျောင်းတိုက်ထဲမှာရှိနေတဲ့ သံဃာ တွေစုပေးလို့ သံဃာတွေစုံတာနဲ့တစ်ပြိုင်နက် ဘုရားကိုယ်တော်မြတ် ကြီးက တရားဟောတယ်။

## ဝေဒနာကို ခွာထားပါ

ရဟန်းတို့ တစ်ချိန်ချိန်မှာ အရေးကြုံကြမယ်၊ ဝေဒနာဆိုတာ ပေါ်လာမယ်နော်၊ အနည်းဆုံး ဟို. . . သည့်ပြင်နေရာမပေါ်တောင်မှ သေခါနီးတော့ ဖြစ်တတ်တယ်မဟုတ်လား (မှန်လှပါ ဘုရား)၊ အဲသလို တွေများ ဝေဒနာပေါ်လာလို့ရှိရင် ဝေဒနာနဲ့ငါနဲ့ မရောစေနဲ့၊ ဝေဒနာနဲ့ ငါနဲ့ မရောစေနဲ့၊ စောစောတုန်းက ကိုယ်တော်လေးက တပည့်တော်နာလှ ချည့် ဘုရား၊ ပူလှချည့် ဘုရားဆိုတော့ ဝေဒနာနဲ့ ငါနဲ့ ရောနေတာမဟုတ် လား (မှန်လှပါ ဘုရား)၊ ဟင်. . . ရောနေလို့ရှိရင် ဒိဋ္ဌိတွေဝင်နေတာပေါ့၊ ဒိဋ္ဌိတွေဝင်နေတာပေါ့၊ ဒိဋ္ဌိတွေတန်းလန်းနဲ့ တရားရနိုင်ပါ့မလား (မရနိုင် ပါဘူး ဘုရား)၊ မရနိုင်ဘူး။

ဒါကြောင့် ခွာလိုက်ပါ၊ ခွာလိုက်ပါဆိုတာ ဝေဒနာက ဝေဒနာပဲ၊ ငါကောရှိလို့လား (မရှိပါဘူး ဘုရား)၊ မရှိဘဲနဲ့ သွားသွားပြီးတော့ အဲဒီထဲ ငါ လုပ်လုပ်နေတယ်၊ သူ့ဟာသူ နေပေ့စေ၊ ဒီတော့ ဝေဒနာခွာပြီးတော့ အပျက်မြင်အောင်ရှု၊ ဒီလိုမဟုတ်လား (မှန်ပါ ဘုရား)၊ ဒီတင်ဘုရားကိုယ် တော်မြတ်ကြီးက ဟောနေပြီ၊ အရေးကြုံတဲ့အခါမှာ ဝေဒနာခွာ၍ အပျက် မြင်အောင် ရှုကြကွဲ့၊ ဒီအတိုင်းပဲ ရှုလို့ရှိရင် ဒီပုဂ္ဂိုလ် ငါဘုရားကိုယ်တိုင်

လာဟောတဲ့အခါမှာ ဟော. . . အနည်းဆုံး အောက်သံယောဇဉ် ငါးပါးပယ်ရှားနိုင်တယ်၊ ပုထုဇဉ်ဘဝကနေပြီးတော့ ဆိုလို့ရှိရင် အောက်သံယောဇဉ်ငါးပါးကို ပယ်ရှားနိုင်တယ်ဆိုတော့ အနည်းဆုံး အနာဂါမ်ဖြစ်နိုင်တယ်၊ အနည်းဆုံး အနာဂါမ်ဖြစ်နိုင်တယ်လို့ ပြောတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ စောစောတုန်းကတိုင်း ဒီအောက်ပိုင်းတွေက ရပြီးသားဆိုရင် လေးမဂ်လေးဖိုလ်ထိအောင် ဆိုက်နိုင်တယ်၊ ဒီလို ပြောတယ်နော် (မှန်လှပါ ဘုရား)။

## အပျက်ကို မြင်အောင်ရှုပါ

နောက်တစ်ဆင့်သွား၊ ငါဘုရားမကြုံလို့မို့လို့ ငါ့တပည့်သားမြေးတွေနဲ့ ကြုံလို့၊ တပည့်သားမြေးတွေက ဟောပြလို့ ဒီအတိုင်း တရားကို ရှုမှတ်လို့ရှိရင်လည်းပဲ အခုလိုပဲ အောက်သံယောဇဉ်ငါးပါးကို ပယ်ရှားနိုင်တယ်၊ အောက်ပိုင်းပြီးပြီးသားဆိုရင် အထက်ပိုင်းတွေပါ အကုန်ပြီးနိုင်တယ် (မှန်လှပါ ဘုရား)။

## ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကို စိုက်ထားပါ

အဲ. . . ငါဘုရားလည်း မကြုံဘူး၊ ငါ့တပည့် သားမြေးတွေလည်း မကြုံဘူးဆိုလို့ရှိရင် မိမိတို့သင်ထားတဲ့အတိုင်း **ယထာသုတံ ယထာပရိယတ္တံ**- မိမိတို့သင်ထားတဲ့အတိုင်း ကြားထားတဲ့အတိုင်း ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကို စိုက်လိုက်ပါ၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာကို စိုက်လိုက်လို့ရှိရင် အောက်သံယောဇဉ်ငါးပါး ပယ်ရှားနိုင်တယ်၊ အနည်းဆုံး အနာဂါမ်ထိအောင် ဆိုက်နိုင်တယ်လို့ ပြောတာပေါ့၊ အေး. . . ဆိုက်ပြီးသားဆိုလို့ရှိရင် ဟို. . . လေးမဂ်လေးဖိုလ်တွေပါ ကုန်နိုင်တယ်၊ အေး. . . အဲသလို

ဘုရားကိုယ်တော်မြတ်ကြီးက ဟောတယ်၊ အဆင့်ဘယ်နှဆင့် (သုံးဆင့်ပါ ဘုရား)၊ သုံးဆင့်၊ နံပါတ်တစ်က ငါဘုရားတရားနာပြီးတော့ တရားရနိုင်တယ်၊ နံပါတ်နှစ်က ငါဘုရားရဲ့ တပည့်သားမြေးတွေရဲ့ တရားကို နာပြီးတော့ တရားရနိုင်တယ်၊ အဲသလို မကြုံလို့ရှိရင် နောက်ဆုံး ကိုယ့်ဘာသာ ကိုယ်ပေါ့၊ ကိုယ်သင်ထားတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အခုဟာ သင်နေတာပဲ မဟုတ်လား (မှန်ပါ ဘုရား)၊ ဟုတ်တယ်၊ သေပုံသေနည်း သင်နေတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ အင်း. . . သေပုံသေနည်း သင်နေတာ၊ ဘယ်သူမှ မကြုံဘူးဆိုရင် ခုလို ကိုယ်သင်ထားပြီးသား နည်းအတိုင်းပဲ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာစိုက်၊ ကိုယ့်ဉာဏ်နဲ့ ကိုယ့်ခန္ဓာ စိုက်လို့ရှိရင် ဖြစ်ပျက်တွေ မြင်၊ ဖြစ်ပျက်တွေ မုန်း၊ ဖြစ်ပျက်တွေဆုံးသွား ပြီးတော့ အခုလို အောက်သံယောဇဉ်ငါးပါး ပယ်ရှားနိုင်တယ်ဆိုတော့ အနာဂါမ်ထိအောင် ဖြစ်နိုင်တယ်ပြောတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါဖြင့် နည်းရကြပြီ၊ အေး. . . မကြောက်နဲ့၊ အခုနည်းတွေလည်း ရှိနေပြီ၊ အရေးကြုံလာရင် ဝေဒနာခွာ၍ အပျက်မြင်အောင်ရှု၊ ဒါပဲမဟုတ်လား၊ ဟုတ်တယ်၊ ဘုရားကိုယ်တော်မြတ်ကြီးက အဲသလို တရားဟောတော်မူ ပါတယ်၊ ဘုရားကိုယ်တော်မြတ်ကြီး ဟောတော်မူတဲ့အတိုင်းပဲ ဘုန်းကြီးတို့ ဒကာ၊ ဒကာမများလည်း အရေးကြုံလာပြီဆိုရင် ဝေဒနာခွာ၍ အပျက် မြင်အောင်ရှုပြီးတော့ မိမိတို့လိုလားအပ်တဲ့အဆင့် ရကြသည့်တိုင်အောင် ကိုယ်စီကိုယ်င ကြိုးစားအားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန် စေ့တဲ့အတွက် တော်ကြဦးစို့ ။ ။

သာဓု. . . သာဓု. . . သာဓု

— ✠— ✠ —✠ —

# အဂ္ဂိဝစ္ဆသုတ်

ဘုရားရှင်ကိုယ်တော် မြတ်ကြီးက '**ဘူတမိဒံ ဘိက္ခဝေ သမနု-ပဿထ**' တဲ့၊ အမှန်ရှိနေတဲ့ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို အမှန်အတိုင်း မြင်အောင် ရှုကြည့်ကြလို့ မိန့်ဟတော်မူခဲ့ပါတယ် (မှန်လှပါဘုရား)၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီမိန့်ဟတော်မူချက်စကား အလေး အနက်ထား၍ပင်၊ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ် ဆရာတော် ဘုရားကြီးကလည်း အမြဲထာဝရ ဒကာ၊ ဒကာမတို့ကိုတဖွဖွနဲ့ အမှန်အတိုင်း ရှုကြည့်ကြလို့ မိန့်ဟတော်မူခဲ့တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ အေး. . . အဲဒီတိုက်တွန်းတော်မူတဲ့စကား ကိုယ်စီကိုယ်င အလေး အနက်ထားကြပါလို့ ဘုန်းကြီးက ထပ်မံနှိုးဆော်ပါတယ် (မှန်လှပါ ဘုရား)။

# ဒိဋ္ဌိလေးမျိုး

ဒီကနေ့ဟာဆိုရင် (၇) ရက်တရားစခန်းပွဲကြီး ပြီးစီးအောင်မြင်တဲ့ နေ့ဖြစ်လို့ အပြီးသတ်အနေနဲ့ အဂ္ဂိဝစ္ဆသုတ်နဲ့ တရားထီးတင်ပါမယ်၊ အေး. . . ဘုရားတည်တဲ့အခါ ဘုရားပြီးလို့ရှိရင် ထီးတင်နေကြမဟုတ်လား၊ အဲဒါကြောင့် အခုတရားပြီးလို့မို့လို့ တရားထီးတင်မှာ၊ တရားထီးတင်တဲ့အခါမှာ "အဂ္ဂိဝစ္ဆ" သုတ်ဆိုတာနဲ့ တင်မှာနော်၊ ဘာပြုလို့လဲဆိုတော့ ဒီအဂ္ဂိဝစ္ဆသုတ်က နိဗ္ဗာန်နဲ့ပတ်သက်ပြီးတော့ အကဲခတ်နိုင်အောင်လို့ နိဗ္ဗာန်အကြောင်းအရာ ရှင်းပြထားတဲ့ သုတ်တော်ဖြစ်လို့နော် (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ အဲဒီသုတ်နဲ့ ဒီကနေ့ တရားထီးတင်ပါမယ်၊ ဒီသုတ်ကို ဟောတော့မယ်လို့ဆိုတော့ ဒီသုတ်ကိုမဟောမီ ရှေ့ပိုင်းက ဒီသုတ်ထဲမှာပါမဲ့ ဒိဋ္ဌိအပြောအဆိုကလေးတွေကို နဲနဲအကြမ်းစား ပြောထားပါဦးမယ်နော်၊ ဒီထဲမယ် ဒိဋ္ဌိအမေး ဒိဋ္ဌိအပြောကလေးတွေက ပါတယ်၊ သဿတဒိဋ္ဌိအပြောပါတယ်၊ ဥစ္ဆေဒဒိဋ္ဌိ အပြောကလေးတွေလည်း ပါတယ်၊ ပြီးတော့ ဧကစ္စသဿတဒိဋ္ဌိ အပြောလေးတွေလည်း ပါတယ်၊ အမရာဝိက္ခေပဒိဋ္ဌိ အပြောလည်းပါတယ်၊ ဒိဋ္ဌိအပြောလေးတွေ လေးမျိုးပါပါတယ်၊ ဟိုကျတော့ ဘာမှမသိဘဲ နေလိမ့်မယ်၊ ဒါ့ကြောင့် အကြမ်းစား ပြောထားပါဦးမယ်နော် (မှန်လှပါဘုရား)၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဧကစ္စသဿတဒိဋ္ဌိ၊ အမရာဝိက္ခေပဒိဋ္ဌိ၊ ဒိဋ္ဌိအပြော လေးမျိုးရှိတယ်နော်။

နောက်ဆုံးက အမရာဝိက္ခေပဒိဋ္ဌိဆိုတာ အမရာငါးနဲ့တူလို့တဲ့၊ ဒီအယူအဆကလေးတွေဟာ အမရာငါးနဲ့တူလို့တဲ့၊ ပင်လယ်ထဲမှာ အမရာဆိုတဲ့ငါးတစ်မျိုးရှိတယ်၊ အကျိအချွဲတွေက တယ်ပေါတာပဲ၊ ဖမ်းရခက်တာပေါ့၊ ဒီဘက်ကဖမ်း ဟိုဘက်ချော်ထွက်၊ ဟိုဘက်ကဖမ်း ဒီဘက်ချော်ထွက် ဝိက္ခေပ ခုန်ပျံနေလို့ရှိရင် အဖမ်းရခက်တယ်နော် (မှန်လှပါ

ဘုရား)၊ အဲဒီလိုပါပဲ၊ ဒီအယူအဆကလည်း အမရာငါးခုန်ပျံနေသလို တုလို့မို့လို့ ဒီဒိဋ္ဌိကို အမရာဝိက္ခေပဒိဋ္ဌိ၊ ဘာတဲ့တုံး (အမရာဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ အေး. . . ဘယ်လိုသဘောလဲလို့ဆိုတော့ သူ့ကိုမေးမယ်တဲ့ လူတစ်ယောက်က မေးမယ်၊ ဒါဟာ ကုသိုလ်တရားလားလို့ ဒီလိုမေးရင် ကုသိုလ်လို့ ပြောလိုက်လို့ရှိရင် မှားတယ်ပြောချင်ပြောမယ်၊ အကုသိုလ်လို့ ပြောလိုက်လို့ရှိရင်လည်း မှားချင်မှားတယ်လို့ပြော ဝိုင်းရယ်ကြမှာ၊ ဒီတော့ လှီးလွှဲပြောလိုက်တယ်၊ ဒါကျွန်တော့ဝါဒ မဟုတ်ဘူး၊ ဒီလိုဆိုရင် ကုသိုလ် ခင်ဗျားဉစ္စာ မေးမရရင် အကုသိုလ်လားဗျာလို့ မေးလိုက်ပြန်တယ်၊ ဒါလည်း လှီးလွှဲပြောလိုက်တယ်၊ ကျွန်တော့ဝါဒ မဟုတ်ဘူး၊ ဒီလိုဆိုရင် ခင်ဗျားမေးရတာ ကုသိုလ်လည်း မေးမရဘူး၊ အကုသိုလ်လည်း မေးမရ ဘူး၊ ကုသိုလ် အကုသိုလ်မှ တပါး တခြားဝါဒလားဗျာလို့ မေးလိုက် ပြန်တယ်၊ ဒါလည်းကျွန်တော့ဝါဒ မဟုတ်ဘူးဘဲ သူက ဖြေတာကိုး၊ သူ့မေးသမျှ မဟုတ်ဘူး မဟုတ်ဘူးချည်းဘဲ ဖြေနေတော့ ခင်ဗျားဉစ္စာက မဟုတ်ဘူးချည်းဘဲ ဖြေနေတယ်၊ ဒီတော့ ခင်ဗျားဝါဒက မဟုတ်ဘူး မဟုတ်ဘူးဝါဒလားလို့ မေးလိုက်တယ်လေ၊ ဒီတော့ သူကလည်း ပြန်ဖြေတယ်၊ မဟုတ်ဘူး မဟုတ်ဘူးဝါဒလည်း မဟုတ်ဘူးတဲ့၊ သူက ဒီလိုပြောတာဆိုတော့ ဘယ်ဟာများ လက်ခံသေးတုံး (ဘယ်ဟာမှ လက်မခံပါဘူး ဘုရား)၊ ဘယ်ဟာမှ လက်မခံဘူးဆိုတော့ သူ့ဉစ္စာ အမရာငါး ဖမ်းရသလိုပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒါကြောင့် အဲဒီဝါဒမျိုးကျတော့ ဘာဒိဋ္ဌိ (အမရာဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ အမရာ-ဝိက္ခေပဒိဋ္ဌိ၊ ဒီအပြောကလေးတွေနော်၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဧကစ္စသဿတဒိဋ္ဌိ၊ အမရာဝိက္ခေပဒိဋ္ဌိဆိုတော့ အမရာဝိက္ခေပဒိဋ္ဌိ သဘောက အဲဒီလိုနော်။

အဦးဆုံးက ဘာဒိဋ္ဌိ သဿတဒိဋ္ဌိ၊ သဿတဒိဋ္ဌိကို ဘယ်သူတွေက စပြောသလဲဆိုရင် ဖြဟ္မာ့ပြည်က ဆင်းသက်လာပြီးတော့ အကြောင်းအားလျော်စွာ လူ့ပြည်ရောက်လာတဲ့ လူကြီးတွေက ပြောတာ၊ ဗြဟ္မာ့ပြည်မှာ စုတေပြီး လူ့ပြည်ရောက်လာတော့ ဗြဟ္မာ့ပြည်ကလာခဲ့တဲ့ သူတွေအာရုံ ကာမဂုဏ်ကလည်း နည်းတာကိုး၊ ဒီတော့ တောထဲထွက်ပြီးတော့တရားအားထုတ်၊ သမထ သမာဓိလုပ်ငန်းတွေလုပ်တော့ နောက်ကြောင်းတွေ ပြန်မြင်တယ်၊ တစ်ဘဝ၊ နှစ်ဘဝ၊ သုံးဘဝ၊ လေးဘဝ၊ ငါးဘဝ၊ ဆယ်ဘဝ၊ ဘဝတစ်ရာ၊ ဘဝတစ်ထောင်၊ ဘဝတစ်သောင်း၊ တစ်သိန်း၊ တစ်သန်း၊ တစ်ကုဋေ၊ နှစ်ကုဋေ၊ သုံးကုဋေနဲ့ ကုဋေကနေပြီးတော့ တစ်ကမ္ဘာ၊ နှစ်ကမ္ဘာ၊ သုံးကမ္ဘာ၊ လေးကမ္ဘာ၊ ငါးကမ္ဘာ၊ ဆယ်ကမ္ဘာ၊ ကမ္ဘာနှစ်ဆယ်၊ ကမ္ဘာသုံးဆယ်၊ ကမ္ဘာလေးဆယ် အဲဒီလိုထိအောင် နောက်ကြောင်းတွေ ပြန်မြင်တာ၊ ငါလာခဲ့တာ ကြာလှပါပြီလား၊ ကမ္ဘာနဲ့တောင် ချီပြီးတော့ ကမ္ဘာပေါင်း ဘယ်လောက်တုံး (လေးဆယ်ပါ ဘုရား)၊ လေးဆယ်ထိအောင် ငါနောက်ကြောင်းတွေ ပြန်မြင်နေတယ်၊ ငါ့ဘဝခရီးတာကြီးကလည်း ရှည်လှပါပေါ့လား၊ ဟုတ်တယ်နော်၊ အဲသလိုနော်ဘုန်းကြီးတို့တစ်တွေလည်း မသိလို့သာ၊ ရှည်တယ်နော်၊ ကြည့်စမ်း၊ ဘဝတိုင်း ဘဝတိုင်း တစ်မျိုးမဟုတ် တစ်မျိုး ရခဲ့တာမဟုတ်လား၊ လူ့ဘဝချည်းတည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ လူ့ဘဝလည်း ဖြစ်မယ်၊ နတ်ဘဝဗြဟ္မာ့ဘဝတို့လည်း ရောက်မယ်၊ တစ်ခါတလေ တိရစ္ဆာန် ဖြစ်မယ်မဟုတ်လား၊ အပါယ်လေးပါးကျဆင်း၊ နိမ့်တဲ့အခါနိမ့်၊ မြင့်တဲ့အခါမြင့် ဘဝတွေက မျိုးစုံနော်၊ ဘဝတွေရတိုင်း ရတိုင်း ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ အဲသလိုတွေနဲ့ လာခဲ့ရတာ၊ နောက်ကြောင်းပြန်ကြည့်တော့ ကမ္ဘာပေါင်းလေးဆယ်၊ ကြာလှပါပြီလား ငါဖြတ်သန်းပြီးတော့လာခဲ့တဲ့ ခရီးတာကြီးက

ကြာလှပါပြီလား၊ သူကလေ၊ ဟိုး လွန်ခဲ့တဲ့ကမ္ဘာပေါင်း လေးဆယ်ကတိုင်း စပြီးတော့ လာခဲ့တဲ့ ငါကလေး ဒီကနေ့တိုင်အောင်၊ သူကလေ၊ အင်း. . . ဒီတော့ကြာလှပြီပေ့ါ၊ ဒီလိုပဲ တစ်ဘဝပြီးတစ်ဘဝ တစ်ဘဝပြီးတစ်ဘဝ ဖြတ်သန်းပြီးတော့ လာခဲ့ကြတာ၊ သူများတွေလည်း ဒီလိုပဲနေမှာပေ့ါ၊ ငါတောင်မှ ဒီအတိုင်းတွေနေတယ်ဆိုရင် သူများတွေလည်း ဒီအတိုင်း နေမှာပဲ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ လာခဲ့ကြတာ၊ အရှည်ကြီးပဲ၊ ဒါ့ကြောင့် ကြာလှပါပြီလား ငါကလေးဟာ၊ တစ်ငါပြီးတစ်ငါ၊ တစ်ငါပြီးတစ်ငါနဲ့နော်၊ သူများတွေလည်း ဒီလိုပဲ နေမှာပေ့ါ၊ ဒါ့ကြောင့် လောကကြီးဟာ မြဲတာပဲ၊ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ ဆက်ပြီးတော့ လာခဲ့ကြတာပဲလို့ဆိုတော့ လောကကြီးဟာ မြဲတယ်၊ လောကကြီးဟာ မြဲတယ်ဆိုတော့ မြဲတာကို ပါဠိလို သဿတ၊ ယူစွဲတာက ဒိဋ္ဌိ၊ သဿတနဲ့ ဒိဋ္ဌိနဲ့ပေါင်း သဿတဒိဋ္ဌိ၊ အဲဒီလူကြီးက စပြောတာတော့ ဟုတ်ရမယ်၊ ဒီပုဂ္ဂိုလ်ကြီးဟာ သီလ သမာဓိလည်း ရှိတယ်၊ ဉာဏ်လည်း ကောင်းတယ်၊ ဒို့ရပ်ကွက်ထဲ သူပြောတာ မှန်ရမယ်၊ ဘေးပုဂ္ဂိုလ်တွေက လည်း ယုံယုံကြည်ကြည်နဲ့ လောကကြီးဟာ မြဲတယ် မြဲတယ်နဲ့ ဖြစ်လာတာ၊ ဘာဒိဋ္ဌိတွေဖြစ်လာ (သဿတဒိဋ္ဌိတွေ ဖြစ်လာတာပါ ဘုရား)၊ အဲသလို၊ ဒီတော့ ဗြဟ္မာ့ပြည်က ဆင်းသက်လာတဲ့ လူကြီးက စတာပေ့ါ၊ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ တကယ်တော့ တစ်စက္ကန့်အတွင်း၊ တစ်မိနစ်အတွင်းမှာ ရုပ်တွေ နာမ်တွေများစွာ ဖြစ်ပျက်နေတာကျတော့ သူမြင်ရဲ့လား (မမြင်ပါဘူး ဘုရား)၊ မမြင်ဘူး၊ ဟိုဘက်တစ်ဘဝနဲ့ ဒီဘက် တစ်ဘဝ ကူးသန်းလာတာလောက်သာ သူမြင်နေတယ် မဟုတ်လား၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက တစ်စက္ကန့်အတွင်း တစ်မိနစ်အတွင်းမှာ ဖြစ်တာ ပျက်တာတွေ မြင်တဲ့သူတွေ တော်တော်များများရှိတာပဲ၊ အဲလို

ဆိုရင် ဒီအမြင်ဟာ သူ့ထက်သာတာပေါ့၊ ခုနတုန်းက ပုဂ္ဂိုလ်ကြီးထက် မသာဘူးလား (သာပါတယ် ဘုရား)၊ သာတယ် သာတယ်၊ အသေးစိပ် မြင်တယ်၊ သူက ဒီလိုအသေးစိပ်မမြင်လို့ပြောတာနော်၊ အဲသလို ဘုန်းကြီးတို့ ဒကာ ဒကာမတို့ လက်ကိုင်ရရှိနေတဲ့ အမြင်ဟာ အဆင့် မသေးဘူးနော်၊ ခုနတုန်းက ကမ္ဘာလေးဆယ်ပြန်မြင်ရတဲ့ ပုဂ္ဂိုလ်ကြီးထက် သာတယ်၊ အသေးစိပ်မြင်တာ မဟုတ်လား၊ အဲသလို ဒါကနံပါတ်တစ် သဿတဒိဋ္ဌိ စွဲခြင်းအကြောင်း မဟုတ်လား (မှန်လှပါ ဘုရား)။

ရှေ့သွားလိုက်ပါဦး ဘာဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ အဲဒီလူကျတော့လည်း တစ်မျိုးပဲ၊ သူလည်း ဗြဟ္မာ့ပြည်က ဆင်းသက်လာခဲ့တဲ့ လူကြီးပါပဲ၊ ဗြဟ္မာက သုံးမျိုးရှိပါတယ်၊ ရုပ်ချည်းတည်းရှိတဲ့ဗြဟ္မာ၊ နာမ်ချည်းတည်း ရှိတဲ့ဗြဟ္မာ၊ ရုပ်ရောနာမ်ရောရှိတဲ့ ဗြဟ္မာလို့ သုံးမျိုးရှိတဲ့အနက် ဟောဒီ လူက ရုပ်ချည်းတည်းရှိတဲ့ ဗြဟ္မာ့ပြည်ကလာတာ၊ ဘုန်းကြီးတို့လို လူပုံပန်း ယောကျ်ားပုံပန်းပါပဲ၊ ဒီကသွားတော့ အမျိုးသမီးလည်း ဖြစ်နိုင်တယ်၊ အမျိုးသားလည်း ဖြစ်နိုင်ပါတယ်၊ ဟိုရောက်ရင်တော့ ပုံပန်းက အမျိုးသား ပုံပန်းပဲ၊ ဗြဟ္မာ့ပြည်မှာ ဗြဟ္မာမ, လို့ရှိလား (မရှိပါဘူး ဘုရား)၊ မရှိဘူး၊ ဗြဟ္မာထီးပဲရှိတယ်၊ ဒီလူ့ပြည်က အမျိုးသမီးလည်းကျင့်လို့ ရောက်နိုင်တာ ပဲ၊ အမျိုးသားလည်းကျင့်လို့ ရောက်နိုင်တာပဲ ဟိုကျရင်တစ်ပုံတည်းပဲနော်၊ ပုံက မျက်လုံး၊ မျက်ခုံး၊ နား အကုန်လုံး အပြည့်အစုံရှိတယ်၊ ဒါပေမယ်လို့ အသိသဘောတရား မပါဘူး၊ ရုပ်တုံး ရုပ်ခဲကြီးပဲ၊ ရွှေတုံး ရွှေခဲကြီးလို နေနေတာ၊ အသိသဘောတော့ မပါပါဘူး၊ ရုပ်ချည်းတည်းရှိတဲ့ ဗြဟ္မာ အဲဒီသွားရောက်တယ်၊ တချို့ကျတော့လည်း နာမ်ချည်းတည်းရှိတဲ့ ဗြဟ္မာ၊ ဘုရားကိုယ်တော်မြတ်တို့ပြောလို့သာ သိရတာပါ၊ နာမ်သဘောတရားဆို တာ မျက်လုံးနဲ့မြင်လို့ ရပ့ါမလား (မရပါဘူး ဘုရား)၊ မရပါဘူး၊ ဉာဏ်နဲ့သာ

သိလို့ရတာပါ။ နောက်တစ်မျိုးကျတော့ ရုပ်ရော နာမ်ရောရှိတဲ့ဗြဟ္မာ၊ အဲဒါကျတော့ ဘုန်းကြီးတို့တစ်တွေလိုပေါ့၊ အကုန်လုံး ရုပ်ရောနာမ်ရော ရှိတယ်ဆိုတော့ အသိသဘောတရားတွေ ရှိတယ်။

တစ်ခါတရံ ဘုရားထံတောင်လာသေးတယ် မဟုတ်လား (မှန်လှပါဘုရား)၊ မေးခွန်းပုစ္ဆာတွေ မေးကြ၊ သဟမ္ပတိဗြဟ္မာကြီးက တရားဟောဘို့ရန်တောင်းပန်၊ ဒါတွေမဟုတ်လား (မှန်လှပါ ဘုရား)၊ အခု ဒီပုဂ္ဂိုလ်ကတော့ အဲလိုမဟုတ်ပါဘူး၊ ရုပ်ချည်းတည်းရှိတဲ့ ဗြဟ္မာ၊ ဘာတဲ့ (ရုပ်ချည်းတည်းရှိတဲ့ဗြဟ္မာပါ ဘုရား)၊ အဲဒီ့ဗြဟ္မာ့ပြည်က လာတာ၊ အဲဒီဗြဟ္မာ့ဘုံကို ဘုရားကိုယ်တော်မြတ်ကြီး ကြွသွားလို့ရှိရင် သူ မြင်ရလား (မမြင်ရပါဘူး ဘုရား)၊ ဘာပြုလို့တုံး (ရုပ်ချည်းတည်းရှိလို့ ပါဘုရား)၊ ရုပ်ချည်းတည်းရှိလို့ပါ၊ သူ့မှာ မျက်လုံးပါပါတယ်၊ မျက်လုံးပုံပန်းကြီးတွေ ပါပါတယ်၊ ဒါပေမယ့်လို့ ဘုရားက အနားနားလာရပ်ပြတယ် မြင်ရလား (မမြင်ရပါဘူး ဘုရား)၊ ဘာပြုလို့တုံး (နာမ်မရှိလို့ပါ ဘုရား)၊ နာမ်မရှိလို့ မြင်စိတ်မရှိဘူး၊ ဘာတဲ့ (မြင်စိတ်မရှိလို့ပါ ဘုရား)၊ ဟော. . . ဒီမှာ ပေါ်လာပြီ၊ မြင်တယ်ဆိုတာ မျက်လုံးက မြင်တာလား မြင်စိတ်က မြင်တာလား (မြင်စိတ်ကမြင်တာပါ ဘုရား)၊ မြင်စိတ်ကမြင်တာ၊ ဟုတ်တယ်နော်၊ မြင်စိတ်ကမြင်တာ၊ ဟော. . . ဘုရားကိုယ်တော်မြတ်ကြီးက အဲဒီနေရာ မတ်တတ်ရပ်ပြီး တရားတစ်ပုဒ်ဟောတယ်ဆိုရင်ကော ကြားရလား (မကြားရပါဘူး ဘုရား)၊ မကြားရပါဘူး၊ သူ့ နားကြီးပါပါတယ်၊ ဒါပေမယ့် သူကြားလား (မကြားပါဘူး ဘုရား)၊ မကြားပါဘူး၊ ဘာပြုလို့ပါလိမ့် (ကြားစိတ်မရှိလို့ပါ ဘုရား)၊ ကြားစိတ်မရှိလို့ ဩော်. . . ဒီလိုဆိုရင် ကြားတယ်ဆိုတာ ကြားစိတ်ကကြားတာ၊ မြင်တယ်ဆိုတာက လည်း (မြင်စိတ်ကမြင်တာပါ ဘုရား)၊ မြင်စိတ်ကမြင်တာ၊ သူတို့မှာ

ကြားစိတ်တို့ မြင်စိတ်တို့ရှိလား (မရှိပါဘူး ဘုရား)၊ ဒီမှာပေါ်လာတာ၊ ဟုတ်တယ်၊ ဒါ့ကြောင့် အဲသလိုရုပ်ချည်းတည်းရှိတဲ့ ပြဟ္မာ့ဘုံကို ရောက်ရတယ်ဆိုရင် သူ အခွင့်အရေးတွေ ရှုံးတာပေ့ါ၊ ဘုရားကြွလာပေမယ်လို့ ဘုရားကို ဖူးလို့မရပါဘူး၊ တရားဟောလည်း ကြားရဲ့လား (မကြားရပါဘူး ဘုရား)၊ အဲသလိုဘုံက ဆင်းသက်လာတဲ့ ပုဂ္ဂိုလ်ပဲ၊ ရုပ်ချည်းတည်း ကမ္ဘာနဲ့ ချီပြီးနေရတယ်၊ အဲဒီကနေပြီးတော့ အကြောင်းအားလျော်စွာ စုတေလို့ လူ့ပြည်လာရောက်တော့ သူ့နောက်ကြောင်းပြန် ကြည့်တယ်၊ သူလည်း တရားအားထုတ် သမထအလုပ်နဲ့ နောက်ကြောင်းပြန်ကြည့်တော့ ဘာမှ မမြင်ဘူး၊ ဘာမှကို ဘာမှမမြင်ဘူး၊ ပိတ်ပိတ်သား ဒီဘဝပဲမြင်တာဆိုတော့ သူ့မှာ အသိဉာဏ် နာမ်တရားမရှိတဲ့ဘဝနဲ့ အကြာကြီးနေလာရတာ မဟုတ်လား (မှန်လှပါ ဘုရား)။

ဒါကြောင့် နောက်ကြောင်းပြန်ကြည့်တယ် ဘာမှမတွေ့ပါဘူး၊ ဒီဘဝတစ်ခုပဲတွေ့တယ်၊ ဒို့ပြင်သူတွေလည်း ဒီလိုပဲ နေမှာပေ့ါ၊ ဒီတစ်ဘဝ သေပြီးရင် ဘယ့်နှယ်တုံး ပြတ်. . . နောက်ထပ်ဟိုဘက် တစ်ဘဝ ဖြစ်တယ်ဆိုတာ သီးသန့်ပဲ၊ ဒီဘက်နဲ့ ဟိုဘက်ကျေးဇူးပြုတယ်ဆိုတာ မဟုတ်နိုင်ဘူး၊ ဟုတ်ရင်ငါကိုယ်တိုင်မြင်မှာပေ့ါ၊ အခု ငါကိုယ်တိုင် ဘာမှမမြင်ဘူး ဒီတစ်ဘဝပဲမြင်တယ်၊ ဒီဘဝပြီးလို့သေရင် ဘယ်နှယ်တုံး ပြတ်. . .၊ နောက်ထပ်တစ်ဘဝ သီးသန့် သပ်သပ် တည်ထောင်တာပဲလို့ ဆိုတော့ ဒါဖြင့် ဟိုဘက်ဘဝနဲ့ ဒီဘက်ဘဝ အဆက်အစပ်မရှိဘူးပေ့ါ၊ အဲလိုဆိုရင် ကြားထဲပြတ်နေတာပေ့ါ၊ ပြတ်နေတာ ပါဠိလို ဘယ့်နှယ်တုံး ဥစ္ဆေဒ၊ ယူစွဲတာက ဒိဋ္ဌိ၊ ဥစ္ဆေဒနဲ့ ဒိဋ္ဌိနဲ့ပေါင်း ဥစ္ဆေဒဒိဋ္ဌိ၊ သူကစပြောတာ၊ လောကကြီးဟာ ပြတ်တယ်၊ လောကကြီးဟာ ပြတ်တယ်၊ ဒီတစ်ဘဝပဲ ရှိတယ်၊ ဟိုဘက်ဘဝနဲ့ အဆက်အစပ်ရှိတယ်ဆိုတာ မဟုတ်နိုင်ဘူး၊

အဲသလိုတွေ ပြောပြီးတော့လာတာ။

ရွှေ့သွားကြစို့၊ နံပါတ်သုံးက ဘာပါလိမ့်၊ ဧကစ္စသဿတဒိဋ္ဌိ၊ သူတို့တစ်တွေက နတ်ပြည်ကလာကြတာ၊ နတ်ပြည်မှာ လုပ်စရာကိုင်စရာလည်း မရှိတော့ သူတို့က တစ်နေ့လုံး တီး. . . ဆို. . . က အဲလိုလုပ်ပြီးတော့ နေကြတာ၊ ညနေကျတော့ အခုမှ သတိရတယ်၊ ကြည့်စမ်း ‘တို့’တစ်နေ့လုံး သီချင်းဆိုလာလိုက်ကြတာ၊ ‘တီး’ တဲ့သူက ‘တီး’၊ ‘က’တဲ့သူက ‘က’နဲ့ မနက်စာတောင် မစားမိဘူး၊ အဲလိုဖြစ်လာတာပေ့ါ။ မနက်စာမစားမိဘူးဆိုတော့ ဝမ်းမီးကလောင်ပြီးတော့ ညနေကျတော့ ညှိုးသွားတာပေ့ါ။ ညှိုးရုံတင်မကဘူး သေတော့တာ၊ အမယ် အဲသလို၊ အဲဒီပုဂ္ဂိုလ်တွေ လူ့ပြည်ရောက်လာကြတာ အမယ် ဒီလိုတွေနော်၊ တချို့နတ်တွေကျတော့ စိတ်ဆိုးတယ်၊ စိတ်ဆိုးတတ်တယ်နော်၊ နတ်သားတစ်ယောက်က ဥယျာဉ်ပျော်ပွဲစားထွက်မယ်ဆိုပြီးတော့ ထွက်လာလိုက်တာ အမယ်လေး မော့တော့ မော့တော့နဲ့ နောက်က အခြွေအရံ လေးငါး ခြောက်ယောက်ပါတာပေ့ါ။ ဘေးကနတ်သားတစ်ယောက်က စသတဲ့၊ ဟာ. . . ထွက်လာလိုက်တာ ဥယျာဉ်ပျော်ပွဲစား ပရိသတ်ကြီးကလည်း နည်းပါဘူးလားကွ၊ လေးငါး ခြောက်ယောက်တောင်ပဲ၊ ဒီလိုတွေ စတော့ ဘာလဲ ခင်ဗျားကဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ၊ ကျွန်တော့ကုသိုလ်နဲ့ ကျွန်တော်ဖြစ်တာ၊ တစ်ယောက်နဲ့တစ်ယောက် ထိုးမယ်ကြိတ်မယ် လုပ်တာတဲ့၊ အဲလိုဆိုတော့ စိတ်ဆိုးတာ မဟုတ်လား၊ စိတ်ဆိုးတော့ ဒေါသမီးလောင်ပြီး သေရတာ၊ အဲဒီလူတွေ လူ့ပြည်လာရောက် နောက်တော့မှ သူတို့က နောက်ကြောင်းပြန်ကြည့်တော့ တို့တစ်တွေက နတ်ပြည်က လာခဲ့တာပဲ၊ ဟုတ်ပြီ နတ်ပြည်က လာခဲ့တာ အောင်မယ်. . . တချို့ကျတော့လည်း နတ်ပြည်မှာ ကျန်ရစ်သေးသားပဲ၊ တို့ကတော့ ဘာပြုလို့သေပါလိမ့်၊ သူတို့ ကျန်ရစ်

တယ်၊ ဩော်. . . သိပြီ သိပြီ၊ တို့တစ်တွေက စိတ်ဆိုးတာကိုး၊ စိတ်ဆိုးလို့ မမြဲဘူး သေတာ၊ ဩော်. . . စိတ်မဆိုးတဲ့ သူတွေတော့ ဟိုမှာ ကျန်ရစ်သေးတယ်ဆိုတော့ တချို့မှာမြဲတာပေါ့၊ တချို့ကျတော့ မမြဲဘူး၊ ဟိုတစ်ယောက်ကတော့လည်းပဲ ဩော်. . . တို့က အပျော်များတာပဲ၊ အပျော်များလို့ သေတာ၊ သိပ်မပျော်တဲ့ နတ်တွေ ဟိုကျန်ရစ်သေးတယ် မဟုတ်လား၊ အဲသလိုတွေလုပ်တော့ တချို့မြဲတာပေါ့၊ တချို့ကျတော့ မမြဲဘူး၊ အဲဒါကို ပါဠိလို ဧကစ္စသဿတ၊ ဧကစ္စသဿတ၊ တချို့မြဲတယ် တချို့မမြဲဘူး၊ အဲဒီလိုလေးတွေ ဒီပုဂ္ဂိုလ်တွေက စပြီးတော့ တီထွင်လို့ ဒီလိုဝါဒတွေ ဖြစ်လာတာ။

အပြောများတဲ့ ဝါဒအပြောလေးတွေက လေးမျိုးပေါ့၊ သဿတ ဒိဋ္ဌိအပြော၊ ဥစ္ဆေဒဒိဋ္ဌိအပြော၊ ဧကစ္စသဿတဒိဋ္ဌိအပြော၊ အမရာ-ဝိက္ခေပဒိဋ္ဌိ အပြောလေးတွေနော်၊ ဘယ်လိုလဲဆိုတော့ သတ္တဝါတွေ လူတွေသေပြီးရင် ရှေ့ဆက်ဖြစ်သေးတယ်ဆိုရင် ဆက်ဆက် ဆက်ဆက် ဖြစ်သေးတယ်ဆိုတော့ ဘာဒိဋ္ဌိနဲ့ပြောတာတုံး (သဿတဒိဋ္ဌိနဲ့ ပြောတာပါ ဘုရား)၊ လူတွေသေပြီးရင် မဖြစ်တော့ဘူး ပြတ်သွားတာပဲဆိုရင် (ဥစ္ဆေဒ ဒိဋ္ဌိပါ ဘုရား)၊ လူတွေသေပြီး တချို့မြဲ တချို့မမြဲဘူးဆိုရင် (ဧကစ္စ-သဿတဒိဋ္ဌိပါ ဘုရား)၊ လူတွေသေပြီး မြဲသည်လည်းမဟုတ် မမြဲသည်လည်းမဟုတ်ဆိုလို့ ရှိရင် (အမရာဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ ဒီအပြောလေးတွေနော် ဟုတ်တယ်၊ ဒီဟာလေးတွေ လာမှာမို့လို့ ရှေ့က ကြိုပြောထားတာပါ။

ကဲ. . . စတော့မယ်၊ ဘုန်းကြီးတို့ အဂ္ဂိဝစ္ဆသုတ်၊ ဘာတဲ့တုံး (အဂ္ဂိဝစ္ဆသုတ်ပါ ဘုရား)၊ ဒီသုတ်တော် ဖြစ်ပေါ်တော်မူတဲ့အချိန်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိမှာ သီတင်းသုံးနေတော်မူတဲ့

အခိုက် တစ်နေ့တော့ ‘ဝစ္ဆ’ အနွယ်ရှိတဲ့ ပုဏ္ဏားကြီးတစ်ယောက် ဘုရားထံ ရောက်လာပြီး အလ္လာပ သလ္လာပ စကားတွေပြောတယ်၊ နေကောင်းပါရဲ့လား၊ ရာသီဥတုမျှတပါရဲ့လား ဒီလိုအမေးလေးတွေပေ့ါ၊ စကားစမြည် ကလေးတွေပြောပြီးတော့၊ အရှင်ဂေါတမနဲ့ ကြုံတုန်းမှာ ကျွန်ုပ်မေးပါရစေဦး၊ မေးတာပေ့ါ၊ မေးနိုင်ပါတယ်။

အရှင်ဘုရား ရုပ်နာမ်လောကကြီးဟာ မြဲသလား၊ ရုပ်နာမ် လောကကြီးဟာ မြဲသလားလို့ ပုဏ္ဏားကြီးက စမေးတယ်၊ မြဲသလားလို့ ဆိုတော့ ဆက်ဆက် ဆက်ဆက်သွားသလား အဓိပ္ပာယ် မဟုတ်လား၊ ဒါဒိဋ္ဌိသံနဲ့မေးတာ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာဒိဋ္ဌိသံ (သဿတ ဒိဋ္ဌိသံပါ ဘုရား)၊ ဒါဒိဋ္ဌိသံပဲ တို့မယူပါဘူးကွယ်၊ ဒီလိုဆိုရင် အရှင်ဘုရား ရုပ်နာမ်လောကကြီးဟာ မမြဲဘူးလား၊ မမြဲဘူးလားဆိုတာ ပြတ်သွားတာ မဟုတ်လား၊ ဘာဒိဋ္ဌိသံနဲ့မေးတာတုံး (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ ဟာ. . . ဟုတ်တယ် ဥစ္ဆေဒဒိဋ္ဌိသံနဲ့မေးတာပဲ၊ ကြိုသင်ထားတာဆိုတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဖြေတတ်တာပေ့ါ၊ ဒါဥစ္ဆေဒဒိဋ္ဌိသံနဲ့ မေးတာမဟုတ်လား (မှန်လှပါ ဘုရား)၊ ဒိဋ္ဌိအမေးပဲကွဲ့ တို့မယူပါဘူးလို့ ဖြေလိုက်တယ်၊ ဒီလိုဆိုရင်အရှင်ဂေါတမ ရုပ်နာမ်လောကကြီးဟာ မြဲတာ တချို့ မမြဲတာတချို့လားလို့ မေးလိုက်ပြန်ပြီ၊ ဒါဘာသံနဲ့မေး (ဧကစ္စ-သဿတဒိဋ္ဌိသံပါ ဘုရား)၊ ဧကစ္စသဿတဒိဋ္ဌိသံနဲ့မေးတာပဲနော်၊ ဒိဋ္ဌိပဲ တို့မယူပါဘူးလို့ဘဲ ဖြေလိုက်တယ်၊ ဒီတော့ ဆက်မေးပါသေးတယ်၊ အရှင်ဂေါတမ ရုပ်နာမ်လောကကြီးဟာ မြဲသည်လည်းမဟုတ်၊ မမြဲ သည်လည်းမဟုတ်လားလို့ မေးလိုက်ပြန်ပြီ၊ အမယ် ဒါက ဘာသံနဲ့မေး (အမရာဝိက္ခေပဒိဋ္ဌိသံနဲ့ မေးတာပါ ဘုရား)၊ ဟုတ်တယ်၊ ဒါကြိုတင် သင်ထားလို့ ဖြေတတ်တာ မဟုတ်လား၊ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဒိဋ္ဌိအယူတွေ

ပဲ၊ တို့ မယူပါဘူးလို့ဘဲ ပယ်ချလိုက်တယ်နော်၊ ဒီလိုဆိုရင် မေးရဦးမယ် အရှင်ဂေါတမရယ် အသက်နဲ့ကိုယ် အတူတူပဲလားလို့ မေးလိုက်ပြန်ပြီ၊ အသက်နဲ့ကိုယ် (အတူတူပဲလား)၊ အို. . . အသက်လည်း မရှိပါဘူးကွယ်၊ ကိုယ်လည်း မရှိပါဘူး၊ ဒါဒိဋ္ဌိအယူတွေပဲ၊ ဒီလိုဆိုရင် အရှင်ဂေါတမ အသက်နဲ့ကိုယ်တခြားစီလားလို့ မေးလိုက်ပြန်ပြီ။

ဩော်. . . အစကတည်းကမှ အသက်မှမရှိဘဲနဲ့၊ ကိုယ်လည်း မရှိပါဘူး၊ တခြားစီလို့ကော ပြောလို့ရမလား (မရပါဘူး ဘုရား)၊ ဒိဋ္ဌိ အယူတွေပါပဲကွဲ့၊ ဒါမျိုး တို့မယူပါဘူး ပြောလိုက်တယ်နော်၊ ဩော်. . . ပုဏ္ဏားကြီးက မလျှော့ဘူးနော် ဆက်မေးတာပဲ၊ ဒီလိုဆိုရင် မေးဦးမယ် အရှင်ဂေါတမ သတ္တဝါတွေ သေပြီးလို့ရှိရင် ရှေ့ဆက်ဖြစ်သေးသလားလို့ မေးလိုက်တယ်၊ သတ္တဝါတွေ သေပြီးလို့ရှိရင် ရှေ့ဆက်ဖြစ်သေးသလားလို့ မေးတော့ အို. . . သတ္တဝါမှ မရှိဘဲနဲ့ ဒိဋ္ဌိအယူတွေပဲ မဟုတ်လား၊ တို့မယူပါဘူးလို့ ဘုရားကိုယ်တော်မြတ်က ဖြေလိုက်တယ်နော်၊ ဘာဒိဋ္ဌိနဲ့ မေး (သဿတဒိဋ္ဌိနဲ့မေးတာပါ ဘုရား)၊ သဿတဒိဋ္ဌိနဲ့မေးတယ်၊ သတ္တဝါတွေ သေပြီးလို့ရှိရင် ရှေ့ဆက် ဖြစ်သေးသလားလို့ဆိုတော့ ဘယ့်နှယ်တုံး (သဿတဒိဋ္ဌိနဲ့မေးတာပါ ဘုရား)၊ သဿတဒိဋ္ဌိနဲ့မေးတာ၊ ဒိဋ္ဌိအယူတွေပဲ မယူပါဘူးဆိုတော့ ဆက်မေးတယ်၊ သတ္တဝါတွေ သေပြီးရင် ရှေ့ဆက် မဖြစ်တော့ဘူးလားလို့ မေးလိုက်ပြန်တယ်၊ ဒါ ဘာဒိဋ္ဌိသံ (ဥစ္ဆေဒဒိဋ္ဌိသံပါ ဘုရား)၊ ဥစ္ဆေဒဒိဋ္ဌိပဲကွဲ့၊ တို့မယူပါဘူး အို. . . မေးရဦးမယ်အရှင်ဂေါတမ သတ္တဝါတွေသေပြီးရင် ဖြစ်တာတချို့ မဖြစ်တာတချို့လားလို့ မေးလိုက်ပြန်ပြီ၊ ဘာဒိဋ္ဌိ (ဧကစ္စသဿတဒိဋ္ဌိပါ ဘုရား)၊ ဧကစ္စသဿတဒိဋ္ဌိ၊ အို. . . ဒါ. . . ဒိဋ္ဌိပါပဲကွယ် တို့မယူပါဘူးဆို တော့ မေးရဦးမယ် အရှင်ဂေါတမ ကြံ့တုန်းမို့လို့ပါ သတ္တဝါတွေသေပြီးရင်

ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ပါလားလို့ မေးလိုက်ပြန်ပြီ၊ အို. . . ဒါက ဘာဒိဋ္ဌိနဲ့မေး အမရာဝိက္ခေပဒိဋ္ဌိ ဘာတဲ့တုံး (အမရာဝိက္ခေပဒိဋ္ဌိပါ ဘုရား)၊ အို. . . ကြည့်စမ်း မေးလိုက်တဲ့ မေးခွန်းတွေ စီပြီးတော့မေးတာ၊ မေးခွန်း ဘယ်နှမျိုးရှိပြီတုံး၊ ဆယ်မျိုးတောင်ရှိပြီ၊ ဆယ်မျိုးလုံး ဘုရားကလက်ခံရဲ့လား (လက်မခံပါဘူး ဘုရား)၊ အကုန်လုံး ပယ်ချတာပဲ မဟုတ်လား (မှန်ပါ)၊ အရှင်ဂေါတမ ကျွန်ုပ်မေးတာ မေးခွန်း ဆယ်မျိုးရှိပြီ၊ တစ်ခုမှ လက်မခံဘူး၊ အရှင်ဂေါတမက ဘယ်ဒိဋ္ဌိမှ မယူပါဘူးလားလို့ သူမေးနေတယ်၊ မယူပါဘူးကွယ်၊ တို့တွေက ဒိဋ္ဌိဟူသမျှ ဗောဓိပင်နဲ့ ရွှေပလ္လင်တုန်းကတိုင်း သောတာပတ္တိမဂ်ဉာဏ် ရကတည်းက အတိုင်း ဒိဋ္ဌိတွေ ခွာချခဲ့ပြီ၊ ဘုန်းကြီးတို့ဒကာ ဒကာမတွေလည်း သောတာပန်ဖြစ်တယ်ဆိုရင် ဒိဋ္ဌိတွေအကုန်ခွာမှာပဲ၊ သဘောသိပြီ မဟုတ်လား (မှန်လှပါ ဘုရား)။

ငါဘုရားက ဗောဓိပင်နဲ့ ရွှေပလ္လင်တုန်းကတိုင်း သောတာပတ္တိမဂ်ဉာဏ် ရကတည်းကအတိုင်း ဒီဒိဋ္ဌိတွေ ခွာခဲ့တယ် ပြောတယ်၊ သြော်. . . ဒီလိုဆိုရင် အရှင်ဂေါတမ ဘာဒိဋ္ဌိမှ မယူဘူးလို့ဆိုတော့ အရှင်ဂေါတမ ယူတဲ့အယူများ သီးသန့်ရှိပါသေးသလား၊ ရှိပါတယ်၊ သြော်. . . သိပါရစေ အရှင်ဂေါတမရယ် ကြုံတုန်းပြောစမ်းပါ၊ အရှင်ဂေါတမတို့ယူတဲ့အယူ ဘာများလဲ မေးပြီနော်၊ အေး. . . အဲသလို သိချင်ရင်တော့ကွယ် ခန္ဓာငါးပါးရှိတယ်ကွဲ့၊ ခန္ဓာက (ငါးပါးပါ ဘုရား)၊ ဘယ်သူတွေပါလိမ့် (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါ ဘုရား)၊ ဟုတ်တယ်၊ ခန္ဓာငါးပါးလေ၊ ရူပက္ခန္ဓာဆိုတဲ့ ရုပ်သဘောကြီးကလည်း မမြဲဘဲ တဖွဲဖွဲ တသဲသဲ ပြောင်းလဲနေတာ (မှန်လှပါဘုရား)၊ အဟောင်း အဟောင်းချုပ်ပျောက်၊ ချုပ်ပျောက်တဲ့နေရာ

အသစ် အသစ်အစားတွေဖြစ်၊ အဲလိုလုပ်နေတာ ရုပ်တရားကလေ (မှန်လှပါဘုရား)။

## ဝေဒနာဆိုတာ ခံစားတတ်တဲ့ သဘော

အင်း. . . အဲဒီ ရုပ်တရားကြီးမမြဲဘူး၊ မမြဲဘဲ ပြောင်းလဲပြီးတော့ နေတယ် ဟုတ်တယ်နော် (မှန်ပါဘုရား)၊ ပြီးတော့ 'ဝေဒနာ'ဆိုတဲ့ သဘောတရားတွေ ဘုန်းကြီးတို့ဒကာ၊ ဒကာမတို့မှာလည်း ရှိတာပဲ၊ အဲဒီ သဘောတရားကကော မြဲလို့လား (မမြဲပါဘူးဘုရား)၊ 'ခံစားတတ်တဲ့ သဘော' ပြောတာနော် (မှန်လှပါဘုရား)၊ အင်း. . . သွားပြီးတော့ မရောနဲ့၊ နာတာ၊ ကျဉ်တာ၊ ကိုက်တာ၊ ခဲတာနဲ့ သွားမရောနဲ့ (မှန်လှပါဘုရား)၊ နာတာ၊ ကျဉ်တာ၊ ကိုက်တာ၊ ခဲတာက သူတို့ 'အာရုံ'ကကို နာတတ်တယ်၊ ကျဉ်တတ်တယ်၊ ကိုက်တတ်တဲ့အာရုံကို၊ ဒီဘက်က ခံစားတဲ့ဉစ္စာက သွားခံစားလို့ သူတို့တစ်တွေနဲ့တွဲတဲ့အတွက် ဒီဝေဒနာ ဟာ ဒုက္ခဝေဒနာလို့ ပြောတာ (မှန်ပါဘုရား)၊ ခွာလိုက်မယ်ဆိုရင် အဲဒီ နာတာ၊ ကျဉ်တာ၊ ကိုက်တာ၊ ခဲတာက တခြား၊ ဒီဘက်ကခံစားတာက (တခြားပါဘုရား)၊ အဲဒီနာတာ၊ ကျဉ်တာ၊ ကိုက်တာ၊ ခဲတာပြောတာ မဟုတ်ဘူး၊ ဘုန်းကြီးပြောတာက ဒီဘက်က ခံစားတတ်တဲ့ဝေဒနာ ပြောတာ (မှန်လှပါဘုရား)၊ အဲဒီခံစားတတ်တဲ့ ဝေဒနာကကောမြဲလို့လား (မမြဲပါဘူးဘုရား)၊ ပြောင်းလဲနေတာပါပဲ၊ သူလည်းနာမ်တရား မဟုတ်လား (မှန်ပါဘုရား)၊ နာမ်တရား၊ ဟိုဘက်က သင်္ခါရဆိုတဲ့ သဘောတရား တွေ အမျိုးအစား ၅၀-တောင်ရှိတယ် မဟုတ်လား (မှန်ပါဘုရား)။

သူတို့တစ်တွေကော မြဲကြရဲ့လား (မမြဲပါဘူးဘုရား)၊ တဖွဲဖွဲ တသဲသဲ ပြောင်းလဲပြီးတော့ နေကြတာလေ (မှန်ပါဘုရား)၊ အေး. . .

အဲဒီလိုတွေပေါ့၊ ဟိုဘက်က ဝိညာဏက္ခန္ဓာဆိုတဲ့ စိတ်တွေကော မြဲလို့လား (မမြဲပါဘူးဘုရား)၊ အသစ်အဟောင်း ပြောင်းလဲပြီးတော့ နေကြတာပဲ၊ ဒီတော့ ခန္ဓာငါးပါးလုံး တစ်ခုမှမမြဲဘူးပေါ့ (မှန်လှပါဘုရား)၊ အဲဒီလို မမြဲတာကို မမြဲဘူးလို့မြင်အောင် ဉာဏ်နဲ့ ကြည့်ရတယ်၊ ကြည့်လို့ သိရတဲ့ ဥစ္စာလေးတွေဟာ ငါဘုရားရဲ့အယူ၊ ငါဘုရားရဲ့အယူက ဒီအတိုင်းဆိုရင် ခန္ဓာငါးပါးလုံး မမြဲဘူး၊ ပြောင်းလဲနေတယ်ဆိုတာ သိအောင် လုပ်ရတဲ့ အယူပေါ့ (မှန်လှပါဘုရား)။

## ဖြစ်ပျက်ပြောင်းလဲနေတာကို ဉာဏ်နဲ့ သိအောင်လုပ်

ဩော်. . . ဩော်. . . ဒီလိုကိုး အခုတရားနာနေကြတဲ့ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခန္ဓာငါးပါးနဲ့ နာနေတာ (မှန်လှပါ ဘုရား)၊ ဒီခန္ဓာငါးပါးကြီး မြဲရဲ့လား (မမြဲပါဘူးဘုရား)၊ မမြဲဘူး၊ ပြောင်းလဲပြီးတော့ နေတယ်ဆိုတဲ့ဥစ္စာကို ဉာဏ်နဲ့သိအောင်လုပ်ရတာ (မှန်လှပါ ဘုရား)၊ အဲဒါ ဘယ်သူ့အယူ (ဘုရားရဲ့အယူပါဘုရား)၊ ဟုတ်တယ်၊ ဒီလိုဆိုလို့ရှိရင် မိုးကုတ်ဆရာတော်ဘုရားကြီးက ခဏ ခဏပြောတယ်၊ ဖြစ်-ပျက်တွေ မြင်အောင် ရှုကြစမ်းပါကွဲ့၊ မမြဲတာတွေကို မြင်အောင် ရှုကြစမ်းပါကွဲ့၊ ဟုတ်တယ်နော်၊ ဘုရားကိုယ်တော်မြတ်ကြီးက စပြီးတော့ပြောတာ၊ **'ဘူတမိဒံ ဘိက္ခဝေ ဘူတတော သမနုပဿထ'**၊ အဲဒီ မမြဲဘဲ ပြောင်းလဲပြီးတော့နေတဲ့ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို၊ ဘူတတော- အမှန်အတိုင်း ပြောင်းလဲပြီးတော့နေတယ်၊ အသစ်အဟောင်း ပြောင်းလဲ နေတယ်ဆိုတာကို မြင်အောင်၊ သမနုပဿထ- ရှုကြလော့၊ ကြည့်ကြလော့၊ ပြောတယ်နော် (မှန်လှပါ ဘုရား)။

အဲလိုဆိုတော့ အဲဒီဥစ္စာတွေကို မြင်အောင်လုပ်ရတဲ့ အယူက

ဘုရားအယူလို့ သိရပြီ (မှန်လှပါဘုရား)၊ ဒီလိုဆိုရင် ဆရာတော်ဘုရားကြီး ခဏ ခဏတိုက်တွန်းနေတဲ့ဥစ္စာ၊ ဖြစ်ပျက်မြင်အောင် ရှုကြပါလို့ဆိုတာ ဘယ်သူ့အယူ ကိန်းအောင်လို့ (ဘုရားအယူ ကိန်းအောင်လို့ပါ ဘုရား)၊ ဘုရားအယူ ကိန်းအောင်လို့၊ အခုဖြစ်ပျက်ကလေးတွေ မြင်ကြတယ်လို့ ဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာဖြင့် ဘယ်သူ့အယူ ကိန်းနေလဲ (ဘုရားအယူ ကိန်းနေပါတယ် ဘုရား)၊ ကိန်းပြီ။

## ဖြစ်ပြီး ပျက်သွားတာကို မြင်အောင်ရှု

ဖြစ်ပျက်တောင် မမြင်သေးဘူးဆိုရင်တော့ ဘုရားအယူ မကိန်း သေးဘူးပေါ့ (မှန်လှပါဘုရား)၊ ဟာ. . . ကိန်းအောင်တော့လည်း လုပ်ကြ ရမယ်၊ ဘုရားအယူမကိန်းဘဲ ပြန်သွားလို့မဖြစ်ဘူး (မှန်လှပါ ဘုရား)၊ ဘုရားအယူတော့ ကိန်းမှဖြစ်မယ်၊ ဒုက္ခခံပြီး လာတာမဟုတ်လား (မှန်လှပါ ဘုရား)၊ အဲဒါ ငါဘုရားရဲ့ အယူပဲကွဲ၊ ဒါက ဉာဏ်နဲ့မှ မြင်ရတာ နော် (မှန်လှပါဘုရား)၊ ခန္ဓာငါးပါးကြီး ပြောင်းလဲဖြစ်ပျက်နေတာ ရိုးရိုး ပကတိမျက်စိနဲ့ မမြင်ရပါဘူး (မှန်လှပါဘုရား)၊ ဟာ. . . လူတွေ သေတယ်၊ ပျက်စီးတယ်၊ ပိုးထိုးလောက်ကိုက်ဖြစ်ကုန်တယ်၊ ခြစား ကုန်တယ်၊ မီးရှို့လို့ ပျက်စီးသွားတယ်၊ အဲဒါပြောတာ မဟုတ်ဘူး (မှန်လှပါ ဘုရား)၊ အဲဒါ ဆိုရင်တော့ဖြင့် ရိုးရိုးပကတိမျက်စိနဲ့ မြင်ရတာပဲ (မှန်လှပါ ဘုရား)၊ ဟင်. . . အဲဒါမလိုချင်ဘူး၊ အဲဒီပျက်စီးတာကို ပြောတာ မဟုတ်ဘူး၊ အဲဒါက ရိုးရိုးပကတိ မံသစက္ခုဖြင့် မြင်တာ၊ အခုပြောတာက ဉာဏ်နဲ့မြင်တာပြောတာ (မှန်လှပါဘုရား)၊ အဲဒါ လိုချင်တယ်။

**ယံ ပဿတိ နတံဒိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ န ပဿတိ၊**

**အပဿံ ဗဇ္ဈတေ မူဠှော၊ ဗဇ္ဈမာနော န မုစ္စတိ။**

ဆိုတာရှိတယ်။ သူ့အဓိပ္ပာယ်က ယံ ပဿတိ၊ ယံ-အကြင် တုံး၊ တိုင်၊ သစ်၊ ဝါး၊ ယောက်ျား၊ မိန်းမ စသည်ဖုံဖုံ၊ အမျိုးမျိုးသော အာရုံကို၊ ပဿတိ - ရိုးရိုးပကတိမျက်စိဖြင့် ကြည့်လို့ မြင်ရ၏။ ဟုတ်တယ်နော် (မှန်လှပါဘုရား)၊ တံ- ထိုသို့မြင်တဲ့ အမြင်မျိုးကို၊ နဒိဋ္ဌ-ဉာဏ်ဖြင့် မြင်အပ်သည်မဟုတ်၊ အခုလှည့်ပတ်ပြီး ဘေးဘီကြည့်ကြည့်ပါလား၊ ဟောဒီနံရံတွေ၊ တုံးတွေ၊ တိုင်တွေ၊ သစ်တွေ၊ ဝါးတွေ၊ ယောက်ျားတွေ၊ မိန်းမတွေ၊ ပုဂ္ဂိုလ်တွေ၊ သတ္တဝါတွေ၊ မော်တော်ကားတွေ၊ သစ်ပင်တွေ၊ အဲဒါတွေ မမြင်ရဘူးလား (မြင်ရပါတယ်ဘုရား)၊ အဲဒါမြင်ရတာက အမေမွေးပေးထားတဲ့ မျက်စိ၊ ရိုးရိုးပကတိမျက်စိနဲ့ မြင်ရတာ (မှန်လှပါ ဘုရား)၊ အဲဒီမြင်တာမျိုးဟာ ဉာဏ်မြင်မဟုတ်ဘူးနော် (မှန်လှပါဘုရား)၊ နတံဒိဋ္ဌ- အဲဒါဟာ ဉာဏ်မြင်မဟုတ်ဘူးနော် (မှန်ပါ)၊ ဒီအမြင်မျိုး ပြောတာ မဟုတ်ဘူး။

## ဉာဏ်ဖြင့်မြင်ရလျှင် ပကတိမျက်စိဖြင့် မမြင်ရ

**ယံ ပဿတိ နတံဒိဋ္ဌံ၊** နောက်တစ်ခု **ယံဒိဋ္ဌံ တံ န ပဿတိ၊** ယံ- အကြင် သင်္ခါရတရားတွေ ပြောင်းလိုက်၊ လွဲလိုက်၊ ဖောက်လိုက်၊ ပြန်လိုက်၊ ပြောင်းလိုက်၊ လွဲလိုက်၊ ဖောက်လိုက်၊ ပြန်လိုက်ဆိုတဲ့ သဘောတရား၊ အဲဒီအာရုံကို၊ ဒိဋ္ဌ- ဉာဏ်ဖြင့် မြင်အပ်ပြီ၊ အဲဒါမျိုးကျတော့ ဉာဏ်နဲ့ ကြည့်လို့ မြင်ရတယ်နော် (မှန်လှ ပါဘုရား)၊ တံ-ထိုကဲ့သို့ ဉာဏ်နဲ့ မြင်ရတဲ့ အဖြစ်အပျက်မျိုးကို၊ နပဿတိ-ရိုးရိုးပကတိမျက်စိဖြင့် ကြည့်လို့ မမြင်ရပြန်၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ ဉာဏ်နဲ့မြင်တဲ့ အမြင်ကို ရိုးရိုးပကတိမျက်စိနဲ့ကြည့် မြင်ရလား (မမြင်ရပါဘူးဘုရား)၊ ဟုတ်တယ်၊ အဲဒီလိုကွာတာ၊ အခုပြောနေတဲ့ဥစ္စာက ဉာဏ်နဲ့မြင်ရတဲ့ အမြင်ကို

လိုချင်တယ် (မှန်လှပါဘုရား)၊ ရိုးရိုးပကတိမျက်စိနဲ့ကတော့ မြင်ရတာပဲ၊ ဒါကတော့ မဆန်းပါဘူး၊ အဲဒီအမြင်မျိုးက ဘုန်းကြီးတို့ ဒီဝိပဿနာနဲ့ မဆိုင်ဘူးနော် (မှန်လှပါ)၊ မဆိုင်ဘူး၊ ဉာဏ်နဲ့ မြင်တဲ့အမြင်၊ **အေး. . .** ဒီဥစ္စာလေးတွေကတော့ အခု တရားအားထုတ်တဲ့သူတွေ၊ မြင်တဲ့ သူတွေက ဒီဥစ္စာပြောလို့ရှိရင် သဘောပေါက်တယ်၊ လက်ခံတယ်ပေါ့ (မှန်လှပါ ဘုရား)၊ မမြင်ရသေးဘူးဆိုတဲ့ သူကတော့ မယုံဘူး၊ ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့ ပြောနေကြတာ တကယ်ရောရှိတာ ဟုတ်ရဲ့လား၊ ဒီလိုတောင် ဖြစ်သေးတာနော် (မှန်လှပါဘုရား)၊ အင်း. . . အဲသလို ကိုယ်ကမမြင် ရတော့ သူယုံမှားသံသယ ဖြစ်နေတယ်ဆိုတာ ရိုးရိုးပကတိမျက်စိနဲ့၊ ဟို. . . ပျက်စီးပြောင်းလဲ၊ ဒီလို ခုတ်ထစ်ကြေမွ၊ ဒီလိုဟာမျိုးပြောတာ မဟုတ်ဘူး (မှန်ပါ)၊ အဲဒါကတော့ ရိုးရိုးပကတိမျက်စိနဲ့ ကြည့်လို့တောင် မြင်ရတဲ့ အမြင်နော် (မှန်လှပါဘုရား)၊ အဲဒါ မဆိုချင်ပါဘူး၊ ဉာဏ်နဲ့ ကြည့်စမ်းပါ၊ ဘာတွေ၊ ညာတွေတောင် ရွေးမနေနဲ့၊ ဦးစွာပထမ စိတ်ကလေးကို ငြိမ်အောင် ထားလိုက်စမ်းပါ (မှန်လှပါ)၊ ဟုတ်တယ်နော်။

## စိတ်ငြိမ်ရင် သမာဓိတည်ပြီ

စိတ်ကလေးကို ငြိမ်အောင်ထားလိုက်၊ **သမာဓိံ ဘိက္ခဝေ ဘာဝေထ**၊ စိတ်ကို ငြိမ်အောင်လုပ်လိုက်၊ စိတ်ငြိမ်ပြီ၊ စိတ်ငြိမ်ပြီဆိုတာနဲ့ သမာဓိတည်တယ် ခေါ်တာပေါ့ (မှန်လှပါဘုရား)၊ သမာဓိတည်ရင် ဒီမှာ ဉာဏ်ဝင်လာတာပဲ (မှန်ပါဘုရား)၊ အဲဒီ ဉာဏ်ဝင်လာတယ်ဆိုရင် **သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ**၊ သမာဓိတည်ပြီ ဆိုရင် အမှန်အတိုင်း မြင်တော့တာ (မှန်လှပါဘုရား)၊ ဘယ်လိုမြင်တုံး ဆိုတော့ ဒီရုပ်တွေ၊ ဒီနာမ်တွေက မမြဲဘူး၊ ပြောင်းလဲနေတယ်ဆိုတာ

တယ်ဟုတ်ပါလားဟေ့၊ ညဏ်အောက်မှာလေ (မှန်လှပါ)၊ ခန္ဓာပေါ်သာ ညဏ်က တင်လိုက်ပါ၊ အဝေးမထွက်ပါစေနဲ့၊ ဘာတွေ. . . မြင်ရမြင်ရ၊ ညဏ်အောက်မှာ ရောက်လာသမျှတွေကို ကိုယ်ကကြည့်မယ်နော် (မှန်ပါဘုရား)၊ အဝေးတော့ မထွက်စေနဲ့ (မှန်လှပါ)၊ အဝေး ထွက်ထွက် နေတယ်၊ စိတ်တွေက အဝေးထွက်တယ်၊ အဝေးထွက်တော့ ပြန့်တာပေါ့ (မှန်ပါ)၊ ပြန့်တော့ သမာဓိမတည်ဘူး။

## သမာဓိတည်ရင် ညဏ်ဝင်ပြီ

သမာဓိမတည်ရင် ညဏ်မဝင်ဘူးပေါ့ (မှန်ပါဘုရား)၊ အဲဒါ ကြောင့် မမြင်ရတာ ပြောပေမယ့်လို့ မရဘူး၊ ဒီစိတ်ကလေးက အဝေး ထွက်သွားတာ ဘယ်သူမှ မမြင်ရဘဲကိုး (မှန်လှပါဘုရား)၊ အဲဒါ သူ့ တစ်ယောက်တည်းဆိုတော့ လျှောက်ထွက်သွားတာပဲ (မှန်လှပါ)၊ အင်း. . . ညာသေးတယ် သူ့ပြောလို့ရှိရင်၊ **န ဥဒ္ဓံ ဗဟိ ဒ္ဓါ တတ္ထံ**- အဝေးကို မထွက်နဲ့၊ စိတ်တွေ အဝေးမရောက်စေနဲ့၊ **ဘဝဂ္ဂံ ကိံ ကရိဿတိ**- အဝေးသာ လျှောက်ပြီးတော့ သွားလို့ကတော့ ဟိုသွား၊ ဒီသွား၊ အိမ်ရောက်၊ ဈေးထဲရောက်၊ မြို့တကာ အရပ်တကာရောက်၊ နတ်ပြည်တက်၊ ဗြဟ္မာ့ပြည်တက်၊ ဟိုး. . . အထက်ဆုံးဖြစ်တဲ့ ဘဝဂ် ဆိုတာအထိ ရောက်အောင်ပဲသွားသွား အလကားပဲတဲ့၊ ဘဝဂ္ဂံ ကိံ ကရိဿတိ၊ ဒီလိုပြောတာ (မှန်ပါဘုရား)။

**န ဥဒ္ဓံ ဗဟိ ဒ္ဓါ တတ္ထံ**၊ စိတ်ကို အဝေး မလွင့်စေနဲ့၊ **ဘဝဂ္ဂံ ကိံ ကရိဿတိ**၊ အဝေးလွင့်လို့ကတော့ ဟိုးအထက်ဆုံး ဘဝဂ် ထိအောင်တက်တက် အလကားပဲ၊ မသွားပါစေနဲ့၊ **ပစ္စုပ္ပန္နမှိ ဝေါကာရေ . . . ဝေါကာရ**ဆိုတာ ခန္ဓာပြောတာပေါ့ (မှန်ပါ)၊ ပစ္စုပ္ပန်ခန္ဓာ၊ ပစ္စုပ္ပန်

ပေါ်လာလိုက် ပျောက်သွားလိုက်၊ ပေါ်လာလိုက် ပျောက်သွားလိုက်ဆိုတဲ့ ပစ္စုပ္ပန်ခန္ဓာပေါ်မှာသာ (မှန်ပါ)၊ **သကေ ကာယမှိ ဝိန္ဒထ- တခြားသူများ** ခန္ဓာတွေ မကြည့်စမ်းပါနဲ့၊ ကိုယ့်ခန္ဓာပေါ်မှာပဲ အာရုံစိုက်ပြီးတော့ ပစ္စုပ္ပန် ပေါ်ခိုက်၊ ပစ္စုပ္ပန်ပျောက်ခိုက်၊ ပေါ်ခိုက်ပျောက်ခိုက်၊ ပေါ်ခိုက် ပျောက်ခိုက် ကလေးကိုသာ ဘာနဲ့ကြည့်ရမှာတုံး (ဉာဏ်နဲ့ကြည့်ရပါမယ် ဘုရား)။

အေး . . . အဲဒါပဲ၊ ပေါ်လိုက် ပျောက်လိုက်၊ ပေါ်လိုက် ပျောက် လိုက်လို့ အခုပြောတယ်နော် (မှန်လှပါဘုရား)၊ ပေါ်လိုက် ပျောက်လိုက် ဆိုတော့ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်ဆိုတော့ နဂိုပုံမှန် အမူအထား၊ အမူအရာ အနေအထား ဟုတ်ရဲ့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ရင် ပြောင်းလဲတာပေါ့ (မှန်ပါ ဘုရား)။

## ဖြစ်ပျက်ပြောင်းလဲနေခိုက် ဉာဏ်ဖြင့်ရှု

ပြောင်းလဲတယ်ဆိုတာက ဖောက်ပြန်တာ၊ ဖောက်ပြန်တာဟာ ရုပ်ပဲ (ဖောက်ပြန်တာဟာ ရုပ်ပါဘုရား)၊ ရုပ် . . . ရုပ်ဆိုတာ၊ အဲဒါပြော တာ (မှန်ပါဘုရား)၊ အခုဘုန်းကြီးတို့ မြင်ရတဲ့ရုပ်ကြီး မဟုတ်ဘူး (မှန်လှပါ ဘုရား)၊ ဟာ . . . ဒီရုပ်ကြီးကတော့ ဘာအဆန်းမှတ်လို့ ကြည့် မြင်ရတာ ပေါ့ (မှန်ပါ)၊ ရိုးရိုးပကတိမျက်စိနဲ့ ကြည့်၊ ငိုးတိုးငုတ်တုတ်ကြီးတွေ ထိုင်နေတာ မြင်ရသားပဲ (မှန်လှပါဘုရား)။

အင်း . . . အဲဒီရုပ် ရှုရမှာလား၊ (မဟုတ်ပါဘူး ဘုရား)၊ နို့ . . . ရုပ် မဟုတ်ဘူးလား၊ အရှင်ဘုရားတို့ပဲပြောပေါ့၊ ဟုတ်တယ်၊ ရုပ်ကတော့ လည်း ဟုတ်တော့ဟုတ်ပါတယ်၊ ဟုတ် . . . ရှုလို့ မရဘူးလား၊ မရဘူး၊ ဘာပြုလို့တုံး၊ ဒီရုပ်ကြီးတွေက ရုပ်ကြမ်းကြီးတွေပဲ (မှန်လှပါဘုရား)။

အတုံးအခဲကြီးတွေ၊ အစိုင်အခဲကြီးတွေ၊ သန္တတိဒြပ်ကြီးတွေ၊

မြင်နေရတဲ့ရုပ် ဒီရုပ်ပြောတာ မဟုတ်ဘူး (မှန်ပါဘုရား)၊ ခုနတုန်းကကိုပဲ ပြောပြီ၊ ဉာဏ်နဲ့စိုက်လိုက်တော့ ဉာဏ်အောက်မှာ ဖြစ်ပျက်ပြောင်းလဲနေတာ တွေ့တယ်တဲ့ (မှန်ပါဘုရား)၊ အဲဒီဖြစ်ပျက် ပြောင်းလဲနေတယ်ဆိုတာ နဂိုအနေအထားအတိုင်း မဟုတ်ဘဲ တစ်မျိုးတစ်မျိုး ဖြစ်နေတာပေါ့၊ (မှန်လှပါဘုရား)။

တစ်မျိုးတစ်မျိုးဆိုတာ တစ်ခုနဲ့တစ်ခုမတူဘဲ ဖြစ်တာပေါ့ (မှန်လှပါ ဘုရား)၊ တစ်ခုနဲ့တစ်ခု မတူဘဲဖြစ်တယ်ဆိုတာ ဖောက်လွဲဖောက်ပြန်ဖြစ်တာပေါ့ (မှန်ပါဘုရား)၊ အဲဒါဟာ ဖောက်ပြန်တယ်ပြောတာပဲ (မှန်ပါဘုရား)။

## ပြောင်းလဲဖောက်ပြန်တာ"ရုပ်"

ဖောက်ပြန်တယ်ဆိုရင် သူ့ဘာခေါ်၊ ရုပ်ပဲ၊ ရုပ္ပတီတိ ရူပံ၊ ပြောင်းလဲ ဖောက်ပြန်တဲ့ သဘောဟာ ဘာခေါ် (ရုပ်ပါဘုရား)၊ ရုပ်က အဲဒါပဲ (မှန်ပါ)၊ အဲဒါ ဘာနဲ့တွေ့ရမယ် (ဉာဏ်နဲ့တွေ့ရပါမယ် ဘုရား)၊ ဒါပြောတာ၊ ဒါပြောတာ၊ အဲဒါကို အဲဒီလို ဉာဏ်နဲ့မြင်ပြီဆိုတဲ့ အမြင်မျိုးကျတော့လည်း ရိုးရိုးပကတိမျက်စိနဲ့ မြင်လို့ရရဲ့လား (မရပါဘူးဘုရား)။

အဲဒါပြောတာ၊ ဟင်. . . ဒါဖြင့်ရင် ရူပက္ခန္ဓာကို ဉာဏ်နဲ့ကြည့်လို့ရှိရင် မတည်မြဲဘဲ ပြောင်းလဲဖောက်ပြန်တာတွေ မြင်တယ်ဆိုတာ၊ အဲဒီအမြင်မျိုး (မှန်လှပါဘုရား)၊ ဉာဏ်အောက်မှာ တွေ့လာပါလိမ့်မယ်၊ ဘယ်သူတွေပဲ တွေ့တွေ့၊ ကဲ . . . ကြည့်သာကြည့်လိုက်၊ ဟော . . . မတည်မြဲဘဲ ပြောင်းလဲဖောက်ပြန်တာလေးတွေ လုပ်ပြမှာပေါ့ (မှန်ပါ)။

အဲဒီ ပြောင်းလဲ ဖောက်ပြန်တာလေးတွေဟာ ဘာခေါ်မယ် (ရုပ်ပါဘုရား)၊ ရုပ်ပဲ၊ အဲဒါပဲ၊ ပြောင်းလဲဖောက်ပြန်တာဟာ ရုပ်ပဲ၊

ရူပ္ပတီတိ ရူပံ (ဖောက်ပြန်တတ်တဲ့သဘောဟာ ရုပ်ပါဘုရား)၊ အေး. . . ရှုရမယ့်ဥစ္စာ ပြောနေတာနော် (မှန်လှပါဘုရား)။

အခု ဥစ္စာကြီးတွေက မြင်နေရတဲ့ဥစ္စာ၊ တုံး၊ တိုင်၊ သစ်၊ ဝါး၊ နံရံ အဆောက်အအုံ၊ မော်တော်ကား၊ သစ်ပင်၊ တောတောင် ဟုတ်တော့ ဟုတ်တာပေါ့။ ဒါက ရုပ်ကြမ်းကြီးတွေပဲ၊ ရှုရမယ့်ရုပ် မဟုတ်ဘူး (မှန်လှပါဘုရား)၊ ရှုရမယ့်ရုပ်က ဉာဏ်အောက်မှာ တွေ့တယ် (မှန်လှပါဘုရား)၊ ပြောင်းလဲ ဖောက်ပြန်နေတာ (မှန်လှပါ ဘုရား)၊ အေး. . . ဒီလိုတွေ့ပြီဆိုရင် အတွေ့မှန်၊ ဒါ ဘာနဲ့တွေ့၊ (ဉာဏ်နဲ့ တွေ့တာပါဘုရား)။

အဲဒီ ဉာဏ်နဲ့တွေ့တဲ့ အတွေ့ကို မျက်စိနဲ့ကြည့် မြင်ရလား (မမြင်ရပါဘူး ဘုရား)၊ ဒါကြောင့်ပြောတာပေါ့၊ **ယံ ဒိဋ္ဌံ တံ နပဿတိ**- ဉာဏ်နဲ့တွေ့တဲ့ အမြင်မျိုးကျတော့လည်း ရိုးရိုးပကတိမျက်စိနဲ့ မမြင်ရပြန်ဘူး၊ အဲဒါ အရေးမကြီးပါဘူး၊ ရိုးရိုးပကတိမျက်စိနဲ့ မမြင်ရတာ အရေးမကြီးဘူး၊ သူက တန်ဘိုးမရှိပါဘူး။

## နာတယ်၊ ကျင်တယ်ဆိုတဲ့ မသက်သာတဲ့သဘောက 'အာရုံ'

ဟောဒီ ဉာဏ်နဲ့မြင်တဲ့ အမြင်သာလျှင် တန်ဖိုးရှိပါတယ် (မှန်လှပါ ဘုရား)၊ အဲသလို၊ 'ဝေဒနာ'ကြည့်ပြန်တော့လည်းပဲ သူက နာမ်တရားဆိုတော့ အစကတည်းကတိုင်း ရိုးရိုးပကတိမျက်စိနဲ့ မြင်လို့ရကောင်းတဲ့ ပစ္စည်းမှမဟုတ်ဘဲ (မှန်လှပါဘုရား)၊ ဘာနဲ့သာမြင်ရ (ဉာဏ်နဲ့သာ မြင်ရပါတယ်ဘုရား)၊ ဉာဏ်နဲ့ကြည့်တော့ "ခံစားတတ်တဲ့ သဘောတွေ ပြောင်းလဲနေတယ်"၊ ခံစားတတ်တဲ့ သဘောတွေ

(ပြောင်းလဲနေပါတယ် ဘုရား)၊ အဲဒါကို သိရမှာနော် (မှန်လှပါဘုရား)၊ ဟို. . . ခံစားတတ်တဲ့ သဘောတွေကို မသိဘဲနဲ့ ဟောဟို 'အာရုံ'၊ ဒုက္ခ အာရုံကို ဟောဒီက ဝေဒနာနဲ့ခံစားတော့ ဒီဝေဒနာဟာ ဒုက္ခဝေဒနာ၊ ဘာတဲ့ (ဒုက္ခဝေဒနာပါ ဘုရား)၊ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ထုံတယ်၊ အောင့်တယ်၊ အင့်တယ်ဆိုတဲ့ မသက်သာတဲ့ သဘော 'အာရုံ'တွေက ကိလေသာအာရုံ ပညတ်တွေ မဟုတ်လား (မှန်ပါဘုရား)။

## မသက်သာတဲ့ ပညတ် 'အာရုံ'ကို ခွာထားပါ

အဲဒါ သွားခံစားတော့ ဒီခံစားတဲ့ဝေဒနာ ဘာဝေဒနာခေါ် (ဒုက္ခဝေဒနာပါဘုရား)၊ ဒုက္ခဝေဒနာခေါ်၊ ဟိုဘက်က မသက်သာတာက ဟိုဘက်က အာရုံတွေက ကောင်းမှုမကောင်းဘဲ (မှန်လှပါဘုရား)၊ ဒီဝေဒနာက မသက်သာတာ မဟုတ်ဘူး၊ ဟိုဘက်က သတ်မှတ်ထားတဲ့ အာရုံတွေက မသက်သာတာ၊ ဟုတ်တယ်နော် (မှန်လှပါဘုရား)၊ အဲဒီ ဝေဒနာပြောတာ မဟုတ်ဘူး၊ အဲဒါတွေ ခွာထား၊ ရှုပြီဆိုရင် ဟိုဘက်က မသက်သာဘူး၊ အောင့်တယ်၊ အင့်တယ်၊ အမယ်လေး . . . အမယ်လေး တ, ရတဲ့ ဥစ္စာတွေ ခွာထား (မှန်လှပါဘုရား)၊ ဒီဘက်က "ခံစားတတ်တဲ့ ဝေဒနာကို စိုက်ကြည့်၊ သူရဲ့ ပြောင်းလဲဖြစ်ပျက်နေတာကို မြင်ရမှာ" (မှန်လှပါဘုရား)၊ ဟုတ်တယ်နော် (မှန်လှပါဘုရား)၊ အဲဒီလို လာရမယ်၊ အဲလိုလာရပါမယ်၊ အဲလိုမဟုတ်ဘဲနဲ့ ဟော ဟိုဘက်က နာလှချည့်၊ ကျဉ်လှချည့်၊ ကိုက်လှချည့်၊ အမယ်လေး . . . အမယ်လေးနဲ့ အော်ရတဲ့ ဥစ္စာ သိတာနဲ့ ဝေဒနာကိုသိတယ် ပြောမလား (မပြောပါဘူး ဘုရား)၊ ဝေဒနာပြောင်းလဲ ဖောက်ပြန်တယ် ပြောမလား (မပြောပါဘူး ဘုရား)၊ မပြောပါနဲ့ မဟုတ်ပါဘူး၊ ဒုက္ခဝေဒနာ. . . 'အကြမ်းစားဒုက္ခဝေဒနာ'တွေ

သိတယ်လို့တော့ ပြောလို့ရတာပေါ့လေ (မှန်လှပါဘုရား)၊ အဲ . . . ဒုက္ခဝေဒနာတွေရဲ့ အဖြစ်အပျက် ဟုတ်ရဲ့လား (မဟုတ်ပါဘူး ဘုရား)၊ ဖြစ်ပျက်မပါဘဲနဲ့ သိနေတဲ့ အသိမျိုးကဖြင့် တရားရတဲ့အသိ မဟုတ်ပါဘူး (မှန်လှပါဘုရား)။

## ခံစားတတ်တဲ့ ဝေဒနာကိုသာ ဉာဏ်နဲ့စိုက်ကြည့်

ဟင်. . . ဒီလိုနာတာ၊ ကျဉ်တာ၊ ကိုက်တာ၊ ခဲတာတွေသိလို့ အဲဒီ အသိကြောင့်များ နိဗ္ဗာန်ရတယ်ဆိုရင် ဆေးရုံပေါ် ကလူတွေ အကုန် နိဗ္ဗာန်ရကုန်မယ် (မှန်ပါ)၊ ဟာ. . . အော်လိုက်ကြ၊ ဟစ်လိုက်ကြ၊ ညည်းတွားလိုက်ကြတာလေ (မှန်ပါ)၊ အကုန်နိဗ္ဗာန် ရကုန်မှာပေါ့ (မှန်ပါ ဘုရား)၊ သူတို့အော်တာတွေက ဉာဏ်ပါရဲ့လား (မပါပါဘူး ဘုရား)၊ ဟိုဘက်က ဒုက္ခအာရုံတွေကို ဒီကဝေဒနာနဲ့ခံစားတော့ ဒီဝေဒနာတွေက ဒုက္ခဝေဒနာ ဖြစ်သွားတယ်နော် (မှန်ပါဘုရား)၊ မသက်သာတဲ့ ပညတ် အာရုံတွေကို ခွာထား၊ ဒီဘက်က ပရမတ်သားဖြစ်တဲ့ ခံစားတတ်တဲ့ ဝေဒနာကိုသာ ဉာဏ်နဲ့ စိုက်ကြည့်ရမှာ (မှန်လှပါဘုရား)။

**ဝေဒနာ ဝိက္ခမ္ဘေတွာ**၊ ဝေဒနာကို ခွာထား၍ ဟုတ်တယ်နော် (မှန်လှပါဘုရား)၊ ခွာတယ်ဆိုတာ ဘယ်လိုဟာတုံး၊ **အနာ ရမ္မဏံကတွာ** - အာရုံမပြုဘဲထား၍၊ **အ မနသိကတွာ**- နှလုံးမသွင်းဘဲထား၍၊ ဟုတ်ကဲ့နော် (မှန်လှပါဘုရား)၊ အရပ်သုံးနဲ့ ပြောကြမယ်ဆိုရင် ဂရုမစိုက် ဘဲထား၍ (မှန်လှပါဘုရား)၊ ဟင်. . . ဒီဘက်က ခံစားတတ်တဲ့ဝေဒနာ ကိုသာ စိုက်ပြီးတော့ ဉာဏ်နဲ့ကြည့်တော့ ဝေဒနာလေးတွေ ပြောင်းလဲ ဖြစ်ပျက်တာ တွေ့လာရမှာပေါ့ (မှန်လှပါဘုရား)၊ အဲဒီ အတွေ့ကို လိုချင်တာ၊ အဲဒီအတွေ့မျိုး၊ အဲဒီ အသိမျိုးကျပြန်တော့လည်းပဲ ဉာဏ်နဲ့

သာ သိရတာ၊ ရိုးရိုးပကတိမျက်စိနဲ့ ကြည့်လို့ မြင်ရရဲ့လား (မမြင်ရပါဘူးဘုရား)၊ အဲဒါပြောတာ၊ ယံ ဒိဋ္ဌံ တံ နပဿတိ၊ ယံ-အကြင် ရုပ်နာမ်တို့ရဲ့ အဖောက်အပြန်ကို ဖောက်ပြန်တဲ့ အာရုံကို၊ ဒိဋ္ဌံ-ဉာဏ်ဖြင့် မြင်အပ်ပြီ၊ တံ-ထိုဉာဏ်နဲ့သာမြင်ရတဲ့အာရုံကို (အဖြစ် အပျက်အာရုံ)ကို၊ နပဿတိ- ရိုးရိုးပကတိမျက်စိဖြင့် မမြင်ရနိုင်ပြန်၊ ဟုတ်ဘူးလား (မှန်လှပါဘုရား)။

## ဝေဒနာပြောင်းလဲ ဖြစ်ပျက်တာကို တွေ့ရမှာ

အဲ. . . ဒါဖြင့် တွေ့ပြီ၊ ဘုန်းကြီးတို့ အခုလိုချင်တယ်ဆိုတဲ့ အဖြစ်အပျက်ဆိုတာက ဉာဏ်နဲ့တွေ့ရတဲ့ အဖြစ်အပျက် (မှန်လှပါ ဘုရား)၊ ဘာတဲ့တုံး (ဉာဏ်နဲ့တွေ့ရတဲ့ အဖြစ်အပျက်ပါ ဘုရား)၊ အဲဒါ လိုချင်တယ်၊ ခန္ဓာငါးပါး၊ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ အကုန်လုံး သူတို့ပြောင်းလဲ ဖြစ်ပျက်တဲ့ဥစ္စာ၊ ဉာဏ်နဲ့မြင်ရတဲ့ အဖြစ်အပျက်၊ ဘာတဲ့တုံး (ဉာဏ်နဲ့မြင်ရတဲ့ အဖြစ်အပျက်ပါဘုရား)၊ ဒါကို ပြောချင်တယ်နော် (မှန်ပါဘုရား)၊ အဲသလို အဖြစ်အပျက်တွေကို မြင်အောင်လုပ်ရတဲ့ အယူဟာ ငါဘုရားရဲ့အယူ (မှန်ပါဘုရား)၊ ပုဏ္ဏားကြီးကို ဘုရားက ပြောနေတာ၊ (မှန်ပါဘုရား)။

အရှင်ဘုရားအယူကလေးများ သီးသန့်များ ရှိပါသေးသလား၊ ဟာ. . . ရှိတာပေါ့၊ ရှိရင်သိပါရစေဆိုလို့ ဘုရားကိုယ်တော်မြတ်ကြီးက ပြောတာ (မှန်လှပါဘုရား)၊ ခန္ဓာငါးပါးကြီးကို ခင်းပြတယ်မဟုတ်လား (မှန်လှပါဘုရား)၊ (ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာပါ ဘုရား)၊ အဲဒီငါးပါးလုံး ဉာဏ်နဲ့ကြည့်တော့ ဉာဏ်အောက်မှာ မမြဲဘဲပြောင်းလဲနေတာတွေ တွေ့နေရတယ် (မှန်ပါဘုရား)၊

တကယ်လည်းမမြဲဘူး၊ အဲဒီသဘောတရားကို သိအောင်လုပ်ရတဲ့ အယူ ငါဘုရားရဲ့အယူ ပြောပြီနော် (မှန်လှပါ ဘုရား)၊ ရိုးရိုးမျက်လုံးနဲ့ ကြည့်လို့ မြင်ရတဲ့အမြင်မျိုး မဟုတ်ဘူး (မှန်လှပါဘုရား)၊ မဟုတ်ဘူး အဲဒီအမြင် မျိုးကျတော့ ဟောဒီတရားဘက်မှာ သိပ်ပြီးတော့ ကျေးဇူးမများဘူးနော် (မှန်လှပါ ဘုရား)၊ ဒီတရားဘက်မှာ ကျေးဇူးများတဲ့ အမြင်က ဉာဏ်နဲ့ မြင်ရတဲ့ အမြင်။

## ဉာဏ်အားသာ အဓိက

အဲဒီ အမြင်သာရအောင် လုပ်လို့ရှိရင် အသက်ကြီးတဲ့ ပုဂ္ဂိုလ် တွေလည်း ရတာပဲ၊ မနေ့တုန်းကပဲ ပုဏ္ဏားအိုကြီးအသက်က ၉၀-နီးပါး ပြောတယ် မဟုတ်လား (မှန်လှပါဘုရား)၊ တုန်တုန်ယင်ယင်နဲ့ ဘုရားထံ ရောက်လာ၊ အရှင်ဘုရားတရားလေးတိုတို ဟောပါဦး လုပ်တယ်မဟုတ် လား၊ အို. . . သင်ကကြီးမှလည်းလာသေး၊ တိုတိုဆိုတော့ ဘယ့်နှယ်လုပ် တော့မလဲ၊ ဟောသာဟောပါဘုရား အရှင်ဘုရားတရား သိကောင်းသိနိုင် ပါလိမ့်မယ် တောင်းပန်တော့၊ ဘုရားကဟောတော့လည်း သူဉာဏ်နဲ့ အလုပ်လုပ်တယ် မဟုတ်လား (မှန်လှပါဘုရား)။

အမယ်. . . တရားရသွားတယ်နော် (မှန်လှပါ ဘုရား)၊ ဒါကြောင့် ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ အင်အားချည့်နဲ့တဲ့ ပုဂ္ဂိုလ်တွေ အားမငယ်နဲ့၊ အင်အားက အဓိကမဟုတ်ဘူး ဉာဏ်အားကသာ အဓိကပါ။ ဟို. . . ဉာဏ်နဲ့သာကြည့်နိုင်ရင် ပြီးတာပဲမဟုတ်လား (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ အားမလျှော့ပါနဲ့၊ ခန္ဓာကိုယ်ရဲ့ အဖြစ်အပျက်ကို ဉာဏ်နဲ့ မြင်အောင်ကြည့်ပါ (မှန်ပါဘုရား)၊ အဲလိုဆိုရင် ပပဥ္စတရားတွေ ချုပ်တယ်လို့ ပြောတယ်မဟုတ်လား (မှန်ပါဘုရား)၊ ကဲ. . . ဒီနေရာ

တစ်ခုခုရှုစမ်းပါ၊ အဦးဆုံးရုပ်ပဲရှု ရပါတယ် (မှန်လှပါဘုရား)၊ ဘယ်သူ့ပဲ ရှုရှု ရုပ်တရားကို ဘာနဲ့ရှု (ဉာဏ်နဲ့ ရှုရပါ့မယ်ဘုရား)၊ ရုပ်တရားက အရှုခံ၊ ဉာဏ်ငါးပါးက အရှုဉာဏ်၊ ရုပ်တရားက အရှုခံ၊ ဉာဏ်ငါးပါးက အရှုဉာဏ်၊ အရှုခံနဲ့ အရှုဉာဏ် (အရှုခံနဲ့ အရှုဉာဏ်ပါ ဘုရား)၊ အဲဒီလို အဖြစ်အပျက်တွေ မြင်အောင် တည့်နေတဲ့အချိန်မှာ ဖြစ်ပျက်မြင်တဲ့ဉာဏ် တွေက ဘယ်ပေါ်မှာ၊ ဟဒယဝတ္ထုပေါ်မှာ၊ ဘုန်းကြီးတို့ ရင်ချိုင့်ထဲမှာ ပုန်းညက်စေ့ခန့် တွင်းကလေး၊ ဒီတွင်းထဲမှာ သွေးကလေးတွေ အောင်း နေပါသတဲ့၊ အဲဒီသွေးကလေးတွေကို ချင်ကြည့်မယ်ဆိုရင် တစ်လက်ဆွန်း ခန့်မျှလောက် ရှိတယ် (မှန်ပါဘုရား)၊ အဲဒီတစ်လက်ဆွန်း ခန့်မျှလောက် သော သွေးကလေးတွေထဲမှာ ဟဒယဝတ္ထုရုပ်တွေ ပြန့်ပြီး တော့နေတယ် (မှန်လှပါဘုရား)၊ အသိဉာဏ်တွေ ဖြစ်ပေါ်ပြီဆိုရင် အဲဒီ ဟဒယဝတ္ထု ပေါ်မှာ ဖြစ်တာ (မှန်ပါဘုရား)။

## ဟဒယဝတ္ထုပေါ်မှာ နာမ်တရားနှစ်ခုပြိုင်မပေါ်နိုင်

အခုအဖြစ်အပျက်ကို ဉာဏ်နဲ့ရှုနေတယ်၊ ဖြစ်ပျက်မဂ်၊ ဖြစ်ပျက် မဂ်၊ ဒီလို မဂ် . . . မဂ် . . . မဂ်နဲ့ ပေါ်နေတဲ့အချိန်မှာ ဒီမဂ်က ဘယ် အပေါ်မှာ (ဟဒယဝတ္ထုပေါ်မှာပါ ဘုရား)၊ လောဘတဏှာ လာရင်ကော ဘယ်အပေါ်မှာ (ဟဒယဝတ္ထုပေါ်မှာပါ ဘုရား)၊ ဟဒယ ဝတ္ထုပေါ်မှာဆို တော့ လောဘတဏှာကလည်း နာမ်တရား၊ မြင်တဲ့ဉာဏ်ကလည်း (နာမ်တရားပါ ဘုရား)၊ နာမ်တရားတို့မည်သည် တစ်ချိန်တည်း နှစ်ခုပြိုင် ဖြစ်ရိုး မရှိဘူး (မှန်လှပါ ဘုရား)၊ အင်း . . နှစ်ခုပြိုင်ဖြစ်ရိုး မရှိဘူးဆိုတော့ တစ်ခုပဲဖြစ်ခွင့်ရှိတယ် မဟုတ်လား (မှန်ပါဘုရား)၊ အခု ဟဒယဝတ္ထု ပေါ်မှာ ဘယ်သူရောက်နေတုံး၊ မဂ်ရောက်နေတယ်၊ ဒီတော့ လောဘ

တဏှာ လာလို့ရရဲ့လား (မရပါဘူးဘုရား)၊ ဟုတ်တယ်၊ တဏှာမှလာလို့ မရဘူးဆိုတော့ ပပဉ္စရဲ့ခေါင်းဆောင် တဏှာမဟုတ်လား (မှန်လှပါ ဘုရား)၊ ပပဉ္စက ဘယ်နှပါး၊ သုံးပါး၊ ဘယ်သူတွေပါလိမ့် (တဏှာ၊ မာန၊ ဒိဋ္ဌိပါဘုရား)၊ ဟုတ်တယ်၊ ပပဉ္စရဲ့ခေါင်းဆောင် တဏှာလာလို့ရရဲ့လား (မရပါဘူးဘုရား)။

လောဘတဏှာဆိုတာ သူလည်းနာမ်တရား၊ မြင်တဲ့ဉာဏ် ကလည်း နာမ်တရား၊ ဟဒယဝတ္ထုပေါ်မှာ နာမ်တရား၊ ဟော. . . မြင်တဲ့ ဉာဏ် ရောက်နေတဲ့အတွက် ဟော. . . တဏှာဆိုတာ လာပြီးတော့ ပေါ်လို့မရဘူး (မှန်ပါဘုရား)၊ သူ့အရှေ့က ဘယ်သူရောက်နေတုံး (ဉာဏ်ရောက်နေပါတယ် ဘုရား)၊ ဉာဏ်က ရောက်နေတယ်၊ သူ့ရှေ့က ဦးနေနှင့်တာက ဘယ်သူက ဦးနေနှင့်တုံး (ဉာဏ်ကဦးနေနှင့် ပါတယ် ဘုရား)၊ အဲလိုဆိုတော့ နောက်က လောဘတဏှာလာလို့ ပေါ်လို့ရမ လား (မရပါဘူးဘုရား)၊ တဏှာမှပေါ်မရရင် သူ့တပည့်တွေဖြစ်တဲ့ မာန၊ ဒိဋ္ဌိကော ပေါ်လို့ရမလား (မရပါဘူးဘုရား)၊ အကုန်ငုပ်လျှိုး ပျောက်ကွယ် ကုန်ရတာပေါ့ (မှန်လှပါ ဘုရား)၊ ဟုတ်တယ်၊ လောဘစိတ်က ရှစ်ပါး၊ လောဘစိတ်ရှစ်ပါးကို တစ်ဝက်ခွဲရင် ဟိုဘက်လေးပါး၊ ဒီဘက်လေးပါး၊ ရှစ်ပါးကို တစ်ဝက်ခွဲရင် ဟိုဘက်လေးပါး (ဒီဘက်လေးပါးပါ ဘုရား)။

ဟိုဘက်လေးပါးထဲမှာ မာနရှိတယ်၊ ဒီဘက်လေးပါးထဲမှာ ဒိဋ္ဌိရှိတယ်၊ **မာ နော စတူသု ဒိဋ္ဌိ ဂတ ဝိပ္ပယုတ္တေသု၊ ဒိဋ္ဌိ စတူသု ဒိဋ္ဌိ ဂတ သံပယုတ္တေသု** ဆိုတာလေ၊ အဲဒီလောဘစိတ် ရှစ်ပါးလုံးကို လွှမ်းမိုးတာက တဏှာ (မှန်ပါဘုရား)၊ လောဘစိတ် ရှစ်ပါးလုံးကို လွှမ်းမိုး တာက (တဏှာပါဘုရား)၊ အခုတဏှာတောင်မှ ပေါ်ခွင့်မရဘူးဆိုတော့ သူ့လက်ဝဲ လက်ျာတပည့်ကြီးတွေကော ပေါ်လို့ရမလား (မရပါဘူး

ဘုရား)၊ မရပါဘူး။

## တဏှာမပေါ်ခွင့်မရှိရင် မာနနဲ့ဒိဋ္ဌိလည်းမပေါ်နိုင်

ဒါဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဘယ်လို (တဏှာ၊ မာန၊ ဒိဋ္ဌိ ပါဘုရား)၊ အဲဒါတွေပေါ်လို့ရသေးလား (မရပါဘူးဘုရား)၊ သူတို့တစ်တွေက ဘာတရား (ပပဉ္စတရားပါ ဘုရား)၊ ဪ. . . ဒါကြောင့် ပြောတာကိုး၊ အဖြစ်အပျက်တွေကို မြင်အောင် ရှုပြီးတော့နေတဲ့အခိုက် ပပဉ္စတရား ချုပ်ခြင်း အကျိုးရှိတယ်ဆိုတာ ဒါပြောတာပေါ့ (မှန်လှပါဘုရား)၊ ဟို. . . တတိယအကွက်ထဲက တဏှာ မဟုတ်လား (မှန်ပါဘုရား)၊ တဏှာသာ မလာလို့ရှိရင် သူ့တပည့်ကြီးတွေဖြစ်တဲ့ လက်ဝဲလက်ျာ မာန၊ ဒိဋ္ဌိလည်း လာမရပါဘူး၊ ဒီလိုဆိုရင် ဥပါဒါန်ကော ဖြစ်ဦးမလား (မဖြစ်ပါဘူးဘုရား)၊ မဖြစ်လို့ရှိရင် ကမ္မဘဝကော ပေါ်ဦးမလား (မပေါ်ပါဘူးဘုရား)၊ ဒါဖြင့် တဏှာတို့၊ ဥပါဒါန်တို့၊ ကမ္မဘဝတို့ ချုပ်ပျောက်ကုန်တော့တာပေါ့ (မှန်လှပါဘုရား)၊ သူတို့တစ်တွေက ဘာသစ္စာ (သမုဒယသစ္စာပါ ဘုရား)၊ အဲသလိုသာ အဖြစ်အပျက်တွေ မြင်အောင် ရှုနေနိုင်လို့ရှိရင် သမုဒယ သစ္စာတွေ ချုပ်ငြိမ်းတော့တာပေါ့ (မှန်လှပါ ဘုရား)။

## သမုဒယသစ္စာချုပ်ရင် နောက်ထပ်ခန္ဓာမပေါ်တော့ဘူး

အဲဒါတွေချုပ်ငြိမ်းရင် သမုဒယကြောင့် ဖြစ်ရမယ့် နံပါတ် ၄- အကွက်ထဲက ဇာတိ၊ ဇရာ၊ မရဏတို့ကော ပေါ်ဦးမလား (မပေါ်ပါဘူး ဘုရား)၊ ဒါတွေက နောင်ခန္ဓာတွေ မဟုတ်လား (မှန်လှ ပါဘုရား)၊ အဲဒီ နောင်ခန္ဓာတွေ မပေါ်တော့ဘူး၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)၊ အဲလို မပေါ်တော့ဘဲ ဖြစ်သွားတဲ့ဥစ္စာ နိရောဓသစ္စာဆိုတယ် မဟုတ်လား

(မှန်လှပါဘုရား)၊ အေး. . . ဖြစ်ပျက်သာမြင်အောင် ရှုပြီးတော့နေပါ၊ ဖြစ်ပျက်နေတာတွေက ဘာသစ္စာ (ဒုက္ခသစ္စာပါ ဘုရား)၊ မြင်တဲ့ဉာဏ်က ဘာသစ္စာ (မဂ္ဂသစ္စာပါ ဘုရား)၊ သေကုန်ရတာက ဘာသစ္စာ (သမုဒယ သစ္စာပါ ဘုရား)၊ နောင်ခန္ဓာမလာတာက ဘာသစ္စာ (နိရောဓ သစ္စာပါ ဘုရား)၊ အဲဒီသဘောကွဲ့၊ အဖြစ်အပျက်တွေကို မြင်အောင်ရှုပြီးတော့ နေနိုင်လို့ကတော့ဖြင့်လေ ပပဉ္စတရားတွေ ချုပ်သွားခြင်း အကျိုးရှိတယ် (မှန်ပါဘုရား)၊ ဒီလို ဘုရားကိုယ်တော်မြတ်ကြီးက ရှင်းပြီးတော့ပြတော့ ပုဏ္ဏားကြီးက သဘောမပေါက်ပါဘူး၊ ဘုရားက ဘယ်လောက်ပဲ ရှင်းပြ ရှင်းပြ ပပဉ္စချုပ်ခြင်း အကျိုးရှိတယ်ဆိုတဲ့ ဥစ္စာကိုပဲ သူက ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်လို့ ထင်နေတော့တာ (မှန်ပါဘုရား)၊ ဒါနဲ့ သူကဆက် မေးတယ်။

အဲဒီ ပပဉ္စချုပ်သွားတဲ့ပုဂ္ဂိုလ် ဘယ်ရောက်သလဲတဲ့၊ ပပဉ္စချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်ရောက်သွားသလဲဆိုတော့ ခြေထောက်ကလေး ပေါက်ပြီး တော့ ဟိုဟိုဒီဒီ ရောက်သွားရဦးမယ့်ပုံ မဟုတ်လား (မှန်ပါ)၊ အဲဒီသဘော လေးက ရှေ့ဆက်သွားတဲ့ သဘောသံလေး ပါတယ်ဆိုတော့ ဘာဒိဋ္ဌိနဲ့ မေး (သဿတဒိဋ္ဌိနဲ့ မေးပါတယ်ဘုရား)၊ ဘယ်ရောက်သွားတယ်လို့ မေးဖို့မရှိဘူးကွဲ့၊ ဒီမေးခွန်းကို မေးဖို့မလိုဘူး (မှန်ပါဘုရား)၊ ဟာ. . . မေးရဦးမယ် ကြံ့တုန်း၊ အဲဒီပုဂ္ဂိုလ် ဘယ်မှမရောက်ဘူးလား (မှန်လှပါ ဘုရား)၊ မေးတာပေါ့၊ အဲလိုဆိုတော့ ပြတ်သွားတဲ့အဓိပ္ပာယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဘာဒိဋ္ဌိနဲ့မေး (ဥစ္ဆေဒဒိဋ္ဌိနဲ့ မေးတာပါ ဘုရား)၊ ဟုတ်တယ် ဘယ်ရောက်သွားသလဲလို့ ပပဉ္စချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွား သလဲဆိုတော့ ဘာဒိဋ္ဌိနဲ့ (သဿတဒိဋ္ဌိပါ ဘုရား)၊ နံပါတ်နှစ် ပပဉ္စ ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်မှ မသွားဘူးလားဆိုတော့ (ဥစ္ဆေဒဒိဋ္ဌိနဲ့ မေးတာပါ

ဘုရား)၊ နံပါတ်သုံး ပပဉ္စချုပ်တဲ့ပုဂ္ဂိုလ် သွားတာတချို့ မသွားတာ တချို့လားဆိုတော့ (ကေစ္စ သဿတဒိဋ္ဌိနဲ့ မေးတာပါဘုရား)၊ ဒါတွေ လျှောက်မမေးနဲ့ကွဲ့၊ မေးဖို့မရှိဘူး၊ မေးရဦးမယ်ကိုယ်တော် ကြံ့တုန်းမို့လို့ပါ။ နံပါတ်လေး အဲဒီ ပပဉ္စချုပ်တဲ့ပုဂ္ဂိုလ် မသွားသည်လည်း မဟုတ်၊ သွားသည်လည်း မဟုတ်လား မေးတယ်နော် (မှန်ပါဘုရား)၊ ဟာ. . . ဒါတွေလည်း မမေးနဲ့၊ အဲဒါ ဘာဒိဋ္ဌိနဲ့မေး (အမရာဝိက္ခေပဒိဋ္ဌိနဲ့ မေးတာပါဘုရား)၊ ဒီအမေးလေးတွေ သူတို့ခေတ် သူတို့အခါတုန်းက ခေတ်စားခဲ့တာ (မှန်လှပါဘုရား)၊ အဲလိုတွေနဲ့ မေးပေမယ့်လို့ ဘုရားကိုယ် တော်မြတ်က အကုန်ပယ်ချတာပေါ့ (မှန်ပါဘုရား)၊ အိုး. . . အရှင် ဘုရားကလည်း တပည့်တော်အရင် စောစောပိုင်းတုန်းက မေးခွန်း ဆယ်ခု မေးတုန်းကလည်း အကုန်ပယ်ချတယ်၊ အခုနောက်ထပ် မေးခွန်း လေးခု မေးပြန်တော့လည်း အရှင်ဘုရားက ပယ်ချတယ်။

## အကြောင်းကြောင့် အကျိုးဖြစ်တယ်

အင်း. . . ကျုပ်တော့ဖြင့်ဗျာ မေးစရာကုန်နေပြီ၊ ပုဏ္ဏားကြီးက (မှန်လှပါ)၊ ဟို. . . မိတ်ဆွေ သူငယ်ချင်းသဘောမျိုးလို လာတာနော်၊ (မှန်လှပါ)၊ အို. . . မေးဖို့တွေလည်း ဉာဏ်တွေတုံးကုန်ပြီ၊ **ဓတ္တောဟံ ဘော ဂေါတမ အညာဏ မာပါဒိ သမ္မောဟ မာပါဒိ-** မေးစရာလည်း ကုန်သွားပြီ၊ ဉာဏ်တွေလည်း တုံးသွားပါပြီဗျာ၊ ညည်းညည်းညူညူ ပေါ့လေ (မှန်ပါ)၊ အေး. . . တုံးရမှာပေါ့ကွဲ့၊ မင်းက အကြောင်းအကျိုးမှ နားမလည်ဘဲနဲ့၊ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးနားလည်မှ သဘော ပေါက်တာ (မှန်လှပါဘုရား)၊ ဒီပဋိစ္စသမုပ္ပါဒ်ကြီးကလည်းပဲ **ဒုဒ္ဒသော ဒုရနုဗောဓော သန္တော ပဏီတော အတက္ကာ ဝစရော နိပုဏော**

ပဏ္ဍိတ ဝေဒနီယော ဆိုတယ်မဟုတ်လား၊ ဟို. . . ဒီပဋိစ္စသမုပ္ပါဒ် ကြီးက မြင်နိုင်ခဲတယ်၊ သိနိုင်ခဲတယ်၊ သဘောပေါက်ဖို့ မလွယ်ဘူး၊ သိမ်မွေ့တယ်၊ နူးညံ့တယ်၊ ကျယ်ပြန့်တယ်၊ ဒီလိုမဟုတ်လား (မှန်ပါ ဘုရား)၊ မင်း ကြောင်းကျိုးနားလည်အောင် လုပ်ဦးမှဖြစ်မယ်၊ ဘုရားက ပြောတယ်လေ (မှန်ပါဘုရား)၊ ဟုတ်တယ် ဒီဘုန်းကြီးတို့ ဒကာ၊ ဒကာမ တွေက အခုလိုပြောလိုက်ရင် နားလည်တယ်ဆိုတာ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကို လက်ခံထားပြီးသားမို့လို့၊ အခု နံပါတ်နှစ် အကွက်ကြီး တစ်ကွက်လုံးက ခန္ဓာ (ငါးပါးပါဘုရား)၊ ဒီခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ ဖြစ်ပျက်သာမြင်ပြီးတော့ နေလို့ကတော့ ဒီပုဂ္ဂိုလ် သန္တာန် လောဘတဏှာ လာလို့ရရဲ့လား (မရပါဘူးဘုရား)၊ တဏှာမှ လာလို့ မရလို့ရှိရင် ဥပါဒါန်၊ ကမ္မဘဝတို့ကော ပေါ်ဦးမလား (မပေါ် ပါဘူးဘုရား)၊ ရှေ့ဘက်က အကြောင်းတွေကြောင့် နောက်ဘက်က အကျိုးတွေ အကျိုးတွေဖြစ်ရတာ မဟုတ်လား (မှန်လှပါဘုရား)။

ရှေ့ဘက်က အကြောင်းတွေအပေါ်မှာ ဖြစ်ပျက်တွေမြင်အောင် ရှုပြီးတော့ထားတော့ ဒီဘက်က နောက်ဘက်က အကျိုးတွေ ပေါ်မရဘူး ဆိုတာ သဘောပေါက်နေတာ (မှန်ပါဘုရား)၊ ဒါ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးကို နားလည်ထားပြီးသားဖြစ်နေလို့၊ လက်ခံထားပြီးသား ဖြစ်လို့ သဘောပေါက်တာ (မှန်လှပါ)၊ ဟို. . . ပုဏ္ဏားကြီးက အဲသလို လည်း မသိသေးဘူးဆိုတော့ သဘောပေါက်ရဲ့လား (မပေါက်ပါဘူး ဘုရား)၊ အမယ်. . . အဲလိုပြောလို့မရဘူးကွဲ့၊ ပပဉ္စချုပ်တဲ့ပုဂ္ဂိုလ် ဘယ်သွားသလဲ၊ ဘယ်မှမသွားဘူးလား၊ သွားတာတချို့ မသွားတာ တချို့လား၊ သွားသည်လည်းမဟုတ် မသွားသည်လည်းမဟုတ်လား လျှောက်မေးတာ၊ အဲလိုမေးဖို့ မရှိဘူးကွဲ့။

## ဖြစ်ပျက်မြင်ရင် 'ဝဋ်' တွေချုပ်ကုန်တယ်

ပြောရင်တော့ ဝဋ်တွေချုပ်ကုန်တယ်ပြောဖို့ပဲ၊ (မှန်ပါဘုရား)၊ ဘာတွေချုပ်ကုန် (ဝဋ်တွေချုပ်ကုန်ပါတယ် ဘုရား)၊ ချုပ်တာပေါ့၊ နံပါတ်နှစ် အကွက်ထဲက ခန္ဓာငါးပါး တစ်ပါးပါးအပေါ်မှာ အဖြစ်အပျက်တွေ မြင်အောင် ရှုတယ်ဆိုတော့ သုံးအကွက်က တဏှာ ပေါ်လို့ရရဲ့လား (မရပါဘူးဘုရား)၊ တဏှာပေါ်မရရင် ဥပါဒါန်ကော ပေါ်လို့ရသေးလား (မရပါဘူးဘုရား)၊ ဒါဖြင့် တဏှာတို့၊ ဥပါဒါန်တို့ ချုပ်ကုန်တော့တာပေါ့ (မှန်ပါဘုရား)၊ အင်း . . . တဏှာတို့ ဥပါဒါန်တို့က ဝဋ်နဲ့ပြောရင် ဘာဝဋ်ပါလိမ့် (ကိလေသဝဋ်ပါ ဘုရား)၊ ဟုတ်တယ်၊ တဏှာ၊ ဥပါဒါန် ချုပ်တယ်ဆိုတော့ သူ့တွဲဖက်ဖြစ်တဲ့ တစ်အကွက်ထဲက အဝိဇ္ဇာလည်း ပါသွားမှာပေါ့ (မှန်လှပါဘုရား)။

အေး . . . တဏှာ၊ ဥပါဒါန်ကြောင့်ဖြစ်ရတဲ့ ကမ္မဘဝကော ပေါ်ဦးမလား (မပေါ်ပါဘူးဘုရား)၊ ကမ္မဘဝဆိုတဲ့ဥစ္စာ ဘာဝဋ်ပါလိမ့် (ကမ္မဝဋ်ပါ ဘုရား)၊ အင်း . . . ကိလေသဝဋ်တွေချုပ်တော့ ကမ္မဝဋ်လည်း ချုပ်တာပေါ့ (မှန်လှပါဘုရား)၊ အင်း . . . ကမ္မဘဝဆိုလို့ရှိရင် သူနဲ့တွဲဖက်ဖြစ်တဲ့ တစ်အကွက်ထဲက သင်္ခါရကော ပါမသွားဘူးလား (ပါသွားပါတယ် ဘုရား)၊ ဟုတ်တယ်။

## 'ကိလေသဝဋ်နဲ့ ကမ္မဝဋ်'က အကြောင်း

တဏှာ၊ ဥပါဒါန်တို့ ကမ္မဘဝတို့ဆိုတဲ့ ဥစ္စာ ကိလေသဝဋ်နဲ့ ကမ္မဝဋ်၊ အကျိုးတွေလား အကြောင်းတွေလား (အကြောင်းတွေပါ ဘုရား)၊ ဒီအကြောင်းတွေ ချုပ်ကုန်တယ်ဆိုလို့ရှိရင် သူတို့ကြောင့် ဖြစ်ရမယ့် အကျိုးတွေကော ပေါ်ဦးမလား (မပေါ်ပါဘူးဘုရား)၊

နံပါတ်လေးအကွက်ထဲက ဇာတိဆိုတာ ခန္ဓာငါးပါးကြီးပေါ်တာလေ (မှန်ပါ ဘုရား)၊ ဇရာဆိုတာ ခန္ဓာငါးပါးကြီးအိုတာ (မှန်ပါ)၊ မရဏကျတော့ (ခန္ဓာငါးပါးကြီး သေတာပါဘုရား)၊ အဲဒါတွေက ဘာဝဋ်တွေပါလိမ့် (ဝိပါကဝဋ်တွေပါ ဘုရား)၊ ဒါဖြင့် ဝိပါကဝဋ်တွေကော ပေါ်ဦးမလား (မပေါ်ပါဘူး ဘုရား)။

ဟို. . . နံပါတ်လေးအကွက်ထဲက ဇာတိ၊ ဇရာ၊ မရဏတင်ဘယ်ကမလဲ၊ သူတို့တတွေနဲ့ တွဲဖက်ဖြစ်တဲ့ ဟော. . . နှစ်အကွက်ထဲက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဒီဥစ္စာတွေလည်းပါတယ် မဟုတ်လား၊ (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ နှစ်အကွက်ထဲက ငါးမျိုးရယ်၊ လေးအကွက်ထဲက ဇာတိ၊ ဇရာ မရဏ နှစ်မျိုးရယ်၊ ခုနစ်မျိုး (မှန်ပါ)၊ နောက်ထပ်တိုးတဲ့ ဥပပတ္တိဘဝရယ် ထည့်လိုက်တော့ (ရှစ်မျိုးပါဘုရား)၊ ဘာဝဋ်တွေတုံး (ဝိပါကဝဋ်ပါ ဘုရား)။

## အကြောင်းဝဋ်တွေချုပ်ရင် အကျိုး"ဝိပါကဝဋ်" လည်းချုပ်တယ်

ဟုတ်တာပေါ့၊ အကြောင်းတရား ကိလေသဝဋ်၊ ကမ္မဝဋ်တွေချုပ်တယ်ဆိုတော့ အကျိုးတရား ဝိပါကဝဋ်ကြီးလည်း ပျောက်သွားတော့တာပေါ့ (မှန်ပါဘုရား)၊ အဲဒီလိုဝဋ်တွေသာ ချုပ်ငြိမ်း၊ ရုပ်သိမ်းကုန်တယ်လို့သာ ပြောချင်ပြောဖို့ပဲ၊ မင့်ဥစ္စာက ပပဥ္စပုဂ္ဂိုလ်တွေ ဘာတွေ လျှောက်လုပ်နေတာ (မှန်လှပါ)၊ ပုဂ္ဂိုလ်ကော ဟုတ်လို့လား (မဟုတ်ပါဘူး ဘုရား)၊ မဟုတ်ဘူး၊ ဒီသဘောတရားပဲ၊ ဝဋ်သုံးပါးလည်နေတာ (မှန်လှပါဘုရား)။

အင်း. . . ကိလေသဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် (မှန်ပါ)၊

အခုဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေသည်ပင် အခု ဘယ်အကွက်ထဲ ရောက်နေ (နှစ်အကွက်ထဲ ရောက်နေပါတယ် ဘုရား)၊ ဘာဝင်္ဂထဲ (ဝိပါကဝင်္ဂထဲ ရောက်နေပါတယ် ဘုရား)၊ ဝင်္ဂသင့်နေတာပေါ့ (မှန်ပါ ဘုရား)၊ ဝိပါကဝင်္ဂကြီးထဲ ငြိမ်နေရရဲ့လား (မငြိမ်ပါဘူး ဘုရား)၊ ဒီထဲက နေပြီးတော့ လိုချင်တယ်၊ စွဲလမ်းတယ်၊ အားထုတ်တယ်၊ မပေါက်ပွား ဘူးလား (ပေါက်ပွားပါတယ် ဘုရား)၊ ကိလေသဝင်္ဂနဲ့ (ကမ္မဝင်္ဂပါ ဘုရား)။

အဲဒါတွေ ပေါက်ပွားလို့ရှိရင် အဲဒီ အကြောင်းတရားကြောင့် နောဟ်ထပ် ဇာတိ၊ ဇရာ မရဏ ဒါတွေလာဦးမှာပေါ့ (မှန်လှပါဘုရား)၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အတူတူပဲ မဟုတ်လား (မှန်လှပါ ဘုရား)၊ နံပါတ်၄-အကွက်နဲ့၊ နံပါတ်၂-အကွက်က ဝိပါကဝင်္ဂ တွေ မဟုတ်လား (မှန်လှပါဘုရား)။

အေး. . အဲဒီဥစ္စာတွေ ချုပ်ငြိမ်း ရုပ်သိမ်းကုန်ခြင်းပဲ ပြောဖို့ရှိ တယ်ကွဲ့၊ စလာတာလည်းပဲ အဲဒီဝင်္ဂသုံးပါး လည်နေခြင်းမျှပဲ မဟုတ်လား (မှန်လှပါဘုရား)၊ တစ်အကွက်ထဲက အဝိဇ္ဇာရယ်၊ သုံးအကွက်ထဲက တဏှာရယ်၊ ဥပါဒါန်ရယ် ဟုတ်ဘူးလား (မှန်လှပါဘုရား)၊ ပြီးတော့ သုံးအကွက်ထဲက ကမ္မဘဝ၊ သူ့ပြောလိုက်လို့ရှိရင် တစ်အကွက်ထဲက သင်္ခါရလည်းပါရောပေါ့ (မှန်လှပါဘုရား)၊ အဲဒါတွေက အကြောင်းတရား တွေ မဟုတ်လား (မှန်လှပါ ဘုရား)၊ ဒီအကြောင်းတရားတွေကြောင့် နှစ်အကွက်ထဲက အကျိုးတရား၊ လေးအကွက်ထဲက အကျိုးတရား၊ ဝိပါကဝင်္ဂကြီးတွေ ပေါက်ပွားကြတာ မဟုတ်လား (မှန်လှပါဘုရား)။

## အကြောင်းဝင်္ဂကြောင့် အကျိုးဝင်္ဂဖြစ်

အဲဒါကို ပြောတယ်မဟုတ်လား၊ အဝိဇ္ဇာနဲ့တဏှာ အရင်းခံ၊

ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ ရုပ်နာမ်ပေါ်တာက နှစ်အကွက်ကြီး တစ်ကွက်လုံးပေ့ါနော် (မှန်လှပါ ဘုရား)၊ အဝိဇ္ဇာနဲ့တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်ရုပ်နာမ်ပေါ်၊ ကံလို့ ပြောလိုက်တာနဲ့ သင်္ခါရလည်း ပါပြီပေ့ါ (မှန်ပါဘုရား)၊ ရုပ်နာမ်ပေါ်ဆိုတော့ နှစ်အကွက်ကြီး တစ်ကွက်လုံး မဟုတ်လား (မှန်ပါ ဘုရား)၊ ဟုတ်တယ်၊ အဲဒါကြီးက အပင်ကြီးနဲ့ တူတာပေ့ါ (မှန်ပါဘုရား)၊ ခုနတုန်းက အကြောင်းတရား တွေက မျိုးနဲ့တူတယ်၊ ဟို. . . နှစ်အကွက် ထဲက ဝိပါကဝဋ်ကြီးတွေက အပင်ကြီးနဲ့ တူတာပေ့ါ ဟုတ်ဘူးလား (မှန်လှပါဘုရား)၊ အပင်ကြီးက ကြီးလာတော့ အသီးတွေသီး၊ မှည့်ဝင်း ကြွေကျ၊ အောက်ရောက် မျိုးစေ့ တွေ ပြန်ဖြစ် (မှန်လှပါဘုရား)၊ ဟယ်. . . မျိုးစေ့ကနေပြီးတော့ အပင်ကြီးပေါက်ပြန်ရော (မှန်လှပါ ဘုရား)၊ အပင်ကနေ မျိုးစေ့၊ မျိုးစေ့က အပင်၊ အပင်ကနေ (မျိုးစေ့ပါဘုရား)၊ မျိုးစေ့က (အပင်ပါဘုရား)၊ အဲသလို အမျှင်မပြတ်အောင် ဆက်စပ်ပြီးတော့ ထပ်ပြန်တလဲလဲ ဖြစ်နေ တာ မဟုတ်လား (မှန်လှပါဘုရား)၊ အဝိဇ္ဇာနဲ့ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ် ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံ၊ အဖန်ဖန်၊ ဖြစ်ပြန် နည်းအလျော်၊ အဲသလိုအားဖြင့် အကြောင်းတရားကြောင့် အကျိုးတရားဖြစ်၊ အကြောင်း ကြောင့် အကျိုး ဖြစ်ဖြစ်ပြီးတော့ ဘုန်းကြီးတို့တစ်တွေ အဆက်မပြတ် ဖြစ်နေကြတာ (မှန်ပါဘုရား)၊ ဟို. . . ဗြဟ္မာတို့၊ သိကြားတို့၊ ဘုရားတို့၊ နဂါးတို့၊ ဒီလိုတန်ခိုးကြီးတဲ့ ပုဂ္ဂိုလ်တွေက ဖန်ဆင်းထားတာတဲ့လား (မဟုတ်ပါဘူးဘုရား)၊ မဟုတ်ဘူးတဲ့၊ ဗြဟ္မာ၊ သိကြားစသည်များက၊

ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့် ရှု၍မျှော်၊ 'မဟုတ်ဘူး' ထိအောင် သွားရမှာနော်၊ ဗြဟ္မာတို့၊ သိကြားတို့၊ နဂါးတို့၊ ဘုရားတို့၊ ဒီလိုတန်ခိုးရှင်တွေ ဖန်ဆင်းထားတာ မဟုတ်ဘူး၊ မိမိတို့ ဆည်းပူးခဲ့သော အကြောင်းကြောင့်ပဲ အကျိုးတွေဖြစ်ရ၊ အကြောင်းကြောင့်ပဲ အကျိုးတွေ ဖြစ်ရပြီးတော့ ချာချာကြီးလည်နေတာ မဟုတ်လား (မှန်လှပါဘုရား)၊ အပင်ကနေပြီးတော့ မျိုး၊ မျိုးကနေပြီးတော့ အပင်၊ အပင်ကနေ မျိုး၊ မျိုးကနေ (အပင်ပါဘုရား)၊ အဲလိုနဲ့ ချာချာကြီးလည်ပြီးတော့ နေရတာ အခုထိအောင် လည်တုန်းပေါ့ (မှန်လှပါဘုရား)၊ ဟုတ်တယ်၊ လည်တုန်း၊ ဒါဘယ်လိုထွက်ရမလဲ၊ ဘယ်လိုထွက်ပေါက် ရှာရမလဲလို့ အခုရှာနေကြ တာနော် (မှန်လှပါ ဘုရား)၊ အဲလို ဝဋ်လည်နေခြင်းမျှသာ ဖြစ်တယ်ကွဲ့၊ မင့်ဉစ္စာက ပပဉ္စချုပ်တဲ့ပုဂ္ဂိုလ်ဘယ်သွားသလဲ၊ ဘယ်မှမသွားဘူးလား၊ ပုဂ္ဂိုလ်မှ မဟုတ်ဘဲကွဲ့၊ ဒီလို ရှုလိုက်တဲ့အခါ ဝဋ်တွေ ချုပ်ကုန်တယ်လို့ပဲ ပြောလို့ရတာပေါ့ (မှန်လှပါဘုရား)။

## မီးတွေဖြစ်လိုက်၊ လောင်စာတွေပေါ်လာလိုက်

အဲဒီလိုပြောလည်းပဲ ပုဏ္ဏားကြီးက ဉာဏ်ကထိုင်းတာဆိုတော့၊ နားမလည်ပါဘူး ကိုယ်တော် ကိုယ်တော်ပြောတာတွေ ဘာတွေမှန်း လည်း မသိဘူး၊ ညည်းညည်းညူညူ (မှန်ပါဘုရား)၊ အဲဒီတော့ အဲဒီ အချိန်မှာ နွေကလည်းနွေ ဖြစ်ကောင်းဖြစ်ပါလိမ့်မယ်၊ ဒီလိုဆိုရင် အရှေ့ဘက်တောင်တန်းကို လှမ်းကြည့်စမ်းကွဲ့ (မှန်ပါဘုရား)၊ သူတို့ ဟောပြောနေတဲ့နေရာက အရှေ့ကိုလှမ်းကြည့်ရင် တောင်တန်းကြီးလည်း ရှိပါလိမ့်မယ် (မှန်ပါဘုရား)၊ နွေလည်းနွေ ဖြစ်ပါလိမ့်မယ်၊ အဲဒီတော့

မီးတွေ လျှောက်လောင်တတ်တာပေါ့ (မှန်ပါဘုရား)၊ ဘာတွေမြင်သလဲ၊ အရှေ့ဘက်တောင်တန်း လှမ်းကြည့်လိုက်စမ်းကွဲ့၊ မီးတွေမြင်တယ် ကိုယ်တော်၊ ဟုတ်ပြီ အဲဒီမီးတွေက ဘာမီးတုံး၊ ဒါကတော့ ကိုယ်တော် သစ်သားလောင် သစ်သားမီး၊ မြက်လောင်မြက်မီး၊ ဝါးလောင်ဝါးမီး၊ နောက်ချေးလောင် နောက်ချေးမီး ကိုယ်တော် (မှန်ပါ)၊ နောက်ချေး လေးက ပါသေးတယ်၊ ကုလားတွေ မဟုတ်လား၊ အင်း. . . နောက်ချေး၊ ကုလားသံလေး ပါလာတယ်၊ ဟုတ်ပြီ၊ အဲဒီမီးတွေဟာ ဘာပြုလို့လောင် တာလဲ၊ စဉ်းစားပြီးတော့ ဖြေတယ်၊ ဒါကတော့ လောင်စရာရှိလို့ လောင် တာပေါ့ ကိုယ်တော်၊ ဟုတ်ပြီ၊ လောင်စာရှိလို့ လောင်တာမှန်တယ်၊ ဒီမီးတွေ ဘယ်တော့ငြိမ်းမလဲ၊ ပုဏ္ဏားကြီးကစဉ်းစား စဉ်းစား ဖြေတယ် လေ (မှန်ပါဘုရား)၊ လောင်စာတွေကုန်တဲ့အချိန် ငြိမ်းမှာပေါ့ (မှန်ပါ ဘုရား)၊ ဟုတ်တယ်၊ လောင်စာကုန်တဲ့အချိန်မှ ငြိမ်းမယ်။

## လောင်စာရှိလို့လောင်၊ လောင်စာကုန်မှငြိမ်း

အခုလောင်နေတာက လောင်စာရှိလို့ (လောင်တာပါ ဘုရား)၊ လောင်စာကုန်တဲ့အချိန်ဆို (မီးငြိမ်းပါတယ်ဘုရား)၊ မီးငြိမ်းမယ်၊ မီးငြိမ်းမယ်၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)၊ ဟုတ်ပါတယ်၊ ဘုန်းကြီးတို့ ဟော. . ဟိုဘက်နား ကောက်ရိုးတစ်ပွေ့ သွားပွေ့စမ်းပါလား၊ ဒီနားကျ တော့ချ၊ မီးခြစ်နဲ့ခြစ် ရှို့၊ ဟုန်းဟုန်း. . . ဟုန်းဟုန်း လောင်ကုန်မှာပေါ့ (မှန်ပါ)၊ လောင်စာရှိတုန်းမှာ (လောင်ပါမယ် ဘုရား)၊ လောင်စာတွေ လည်းကုန်ရော (မီးငြိမ်းပါတယ် ဘုရား)၊ ဒီသဘော နေမယ်မဟုတ်လား (မှန်လှပါ)၊ အေး. . ကဲ. .၊ အဲဒါကို ကဲ. . . ငါ မင်းကိုမေးရဦးမယ်၊ အဲဒီ လောင်စာကုန်လို့ ငြိမ်းသွားတဲ့မီးတွေ ဘယ်သွားသလဲ၊ နဖူးကြောကြီး

ရှု့ပြီးတော့ သူ စဉ်းစားတာပေါ့၊ ဘယ်သွားတယ်လို့ ပြောလို့မရဘူး ကိုယ်တော်၊ ဟုတ်ပြီ၊ ဒါဖြင့်ရင် အဲဒီကုန်သွားတဲ့ ငြိမ်းသွားတဲ့မီးတွေ ဘယ်မှမသွားဘူးလား (မှန်ပါ)၊ ဘယ်မှ မသွားဘူးလို့လည်း ဒီလိုပြောလို့ မရဘူး ကိုယ်တော်၊ အင်း. . . ဒီလိုဆိုရင် အဲဒီမီးတွေက သွားတာတချို့ မသွားတာတချို့လား၊ သူ့အလိုက်ကလေး အတိုင်းပဲပေါ့ (မှန်ပါ)၊ မေးနေတာ၊ ဒီလိုလည်း ပြောလို့မရဘူး ကိုယ်တော်၊ အဲဒီမီးတွေက သွားသည်လည်းမဟုတ်၊ မသွားသည်လည်း မဟုတ်လား၊ သူ့အသွား လေး အတိုင်းမေးတာ (မှန်ပါ)၊ စဉ်းစား စဉ်းစားဖြေတယ်၊ ဒီလိုလည်း ပြောလို့မရဘူး ကိုယ်တော်၊ ဘာပြုလို့တုံး၊ လောင်စာတွေက ကုန်သွား တော့ မီးကငြိမ်းတာပေါ့ ကိုယ်တော်၊ ဟုတ်တယ်၊ အဲဒီ သဘောပဲ၊ သူနားလည်လောက်အောင် ဥပမာဆောင်ဟောရတာ၊ ဘာကို ဥပမာပြ (မီးကိုဥပမာ ပြပါတယ်ဘုရား)၊ နွေလည်းနွေဖြစ်ပါလိမ့်မယ်၊ အရှေ့ဘက် တောင်တန်း လှမ်းကြည့်လိုက်စမ်း ဆိုတော့ ဒီလိုပဲ တောင်တန်းတွေမှာ မီးတွေ လောင်တတ်တယ် မဟုတ်လား (မှန်လှပါ ဘုရား)၊ ဝါးတွေ ယိမ်းနွဲ့ပြီးတော့ တစ်ပင်နဲ့တစ်ပင် ပွတ်ပါ တိုက်ပါများတော့ ပူပြီး မီးဖြစ် တယ် မဟုတ်လား (မှန်လှပါဘုရား)၊ တစ်ခါတစ်လေ ဝါးတောကြီး တစ်ခုလုံးတောင် ပြုတ်သွားတယ် (မှန်လှပါ)၊ အဲဒီလိုတွေ ရှိတတ်ပါတယ်၊ အဲဒီမီးတွေ ကြည့်ပြီးတော့ ဥပမာဆောင်ပြီးတော့ ဟောတော့ ပုဏ္ဏားကြီး သဘောပေါက်သွားတယ် (မှန်ပါ ဘုရား)၊ အဂ္ဂိ. . . မီး၊ (မှန်ပါဘုရား)၊ မီးကို ပါဠိလို ဘယ့်နှယ်တုံး (အဂ္ဂိပါဘုရား)၊ အဂ္ဂိလို့ခေါ်ပါတယ်၊ ဝစ္ဆဆိုတဲ့ ပုဏ္ဏားတွေ နာမည်တွေကများတော့ ဒီဝစ္ဆကို မီးနဲ့ဥပမာပေးပြီး ပြောရတာ မဟုတ်လား (မှန်လှပါဘုရား)၊ ဒါကြောင့် ဒီဝစ္ဆကို အဂ္ဂိဝစ္ဆ၊ ဘယ်လို (အဂ္ဂိဝစ္ဆပါ ဘုရား)၊ အဂ္ဂိဝစ္ဆလို့ ခေါ်ပါတယ်၊ အဲဒီလိုပုဏ္ဏားကြီး

နာမည်တွင်သွားပါတယ် (မှန်ပါဘုရား)၊ သဘောပေါက် ပြုံးပြီးတော့ အို. . . အရှင်ဂေါတမ၊ အရှင်ဂေါတမတရားက ဘာနဲ့တူသလဲဆိုရင်၊ ကျွန်ုပ်တို့ ရွာဦးရွာထိပ်မှာ အင်ကြင်းပင်ကြီးရှိတယ် ကိုယ်တော်၊ အဲဒီ အင်ကြင်းပင်ကြီးကို လှဲချထားတော့ တဖြည်းဖြည်း အရွက်တွေ ခြောက်ပြီး ကြွေကျ၊ နောက်တော့ အခွံတွေကွာကျ၊ နောက်တော့ ဘေးက အသားတွေပါ ကွာကျ၊ နောက်ဆုံးမှာ အလယ်ခေါင် အနှစ်အသားချည်းပဲ ကျန်ရစ်တော့တယ် ဘုရား (မှန်ပါဘုရား)၊ အဲဒီပုံ အတိုင်းပါပဲလား၊ အရှင် ဘုရားရဲ့တရားက နောက်ဆုံးကျတော့လည်း အနှစ်အသားချည်းပါပဲ (မှန်ပါ)၊ ပုဏ္ဏားကြီးက သဘောပေါက်တယ်၊ ခုတိုင်းဆိုလို့ရှိရင် ဟော. . လောင်စာတွေသိမ်းလို့ မီးတွေလည်းငြိမ်းတာ မဟုတ်လား (မှန်လှပါ)။

## လောင်စာနဲ့မီး၊ မီးနဲ့လောင်စာ

သမုဒယသစ္စာတွေက မီးတွေ (မှန်လှပါဘုရား)၊ သမုဒယသစ္စာ က (မီးတွေပါဘုရား)၊ ဝိပါကဝဋ်တွေက (လောင်စာတွေပါ ဘုရား)၊ ဒီလို ဝဋ်ဆိုတာ ဝဋ်သက်သက် ပြောကြမယ်နော် (မှန်ပါဘုရား)၊ ဟို. . . အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့က ကိလေသဝဋ် (မှန်ပါ ဘုရား)၊ မီးတွေ မဟုတ်လား (မှန်ပါဘုရား)၊ သင်္ခါရနဲ့ကမ္မဘဝက ကမ္မဝဋ်၊ ဒါလည်း မီးတွေ မဟုတ်လား၊ နှစ်အကွက်ထဲက ငါးမျိုး ခန္ဓာငါးပါး၊ လေးအကွက်ထဲက ဇာတိ၊ ဇရာ မရဏကလည်း ခန္ဓာငါးပါး မဟုတ်လား (မှန်လှပါဘုရား)၊ အဲဒါတွေကဘာဝဋ် (ဝိပါကဝဋ်ပါ ဘုရား)၊ လောင်စာတွေပေါ့၊ ကိလေသဝဋ်နဲ့ကမ္မဝဋ်က (မီးတွေပါဘုရား)၊ ဝိပါကဝဋ်က (လောင်စာ တွေပါ ဘုရား)၊ ဟုတ်တယ်၊ လောင်စာနဲ့မီး (လောင်စာနဲ့ မီးပါဘုရား)၊ မီးနဲ့လောင်စာ (မီးနဲ့လောင်စာပါ ဘုရား)၊ အဲဒီလိုချည်းပဲ လှည့်နေတာ။

## လောင်စာတွေဖြစ်ပေါ်လိုက်၊ မီးတွေက လောင်လိုက်

ဘုန်းကြီးတို့တစ်တွေ အလောင်ခံရ၊ လောင်တတ်တဲ့မီးတွေ ပေါက်ပွား၊ ပေါက်ပွားလို့ပဲ ဟို. . . လောင်စရာတွေ ထပ်ပြီးတော့ ဖြစ်လာ၊ အဲဒါတွေလောင်၊ ဒီလိုနဲ့လာခဲ့ရတာ မဟုတ်လား (မှန်လှပါဘုရား)၊ အတောမသတ်ဘူး၊ ဘုန်းကြီးတို့ ဒီခန္ဓာကိုယ်ကြီး ရလာအောင်လည်းပဲ ဟောဒီတဏှာတို့ ဉပါဒါန်တို့က တောင်းလို့ပဲ ဒီခန္ဓာကိုယ်ကြီး လောင်စာကြီးရတာ မဟုတ်လား (မှန်လှပါဘုရား)၊ ရပြီးတဲ့နောက် သူတို့တစ်တွေက လောင်တယ်၊ လောင်ပြီးတော့ နောက်တစ်ခါ မီးငြိမ်းခါနီးကျတော့ ထပ်ပြီးတော့ သူတို့တစ်တွေက တောင်းပြန်တယ် (မှန်လှပါဘုရား)၊ အင်း. . . ကိလေသဝဋ်၊ ကမ္မဝဋ်တွေ၊ အဲသလို တောင်းပြီးတော့ ကမ္မဝဋ်တွေလုပ်၊ အဲဒီအကြောင်းကြောင့်ပဲ၊ နောက်ထပ်မီးစာဆိုတဲ့ ဒီခန္ဓာကြီးရတယ် (မှန်လှပါဘုရား)၊ ဟာ. . . အဲသလိုနဲ့ မပြတ်ပါဘူး၊ မီးစာတွေ ဖြစ်လိုက်၊ လောင်စာတွေပေါ်လာလိုက်၊ လောင်စာတွေပေါ်တော့ မီးတွေက လောင်လိုက်၊ လောင်စာတွေကုန်၊ ကုန်ခါနီးပြီဆိုတော့ နောက်ထပ် မီးတွေနဲ့တူတဲ့ တဏှာ၊ ဉပါဒါန်ဆိုတာတွေက ထပ်လုပ်၊ အဲသလိုနဲ့ မပြတ်အောင် ချာချာကြီးလည်၊ ဘဝသံသရာထဲက မထွက်နိုင်အောင် ဖြစ်နေတာ (မှန်လှပါ)၊ လောင်စာနဲ့မီး (မီးနဲ့လောင်စာပါ ဘုရား)၊ ဒီလိုနဲ့ ချာချာကြီးကို လည်. . . လို့ လာခဲ့ရတာ၊ ဘယ်လိုငြိမ်းရမှန်းလည်း မသိတော့ ဘုန်းကြီးတို့တစ်တွေ ဒီအထဲ ဝေ့လည်ဝေ့လည်နဲ့ပေါ့ (မှန်ပါ ဘုရား)၊ ဒါဘုရားကိုယ်တော်မြတ်ကြီး ပွင့်ပေါ်လာမှသိတယ် (မှန်ပါ ဘုရား)၊ အကြောင်းရင်းက ဒီလို ဒီလိုကွဲ့၊ ငြိမ်းသတ်လိုက်တော့လည်း ဒီလို. . . ဒီလိုငြိမ်းသတ်ရမယ်ဆိုတာ ဘုရားက ပြောတယ်လေ (မှန်ပါ ဘုရား)၊ အင်း. . . အဲလို လှည့်နေတာကွဲ့၊ အဲဒီလို လှည့်နေတဲ့ ဉစ္စာတွေ ကို မီးတွေအရင်

ငြိမ်းရမှာပေါ့ (မှန်ပါ)၊ အဲ. . . ဒီမီးတွေ ရှိလို့မို့လို့၊ ဟို. . . လောင်စာတွေရှာ ရှာပြီးတော့ ဖြစ်အောင်လုပ်၊ ပြီးတော့ လောင်တယ် မဟုတ်လား (မှန်လှပါဘုရား)၊ ဘုရားကိုယ်တော်မြတ်ကြီး ပွင့်ပေါ်လာတဲ့ အခါကျတော့ မီးငြိမ်းပုံ ငြိမ်းနည်းတွေလည်း ပြောတယ် မဟုတ်လား (မှန်လှပါဘုရား)။

## လောင်စာတွေ ထပ်မဖြစ်ပေါ်အောင်

ဖြစ်ပျက် မြင်အောင်ရှုရမယ် (မှန်ပါဘုရား)၊ ဘာတဲ့တုံး (ဖြစ်ပျက်မြင်အောင် ရှုရပါမယ်ဘုရား)၊ ဟုတ်တယ်၊ ဖြစ်ပျက်တွေသာ မြင်အောင်ရှုပြီဆိုရင် အဲဒီဥစ္စာတွေပေါ်မှာ အမှန်အတိုင်းမြင်တယ်ဆိုရင် နောက်ထပ်မီး မပေါက်ပွားတော့ဘူးပေါ့ (မှန်လှပါဘုရား)၊ ဘုရားကိုယ်တော်မြတ်ကြီးက အဲသလို စပြီးတော့ပြောတော့မှ၊ ဒီအတိုင်း ဘုရားစကားအတိုင်း လိုက်နာကြတဲ့သူတွေ များစွာပဲ မီးငြိမ်းကုန်တာပေါ့ (မှန်ပါဘုရား)၊ အဲဒီနောက်မှာလည်းပဲ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ တပည့်သားမြေးတွေက အဆက်ဆက် မီးငြိမ်းပုံ ငြိမ်းနည်းတွေကို ဟောပြလာကြတယ် (မှန်လှပါဘုရား)၊ ကိုယ်ကိုယ်တိုင်လည်း ငြိမ်းအောင်လုပ်ကြတယ်၊ သူများတွေလည်း ငြိမ်းပုံငြိမ်းနည်း၊ သတ်ပုံသတ်နည်းတွေ ပြောတာပေါ့ (မှန်လှပါဘုရား)။

## မီးငြိမ်းပုံ ငြိမ်းနည်းသင်ပေးတာ

အဲဒီအတိုင်းပဲ ဘုန်းကြီးတို့ ဒီခေတ်ရောက်လာတော့ မိုးကုတ်ဆရာတော်ဘုရားကြီးကလည်း များစွာပါပဲ၊ သူ့အသိုင်းအဝန်းပတ်ချာလည်မှာ မီးတွေငြိမ်းလာခဲ့တာ (မှန်လှပါဘုရား)၊ ဘုန်းကြီးတို့တစ်တွေ

လည်း ဆက်ငြိမ်းကြကွဲ့ဆိုလို့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ဥပနိဿယ အတိုင်း ဘုန်ကြီးတို့တစ်တွေလည်း မီးငြိမ်းနေတာပေါ့ (မှန်လှပါဘုရား)။

ဟို. . . မြန်မာပြည်တစ်နံတစ်လျား လျှောက်လည်ပတ်ပြီးတော့ ငြိမ်းနေတာ၊ ဘုန်းကြီးတို့လေ (မှန်လှပါဘုရား)၊ ဘုန်းကြီးတို့တစ်တွေက မီးသတ်သမားတွေပဲ (မှန်လှပါဘုရား)၊ ဒီလိုလာရမှာ (မှန်လှပါ)၊ မီးသတ်သမားတွေ၊ ဟို. . . အပြင်မီးတော့မဟုတ်ဘူးလေ (မှန်လှပါ ဘုရား)၊ ဘာမီး (အတွင်းမီးပါ ဘုရား)၊ အတွင်းမီးပေါ့၊ အတွင်းမီး လိုက်ငြိမ်းနေတာ၊ ကိုယ့်ကိုယ်ကိုလည်း စွမ်းနိုင်သမျှငြိမ်း၊ သူများကိုလည်း ငြိမ်းပုံ ငြိမ်းနည်းတွေ ပြောနေတာ (မှန်ပါဘုရား)။

အေး. . . ဘုန်းကြီးတို့တစ်တွေဟာ မီးသတ်သမားတွေပဲ (မှန်ပါဘုရား)၊ ဟုတ်တယ်၊ အဲဒီမီးသတ်သမားတွေက တစ်ခါတစ်လေ အမယ် ကိုယ်ဘာသာကိုယ် မီးတွေပြန်ပြန်လောင်ကြတယ် (မှန်ပါဘုရား)၊ အဲဒီလိုတွေရှိတယ်၊ ကဲ. . . အားလုံး ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေလည်း ကိုယ့်မီးကိုယ် ငြိမ်းနိုင်အောင် ကြိုးစားကြရမှာပေါ့ (မှန်ပါဘုရား)၊ အခုဟာက လောင်စာတွေရှိနေလို့၊ ဟော. . . မီးတွေက လောင်လောင်နေတာ မဟုတ်လား (မှန်ပါ ဘုရား)။

ဒါပြောပါတယ်၊ နောက်ဆုံးကျတော့ အခုလိုရှုလိုက်တဲ့ အခါကျတော့ လောင်စာတွေလည်းသိမ်း၊ မီးတွေလည်း ငြိမ်းတယ်ဆိုတဲ့ ဥစ္စာကို နိဗ္ဗာန်ပြောတာ မဟုတ်လား (မှန်လှပါဘုရား)၊ နိဗ္ဗာန်ကျတော့ လောင်စာဆိုတဲ့ ရုပ်တွေ၊ နာမ်တွေရှိသေးလား (မရှိတော့ပါဘူး ဘုရား)၊ မီးနဲ့တူတဲ့ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတာကော ရှိဦးမလား (မရှိပါဘူး ဘုရား)၊ လောင်စာတွေလည်းသိမ်း၊ မီးတွေလည်း (ငြိမ်းပါတယ် ဘုရား)၊ ငြိမ်းသွားတာကို နိဗ္ဗာန်ခေါ်တာ (မှန်ပါဘုရား)။

# နိဗ္ဗာန်ဆိုတာ

ဒီတော့ နိဗ္ဗာန်ဟာ ဘုံနန်းပြာသာဒ်ကြီးလား (မဟုတ်ပါဘုရား)၊ ဘုံနန်းပြာသာဒ်ကြီးလို့များ ယူဆလို့ရှိရင် အမယ် အဆောက်အအုံတွေ၊ ဘာတွေ၊ ညာတွေနဲ့ ခိုင်တယ်၊ မြဲတယ်လို့ ဖြစ်သွားတာပေါ့ (မှန်လှပါဘုရား)၊ ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါဘုရား)၊ နိဗ္ဗာန်ဆိုတာ ဘုံနန်းပြာသာဒ်ကြီးလိုလည်း မဟုတ်၊ မြို့ကြီးပြကြီးလိုလည်း မဟုတ် (မဟုတ်ပါဘုရား)၊ မဟုတ်ပါဘူး၊ နိဗ္ဗာန်တည်းဟူသော ရွှေပြည်မြတ်သို့ ရောက်လွယ်ရလွယ်ကြစေသတည်း ဆုပေးတာ (မှန်ပါ)၊ ဒါက တင်စားပြောတာပါ၊ တကယ့်မြို့ကြီး မဟုတ်ပါဘူး။

နိဗ္ဗာန်တည်းဟူသော သောင်ကမ်းတစ်ဘက်သို့ ဖြောင့်တန်းစွာ တက်နိုင်ကြစေသတည်း၊ ဒါလည်း ဟိုဘက်ကမ်းနဲ့တင်စား ဥပမာပေးတာပါ (မှန်ပါဘုရား)၊ ဟိုဘက်ကမ်းကြီးလို့ ဟုတ်ကဲ့လား (မဟုတ်ပါဘုရား)၊ ဟုတ်တယ်လို့ ယူဆရင် ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ ဒီလိုဆိုရင် ဘာမှမရှိဘူးလား၊ ဘာမှဆို ဘာမှမရှိဘူးလား၊ မရှိဘူးလို့များ ယူဆလို့ရှိရင်လည်း ပြတ်သွားတဲ့အတွက် ဘာဒိဋ္ဌိ၊ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)၊ ဟာ. . . ဒီလိုလည်း မဟုတ်ရပါဘူး၊ ပြတ်သွားတာလည်း (မဟုတ်ပါဘုရား)၊ ဘာမှမရှိဘူး၊ ဒီလိုတော့လည်း မပြောပါနဲ့ (မှန်ပါဘုရား)၊ အေးငြိမ်းတဲ့ သဘောတော့လည်း ရှိတယ် (မှန်ပါဘုရား)၊ ဘာတဲ့တုံး (အေးငြိမ်းတဲ့ သဘောတော့ရှိပါတယ် ဘုရား)၊ ဘာမှမရှိဘူးယူရင် ဘာဒိဋ္ဌိ (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)၊ မြို့ကြီးပြကြီးလို ဘုံနန်းပြာသာဒ်တွေလို ယူရင်ကော ဘာဒိဋ္ဌိ (သဿတဒိဋ္ဌိပါ ဘုရား)၊ အဲဒီနှစ်ခုက လွတ်ရမယ်နော် (မှန်ပါဘုရား)၊ အဲဒီတော့ ဘုံနန်းပြာသာဒ်တွေလည်း မရှိပါဘူး၊ မြို့ကြီးပြကြီးလည်းမရှိပါဘူးဆိုတော့ ဘာဒိဋ္ဌိ လွတ်သွားတုံး (သဿတဒိဋ္ဌိလွတ်သွား

ပါတယ် ဘုရား)၊ သဿတဒိဋ္ဌိ လွတ်သွားတယ်၊ ဘာမှမရှိဘူး မဟုတ် ပါဘူးဆိုပြန်တော့ ဘာဒိဋ္ဌိလွတ်သွား (ဥစ္ဆေဒဒိဋ္ဌိလွတ်ပါတယ် ဘုရား)၊ ဘယ်လိုသဘောရှိတုံး (အေးငြိမ်းတဲ့ သဘောရှိပါတယ်ဘုရား)၊ အဲဒါ တော့လည်း ရှိပါတယ်၊ ဘာမှမရှိဘူးလည်း မလုပ်ပါနဲ့ (မှန်ပါဘုရား)။

## လည်နေတာကိုမှ မသိရင်

ဟို. . . အခေါ်ကြီးတစ်ယောက် ခုဆိုရင်သူ့မြေးကလေးတွေ ရှင်ပြုတော့ ရွာဦးကျောင်းဘုန်းကြီးက ပြောတယ်၊ လာ. . . ဒကာမကြီး ရေစက်ချမယ်၊ နိဗ္ဗာန်ဆုတောင်း၊ ဒကာမကြီးက ဆေးလိပ်က အင်မတန် ကြိုက်တာ (မှန်ပါ)၊ တစ်နေ့တစ်နေ့ ဖက်ဖြူလိပ်ကြီးတွေလေ၊ ပြောင်းဖူး ဖက်လိပ်ကြီးတွေ လေးငါးခြောက်လိပ်ကုန်အောင် သောက်တာတဲ့ (မှန်ပါ)၊ အဲဒီလို ဒကာမကြီးဆိုတော့ တပည့်တော် နိဗ္ဗာန်ဆုတောင်းရ မှာလား၊ ဟုတ်တယ်လေ၊ အလျှုလျှုတယ်ဆို နိဗ္ဗာန်ဆုတောင်းရတာပဲ၊ ဒီလိုဆို မေးရဦးမယ် ကိုယ်တော်တို့နိဗ္ဗာန်က ဆေးလိပ်သောက်ရလား၊ အင်း. . . သူက ဆေးလိပ်သောက်ချင်တယ် မဟုတ်လား (မှန်ပါ)၊ အဲဒီ ဘုံနန်းပြာသာဒ်ကြီး ဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)၊ မဟုတ်ဘူး၊ ဘုံနန်းပြာသာဒ်ကြီးလည်း မဟုတ်ပါဘူး၊ ဘာမှမရှိတာလည်း မဟုတ် ပါဘူး (မဟုတ်ပါဘူးဘုရား)၊ ဘယ်လိုသဘောရှိ (အေးငြိမ်းတဲ့သဘော ရှိပါတယ် ဘုရား)၊ ဒါကြောင့် ဒီအေးငြိမ်းတဲ့သဘောဟာ အမြတ်ဆုံး အမွန်ဆုံးဆိုပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီးက ငါ့ရှာလိုက်ရတာ ဟယ်. . . လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း အနစ်နာတွေခံပြီးတော့ ရှာမှ ဒီနိဗ္ဗာနဓာတ်ကို တွေ့တာမဟုတ်လား (မှန်လှပါဘုရား)၊ ငါတွေ့ပြီ၊ သင်တို့တစ်တွေလဲ ဟောဒီငါသွားခဲ့တဲ့ ငါတွေ့ခဲ့တဲ့အတိုင်း ရအောင်

တွေ့အောင်လုပ်ကြ၊ လာကြ၊ လိုက်ခဲ့ကြနဲ့ ဘုရားကိုယ်တော်မြတ်ကြီးက လက်ယပ် ခေါ်တော်မူတာနဲ့ မတူပေဘူးလား (တူပါတယ် ဘုရား)၊ ဘုန်းကြီးတို့တစ်တွေက အဲဒီကိုရောက်အောင် အခုသွားနေကြတာနော် (မှန်ပါ ဘုရား)၊ ဟုတ်တယ်၊ အအေးဆုံး အမွန်မြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာနဓာတ် သန္တိသုခချမ်းသာမြတ်သို့ ကိုယ်စီကိုယ်င ဆိုက်ကပ်နိုင်သည့်တိုင်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း အချိန်စေ့တဲ့အတွက် တော်ကြဦးစို့ . . .။

သာဓု. . . သာဓု. . . သာဓု

— ✠ — ✠ — ✠ —

အမှတ် ၂၈၃၀၆
ရက်စွဲ ၂၇.၉.၂၀၁၇

# ဘဝပင်လယ် ရေပြင်ကျယ်

- ဘဝပင်လယ်၊ ရေပြင်ကျယ်၊
  မြင်လွယ်စေဖို့ ပမာထား။
- လှိုင်းကြမ်းလေကြမ်း၊ ဘေးရန်ပြွမ်း၊
  အရမ်းကြောက်ဖွယ်များ။
- ရူပက္ခန္ဓာ၊ လှေပမာ၊
  နာမ်မှာ လှေထိုးသား။
- သူတို့အထဲ၊ ရွေးချယ်ခွဲ၊
  ဉာဏ်ကဲသူကို ခေါင်းဆောင်ထား။
- ဉာဏ်ကဲညွှန်ရာ၊ လှော်ခတ်ပါ၊
  ညီညာ စုပေါင်းအား။
- ခေမာသောင်ကမ်း၊ အရောက်လှမ်း၊
  ဖြောင့်တန်း မတ်မတ်သွား။